# ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအား
# မှတ်တမ်းတင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း
# ဆိုင်ရာအပြည်ပြည်ဆိုင်ရာ စာချုပ်



လိင်အကြမ်းဖက်မှုကို နိုင်ငံတကာဥပဒေတွင် ပြစ်မှု အဖြစ်  သတ်မှတ်ခြင်းအား
မှတ်တမ်းတင်ခြင်းဆိုင်ရာ အကောင်း ဆုံး လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် အခြေခံ
စံသတ်မှတ်ချက်များ

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း။ ဇွန်လ ၂၀၁၄

# ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအား မှတ်တမ်းတင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း ဆိုင်ရာအပြည်ပြည်ဆိုင်ရာ စာချုပ်

## လိင်အကြမ်းဖက်မှုကို နိုင်ငံတကာဥပဒေတွင် ပြစ်မှု အဖြစ် သတ်မှတ်ခြင်းအား မှတ်တမ်းတင်ခြင်းဆိုင်ရာ အကောင်း ဆုံး လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် အခြေခံ စံသတ်မှတ်ချက်များ

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း။ ဇွန်လ ၂၀၁၄

# မာတိကာ


ဥပဒေးရှင် ၀၄

၁။ မိတ်ဆက် ၀၆

၂။ ဤစာချုပ်ကို အသုံးပြုခြင်း ၁၀

(က) ရည်ရွယ်ချက် ၁၀
(ခ) အသုံးပြုမည့်သူများ ၁၀
(ဂ) Protocolဆိုသည်မှာ အဘယ်နည်း ၁၁
(ဃ) အနာဂတ်အသုံးပြုမှု ၁၂

အပိုင်း ၁ လိင်အကြမ်းဖက်မှု ၁၄

၁။ လိင်အကြမ်းဖက်မှုအား နားလည်သဘောပေါက်ခြင်း ၁၅

၁.၁ လိင်အကြမ်းဖက်မှုအား ဆက်စပ်စဉ်းစားခြင်း ၁၅
၁.၂ လိင်အကြမ်းဖက်မှုအားတုန့်ပြန်ခြင်း ၁၆

၂။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရလိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်း ၁၇

၂.၁ နောက်ခံအကြောင်းအရာ ၁၇
၂.၂. လိင်အကြမ်းဖက်မှု ပြစ်မှုများအား အထွေထွေအဓိပ္ပါယ်သတ်မှတ်ချက်များ ၁၈
၂.၃ အပိုင်း က : လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ တဆင့် ကျူးလွန်သော လိင်အကြမ်းဖက်မှုများ (သို့) ပြစ်မှုများ ႏ ဘာဖြစ်တာလဲ? ၁၈
၂.၄ အပိုင်းခ : အပြည်ပြည်ဆိုင်ရာ ပြစ်မှုများ၏ နောက်ခံအကြောင်းအရာကိုဖော်ပြသော အင်္ဂါရပ်များ ၂၃
(၁) စစ်ကိုအကြောင်းပြ၍ ဖြစ်ပွားသည့် လိင်အကြမ်းဖက်မှု(သို့)ဥပဒေချိုးဖောက်မှုနှင့် စစ်၏ဝလေ့ ထုံးတမ်းကို ဖော်ပြသော လိင်အကြမ်း ဖက်မှု ၂၃
(၂) လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုအဖြစ် သတ်မှတ်သောလိင် အကြမ်းဖက်မှု ၂၄
(၃) လူသားမျိုးနွယ်မျိုးတုန်းသတ်ဖြတ်မှုဖြစ်သည့် လိင်အ ကြမ်းဖက်မှု ၂၄
၂.၅ အပိုင်း ဂ : အပြည်ပြည်ဆိုင်ရာပြစ်မှုများကျူးလွန်ရာတွင် ဥပဒေအရတာဝန်ရှိမှု အမျိုးမျိုး "လိင်အကြမ်းဖက်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသူ (များ)သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ပြစ်မှုမြောက်သည့် ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် မည်သို့တာဝန်ရှိပါသနည်း။" ၂၅

အပိုင်း ၂ လက်တွေ့မှတ်တမ်းတင်ခြင်း ၂၈

၃။ ကနဦးစဉ်းစားခြင်းများ ၂၉

၃.၁ "အန္တရာယ်မဖြစ်စေခြင်း" ၂၉
၃.၂ သင်တန်း ၂၉
၃.၃ လေ့လာစိစစ်မှုများ ၃၀
(၁) သုတေသနပြုခြင်း ၃၁
(၂) အန္တရာယ်အပေါ် သုံးသပ်ခြင်းများ ၃၃
၃.၄ လုပ်ငန်းတစ်ရပ်လုံးအား စီမံချက် ရေးဆွဲခြင်း ၃၅

၄။ အဓိကစီမံချက် ရေးဆွဲရမည့် ခေါင်းစဉ်များ ၃၆

၄.၁ ပေါင်းစပ်ညှိနှိုင်းခြင်း ၃၆
၄.၂ စကားပြန်ဆိုခြင်း ၃၈
၄.၃ အချက်အလက်များ စုစည်းတည်ဆောက်ခြင်း ၄၁

၅။ အသက်ရှင်လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကို ဖော်ထုတ်စိစစ်ခြင်း ၄၁

၅.၁ တိုက်ရိုက်ဖော်ထုတ်စိစစ်ခြင်း ၄၂
၅.၂ ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများ ၄၂

၆။ ထွက်ဆိုခြင်း ၄၄

၆.၁ ကြိုတင်အသိပေး၍ သဘောတူညီချက် ရယူခြင်း ၄၅
၆.၂ လျှို့ဝှက်ချက်အဖြစ် ထားရှိခြင်း ၄၇
၆.၃ လမ်းညွှန်ခြင်းများ ၄၈

၇။ အင်တာဗျူးခြင်း ၅၀

၇.၁ အင်တာဗျူးသတ်မှတ်ချက်များ ၅၂
၇.၂ အဓိကကျသူများကို အင်တာဗျူးခြင်း ၅၃
၇.၃ မေးခွန်းအမျိုးအစားများ ၅၄
၇.၄ အင်တာဗျူးနည်းစနစ်များ ၅၆
၇.၅ အင်တာဗျူးအချက်အလက်များကို မှတ်တမ်းတင်ခြင်း ၆၁

၈။ အခြားသတင်းအချက်အလက်အရင်းအမြစ်များ ၆၁

၈.၁ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ၆၁
(၁) တိုက်ခိုက်သည့်နေရာများ ၆၃
၈.၂ စာရွက်စာတမ်းအထောက်အထား ၆၅
(၁) စာရွက်စာတမ်းအမျိုးအစား ၆၆

၉။ အချက်အလက် သိမ်းဆည်းထားသိုခြင်း ၆၈

၉.၁ စာရွက်စာတမ်းများနှင့် အခြားခန္ဓာကိုယ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ သတင်းအချက်အလက် ၆၉
၉.၂ ဒီဂျစ်တယ် သတင်းအချက်အလက်များ သိမ်းဆည်းခြင်း ၆၉
၉.၃ မှုခင်းဆေးပညာဆိုင်ရာ တရားဝင်ဆရာဝန်၏ အထောက်အထားများ သိမ်းဆည်းခြင်း ၇၀

စာစုစာရင်း ၇၂

နောက်ဆက်တွဲများစာရင်း ၇၆

၁။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အထောက်အထားအတွက် အမေးအဖြေအချက် အလက်များ : သက်သေ အထောက် အထားဆိုင်ရာ ကွာဟချက်များအား ဖြည့်တင်းရာတွင် ထောက်ကူရန်ကိရိယာ ၇၆
၂။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား ကဏ္ဍစုံမှတုံ့ပြန်မှုပေးရာတွင်ပါဝင်သည့် အခြေခံ အချက်အလက်များ ၁၁၃
၃။ အင်တာဗျူးခြင်း : အခြေခံစည်းမျဉ်းများနှင့် ထိပ်တန်းကျသည့် လက်တွေ့နည်းလမ်းများ ၁၁၄
၄။ ကျန်ရစ်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများထံမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို စုဆောင်းရန်အတွက် နမူနာပုံစံ ၁၁၈
၅။ ကျန်ရစ်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများအတွက် ညွှန်းဆိုစနစ်များနှင့် အထောက်အကူပုံစံများ ၁၂၀
၆။ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား၊ အုပ်ထိန်းမှုကွင်းဆက်နှင့်ဆိုင်သည့် စည်းမျဉ်းများ ၁၂၁
၇။ စာရွက်စာတမ်း အထောက်အထား : အုပ်ထိန်းမှုကွင်းဆက်ဆိုင်ရာ စည်းမျဉ်းများ ၁၂၄
၈။ ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုမှတ်တမ်းတင်ခြင်း၊ အခင်းဖြစ်ပုံမြင်ကွင်းများကို ပုံကြမ်းရေးခြစ်ခြင်း၊ရုပ်ပိုင်းဆိုင်ရာအထောက်အထားနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာများနှင့် ဆိုင်သည့် လမ်းညွှန်ချက်များ ၁၂၇
၉။ အသက်ရှင်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများကို ကာကွယ်စောင့်ရှောက်မှု ပေးသည့် လက်နက် များဖြစ်သည့် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက် အထားဆိုင်ရာ စည်းမျဉ်းများ ၁၃၅
၁၀။ လိင်ပိုင်းဆိုင်ရာ ထိရောက်ကျူးလွန်မှုအတွက် ဆေးစစ်မှတ်တမ်းနမူနာ ၁၃၈

# ဥယျောဇဉ်

ဤအပြည်ပြည်ဆိုင်ရာ စာချုပ်သည် ဤအကြောင်းအရာနှင့် စပ်လျဉ်းသည့် ပထမဦးဆုံးသော စာချုပ်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းမှ လူရာပေါင်းများစွာ၏ အသိပညာများနှင့် အတွေ့အကြုံများမှ ထွက်ပေါ်လာခြင်းဖြစ်ပါ သည်။ ပညာရှင်များ၊ ကိုယ်တိုင်ကြုံတွေ့ခံစားရပြီး လွတ်မြောက်လာသူများနှင့် အဖွဲ့အစည်းများ အပါအဝင် စုစုပေါင်း လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းပေါင်း ၂၀၀ ကျော်မှ မျှဝေသော အတွေ့အကြုံနှင့် မူကြမ်းရေးဆွဲရာတွင် ပူးပေါင်းဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါသည်။

ပဋိပက္ခဖြစ်စဉ်အတွင်း အဓမ္မပြုကျင့်မှုများနှင့် လိင်အကြမ်းဖက်မှုများမှ ကျန်ရစ်လွတ်မြောက်လာ သူများအတွက် တရားမျှတမှု လုံးဝမရှိသလောက်နီးပါး ဖြစ်ပေါ်နေမှုသည် ဆယ်စုနှစ်များစွာကြာမြင့်လျက် ရှိပါသည်။ ဤစာချုပ်သည် အဆိုပါအပြစ်ရှောင်လွှဲမှု ယဉ်ကျေးမှုကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲစေပြီး ကျန်ရစ်လွတ်မြောက်လာသူများအား ကူညီအားပေးကာ အဆိုပါ ပြစ်မှုများကို ပဋိပက္ခဖြစ်စဉ်အတွင်း၌ပင် ကျူးလွန်မှုမရှိစေရန် တားမြစ်ပေးမည့် အပြည်ပြည်ဆိုင်ရာ ကြိုးစားအားထုတ်မှုအသစ်တစ်ရပ်၏ တစိတ် တပိုင်းဖြစ်မည်ဟု မျှော်လင့်ပါသည်။

ကမ္ဘာ့နေရာအနှံ့အပြားရှိ လိင်အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးကာ မှတ်တမ်းတင်သည့် ရဲစွမ်းသတ္တိ ရှိသော ပြည်တွင်းနှင့် နိုင်ငံတကာမှ လက်တွေ့ကျင့်သုံးဆောင်ရွက်နေသူများအား ချီးကျူးဂုဏ်ပြုပါသည်။ ဤစာချုပ်သည် ထိုသို့ဆောင်ရွက်နေသူများအား အကူအညီဖြစ်စေရန်နှင့် ပဋိပက္ခအတွင်း အဓမ္မပြုကျင့် မှုနှင့် လိင်အကြမ်းဖက် မှုကျူးလွန်မှုများအနေဖြင့် မိမိတာဝန် မိမိယူနိုင်စေရန် ပံ့ပိုးထောက်ကူသွားရန် ရည်ရွယ်ပါသည်။ အချိန်နှင့်အမျှ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြင်ဆင်နေသည့် ဤစာချုပ်သည် အရေး ပါသည့် လက်တွေ့ဆောင်ရွက်မှု ကိရိယာတစ်ခုဖြစ်ရုံမျှမက အဆိုပါအကြောင်းအရာပေါ်တွင် လှုံ့ဆော်မှု အားကောင်းသော နိုင်ငံတကာ၏ အာရုံစူးစိုက်မှု၊ တုန့်ပြန်လုပ်ဆောင်မှုနှင့် အကြံပြုပေးခြင်းတို့ကို ဆက်လက်ဖြစ်ပေါ်နေစေမည့် နည်းလမ်းလည်းဖြစ်ပါသည်။



**Rt Hon William Hague MP**
Secretary of State for Foreign and Commonwealth Affairs



**ANGELINA JOLIE**
Special Envoy of the UN High Commissioner for Refugees

ရာစုနှစ်မဟုတ်လျှင် ဆယ်စုနှစ်များကြာမြင့်စွာ ပဋိပက္ခအတွင်း
မုဒိန်းပြုကျင့်မှုနှင့် လိင်အကြမ်း ဖက်ခံရသူများအတွက်
တရားမျှတမှုသည် မရှိသလောက်ဖြစ်ခဲ့ရ ပါသည်။
ကျွန်ုပ်တို့အနေဖြင့် ယခု စာချုပ်က အဆိုပါ
လူတန်းစားတစ်ရပ်အား သီးခြား အခွင့်အရေးပေးခြင်းကို
တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ချေမှုန်းရန် လုပ်ဆောင်မှု၏
တစ်စိတ်တစ်ပိုင်းဖြစ်ကာ ထိခိုက်နစ်နာသူများကို
အကူအညီပေးကာ အဆိုပါ ပြစ်မှုများအား ကျူးလွန်မှုများကို
ကနဦးအဆင့်တွင်ပင် တားဆီးသွားပါမည်။

**Rt Hon William Hague MP,
Secretary of State for Foreign and
Commonwealth Affairs**

# ၁ မိတ်ဆက်

**နောက်ခံအကြောင်းအရာ** လိင်အကြမ်းဖက်မှုကို စစ်ကာလအတွင် ကျူးလွန်သည့် ပြစ်မှုအဖြစ်ဖြစ်စေ၊ လူသားချင်း စာနာထောက်ထား မှုရှိဘဲ ကျူးလွန်သည့်ပြစ်မှုအဖြစ် ဖြစ်စေ သို့ လူအစုလိုက်အပြုံလိုက် မျိုးတုန်းသတ်ဖြတ်မှုအဖြစ် ဖြစ်စေ မည်သည့်ပုံစံဖြင့် ကျူးလွန်စေကာမူ လက်နက်ကိုင်ပဋိပက္ခကာလအတွင်းနှင့် ရက်စက်ကြမ်းကြုတ် ယုတ်မာမှုများကို နောက်ခံထားသည့် ဂမ်းနည်းကြေကွဲစရာ၊ လူမဆန်သော ပြစ်မှုအမျိုးအစားများ၏ တစိတ် တပိုင်းအဖြစ် တွေ့မြင်ရလေ့ရှိပါသည်။ လိင်အကြမ်းဖက်မှုသည် အမျိုးသမီးများနှင့် မိန်းကလေးငယ် ရာပေါင်းများစွာကို ထိခိုက်စေရုံမက အမျိုးသားများနှင့် ယောကျ်ားကလေးငယ်များကိုလည်း ထိခိုက်စေပြီး ဖိနှိပ်ခံရစေပါသည်။ ကြုံတွေ့ခံစားရပြီး ကျန်ရစ်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ ခံစားရ သည့် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုအပြင် လိင်အကြမ်းဖက်မှုသည် လူ့အဖွဲ့အစည်းအတွင်း တိုင်းရင်းသားဖြစ်ခြင်း၊ ဂိုဏ်းဂဏစွဲခြင်းနှင့် အခြားသော ကွဲပြားမှုများကို ဖန်တီး ဖြစ်ပေါ်စေ၊ ပိုမိုဆိုးရွားစေနိုင်ပါသည်။ အဆိုပါဖြစ်ရပ်သည် ပဋိပက္ခနှင့် မတည်ငြိမ်မှုကို အမြစ်တွယ်စေပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် တည်ငြိမ်မှုအတွက် ကြိုးစားအားထုတ်မှုများကိုလည်း လျော့ရဲစေသည်။ ထိခိုက်နစ်နာသူ အများစုသည် မိမိတို့၏ဘဝကို ပြန်လည်တည်ဆောက်ရာတွင် လိုအပ်သည့် ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေး အထောက်အကူများကို ချဉ်းကပ်ရယူရာတွင် စိန်ခေါ် မှုများစွာနှင့် ရင်ဆိုင်နေရပြီး တရားမျှတမှု လုံးဝမရှိကြပါ။ ပဋိပက္ခကာလအတွင်း လိင်အကြမ်းဖက်မှု ကျူးလွန်သူများ၏ တာဝန်ယူမှု မရှိခြင်းသည် အပြစ်မှ ရှောင်လွှဲခြင်းကို ပိုမိုမြင့်တက် ဆိုးရွားလာစေပါသည်။ တာဝန်ယူမှုမရှိခြင်းနှင့် တရားမျှတမှုမရှိခြင်းနှင့် စေ့စပ်ညှိနှိုင်းမှုမရှိခြင်းတို့ကြားရှိ ခိုင်မာသော ချိတ်ဆက်မှု များကို နိုင်ငံတကာ အသိုင်းအဝိုင်းက စတင်သတိပြုမိလာပါသည်။

ဤစာချုပ်သည် လိင်အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများအားလုံးကို ဖြေရှင်းရန် မရည်ရွယ်ပါ။ လိင်အကြမ်း ဖက်မှုဆိုင်ရာပြစ်မှုများကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ဥပဒေအရ မှတ်တမ်းတင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း အကြောင်းအရာအပေါ် တွင်သာ သီးသန့်ရည်ရွယ်ပါသည်။ ဤနောက်ခံအကြောင်းအရာပြင်ပရှိ လိင် အကြမ်းဖက်မှု ပြစ်မှုများမှ ထိခိုက်နစ်နာသူများသည်လည်း တရားမျှတမှု၊ ကူညီပံ့ပိုးမှုနှင့် ကုစားမှုများ လိုအပ်သည်ကို ရှင်းရှင်းလင်းလင်းသိရန်လိုပါသည်။ ဤစာချုပ်ကို ပဋိပက္ခအတွင်း လိင် အကြမ်းဖက်မှုပုံစံမျိုးစုံကို တားဆီးခြင်းနှင့် တာဝန်ယူခြင်း နှစ်ခုစလုံးအတွက် လုပ်ဆောင်မှုများ တိုးမြှင့်နိုင် မည့် အထောက်အကူဖြစ်မည်ဟု မျှော်လင့်မိပါသည်။

**စာချုပ်မူကြမ်းရေးဆွဲခြင်း** ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအား မှတ်တမ်းတင်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် လက်ရှိ အကောင်းဆုံး နိုင်ငံတကာ လုပ်ထုံးလုပ်နည်းကို ကျင့်သုံးနိုင်ရန်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဖြေရှင်းရမည့် ကွာဟချက်များနှင့် စိန်ခေါ်မှုများကို ဆန်းစစ်လေ့လာရန် ဤအကြောင်းအရာနှင့် သက်ဆိုင် သူများပါဝင်သည့် အကြံပြု ဆွေးနွေးမှုများကို ၂၀၁၂ ခုနှစတ္ွင် လုပ်ဆောင်ခဲ့ပါသည်။ အဆိုပါ အကြံပြုဆွေးနွေးမှုများနှင့် အပြည်ပြည်ဆိုင်ရာ ညီလာခံများသည် လိင်အကြမ်းဖက်မှုအား နိုင်ငံ တကာဥပဒေတွင် ပြစ်မှုအဖြစ် မှတ်တမ်းတင်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်းသည့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေခံစံသတ်မှတ်ချက်များကို ဖော်ကျူးသည့် တရားဝင်လက်မှတ်ရေးထိုးခြင်း မရှိသော အပြည်ပြည်ဆိုင်ရာ စာချုပ်သစ်တစ်ရပ်အပေါ် ယေဘုယျပံ့ပိုးပေးမှုကို ဖော်ပြခြင်းဖြစ်ပါသည်။

စာချုပ်နှင့်ပတ်သက်ပြီး ထပ်မံပံ့ပိုးအားပေးမှုကို ဧပြီ ၂၀၁၃ ခုနှစ်က ထုတ်ပြန်သည့် ပဋိပက္ခအတွင်း လိင် အကြမ်းဖက်မှု တားမြစ်ခြင်းဆိုင်ရာ G8 ကြေညာစာတမ်းနှင့် စက်တင်ဘာ ၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ Ministerialသီတင်းပတ်အတွင်း ကြေညာခဲ့သည့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ကြေညာစာတမ်းတို့ထံမှလည်း ရရှိခဲ့ပါသည်။

ဤစာချုပ်ပြုစုဖြစ်မြောက်ရေးအတွက် အသိပညာ၊ အတွေ့အကြုံနှင့် အချိန်ပေးကြသူများအားလုံးကို UK နိုင်ငံခြားရေးနှင့် ဓနသဟာရ ရုံးမှကျေးဇူးတင်ရှိပါသည်။ ၂၀၁၃ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင် နှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီတို့တွင် The Hague နှင့် လန်ဒန်၌ကျင်းပသော ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးကို တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား နိုင်ငံခြားရေးနှင့် ဓနသဟာရရုံးမှ အထူးကျေး ဇူးတင်ရှိပါသည်။

**ပညာရှင်လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို တက်ရောက်ခဲ့ကြသူများ** Letitia Anderson, UN Action Against Sexual Violence in Conflict; Gloria Atiba-Davies, International Criminal Court (ICC); Véronique Aubert, Save the Children; Stephanie Barbour, Amnesty International; Shamila Batohi, ICC; Veronica Birga, Office of

the High Commissioner for Human Rights (OHCHR); Théo Boutruche, (formerly) REDRESS, (currently) Teaching Fellow in Human Rights, University College London; Diane Brown, Women's Initiatives for Gender Justice; Gloria Carrera, UN Team of Experts on Sexual Violence in Conflict and OHCHR; Evelyn Chijarira, Pan African Lawyers' Union; Božidarka Dodik, Special Department for War Crimes for the Prosecutor's Office of Bosnia and Herzegovina and Judge at the Supreme Court of Federation of Bosnia and Herzegovina; Erin Gallagher, Physicians for Human Rights; Claudia García Moreno, World Health Organization (WHO); Liesl Gerntholtz, Human Rights Watch; Niamh Hayes, Institute for International Criminal Investigations; Brenda J. Hollis, Residual Special Court for Sierra Leone; Brigid Inder, Women's Initiatives for Gender Justice; Michelle Jarvis, International Criminal Tribunal for the former Yugoslavia (ICTY); Kristin Kalla, Trust Fund for Victims, ICC; Erin Kenny, UN Population Fund (UNFPA); Maxine Marcus, (formerly) ICTY, (currently) Senior International Criminal Law and Gender Advisor to PSVI; Cristina Michels, OHCHR; Kate Orlovsky, Women's Initiatives for Gender Justice; Martina Pomeroy, Office of the UN High Commissioner for Refugees (UNHCR); John Ralston, Institute for International Criminal Investigations; Madeleine Rees, Women's International League for Peace and Freedom; Cristina Ribeiro, ICC; Indira Rosenthal, Amnesty International; Nina Sahinpasic, Special Department for War Crimes for the Prosecutor's Office of Bosnia and Herzegovina; Susannah Sirkin, Physicians for Human Rights; Danaé van der Straten Ponthoz, TRIAL (Track Impunity Always); Silke Studzinsky, Trust Fund for Victims, ICC; Margriet Veenma, UNHCR; and Monika Volkhausen, Public Prosecutor's Office, Cologne (Generalstaatsanwaltschaft Köln).

ယူကေနိုင်ငံခြားရေးနှင့် ဓနသဟာရရုံးအနေဖြင့် ဤစာချုပ်ကို ထပ်မံသုံးသပ်ပေးကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

**Additional reviewers:** Kelly Askin, Open Society Justice Initiative (OSJI); Elisabeth Baumgartner, Swisspeace; Leah Bellshaw, U.S. Department of State; Linda Bianchi, Canadian Public Prosecution Service; Megan Bradley, Brookings Institution; Anne-Marie de Brouwer, Tilburg University; Jeannette Böhme, Medica Mondiale; Jorge Calderón Gamboa, Inter-American Court of Human Rights; Danya Chaikel, International Association of Prosecutors; Juliet Cohen, Freedom From Torture; Alison Cole, OSJI; Shukria Dini, Somali Women's Study Centre; Ingrid Elliott, UK PSVI Team of Experts; Laura Francis, Survivors Speak OUT!; Renata Giannini, IGARAPE; Gavin Ganendran, Freedom From Torture; Erica Hall, World Vision; Kolbassia Haoussou, Survivors Speak OUT! Network and Members; Claire Hawkins, UN Women; Elizabeth Howe, International Association of Prosecutors; Amrita Kapur, International Center for Transitional Justice; Andy Keefe, Freedom From Torture; Baudouin Kipaka, Arche d'Alliance; Gisela de León, Centre for Justice and International Law; Anna Lise Domanski, Canadian Peace Operations and Fragile States Policy Division; Mendy Marsh, UN Children's Fund (UNICEF); Faiza Mohamed, Equality Now; Jaimie Morse, Northwestern University; Lars Munk Plum, Deputy State Prosecutor, Denmark; Tamah Murfet, International Rescue Committee; Antonia N'Gabala-Sodonon, Peace and Security Department of African Union Commission; Valerie Oosterveld, University of Western Ontario; Blake Peterson, U.S. Department of State; Feride Rushiti, Kosova Rehabilitation Centre for Torture Victims; Alejandro Sanchez, Sexual Violence in Conflict Unit, MONUSCO; Duong Savorn, Cambodian Defenders Project; Sandesh Sivakumaran, University of Nottingham; Isabelle Solon Helal, Governance and Human Rights Specialist, Canada; Kim Thuy Seelinger, Human Rights Centre, University of California - Berkeley; Sidney Thompson, Public Prosecution Service of Canada; Charlotte Triggs, Crown Prosecution Service; Diana Trimiño, International Rescue Committee; Catherine Turner, World Vision; Aneeta Williams, Tearfund.

ယူကေနိုင်ငံခြားရေးနှင့် ဓနသဟာရရုံးအနေဖြင့် ဘော့စ်နီးယား၊ ကိုလံဘီယာ၊ ကွန်ဂိုဒီမို ကရက်တစ် သမ္မတနိုင်ငံ၊ လန်ဒန်နှင့် ယူဂန္ဒာတို့တွင် ကျင်းပသော ကွင်းဆင်းအကြံပြုပွဲများကို တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ အလွန်တန်ဖိုးရှိသော ပံ့ပိုးကူညီမှုများကိုလည်း ကျေးဇူးတင်ရှိပါသည်။

# ၁ မိတ်ဆက်

ဤစာချုပ်သည် အထက်တွင် ဖော်ပြထားသော ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ကျယ်ပြန့်သော ဆွေးနွေးအကြံပြုမှုများ ထည့်သွင်းပေါင်းစည်းထားသည့် မူကြမ်းပါဝင် ရေးဆွဲမှုဖြစ်စဉ်၏ ရလဒ်ဖြစ်ပါသည်။ ဤစာချုပ်ကို ယူကေနိုင်ငံခြားရေးနှင့် ဓနသဟာရရုံးမှ ဦးဆောင်ရေးသားသူ Sara Ferro Ribeiro က ဤ Protocol မှ ပရောဂျက်ညှိနှိုင်းရေးမှူး Chido Dunn (Freshfields Bruckhaus Deringer LLP ၏ ထောက်ခံမှုနှင့်) နှင့် PSVI ၏ Senior International Criminal Law and Gender Advisor Maxine Marcus တို့က အဓိကရေးသားတည်းဖြတ်ကြပါသည်။ ယူကေ၏အခန်းကဏ္ဍသည် အဆိုပါ Protocol ပြုစုရေးသားခြင်းကို ဖြစ်မြောက်စေရန်၊ အားပေးရန်နှင့် ရန်ပုံငွေထောက်ပံ့ရန်ဖြစ်ပြီး အကောင်းဆုံး ကျွမ်းကျင်မှုပါဝင်လာစေရန်နှင့် အဆိုပါ ရည်ရွယ်ချက်ကို နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်သူများ တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယူကေနိုင်ငံခြားရေးနှင့် ဓနသဟာရရုံးအနေဖြင့် လက်ရှိ ဆောင်ရွက်နေမှုကို အခြေခံ၍ ဆက်လက် အကောင်အထည်ဖော်ရန်နှင့် အောက်ခြေအဆင့်တွင် သက်သေ ပြနိုင်ခဲ့သည့် အောင်မြင်မှုအတွက် ကိုယ် ပိုင်ဟန်နှင့် ထိရောက်သော နည်းလမ်းများကို စူးစမ်းရှာဖွေရန်နှင့် ကမ္ဘာအနှံ့ဖြန့်ဝေနိုင်မည့် အခွင့်အရေးကို ပေးအပ်ရန် ရည်ရွယ်ပါသည်။

ယူကေနိုင်ငံခြားရေးနှင့် ဓနသဟာရရုံးအနေဖြင့် ဤလုပ်ငန်းစဉ်ကို ပံ့ပိုးပေးခဲ့ကြသော ထပ်တိုးအဖွဲ့အစည်း များဖြစ်သည့် Deringer LLP, Save the Children နှင့် TRIAL (Track Impunity Always) တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

> ပြစ်မှုကျူးလွန်သူများအတွက် ပုန်းခိုရန် နေရာမရှိပါ။ လွတ်ငြိမ်းချမ်းသာခွင့် မရှိပါ။ လုံခြုံသည့်အကာအကွယ် မရှိပါ။ ကျွန်ုပ်တို့၏ စုပေါင်းရှင်းလင်း ဖယ်ရှားမှုဖြင့် မည်သည့် နည်းလမ်းကိုမဆို နည်းလမ်းအားလုံးအသုံးပြုကာ ၎င်းတို့ကို လိုက်လံဖော်ထုတ်သွားပါမည်။

**Zainab Hawa Bangura, G8 နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ဧပြီ ၂၀၁၃**

# ၂ ဤစာချုပ်ကိုအသုံးပြုခြင်း

## (က) ရည်ရွယ်ချက်

ဤစာချုပ်၏ အဓိကရည်ရွယ်ချက်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှု ပြစ်မှုများ အတွက် တာဝန်ယူမှုကို မြှင့်တင်ရန်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ် မှတ်တမ်းတင်ခြင်းနှင့် စပ်လျဉ်းသည့် လက်တွေ့ဖြစ်ရပ်ကို အခြေပြုထားသည့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းမှ ကောက်နုတ်ထားသော အခြေခံဥပဒေများကို အဆိုပါ စာချုပ်က ချမှတ်ပါသည်။ အဆိုပါ စာချုပ် သည် နိုင်ငံများအား ချည်နှောင်ထားခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင် အကြမ်းဖက်မှုကို ပြစ်မှုအဖြစ်၊ စစ်အတွင်းကျူးလွန်သည့်ပြစ်မှု၊ လူသားချင်းမစာနာသည့် ပြစ်မှု (သို့) မျိုး တုန်းသတ်ဖြတ်မှုအဖြစ် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုနှင့် လူ့အခွင့်အရေးကျင့်သုံးလုပ်ဆောင်သူများက ထိထိရောက်ရောက်နှင့် ကာကွယ်စောင့်ရှောက်မှု အပြည့်ဖြင့် လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးမည့် ကိရိယာအဖြစ် ရပ်တည်နိုင်ဖြစ်ပါသည်။

လိင်အကြမ်းဖက်မှုအတွက် တာဝန်ယူမှုသည် ပုံစံမျိုးစုံဖြင့် ဖြစ်နိုင်ပါသည်။ ယင်းကို ပြစ်မှုဆိုင်ရာ တရားစွဲ ဆိုမှုမှတဆင့် လုပ်ဆောင်နိုင်ပြီး တာဝန်ရှိသည့် နိုင်ငံများ (သို့) အစိုးရမဟုတ်သူများအား လူ့အခွင့်အရေး ဆိုင်ရာ တရားစွဲဆိုမှု၊ အရပ်ဘက်ဆိုင်ရာ တရားစွဲဆိုမှု၊ လိင်အကြမ်းဖကမှုမှ ကျန်ရစ်လွတ်မြောက်လာ သူများ၊ မျက်မြင်သက်သေများအတွက် လျော်ကြေးတောင်းဆိုမှုများနှင့် ဥပဒေကြောင်းအရသော်လည်းကောင်း၊ ဥပဒေ ကြောင်းအရမဟုတ်သော လုပ်ငန်း စဉ်များမှတဆင့် ဆောင်ရွက်နိုင်ပါသည်။

တာဝန်ယူမှု လုပ်ငန်းစဉ်များသည် ပဋိပက္ခကာလအတွင်း ဖြစ်စေ (သို့) ပဋိပက္ခလွန်ကာလ ဖြစ်စေ (သို့) အချိန်အတော်ကြာစောင့်ရဦးမည်ဖြစ်စေ လက်တွေ့ဆောင်ရွက်နေသူများက ကျန်ရစ်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများထံမှ စုဆောင်းထားသော အကူအညီဖြင့် ချဉ်းကပ်ရယူထားသော သတင်းအချက်အလက်သည် အနာဂတ် တာဝန်ယူမှုအတွက် ကြိုးစားအားထုတ် ရာတွင် အရေးပါသည့် သက်သေဖြစ်လာနိုင်ပါသည်။ သတင်းအချက်အလက် ရယူစုဆောင်းသည့် ပုံစံနှင့် မှတ်တမ်းတင်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသည့် နည်းလမ်းတို့သည် သက်သေအထောက်အထား၏ တည်တံ့ ခိုင်မြဲမှုရှိစေခြင်း၊ အကျိုးကျေးဇူးခံစားသူများကို အကာအကွယ်ပေးခြင်းနှင့် တရားစီရင်မှုလုပ်ငန်းစဉ်တွင် ပါဝင်စေခြင်းမှတဆင့် ကျန်ရစ်လွတ်မြောက်လာသူများအား စွမ်းဆောင်ရည်မြှင့်ပေးခြင်းတို့အတွက် အရေး ပါပါသည်။ ဤ စာချုပ်က အဆိုပါ ရည်ရွယ်ချက်များကို စိတ်တွင် ရည်မှတ်ကာ အခြေခံဥပဒေများကို ရိုးရိုးရှင်းရှင်း လိုက်နာနိုင်ရန် ချမှတ်ထားပါသည်။

စာချုပ်၏ ဦးစားပေးမှုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ အရ လိင်အကြမ်းဖက်မှုအား ပြစ်မှုအနေဖြင့် မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ သို့သော် စာချုပ်တွင် ချမှတ် ထားသော အခြေခံဥပဒေသ အများစုသည် လိင်အကြမ်းဖက်မှု မပါဝင်သော အခြားနောက်ခံ အခြေအနေတွင် ဖြစ်ပေါ်သည့် ပြစ်မှု များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အလွဲသုံးမှုများနှင့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာဥပဒေ ချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် လည်းသက်ဆိုင်မှုရှိ ပါသည်။

## (ခ) အသုံးပြုမည့်သူများ

အဆိုပါလမ်းညွှန်ချက်များကို ပြည်တွင်းနှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးနှင့် တရားမျှတမှု လုပ်ဆောင်သူများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ် မှတ်တမ်းတင် ရာတွင် စိန်ခေါ်မှုဖြင့် ကြုံတွေ့ရသည့် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများ အသုံးပြုနိုင်ရန် ပြုစုထားခြင်း ဖြစ်ပါသည်။

စာချုပ်အသုံးပြုပုံကို ပြည်တွ င်းနှင့် ဒေ သန္တရလုံခြုံရေး၊ တရားရေး၊ ဥပဒေပြဌန်းခြင်း၊ မှုခင်းဆေးပညာနှင့် သိပပွံညာနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့အဲစည်းများအတွက် စွမ်းရည်မြင့်တင်ခြင်းဆိုင်ရာ အားထုတ်မှုများ အတွက်ထောက်ခံ အကြံပြုထားပြီး လိင်အကြမ်းဖက်မှုကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုအဖြစ် သတင်းအချက် အလက်များရယူ စုဆောင်း မှတ်တမ်းတင်ရာတွင် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

လိင်အကြမ်းဖက်မှု မှတ်တမ်းတင်ရာတွင် မိမိတို့၏ ကိုယ်ပိုင်နည်းလမ်းများနှင့် လုပ်ဆောင်ရမည့် အဖွဲ့များ နှင့် မိမိကိုယ်ပိုင် ပြဌာန်းချက်နှင့် အညီရည်ရွယ်ချက်များအတိုင်း လုပ်ဆောင်မည့် လူသားချင်း စာနာသည့် အဖွဲ့အစည်းများ၊ ကျန်းမာရေး ပညာရှင်များ၊ လူမှုရေးဝန်ထမ်းများ (သို့) အခြားသော ဝန်ဆောင်မှုပေးသူများကို အဆိုပါ လမ်းညွှန်ချက် များဖြင့် တိုက်ရိုက်ညွှန်ကြားမည် မဟုတ်ပါ။ သို့သော် ကျန်ရစ် လွတ်မြောက်လာသူများ အတွက် တရားမျှတမှုရရှိစေ စရန်အတွက်

ကျန်းမာရေး ပညာရှင်များ၊ရှေ့နေများ၊ ရဲများနှင့် တရားရေး တို့ကြားတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် ကဏ္ဍစုံ ချဉ်းကပ်နည်းလမ်းသည် မရှိမဖြစ် အရေးပါပါသည်။

ထို့ကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာ တရားစီရင်မှု နောက်ခံအကြောင်းအရာတွင်ဖြစ်စေ၊ တာဝန်ယူမှု လုပ်ငန်းစဉ် (သို့) အကြံပြုမှု နောက်ခံအကြောင်းအရာတွင်ဖြစ်စေ၊ အဆိုပါ လက်တွေ့ လုပ်ဆောင်သူများ အနေဖြင့် စာချုပ်တွင် ၎င်းတို့၏ အလုပ်၌ အဆင်ပြေအသုံးဝင်မည့် လိင်အကြမ်းဖက်မှုမှ ကျန်ရစ် လွတ်မြောက်သူများနှင့် မျက်မြင်သက်သေများ၏ အခွင့်အရေးကို တင်ပြဆွေးနွေးရန် ထောက်ခံအားပေး ရန်နှင့် ကိုယ်စားပြုရန် လုပ်ဆောင်နေကြသော လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နေကြသူများ အားလုံးကြားတွင် အသုံးပြုနေသည့် နည်းလမ်းနှင့်စပ်လျဉ်းပြီး ညှိနှိုင်းဆောင်ရွက်မှုနှင့် တစ်သမတ်တည်း ဖြစ်ခြင်းတို့ကို တိုးတက်စေရန် လိုအပ်ချက်ကို အသိအမှတ်ပြုပေးမည့် လမ်းညွှန်ချက်ပါ အချို့သော အင်္ဂါရပ်များကို တွေ့ရှိ အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

ဆန်းစစ်ဝေဖန်မှုဖြင့် ပြောရမည်ဆိုလျှင် စာချုပ်ပါ လမ်းညွှန်ချက်များအရ လိင်အကြမ်းဖက်မှုကို မှတ်တမ်း တင်ရန် ကြိုးပမ်းအားထုတ်နေသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် ပထမဦးစွာ ၎င်းတို့ကိုယ်တိုင် လုံလုံလောက်လောက် သင်ယူလေ့ကျင့်ရန်လိုအပ်ပြီး၊ အပြည့်အစုံ ပြင်ဆင်ပြီးဖြစ်စေရပါမည်။ လက်တွေ့ကျင့်သုံး ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့ဆောင်ရွက်နေသည့် နယ်ပယ်တွင် တတိယအဖွဲ့ အစည်း၏ စုံစမ်းစစ်ဆေးမှုများနှင့် စပ်လျဉ်းသော သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ အထူးသဖြင့် သက်သေ စုဆောင်းမှုကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် သက်သေကို ပြည်တွင်းအာဏာပိုင်များထံသို့ အပ်နှံရမည့် တာဝန်ရှိမှုကို ပြဋ္ဌာန်းထားသော ဥပဒေများကို သတိပြုမိရပါမည်။

## ဂ) **Protocol** (သို့) စာချုပ်ဆိုသည်မှာ အဘယ်နည်း

စာချုပ် အပိုင်း ၁ တွင် လိင်အကြမ်းဖက်မှုကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုအဖြစ် အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်မှု၊ လိင်အကြမ်းဖက်မှု ပြစ်မှုများတွင်ပါဝင်သည့် ပြုမူလုပ်ဆောင်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှုကို တရားစွဲဆိုရန် လိုအပ်ချက်များကို ဖော်ပြထားပါသည်။ လိင်အကြမ်းဖက် မှုနှင့်စပ်လျဉ်းသည့် စိုးရိမ်ဖွယ်ရာ နောက်ဆက်တွဲ အခြေအနေများ၊ တရားစီရင်မှုသို့ ချဉ်းကပ်သည့်အခါ ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများ ကြုံတွေ့ရသည့် အတားအဆီးများ၊ ပြစ်မှုကို ထိထိရောက်ရောက် စုံစမ်းစစ်ဆေးမှုများကို မှတ်တမ်းတင်ခြင်းနှင့် ကျန်ရစ်လွတ်မြောက်သူများ၊ မျက်မြင် သက်သေများအား ပံ့ပိုးကူညီခြင်းတို့ကို နှောင့်နှေးစေသည့် လိင်အကြမ်းဖက်မှုဆိုင်ရာ ဒဏ္ဍာရီ များနှင့် လွဲမှားသော အယူအဆများကိုလည်း ဖော်ပြထားပါသည်။

အပိုင်း ၂ တွင် လက်တွေ့ မှတ်တမ်းတင်လေ့ရှိသည့် မှတ်တမ်းပုံစံ၊ သုတေသနပြုရန် မည်သို့လုပ်ဆောင် ရမည်ကို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်မှုလုပ်ငန်းစဉ်ကို ပြင်ဆင်၊ ချမှတ်ရန် မည်သို့လုပ်ဆောင် ရမည်၊ လုံခြုံမှုရှိပြီး ထိရောက်သော တွေ့ဆုံမေးမြန်းမှုများကို မည်သို့လုပ်ဆောင်မည်၊ လိင်အကြမ်းဖက် မှုကို ဖော်ပြသည့် ရုပ်သံသက်သေ၊ ရုပ်ပိုင်းဆိုင်ရာသက်သေနှင့် မှတ်တမ်းသက်သေတို့ကို ရယူသည့်အခါ အနည်းဆုံးရှိရမည့် လိုအပ်ချက်များကို ဖော်ပြထားပါသည်။ ဤအပိုင်းတွင် **"ထိခိုက်မှု တစုံတရာမရှိစေရ"** ဟူသည့် အဓိက သဘောတရားကို ထည့်သွင်းထားပြီး ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေး ခြင်း၊ မှတ်တမ်းတင်ခြင်းတို့နှင့် သက်ဆိုင်သည့်ဖြစ်ပေါ်လာနိုင်ချေရှိသော အန္တရာယ်ရှိနိုင်ခြေများကို လျော့ပါးသက်သာစေရန်၊ ဖြေရှင်းရန်နှင့် တာဝန်ယူမှုအတွက် ကြိုးစားအားထုတ်မှုအပေါ် လွှမ်းမိုးနိုင်သည့် အတားအဆီးအချို့ကို ကျော်လွှားရန် လက်တွေ့လုပ်ဆောင်သူများအနေဖြင့် ကျင့်သုံးနိုင်မည့် လက်တွေ့ ကျသော မဟာဗျူဟာများကို အကြံပြုထားပါသည်။

နောက်ဆက်တွဲဖော်ပြချက်များတွင် မှတ်တမ်းတင်သူများအနေဖြင့် စုံစမ်းဖော်ထုတ်ရာတွင် တိုက်ရိုက်အသုံးကျ စေရန် မျှော်လင့်သည့် နည်းနာအချို့နှင့် အချက်အလက်များ ထပ်ထည့် ထားပါသည်။ ယင်းတွင် Evidence Workbook (နောက်ဆက်တွဲ ၁ကိုရှုပါ) ပါဝင်ပြီး ၎င်းက လိင်အကြမ်းဖက်မှုကို စစ်အတွင်း ကျူးလွန်သည့် ပြစ်မှု၊ လူသားချင်း စာနာမှုမရှိသည့် ပြစ်မှု (သို့) အစုလိုကအပြုံလိုက် သတ်ဖြတ်မှုအဖြစ် နောက်ခံအကြောင်းအရာနှင့် ချိတ်ဆက် ဖော်ပြနိုင်မည့် အင်္ဂါရပ်များကို သက်သေပြနိုင်မည့် အချက်အလက် အမျိုးအစားကို ကောက်ယူရမည့် နမူနာကို ဖော်ပြထားပါသည်။ နောက်ဆက်တွဲများတွင် ရုပ်ပိုင်းဆိုင်ရာနှင့် မှတ်တမ်းတင်မှု သက်သေ များအား ကိုင်တွယ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ကဏ္ဍစုံပံ့ပိုးထောက်ပံ့မှု ပုံစံဖြင့် အလုပ်လုပ်ကိုင်ပုံကို သက်သေအထောက်အထား ရရှိရန် ရည်ရွယ်ချက်ဖြင့် လွှဲပြောင်းပေးမှုများနှင့် ဆေးစစ်ချက်မှတ်တမ်း စသည့် အရေးပါသည့် အချက်အလက် အမျိုးအစားများနှင့် စပ်လျဉ်းပြီး အကျဉ်းချုပ်များနှင့် လမ်းညွှန်ချက်များလည်း ပါဝင်ပါသည်။

## ဃ) အနာဂတ်အသုံးပြုမှု

အနာဂတ်တွင် ဤစာချုပ်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ် စုံစမ်း မှတ်တမ်းတင်သည့်သူများ ရင်ဆိုင်ကြုံတွေ့ရသည့် အချို့သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လက်တွေ့ အသုံးပြုနိုင်သည့် ထောက်ကူကိရိယာအဖြစ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။ ဤစာချုပ်သည် ပုံသေကားချပ်မဟုတ်ပဲ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများဖြင့် အမြဲ ဖြည့်စွက် ပြင်ဆင် သွားပါမည်။

အထူးသဖြင့် နိုင်ငံများအနေဖြင့်လည်း စာချုပ်ပါ အခြေခံ သဘောတရားများနှင့် နည်းလမ်းများအရ လိင်အကြမ်းဖက်မှု ပြစ်မှုများကို မှတ်တမ်းတင်ရာတွင် အားပေး၊ ပံ့ပိုးကူညီ၊ စွမ်းအားမြှင့်တင်ပေးသွားမည် ဟု မျှော်လင့်ပါသည်။ အလှူရှင်နိုင်ငံများအနေဖြင့် လိင်အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံတကာ ပြစ်မှုများအတွက် တာဝန် ယူမှုနှင့် စပ်လျဉ်းသည့် နိုင်ငံပြင်ပမှ အစီအစဉ်ကို ငွေကြေးထောက်ပံ့ပေးရာတွင် ဤ စာချုပ်ပါ အခြေခံ သဘောတရားများနှင့် နည်းလမ်းများကို ၎င်းတို့၏ ပရောဂျက်များတွင် ထည့်သွင်း အသုံးပြုရန် အားပေး သွားမည်ဟု မျှော်လင့်ပါသည်။ ပဋိပက္ခ၏ ဆိုးကျိုးကို ခံစားနေရသော နိုင်ငံများသည်လည်း ဤ စာချုပ်ကို အသုံးပြုကာ အမျိုးသားအဆင့် လုပ်ဆောင်မှု အစီအစဉ်များ ပြုစုပြီး အစိုးရ၊ အရပ်ဘက်ပြည်သူများ၊ ဆေး ပညာရှင်များ၊ ဥပဒေပညာရှင်များနှင့် အခြားသော သက်ဆိုင်သူများကြားတွင် အမြင်ဖွင့်ပေးခြင်းနှင့် စွမ်း ဆောင်ရည်မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်မည် ဟု မျှော်လင့်ပါသည်။ အလှူရှင်များအနေဖြင့် ဤစာချုပ်ကို အသုံးပြုကာ အမြင်ဖွင့်နိုင်ရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် သင်တန်းပို့ချမှု package များ ပြုစုရန် အားထုတ်နေသည့် အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့ပေးမည် ဟု မျှော်လင့်ပါသည်။ ဤနယ်ပယ်တွင် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်နေသော NGO များသည် ဤစာချုပ်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် လိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ် မှတ်တမ်းတင်နိုင်ရန် ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်းအတွက် အခြေခံနည်းပညာအဖြစ် အသုံးပြုသွားမည် ဟု မျှော်လင့်ပါသည်။



# အပိုင်း ၁ လိင်အကြမ်းဖက်မှု ၁၄


## ၁။ လိင်အကြမ်းဖက်မှုအား နားလည်သဘောပေါက်ခြင်း ၁၅

၁.၁ လိင်အကြမ်းဖက်မှုအား ဆက်စပ်စဉ်းစားခြင်း ၁၅

၁.၂ လိင်အကြမ်းဖက်မှုအားတုန့်ပြန်ခြင်း ၁၆

## ၂။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရလိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်း ၁၇

၂.၁ နောက်ခံအကြောင်းအရာ ၁၇

၂.၂. လိင်အကြမ်းဖက်မှု ပြစ်မှုများအား အထွေထွေအဓိပ္ပါယ်သတ်မှတ်ချက်များ ၁၈

၂.၃ အပိုင်း က : လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ တဆင့် ကျူးလွန်သော လိင် အကြမ်းဖက်မှုများ (သို့) ပြစ်မှုများ ႏ ဘာဖြစ်တာလဲ? ၁၈

၂.၄ အပိုင်းခ : အပြည်ပြည်ဆိုင်ရာ ပြစ်မှုများ၏ နောက်ခံအကြောင်းအရာကိုဖော်ပြသော အင်္ဂါရပ်များ ၂၃

(၁) စစ်ကိုအကြောင်းပြု၍ ဖြစ်ပွားသည့် လိင်အကြမ်းဖက်မှု(သို့)ဥပဒေ ချိုးဖောက်မှုနှင့် စစ်၏ဓလေ့ ထုံးတမ်းကို ဖော်ပြသော လိင်အကြမ်း ဖက်မှု ၂၃

(၂) လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုအဖြစ် သတ်မှတ်သောလိင် အကြမ်းဖက်မှု ၂၄

(၃) လူသားမျိုးနွယ်မျိုးတုန်းသတ်ဖြတ်မှုဖြစ်သည့် လိင်အကြမ်းဖက်မှု ၂၄

၂.၅ အပိုင်း ဂ : အပြည်ပြည်ဆိုင်ရာ ပြစ်မှုများ ကျူးလွန်ရာတွင် ဥပဒေအရ တာဝန်ရှိမှုအမျိုးမျိုး "လိင်အကြမ်းဖက်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသူ (များ)သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ပြစ်မှုမြောက်သည့် ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် မည်သို့တာဝန်ရှိပါသနည်း။" ၂၅

# အပိုင်း ၁ လိင်အကြမ်းဖက်မှု

## ၁။ လိင်အကြမ်းဖက်မှုအား နားလည်သဘောပေါက်ခြင်း

### ၁.၁ လိင်အကြမ်းဖက်မှုအား ဆက်စပ်စဉ်းစားခြင်း

လိင်အကြမ်းဖက်မှုသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အကြမ်းဖက်မှု တစ်မျိုးဖြစ်ပြီး အမျိုးသမီး၊ မိန်းကလေးငယ်၊ အမျိုးသားနှင့် ယောကျ်ားလေးငယ်များအား အဓမ္မစော်ကားခြင်းနှင့် လိင်ပိုင်းဆိုင်ရာ မည်သည့်တိုက်ခိုက်မှု ကျူးလွန်မှုတို့မဆိုပါဝင်ပါသည်။ ၎င်း၏နောက်ဆက်တွဲ အကျိုးဆက်များသည် လူမဆန်သောလုပ်ရပ်ဖြစ်နိုင်သည်။ ထိခိုက်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများအတွက် ကြီးမားသော ရုပ်ပိုင်း ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဂယက်ရိုက်မှုပါဝင်နိုင်ပြီး လူ့အသိုင်းအဝိုင်းနှင့် ပြည်သူအားလုံးအပေါ် နက်ရှိုင်းသည့် မတည်ငြိမ်မှု ဖြစ်စေ နိုင်ပါသည်။

အမျိုးသမီးများ၊ အမျိုးသားများ၊ အမျိုးသမီးငယ်များနှင့် အမျိုးသားငယ်များ အားလုံးသည် လိင်အကြမ်းဖက်မှု၏ သားကောင်များဖြစ်နိုင်သည်ကို သတိပြုမိရန် အရေးကြီးပါသည်။ သို့သော်လည်း အမျိုးသားနှင့် အမျိုးသမီး ကြား သမိုင်းကြောင်းအရ တည်ရှိလာသော ဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှုများနှင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် အမျိုးသမီးများသည် ကျား၊မ အခြေပြု ခွဲခြားဆက်ဆံမှု ပုံစံမျိုးစုံကို ကြုံတွေ့ခံစားနေကြရခြင်းတို့သည် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဆိုးရွားစွာ ထိခိုက်နာကျင်စေပါသည်။ ထို့အပြင် ကလေးများအား လိင်အကြမ်းဖက်မှုသည်လည်း အလွန်မြင့်မားလာပြီး ဆိုးရွားသည့် နောက်ဆက်တွဲကို ဖြစ်ပေါ်စေနိုင် ပါသည်။

အချို့အုပ်စုများသည် အခြားသူများထက် လိင်အကြမ်းဖက်မှုကို မကြာခဏ ခံစားကြရပါသည်။ ယင်းအုပ်စုတွင် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ခံရသူများ၊ ဒုက္ခသည်များ၊ ကလေးများ၊ အမျိုးသမီး အိမ်ထောင်ဦးစီးများ၊ အမျိုးသမီး လူ့အခွင့်အရေး ခုခံကာကွယ်သူများ၊ ဖမ်းဆီးထိန်းသိမ်းခံရသူများ (လက်နက်ကိုင်အဖွဲ့များ အောက်တွင် ရှိသူများအပါအဝင်)၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်စပ်သူများ၊ တိုင်းရင်းသားအုပ်စုများမှ ပုဂ္ဂိုလ်များနှင့် အခြားသော ထိခိုက်နစ်နာလွယ်သူအုပ်စုများ ပါဝင်ပါသည်။

ပဋိပက္ခကာလအတွင်း၌ဖြစ်စေ၊ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်ကို ပဋိပက္ခအတွင်းဖြစ်စေ၊ ထိုကာလ ပြင်ပတွင်ဖြစ်စေ ကျူးလွန်သည့် အခြေအနေမျိုးတွင် လိင်အကြမ်းဖက်မှုကို လက်နက်ကိုင်အုပ်စုများက အရပ်သားများ အပါအဝင် ပြည်သူများအား မကြာခဏ ကျူးလွန်လေ့ရှိသည်။ ထိုသို့ ကျူးလွန်ရာတွင် စစ်ဘက်ဆိုင်ရာ ရည်ရွယ်ချက်များ တိုးတက်စေရန် မဟာဗျူဟာအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး အရပ်ဘက် ပြည်သူများအား ဦးတည်သည့် ကျယ်ပြန့်သော စနစ်တကျ တိုက်ခိုက်မှု၏ တစိတ်တပိုင်းဖြစ်နိုင်ပါသည်။ ပြည်သူများအား အင်အားချိနဲ့စေ ရန်နှင့် ထိန်းချုပ်ရန် လိင်အကြမ်းဖက်မှုကို အသုံးပြုနိုင်ပါသည်။ အုပ်စု တစ်ခုကို အပြစ်ပေးရန် (သို့) ဖျက်ဆီးရန်၊ ၎င်းတို့ကို ထိတ်လန့်ကြောက်ရွံ့ စိတ်သွတ်သွင်းပေးရန်၊ လက်တုံ့ပြန်ရန် (သို့) နေရာတစ်ခုမှ အခြားသို့ ထွက်ပြေးသွားစေရန်အတွက် လိင်အကြမ်း ဖက်မှုကို အသုံးပြုနိုင်ပါသည်။ လိင်အကြမ်းဖက်မှုကို တိုက်ခိုက်မှု၏ တစိတ်တပိုင်းအဖြစ် မှတ်ယူသည် ဖြစ်စေ၊ မယူသည်ဖြစ်စေ ၎င်းတွင် လူ့အသိုင်းအဝိုင်းနှင့် မိသားစုအသိုင်းအဝိုင်း ပြိုကွဲခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှု မရှိခြင်းတို့၏ နောက်ဆက်တွဲ အပြစ်ကျူးလွန်သည့် အပြုအမူလည်း ပါဝင်ပါသည်။ ယင်းတို့သည် ပဋိပက္ခ အခြေအနေ၊ အရေးပေါ်အခြေအနေနှင့် ဖယ်ရှားခံရသည့် အခြေအနေ လက္ခဏာရပ်များဖြစ်ပြီး ပြစ်မှုကျူးလွန် သူများက မလုံခြုံမှု၊ အရေးမယူနိုင်မှုအပေါ် အခွင့်ကောင်းယူကာ လိင်အကြမ်းဖက်မှုကို ကျူးလွန်နိုင် ပါသည်။

အချို့သောအခြေအနေများတွင် လိင်အကြမ်းဖက်မှုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ပြစ်မှုမြောက်ပြီး စစ်ကိုအကြောင်းပြုပြီး ပြစ်မှုကျူးလွန်ခြင်း၊ လူသားချင်းစာနာမှု ကင်းမဲ့ကာ ကျူးလွန်သည့် ပြစ်မှုနှင့်/သို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတို့သည်လည်း ပြစ်မှုမြောက်ပါသည်။ ၎င်းတို့တွင် အဆိုပါ ပြစ်မှုဆိုင်ရာ လက္ခဏာရပ်များ ပြည့်စုံပြီး ယင်းတို့ကို ပြည်တွင်းနှင့် နိုင်ငံတကာအဆင့် နှစ်ခုစလုံးတွင် စုံစမ်းစစ်ဆေးကာ၊ တရားစွဲဆိုခြင်းကို ဆောင်ရွက်နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ပြစ်မှုအဖြစ် သတ်မှတ်သည့် လိင်အကြမ်းဖက်မှုကို လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အသိုင်းအဝိုင်းအပေါ် ကျယ်ပြန့်ပြန့် ချိုးဖောက် ကျူးလွန်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မကြာခဏ ကျူးလွန်လေ့ရှိပြီး အဆိုပါ ကျူးလွန်မှုပုံစံတွင် လိင်ပိုင်း ဆိုင်ရာနှင့် လိင်နှင့်မသက်ဆိုင်သည့် ပြစ်မှုများပါဝင်ပါသည်။ စစ်ကိုအကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှု များ၊ လူသားချင်းစာနာမှု ကင်းမဲ့ သော ပြစ်မှုများနှင့် မျိုးတုန်းသတ်ဖြတ်မှုများကို နောက်ခံ အကြောင်းအရာ အဖြစ် သတ်မှတ်လျှင် အဓမ္မကျူးလွန်မှုနှင့် အခြားသော လိင်အကြမ်းဖက်မှု ပြစ်မှုပုံစံများသည် အရပ်ဘက် ပြည်သူများအပေါ် တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရက်စက်ကြမ်းကြုတ်စွာ ပြုမူမှုများစွာအနက် တစ်ခုဖြစ်ပါသည်။ ယင်းသည် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်နေနိုင်ပြီး သို့ အုပ်စုတစ်ခုလုံးကို (သို့) တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်းလည်းဖြစ်နိုင်ပါသည်။

လိင်အကြမ်းဖက်မှုကြောင့်ဖြစ်သော အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်ခြင်းသည် ကျန်ရစ် သည့် နစ်နာသူများ၊ မျက်မြင်သက်သေများအား သင့်လျော်သည့် ဂန်ဆောင်မှုများ လမ်းညွှန်ပေးခြင်းနှင့် လိင်အကြမ်းဖက်မှုက လူတစ်ဦးချင်း၊ ၎င်းတို့၏မိသားစုများနှင့် ပြည်သူများအပေါ် ထိခိုက်နစ်နာစေမှုကို တိတိကျကျ မှတ်တမ်းတင်ခြင်းတို့အတွက် အလွန်အရေးပါပါသည်။ လိင်အကြမ်းဖက်မှုသည် ကာလရှည် နှင့် အသက်အန္တရာယ် ခြိမ်းခြောက်သည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲများ၊ လူမှုရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ဂယက်ရိုက်မှုများ ရှိနိုင်ပြီး ကျန်ရစ်သည့် နစ်နာသူများအတွက် အန္တရာယ်ရှိနိုင် ခြေနှင့် ထိခိုက်နစ်နာလွယ်မှုများပြားနိုင်ပါသည်။၁ အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးငယ်များနှင့် ယောက်ျားလေး ငယ်များအနေဖြင့် လိင်အကြမ်းဖက်မှုကြောင့် ကွဲပြားခြားနားစွာ ထိခိုက်နိုင်ပါသည်။ လိင် အကြမ်းဖက်မှု ပြစ်မှုများကို ပြည်သူများအပေါ် ကျူးလွန်ခြင်းသည် ရပ်ရွာပြည်သူများနှင့် ပြည်သူ့ဖွဲ့စည်း ပုံအနေအထားများ၏ အရေးပါသည့်အပိုင်းကို ဖျက်ဆီး (သို့) ထိခိုက်စေနိုင်ပါသည်။၂

## ၁.၂ လိင်အကြမ်းဖက်မှုအားတုန့်ပြန်ခြင်း

ကျန်ရစ်သည့် နစ်နာသူများအတွက် ကျန်းမာရေးဂန်ဆောင်မှုများ၊ ကာကွယ်စောင့်ရှောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် တရားမျှတမှု ရရှိရေးတို့ကို ညှိနှိုင်းပေါင်းစပ် ဖော်ဆောင်ပေးမည့် လိင်အကြမ်းဖက်မှုကို တုန့်ပြန်ရန်မှာ ခိုင်မာအားကောင်းသော ကဏ္ဍစုံပါဂင်မှုလိုအပ်ပါသည်။ **(နောက်ဆက်တွဲ၂ကိုရှုပါ။)** အဆိုပါ ထောက်ပံ့ကူညီ အားပေးသည့် ဂန်ဆောင်မှုများ နေသားတကျရှိခြင်းသည် ကျန်ရစ်သည့် နစ်နာသူများက လိင်အကြမ်းဖက်မှု ပြစ်မှုကို သတင်းပေး အစီရင်ခံနိုင်ချေကို မြှင့်တင်ပေးရာတွင် အရေးပါပါသည်။

သို့သော် လိင်အကြမ်းဖက်မှုမှ ကျန်ရစ်သည့် နစ်နာသူများအနေဖြင့် ဂန်ဆောင်မှုများ၊ တရားစီရင်ရေးနှင့် အခြားသော ပဋိပက္ခနောင်းပိုင်း ကုထုံးများကို ရယူရာတွင် ကြီးမားသော အခက်အခဲများကြုံတွေ့ နေရပါသည်။ အချို့သော ကျန်ရစ်သည့် နစ်နာသူများသည် ၎င်းတို့ ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများ ကြုံတွေ့ရသည့် အမဲစက်၊ ရှက်ရွံ့မှု၊ အရှက်တကွဲ အကျိုးနည်းဖြစ်မှုနှင့် စိတ်ဒဏ်ရာတို့ကြောင့် တရားမျှ တမှုရရှိရန် မကြိုးစားကြပေ။ အချို့ကလည်း မိမိတို့၏ဇနီး၊ ခင်ပွန်း အခြားသော မိသားစုဂင်များနှင့် ၎င်းတို့၏ လူ့အသိုင်းအဂန်းမှ ဖယ်ကြဉ်မည်ကို ကြောက်ရွံ့ လျက်ရှိပြီး ထပ်မံအကြမ်းဖက်ခံရမည်ကို ထိတ်လန့်ကာ ပြည်တွင်းမှ ရဲများအပေါ် အယုံအကြည် ကင်းမဲ့လျက်ရှိပါသည်။

လိင်အကြမ်းဖက်မှုကို စုံစမ်းဖော်ထုတ်ကာ မှတ်တမ်းတင်ရာတွင် အဆိုပါ လက်တွေ့အကောင်အထည် ဖော် ဆောင်ရွက်သူများအနေဖြင့် ကျန်ရစ်သည့် နစ်နာသူများသည် မကျော်လွှားနိုင်သော ရှက်ရွံ့မှုကြောင့် ၎င်းတို့ထံ မလာရောက်နိုင်ခြင်းဖြစ်သည်ဟု မမှတ်ယူသင့်ပါ။ တရားမျှတမှုရယူရန် မစွမ်းဆောင်နိုင်ခြင်း သည် ထိုသို့ဆောင်ရွက်နိုင်မည့် လုံခြုံပြီး ထောက်ကူပေးသည့် ပတ်ဂန်းကျင် မရှိခြင်းကြောင့်နှင့်/ သို့ ရှေ့ တစ်လှမ်းတိုးရာတွင် ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများ ကြုံတွေ့ရမည့် အန္တရာယ်ရှိနိုင်ချေများ သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် လိင် အကြမ်းဖက်မှုကြောင့် နစ်နာသူများနှင့် မျက်မြင်သက်သေများသည် ရှေ့သို့တစ်လှမ်းတိုးပြီး ပြစ်မှုများကို အစီရင်ခံနိုင်မည့် လုံခြုံ၍သက်တောင့်သက်သာရှိသည့် ပတ်ဂန်းကျင်ကို ပူးပေါင်းဖော်ဆောင်ပေးရပါမည်။

လိင်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးရန်နှင့် မှတ်တမ်းတင်ရန် ကနဦးတာဂန်သည် နိုင်ငံများတွင် ရှိရပါမည်။ လိင်အကြမ်းဖက်ခံရသူများ မျှမျှတတ၊ ထိထိရောက်ရောက် တုန့်ပြန်ရန်၊ ပြစ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် လိင်အကြမ်းဖက်ခံရသူများနှင့် မျက်မြင်သက်သေများကို အကာအကွယ်ပေးရန် နိုင်ငံတော် လုံခြုံရေးနှင့် တရားစီရင်မှု အဖွဲ့အစည်းများအား သင့်လျော်သည့် လေ့ကျင့်သင်တန်းပေးမှုများ လုပ်ဆောင်ပြီး ပံ့ပိုး ထောက်ကူပေးရပါမည်။ သို့သော်လည်း အမျိုးသားအဖွဲ့အစည်းများက လိင်အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှု များကို စုံစမ်းစစ်ဆေးရန်နှင့် မှတ်တမ်းတင်ရန် မတတ်နိုင်သောအခါ (သို့) ဆန္ဒမရှိသော အနေအထား မျိုးတွင် လိင်အကြမ်းဖက်မှုအပေါ် နိုင်ငံတော်မှ အဓိပ္ပါယ်သတ်မှတ်ချက်များသည် ညှိနှိုင်းကာ ကန့်သတ် ထားခြင်း (သို့) ပြည်တွင်းကစားမှုများကလည်း ခြေကုန်လက်ပန်းကျနေသည့် အနေအထားမျိုးတွင် ထိုက်သင့်သည့် သင်တန်းပို့ချမှု၊ ကိရိယာများနှင့် လုပ်ပိုင်ခွင့်ရှိသော လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများသည် လိင် အကြမ်းဖက်မှုကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုအဖြစ် ထိထိရောက်ရောက်နှင့် ကာကွယ်စောင့် ရှောက်မှုအပြည့်ဖြင့် မှတ်တမ်းတင်နိုင်သည့် အနေအထားတွင်ရှိပါသည်။

၁ လိင်အကြမ်းဖက်မှု နောက်ဆက်တွဲများနှင့် စပ်လျဉ်းသည့် အခြားသော အချက်အလက်များကို ကြည့်ရှုလိုပါက UNHCR၏ လိင်နှင့် ကျားမ အခြေပြုအကြမ်းဖက်မှု၊ ဒုက္ခသည်များ၊ ပြန်လာသူများနှင့် နိုင်ငံတွင်း ရွှေ့ပြောင်းခံရသူများအား တားဆီးကာကွယ်ခြင်းနှင့် တုန့်ပြန်ခြင်း အတွက် လမ်းညွှန်ချက်များ - ၂၀၀၃၊ ဆေးတက္ကသိုလ်က ထုတ်ဂေသော အမျိုးသမီးများအား လိင်အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာသော လူမှုရေးနှင့် စီးပွားရေးကုန်ကျစရိတ်များ၊ တားဆီးကာကွယ်ခြင်း၏ တန်ဖိုး - ၂၀၁၁၊ ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျားမအခြေပြု အကြမ်းဖက်မှု၏ ကုန်ကျစရိတ်များနှင့် သက်ရောက်မှုများ၊ နည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်းနှင့် သက်သေအသစ်၊ ၂၀၀၄။

# ၂. အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှုကို ပြစ်မှုအဖြစ် သတ်မှတ်ခြင်း

## ၂.၁ နောက်ခံအကြောင်းအရာ

လိင်အကြမ်းဖက်မှု ပြစ်မှုများကို စစ်ပွဲအကြောင်းပြကာ ကျူးလွန်သည့်ပြစ်မှုများ၊ လူသားချင်းစာနာမှု ကင်းမဲ့ သည့် ပြစ်မှုများ (သို့) အစုလိုက်အပြုံလိုက် မျိုးတုန်းသတ်ဖြတ်မှုများ စသည့် အရက်စက်ဆုံးသော ပြစ်မှု များအတွက် ကြီးကြီးမားမား တာဝန်ယူပေးရန် ဦးတည်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကို လွန်ခဲ့သည့် နှစ် (၂၀)ခန့်က ပြုစုပြဋ္ဌာန်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ဥပဒေသိပ္ပံပညာကို ပြုစုရာတွင် ယခင် ယူဂိုစလားဗီးယားအတွက် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ခုံရုံးတင်စစ်ဆေးမှု နောက်ခံအကြောင်း အရာနှင့် ရဝန်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ခုံရုံးတင်စစ်ဆေးမှု နောက်ခံအကြောင်းအရာ (အရေးပေါ်ခုံရုံးတင်စစ်ဆေးမှုများ (သို့) CTY နှင့် ICTR) တို့အတွက် ကနဦး အသုံးပြုခဲ့ပြီး ထို့နောက်တွင် အပြည်ပြည်ဆိုင်ရာ တရားရုံး ရောမစည်းမျဉ်းဥပဒေတွင် ထပ်မံ ခွဲခြားဖော်ပြထားပြီး Sierra Leone (SCSL) [၂] အတွက် အထူးတရားရုံးက ထပ်မံပြုစုဖြည့်တင်းပါသည်။ အဆိုပါ အကြမ်းဖက်မှုပုံစံများကို လက်နက်ကိုင် ပဋိပက္ခနှင့် ထိုကဲ့သို့ ဆက်စပ်နေသော စစ်ကိုအကြောင်းပြပြီး ကျူးလွန်သည့် ပြစ်မှုများကဖြစ်ဖြစ်၊ လူသား ချင်းစာနာမှုကင်းမဲ့သော ပြစ်မှုများကို အရပ်ဘက် ပြည်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့် (သို့) စနစ်တကျ တိုက်ခိုက်မှုအဖြစ် ကျူးလွန်မှုများနှင့်/ သို့ တိုင်းရင်းသား၊ ဘာသာရေး၊ အမျိုးသားရေး (သို့) လူမျိုးရေး အုပ်စုများတစ်ခုလုံးကိုဖြစ်စေ (သို့) တစိတ်တပိုင်းကိုဖြစ်စေ ပျက်ဆီးစေရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန် သည့် လူသားမျိုးတုန်းသတ်ဖြတ်မှုအဖြစ်၄မုဒိမ်းမှုနှင့် အခြားသော လိင်အကြမ်းဖက်မှုပုံစံများကို စုံစမ်း စစ်ဆေးလျက်ရှိပြီး တရားစွဲဆိုလျက်ရှိပါသည်။[၃]

ဤစာချုပ်နောက်ခံအကြောင်းအရာပါ လိင်အကြမ်းဖက်မှုများအပေါ် အပြည်ပြည်ဆိုင်ရာ ပြစ်မှုများ အသုံးပြုနိုင်ရန် ဆွေးနွေးပွဲအတွက် အစမှတ်သည် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံး၏ ရောမစည်းမျဉ်းဥပဒေ ဖြစ်ပါသည်။ ရောမစည်းမျဉ်းဥပဒေကို သက်ဆိုင်ရာ နိုင်ငံများက သဘောတူ လက်မှတ်ရေးထိုးပြီးသောအခါ ၎င်း၏ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ဥပဒေကို အသုံးပြုနိုင်ရန်အလို့ငှာ လုံလုံလောက်လောက် ရှင်းလင်းဖော်ပြထားသည့် ပြီးပြည့်စုံသည့် ဖော်ပြချက် မဟုတ်သည်ကို တွေ့ရှိရပါသည်။ ထုံးတမ်းစဉ်လာ အပြည်ပြည်ဆိုင်ရာဥပဒေသည် နည်းလမ်းမျိုးစုံဖြင့် ပိုမိုကျယ်ပြန့်ပါသည်။ အထူးခုံရုံးများ၊ ကမ္ဘောဒီးယားတရားရုံးများရှိ ထူးခြားသည့်ချိန်ဘာများ(ECCC) နှင့် SCSL တို့တွင် ထုံးတမ်းစဉ်လာအပြည်ပြည်ဆိုင်ရာ[၄] ဥပဒေနှင့် စပ်လျဉ်းသည့် အသုံးပြုနိုင်သည့် သဘော တရားများအားလုံး ပါဝင်ပါသည်။ အဆိုပါ အင်စတီကျူးရှင်းမှ ထွက်ပေါ်လာသော ဥပဒေသိပ္ပံပညာသည် ထိုကျယ်ပြန့်သော သဘောတရားများအား အမြင်ဖွင့်ရောင်ပြန်ဟပ်စေပါသည်။

ဤစာချုပ်တွင် ရောမစည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များ ပါဝင်ရာ လက်တွေ့အသုံးပြုသူများအနေဖြင့် အထူးခုံရုံးနှင့် ပေါင်းစပ်ထားသောခုံရုံးများ၏ ဥပဒေသိပ္ပံပညာ၏ အရေးပါမှုကို အသုံးပြုနိုင်သော သဘောတရားများအဖြစ် မှတ်သားထားရပါမည်။ အဘယ်ကြောင့်ဆိုသော် ရောမစည်းမျဉ်းဥပဒေ ပါပြဋ္ဌာန်းချက်အများစုကို တရားစွဲဆိုရာတွင် (သို့) ဖြေရှင်းရာတွင်အသုံးပြုထားခြင်းမရှိသေးပါ။ ဤနေရာတွင် အထူးခုံရုံးနှင့် ပေါင်းစပ်ထားသော ခုံရုံးများ၏ ဥပဒေသိပ္ပံပညာသည် ဖြစ်နိုင်ချေရှိသော လမ်းညွှန်မှုကိုသာ ဖော်ပြနိုင်ပါသည်။ ပြစ်မှုကျူးလွန်မှုများ၏ အဓိပ္ပါယ်သတ်မှတ်ချက်များ နှင့် ပါဝင်သော လက္ခဏာ ရပ်များသည် အဆိုပါပြစ်မှုများကို စုံစမ်းစစ်ဆေးသည့် တရားစွဲဆိုထားသည့် တရားစီရင်မှုနယ်မြေအရ ပြောင်းလဲနိုင်ပါသည်။ ရောမစည်းမျဉ်းဥပဒေကို လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လိင်အကြမ်းဖက်မှုအပေါ် အဓိပ္ပါယ်ဖွင့်ဆိုထားသော အဆိုပါဥပဒေပါ သတ်မှတ်ချက်ကို ပြည်တွင်းဥပဒေ တွင်ထည့်သွင်းကြသော်လည်း နိုင်ငံအများစုအနေဖြင့် ထိုသို့ မလုပ်ဆောင်ရသေးပါ။ လိင်အကြမ်းဖက်မှု ပြစ်မှုများကို မှတ်တမ်းတင်သည့် လက်တွေ့ဆောင်ရွက်သူများသည် ရောမစည်းမျဉ်းဥပဒေ က ဖော်ပြသော ပြစ်မှု အင်္ဂါရပ်များနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နေရာရှိ ဥပဒေမူဘောင်၏ အင်္ဂါရပ်များနှင့် ရင်းနှီးကျွမ်းဝင်ရပြီး အထူးခုံရုံးနှင့် ပေါင်းစပ်ခုံရုံးများ၏ တရားစီရင်မှုကိုလည်း စိတ်တွင်မှတ်သားထားရပါမည်။[၅]

၂ ICTYနှင့် ICTRတို့၏ စည်းမျဉ်းဥပဒေများအရ လက်တွေ့ကျူးလွန်မှုနှင့် လက်နက်ကိုင် ပဋိပက္ခတို့ကြားတွင် ဆက်စပ်မှုရှိရပါမည်။

၃ လိင်အကြမ်းဖက်မှုပြစ်မှုများကို ညှင်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်မှုနှင့် နှိပ်စက်ဖိနှိပ်ခြင်းအဖြစ် ကောင်းမွန်စွာ ပြုစုထားသော ဥပဒေ သိပ္ပံပညာအရ တရားစွဲဆိုနိုင်ပါသည်။ (ယင်းကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုဥပဒေအရ စစ်ကို အကြောင်းပြု၍ ကျူးလွန်မှု (သို့) လူသားချင်း စာနာမှုကင်းမဲ့စွာကျူးလွန်မှုအဖြစ် စုံစမ်းစစ်ဆေး၊ တရားစွဲဆိုနိုင်ပါသည်။) အချို့သော ပြည်တွင်းတရားစီရင်မှု နယ်နမိတ်များတွင် ညှင်းပမ်း နှိပ်စက်မှုကို သီးခြားပြစ်မှုအဖြစ် စုံစမ်းစစ်ဆေး၊ တရားစွဲဆိုနိုင်ပါသည်။

၄ ဤProtocolတွင် အဆိုပါအဖွဲ့အစည်းများကို "အထူးခုံရုံးများနှင့် hybrid" ခုံရုံးများအဖြစ် ရည်ညွှန်းပါသည်။

၅ Evidence Workbook(နောက်ဆက်တွဲ၁ကိုရှုပါ)တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း ရောမစည်းမျဉ်းဥပဒေက အဓိပ္ပါယ်ဖွင့်ဆို သတ် မှတ်ထားသည့် ပြစ်မှုအင်္ဂါရပ်များကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် လိင်အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် ပြည့်စုံသော သတင်းအချက်အလက်များ စုဆောင်းရန်အတွက် အသုံးဝင်သောစာရင်း (checklist)အဖြစ် အသုံးပြုနိုင်ပါသည်။ လက်တွေ့လုပ်ကိုင်ဆောင် ရွက်သူများအနေဖြင့် မည်သည့်သတင်းအချက်အလက်ကို မည်သည့်အတွက်ကြောင့် လိုအပ်သည်ကို စိတ်တွင်သိရှိလျက် ၎င်းတို့၏ စုံစမ်း စစ်ဆေးမှု၏ ဂုဏ်သိက္ခာနှင့် အကျိုးသက်ရောက်မှု၊ ထိရောက်မှုကိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည်။ လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေသူများ လုပ်ဆောင်နေသည့် တရားစီရင်မှုနယ်ပယ်တွင် အသုံးပြုနိုင်သော ပြစ်မှုအင်္ဂါရပ်များကိုလည်း လမ်းညွှန်မှုအဖြစ် ရည် ညွှန်းသုံးစွဲနိုင်ပါသည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်"evidence workbook"ကို (Evidence Workbook၏ မော်ဒယ်လ်အပေါ်အခြေပြုကာ) ရည်ညွှန်းစာအုပ်အဖြစ် ပြုစုကာ သတင်းအချက်အလက်ကောက်ယူမှုလုပ်ငန်းစဉ်တွင် ကွာဟ မှုများ မရှိရလေအောင် ဆောင်ရွက်ရပါမည်။

## ၂.၂. လိင်အကြမ်းဖက်မှု ပြစ်မှုများအား အထွေထွေအဓိပ္ပါယ်သတ်မှတ်ချက်များ

**နောက်ဆက်တွဲ ၁** တွင် အသေး စိတ်ဖော်ပြထားသည့်အတိုင်းပင် မှုဒိမ်း နှင့် လိင်အကြမ်းဖက်မှုတစ်ခုချင်းကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုမြောက်စေရန်အလို့ငှာ လက်တွေ့လုပ်ဆောင်နေသူများအနေဖြင့် အင်္ဂါရပ်သုံးခုကို သက်သေပြသမည့် အချက်အလက်များအဖြစ် ရှာဖွေတွေ့ရှိရန် လိုအပ်ပါသည်။

- တိကျသေချာသော အင်္ဂါရပ်များ (မည်သည့်ကျူးလွန်မှုကိုမဆို လုပ်ဆောင်ခဲ့သည်ကို ဖော်ပြသည့် အချက်အလက်)
- **နောက်ခံအခြေအနေနှင့် ဆက်စပ်နေသည့်အင်္ဂါရပ်များ**[6] (ကျူးလွန်မှုဆောင်ရွက်ခဲ့သည့် အခြေအနေ များကို ဖော်ပြသည့်အချက်အလက်နှင့် အဆိုပါကျူးလွန်မှုကို စစ်ကိုအကြောင်းပြု၍ ကျူးလွန်မှုသည် ပြစ်မှု၊ လူသားချင်းမစာမနာ ကျူးလွန်သည့်ပြစ်မှု (သို့) မျိုးတုန်းသတ်ဖြတ်မှုဟူ၍ အဆင့်သတ်မှတ် တိုးမြှင့်နိုင်မည့် အချက်အလက်) နှင့်
- **ဆက်စပ်နေသော အင်္ဂါရပ်များ**[7] (စွပ်စွဲခံရသူတစ်ဦးနှင့် အထက်သည် အပြည်ပြည်ဆိုင်ရာ ပြစ်မှုမြောက် အောင် မည်သို့ကျူးလွန်ခဲ့သည်ကို ဖော်ပြပေးမည့် အချက်အလက်) လိင်အကြမ်းဖက်မှု ပြစ်မှုများ (သို့ အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ အခြားသော ပြစ်မှုများ) ကျူးလွန်နိုင်ပုံနှင့် အဆိုပါပြစ်မှုများ ကျူးလွန်မှုများအတွက် မည်သူတစ်ဦးတစ်ယောက်တွင် တာဝန်ရှိသည်တို့ကို သက်သေ သာဓကနှင့် ထင်ထင်ရှားရှား ပြသရာတွင် လိုအပ်ပြီး ပြည့်စုံသည့် အချက်အလက်များ အပိုင်း က၊ ခ နှင့် ဂ တို့တွင် အဆိုပါ အချက်အလက်သုံးမျိုးကို ထည့်သွင်းနိုင်ပါသည်။ နောင်လာမည့်အပိုင်းများတွင် လိင်အကြမ်း ဖက်မှု ပြစ်မှုများအား လက်တွေ့ဆောင်ရွက်သူ တစ်ဦးတစ်ယောက်က စုံစမ်းစစ်ဆေးရာတွင် အဆင့် သုံးခုရှိသည့်အနက် အဆင့်တစ်ဆင့်ချင်းစီတွင် လိုအပ်သည်များကို ဖော်ပြသွားပါမည်။ အဆိုပါ အင်္ဂါရပ် များကို ဖြည့်ဆည်းပေးသည့် လူသက်သေများအား မေးမြန်းရမည့် မေးခွန်း နမူနာများနှင့် သက်သေ ခံချက်၊ အမှတ်အသား သက်သေခံချက်နှင့် ဓာတ်ပုံ/ ရုပ်မြင်သက်သေ အထောက်အထားများ အားလုံးကို သက်သေခံချက် Workbook (**နောက်ဆက်တွဲ - ၁**) တွင် ဖော်ပြထားပါသည်။

## ၂.၃ အပိုင်း က : လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ တဆင့် ကျူးလွန်သော လိင်အကြမ်းဖက်မှုများ (သို့) ပြစ်မှုများ : ဘာဖြစ်တာလဲ?

လိင်အကြမ်းဖက်မှုကို စစ်ကိုအကြောင်းပြုကာ ကျူးလွန်သည့်ပြစ်မှု၊ လူသားချင်း မစာမနာ ကျူးလွန်သည့် ပြစ်မှုနှင့်/ သို့ မျိုးတုန်းသတ်ဖြတ်မှုအဖြစ် သတ်မှတ်ကာ ယင်းအတွက် ပြစ်မှုကျူးလွန်သူတစ်ဦးချင်း၏ တာဝန်ယူမှုကို အချက်အလက်ပေါ် မူတည်ကာ လိင်အကြမ်းဖက်မှု အစိတ်အပိုင်းပါဝင်သည့် ပြစ်မှုများမှ တဆင့်၊ လိင်အကြမ်းဖက်မှု အစိတ်အပိုင်းပါဝင်ခြင်းမရှိသည့် ပြစ်မှုများမှတဆင့် ချိတ်ဆက်နိုင်ပါသည်။

လိင်အကြမ်းဖက်မှု အပြုအမူအပေါ် အခြေတည်နိုင်သည့် ပြစ်မှုအမျိုးအစား နမူနာအချို့ကို အောက်တွင် ဖော်ပြထားပါသည်။ ဤစာချုပ်တွင်ရေတွက်ဖော်ပြထားသော ပြစ်မှုများ၏ နမူနာစာရင်းများတွင် လိင် အကြမ်းဖက်မှု အစိတ်အပိုင်းများ ပြည့်ပြည့်စုံစုံ ပါဝင်သည့် ပြစ်မှုများနှင့် ပြစ်မှု၏ လိင်ပိုင်းဆိုင်ရာ သဘော သဘာဝကို ပြည့်ပြည့်စုံစုံ ညွှန်းခြင်းမရှိသော်လည်း လိင်အကြမ်းဖက်မှုနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု ပါဝင်သည့် အပြုအမူများနှင့် သက်ဆိုင်သည့် ပြစ်မှုနမူနာအချို့တို့ပါဝင်ပါသ ည်။ ရောမစည်းမျဉ်းဥပဒေတွင် လိင်ပိုင်းဆိုင်ရာ (သို့) လိင်နှင့်မသက်ဆိုင်သည့် အပြုအမူများပါဝင်သည့် အခြားပြစ်မှုများကို ရှည် သွားမည်စိုး၍ယခုမဖော်ပြတော့ပါ။

ရောမစည်းမျဉ်းဥပဒေတွင် မပါဝင်သည့် လိင်အကြမ်းဖက်မှု အပြုအမူပေါ် အခြေတည်ထားသည့် အခြားသော ပြစ်မှုများလည်းရှိပြီး အချို့ပြစ်မှုများကို နိုင်ငံတကာက စစ်ဆေးဆုံးဖြတ်ပေးပါ သည်။ ဥပမာ SCSL တွင် အတင်းအဓမ္မ လက်ထပ်ပေးခြင်း ပြစ်မှုများကို လူသားချင်းစာနာသော အပြုအမူ (လူသားချင်း မစာနာမှု ပြစ်မှုအဖြစ်)[8]စွပ်စွဲချက်များရှိနေပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေအရ လိင်အကြမ်းဖက်မှု အပြုအမူပါဝင်သည့် ပြစ်မှုများ၊ ဥပမာ အဓမ္မပြုခြင်း (သို့) အတင်းအဓမ္မ အပျော် မယ်လုပ်စေခြင်းတို့ဖြစ်ပြီး ညှင်းပမ်းနှိပ်စက်မှုကဲ့သို့သော လိင်ပိုင်းဆိုင်ရာ (သို့) လိင် ပိုင်းဆိုင်ရာမဟုတ်သော အပြုအမူပါဝင်သည့် ပြစ်မှုများလည်းရှိနိုင်ပါသည်။ အဆိုပါ ပြစ်မှုနှစ်မျိုးစလုံး ဥပမာ များဖြင့် ဖော်ပြထားပါသည်။

လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှုများအနေဖြင့် ၎င်းတို့မှတ်တမ်းတင်၊ စုံစမ်းစစ်ဆေးမည့် ပြစ်မှုအမျိုး အစားကို သတ်မှတ်ရာတွင်

၆ အတွေ့ရများသည့် အင်္ဂါရပ်များအဖြစ် မကြာခဏဆိုသလို ရည်ညွှန်းပါသည်။

၇ "တာဝန်ယူမှုပုံစံ"ဟုလည်း ခေါ်ပါသည်။

၈ ရောမစည်းမျဉ်းဥပဒေအရ အဓမ္မလက်ထပ်စေခြင်း (သို့) အဓမ္မအိမ်ထောင်ပြုစေခြင်းကို လူမဆန်သော အပြုအမူအဖြစ် (သို့) အခြားသော လိင်အကြမ်းဖက်မှုပုံစံများအဖြစ် တရားစွဲဆိုနိုင်ပါသည်။

လိင်အကြမ်းဖက်မှု အပြုအမူများပါဝင်သည့် ပြစ်မှုများကိုသာ မှတ်တမ်း တင်မည်ဟု ကန့်သတ်ထားလေ့မရှိပါ။ အကယ်၍ အချက်အလက်များက ပံ့ပိုးထောက်ကူပေးပါက လိင် အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် ပြစ်မှုများနှင့် အခြားပြစ်မှုများအောက်ရှိ လိင်အကြမ်းဖက်မှု အပြုအမူကို မှတ်တမ်းတင် စစ်ဆေးမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လိင်အကြမ်းဖက်မှု အပြုအမူအတွက် တာဝန်ယူမှုကို တိုးမြှင့်ပေးရာရောက်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ပြစ်မှုအဖြစ် သတ်မှတ်ကာ ယင်း အပြုအမူသည် အခြားသော ပြစ်မှုဆိုင်ရာအကြမ်းဖက်မှု ပုံစံတစ်မျိုးဟု မှတ်ယူပါမည်။ အဆိုပါ အပြုအမူ သည် ရက်စက်ကြမ်းကြုတ်မှု နောက်ခံအခြေအနေတွင် ကျူးလွန်သော အခြားပြစ်မှုများနှင့် ခြားနားမှုမရှိပါ။ ထိုသို့ထိခိုက်နစ်နာစေရန် လုပ်ဆောင်မှု သဘောသဘာဝကို တိတိကျကျ ထင်ဟပ်စေပြီး ဆုံးဖြတ်အရေးယူ ပေးနိုင်ရန်လည်း ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

ရောမပြဋ္ဌာန်းဥပဒေသည် စစ်ကိုအကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှုများ၊ လူသားချင်း မစာနာသည့် ပြစ်မှုများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများပါဝင်သည့် လိင်အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများကို စာရင်းပြုစုထားပါသည်။ ယင်းတွင် လိင်ပိုင်းဆိုင်ရာနှင့်ပတ်သက် ဆက်နွယ်သည့် ပြစ်မှုများပါဝင်ပြီး စစ်ကို အကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှုများနှင့် လူသားချင်း မစာနာသည့် ပြစ်မှုများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအဖြစ် သတ်မှတ်နိုင်သည့် ပြစ်မှုများပါဝင်ပါသည်။ လိင်အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် အကြောင်းအချက်များကို အခြေခံကာ စုံစမ်းစစ်ဆေးပြီး စွဲချက်တင်နိုင်ပါသည်။

လိင်အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာမဟုတ်သော အကြမ်းဖက်မှု အပြုအမူ နှစ်မျိုးစလုံးနှင့် သက်ဆိုင်မည့် လိင်အကြမ်းဖက်မှုပြစ်မှုနှင့် အချို့သောပြစ်မှုများကို (**နောက်ဆက်တွဲ ၁ ကိုရှု**) တွင် အင်္ဂါရပ်နှင့်တကွဖော်ပြထားပါသည်။ ရောမပြဋ္ဌာန်းဥပဒေတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ ပြစ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် စုစည်းထားပြီး ၎င်းတို့၏ အင်္ဂါရပ်များကို ဖော်ပြထားပါသည်။ ၎င်းတို့ကို ပြစ်မှုဆိုင်ရာ ICC အင်္ဂါရပ်များတွင် တွေ့မြင်နိုင်ပါသည်။ ထို့အပြင် အထူးတရားရုံးများနှင့် ပေါင်းစပ် တရားရုံးများတွင် ပြစ်မှုအင်္ဂါရပ်များနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းဥပဒေများနှင့် ပြည်တွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးများသည် လည်း အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များနှင့် အဓိပ္ပါယ်သတ်မှတ်ချက်များအတွက် နောက်ထပ် ရင်းမြစ်များ ဖြစ်နိုင်ပါသည်။ လိင်အကြမ်းဖက်မှုများအတွက် အသုံးပြုနိုင်သည့် ရောမပြဋ္ဌာန်းဥပဒေတွင် ဖော်ပြ ထားသော ပြစ်မှုအချို့ကို အောက်တွင် ဖော်ပြထားပါသည်။

## စစ်ကိုအကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှုများ (အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခ) (ပုဒ်မ ၈.၂(ခ)) လိင်အကြမ်းဖက်မှုပြစ်မှုများ

- မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာကျေးကျွန်ပြုခြင်း၊ အတင်းဓမ္မ အပျော်မယ်လုပ်စေခြင်း၊ အတင်းအဓမ္မ ကိုယ်ဝန် ရှိစေခြင်း၊ အတင်းအဓမ္မသားကြောဖြတ်ခြင်း (သို့) အခြားသော လိင်အကြမ်းဖက်မှုပုံစံ တစ်ခုခုကို ကျူးလွန်ခြင်း လိင်ပိုင်းဆိုင်ရာ သဘောသဘာဝပါရှိသည့် ပြစ်မှုကျူးလွန်မှုပါဝင်သည့် အခြားပြစ်မှုများ[၉]
- တစ်ဘက်ဆန့်ကျင်သောအဖွဲ့တွင် အာဏာရှိနေသူများအား ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်အင်္ဂါချို့တဲ့ ပြတ်တောက်စေခြင်း (သို့) သက်ဆိုင်ရာ ပုဂ္ဂိုလ်က ဆေးပညာအရ၊ သွားဘက်ဆိုင်ရာအရ (သို့) ဆေးရုံတွင် ဆေးကုသမှုအရ အကြောင်းကျိုးဆီလျော်မှုမရှိသည့် အဆိုပါ ပုဂ္ဂိုလ်၏ အကျိုးကျေးဇူး အတွက် ဆောင်ရွက်မှုမဟုတ်သည့် ဆေးပညာရပ်ဆိုင်ရာ (သို့) သိပ္ပံနည်းကျ စမ်းသပ်မှုများနှင့် ထိုသို့ ပြုလုပ်ခြင်းကြောင့် အဆိုပါပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို ဆိုးဆိုးဝါးဝါးထိခိုက်စေခြင်း၊ သေဆုံးစေခြင်း။[၁၀]
- ရန်ဘက်အဖွဲ့မှ နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လုပ်ဆောင်မှုများကို တရားရုံးတွင် ဖျက်သိမ်းရန် ယာယီရပ်ဆိုင်းရန် (သို့) ခွင့်မပြုရန် ကြေညာခြင်း။[၁၁]
- လူသားချင်းစာနာထောက်ထားမှု မရှိခြင်းနှင့် သိက္ခာချဆက်ဆံခြင်းတို့ကဲ့သို့သော ပုဂ္ဂလိက ဂုဏ်သိက္ခာ အပေါ် နာကြည်းမှုများ ယမ်းပုံမီးကျဖြစ်ခြင်း။[၁၂]

၉ "အဓမ္မကိုယ်ဝန်ရှိစေခြင်း"ဆိုသည်မှာ လူမျိုးစုတစ်ခုခု၏ အနေအထားအပေါ်သက်ရောက်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးတစ်ဦးအား တရားမဝင်ပိတ်လှောင်ကာ ကိုယ်ဝန်ရှိစေရန် အဓမ္မလုပ်ဆောင်ခြင်း (သို့) အခြားသောဆိုးရွားသည့် အပြည်ပြည်ဆိုင်ရာဥပဒေ ချိုးဖောက်မှု များကို ဆိုလိုသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကိုယ်ဝန်ဆောင်မှုနှင့် ဆက်စပ်နေသည်။ မည်သည့်ပြည်တွင်းဥပဒေများနှင့်မှ သက်ဆိုင်မှု မရှိစေရ။

၁၀ ဥပမာ ပြည်သူများအား ထိန်းသိမ်းခြင်းနှင့် ယင်းတို့အပေါ်စမ်းသပ်မှုများပြုလုပ်ခြင်း - လိင်အင်္ဂါကို ထိခိုက်စေခြင်း (သို့) အဓမ္မကိုယ်တုံးလုံး ချွတ်စေခြင်းနှင့် ရေနွေးကို ၎င်းတို့ကိုယ်ပေါ်သို့ လောင်းချကာ အပူလောင်ရန် အချိန်မည်မျှကြာသည်ကို သိရှိလိုသဖြင့် စမ်းသပ်ခြင်းတို့ပါဝင် ပါသည်။

၁၁ လိင်အကြမ်းဖက်မှုတွင် ကိုယ်ဝန်ဖျက်ချမှုရလဒ်ကို ကြေညာခွင့်ရှိသည့်အခြေအနေမျိုးတွင် ကျူးလွန်သူက (မိမိ၏ အာဏာကိုသုံးကာ) မိမိနှင့် မတည့်သော တဖက်အဖွဲ့မှ အမျိုးသမီးများကို အဓမ္မကိုယ်ဝန်ဖျက်ချစေခြင်း။

၁၂ ဤပြဋ္ဌာန်းချက်များကို လိင်အကြမ်းဖက်မှုနှင့် လိင်အကြမ်းဖက်မှုမဟုတ်သော အခြားပြစ်မှုအတွက်လည်း အသုံးပြုနိုင်ပါသည်။ ဥပမာ အကျဉ်း ကျခံနေရသူကို အဓမ္မပြုကာ ပြစ်မှုကျူးလွန်သူ (သို့) အခြားတစ်ယောက်၏ လိင်အင်္ဂါကိုလျက်စေခြင်း (သို့) ဖိနပ်ကိုလျက်စေခြင်းဖြင့် သိက္ခာ ကျစေခြင်းနှင့် လူသားချင်း ထောက်ထားစာနာမှုကင်းမဲ့စွာဖြင့် ဆက်ဆံခြင်း။ ဤပြဋ္ဌာန်းချက်ကို လိင်အကြမ်းဖက်မှုအားလုံးအတွက် ယေဘုယျ အားဖြင့် အသုံးပြုလေ့ရှိသော်လည်း လူ့ဂုဏ်သိက္ခာနှင့်စပ်လျဉ်းပြီး ဒေါသထွက်နာကြည်းစရာဖြစ်သော်လည်း ညှဉ်းပမ်းနှိပ်စက်မှုနှင့် ရက်ရက် စက်စက်ပြုမူမှုတို့ပါဝင်သည့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင် ရာ ထိခိုက်စေသော အကြမ်းဖက်မှုဖြစ်သောကြောင့် ကျားမဥပဒေသိပ္ပံပညာက လိင် အကြမ်းဖက်မှုကြောင့်ဖြစ်သည့် ထိခိုက်မှုကို တိတိကျကျထင်ဟပ်ဖော်ပြရန် အားပေးထားသည်။

- အသက် ၁၅ နှစ်အောက် ကလေးငယ်များအား အမျိုးသားလက်နက်ကိုင်အဖွဲ့သို့ မဂင်မနေရ စစ်မှုထမ်း စေခြင်း (သို့) ၎င်းတို့ကို စစ်မက်ဖြစ်ပွားရာတွင် တက်တက်ကြွကြွ ပါဂင်လာစေရန် အသုံးပြုခြင်း။[၃၃]

## စစ်ကိုအကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှုများ (ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခ) (ပုဒ်မ ၈.၂(ဂ)-(င)) လိင်အကြမ်းဖက်မှုပြစ်မှုများ

- မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာကျေးကျွန်ပြုခြင်း၊ အတင်းဓမ္မ အပျော်မယ်လုပ်စေခြင်း၊ အတင်းအဓမ္မ ကိုယ်ဂန် ရှိစေခြင်း၊ အတင်းအဓမ္မသားကြောဖြတ်ခြင်း (သို့) အခြားသော လိင်အကြမ်းဖက်မှုပုံစံ တစ်ခုခုကို ကျူးလွန်ခြင်းတို့သည် ပုဒ်မ ၃ ကို လွန်လွန်ကျူးကျူး ဖောက်ဖျက်ရာရောက်ပြီး ယင်းပုဒ်မသည် ဂျနီဗာ ကွန်ဗင်းရှင်းလေးခုတွင် ပါဂင်နေကြဖြစ်ပါသည်။

လိင်ပိုင်းဆိုင်ရာ သဘောသဘာဂရှိသည့် ပြစ်မှု အပြုအမူမျိုးပါဂင်သည့် အခြားသော ပြစ်မှုများ

- သတ်ဖြတ်မှုပုံစံမျိုးစုံ၊ ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း၊ ရက်ရက်စက်စက်ဆက်ဆံခြင်းနှင့် နှိပ်စက်ခြင်း စသည့် အသက်နှင့်လူကို အကြမ်းဖက်ခြင်း။
- လူသားချင်းစာနာ ထောက်ထားမှု မရှိခြင်းနှင့် သိက္ခာချ ဆက်ဆံခြင်းတို့ကဲ့သို့သောပုဂ္ဂလိက ဂုဏ်သိက္ခာအပေါ် နာကြည်းမှုများ ယမ်းပုံမီးကျဖြစ်ခြင်း။
- အသက် ၁၅ နှစ်အောက် ကလေးများအား အမျိုးသားလက်နက်ကိုင်အဖွဲ့သို့ မဂင်မနေရ စစ်မှုထမ်းစေ ခြင်း (သို့) ၎င်းတို့ကို စစ်မက်ဖြစ်ပွားရာတွင် တက်တက်ကြွကြွ ပါဂင်လာစေရန် အသုံးပြုခြင်း။
- တစ်ဘက်ဆန့်ကျင်သောအဖွဲ့တွင် အာဏာရှိနေသူများအား ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်အင်္ဂါချို့တဲ့ ပြတ်တောက်စေခြင်း (သို့) သက်ဆိုင်ရာ ပုဂ္ဂိုလ်က ဆေးပညာအရ၊ သွားဘက်ဆိုင်ရာအရ (သို့) ဆေးရုံတွင် ဆေးကုသမှုအရ အကြောင်းကျိုးဆီလျော်မှုမရှိသည့် အဆိုပါ ပုဂ္ဂိုလ်၏ အကျိုးကျေးဇူး အတွက် ဆောင်ရွက်မှုမဟုတ်သည့် ဆေးပညာရပ်ဆိုင်ရာ (သို့) သိပ္ပံနည်းကျ စမ်းသပ်မှုများနှင့် ထိုသို့ ပြုလုပ်ခြင်းကြောင့် အဆိုပါပုဂ္ဂိုလ်များ၏ကျန်းမာရေးကို ဆိုးဆိုးဂါးဂါးထိခိုက်စေခြင်း၊ သေဆုံးစေခြင်း။

## လူသားချင်းစာနာမှုမရှိသည့် ပြစ်မှုများ (ပုဒ်မ ၇)

- အရပ်ဘက်ပြည်သူများအား ဦးတည်သော နေရာအနှံ့ဖြစ်ပွားသည့် (သို့) စနစ်တကျစီစဉ်ထားသည့် တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အောက်ပါ လုပ်ဆောင်မှုများကို သိလျက်နှင့် လုပ်ဆောင်ခြင်း။

လိင်ပိုင်းဆိုင်ရာ အပြုအမူပါဂင်သည့် အခြားသော ပြစ်မှုများမှာ အောက်ပါတို့ဖြစ်ပါသည်။

- လူသတ်မှု[၁၄]
- မျိုးဖြုတ်သတ်ဖြတ်ခြင်း[၁၅]
- အပြည်ပြည်ဆိုင်ရာ ဥပဒေပါ အခြေခံစည်းမျဉ်းများကို ချိုးဖောက်ရာရောက်သည့် ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို ဆိုးဆိုးရွားရွား ထိခိုက်စေမှုများနှင့် အကျဉ်းချထားခြင်း[၁၆]
- ညှဉ်းပန်းနှိပ်စက်ခြင်း
- ပုဒ်မ ၇ စာပိုဒ် ၃ တွင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းပြထားသည့် နိုင်ငံရေး၊ လူမျိုးရေး၊ အမျိုးသားရေး၊ လူမျိုးစု၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ကျားမဖြစ်မှု စသည်တို့အပေါ် (သို့) အုပ်စုတစ်ခုခုအပေါ် ဖိနှိပ်ခြင်း (သို့) ICC ၏ တရားစီရင်ရေးနယ်ပယ်အတွင်းရှိ ပြစ်မှု (သို့) ဤစာပိုဒ်ပါ ရည်ညွှန်းထား သည့် အပြုအမူနှင့် ချိတ်ဆက်ကာ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တစ်ကမ္ဘာလုံးတွင် လက်မခံနိုင်စရာဟု သတ်မှတ်ထားသည့် အခြေအနေများ

၁၃ ကလေးငယ်များအား ရန်လိုသည့်အနေအထားများတွင် ပါဂင်စေရန် အသုံးချသည်ဟုဆိုရာ၌ ဥပမာ လိင်အကြမ်းဖက်မှု အပြုအမူများ ကျူး လွန်ရန် ကလေးငယ်များအားဖိအားပေးခြင်း၊ အခြားသောအကြမ်းဖက်မှုများကျူးလွန်ချင်သည့်ဆန္ဒဖြစ်ပေါ်လာစေချင်သည့် ရည်ရွယ်ချက်ဖြင့် လိင်အကြမ်းဖက်မှုတွင် မဖြစ်မနေပါဂင်စေခြင်းတို့ ဆိုလိုပါသည်။ ယင်းတွင်ကလေးစစ်သားများအား အကြိမ်ကြိမ်အခါခါလိင်အကြမ်းဖက်ခံရ စေပြီး ၎င်းတို့က အဆိုပါလိင်အကြမ်းဖက်နှိပ်စက်မှုကို ရပ်ရွာပြည်သူများအပေါ် ထပ်ဆင့်ကျူးလွန်ခြင်းလည်း ပါဂင်ပါသည်။

၁၄ ဥပမာ အုပ်စုဖွဲ့အဓမ္မကျင့်ခြင်းသည် သေဆုံးမှုကို ဖြစ်စေသည်။

၁၅ ဥပမာပြည်သူများကို စုစည်းခြင်း၊ အကျဉ်းချခြင်း၊ အဂတ်အစားများချွတ်ခြင်း၊ လိင်အင်္ဂါအနီးတပိုက်နှင့် အခြားနေရာများကို ရိုက်နှက်ကာ သေဆုံးစေခြင်းတို့ကို ပြည်သူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၏ တစိတ်တပိုင်းအဖြစ်မှတ်ယူခြင်း။

၁၆ ဥပမာ ပြည်သူများအားလိင်ပိုင်းအရ (သို့) လိင်ပိုင်းမဟုတ်သည့် ကျွန်ပြုမှုပုံစံများနှင့် နှိပ်စက်မှုများရှိနေသည့် အကျဉ်းစခန်းများ

- လူပုဂ္ဂိုလ်များအား အတင်းအကြပ်ပျောက်ကွယ်စေခြင်း[၁၇]
- လူမျိုးရေးခွဲခြားမှုနှင့် စပ်လျဉ်းသည့်ပြစ်မှု[၁၈]
- ခန္ဓာကိုယ် (သို့) စိတ်ပိုင်းဆိုင်ရာ (သို့) ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေခြင်း (သို့) ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်သည့် တူညီသော လူမဆန်သည့် လုပ်ဆောင်မှုများ

## လူသားမျိုးနွယ် မျိုးတုန်းသတ်ဖြတ်မှု (ပုဒ်မ ၆)

လူမျိုးကြီးအုပ်စုတစ်ခု၊ တိုင်းရင်းသားလူမျိုးစုတစ်ခု (သို့) ဘာသာရေးအုပ်စုတစ်ခုကို တစ်စိတ်တစ်ပိုင်း (သို့) တစ်ခုလုံး ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် အောက်ပါတို့ကို ကျူးလွန်ခြင်း[၁၉]

- အဆိုပါ အုပ်စုဝင်များအား သတ်ဖြတ်ခြင်း
- အဆိုပါ အုပ်စုဝင်များအား ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ဆိုးဆိုးဂါးဂါး ထိခိုက်စေခြင်း
- သက်ဆိုင်ရာ အဖွဲ့၏ ဘဝအနေအထားအပေါ် ရုပ်ပိုင်းဆိုင်ရာ တစ်စိတ်တစ်ပိုင်း (သို့) တစ်ခုလုံး ပျက်ဆီးစေရန် တမင်တကာ ရည်ရွယ်ပြီးလုပ်ဆောင်ခြင်း
- အုပ်စုတစ်ခုအတွင်း မွေးဖွားမှုများကို တားဆီးရန်အလို့ငှာ အစီအမံများ ချမှတ်ခြင်း
- အုပ်စုတစ်ခုမှ ကလေးများကို အခြားအုပ်စုသို့ အဓမ္မလွှဲပြောင်းပေးခြင်း

### ညှဉ်းပမ်းနှိပ်စက်မှုကို သီးခြားပြစ်မှုအဖြစ် သတ်မှတ်ခြင်း

အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် လိင်အကြမ်းဖက်မှုကို စစ်ကိုအကြောင်းပြု၍ ပြစ်မှု (သို့) လူသားချင်း စာနာမှုကင်းမဲ့သည့် ပြစ်မှုအဖြစ် သတ်မှတ်ကာ တရားစွဲဆိုပါသည်။ သို့သော် ပြည်တွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးများသည် ညှဉ်းပန်းနှိပ်စက်မှုကို ၎င်းတို့၏ သီးခြားပြစ်မှုတစ်ခုအဖြစ် သတ်မှတ်ပြီး စစ်ကိုအကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှု (သို့) လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှု (သို့) လူသားမျိုးတုန်းသတ်ဖြတ်မှုအဖြစ် သတ်မှတ်ခြင်းမရှိပါ။ သက်ဆိုင်ရာ တရားစီရင်မှုနယ်ပယ်များတွင် လက် တွေ့လုပ်ကိုင်ဆောင်ရွက်သူများသည် လိင်အကြမ်းဖက်မှုကို ညှင်းပန်းနှိပ်စက်မှု ပြစ်မှုအဖြစ် သတ်မှတ်ကာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းကို ပြုလုပ်ကြပါသည်။ ထိုသို့ဆောင်ရွက်ရန် ၎င်းတို့အနေဖြင့် ပြည်တွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးတွင် ဖော်ပြထားသည့် ညှင်းပန်းနှိပ်စက်မှု၏ အင်္ဂါရပ်များနှင့် ရင်းနှီး ကျွမ်းဝင်ရန် လိုအပ်ပါသည်။

## အခြားပြစ်မှုများ

SCSL ပြဋ္ဌာန်းဥပဒေနှင့် ရောမ ပြဋ္ဌာန်းဥပဒေနှစ်ခုစလုံးသည် "အခြားသော လူမဆန်သည့် အပြုအမူများ"နှင့် စပ်လျဉ်းသည့် လူမဆန်သည့်ပြစ်မှုများကို ဖော်ပြထားပါသည်။ အဆိုပါ ပြစ်မှုသည် အသေးစိတ်တိတိကျကျ ဖော်ပြထားခြင်းမရှိသော အခြားပြစ်မှုဆိုင်ရာ အပြုအမူများအတွက် ဆက်စပ်နေသည့်အကြွင်းအကျန် (သို့) ဟိုစပ်စပ်ဒီစပ်စပ်အဖြစ် ကိုယ်စားပြုထားပါသည်။ SCSLတွင် အဆိုပါ ပြစ်မှုကို အဓမ္မလက်ထပ် ထိမ်းမြားခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့အတွက် အခြေခံအဖြစ် သတ်မှတ်ထားပါသည်။ "အခြားသော လူမဆန် သည့်အပြုအမူများ" နှင့် စပ်လျဉ်းသည့် လူမဆန်သည့် ပြစ်မှုများတွင် အဓမ္မ လက်ထပ်စေခြင်း ၊ အဓမ္မကလေးဖျက်ချခြင်းနှင့် အဓမ္မအဖော်အချွတ်ပြုခိုင်းခြင်း. တို့ပါဝင်ပါသည်။

ပြည်တွင်းဥပဒေများကို လက်တွေ့ကျင့်သုံးဆောင်ရွက်နေသူများအနေဖြင့် လိင်အကြမ်းဖက်မှုပြစ်မှုများကို ဒေသန္တရပုံစံအရ မှတ်တမ်းတင်ရန် ကြိုးပမ်းအားထုတ်နေသောကြောင့် လက်ရှိပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာကျင့်ထုံးများတွင် အဆိုပါ ပြစ်မှုဆိုင်ရာ

၁၇ ဥပမာ အမျိုးသမီးများ (သို့) မိန်းကလေးများကို အဓမ္မခေါ်ဆောင်ခြင်းနှင့် ထိုသို့ခေါ်ဆောင်သွားစဉ်အတွင်း လိင်ပိုင်းဆိုင်ရာ ညှင်းပန်း နှိပ်စက်ခံရခြင်း။

၁၈ လူမျိုးစုတစ်ခုအခြားလူမျိုးစုတစ်ခုကို စနစ်တကျဖိနှိပ်ခြင်း၊ လွှမ်းမိုးခြင်းအသွင်ကို ဆောင်နိုင်ရန် အတည်တကျဖွဲ့စည်းထားသည့် အစိုးရစနစ် က အဓမ္မလက်ထပ်စေခြင်း။

၁၉ လိင်အကြမ်းဖက်မှုပြစ်မှုများကို လူသားမျိုးတုန်းသတ်ဖြတ်မှုများအဖြစ် သတ်မှတ်ပေးသည့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ဥပဒေသိပ္ပံမျိုး မရှိသလောက်ရှားပါးပြီး လက်ရှိရှိနေသည့် ဥပဒေသိပ္ပံကလည်း လိင်အကြမ်းဖက်မှုပြစ်မှုများကို လူသားမျိုးတုန်းသတ်ဖြတ်မှုနှင့် ချိတ်ဆက်ရာ တွင် "ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာဆိုးဆိုးရွားရွားထိခိုက်စေခြင်း"ဟူသည့် ပြဋ္ဌာန်းချက်ပါရှိပါသည်။ ဤပြဋ္ဌာန်းချက်မှတဆင့် မဟုတ် သော်လည်း စစ်ဆေးကာ တရားစွဲဆိုနိုင်ပါသည်။ ဥပမာ အမျိုးသားအကျဉ်းသားများကို ယင်းတို့၏ အုပ်စုတစ်ခုလုံး (သို့) တစိတ်တပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကလေးမွေးဖွားမှုကို တားဆီးရန် စနစ်တကျသင်းကွပ်သည့် အကျဉ်းဌာနကို မွေးဖွားမှုကို ဟန့်တားသည့် ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုနိုင်ပါသည်။

# အပိုင်း ၁

## လိင်အကြမ်းဖက်မှု



အပြုအမူများအတွက် အသုံးပြုနိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်နိုင်ပါသည်။ လက်တွေ့ကျင့်သုံးဆောင်ရွက်နေသူများအနေဖြင့် တရားမျှတမှုကို တတ်နိုင်သမျှ များများရရှိ နိုင်ရန် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် ရင်းနှီးကျွမ်းဝင်မှုရှိရပါသည်။

## ၂.၄ အပိုင်းခ : အပြည်ပြည်ဆိုင်ရာ ပြစ်မှုများ၏ နောက်ခံအကြောင်းအရာကို ဖော်ပြသော အင်္ဂါရပ်များ "(လိင်အကြမ်းဖက်မှု)" သည် မည်သည့် နောက်ခံအခြေအနေတွင် ဖြစ်ပွားသနည်း။

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လိင်အကြမ်းဖက်မှုများကို တရားစွဲဆိုရန်အလို့ငှာ လိင်အကြမ်းဖက်မှုနှင့် ဆက်စပ်နေသည့် အင်္ဂါရပ်များအပြင် အဆိုပါ ပြစ်မှုများ၏ နောက်ခံအခြေအနေအင်္ဂါရပ်များကို သက်သေ ပြသရပါမည်။ အခြေအနေကိုဖော်ပြသည့် အင်္ဂါရပ်များဆိုသည်မှာ ပြစ်မှုတစ်ခုကို စစ်ကိုအကြောင်းပြု၍ ဖြစ်ပွားမှု၊ လူသားချင်း စာနာထောက်ထားမှုကင်းမဲ့သည့် ပြစ်မှု (သို့) အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း စသည့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုများအဖြစ် အဆင့်မြှင့်တင်သတ်မှတ်ပေးသည့် အင်္ဂါရပ်များကို ဆိုလို ပါသည်။ လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်းကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုဥပဒေချိုးဖောက်မှုဖြင့် စွပ်စွဲလိုလျှင် လက်တွေ့လုပ်ကိုင် ဆောင်ရွက်သူများအဖွဲ့က ရရှိသည့် အချက်အလက်များတွင် အပြည်ပြည်ဆိုင်ရာ ပြစ်မှုမြောက်သည့် နောက်ခံအကြောင်းအချက် အင်္ဂါရပ်များကို ပံ့ပိုးထောက်ကူပေးသည့် အချက်များပါဝင်ရ ပါမည်။ (ရောမပြဋ္ဌာန်းဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့်)နောက်ခံအခြေအနေကို ဖော်ပြသော အင်္ဂါရပ် များကို အောက်တွင် အကျဉ်းဖော်ပြထားပါသည်။[၂၀] သက်သေခံချက် Workbook **(နောက်ဆက်တွဲ - ၁ ကို ရှုပါ)** တွင် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် အဆပ်ိအချကကို နိုက်ယူရန်အတွက် တွေ့ဆုံ ေ မးမြန်းစဉ်တွင် မေးမြန်းသည့် မေးခွန်းနမူနာများကို ကြည့်ရှုနိုင်သည်၊ အဆိုပါအပြည်ပြည်ဆိုင်ရာ ပြစ်မှု များ၏ ေ နာက်ခံအခြေအနေအင်္ဂါရပ်များကို သက်သေပြနိုင်သည့် သက်သေခံချက်၊ မှတ်တမ်းနှင့် ဓာတ်ပုံ အမြင်ပိုင်းဆိုင်ရာသက်သေတို့ကိုကြည့်ရှုနိုင်ပါသည်။

### (၁) စစ်ကိုအကြောင်းပြု၍ ဖြစ်ပွားသည့် လိင်အကြမ်းဖက်မှု (သို့) ဥပဒေချိုးဖောက်မှုနှင့် စစ်၏ဓလေ့ ထုံးတမ်းကို ဖော်ပြသော လိင်အကြမ်းဖက်မှု

အပြည်ပြည်ဆိုင်ရာ (သို့) အပြည်ပြည်ဆိုင်ရာ မဟုတ်သည့် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်နေသည့် ပြစ်မှုဖြစ်ပြီး ကျူးလွန်သူအနေဖြင့် လက်နက်ကိုင် ပဋိပက္ခဖြစ်စေသည့်အခြေအနေ အရပ်ရပ်ကို သိနား လည်ကာ ကျူးလွန်ခဲ့လျှင် လိင်အကြမ်းဖက်မှု အပြုအမူတွင် စစ်ကိုအကြောင်းပြု၍ ဖြစ်ပွားသည့် ပြစ်မှု (သို့) ဥပဒေချိုးဖောက်မှုနှင့် စစ်၏ဓလေ့ထုံးတမ်းတို့ပါဝင်ပါသည်။[၂၁] ရောမ ပြဋ္ဌာန်းဥပဒေသည် လိင်အကြမ်းဖက်မှု ပြစ်မှုများကို အပြည်ပြည်ဆိုင်ရာ (သို့) အပြည်ပြည်ဆိုင်ရာ မဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ဖြစ်ပွားသည့် စစ်ကိုအကြောင်းပြု၍ ဖြစ်ပေါ်သည့် ပြစ်မှုများအဖြစ် သတ်မှတ်ဖော်ပြပါသည်။ လက်နက်ကိုင် ပဋိပက္ခအတွင်း ကျူးလွန်သည့် လိင်အကြမ်းဖက်မှု ပြစ်မှုများနှင့် စပ်လျဉ်းပြီး သတင်းအချက်များ ကောက်ယူရာတွင် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် (ရောမ ပြဋ္ဌာန်းဥပဒေပါ အဓိပ္ပါယ် ဖော်ပြချက်များအရ) လက်နက်ကိုင် ပဋိပက္ခအတွင်း ဖြစ်ပေါ်သည့် ပြစ်မှုကျူးလွန်မှု ဖြစ်သည်ဟု ယူဆရသည့် သတင်းအချက်အလက် ပြည့်ပြည့်စုံစုံကို စုဆောင်းရန်လိုအပ်ပါသည်။ ပြစ်မှုကို တိုက်ရိုက် ကျူးလွန်သူများသည် လက်နက်ကိုင် ပဋိပက္ခနှင့် စပ်လျဉ်းသည့် အသိအမြင် ပွင့်လင်းမှုရှိကြောင်း ကောက် ချက်ချမှုကို ပံ့ပိုးပေးရန်လိုအပ်ပါသည်။[၂၂]

[၂၀] အထူးတရားရုံးများနှင့် hybridတရားရုံးများ၏ ဥပဒေသိပ္ပံပညာသည် အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ဖွင့်ဆိုရာ တွင် ဗဟုသုတအသိအမြင်ပေးသည့် ပုံစံဖြင့် ဆောင်ရွက်ပေးပါသည်။ အဆိုပါဥပဒေသိပ္ပံပညာပါ အကြောင်းအရာအတော်များများကို ရောမ စည်းမျဉ်းဥပဒေတွင် ထင်ဟပ်ဖော်ပြထားပြီး တချို့ကတော့ မပါပါ။ အပြည်ပြည်ဆိုင်ရာ ပြစ်မှုအင်္ဂါရပ်များနှင့် အဓိပ္ပါယ်ဖွင့်ဆိုင်ချက်များသည် တရားရုံးများကြားတွင် အမျိုးမျိုးပြောင်းလဲတတ်သော်လည်း တရားခုံရုံးများ၏ ဥပဒေသိပ္ပံပညာအနေဖြင့် အဆိုပါပြဿနာရပ်များကို တရားသူ ကြီးများက မည်သို့နားလည်လက်ခံအဓိပ္ပါယ်ဖွင့်ဆိုကြသည်၊ အနာဂတ်တွင် အကြောင်းအရာများနှင့် ဥပဒေကို မည်သို့သုံးသပ်နိုင်မည်ဆို သည့် အချက်ကို ထင်ဟပ်ဖော်ပြကာနားလည်သဘောပေါက်မှုကိုမြှင့်တင်ရာတွင်အလွန်အသုံးဝင်သည်ဟုသက်သေပြသနိုင်ပါသည်။

[၂၁] လက်နက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်းသည့် နိုင်ငံတကာဥပဒေက စစ်ကိုအကြောင်းပြု၍ ဖြစ်ပွားသည့် ပြစ်မှုများတွင် ထိခိုက်နစ်နာသူများ၏ အဆင့်အတန်းနှင့် သက်ဆိုင်သည့် ရှုပ်ထွေးသောစနစ်ကို ဖော်ပြထားပါသည်။ အထွေထွေဥပဒေဖြစ်သည့်အားလျော်စွာ ဂျနီဗာကွန်ဗင်းရှင်း အရ ထိခိုက်နစ်နာသူသည် ကာကွယ်စောင့်ရှောက်မှုပေး ရမည့်သူဖြစ်ပြီး ပြစ်မှုဟုဆိုရာတွင် စစ်ကိုအကြောင်းပြသည့် ပြစ်မှု (သို့) ဥပဒေချိုး ဖောက်မှုများနှင့် စစ်၏ ထုံးတမ်းစဉ်လာများကို ချိုးဖောက်မှုများပါဝင်ပါသည်။ ရိုးရှင်းစွာပြောရလျှင် ထိခိုက်နစ်နာသူသည် အရပ်သား (သို့) ထိခိုက်နစ်နာမှုကြောင့် မပါဝင်နိုင်တော့သူဖြစ်နိုင်ပြီး ပြစ်မှုကျူးလွန်ချိန်တွင် အဆိုပါရန်လိုမှုအနေအထားတွင် တိတိကျကျပါဝင်ခြင်းမရှိပါ။ လက်နက်ကိုင် ပဋိပက္ခအတွင်းကျူးလွန်သည့် လိင်အကြမ်းဖက်မှုပြစ်မှုများအတွက် ထိခိုက်နစ်နာသူများသည် ကာကွယ်စောင့်ရှောက်ခံရသူ များဖြစ်သည်ကို သက်သေပြရန်မလိုပါ။ အကယ်၍ စစ်ကိုအကြောင်းပြု၍ဖြစ်သော ပြစ်မှုများ၏ အခြားအင်္ဂါရပ်များ (သို့) စစ်၏ ထုံးတမ်းစဉ် လာများနှင့် ဥပဒေချိုးဖောက်မှုများနှင့် စပ်လျဉ်းသည့် အင်္ဂါရပ်များကို လက်ခံနိုင်လျှင် ထိခိုက်နစ်နာသူ၏ အဆင့်အတန်းသည် အရပ်သား၊ ထိ ခိုက်နစ်နာမှုကြောင့် မပါဝင်နိုင်တော့သူ (သို့) အခြားမည်သို့ပင်ဖြစ်စေကာမူ လိင်အကြမ်းဖက်မှုအပြုအမူသည် စစ်ကိုအကြောင်းပြု၍ ဖြစ်ပေါ် သော ပြစ်မှု (သို့) စစ်၏ ထုံးတမ်းအစဉ်အလာများနှင့် ဥပဒေများကို ချိုးဖောက်ခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ Jean-Marie Hencertsနှင့် Lousie Doswald-Beckတို့ ပြုစုသော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေပါထုံးတမ်းစဉ်လာစည်းမျဉ်းများကို လေ့လာခြင်း၊ အတွဲ ၁ - စည်းမျဉ်းများ၊ အတွဲ - ၂လက်တွေ့ဆောင်ရွက်မှုများ၊ Cambridgeတက္ကသိုလ်ပုံနှိပ်၊ မတ်လ ၂၀၀၅၊ စည်းမျဉ်း၉၃ - အပြည်ပြည်ဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာနှင့် စပ်လျဉ်းခြင်းမရှိသော လက်နက်ပဋိပက္ခများတွင် အဓမ္မပြုကျင့်ခြင်းနှင့် အခြားသောလိင်အကြမ်းဖက်မှုပုံစံများကို တားမြစ်ထားပါသည်။ ICRC၏ လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုကို ရှုပါ။ အမေးအဖြေ (မတ်လ၇ရက် ၂၀၁၄)။ "လက်နက်ကိုင် ပဋိပက္ခအတွင်းနှင့် ယင်းနှင့် ဆက်စပ်ပြီး ကျူးလွန်သော အဓမ္မပြုကျင့်မှုတစ်ခုချင်းတွင် စစ်ကို အကြောင်းပြု၍ ဖြစ်ပေါ်သည့်ပြစ်မှုပါဝင်ပြီး ယင်း ကို တရားစွဲဆိုရပါမည်။" ယင်းအကြောင်းအရာကို http://www.icrc.org/eng/resources/documents/faq/sexual-violence-questions-and-answers.htm တွင် ကြည့်ရှုနိုင်ပါသည်။

## (၂) လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုအဖြစ် သတ်မှတ်သော လိင်အကြမ်းဖက်မှု

လိင်အကြမ်းဖက်မှုတွင် လူသားချင်းစာနာမှု ကင်းမဲ့သ ည့် ပြစ်မှုပါဝင်နိုင်ပြီး ဆိုလိုသည်မှာ လိင်အ် ကြမ်းဖက်မှုကို အရပ်ဘက်ပြည်သူတစ်ရပ်အပေါ် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မှု၏တစ်စိတ်တစ်ပိုင်း အဖြစ် ကျူးလွန်ခြင်းဖြစ်ပါသည်။ လိင်အကြမ်းဖက်မှုဖြစ်ရုံတင်မက ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်ကာ လူသားချင်းစာနာမှု ကင်းမဲ့သ ည့် ပြစ်မှုလည်းဖြစ်ရပါမည်။ အရပ်ဘက်ပြည်သူများကို ရည်ရွယ် ပြီး ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ရိုက်တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တိုက်ရိုက်ကျူးလွန် သူများက အသိအမှတ်ပြု လက်ခံထားသည့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုကို ဆိုလိုပါသည်။[၂၃] ကျူးလွန်မှုလုပ်ရပ်တစ်ခု (သို့) မူဒိမ်းကျင့်ခြင်း (သို့) အခြားသော လိင်အကြမ်းဖက်မှု ပုံစံတစ်ခုခုကိုလည်း လူသားချင်း စာနာမှုကင်းခဲ့သည့် ပြစ်မှုအဖြစ်သတ်မှတ်နိုင်ပါသည်။[၂၄]

ICC သည် ၎င်း၏တရားစီရင်ရေးနယ်နမိတ်အတွက် သီးခြားလိုအပ်မှုကိုလည်း ဖြည့်စွက်ထားပါသည်။[၂၅] ယင်းမှာ "လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုပါဝင်သည့် တိုက်ခိုက်မှုကို သက်ဆိုင်ရာ နိုင်ငံတော် စီခုခု (သို့) အဖွဲ့အစည်းပိုင်းဆိုင်ရာ မူဝါဒအရ ဆောင်ရွက်ခြင်း" ကို ဆိုလိုပါသည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက် နေသူများက သတင်းအချက်အလက်များ စုဆောင်းကောက်ယူနေသည့် တရားစီရင်မှုနယ်ပယ်တွင် အဆိုပါ လိုအပ်ချက်ကို လိုကောင်းလိုမည်။ လိုချင်မှလည်း လိုမည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများ အနေဖြင့် လူသားချင်းစာနာမှုကင်းမဲ့စွာ ကျူးလွန်သည့် ပြစ်မှုများဖြစ်ကြောင်း ကောက်ချက်ချနိုင်ရန် သတင်းအချက်အလက် လုံလုံလောက်လောက် စုဆောင်းနိုင်ရန်အလို့ငှာ မိမိတို့ ထိုသို့ အချက်အလက် ကောက်ယူနေသည့် နေရာ၏ ဥပဒေနောက်ခံကို သိရှိရန်လိုအပ်ပါသည်။

လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုများသည် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်မှုရှိရန် မလိုပါ။ ငြိမ်းချမ်းနေသည့် အချိန်ကာလအတွင်းတွင်ပင် ထိုသို့ဖြစ်နိုင်ပါသည်။ သို့သော် စစ်ကိုအကြောင်းပြု၍ ကျူးလွန်သည့် ပြစ်မှုများနှင့် လူသားချင်းစာနာမှု ကင်းမဲ့စွာ ကျူးလွန်သည့် ပြစ်မှုများသည် တူညီသည့် နောက်ခံ အခြေအနေတွင် အဖြစ်များပါသည်။

## (၃) လူသားမျိုးနွယ်မျိုးတုန်းသတ်ဖြတ်မှုဖြစ်သည့် လိင်အကြမ်းဖက်မှု

လူသားမျိုးနွယ်မျိုးတုန်းသတ်ဖြတ်မှုကို နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးရေး (သို့)ဘာသာရေးအုပ်စု တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တမင်တကာဖျက်ဆီးရန် ရည်ရွယ်သည့် အောက်ပါကျူးလွန်မှုများ အတွက် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ အုပ်စုဝင်များအားသတ်ဖြတ်ခြင်း၊ အုပ်စုဝင်များအား စိတ်ပိုင်း (သို့) ရုပ်ပိုင်းဆိုင်ရာ ဆိုးဆိုးရွားရွားထိခိုက်စေခြင်း၊ သက်ဆိုင်ရာ အဖွဲ့၏ ဘဝအနေအထားအပေါ် ရုပ်ပိုင်းဆိုင်ရာ တစ်စိတ်တစ်ပိုင်း (သို့) တစ်ခုလုံး ပျက်ဆီးစေရန် တမင်တကာ ရည်ရွယ်ပြီးလုပ်ဆောင်ခြင်း၊ အုပ်စုတစ်ခုအတွင်းမွေးဖွားမှုများကို တားဆီးရန်အလို့ငှာ အစီအမံများ ချမှတ်ခြင်း ၊ အုပ်စုတစ်ခုမှ ကလေးများကို အခြားအုပ်စုသို့ အဓမ္မလွှဲပြောင်းပေးခြင်းတို့ပါဝင်ပါသည်။ [၂၆] လိင်အကြမ်းဖက်မှုတွင် လူမျိုးတုန်းအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုပါဝင်ပြီး ထိုသို့ဖြစ်စေသော နောက်ခံ အဂ်ါ ရပ်များကို အချက်အလက်များ စုဆောင်းရာတွင် ဖော်ပြရပါမည်။ ဥပမာလိင်အကြမ်းဖက်မှုကို နိုင်ငံသားများ၊ တိုင်းရင်းသား (သို့) ဘာသာရေး အုပ်စုတစ်ခုခု တစိတ်တပိုင်း (သို့) တစ်ခုလုံးကို ဖျက်ဆီးရန် ရည်ရွယ်ချက် ဖြင့် ကျူးလွန်ပြီး အဆိုပါအုပ်စုဝင်များအား ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ပြင်းပြင်းထန်ထန်ထိခိုက်စေလျှင် အဆိုပါလိင်အကြမ်းဖက်မှုအပြုအမူတွင် အစုလိုက်အပြုံလိုက် မျိုးတုန်းသတ်ဖြတ်မှုပါဝင်နိုင်ပါသ ည်။ အဆိုပါ စွပ်စွဲထားသည့် မျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ကျူးလွန်မှုကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများက စုံစမ်းစစ်ဆေးပြီး သက်သေဖြစ်စေမည့် သတင်းအချက်အလက်များ ရှာဖွေရာတွင် အောက်ပါတို့ကို ပံ့ပိုးထောက်ကူ ပေးရပါမည်။ (က) လိင်အကြမ်း ဖက်မှုအပြုအမူသည် အစုလိုက်အပြုံလိုက် မျိုးတုန်းသတ်ဖြတ်မှုကို ဖြစ်စေခြင်း (သတ်ဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာ

၂၂ တိုက်ရိုက် (သို့) ရုပ်ပိုင်းဆိုင်ရာ ဖေ ဖာက်ဖျက်ကျူးလွန်သူများသည် ပြစ်မှုကို တိုက်ရိုက် (သို့) ကိုယ်တိုင်အမှန်တကယ်ကျူးလွန်သူများ ဖြစ်ပ ါသည်။ စွပ်စွဲခံရသူများနှင့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုစုံစမ်းစစ်ဆေးမှုက ဦးတည်သည့်ပစ်မှတ်များသည် တိုက်ရိုက်ပြစ်မှုကျူးလွန်သူများဖြစ်ပါ သည်။ သို့သော် ယင်းတို့ သည် အမှန်တကယ်ပြစ်မှုများအမှ ဖယ်ရှားခံရသည့် ပြစ်မှုကျူးလွန်သူများလည်း ဖြစ်နိုင်ပြီး ၎င်းတို့ သည် ပြစ်မှုကျူး လွန်မှုအတွက် ပုဂ္ဂလိက တာဝန်ရှိသူများလည်း ဖြစ်နိုင်ပါသည်။ ပိုမိုရှင်းလင်းသွားစေရန် "တာဝန်ယူမှုပုံစံများ" ကိုရှုပါ။

၂၃ ရောမစည်းမျဉ်းဥပဒေပုဒ်မ ၇တွင် "တိုက်ခိုက်မှု"ကို "လူသားချင်းစာနာမှုကင်းမဲ့စွာ ကျူးလွန်သည့် ပြစ်မှုများကို ဖြစ်စေသည့် အပြုအမူများစွာ ဆောင်ရွက်ကျူးလွန်မှု" ဟု အဓိပ္ပါယ်ဖွင့်ထားပါသည်။

၂၄ အရပ်ဘက်ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် (သို့) စနစ်တကျတိုက်ခိုက်မှု၏ တစိတ်အပိုင်းအဖြစ် ကျူးလွန်ခဲ့လျှင်

၂၅ ယင်းသည် တရားစီရင်မှုဆိုင်ရာ လိုအပ်ချက်ဖြစ်သောကြောင့် ထုံးတမ်းစဉ်လာအပြည်ပြည်ဆိုင်ရာဥပဒေအရ လူသားချင်းစာနာမှု ကင်းမဲ့သ ည့် ပြစ်မှုများအတွက် နောက်ခံအင်္ဂါရပ်များအဖြစ်မှတ်ယူမည်မဟုတ်ပါ။ အထူးခုံရုံးများနှင့် hybridခုံရုံးများ၏ စည်းမျဉ်းများတွင် အဆိုပါထပ်မံ ဖြည့်စွက်ထားသော လိုအပ်ချက်မပါဝင်ပါ။ လူသားချင်းစာနာမှုကင်းမဲ့ည့် ပြစ်မှုများနှင့် စပ်လျဉ်းသည့် ICCအင်္ဂါရပ်များတွင် အဆိုပါ လိုအပ် ချက်ပါဝင်ခြင်းသည် ICCတရားစီရင်မနေယ်ပယ်နှင့်စပ်လျဉ်းသည့် လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုများအတွက်ဖြစ်ပါသည်။

၂၆ နောက်ခံအခြေအနေကိုဖော်ပြသော အင်္ဂါရပ်များစာရင်းတွင်ဖော်ပြထားသည့် လူသားမျိုးတုန်းသတ်ဖြတ်မှုနှင့် စပ်လျဉ်းသည့် အခြားအပြုအမူ များ (ရုပ်ပိုင်း၊စိတ်ပိုင်းကိုဆိုးဆိုး ရွားရွားထိခိုက်စေခြင်းအပြင်)ကို လိင်အကြမ်းဖက်မှုပါဝင်သည့်အပြုအမူများတွင်လည်း အသုံးပြုနိုင်ပါသည်။

ပြင်းပြင်းထန်ထန်ထိခိုက်မှု၊ ဘဂအခြေအနေ၊ ကလေးမွေးဖွား မှုကိုတားဆီးသည့် စီမံချက်များချမှတ်ခြင်း စသည်ဖြင့်)နှင့် ရရှိလာသည့် သတင်းအချက်အလက်သည် (ခ) နိုင်ငံသားများ၊ တိုင်းရင်းသား (သို့) ဘာသာရေးအုပ်စုတစ်ခုခု၏ တစိတ်တပိုင်း (သို့) တစ်ခုလုံးကို ဖျက်ဆီးရန် ရည်ရွယ်သည်ဟူသည့်ကောက်ချက်ချမှုကို ပံ့ပိုးပေးနိုင်ရပါမည်။

## ၂.၅ အပိုင်း ဂ : အပြည်ပြည်ဆိုင်ရာပြစ်မှုများကျူးလွန်ရာတွင် ဥပဒေအရတာဝန်ရှိမှုအမျိုးမျိုး : "လိင်အကြမ်းဖက်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသူ (များ)သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ပြစ်မှုမြောက်သည့် ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် မည်သို့တာဝန်ရှိပါသနည်း။"

"ဥပဒေအရ တာဝန်ရှိမှု" သည် အထက်တွင်ဖော်ပြထားသော ပြစ်မှုအမျိုးမျိုးအတွက် စွပ်စွဲခံရသူများ အနေဖြင့် ပြစ်မှုအလိုက်တာဝန်ယူရမည့် ဥပဒေပိုင်းဆိုင်ရာ သီအိုရီကို ဖော်ပြပါသည်။ ဥပမာ - စွပ်စွဲခံရသူ သည် ပြစ်မှုကျူးလွန်ပါသလား၊ မကောင်းမှုကျူးလွန်ရာတွင် အားပေးကူညီပါသလား၊ အမိန့်ပေးခဲ့ပါသလား၊ အစီအစဉ်ရေးဆွဲခဲ့ပါသလား။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တစ်စုံတစ်ယောက်အား ပြစ်မှုအတွက် တာဝန်ယူစေနိုင်ရန်အလို့ငှာ လက်တွေ့ကျသော ပြစ်မှုအင်္ဂါရပ်များ (ဥပမာ - မုဒိန်းမှု)၊ ပြစ်မှုအမျိုးအစားပေါ် လိုက်ကာ နောက်ခံအင်္ဂါရပ်များ (ဥပမာ - လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုများ) နှင့် တာဝန်ယူမှု နည်းလမ်း (ဥပမာ - ပြစ်မှုကျူးလွန်ခြင်း)ကို ကျိုးကြောင်းဆီလျော်မှုရှိသည့် သံသယကို ကျော်လွန်ကာ သက်သေပြနိုင်ရပါမည်။

အထူးခုံရုံးနှင့် ပေါင်းစပ်ခုံရုံးများ၏ စည်းမျဉ်းဥပဒေများနှင့် ICC ၏ စည်းမျဉ်းဥပဒေများသည် လူတစ်ဦးချင်း ၏ ပြစ်မှုအတွက် တာဝန်ရှိမှုပုံစံများကို ဖော်ပြထားရာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လိင်အကြမ်းဖက် မှုကို စစ်ကို အကြောင်းပြပြီးကျူးလွန်ခြင်း၊ လူသားချင်းစာနာမှုကင်းမဲ့စွာ ကျူးလွန်သည့်ပြစ်မှု (သို့) မျိုးတုန်း သတ်ဖြတ်မှုတို့ကို ကျူးလွန်ပါက တာဝန်ယူရပါမည်။ ယခုဖော်ပြသည့် နည်းလမ်းများသည် ရောမစည်းမျဉ်း ဥပဒေမှ ဥပမာများကို ဖော်ပြထားခြင်းဖြစ်ပြီး အထက်ပါအကြောင်းပြချက်များအတွက် သတ်မှတ်ဖော်ပြ ထားခြင်းဖြစ်ပါသည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ယင်းတို့လုပ်ကိုင်ဆောင်ရွက်နေ သည့် နောက်ခံအခြေအနေ၏ ပြည်တွင်းဥပဒေကိုသိရှိရမည်ဖြစ်ကာ အဆိုပါ ပြည်တွင်းဥပဒေက နိုင်ငံတကာတွင် အသုံးပြုသည့် နည်းလမ်းများနှင့်မတူ ကွဲပြားခြားနားသော နည်းလမ်းအမျိုးမျိုးကို ချမှတ် ပေးပါသည်။

ဤအပိုင်း၏ အဓိကအရေးကြီးသော သဘောတရားသည် ပြစ်မှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် ကို စုဆောင်းခြင်းနှင့် ပြစ်မှုကျူးလွန်သည့် နောက်ခံအနေအထားနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် စုဆောင်းခြင်းတို့တွင် စွပ်စွဲခံရသည့် ပြစ်မှုကျူးလွန်သူ (များ) အနေဖြင့် မိမိတို့ ကျူးလွန်ခဲ့သခဲ့သည့် ပြစ်မှု အတွက် မည်သို့ တာဝန်ယူမည်ဟူသည့် အချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ကို မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်က စုဆောင်း ရှာဖွေရပါမည်။ ဆိုလိုသည်မှာ ပြစ်မှုကို စွပ်စွဲထားသည့်အတိုင်း မည်သို့ ကျူးလွန်သည်၊ စွပ်စွဲခံရသည့် ပြစ်မှုကျူးလွန်သူ၏ လိင်အကြမ်းဖက်မှုကျူးလွန်မှုဆိုင်ရာ အခန်း ကဏ္ဍတို့ကို ဆိုလိုပါသည်။

ရောမ စည်းမျဉ်းဥပဒေသည် ICC တွင် တရားစွဲဆိုခံရသည့် ပြစ်မှုကျူးလွန်သူများအတွက် ဥပဒေအရ တာဝန်ယူမှု နည်းလမ်းများကို ဖော်ပြထားပါသည်။ [၂၇]

### ပူးပေါင်းကြံစည်ကျူးလွန်ခြင်း (ပုဒ်မ ၂၅ (၃) (က))နှင့် ဘုံရည်ရွယ်ချက်အတွက် တာဝန်ရှိမှု (ပုဒ်မ ၂၅ (၃) (ဃ))

အဆိုပါ တာဝန်ယူမှုနည်းလမ်းများကို အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ ပြစ်မှုများ ကျူးလွန်ရန်၊ အတူတကွ စီစဉ်လုပ်ရှားသူများအတွက် အသုံးပြုပါသည်။ အထူးခုံရုံးများသည် "ပူးတွဲပြစ်မှုအစီအစဉ်" အောက်ရှိ ပူးတွဲပြစ်မှုကျူးလွန်ခြင်း သီအိုရီများပေါ် အခြေပြုကာ case law ကို ပြုစုကြပါသည်။ (ပုဒ်မ ၂၅(၃) (က))

အကယ်၍ အချက်အလက်များက ပြစ်မှုကျူးလွန်သူ(များ)သည် သွယ်ဝိုက်ပြစ်မှုကျူးလွန်မှုအရ တာဝန်ရှိခြင်းကို ရည်ညွှန်းလျှင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် စွပ်စွဲခံရသည့် ပြစ်မှု ကျူးလွန်သူသည် ပြစ်မှုအပေါ် တစ်စုံတစ်ရာ ထိန်းချုပ်လွှမ်းမိုးမှုရှိသည်ဟူသည့် သတင်းအချက်အလက်ကို စုဆောင်းရန်လိုအပ်ပါသည်။ အဆိုပါ လွှမ်းမိုးမှုကို ပုံစံမျိုးစုံဖြင့်ပြသနိုင်ပြီး ဥပမာ - တိုက်ရိုက်ပြစ်မှုကျူးလွန် သူ၏ ဆန္ဒကို

လွှမ်းမိုးချုပ်ကိုင်ထားမှု (သို့) အာဏာရ အဖွဲ့အစည်း (ဥပမာ - ရဲ (သို့) စစ်ဘက်ဆိုင်ရာ ဖွဲ့စည်းပုံတို့အပေါ် လွှမ်းမိုးချုပ်ကိုင် မှုတို့ဖြစ်ပါသည်. ထို့အပြင် ပြစ်မှု ကျူးလွန်သူများသည် ပြစ်မှု ကျူးလွန်ရ သည့် အကြောင်းရင်း ရှိရမည်ဖြစ်ကာ ပြစ်မှုအပေါ် ထိန်းချုပ်လွှမ်းမိုးနိုင်သည့် အခြေအနေများကိုလည်း သိရှိရပါမည်။[၂၈]

၂၇ ထုံးတမ်းစဉ်လာပြည်ပြည်ဆိုင်ရာဥပဒေအရ တာဝန်ယူရမည့်ပုံစံများသည် ရောမစည်းမျဉ်းဥပဒေတွင် ပြဋ္ဌာန်းထားသည်ထက် ပိုမိုကျယ်ပြန့်များ ပြားပါသည်။

၂၈ အဆိုပါ တာဝန်ယူမှုကို အခြေခံကာ ကျောထောက်နောက်ခံပြုထားသည့် အချို့သောအချက်များသည် ပုဒ်မ၂၈(က)ပါ စစ်တပ်မှ အုပ်ချုပ်သူ အရာရှိများ၏ တာဝန်ယူမှုကဲ့သို့သော အခြားသောပုံစံများကိုလည်း သက်သေပြရပါမည်။

### အမိန့်ပေးခြင်း (ပုဒ်မ ၂၅ (၃) (ခ))

ပြစ်မှုကျူးလွန်သူသည် လိင်အကြမ်းဖက်မှုပြစ်မှုများကို ညွှန်ကြားသည်ဟု ဖော်ပြနိုင်ရန် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် အဆိုပါ ပြစ်မှုကျူးလွန်သူတွင် အမိန့်ထုတ်ပြန်ခွင့်အာဏာနှင့် ထိုသို့ လုပ်ဆောင်နိုင်သည်ကို ဖော်ပြသည့် သတင်းအချက်အလက်ကို စုဆောင်းရန် လိုအပ်ပါသည်။

### မြှူဆွယ်ခြင်း/ဆွဲဆောင်သိမ်းသွင်းခြင်း (ပုဒ်မ ၂၅ (၃) (ခ))

အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ လိင်အကြမ်းဖက်မှုပြစ်မှုများကို ကျူးလွန်ရန် တစ်စုံတစ်ယောက်အား စွပ်စွဲခံရသူ ပြစ်မှုကျူးလွန်သူက မြှူဆွယ်ခြင်း/ဆွဲဆောင်သိမ်းသွင်းခြင်းကို ဖော်ပြမည့် သတင်းအချက်အ လက်များအနေဖြင့် ပြစ်မှုကျူးလွန်သူသည် တိုက်ရိုက် ပြစ်မှုကျူးလွန်သူများကို ပြစ်မှု ကျူးလွန်စေရန် အားပေး၊ ရန်စ၊ မက်လုံးပေး (သို့) သိမ်းသွင်းစည်းရုံးသည့် အချက်ကို ရှာဖွေဖော်ပြရပါမည်။

### ကူညီခြင်းနှင့် ပူးပေါင်းကြံစည်ခြင်း (ပုဒ်မ ၂၅ (၃) (ဂ))

ပြစ်မှုကျူးလွန်သူသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ လိင်အကြမ်းဖက်မှုပြစ်မှုများကို ကျူးလွန်ရာ တွင် ကူညီ၊ ပူးပေါင်းကြံစည်သည်ကို ပြသရန် အလို့ငှာ ပြစ်မှုကျူးလွန်သူအနေဖြင့် တိုက်ရိုက် ပြစ်မှု ကျူးလွန်သူများကို လက်တွေ့ ကူညီပေးခြင်း (ဥပမာ - ပြစ်မှုကျူးလွန်မှုနည်းလမ်းပေးခြင်း) (သို့) အားပေးခြင်း (သို့) စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းဟူသည့် အချက်ကို ဖော်ပြရပါမည်။

### အုပ်ချုပ်သူအရာရှိများနှင့် အခြားသောရာထူးကြီး ပုဂ္ဂိုလ်များ၏ တာဝန်ယူမှု (ပုဒ်မ ၂၈)

အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ လိင်အကြမ်းဖက်မှုပြစ်မှုများကို ကျူးလွန်သူများသည် မိမိတို့၏ အဆင့်မြင့် ရာထူးကို အကြောင်းပြုပြီး တိုက်ရိုက်ပြစ်မှု ကျူးလွန်သူများကို လွှမ်းမိုးကာ ပြစ်မှုကို ကျူးလွန် စေပါသည်။

အကယ်၍ပြစ်မှုကျူးလွန်သူသည်စစ်ဘက်ဆိုင်ရာ အရာရှိကြီးဖြစ်ပါက လက်တွေ့လုပ်ကိုင်ဆောင်ရွကင်နေသူများ အနေဖြင့် အဆိုပါ အရာရှိကြီးသည် မိမိ၏ လက်အောက်ငယ်သားများအပေါ် ထိရောက်စွာ လွှမ်းမိုးပြီး ခိုင်းစေခြင်း၊ လက်အောက်ငယ်သားများက ပြစ်မှုကျူးလွန်သည်ကို သိရှိခြင်း (သို့) သိရရှိမည် ဖြစ်ခြင်း၊ ပြစ်မှု မဖြစ်ပွားစေရန် တားဆီးသော (သို့) အပြစ်ပေးသောကြောင်းကျိုးဆီလျော်သည့်ဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် ပျက်ကွက်ခြင်း (သို့) သက်ဆိုင်ရာ အာဏာပိုင်မျ ားက စုံစမ်းစစ်ဆေးရန်မတင်ပြခြင်း စသည်တို့ကိုသက်သေပြရပါမည်။

အကယ်၍ ပြစ်မှုများကို ရာထူးမြင့် အရပ်သားက ကျူးလွန်လျှင် လက်တွေ့လုပ်ကိုင်ဆောင်ရက်ွ နေသူများက စုဆောင်းသည့် သတင်းအချက်အလက်တွင် လက်တွေ့ပြစ်မှုကျူးလွန်သူနှင့် အဆိုပါ ရာထူးမြင့် အရပ်သား ပုဂ္ဂိုလ်တို့ကြားရှိ ဆက်ဆံရေးကို ဖော်ထုတ်ပြရပါမည်။ မိမိ၏ လက်အောက်ငယ်သားများက ပြစ်မှုကျူးလွန်နေကြသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြသည့် အချက်အလက်များရှိသည်ကို သိလျက်နှင့် လျစ်လျူရှုထားခြင်း၊ အဆိုပါ ပြစ်မှု ကျူးလွန်မှုဆိုင်ရာ လုပ်ဆောင်ချက်များသည် ရာထူးမြင့် အရပ်သား ပုဂ္ဂိုလ် ၏ ထိရောက်သော တာဝန်ရှိမှုနှင့် ထိန်းချုပ်မှုအတွင်းရှိခြင်း၊ အာဏာပိုင်များစုံစမ်း စစ်ဆေးနိုင်ရန် တင်ပြခြင်း (သို့) လိုအပ်သော၊ ကြောင်းကျိုးဆီလျော်သော တားဆီးရမည့် လုပ်ဆောင်မှုများကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း တို့ကြောင့် ပြစ်မှု ဖြစ်ပွားလာရခြင်းကို ဖော်ထုတ်ပြသရပါမည်။

> လိင်အကြမ်းဖက်မှုအတွက် ပြည်တွင်းတရားစွဲဆိုမှု ရှားပါးခြင်း၊ အဆိုပါပြစ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ တရားစွဲဆိုမှု အရေအတွက်နည်းပါးခြင်းနှင့် လက်နက်ကိုင် အကြမ်းဖက်မှု ဖြစ်ပွားနေသည့် နေရာများတွင် လိင်အကြမ်းဖက်မှုများ ကျွမ်းကျင်ရာဖြစ်ပွားနေခြင်းသည် ပြစ်မှုကျူးလွန်သော်လည်း အရေးယူမှုမှ လွတ်ကင်းသည့် သိသာထင်ရှားသော ကွာဟချက်ကို ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။
>
> Jane Adong Anywar, Women's Initiatives for Gender Justice, UNSC Debate, 2013

# အပိုင်း ၂ လက်တွေ့မှတ်တမ်းတင်ခြင်း ၂၈


## ၃။ ကနဦးစဉ်းစားခြင်းများ ၂၉

၃.၁ "အန္တရာယ်မဖြစ်စေခြင်း" ၂၉
၃.၂ သင်တန်း ၂၉
၃.၃ လေ့လာစိစစ်မှုများ ၃၀
(၁) သုတေသနပြုခြင်း ၃၁
(၂) အန္တရာယ်အပေါ် သုံးသပ်ခြင်းများ ၃၃
၃.၄ လုပ်ငန်းတစ်ရပ်လုံးအား စီမံချက် ရေးဆွဲခြင်း ၃၅

## ၄။ အဓိကစီမံချက် ရေးဆွဲရမည့် ခေါင်းစဉ်များ ၃၆

၄.၁ ပေါင်းစပ်ညှိနှိုင်းခြင်း ၃၆
၄.၂ စကားပြန်ဆိုခြင်း ၃၈
၄.၃ အချက်အလက်များ စုစည်းတည်ဆောက်ခြင်း ၄၁

## ၅။ အသက်ရှင်လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကို ဖော်ထုတ်စိစစ်ခြင်း၆၁ ၄၁

၅.၁ တိုက်ရိုက်ဖော်ထုတ်စိစစ်ခြင်း ၄၂
၅.၂ ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများ ၄၂

## ၆။ ထွက်ဆိုခြင်း ၄၄

၆.၁ ကြိုတင်အသိပေး၍ သဘောတူညီချက် ရယူခြင်း ၄၅
၆.၂ လျှို့ဝှက်ချက်အဖြစ် ထားရှိခြင်း ၄၇
၆.၃ လမ်းညွှန်ခြင်းများ ၄၈

## ၇။ အင်တာဗျူးခြင်း ၅၀

၇.၁ အင်တာဗျူးသတ်မှတ်ချက်များ ၅၂
၇.၂ အဓိကကျသူများကို အင်တာဗျူးခြင်း ၅၃
၇.၃ မေးခွန်းအမျိုးအစားများ ၅၄
၇.၄ အင်တာဗျူးနည်းစနစ်များ ၅၆
၇.၅ အင်တာဗျူးအချက်အလက်များကို မှတ်တမ်းတင်ခြင်း ၆၁

## ၈။ အခြားသတင်းအချက်အလက်အရင်းအမြစ်များ ၆၁

၈.၁ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ၆၁
(၁) တိုက်ခိုက်သည့်နေရာများ ၆၃
၈.၂ စာရွက်စာတမ်းအထောက်အထား ၆၅
(၁) စာရွက်စာတမ်းအမျိုးအစား ၆၆

## ၉။ အချက်အလက် သိမ်းဆည်းထားသိုခြင်း ၆၈

၉.၁ စာရွက်စာတမ်းများနှင့် အခြားခန္ဓာကိုယ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ သတင်းအချက်အလက် ၆၉
၉.၂ ဒီဂျစ်တယ် သတင်းအချက်အလက်များ သိမ်းဆည်းခြင်း ၆၉
၉.၃ မှုခင်းဆေးပညာဆိုင်ရာ တရားဝင်ဆရာဝန်၏ အထောက်အထားများ သိမ်းဆည်းခြင်း ၇၀

# အပိုင်း ၂ လက်တွေ့မှတ်တမ်းတင်ခြင်း

## ၃။ ကနဦးစဉ်းစားခြင်းများ

### ၃.၁ အန္တရာယ်မဖြစ်စေခြင်း

လိင်အကြမ်းဖက်မှုကိုလေ့လာစုံစမ်းရန်နှင့် မှတ်တမ်းပြုစုရန်အလို့ငှာ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်း၊ ယင်းတို့မိသားစုဝင်များနှင့် လူ့အသိုင်းအဝိုင်းတစ်ခုလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် လိင်အကြမ်း ဖက်မှုမှ လွတ်မြောက်လာသူများသည် တရားမျှတမှုကို ပိုမိုရရှိခံစားနိုင်ကြပြီး စာရွက်စာတမ်း မှတ်တမ်း ပြုစုထားရှိခြင်းလုပ်ငန်းစဉ်ကြောင့် ယင်းတို့အပေါ် အနုတ်လက္ခဏာဆောင်သည့် မည်သည့် သက်ရောက်မှု မဆိုနည်းနိုင်သမျှ နည်းသွားစေရေး ဆောင်ရွက်ကြရမည်။

လက်တွေ့ဆောင်ရွက်သူများ အနေဖြင့်လည်း ယင်းတို့၏ရပ်တည်ချက် သို့မဟုတ် လုပ်ပိုင်ခွင့်များကြောင့် လိင်အကြမ်းဖက်မှုများကိုမှတ်တမ်းပြုစုရာတွင် "အန္တရာယ်မဖြစ်စေရန်" သို့မဟုတ် မရည်ရွယ်ဘဲ အန္တရာယ် ဖြစ်စေခြင်းများနည်းပါးစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။

လက်တွေ့ဆောင်ရွက်သူများသည် အနိမ့်ဆုံးအဆင့် အဖြစ် -

**၁ လိင်အကြမ်းဖက်မှုကို မှတ်တမ်းပြုစုရာ၌တွေ့ကြုံရမည့် အန္တရာယ်များကို နားလည်ထား သင့်သည်။**

**၂ လိင်အကြမ်းဖက်မှုကို မှတ်တမ်းပြုစုသည့် လုပ်ငန်းအဖွဲ့ဝင်များကို ကောင်းစွာ သင်တန်းပေးထား သင့်သည်။**

**၃ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများသည် စစ်ဆေး မေးမြန်း မှုများကို လက်ခံဆောင်ရွက်ပေးရန် သဘောတူကြောင်း အကြောင်းကြားထားပြီး ဖြစ်သင့်သည်။**

**၄ မှတ်တမ်းပြုစုထားသည့် အချက်အလက်များကိုကာကွယ်ထိန်းသိမ်းထားသင့်သည်။**

**၅ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသောကလေးသူငယ်များ၊ မျက်မြင်သက်သေ ကလေး များနှင့် အလုပ်လုပ်ရာတွင် အထူးသတိထားဆောင်ရွက်သင့်သည်။**

မှတ်တမ်းပြုစုသည့် လုပ်ငန်းစဉ်၌ "အန္တရာယ်မရှိစေရေး" စည်းမျဉ်းကိုကျင့်သုံးစေသည့် ဗျူဟို ၇များက စည်းမျဉ်းစည်းကမ်းတွင် တောက်လျှောက်ထည့်သွင်းထားရမည်။

### ၃.၂ သင်တန်း

လိင်အကြမ်းဖက်မှုမှတ်တမ်းတင်ခြင်းကိုလက်တွေ့ဆောင်ရွက်သူများသည် သင့်တော်သော ကျွမ်းကျင်မှုများ ရှိပြီး၊ သင်တန်းကောင်းစွာတက်ရောက်ထားပြီးဖြစ်သင့်သည်။ အထူးသဖြင့် လက်လေက်တွေ့ဆောင်ရွက်သူများ သည်

- စအင်တာဗျူးမည့်သူများ၊ စကားပြန်များ၊ လေ့လာသုံးသပ်သူများနှင့် အထောက်အကူ ဝန်ထမ်းများအားလုံးကို ဤစည်းမျဉ်းစည်းကမ်းတွင် သတ်မှတ် ဖော်ပြထားသော အခြေခံစံနှုန်းများနှင့်အညီ ကောင်းစွာစိစစ်၍မှတ်တမ်းပြုစုနိုင်ရန် သင်တန်းပေးထားသင့်သည်။
- လုပ်ငန်းအဖွဲ့ဝင်အားလုံး၌လိင်အကြမ်းဖက်မှုနှင့်ဆိုင်သည့် ဗဟုသုတနှင့် အတွေ့အကြုံရှိစေ သင့်သည်။ အထူးသဖြင့် ယင်းတို့သည် အင်တာဗျူးရမည့် နည်းလမ်းများ၊ ပညာရပ်ဆိုင်ရာ စကားရပ်များ၊ ဗျူဟာများနှင့် ေ ကာင်းစွာအကျွမ်းဝင်ပြီး လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူ/ မျက်မြင်သက်သေ အမျိုးသား/အမျိုးသမီးများ ယင်းတို့တွေ့ကြုံခဲ့ရသည်ကိုဖော်ပြနိုင်စေရန် အကင်းပါးစွာကိုင်တွယ်တတ် ရမည်။
- စိတ်ပိုင်းဆိုင်ရာထိခိုက်ခဲ့ရသူများနှင့် ဆက်ဆံရာ၌ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစား ခဲ့ရပြီးနောက် စိတ်ကစဉ့်ကလျားဖြစ်ပြီး ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်နိုင်ချေနှင့် ကိုယ့်ကိုကိုယ် အန္တရာယ်ပြန်ပြုနိုင်ချေရှိသည်ကိုနားလည်သဘောပေါက်စွာမြင့် ကောင်းစွာထိန်းသိမ်းဆက်ဆံတတ်စေရန် ဝန်ထမ်းများကို ဖြစ်နိုင်လျှင် သင်တန်းပေးသင့်သည်။

**လက်တွေ့ကိုင်တွယ်ဆောင်ရွက်နေသူများသည် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသော ကလေးသူငယ်များ၊ မျက်မြင်သက်သေကလေးသူငယ်များနှင့် လက်တွေ့ဆက်ဆံ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဖြစ်သင့်သည်။**[၂၉]

- ကလေး၏ အားနည်းချက်နှင့် လုပ်ကိုင်နိုင်စွမ်းအလိုက် ဆက်ဆံဆောင်ရွက်ပေး နိုင်သူများထံသို့ လမ်းညွှန်ပေးခြင်း၊ ကလေးအားချဉ်းကပ်ခြင်းနှင့် အင်တာဗျူးခြင်း တို့အတွက် ယင်းတို့ကိုယ်တိုင် အထူးသင်တန်းတက်ရောက်ထားသူများဖြစ်သင့်သည်။
- 'အန္တရာယ်မရှိစေရေး'စည်းမျဉ်းစည်းကမ်းများကို မည်သို့ အသုံးချရမည်ကို နားလည်ထား သင့်သည်။ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူကလေးသူငယ်များ၊ အခြားမျက်မြင်သက်သေ[၃၀]ကလေးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အသက်အရွယ်အလိုက် သင့်လျော်သောနည်းစနစ်များ အသုံးပြုခြင်းအပါအဝင် အချက်အလက်များကို အတွင်းရေးအဖြစ် ထားရှိခြင်းနှင့် မှတ်တမ်းပြုရန် ယင်းတို့၏ သဘောတူညီချက် ကြိုတင်ရယူခြင်းများကိုပါ နားလည် ထားသင့်သည်။
- ကလေးအသက်အရွယ်အလိုက် သတိထားဆောင်ရွက်ရသည့် အင်တာဗျူးကျွမ်းကျင်မှုဆိုင်ရာ သင်တန်းရည် ပြည့်ဝထားသင့်သည်။ အလွန်ငယ်ရွယ်သောကလေးငယ်များနှင့် ဆက်ဆံခြင်းမှာ ကြီးကောင်ဝင်စကလေးများ ကိုဆက်ဆံခြင်းနှင့် မတူသဖြင့် အခြားကျွမ်းကျင်မှုမျိုးရှိ ထားသင့်သည်ကို ထည့်သွင်းစဉ်းစားထားရမည်။
- ကလေးများအား ရုပ်ပိုင်းစိတ်ပိုင်းခံစားမှုများ (ကြောက်ရွံ့ တုန်လှုပ်ခြင်း၊ ခန္ဓာကိုယ် တုန်ခါခြင်းနှင့် ငိုကြွေးခြင်း)များ ပြန်လည်မခံစားရစေရေးနည်းစနစ်များ အသုံးပြုရန် သင်တန်းတက်ရောက် ထားသင့်သည်။
- အားနည်းထိခိုက်လွယ်သူ ကလေးအုပ်စုအမျိုးအစားအလိုက် သိသာထင်ရှားသော စိန်ခေါ်မှုများ ကြုံတွေ့ရဖွယ်ရှိသည်ကိုနား လည်ထားသင့်သည်။ ဥပမာ - လက်နက်ကိုင်အုပ်စုများ/တပ်ဖွဲ့များနှင့် ပတ်သက်ဖူးသည့် မိန်းခလေးငယ်များအားရပ်ရွာအသိုင်း အဝိုင်းမှ ဖယ်ကြဉ်ထားဖွယ် ရှိနိုင်သည်။

## ၃.၃ လေ့လာစိစစ်မှုများ

မှတ်တမ်းတင်ခြင်းမပြုမီ လက်တွေ့ဆောင်ရွက်သူများအနေဖြင့် သေချာစွာလေ့လာသုံးသပ်၊ သုတေသန ပြုထားရမည့် ကိစ္စရပ်များစွာရှိသည်။ ထိုအချက်အလက်များသည် မှတ်တမ်းတင်ရေးစီမံချက်တွင် အခြေခံသင့်သည့် အုတ်မြစ်ဖြစ်သင့်သည်။ ဤနေရာတွင် လိင်အကြမ်းဖက်မှုဆိုင်ရာရာဇဝတ်မှုများမှ လွတ်မြောက်လာသူများကိုလုပ်ပိုင်ခွင့်ပေးရန် တရားမျှတမှု ရရှိနိုင်ရန်နှင့် ယင်းတို့အနေဖြင့် လုံခြုံ ဘေးကင်းမှုရှိစေရန် အထူးဂရုထားရမည့်အပြင် ဒေသန္တရဗဟုသုတရှိရမည်။

ပထမအဆင့်အနေဖြင့် လိုအပ်သောအချက်အလက်များကိုအခြားသောလက်တွေ့ဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများက မှတ်တမ်းတင်ထားပြီး ဖြစ်/မဖြစ်၊ အဆိုပါ အချက်အလက်များကိုရယူနိုင်ခြင်းရှိ/မရှိနှင့် အင်တာဗျူးခြင်းအပါအဝင် အဆိုပါ အချက်အလက်များကို ပြန်လည်မှတ်တမ်းတင်ရန် လို/မလိုစသည်ဖြင့် ဖြစ်နိုင်သည့်အတိုင်းအတာကိုလက်တွေ့ဆောင်ရွက်နေသူ များကသုံးသပ်သင့်သည်။ အကယ်၍တရားစီရင်ရေးလုပ်ငန်းစဉ်ကိုသုံးသပ်ရန် ရည်ရွယ်ပါက မဖြစ်မနေ ပြန်လည် မှတ်တမ်းတင် ရနိုင်သည်။ သို့ရာတွင်အကယ်၍လုပ်ပိုင်ခွင့်မှာ လူထုထောက်ခံမှုအရဖြစ်လျှင် ထိုကိစ္စဆောင်ရွက်ရန် မလိုအပ်နိုင်ပါ။

လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများနှင့် အခြားသော မျက်မြင်သက်သေများကို အင်တာမဗျူးမီ သို့မဟုတ် မည်သည့်အချက်အလက်သစ်မျှ မစုဆောင်းမီ - လက်တွေ့ဆောင်ရွက်နေသူများ အနေဖြင့် **(၁)ရာဇဝတ်မှုများ၊ ကျူးလွန်မှုအတိုင်းအတာနှင့် ရပ်ရွာအသိုင်းအဝိုင်းကိုသုတေသနပြုသင့်သည်။ (၂) လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ လက်တွေ့ ဆောင်ရွက်သူများနှင့် သတင်းအချက် အလက်ဆိုင်ရာစိန်ခေါ်မှုများကိုသုံးသပ်သင့်သည်။ (၃) လွတ်မြောက်လာသူများအနေဖြင့် မည်သည့် ဝန်ဆောင်မှုများရရှိပြီး ဖြစ်နိုင်သည်ကိုဆုံးဖြတ်သင့်သည်။** လက်တွေ့ ဆောင်ရွက်သူများအနေဖြင့် ဤလုပ်ငန်းတာဝန်များကိုအထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် မလိုအပ်ကြောင်း အကြံပေး ထားရမည်။ သို့ရာတွင် ထိုကိစ္စကိုပါ တပြိုင်တည်းစဉ်းစားထားသင့်သည်။ ဥပမာ - နေရာဒေသတစ်ခု၌ ဖြစ်ပွားသည့် လိင်အကြမ်းဖက်မှုပုံစံကိုလေ့လာမှုမပြုပဲ၊ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၏ လုံခြုံဘေးကင်းမှုကိုသုံးသပ်ရန် မဖြစ်နိုင်ပါ။ အလားတူပင် လွတ်မြောက်လာသူများအပေါ် တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်ပေးရာတွင် ကြုံတွေ့ရမည့် အဟန့်အတားများကို လေ့လာသုံးသပ်ရာ၌ စိန်ခေါ်မှုသုံးသပ်ခြင်း အဆင့်အချို့ပါ ပုံမှန်အားဖြင့် ပါဝင်ပါသည်။

၂၉ ကလေးသူငယ် အခွင့်အရေးဆိုင်ရာသဘောတူညီချက်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ကလေးသူငယ်ဆိုသည်မှာ အများက လက်ခံကျင့်သုံးနေသည့် ကလေးသူငယ်ဆိုင်ရာဥပဒေတွင် အခြားဖော်ပြချက်မရှိလျှင် ၁၈ နှစ်အောက်မည်သူမဆို ဖြစ်သည်။ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူ/ မျက်မြင်သက်သေတစ်ဦးချင်းစီ၏ အသက်အရွယ် အတိအကျကိုသေချာစွာ သိရှိခြင်းသည် အကြမ်းဖက်မှုကိုမှတ်တမ်းပြုစုရန် သဘောတူညီချက် ရရှိရေးဆောင်ရွက် ရာတွင်လည်းကောင်း၊ ရာဇဝတ်မှု တရားစီရင် ရာ၌လည်းကောင်း အဓိကကျသည်။ မွေးစာရင်းမှတ်ပုံတင်မရှိသော ကလေးများ၏ အသက်အရွယ်သတ်မှတ်ရာတွင် နှစ်ခြင်း ခရစ်ယာန်အဖြစ် ခံယူသည့် မှတ်တမ်းများ၊ မွေးဖွားခြင်းဆိုင်ရာရပ်ရွာမှတ်တမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တည်ထောင် ထားသောယာယီသို့မဟုတ် အရေးပေါ်စနစ်များစသည်တို့ အပါအဝင် အခြားနည်းလမ်းများဖြင့် ကလေး၏ အသက်အရွယ်ကို သတ်မှတ်သင့်သည်။ အသေးစိတ် လမ်းညွှန်ချက်များအတွက် UNICEF ၊ Innocenti Research Center မှ ထုတ်ဝေသောInnocenti Insight : Birth Registration and Armed Conflict 2004 ကို ကြည့်ပါ။

၃၀ IRC UNICEF ၏ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူကလေးငယ်များအား စောင့်ရှောက်ခြင်း ဆိုင်ရာ Guidelines for Health and Psychosocial Service Providers in HUmanitatian Setting – 2012 ကို ကြည့်ပါ။

## (၁) သုတေသနပြုခြင်း

အောက်တွင် ဖော်ပြထားသည်မှာ လိင်အကြမ်းဖက်မှုဆိုင်ရာမှတ်တမ်းပြုစုသူများအနေဖြင့် စစ်ဆေး မေးမြန်းမှုများ ပြုလုပ်ရာတွင် စမှတ်အနေဖြင့် ရင်းနှီးကျွမ်းဝင်ထားသင့်သည့် အဓိကအကြောင်းအချက်များ ဖြစ်သည်။

အောက်ပါ အချက်အလက်အချို့ကို အစီရင်ခံစာများစာရွက်စာတမ်းများနှင့် ဝက်ဆိုဒ်များမှ လွတ်လပ် လွယ်ကူစွာရရှိပါလိမ့်မည်။ အချို့အချက်အလက်များအတွက် အသေးစိတ် သုတေသနပြုရန် လိုအပ်ပါလိမ့်မည်။ ထိုအချက်များကို ကုလသမဂ္ဂနှင့် အခြားသောအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း NGOs များ၊ ဒေသန္တရနှင့် အခြေခံလူတန်းစားအဖအွဲ့စည်းများနှင့် ပညာရှင်အဖွဲ့များထံမှ ရရှိနိုင်သည်။ ပြည်တွင်း၌ လက်တွေ့ဆောင်ရွက်နေသူများသည် အခြားအချက်အလက်များကို တိုက်ရိုက်ဖြစ်စေ၊ ဒေသန္တရအလိုက် ဖြစ်စေ ယင်းတို့နှင့် သက်ဆိုင်မှုအလိုက် ရရှိနိုင်သည်။ ထိုသူများအနေဖြင့် အချက်အလက် စုဆောင်းသည့် လုပ်ငန်းစဉ်မတိုင်မီ မေးခွန်းအားလုံးကို ဖြေဆိုနိုင်မည် မဟုတ်သော်လည်း တတ်နိုင်သမျှ မေးခွန်းများများ ဖြေဆိုပေးခြင်းဖြင့် သက်ဆိုင်သူများသို့ ချဉ်းကပ်ဆောင်ရွက်နိုင်မည့် အကြံကောင်းများ ချမှတ်နိုင်ခြင်း၊ အသုံးအဝင်ဆုံး၊ အချက်အလက်များ စုဆောင်းနိုင်ခြင်းနှင့် လိင်အကြမ်းဖက်မှုမှ လတွင်မြောကလ်ာသူများ၊ မျကမြင်သက်သေများနှင့် ယင်းတို့ကိုယ်တိုင်အပေါ် ကျရောက်နိုင်သည့် အန္တရာယ်များ လျှော့ချနိုင်ခြင်းတို့ ဖြစ်စေနိုင်သည်။

## သီးခြားရာဇဝတ်မှုများကို ကနဦးလေ့လာခြင်း

- နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် နှစ်ခုလုံး၌ အကြမ်းဖက်မှုဖြစ်ပွားသည့် အနေအထားသည် ကျား/မအလိုက် မည်သို့ရှိသနည်း။ ကျား/မ အခန်းကဏ္ဍနှင့် အသိုင်းအဝိုင်း၏ မည်သည့် ရိုးရာယဉ်ကျေးမှုယုံကြည်ချက်များ ဆက်စပ်နေသနည်း။[၃၁]
- လိင်အကြမ်းဖက်ရာဇဝတ်မှုများမှ လွတ်မြောက်လာသူများအနေဖြင့် ယင်းတို့ကြုံတွေ့ခဲ့ ရသည် များကို တိုင်ကြား၍ တရားဥပဒေ အဆုံးအဖြတ်ခံယူနိုင်စွမ်းကို ဤယုံကြည်ချက်များက မည်သည့် အတိုင်းအတာအထိ လွှမ်းမိုးသက်ရောက်နိုင်သနည်း။
- ဖြစ်ပေါ်နေသည့် လိင်အကြမ်းဖက်မှုများ၏ သဘောသဘာဝနှင့် အတိုင်းအတာ မည်သို့ရှိသနည်း။ အဆိုပါ ရာဇဝတ်မှုမြောက် လုပ်ဆောင်ချက်များသည် မည်သည့် ပုံစံရှိသနည်း။တိုက်ခိုက်မှုပုံစံ တစ်ခုလုံးနှင့် မည်သို့ အံဝင်ခွင်ကျရှိနေသနည်း။
- မည်သည့်ကိစ္စများကို တရားဝင်တိုင်ကြားထားသနည်း။ မည်သူသို့ တိုင်ကြားထားသနည်း။ တိုင်ကြားသူတစ်ဦးချင်းစီသည် မည်သည့်နေရာကို ပစ်မှတ်ထားသနည်း။
- ကလေးသူငယ်များအား လိင်အကြမ်းဖက်မှုအပါအဝင် လိင်အကြမ်းဖက်မှု ပုံစံအမျိုးမျိုးအပေါ် ရပ်ရွာလူထု၏ နားလည်မှုနှင့် သဘောထား မည်သို့ရှိသနည်း။ လိင်အကြမ်းဖက်မှုမှ လွတ်မြောက် လာသူများ/ မျက်မြင်သက်သေများအနေဖြင့် မမျှော်လင့်ထားသော ကိစ္စများရှိခဲ့လျှင် မည်သည့် ကိစ္စရပ်များ ဖြစ်သနည်း။ ရပ်ရွာလူထု သို့မဟုတ် မိသားစုအနေဖြင့် ယင်းတို့မိသားစုဝင်/ရပ်ရွာသား တစ်ဦးဦးသည် လိင်အကြမ်းဖက် ရာဇဝတ်မှု ကျူးလွန်ခံရကြောင်း သိရှိလျှင် မည်သို့ လုပ်ဆောင် သနည်း။
- လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ အသက်အရွယ် သို့မဟုတ် ကျား/မ ကွာခြားမှုအလိုက် ရပ်ရွာလူထု/မိသားစု၏ တုန့်ပြန်မှု ကွာခြားပါသလား။
- လွတ်မြောက်လာသူများအနေဖြင့် တရားမျှတမှုရရှိရေး ကြိုးပမ်းရာတွင် မည်သည့် အဟန့်အတား များရှိသနည်း။ ယင်းတို့၏ ဘေးကင်းလုံခြုံမှုအနေအထား မည်သို့ရှိသနည်း။
- လိင်အကြမ်းဖက်မှုပုံစံအံ မျိုးမျိုးရှိခဲ့လျှင် ယင်းတို့ကို ရာဇဝတ်မှုအဖြစ် မည်သို့သတ်မှတ်မည်နည်း။ လိင်အကြမ်းဖက်မှုအပေါ် တရားစွဲဆိုနိုင်ရေး သက်သေပြရန်အတွက် မည်သည့်အချက် အလက် များတရားဝင်လိုအပ်သနည်း။ နိုင်ငံတော်တရားစီရင်ရေးစနစ်သည် လူတိုင်းကို တရားဥပဒေ ရှေ့မှောက်၌ အခွင့်အရေး တန်းတူပေးထားပါသလား။ အကယ်၍ ပေးထားလျှင် ထိုဥပဒေအတိုင်း လက်တွေ့ကျင့်သုံးမှုရှိပါသလား။ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့် သက်သေ အထောက်အထား လိုအပ်ချက်များသည် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ တရားမျှတမှုရှာဖွေရာတွင် အထောက်အကူပြုပါသလား သို့မဟုတ် အဟန့်အတားဖြစ်စေပါ သလား။ ဥပမာ - အမျိုးသားများ နှင့်အမျိုးသမီးများကို အမှုအတွက်စစ်ဆေးရာတွင် မျှမျှတတစစ်ဆေးမှုရှိပါသလား။ ကလေးသူငယ်များနှင့်စပ်လျဉ်း၍တရားဝင်သတ်မှတ်ပြဋ္ဌာန်းချက် များ နေသားတကျရှိနေပါသလား။
- နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့်များတွင် အမှုများကို မည်သို့စစ်ဆေးစီရင်ပါသနည်း။ ကလေးများနှင့် ဆက်ဆံရာတွင်

၃၁ ဤသုတေသနအတွက် အသုံးဝင်သော ကိရိယာမှာ - ကျား/မ မျှတမှုရှိရေးဆိုင်ရာ သမားရိုးကျ ညွှန်းကိန်းများဖြင့် ကျား/မ ခွဲခြားမှု ရှိမရှိ ချိန်ထိုးရာတွင် အမျိုးသမီးများက စတင်ဆောင်ရွက်စေခြင်း ဖြစ်သည်။ Gender in Practice: Guidelines and Methods to address Gender Based Crime in Armed Conflict စာမျက်နှာ ၉ မှ ၁၄ အထိတွင် တိုက်ဆိုင်စစ်ဆေးရမည့်ညွှန်းကိန်းများ ပါရှိပါသည်။ (http:// www.iccwomen.org/whatwedo/training/handbook.pdf တွင် ရရှိနိုင်သည်

အထူးကျွမ်းကျင်သည့် တပ်ဖွဲ့များအပါအဝင် လိင်အကြမ်းဖက် ရာဇဝတ်မှုများကို စစ်ဆေးဆုံးဖြတ်ရန် သင်တန်းပေးထားသည့် အထူးရဲတပ်ဖွဲ့များ ရှိပါသလား။

- လွတ်မြောက်လာသူများ/မျက်မြင်သက်သေများ ရနိုင်သည့်တရားဝင်နှင့် အလွတ်သဘောဆိုင်ရာ တရားစီရင်ရေးပုံစံများက အဘယ်နည်း။ ဤတရားစီရင်ရေးပုံစံများ၏ အားသာချက်များနှင့် အားနည်း ချက်များ မည်သို့ရှိသနည်း။ အလွတ်သဘောလုပ်ငန်းစဉ်များသည် ကျား/မအလိုက် ဆက်ဆံပုံ မမျှတမှုကို ထင်ဟပ်နေပါသလား သို့မဟုတ် မမျှတမှုကို ခေါ်သွင်းသလို ဖြစ်နေပါသလား။ အလွတ်သဘော တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားများန င့်အမျိုးသမီးများကို တန်းတူထား ဆက်ဆံပါသလား။ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူ / မျက်မြင်သက်သေ တစ်ဦးသည် ရိုးရာဓလေ့ လုပ်ငန်းစဉ်များ အတိုင်း မဆောင်ရွက်ရန် ရွေးချယ်ပြီး နိုင်ငံတော်အဆင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါက (ဤကိစ္စမျိုးရှိခဲ့လျှင်) မည်သည့်အကျိုးဆက်များ ခံစားရမည်နည်း။ လုပ်ငန်းစဉ်(၂)မျိုးစလုံး ရရှိနိုင်ပါ သလား။ ကလေးသူငယ်များသည် လုပ်ငန်းစဉ်(၂)မျိုးလုံး ရရှိကြပါသလား။

## သက်ဆိုင်မှုအတိုင်းအတာကို ကနဦးလေ့လာခြင်း

- နိုင်ငံရေးနှင့် လုံခြုံရေးအနေအထား မည်သို့ရှိသနည်း။ ပဋိပက္ခ သို့မဟုတ် ခွဲခြားဆက်ဆံမှု၏ နောက်ခံသမိုင်းက အဘယ်နည်း။ လူနည်းစုတိုင်းရင်းသားအရေး၊ ဘာသာရေး သို့မဟုတ် လူမျိုးရေးဆိုင်ရာ ခွဲခြားဖိနှိပ်ဆက်ဆံမှု ရှိပါသလား။ ကျား/မ အခြေခံ ခွဲခြားဆက်ဆံမှုသည် သမိုင်းစဉ်လာ ရှိပါသလား။ (ဆိုလိုသည်မှာ - ကျား/မ ကွာခြားမှုအပေါ်မူတည်၍ အခြေခံလူ့အခွင့်အရေးများကို ပြင်းထန်စွာချိုးဖောက်ခြင်း)
- မည်သူ့ကို ပစ်မှတ်ထားခဲ့ပါနည်း။ သီးခြားအုပ်စုများအပေါ် ပစ်မှတ်ထားခဲ့ခြင်းမျိုးရှိပါသလား။ ကလေးသူငယ်များအပေါ် သတ်သတ်မှတ်မှတ် ပစ်မှတ်ထားနေပါသလား။ ထိုအုပ်စုများအပေါ် ပစ်မှတ်ထားခဲ့ကြောင်း မည်သို့သိရှိပါသလဲ။ ထိုသူများအပေါ် မည်သူက ပစ်မှတ်ထားခဲ့ပါသလဲ။ အမျိုးသားကြီးများ၊ ယောကျာ်းလေးငယ်များ၊ အမျိုးသမီးကြီးများ သို့မဟုတ် မိန်းခလေးငယ်များက ယင်းတို့အပေါ် ပစ်မှတ်ထားခဲ့ပါသလား။
- တိုက်ခိုက်မှု၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အခြားကျူးလွန်မည့် ရာဇဝတ်မှုများကို အစီရင် ခံစာများ သို့မဟုတ် မှတ်တမ်းများ ပြုစုထားပါသလား။ အရပ်သားအိမ်ကို ဝင်စီးခြင်းများ၊ ဖမ်းဆီး ခြင်းများနှင့် ထိန်းသိမ်းခြင်းများ၊ ကျေးရွာများ သို့မဟုတ် စစ်ဆေးရေးဂိတ်များ၌ တိုက်ခိုက် ခြင်းများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ နှိပ်စက်မှု သို့မဟုတ် လိင်နှင့်မဆိုင်သော နှိပ်စက်မှု အကြောင်း တိုင်ကြားခြင်းများ ရှိခဲ့ပါသလား။

## ကျူးလွန်ဖောက်ဖျက်သူများအပေါ် ကနဦးလေ့လာခြင်း

- စစ်တပ်နှင့် လုံခြုံရေးအခြေခံအဆောက်အအုံများ မည်သို့ တည်ဆောက်ထားပါသလဲ။ နယ်ပယ် ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့များ လှုပ်ရှားနေပါသလဲ။ ယင်းတို့နှင့် ဒေသခံများ အကြား ဆက်ဆံရေး မည်သို့ရှိပါလဲ။
- လက်နက်ကိုင်အဖွဲ့ များ မည်သည့်နေရာမှ လာကြပါသလဲ။ ယင်းတို့မဟာမိတ်များက မည်သူများ  ဖြစ်ပါသလဲ။ ထိုအုပ်စုများကိုအမျိုးသားများ၊ အမျိုးသမီးများနှင့် ဖွဲ့စည်းထားပါသလား။ ထိုအုပ်စု များတွင် မိန်းခလေးငယ်များနှင့် ယောကျာ်းလေးငယ်များ ပါဝင်ပါသလား။ အုပ်စုတစ်ခုနှင့် တစ်ခု၏ ကွဲပြားသည့် အခန်းကဏ္ဍများက အဘယ်နည်း။
- ကျူးလွန်ဖောက်ဖျက်သည့် အုပ်စုနှင့် ဒေသတွင်း လုံခြုံရေးတပ်ဖွဲ့များအကြား အချိတ်အဆက် ရှိခဲ့လျှင် မည်သည့်ဒေသ၌ မည်သည့်အချိတ်အဆက်များ ရှိပါသလဲ။ မည်သို့ မှတ်တမ်းမှတ်ရာ ပြုထားပါသလဲ။ ကျူးလွန်သူများ သို့မဟုတ် ယင်းတို့၏ အချိတ်အဆက်ရှိသူ မည်သူမဆိုသည် စုံစမ်းစစ်ဆေးစဉ်ကာလ၌ ခံရသူအသိုင်းအဝိုင်းအပေါ် ကြီးစိုးလွှမ်းမိုးမှု ရှိပါသလား။

## ရရှိနိုင်သည့် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများအပေါ် ကနဦးလေ့လာခြင်း

- လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများသည် မည်သည့်ဆေးဝါး စောင့်ရှောက်မှုနှင့် စိတ်ခွန်အားပေးသော လူမှုရေးဝန်ဆောင်မှုများကို ရရှိထားပါသလဲ။
- လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများသည် မည်သည့်ကျန်းမာရေး၊ စိတ်ခွန်အားမြှင့် လူမှုရေး၊ ဥပဒေရေးရာနှင့် စီးပွားရေးရာ အကူအညီများ ရရှိကြပါသလဲ။ တိုင်ကြားနိုင်သည့်စနစ်များ သို့မဟုတ် လမ်းကြောင်းများ မည်သို့ရှိပါသလဲ။
- ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့် ဝန်ဆောင်မှုများကို မည်သူများက ပေးနေပါသလဲ။
- ဤဝန်ဆောင်မှုများ ရရှိရေးအတွက် အဟန့်အတား တစ်စုံတစ်ရာ ရှိပါသလား။ (ဥပမာ - လုံခြုံရေးကိစ္စ၊ ဘဏ္ဍာရေးကန့်သတ်ချက်များ သို့မဟုတ် ခွဲခြားဆက်ဆံသည့် သဘောထား သို့မဟုတ် မူဝါဒများ)

## (၂) အန္တရာယ်အပေါ် သုံးသပ်ခြင်းများ

လိင်အကြမ်းဖက်မှုအား မှတ်တမ်းပြုစုခြင်းနှင့် စစ်ဆေးခြင်းများအတွက် စီမံချက် ရေးဆွဲရာတွင် အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကို အန္တရာယ်ဖြစ်စေနိုင်သည့် အမှန်ဖြစ်စေ၊ တွေးထင်ထားသော သို့မဟုတ် ဖြစ်လာဟန်ရှိသော ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများကို လက်တွေ့ဆောင်ရွက်သူများက သုံးသပ်ရမည်။ မှတ်တမ်းတင်ရေးစီမံချက် မရေးဆွဲမီ၊ မှတ်တမ်းတင်မည့် အဖွဲ့သားအားလုံးနှင့် အင်တာဗျူးခံရမည့်သူများအပေါ် ကျရောက်နိုင်သည့်အန္တရာယ်နှင့် ဘေးကင်းစိတ်ချမှုကို လေ့လာသုံးသပ်သူများက သုံးသပ်သင့်သည်။ အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများနှင့် မှတ်တမ်းတင်သည့်အဖွဲ့အပေါ် ကျရောက်နိုင်သည့် အန္တရာယ်များနှင့် မှတ်တမ်းတင်ရမည့် အချက်များကို သုံးသပ်ပြီးနောက် ဝန်ထမ်းအနေအထား၊ လုပ်ထုံးလုပ်နည်း၊ အစီပွါယ်ဖွင့်ဆိုမှုနှင့် ဘာသာပြန်ဆိုမှုဆိုင်ရာ အနေအထားကိုကြည့်၍ လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် ဗျူဟာများနှင့် အချက်အလက်များ တည်ဆောက်မည့်စနစ်များကို ကောင်းစွာ အသိပေးရပါမည်။

### လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ/မျက်မြင်သက်သေများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များ သုံးသပ်ခြင်း

#### ၁ လိင်အကြမ်းဖက်မှုမှတ်တမ်းပြုစုခြင်းနှင့် ဆက်စပ်နေသူများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များ

လိင်အကြမ်းဖက်မှုမှတ်တမ်းပြုစုခြင်းနှင့် ဆက်စပ်နေသူများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များတွင် -

- လက်စားချေခြင်း/ဖိအားပေးခြင်း/ ကျူးလွန်ဖောက်ဖျက်သူများဟု ထင်ရသူများက ခြိမ်းခြောက် ခြင်း၊ ယင်းတို့မိသားစုများ၊ ယင်းတို့ကို ထောက်ခံအားပေးသူများက ပြန်လည် ဆန့်ကျင်ခြင်း
- ရပ်ရွာသား ရှုတ်ချည်းဖြစ်လာသူများ၊ မိသားစုဝင်ရှုတ်ချည်းဖြစ်လာသူများ၊ အုပ်ထိန်းသူရှုတ်ချည်း ဖြစ်လာသူများက ရပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အပြစ်ပေးမှု ပြုလုပ်ခြင်း
- ကျူးလွန်သူများနှင့် ပြန်လည်သင့်မြတ်အောင်ပြုရန် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအား အမိန့်ပေးစေခိုင်းခြင်း၊ (လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင် သက်သေများအား ယင်းတို့အပေါ် ကျူးလွန်သူများနှင့် အတင်းအကျပ် လက်ထပ်ခိုင်းနိုင် သည် သို့မဟုတ် အတူနေထိုင်ခိုင်းနိုင်သည်။)
- လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအတွက် တရားမျှတမှု ရှာပေးခြင်းထက် ထိုကိစ္စနှင့်စပ်လျဉ်း၍ မိသားစုမှ ငွေကြေးတစ်စုံတစ်ရာရရှိရေးကိုသာ ဦးစားပေး ဆောင်ရွက်ခြင်း
- ပြန်လည်ထိခိုက်ခံစားရခြင်း
- ကြင်ဖက်နှင့် အခြားမိသားစုဝင်များ သို့မဟုတ် ရပ်ရွာလူထုမှ ပယ်ထားခြင်း၊ အကျိုးဆက်အားဖြင့် အထီးကျန်ခြင်း သို့မဟုတ် ရင်သွေးများက မိမိအား စွန့်ပစ်ခြင်း
- အသက်မွေးဝမ်းကျောင်းအလုပ် ဆုံးရှုံးခြင်း
- ကလေးငယ်များတွင် ကျောင်းမတက်နိုင်ခြင်း၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဆုံးရှုံးခြင်း
- အချို့အစွန်းထွက်ကိစ္စများတွင် ဥပမာ - လက်ထပ်ထားသူ၏ ဆိတ်ကွယ်ရာပြင်ပ၌ လိင် ဆက်ဆံခြင်း သို့မဟုတ် လိင်တူဆက်ဆံခြင်းများ၌ ရာဇဝတ်မှုအဖြစ် သတ်မှတ်၍ ဖမ်းဆီးခြင်းနှင့် အပြစ်ပေးခြင်းတို့ ပါဝင်သည်။

#### ၂ အထူးသဖြင့် လက်တွေ့ဆောင်ရွက်သူများသည် ယင်းတို့ကိုယ် ယင်းတို့ပြန်မေးသင့်သည်မှာ -

- အနီးအနားတွင် ဆေးရုံ၊ ဆေးခန်း ရှိပါသလား။ ရှိခဲ့လျှင် သင်ရော ထိုဆေးရုံ၊ ဆေးခန်း၌ ကုသမှုခံယူနိုင်ပါသလား။ သင်နှင့် ဆက်သွယ်ဆောင်ရွက်နေသော လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ အားလုံးကို စစ်ဆေးကုသပေးပါသလား သို့မဟုတ် အချို့ကိုသာ ကုသပေးသလား။ အားလုံးကို မကုသပေးလျှင် ကျန်လူများကို မည်သူက ကုသပေးနိုင်ပါသလဲ။
- လိင်အကြမ်းဖက်မှုများဖြစ်ပွားနေပြီး၊ ပြစ်မှုကျူးလွန်သူများ ရှိနေဆဲဧရိယာ၊ သို့မဟုတ် လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအပေါ် ဖိအားပေးမှုအန္တရာယ်များ ရှိနေသည့် ဧရိယာ၊ နောက်ထပ် တိုက်ခိုက်မှုများ (ထုတ်ဖော်ပြောဆိုလျှင် လက်စားချေခြင်း အပါအဝင်) သို့မဟုတ် ရွှေ့ပြောင်းနေရာချထားခံရမည့်အခြေအနေတွင် အမှုကို မှတ်တမ်းတင်မည်လား။ မှတ်တမ်းတင်မည်ဆိုပါလည်း ဤအတားအဆီးများကို ကျော်လွှားရန် မည်သည့်ဗျူဟာများ အသုံးပြုမည်နည်း။

- မှတ်တမ်းတင်မည့် အချက်အလက်များသည် လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများနှင့် ပြန်လည်ပတ်သက်နေလျှင် အခင်းဖြစ်ရာနေရာကို ဖော်ထုတ်ခြင်းဖြင့် ကြုံတွေ့ရမည့် အန္တရာယ် များနှင့် စပ်လျဉ်းသည့် အချက်အလက်များ ရှိပါသလား။ ရှိလျှင် ထိုသူများကို ကာကွယ်ရန် မည်သည့်လုပ်ငန်းရပ်များကို သင်အသုံးပြုမည်နည်း။
- ရာဇဝတ်မှုဖြစ်ရာနေရာများသို့ သွားရောက်လေ့လာခြင်းဖြင့် ဤနေရာများအကြောင်း သတင်း ပေးသူများအပေါ် အန္တရာယ်များ ထပ်မံ ကျရောက်နိုင်ပါသလား။ ကျရောက်နိုင်လျှင် ဤနေရာများ နှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းနိုင်သည့် အခြားနည်းလမ်းများ (ဥပမာ - ကြားခံများ အသုံးပြုခြင်း စသည်) ရှိပါသလား။
- ကလေးသူငယ်များအနေဖြင့် ရှေ့ထွက်လျှင် မည်သည့်အန္တရာယ်များ ကြုံတွေ့ရဖွယ်ရှိသနည်း။ ရာဇဝတ်မှု အကြောင်း တိုင်ကြားသူကလေးများသည် ဒဏ်ရာပေးခံရခြင်း သို့မဟုတ် အထီး ကျန်ခြင်း ခံစားရဖွယ် ရှိပါသလား။ ကလေးများအပေါ် ကျရောက်နိုင်သည်ဟု ခန့်မှန်းထားသော စိန်ခေါ်မှုများ သို့မဟုတ် အန္တရာယ်များကို ကျော်လွှားရန် မည်သည့်လုပ်ငန်းစဉ်များ ရှိပါသလဲ။
- ကြုံလာမည့် အန္တရာယ်များနှင့်စပ်လျဉ်း၍ သင့်ကုယ်ပိုင်ဗဟုသုတနှင့် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၏ ဗဟုသုတများကို ထည့်သွင်းစဉ်းစားပါသလား။ လက်တွေ့ဆောင်ရွက်လက်တွေ့ဆောင်ရွက်သူများသ ည် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင် သက်သေများကို တိုင်ပင်ရမည်။ အကြောင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ဒေသ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းနှင့် ပတ်သက်သည့် စိန်ခေါ်မှု၊ အန္တရာယ် အချို့ကို ယင်းတို့ကသာ သိမြင်နိုင်သောကြောင့် ဖြစ်သည်။

## လက်တွေ့ဆောင်ရွက်သူများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို သုံးသပ်ခြင်း

၁ အခင်းဖြစ်ရာဧရိယာသို့ ဝင်ထွက်ရန်နှင့် ထိုဧရိယာအတွင်း သွားလာရန်အန္တရာယ် ရှိနိုင်ပါသလား။

- အခင်းဖြစ်ရာဧရိယာအတွင်း သို့မဟုတ် အခင်းဖြစ်ရာနေရာအတွင်း၌ လှုပ်ရှားနေသည့် လက်နက်ကိုင်အဖွဲ့များ၊ အကြမ်းဖက်သမားများ သို့မဟုတ် ရာဇဝတ်မှုကွန်ယက်များ ရှိပါသလား။
- သင်၏ အဖွဲ့သည် ပစ်မှတ်ထား တိုက်ခိုက်ခံရနိုင်ချေ ရှိပါသလား။ သင် သို့မဟုတ် သင်၏အဖွဲ့ကို ပြစ်မှုကျူးလွန်သူများ၊ ထိုသူများ၏ မိသားစုများနှင့် အပေါင်းအပါများက ခြိမ်းခြောက်နိုင်ချေ ရှိပါသလား။ (အထူးသဖြင့် ဤကိစ္စသည် နိုင်ငံတော်အဆင့်၌ ဆောင်ရွက်နေသူများအပေါ်လည်း ပြ. နာပေးနိုင်သည်။)

၂ သင်စဉ်းစားထားသည့် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု မဟုတ်သည့် အခြားအန္တရာယ်များ ရှိပါသလား။ (အထူးသဖြင့် ပြည်တွင်း NGOs များအပေါ် ကျရောက်နိုင်သည့် အခြားအန္တရာယ် ရှိပါသလား။) ဥပမာ - ပြည်တွင်း NGOs များသည် ဤကိစ္စကို ဆောင်ရွက်လျှင် မှတ်ပုံတင်မှု ပယ်ဖျက်မည်ဟု ခြိမ်းခြောက် ခံရနိုင်သည်။

၃ အခင်းဖြစ်ရာနေရာများသည် သွားရောက်လေ့လာလျှင် ရုပ်ပိုင်းဆိုင်ရာအရ လုံခြုံဘေးကင်းမှု ရှိပါသလား။

- အခင်းဖြစ်ရာဧရိယာ သို့မဟုတ် နေရာသည် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ သို့မဟုတ် ရာသီဥတုအခြေအနေ ဆိုးဝါးမှုများမရှိပဲ ဘေးကင်းစိတ်ချရပါသလား။
- အခင်းဖြစ်ရာနေရာများသည် ဝေးလွန်းပါသလား။ ညအိပ်နေထိုင်စရာ မလိုပဲ သွားလာနိုင် ပါသလား။ မဖြစ်မနေ ညအိပ်နိုင်မှ ရောက်မည်ဆိုပါက ညအိပ်ရန် ဖြစ်နိုင်ချေ ရှိပါသလား။
- အခင်းဖြစ်နေရာတွင် မပေါက်ကွဲသေးသည့် လက်နက်ပစ္စည်းများ အန္တရာယ်ရှိနေပါသလား။
- အခင်းဖြစ်နေရာသည် အင်ဂျင်နီယာ တည်ဆောက်ပုံ မကောင်းသည့် အဆောက်အအုံအတွင်း သို့မဟုတ် အနီးအနားတွင် ရှိပါသလား။

၄. သင်စုဆောင်းထားသည့် အချက်အလက်နှင့် သက်သေခံအထောက်အထား တစ်စုံတစ်ရာကို သင့်ထံ၌ တွေ့ရှိရပါက မည်သည့် သက်ရောက်မှု ရှိမည်နည်း။

၅. အန္တရာယ်များ လျှော့နည်းရေးအတွက် မည်သည့် လုပ်ထုံးလုပ်နည်းများကို သင်ချမှတ်နိုင်ပါသလဲ။

- သင့်ထံတွင် ဘေးကင်းလုံခြုံရေးနှင့်ဘေးလွတ်ရာ ပြောင်းရွှေ့ပေးရေးစီမံချက်မျိုး ရှိပါသလား။
- သင့်တွင် ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်တစ်ခု ရှိပါသလား။

- ကြုံလာနိုင်သည့် ဖြစ်ရပ်တစ်ခုခုကို ကိုင်တွယ်စီမံနိုင်ရန် သင့်တွင် ကိရိယာအလုံအလောက် တပ်ဆင်ရန်ရှိပါသလား။ ဥပမာ - သင့်ထံတွင် လောင်စာဆီ၊ အထောက်အကူပစ္စည်းများ၊ ရှေးဦး သူနာပြုဆေးပစ္စည်းများနှင့် ဆက်သွယ်ရေးကိရိယာများ အပိုအလျှံ အလုံအလောက် ရှိပါသလား။
- သင့်အဖွဲ့သည် အနီးအနားရှိ ဆေးရုံ၊ဆေးခန်း သို့ဝင်ထွက် နိုင်ပါသလား။
- လိုအပ်လျှင် သင်၏ ယာဉ်စက်ကိရိယာများပေါ်ရှိ အဖွဲ့အစည်းအမှတ်တံဆိပ်ကို သင်ဖယ်ရှား နိုင်ပါသလား။
- အဆိုပါ နေရာများတွင် တွေ့ရှိသည့် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၊ အဖော်မဲ့ကလေးငယ်များ သို့မဟုတ်အခြားပုဂ္ဂိုလ်မည်သူမဆိုအား အရေးပေါ်အကူအညီ သို့မဟုတ် အရေးပေါ်သယ်ယူပို့ဆောင်ပေးမည့် စီမံချက်၊ မူဝါဒနှင့် အခြားအဖွဲ့သို့ လမ်းညွှန်ပေးမည့် အစီအစဉ် ရှိပါသလား။

၆. အခြားသူ၏ ခံစားချက်နှင့် ဆက်စပ်၍ စိတ်ထိခိုက်နာကျင်မှုကို သင်နှင့် သင့်အဖွဲ့ ခံစားရမည့် အန္တရာယ်ရှိပါသလား။ ထိုသို့ခံစားရလျှင် ခံစားရသူ အဖွဲ့ဝင်များကို သက်သာသည်အထိ ခွင့်ရက် လက်တွေ့ဆောင်ရွက်မကြာခဏယူရန်၊ခွင့်ရက်ဆက်တိုက်ယူရန်တိုက်တွန်းသင့်ပါသည်။လက်တွေ့ဆောင်ရွက်ပေးသူများလည်း ယင်းတို့ ရင်ဆိုင်နေရသည့် စိတ်ဖိစီးမှုများကို ဖွင့်ပြောလာစေရေး အားပေးသင့်ပါသည်။

### အချက်အလက်နှင့်ဆိုင်သည့် အန္တရာယ်များ သုံးသပ်ခြင်း

- အချက်အလက်များကို ဘေးကင်းစွာ ကောက်ယူ စုဆောင်းနိုင်ရန် စီမံချက် တစ်ရပ်ရပ် သင့်ထံ၌ရှိပါသလား။
- သင်ကောက်ယူထားသည့် အချက်အလက်များ လုံခြုံရေးနှင့် လျှို့ဝှက်စွာ ထားရှိနိုင်ရေးအတွက် မည်သို့ ထိန်းသိမ်းမည်နည်း။ အချက်အလက်များကို အာဏာဖြင့် သိမ်းယူမည့် အန္တရာယ်ရှိပါက မည်သည့်အချိန်တွင် မည်သည့်အကြောင်းပြချက်ဖြင့် မည်သို့ သင်ဖျက်ဆီးမည်နည်း။(အပိုင်း ၉ **"အချက်အလက် သိမ်းဆည်းခြင်း"ကို ကြည့်ပါ။)**
- သင်ကောက်ယူထားသည့် အချက်အလက်များနှင့် သက်သေခံအချက်အလက်တစ်စုံတစ်ရာကို မည်သို့ပို့ဆောင်မည်နည်း။
- သင်သည် အချက်အလက်ထိန်းသိမ်းသည့်လုပ်ငန်းစဉ် ကို ထိန်းသိမ်းထားနိုင်စွမ်းရှိပါသလား။ အချက်အလက်များကို လုံခြုံစွာ ကာလရှည် ထိန်းသိမ်းထားနိုင်စွမ်းသင့်မှာ ရှိပါသလား။ **(နောက်ဆက်တွဲ ၆ နှင့် ၇ တွင် ဖော်ပြထားသည့် "ရုပ်ပိုင်းဆိုင်ရာ သက်သေအချက်အလက် ထိန်းသိမ်းသည့်လုပ်ငန်းစဉ်စည်းမျဉ်းများ" နှင့် "မှတ်တမ်းသက်သေ - အချက်အလက်ထိန်းသိမ်းသည့် လုပ်ငန်းစဉ်ဆိုင်ရာ စည်းမျဉ်းများ" တွင်ကြည့်ပါ။)**

## ၃.၄ လုပ်ငန်းတစ်ရပ်လုံးအားစီမံချက်ရေးဆွဲခြင်း

လိင်အကြမ်းဖက်မှု မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ် မစတင်မီ - အထက်ပါကိစ္စရပ်များကို ထည့်သွင်း စဉ်းစား၍ အောက်ပါအဓိကမေးခွန်းများကို ဖြေပေးရန် ရှင်းလင်းသည့် ဗျူဟာတစ်ရပ် သို့မဟုတ် စီမံချက် တစ်ရပ်ကို လက်တွေ့ဆောင်ရွက်လက်တွေ့ဆောင်ရွက်သူများက ရေးဆွဲပြုစုရမည်။

သင်၏ လေ့လာမှုနှင့် အန္တရာယ်စိစစ်ချက်များအားဖြင့် -

- **လိင်အကြမ်းဖက်မှုကို အဘယ်ကြောင့် မှတ်တမ်းပြုစုပါသနည်း။** ရလဒ်က အဘယ်နည်း သို့မဟုတ် သင်ရှာဖွေနေသည့် ရလဒ်က အဘယ်နည်း။
- **လိင်အကြမ်းဖက်မှုကို ကောင်းစွာ မှတ်တမ်းပြုနိုင်စွမ်း သင့်မှာ ရှိပါသလား။** ထိုသို့ပြုလုပ်ရန် သင့်အား ကောင်းစွာသင်တန်းပေးထားခြင်း၊ လက်နက်ကိရိယာအပြည့်အစုံ တပ်ဆင်ပေးခြင်း ရှိပါသလား၊ သင့်အနေနှင့်ရော ကောင်းစွာပြင်ဆင်ထားပါသလား။ သင်ပါဝင်ဆောင်ရွက်နေသည့် ဥပဒေ မူဘောင်များကို သင်သိပါသလား။
- **အချက်အလက်နှင့် သင်ဘာလုပ်မည်နည်း။ အချက်အလက်ကို မည်သို့လုံခြုံအောင် စီမံမည်နည်း။ သုံးသပ်မည်နည်း။** ထိန်းသိမ်းမည်နည်း။ မည်သူအား တင်ပြမည်နည်း။ အများပြည်သူအား မည်သည့်အချက်အလက် ထုတ်ဖော်ပြောဆိုမည်နည်း။ မည်သည့်အချက်ကို အတွင်းရေးအဖြစ် ထားရှိမည်နည်း။
- **ဦးစားပေးများ မည်သို့ရွေးချယ်၍ဆက်လက်ဆောင်ရွက်မည်နည်း။** သင့်၌ရှိသော အချိန်နှင့် အရင်းအမြစ်နှင့်စာလျှင် သင်ကောက်ယူရမည့် အချက်က ပိုများနိုင်သည်။ ထိုသို့ဖြစ်လျှင် ဦးစားပေး ကိစ္စရပ်ကို မည်သို့ရွေးချယ်မည်နည်း။
- **သင်၏ အင်အားကို မည်သည့်နေရာတွင် အလေးပေးမည်နည်း။** နယ်ပယ်ဒေါ်ယာ သို့မဟုတ် ကိစ္စရပ် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းကို အလေးထားရွေးချယ်ရာတွင် အခြေခံရမည့် အချက်များက အဘယ်နည်း။ သင်၏ ဗျူဟာသည်

ပထဝီဝင်အနေအထား၊ အကြောင်းအရာ သို့မဟုတ် နှစ်မျိုးလုံးကိုအခြေခံပါသလား။

- **လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ မှတ်တမ်းပြုမည့် အချက်အလက်နှင့် သင့်အဖွဲ့ ဘေးကင်းလုံခြုံရေး အစီအမံများက အဘယ်နည်း။** ထိုအန္တရာယ်များ လျော့နည်းစေရေး မည်သည့်ဗျူဟာများ ချမှတ်ထားရှိမည်နည်း။ မည်သည့် လမ်းညွှန်မှုနည်းလမ်းများကို ထားရှိ ပေးနိုင်သနည်း။
- **မည်သို့မှတ်တမ်းပြုစုမည်နည်း။** လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးနှင့် ကျွမ်းကျင်မှုအတွက် သင့်လိုအပ်ချက်များက အဘယ်နည်း။
- **မည်သည့်အချက်အလက်အရင်းအမြစ်များကို သင်ရရှိနိုင်သနည်း။** မည်သည့်အချက်အလက် အရင်းအမြစ်များကို သင်ရှာဖွေနေသနည်း။ ထိုအချက်အလက်အရင်းအမြစ်များ ရရှိရေး မည်သို့ ဆောင်ရွက်မည်နည်း။ မည်သည့် အချက်အလက် အရင်းအမြစ်များသာ လိုအပ်သည်ဟု သင့်ကိုယ်သင် ကန့်သတ်ထားသနည်း။
- **သုတေသနပြုမည့် သင့်ရည်ရွယ်ချက်ကို ရပ်ရွာလူထုနှင့် လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများနှင့်မည်သို့ ချိတ်ဆက်ဆောင်ရွက်မည်နည်း။** အသေးအဖွဲ့ကိစ္စရပ်များ အပါအဝင် မှတ်တမ်းတင်မည့်ကိစ္စရပ်အတွက် အင်တာဗျူးခံမည့်များသူအား ကြိုတင်အသိပေး ခွင့်ပြုချက်ယူရန် မည်သည့်လုပ်ငန်းစဉ်ကို သင်အသုံးပြုမည့်နည်း။
- **ဤသို့ဆောင်ရွက်ရန် အချိန်မည်မျှ သုံးစွဲမည်နည်း။** သင်၏ အချိန်အကန့်အသတ်က အဘယ်နည်း။

## ၄။ အဓိကစီမံချက် ရေးဆွဲရမည့် ခေါင်းစဉ်များ

### ၄.၁ ပေါင်းစပ်ညှိနှိုင်းခြင်း

မည်သည့်အချိန်၌မဆို၊ ပဋိပက္ခဖြစ်ရာ ဒေသများ၌လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူရန်၊ မှတ်တမ်းတင်ရန်နှင့် စိစစ်ရန် ကြိုးပမ်းဆောင်ရွက်မှုများစွာ ရှိနေနိုင်သည်။ လိင် အကြမ်းဖက်မှုကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသည်ဟု ယုံကြည်ရသည့် ဒေသများ၊ လူသားချင်းစာနာမှုဖြင့် တုန့်ပြန်ဆောင်ရွက်မှုရှိသော ဒေသများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာမှ သို့မဟုတ် ပြည်တွင်းမှ တရားဝင် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နေသည့် ဒေသများတွင် အထက်ပါ ကြိုးပမ်းဆောင်ရွက်မှုများ အမှန်တကယ် ရှိနေသည်။ ဆောင်ရွက်ပုံ ဆောင်ရွက်နည်း အမျိုးမျိုး နှင့် စုံစမ်းမေးမြန်းရန် ဖုန်းလိုင်းများစွာ ထားရှိခြင်း သည် လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအပေါ် အန္တရာယ်ရှိနိုင်သည်။ကောက်ယူသည့် အချက်အလက်အရည် အသွေးကိုထိခိုက်စေပြီး ရာဇဝတ်မှုစစ်ဆေးစီရင်ရာတွင် အသုံးပြုနိုင်စွမ်း လျော့နည်းစေသည်။ ထို့အပြင် ထိုဒေသ၌ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ အလုပ်ကိုထိခိုက်စေသည်။ စုံစမ်းမေးမြန်းနိုင်မည့် လမ်းကြောင်းများစွာ ထားရှိခြင်း၏ အကျိုးဆက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများသည် ယင်းတို့ဇာတ်လမ်းကို လူအမျိုးမျိုးထံသို့ ရည်ရွယ်ချက်မျိုးစုံဖြင့် အကြိမ်ကြိမ် တင်ပြကောင်း တင်ပြရပေမည်။ အချို့ကိစ္စရပ်များသည် စိတ်ထိခိုက်နာကျင်မှုများ ပြန်လည်ခံစားရသည်အထိ ဖြစ်သွားနိုင်သည်။ မေးခွန်းများ မေးမြန်းခံရသည့်အခါလည်း စစ်ကြောမေးမြန်းခံရသကဲ့သို့ပင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေများမှ ခံစားမိနိုင်သည်။
- ရုပ်နှင့် စိတ်အလွန်အမင်း ပင်ပန်းမှုကို သုံးသပ်ခြင်း - ရပ်ရွာလူထုအနေဖြင့် အကြိမ်ကြိမ်မေးမြန်း ခံရခြင်း၊ ကြားဝင်နှောက်ယှက်ခြင်းနှင့် မည်သည့်အကူအညီ အထောက်အပံ့မှ မရပဲ ကတိ သက်သက်သာ ပေးခံရခြင်းများနှင့် ကျင့်သားရလာသည်။
- လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုများသည် ထိုကိစ္စအပေါ် အာရုံစူးစိုက်မှုများလာပြီး ယင်းတို့ရပ်ရွာ သားချင်း အချင်းချင်း သစ္စာဖောက်လာခြင်း သို့မဟုတ် တစ်ဦးနှင့် တစ်ဦးစွပ်စွဲခြင်းများ ဖြစ်လာနိုင်သည်။

**လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများကို လေးစားရန်နှင့် အကောင်းဆုံးအချက်အလက်များ ကောက်ယူနိုင်စေရန် ဤလုပ်ငန်းစဉ်များကို တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်သည်။ လက်တွေ့ဆောင်ရွက်သူများသည်အဆုံးသတ်၌ -**

- သက်ဆိုင်ရာဒေသသို့ ခရီးမထွက်မီ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရေး ကြိုတင် ထူထောင်ထားသင့်သည်။ ယင်းတို့ကောက်ယူနိုင်သည့် သို့မဟုတ် ကောက်ယူ၍ မရသည့် အချက်အလက် အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်နှင့် အချက်အလက်၏ ရည်ရွယ်ချက်တို့ကို ဖြစ်နိုင်သမျှ ကြိုတင်စိစစ်ထားသင့်သည်။
- ဆောင်ရွက်ဆဲဖြစ်သည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ဒေသန္တရအဆင့် ကျား၊မ အခြေခံသည့် အကြမ်းဖက်မှု ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များအကြောင်း ရှာဖွေထားသင့်သည်။ လက်ရှိ စနစ်များသည် သတင်းအချက်အလက်မျှဝေခြင်း၊

အချက်အလက်ရယူခြင်းနှင့် လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအတွက် အကာအကွယ်ပေးရေးနည်းလမ်းများ ချမှတ်ဆောင်ရွက်ရာတွင်အထောက်အကူပြုခြင်းအား သိရှိထားသင့်သည်။

- အချက်အလက် ကောက်ယူနေသည့်အခြားအဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံရေးနှင့် အခြား စိုးရိမ်ပူပန်မှုများကိုလည်း သိရှိထားသင့်သည်။ အချို့သောအဖွဲ့အစည်းများသည် အချက်အလက် များကို သိုသပ်စွာ ကောက်ယူနိုင်သည်ဖြစ်ရာ ထိုအဖွဲ့များထံမှ အချက်အလက်များ တောင်းခံရန် လူသိရှင်ကြား ချဉ်းကပ်ခြင်း မလုပ်သင့်ပါ။
- အချက်အလက်များကို ထိန်းချုပ်ခြင်း၊ နစ်နာသူရပ်ရွာလူထုကို ရှေ့ဆက်တွေ့ကြုံရမည့် ကိစ္စများဖြင့် ခြိမ်းခြောက်ခြင်း၊ မှတ်တမ်းတင်ရန် အားထုတ်မှု လျော့နည်းစေရန်ရည်ရွယ်၍ မမှန်ကန်သော အချက်အလက်များ ထုတ်ပေးခြင်းစသည်ဖြင့် မှားယွင်းစွာ ဆက်ဆံနေသည့် အဖွဲ့အစည်း များနှင့်လူပုဂ္ဂိုလ်များကို သိရှိထားသင့်သည်။
- လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် ယင်းတို့ရည်ရွယ်ချက်၊ မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်သည်နှင့် ယင်းတို့ကောက်ယူရရှိသည့် အချက်အလက်များကို ဝေမျှရန် မည်သည့်ကန့်သတ်ချက်များရှိသည် စသည်ဖြင့် လက်ရှိစနစ်များနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိထားသင့်သည်။ ဤနေရာတွင် ကျား၊ မ အခြေခံသည့် အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်စနစ်
- (Gender Based Violence Information Management System - GBVIMS)[၃၂] နှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် (၁၉၆၀ ခုနှစ်)[၃၄] ဖြင့်စတင်အသုံးပြုခဲ့သခဲ့သည့် စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် အစီရင်ခံစာတင်ပြသည့်အစီအမံများ (Monitoring, Analysis and Reporting Arrangement – MARA)[၃၃] တို့ပါဝင်သည်။
- အခြားအဖွဲ့အစည်းများတွင် ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်အမျိုးမျိုး အဖွဲ့အစည်းရှိသည်နှင့်အညီထို အဖွဲ့အစည်းများ၏တာဝန်ဝတ္တရားများကိုလေးစားသင့်သည်။လူတန်းစား အားလုံးအား ဘက်မလိုက်သော အကူအညီများ မကြာခဏပေးကြခြင်း၊ ပဋိပက္ခများ စေ့စပ်ညှိနှိုင်းပေးခြင်း၊ လွတ်လပ်စွာ တရားစီရင်နိုင်စေရန် ထိန်းသိမ်းပေးခြင်းနှင့် ရပ်ရွာလူထု တစ်ခုလုံးနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းတို့သည် ဝန်ဆောင်မှုပေးသူများအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ လက်တွေ့ဆောင်ရွက်သူများသည် ဒုက္ခသည်စခန်းများ၊ နေရာများ၊ အကူအညီပေးမည့် လုပ်သားရုံးများ၊ ဆေးခန်းများသို့ ရောက်ရှိနေသည့် အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများထံသို့ သွားရောက်လေ့လာသည့်အခါ အထူးသတိထားသင့်သည်။ ဖြစ်နိုင်လျှင် ထိုခရီးစဉ်များကို ကြိုတင်အစီအစဉ်ဆွဲထားသင့်ပြီး ကြိုတင်မကြေငြာထားပဲ အချက်အလက်များ တောင်းခံခြင်းမျိုး မပြုလုပ်သင့်ပါ။
- လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအား ဝန်ဆောင်မှုပေးခြင်း သည် လျှို့ဝှက်စွာထားရှိမည်ဟူသော မျှော်လင့်ချက်ကိုအခြေခံသည်ဖြစ်ရာ ထိုမျှော်လင့်ချက်ကို မချိုးဖောက်ရန် သတိထားသင့်သည်။ ဤနေရာတွင် လိင်အကြမ်းဖက်မှုဖြစ်ပွားသည့် ပုံစံများ၊ နေရာ၊ တုန့်ပြန်ဆောင်ရွက်ပုံနှင့် အကြမ်းဖက်မှုအမျိုးအစားတို့ကို ပြုစုရာတွင် အသုံးဝင်နိုင်သည့် အချက်အလက်များစွာ ဝေမျှခြင်း အပါအဝင်ကို သတိထားဆောင်ရွက်ရမည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်၁၈၈၈[၃၅] တွင်ကုလသမဂ္ဂနှင့် အစိုးရအေဂျင်စီများ၊ NGOs များအား လိင်အကြမ်းဖက်ရာဇဝတ်မှုများ စောင့်ကြည့်လေ့လာမှု၊ မှတ်တမ်းတင်မှုနှင့် တိုင်ကြားမှုတိုးတက်ရေး အထောက်အကူပေးရန် ညွှန်ကြားထားသည်ကို စိတ်တွင် စွဲမှတ်ထားသင့်သည်။ လွတ်မြောက်လာသူများကို ကူညီနေသည့် ဝန်ဆောင်ပေးသူများနှင့် အခြားအဖွဲ့အစည်းများသည် - ဆောင်ရွက်ရန် ဤဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွန်ရန် ရွေးချယ်၍ အလေ့အကျင့်ကောင်းများ၊ ကျင့်ဝတ်များနှင့်အညီ လွတ်မြောက်လာသူများ၏ သဘောတူညီချက်ဖြင့် အချက်အလက်များကို ဝေမျှပေးရမည်။

၃၂ ၂၀၀၆ ခုနှစ်၌ UNOCHA, UNHCR နှင့် IRC တို့သည် GBVIMS ခြေလှမ်းသစ်ကို စတင်မိတ်ဆက်ရခြင်းမှာ ကျား၊ မ အခြေခံအကြမ်းဖက်မှုဆိုင်ရာ အချက်အလက်ကောက်ယူရာတွင် လူသားချင်းစာနာထောက်ထားသည့် အကြောင်းအရင်းခံဖြင့် လိုက်လျောညီထွေဖြစ်စေရန် GBV မန်နေဂျာများအတွက် အချက်အလက်ကောက်ယူ၊ သိမ်းဆည်းသုံးသပ်ရာတွင် ရိုးရှင်းသည့် စနစ်တစ်ရပ် ပေးနိုင်ရန်၊ GBV ဖြစ်ရပ် တိုင်ကြားမှုများအား လုံခြုံစိတ်ချစွာ ကျင့်ဝတ်နှင့်အညီဝေမျှနိုင်စေရန်ဖြစ်သည်။ (http://www.gbvims.org တွင်ကြည့်ပါ။)

၃၄ OPB, ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် 1960 (2010) [အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး]၊ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ (၁၆)ရက်၊ S/RES/1960 (2010)

၃၃ MARA ၏ ရည်ရွယ်ချက်မှာ မည်သည့်အခြေအနေ၌မဆို အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးသူငယ်များအပေါ် လိင်အကြမ်းဖက်မှုနှင့်ဆိုင်သည့်ပဋိပက္ခဆိုင်ရာ အချက်အလက်များ အချိန်နှင့်တပြေးညီ စနစ်တကျတိကျစွာ လုံလောက်စွာ ရည်ရွယ်ချက်ရှိရှိဖြင့် ကောက်ယူစုဆောင်းနိုင်စေရန်ဖြစ်သည်။ MARA မှတဆင့် ကောက်ယူရရှိခဲ့သော အချက်အလက်များကို လိင်အကြမ်းဖက်မှုပဋိပက္ခများအား အချိန်နှင့်တပြေးညီ တားဆီးအရေးယူမှု ပိုမိုတိုးတက်လာစေရန် အသုံးပြုသွားမည်။လမ်းညွှန်ချက် "Implementation of Security Council Resolution 1960(2010) on Women, Peace and Security(Conflict-related Sexual Violence)"

၃၅ MARA၏ ရည်ရွယ်ချက်မှာ အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးများအပေါ် လိင်အကြမ်းဖက်မှုနှင့် ပတ်သက်သည့် ပဋိပက္ခအခြေအနေအရပ်ရပ်အတွက် အချိန်နှင့်တပြေးညီ တိကျ အားထားရသောအပြုသဘောအချက်အလက်များ စနစ်တကျ စုဆောင်းစေရန် ဖြစ်သည်။ လိင်အကြမ်းဖက်မှုဆိုင်ရာ ပဋိပက္ခများကို အချိန်နှင့်တပြေးညီ အရေးယူတားဆီးနိုင်မှု တိုးတက်လာစေရန် MARA ဖြင့် ကောက်ယူထားသည့် အချက်အလက်များကို အသုံးပြုကြသည်။ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (လိင်အကြမ်းဖက်မှုဆိုင်ရာ ပဋိပက္ခ) အပေါ် လုံခြုံရေးကောင်စီ ဆုံးဖြတ် လမ်းညွှန်ဖော်ပြချက်မှတ်တမ်းချက် 1960 (2010)အား အကောင်အထည်ဖော်ခြင်းကို ကြည့်ပါ။

## ၄.၂ စကားပြန်ဆိုခြင်း

စကားပြန်များသည် မကြာခဏပင် လက်တွေ့ဆောင်ရွက်သူအဖွဲ့၏ အဓိကအပိုင်းတစ် ရပ်ဖြစ်ကြသည်။ စကားပြန်များကို စကားပြန်သက်သက်အတွက်သာမကပဲ လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအပြင် ကလေးသူငယ်များနှင့်ပါ အလုပ်လုပ်ရန်အတွက်အတွက်လည်း ကောင်းစွာ သင်တန်းပေးသင့်သည်။

စကားပြန်သူများသည် လက်တွေ့ဆောင်ရွက်သူများနှင့် ရပ်ရွာသားများ အပြန်အလှန် ဆက်ဆံ ဆောင်ရက်ွစဉ်၊ အင်တာဗျူးအပါအဝင်၌ လက်တွေ့ဆောင်ရွက်သူ၏ အဖွဲ့ကို စကားပြန်ပေးသင့်သည်။ စကားပြန်သူများသည် လက်လက်တွေ့ဆောင်ရွက်သူများအား အဓိကစကားရပ်များ၊ လိင်အကြမ်းဖက်မှုဆိုင်ရာ အပြုအမူများနှင့် ဖော်ပြချက်များအတွက် မှန်ကန်သော စကားအသုံးအနှုန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘာသာပြန်ဆိုခြင်းများ ပြုလုပ်ပေးနိုင်ရမည်။ လွတ်မြောက်လာသူ သို့မဟုတ် အခြားမျက်မြင်သက်သေမှ ပေးသော အချက်အလက်ကို မပြောင်းပဲ၊ လွှမ်းမိုးခြင်းမပြုပဲ ဘာသာပြန်ဆိုပေးနိုင်ရမည်။

အင်တာဗျူးစဉ်အတွင်း၌ စကားပြန်များသည် "အန္တရာယ်မဖြစ်စေရေး"ကျင့်ဝတ်စည်းကမ်းများနှင့်အညီ အသိစိတ်ဖြင့် ပညာရှင်ပီပီသသ အလုပ်လုပ်နိုင်ရမည်။ အသိပေးပြီးသဘောတူညီချက်ရယူထားသည့် အကြောင်းရင်းခံကို အပြည့်အဝနားလည်ထားရမည့်အပြင် အဖွဲ့၏ လျှို့ဝှက်စွာ စောင့်ထိန်းရမည့် စည်းမျဉ်းများကိုလည်း လိုက်နာရမည်။

အထူးသဖြင့် စကားပြန်များသည် -

- ဒေသတွင်းနှင့် လက်တွေ့ ဆောင်ရွက်သူများမှ ချမှတ်ထားသည့် မူဘောင်အတွင်းမှ အလုပ်လုပ်ပေးရာတွင် ဘေးကင်းလုံခြုံမှုကို ခံစားရရှိသင့်သည်။
- ဒေသန္တရစည်းမျဉ်း၊ မူဘောင်များကို နားလည်ထားသင့်သည့်အပြင် ယင်းတို့အမြင်မှာ အပြုသဘောဆောင်သင့်သည်။
- လိင်အကြမ်းဖက်မှုနှင့် ဒေသန္တရယဉ်ကျေးမှုအကြား သတိကြီးစွာဖြင့် ကြားဝင်ဆောင်ရွက်သည့် အတွေ့အကြုံ ရှိသင့်သည်။
- သက်ဆိုင်ရာ ဇရိယာ၌ဖြစ်ပွားသည့် လိင်အကြမ်းဖက်မှုကို ဖော်ပြရာတွင် သုံးနှုန်းနိုင်သည့် ကြမ်းတမ်းသော စကားရပ်များ စကားလုံးများ အပါအဝင်၊ ဘာသာရပ်ဆိုင်ရာ စကားလုံးများနှင့် လိင်အကြမ်းဖက်မှုဆိုင်ရာ အသေးစိတ် အကြောင်းအရာများအပေါ် သက်တောင့်သက်သာ ရှိသင့်သည်။
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေနှင့် အင်တာဗျူးသူ သုံးသည့် စကားလုံးများကိုသာ သုံးသင့်သည်။ အင်တာဗျူးစဉ်အတွင်း သူ/သူမ၏ ကိုယ်ပိုင် စကားလုံးများ မသုံးသင့်ပါ။
- လူပုဂ္ဂိုလ်တစ်ဦးစီ ဆက်ဆံရေးအခက်အခဲ ရှိနေသည့် ကလေးသူငယ်များနှင့် ဆက်သွယ် ဆောင်ရွက်နိုင်စေရန် သင်တန်းများ ပေးခြင်း အပါအဝင် လိုအပ်ချက်များနှင့် ကလေးသူငယ်များ၏ လုပ်ကိုင်နိုင်စွမ်းအတွက် သတိရှိသင့်သည်။
- စာနာစိတ် ပြသင့်သော်လည်း သနားခြင်း၊ အံ့သြစိတ်ဖြစ်ခြင်း သို့မဟုတ် ဝေဖန်ဆန်းစစ်ခြင်း မျိုးမဖြစ်သင့်ပါ။
- ယင်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ပုံသဏ္ဍာန်မှ အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအပေါ် မည်သို့ သက်ရောက်နိုင်သည်ကို ခံစားနားလည်ထားသင့်ပြီး အခန်းတွင်း ဝင်ရောက်ရာတွင်၊ အခန်းထဲ လှည့်ပတ် ကြည့်ရာတွင်နှင့် ထိုင်ရာတွင် အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအပေါ် ခြိမ်းခြောက်မှု ဖြစ်နိုင်/ ဖိအားပေးသလို ဖြစ်နိုင်သည့် ပုံစံ မဖြစ်စေရန် သတိထားသင့်သည်။

စကားပြန်သည် -

- လက်တွေ့ ဆောင်ရွက်နေသူက တိုက်ရိုက်မညွှန်ကြားလျှင် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေပေးသော အချက်အလက်နှင့် စပ်လျဉ်းသည့် မည်သည့်စကားရပ်ကိုမျှ ပြောင်းလဲခြင်း မပြုလုပ်သင့်ပါ။ စကားပြန်သည် စကားပြောဆိုနေသည့် သူများနှင့် တစ်ဖွဲ့တည်း မဟုတ်ပါ။ သို့ရာတွင် အင်တာဗျူးသူနှင့် အင်တာဗျူးခံသူအကြား ဆက်သွယ်ရေးအတွက် တန်ဖိုးရှိသော အရာတစ်ခုသာ ဖြစ်သည်။ စကားပြန်နှင့် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအကြား အပြန်အလှန် တိုက်ရိုက်ပြောဆိုခြင်းသည် အရေးမကြီးသောအကြောင်း အရာများအတွက်သာ ဖြစ်သင့်သည်။ ဥပမာ - မည်သည့်နေရာ၌ ထိုင်ရမလဲနှင့် ရင်းနှီးစွာ အပြန်အလှန် နားလည်မှုယူသည့် အနေဖြင့် ပြောဆိုရာတွင် ဖြစ်သည်။ စကားပြန်သည် အင်တာဗျူးခေတ္တနားချိန်တွင်သာ အင်တာဗျူးခံရသူနှင့် အပြန်အလှန် ပြောဆိုသင့်သည်။
- လက်တွေ့ဆောင်ရွက်နေသူက ရှင်းပြပေးရန် ပြည့်ပြည့်ဝဝ မညွှန်ကြားထားလျှင် အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား စကားပြန်က မည်သည့်အရာမျှ ရှင်းမပြသင့်ပါ။
- တစ်ဦးဦး၏ စကားလုံးများကို မပြောင်းလဲရပါ။ အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင် သက်သေက စကားလုံး ကြမ်းကြမ်းသုံးလျှင်လည်း ထိုစကားလုံးအတိုင်းသာ စကားပြန်ပေး သင့်သည်။ အခြားအဓိပ္ပါယ်မျိုးသက်ရောက်နိုင်ပါကလည်း အကြံပေးသင့်သည်။ သို့မှသာ လက်တွေ့ဆောင်ရွက်သူမှ မရှင်းလင်းသည်များကို ပြန်လည်ရှင်းပြပေးရန် မေးမြန်းနိုင်ပေမည်။
- ယင်း၏ အမြင်အရ အရေးမပါဟု ထင်သော အပိုင်းများကို ဖယ်ထုတ်ခြင်း မပြုသင့်ပါ။
- အင်တာဗျူးမည်သို့ပြုလုပ်သင့်ကြောင်း တိုက်တွန်းခြင်းလည်း မပြုလုပ်သင့်ပါ။

## စကားပြန်များကို ရွေးချယ်ရာတွင် -

- သင်တန်းရည်ပြည့်ဝသော လွတ်လပ်သော စကားပြန်များကို ရရှိရန်နှင့် ဆက်လက် ထိန်းသိမ်း ထားနိုင်ရန် ဘဏ္ဍာရေးနှင့် လူသားအရင်းအမြစ်အလုံအလောက် ခွဲဝေအသုံးပြုသင့်သည်။ ဤပဂ္ဂိုလ်များကို အမြဲ အလွယ်တကူ မရနိုင်ပါ။
- လျို့ဝှက်ချက် ထိန်းသိမ်းရန် အကြောင်းပြချက်များဖြင့် မိသားစုဝင်များအား စကားပြန်အဖြစ် မည်သည့်အခါမျှ အသုံးမပြုသင့်ပါ။ အထူးသဖြင့် ရေးရိုးစွဲ ရပ်ရွာလူထုနှင့်ပတ်သက်သည့် ကိစ္စရပ်များ၌နောက်ဆုံးနည်းလမ်းမှာ စကားပြန်များကို အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ လာသည့် ရပ်ရွာအသိုင်းအဝိုင်းထဲမှပင် ခေါ်ယူသင့်သည်။
- အစွမ်းအစရှိသော စကားပြန်များကို စိစစ်ရန် အချိန်ယူပါ။
- စကားပြန်များ၏ ရာဇဝတ်မှုမှတ်တမ်းများ၊ ဘက်လိုက်မှု မရှိခြင်း၊ ယုံကြည်ထိုက်ခြင်း၊ စွမ်းဆောင်ရည်ရှိခြင်း၊ ချိတ်ဆက်ပတ်သက်မှုရှိခြင်းများ၊ ကလေးများနှင့် အတူအလုပ်လုပ်နိုင်ရည် ရှိခြင်းတို့ကို စစ်ဆေးရမည်။
- စကားပြန်၏ လိင်ပိုင်းဆိုင်ရာ၊ အသက်အရွယ်၊ ပုံပန်းသဏ္ဍာန်၊ စာရိတ္တ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး ပတ်သက်ဆက်နွယ် မှုစသည့်အချက်များသည် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင် သက်သေက ယင်းတို့အား ယုံကြည်မှုဖြစ်စေရန် သက်ရောက်မှုအတိုင်းအတာ တစ်ခု ရှိသည်ကို နားလည်ထားရမည်။ သို့ရာတွင် ကျန်အချက်များကို ထည့်သွင်းစဉ်းစား၍ ပုံသေကားချပ် ဆွဲမထားစေရန် သို့မဟုတ် ဖိနှိပ်မည့် အတွေးအကြံများ မဖြစ်စေရန် ဂရုပြုရမည်။
- စကားပြန်ကို မငှားခင်၊ ကနဦးရွေးချယ်ခံရသူ၏ လိင်အကြမ်းဖက်မှုနှင့် ကျား/မ မျှတစွာ ဆက်ဆံရေး အမြင်ကို အမြဲသုံးသပ်ရမည်။ လိင်အကြမ်းဖက်မှုဆိုင်ရာ စကားရပ်များနှင့် ရင်းနှီး ကျွမ်းဝင်မှုအတိုင်းအတာတစ်ခု ရှိမှသာ စကားပြန်၏ မနှစ်သက်မှု (ဥပမာ - အံ့သြ ထိတ်လန့်မှု၊ တုန်လှုပ်မှု)တို့သည် သက်သေအချက်အလက် ကောက်ယူသည့် လုပ်ငန်းစဉ်အပေါ် ဆိုးကျိုး သက်ရောက်မှု မရှိမည်ဖြစ်သည်။
- ဖြစ်နိုင်လျှင် စကားပြန်အဖွဲ့တွင် အမျိုးသားနှင့် အမျိုးသမီး စကားပြန်များ အားလုံးပါဝင်ပါစေ။
- ကလေးသူငယ်များကို အင်တာဗျူးရာတွင် အထူးသင်တန်းပေးထားသော စကားပြန်များနှင့် ကလေးများနှင့် အလုပ်လုပ်ဖူးသည့် အတွေ့အကြုံရှိသူများကိုသာ အသုံးပြုပါ။

# အပိုင်း ၂
## လက်တွေ့မှတ်တမ်းတင်ခြင်း



### ၄.၃ အချက်အလက်များ စုစည်း တည်ဆောက်ခြင်း

အချက်အလက်စုဆောင်း၊ တည်ဆောက်၊ သိမ်းဆည်းပုံသည် မှတ်တမ်းတင်သည့် လုပ်ငန်း၌ အရေးကြီးအပိုင်းဖြစ်ရာ မှတ်တမ်းတင်မှု မပြုမီ ကြိုတင်၍ သေချာစွာ စဉ်းစားထားရန် လိုသည်။ အီလက်ထရောနစ်ဖြင့် အချက်အလက်ထည့်သွင်းစုစည်းခြင်းကို စံပြအဖြစ် အသုံးပြုသင့်သည်။ အချက်အလက်များအကြား တစ်ခုနှင့် တစ်ခု ချိတ်ဆက်မှုရှိသင့်ပြီး၊ အနိမ့်ဆုံးအဆင့်အဖြစ် အောက်ပါ အချက်အလက်များ ပါဝင်သင့်သည်။ (**အပိုင်း ၉ “အချက်အလက်သိမ်းဆည်းခြင်း” ကိုလည်းကြည့်ပါ။**)

- အင်တာဗျူးခဲ့သည့် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ တစ်ဦးစီ၏ ကိုယ်ရေး အချက်အလက်
- အင်တာဗျူးခဲ့သည့် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ တစ်ဦးစီ၏ဘေးကင်း လုံခြုံရေးကိစ္စ
- အင်တာဗျူးတွင် ပါဝင်ရန် ကြိုတင်အသိပေးသဘောတူညီမှု ရရှိထားကြောင်း သက်သေအထောက် အထား
- ထိုအသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ သက်သေထွက်ဆိုပေးသည့် အချက် အလက်များ
- ထိုအသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ ပေးသည့် မှတ်တမ်းအချက်အလက်များ
- ဆေးမှတ်တမ်း သို့မဟုတ် ရဲမှတ်တမ်း ရှိကြောင်း ဖော်ပြသည့် အချက်အလက်
- ထိုအသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေနှင့်ဆိုင်သည့် ဓာတ်ပုံ သို့မဟုတ် ရုပ်သံ အချက်အလက်
- အကယ်၍ ရနိုင်လျှင် အထက်ပါ အကြောင်းအရာတစ်ရပ်ရပ်အပေါ် ဘာသာပြန်ဆိုချက်များ

ဖြစ်နိုင်လျှင် အချက်အလက်ဘဏ်ကို ကောင်းစွာ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ထားသင့်သည်။ သို့မှသာ အချက်အလက်များကို စံသတ်မှတ်ချက်အမျိုးမျိုးဖြင့် ရှာဖွေနိုင်ပါမည်။

## ၅။ အသက်ရှင်လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကိုဖော်ထုတ် စိစစ်ခြင်း

လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကို ဖော်ထုတ်စိစစ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အခြားရာဇဝတ်မှုမှ လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများကို ဖော်ထုတ်စိစစ်ခြင်းထက်ပို၍ စိန်ခေါ်မှုများနိုင်သည်။ လိင်အကြမ်းဖက်ဆိုင်ရာ အစီရင်ခံစာများစွာကို သာမန်သဘော တင်ပြနေသည့် ဧရိယာများတွင်ပင် အသက်ရှင်လွတ်မြောက်လာသူများနှင့် မျက်မြင် သက်သေများသည် အကြောင်းပြချက် အမျိုးမျိုးဖြင့် တရားဝင်ရှေ့ထွက်လိုခြင်း မရှိပဲ ဖြစ်နိုင်သည်။ အသက်ရှင်လွတ်မြောက်လာသူများသည် အတိတ်မှ စိတ်ဒဏ်ရာများကို ပြန်ခံစားရမည့်အရေးအတွက် မစွန့်စားလိုကြပဲ၊ ထိုသို့ဖြစ်ရခြင်းမှာ ယင်းတို့အမှားကြောင့်ဟု ထင်မြင်နိုင်သည် သို့မဟုတ် သက်သေမပြနိုင်လျှင် ယင်းတို့ကို မည်သူမျှ လက်ခံလိမ့်မည်မဟုတ်ဟု ထင်နိုင်သည်။

လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအပေါ်၌ ရပ်ရွာဓလေ့၊ ရိုးရာ သို့မဟုတ် ယဉ်ကျေးမှုအရ အန္တရာယ်ပြုနိုင်သည် သို့မဟုတ် ယင်းတို့ရပ်ရွာ အသိုင်းအဝိုင်းအတွင်း၌ ဖိနှိပ်ခံရနိုင်သည်။ ဤသို့ဖြစ် ရခြင်းမှာ ယင်းတို့အသိုင်းအဝိုင်းနှင့် နီးစပ်သည့် ပြစ်မှုကျူးလွန်သူ အုပ်စုဝင်များ၊ ယင်းတို့ဆွေမျိုး အသိုင်းအဝိုင်း သို့မဟုတ် မိသားစုကပင်လျှင် စွပ်စွဲသည့် ပုံစံမျိုးပြုလုပ်လာနိုင်သည်။ အရှက်ရစေရန် ပြုလုပ်နိုင်သည်။ ယင်းတို့ကို အပြစ်ပေးနိုင်သည် သို့မဟုတ် လိင်အကြမ်းဖက်မှုကို အသုံးချ၍ ယင်းတို့အား အိမ်၊ မိသားစု၊ အသက်မွေးဝမ်းကျောင်းနှင့် ပညာရေးအခွင့်အလမ်းများမှ ဖယ်ထုတ်ထားနိုင်သည်။ အသက်ရှင် လွတ်မြောက်လာသူများသည် ထုတ်ဖော်လိုသည့် ဆန္ဒရှိကောင်းရှိနိုင်သည်။ သို့ရာတွင် ဖွင့်ပြောရန် မတတ်နိုင်ခြင်း ဖြစ်နိုင်သည်။ အချို့မှာ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းအရ မသန်စွမ်းမှုများ ရှိလျှင် ထိုသို့ဖွင့်ပြောရန်အခက်အခဲရှိနိုင်သည်။

အသက်ရှင်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများအနေဖြင့် ရာဇဝတ်မှုများ အားရှေ့ထွက် တိုင်ကြားနိုင်ရေး ဘေးကင်းစိတ်ချမှုကို ခံစားကြရရန် လုံခြုံ၍ အကူအညီပေးသော ပတ်ဝန်းကျင်အနေ အထားကို တည်ဆောက်ထားရန်မှာ အရေးကြီးပါသည်။

ဆောင်ရွက်ပေးမည့် အတိုင်းအတာကို အကြံပြုနိုင်လျှင် - မည်သည့်ရပ်ရွာအသိုင်းအဝိုင်းထံမှမဆို လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များမရယူမီ ဆောင်ရွက် ပေးမည့် အတိုင်းအတာကို သတ်မှတ်ရမည်။ ထို့အပြင် လက်တွေ့ဆောင်ရွက်သူများ စိတ်ထဲ၌မှတ်သား ထားသင့်သည်မှာ ယင်းတို့အနေဖြင့် အသုံးဝင်သော လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များကို အသက်ရှင်လွတ်မြောက်သူများ၊ မျက်မြင်သက်သေများထံမှသာမဟုတ်ပဲ သတင်းရင်းမြစ်များစွာမှ စုဆောင်းနိုင်သည်။ (**အပိုင်း ၆ “သက်သေထွက်ဆိုခြင်း”ကိုကြည့်ပါ။**)

## ၅.၁ တိုက်ရိုက်ဖော်ထုတ်စိစစ်ခြင်း

အသက်ရှင်လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများသည် တခါတရံ ရှေ့ထွက်၍ ယင်းတို့ ဆန္ဒအလျောက် သက်သေထွက်ဆိုပေးရန် ကမ်းလှမ်းပါလိမ့်မည်။ ထိုအချိန်တွင် - လက်တွေ့ဆောင်ရွက် သူများက မြန်မြန်ဆန်ဆန်ထိထိရောက်ရောက်၊ ဘေးကင်းလုံခြုံစွာ ဆောင်ရွက်ပေးနိုင်ရန် ကောင်းစွာ ပြင်ဆင်ထားသင့်သည်။ အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများနှင့် လက်တွေ့ ဆောင်ရွက်ပေးသူတို့ ချိတ်ဆက်ဆောင်ရွက်မှု မပြုမီကပင် လေ့လာစိစစ်ချက်၊ အန္တရာယ်စိစစ်ချက်များနှင့် စီမံချက် အများစု အစီအစဉ်တကျ ရှိနေသင့်သည်။

အသက်ရှင်လွတ်မြောက်လာသူများအား တခါတရံ၌လေ့လာစိစစ်ချက်များ၊ ရွေးချယ်စစ်ထုတ်သည့် နည်းလမ်းများနှင့် အခြားစုံးစမ်းလေ့လာမှုများဖြင့် တိုက်ရိုက်ဖော်ထုတ်သတ်မှတ်နိုင်သည်။ ဤကဲ့သို့သော ကိစ္စရှိလာလျှင် အရေးကြီးသည်မှာ - အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများသို့ ချဉ်းကပ်ဆောင်ရွက်မှုတိုင်းသည် ထိုသူများ၏ ဆန္ဒ၊ ရွေးချယ်မှုတို့နှင့် ကိုက်ညီရန် ဖြစ်သည်. အမည်မဖော်လိုသူအဖြစ်ထားပေးရန် မေတ္တာရပ်ခံချက် တစ်ရပ်ရပ် သို့မဟုတ် ချဉ်းကပ်မှုမပြုမီ ဆောင်ရွက်ထားရမည့် လုံခြုံရေးအရံအတား တစ်စုံတစ်ရာ စသည်တို့ အပါအဝင်ဖြစ်သည်။

**ကလေးသူငယ်များအား ဖော်ထုတ်စိစစ်ခြင်း။** အသက်ရှင် လွတ်မြောက်လာသော ကလေးများနှင့် မျက်မြင် သက်သေကလေးများကို ချဉ်းကပ်ရာတွင် အထူးသတိထားရမည်။ တကယ် လက်တွေ့ ဆောင်ရွက်သူများသည် ကလေးများကို ကောင်းစွာ ချဉ်းကပ်နိုင်မည်ဟု မသေချာလျှင် ကလေးများကို သင့်တော်ရာသို့ ကောင်းစွာ လမ်းညွှန်ပေးနိုင်ရန် အာမမခံနိုင်လျှင် သို့မဟုတ် အကျပ်အတည်းကာလ အတွင်းအရင်းအမြစ်များကို မည်သို့ ရယူ၍ ကလေးများကို ထောက်ပံ့ပေးရမည်ကို မသိလျှင် ကလေး များအား ချဉ်းကပ်ရန် မကြိုးစားသင့်ပါ။ လက်တွေ့ဆောင်ရွက်သူများသည် အန္တရာယ်ကျရောက်နေသည်ဟု ယင်းတို့ယုံကြည်နေသည့် ကလေးများနှင့် ချိတ်ဆက်မိလျှင် သင့်တော်ရာ အာဏာပိုင်များထံသို့ ဆက်သွယ် ဆောင်ရွက်ရန်လိုအပ်ကြောင်း မှတ်သားထားသင့်သည်။

လက်နက်ကိုင်အုပ်စုများ၊ တပ်ဖွဲ့များနှင့် အဆက်အစပ်ရှိသော ကလေးများသည် လိင်အကြမ်းဖက်မှု ကျူးလွန် သည့် အမှုများ၌ အဆိုပါကလေးများသည် ဖိအားပေးခံရခြင်း သို့မဟုတ် ထိုသို့ ကျူးလွန်ရန် အမိန့်ပေး စေခိုင်းခံရခြင်းနှင့် မကြာခဏဆိုသလို ယင်းတို့ကိုယ်တိုင် သားကောင်များပြန်ဖြစ်နေကြရသည်ကို လက်တွေ့ ဆောင်ရွက်နေသူများက အမှတ်ရနေရမည်။ ရာဇဝတ်သားကောင်ကလေးများ၊ မျက်မြင် သက်သေ ကလေးများနှင့် ပတ်သက်နေသည့် တရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက်များ[၃၆]နှင့် ကလေး သူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်[၃၇] နှင့်အညီ ကလေးများကို ပြစ်မှုကျူးလွန်သူများ အဖြစ် မဆက်ဆံပဲ အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအဖြစ် ဆက်ဆံသင့်သည်။

## ၅.၂ ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများ

လက်တွေ့ဆောင်ရွက်နေသူများအနေဖြင့် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးမည့်သူများကို စိစစ် သတ်မှတ်ရန်နှင့် ရပ်ရွာလူထုများနှင့် ဆက်သွယ်ဆောင်ရွက်စေရန်၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အဟန့်အတားများကို ကျော်လွှားနိုင်စေရန်နှင့် အသက်ရှင်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေ များကို စိစစ်ဖော်ထုတ်ရန်၊ ယင်းတို့ကို ကူညီနိုင်မည့် ကြားဝင်ညှိနှိုင်းပေးမည့် သူများကို စာရင်းပြုစု ထားနိုင်သည်။ လက်တွေ့ဆောင်ရွက်သူများက ရပ်ရွာလူထု၊ ရပ်ရွာသားများနှင့် ရပ်ရွာဒေသတွင်း အပြောင်းအလဲများနှင့် မရင်းနှီးသောအခါ၊ အသက်ရှင် လွတ်မြောက်လာသူများနှင့် အခြားမျက်မြင် သက်သေများအနေဖြင့် လက်တွေ့ဆောင်ရွက်သူများကို တိုက်ရိုက်ချဉ်းကပ်ဆောင်ရွက်လျှင် အန္တရာယ် ဖြစ်နိုင်သည့်အခါ၊ သို့မဟုတ် ပြင်ပပုဂ္ဂိုလ်များနှင့် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မကောင်းသည့်ကိစ္စရပ်များ ကျရောက်လာမည်ကို အသက်ရှင်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများက ကြောက်ရွံ့စိုးရိမ်သောအခါ ကြားဝင်ညှိနှိုင်းဆောင်ရွက်သူများ အားအသုံးပြုသင့်သည်။

ကြားဝင်ညှိနှိုင်းဆောင်ရွက်သူများသည် ဘက်လိုက်မှု မရှိစေရေးဂရုစိုက် ဆောင်ရွက်သင့်သော်လည်း ရပ်ရွာလူထုနှင့် ဆွေးနွေးညှိနှိုင်းရာတွင် အလွန်ထိရောက်နိုင်သည်။ ယင်းတို့သည် ဒေသခံအခြေခံ လူတန်းစားအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGOs များ၊ ဝန်ဆောင်မှုပေးသူများနှင့် ခရစ်ယာန် ဘုရားကျောင်း၊ အမျိုးသမီးအုပ်စုများစသည့် အခြားသော လူထုကွန်ယက်နှင့် အထောက်အကူပြု အသင်းများ၏ အဖွဲ့ဝင်များလည်း ရံဖန်ရံခါ ဖြစ်ကြပေမည်။

၃၆ UNICEF, UNODC ၊ ရာဇဝတ်သားကောင်ကလေးများ၊ မျက်မြင်သက်သေကလေးများနှင့် ပတ်သက်နေသည့် တရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက်များ၊ ၂၀၁၅ ခုနှစ်။ တရားဝင်ထုတ်ပြန်သည့် လမ်းညွှန်ချက်များကိုစီးပွားရေးနှင့် လူမှုရေးကောင်စီ ဆုံးဖြတ်ချက် ၂၀၀၅/၂၀၊ ၂၀၀၅ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ကြည့်ပါ။UNICEF နှင့် UNODC မှ ထုတ်ဝေသည့် လမ်းညွှန်ချက်ကိုမူ Innocenti Research Centre and IBCR ၏ အထောက်အပံ့ဖြင့် ပြုစုထားပြီး ကလေးနှင့် ပညာရှင်ကလေးငယ်များအတွက် လမ်းညွှန်ချက်အဖြစ် အသုံးပြုရန် ရည်ရွယ်ထားသည်။ ထိုလမ်းညွှန်ချက်သည် ကုလသမဂ္ဂတရားဝင်စာတမ်း မဟုတ်ပါ။

၃၇ ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်၊ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်။

ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများမှတဆင့် အသက်ရှင်လွတ်မြောက်လာသူများနှင့် အခြားမျက်မြင် သက်သေများကို စိစစ်ဖော်ထုတ်ရန် မကြိုးပမ်းမီ လက်တွေ့ဆောင်ရွက်သူများအနေဖြင့်-

- အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ၏ အနီးတဝိုက်ရှိ ရပ်ထဲရွာထဲမှ တက်ကြွလှုပ်ရှားသူများ နှင့်စပ်လျဉ်းသည့် အချက်အလက်များ ရယူထားသင့်သည်။ သို့မှသာ သင့်တော်သော ကြားဝင်ညှိနှိုင်းဆောင်ရွက်မှုများကို ထိရောက်စွာ ရွေးချယ်နိုင်ပေမည်။ဤအပိုင်းတွင် ရပ်ရွာတွင်းဩဇာအာဏာရှိသူ လူကြီးများကို အဆင့်အလိုက် ပုံဖော်ကြည့်ခြင်း- ရပ်ရွာအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှုအပါအဝင် (ဥပမာ - လူကြီးများ၊ သားဖွားဆရာမများ၊ ဆရာ/မများ၊ အမျိုးသမီး ရွာလူကြီးများ သို့မဟုတ် အမျိုးသမီး ဘာသာရေးခေါင်းဆောင်များစသည်ဖြင့်) ပါဝင်ပါသည်။ ရပ်ရွာတိုင်း၌ ခေါင်းဆောင်မှုပုံစံကိုယ်စီရှိကြသည်။ အမျိုးသမီးထု အသိုင်းအဝိုင်းတိုင်းတွင် လည်း လက်တွေ့ဆောင်ရွက်သူအား အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အကူအညီပေးနိုင်သည့် သို့မဟုတ် နောင့်နှေးအောင်တားဆီးနိုင်သည့် ခေါင်းဆောင်တစ်ဦး သို့မဟုတ် ခေါင်းဆောင်များစွာ ရှိကြပေမည်။ အမျိုးသမီးခေါင်းဆောင်များသည် မကြာခဏဆိုသလို လက်တွေ့ဆောင်ရွက်သူလုပ်ငန်းအဖွဲ့ကို အဓိကကျသော အကူအညီများ ပေးကြပေမည်။ သို့ရာတွင် လုပ်ငန်းအဖွဲ့အနေဖြင့် လေးစားထိုက်အောင် ပွင့်လင်းမြင်သာစွာ စည်းမျဉ်းနှင့် အညီ ဆောင်ရွက်နေမှသာယင်းတို့က ကူညီပေမည်။
- လိင်အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသားများကို ရှာဖွေဖော်ထုတ်ရန် ကြိုးစားရာ၌သင့်လျော်သော ကြားဝင်ညှိနှိုင်းဆောင်ရွက်သူများကို ရှာဖွေထားရမည်။ ဥပမာ - လွတ်မြောက်လာသူ အမျိုးသားများနှင့် အလုပ်လုပ်နေသည့် မြို့ပြလူ့အဖွဲ့အစည်းများမှ အဖွဲ့များသည်အမျိုးသားများအပေါ် လိင်အကြမ်းဖက်မှုကျူးလွန်နိုင်သည့်သဘောသဘာဝနှင့် အနေအထားများကို ခံစားသိမြင်ကြသည်။
- လွတ်မြောက်လာသူများနှင့်အခြားမျက်မြင်သက်သေများ၊ ကြားဝင်ညှိနှိုင်းပေးသူများကို ကြိုတင်၍ ရှာဖွေနေခြင်းသည် ထိုသူများအပေါ် အန္တရာယ်ဖိတ်ခေါ်ပေးသလို ဖြစ်နိုင်/မဖြစ်နိုင် သေချာစွာ သုံးသပ်ထားသင့်သည်။ ကြားဝင်ညှိနှိုင်းပေးသူများသည် အမိန့်ပေးစေခိုင်းသည့် ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်နေ/မနေ သို့မဟုတ် လွတ်မြောက်လာသူများကို အမိန့်ပေး၍ထုတ်ဖော် စေသည်/မထုတ်ဖော်စေသည်နှင့် အခြေခံကျင့်ဝတ်စံနှုန်းများကို လေးစားလိုက်နာမှု မရှိဖြစ်နေ/ မနေကို သီးခြားသုံးသပ်သင့်သည်။
- ကြားဝင်ညှိနှိုင်းပေးသူများအား အဖော်မဲ့၊ ရွှေ့ပြောင်းနေရာချထားခဲ့ရသည့်ကလေးများ၊ လက်နက် ကိုင်အုပ်စုများ၊ တပ်ဖွဲ့များနှင့်ပတ်သက်နေသည့် စိတ်ထိခိုက်ဒဏ်ရာရလယ့်သော ကလေးများကို ဦးစားပေးအဖြစ် သီးသန့် စိစစ်ဖော်ထုတ်စေသင့်သည်။
- ရပ်ရွာအသိုင်းအဝိုင်းအတွင်းအုပ်စုကွဲမှုများနှင့် ဆန့်ကျင်ဘက်အုပ်စုများသည် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုတည်းတွင် အတူရှိနေ၊ မနေ ဆိုသည်ကိုလည်း သိထားသင့်သည်။
- လုံခြုံစိတ်ချရသည်ဟုထင်လျှင် လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကို ရှာဖွေဖော်ထုတ်ရန် ရပ်ရွာသားများ၊ ရပ်ရွာခေါင်းဆောင်များ၊ ဆေးဝါးကုသပေးသူများနှင့် အထောက်အကူပြုအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် အတူတွဲအလုပ်လုပ်သင့်သည်။
- လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများ ရှေ့ထွက်လာနိုင်ရန် အမျိုးသမီးများအား လုပ်ပိုင်ခွင့် ခွဲဝေပေးသည့် ဖိုရမ်များ၊ ဘေးကင်းလုံခြုံရေးနေရာများ၊ လျှို့ဝှက်ချက်အဖြစ် ထားရှိခြင်းနှင့် အခြားအကာအကွယ်အစီအမံများကို စတင်ချမှတ်သင့်သည်၊ ဒေသခံအဖွဲ့အစည်း များနှင့် ဆက်သွယ်ဆောင်ရွက်သင့်သည်။
- ကြားဝင်ညှိနှိုင်းသူဖြစ်လာမည့် သူများ၏ (ရာဇဝတ်မှုမှတ်တမ်းများ၊ မျှတစွာ ဆောင်ရွက်မှုများ၊ ယုံကြည်ထိုက်မှု၊ လုပ်နိုင်စွမ်း၊ ဆက်စပ်ပတ်သက်မှုနှင့် ကလေးများနှင့်အတူ အလုပ်လုပ် နိုင်စွမ်း)စသည်ကို စစ်ဆေးသင့်သည်။
- လက်တွေ့ဆောင်ရွက်သူများကိုယ်တိုင် သမို့ဟုတ် မည်သည့် ကြားဝင်ညှိနှိုင်းပေးသူများမဆိုသည် သက်သေထွက်ဆိုပေးရန်အလို့ငှာ ငွေရေးကြေးရေး၊ ရုပ်ဝတ္ထုပစ္စည်း အကူအညီ သို့မဟုတ် အထောက်အပံ့ ရရှိမှု တိုးတက်လာအောင် ဆောင်ရွက်ပေးရန် အလဲအလှယ်ဖြင့် ဆောင်ရွက်ခြင်း မပြုသင့်ကြောင်း နားလည် သဘောပေါက်ထားသင့်သည်။
- သို့ရာတွင် အဆိုပါ ဝန်ဆောင်မှုများ ပေးသည့်နေရာသို့ လမ်းညွှန်ခြင်းကိုမူ မတားဆီးသင့်ပါ။ ဖြစ်နိုင်လျှင် ထိုသို့လမ်းညွှန်ပေးသင့်သည်။ (နောက်ဆက်တွဲ ၅ **"လိင်အကြမ်းဖက်မှုမှလွတ်မြောက် လာသူများအား အကူအညီပေးမည့် နေရာကို လမ်းညွှန်ခြင်း"**)

- ကြားဝင်ညှိနှိုင်းပေးသူများ၏ အခန်းကဏ္ဍ၊ ယင်းတို့၏ ဆောင်ရွက်နိုင်မှုအတိုင်းအတာနှင့် ပတ်သက်၍ မျှော်မှန်းချက်များ ရှင်းရှင်းလင်းလင်း ချမှတ်ထားသင့်သည်။ လက်တွေ့ဆောင်ရွက်ဝေ နေသူများထံမှ ယင်းတို့မျှော်လင့်နိုင်သော အထောက်အကူနှင့် လမ်းညွှန်ချက် အဆင့်အတန်း ကိုလည်း ရှင်းလင်းစွာ သတ်မှတ်ထားသင့်သည်။
- ကြားဝင်ညှိနှိုင်းပေးသူ မည်သူမဆိုသည် လက်တွေ့ဆောင်ရွက်ပေးသူများနှင့် ချိတ်ဆက်ရာတွင်မှီခို အားထားနိုင်သည့် လမ်းကြောင်းတစ်ရပ် ရှိထားသင့်သည်။
- ကြားဝင်ညှိနှိုင်းပေးသူများနှင့် အပြန်အလှန်ဆက်ဆံဆောင်ရွက်မှုများကို မှတ်တမ်းထားသင့်သည်။ ဆိုလိုသည်မှာ ကြားဝင်ညှိနှိုင်းပေးသူများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ လက်တွေ့ဆောင်ရွက် သူများသည် မည်သည့် ဆုံးဖြတ်ချက်မဆို ချမှတ်နိုင်သည့်နေရာ၌ ရှိနေရမည်။
- ကြားဝင်ညှိနှိုင်းပေးသူများအား ယင်းတို့၏ လုပ်ပိုင်ခွင့်အတိုင်းအတာနှင့်သတ်မှတ်ထားသော အခန်းကဏ္ဍထက် ကျော်လွန်၍ စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ဆောင်ရွက်ခြင်း မဖြစ်စေရန် သတိပြုသင့်သည်။
- လက်တွေ့ဆောင်ရွက်သူများမှ ရှာဖွေနေသည့် အကြမ်းဖက်မှုမှ အသက်ရှင် လတ်ွမြောက် လာသူများ၊ မျက်မြင်သက်သေ အမျိုးအစားနှင့်စပ်လျဉ်း၍ အချက်အလက် ကန့်သတ်၍ကြားဝင် ညှိနှိုင်းသူများကို ပေးရမည်။
- ကြားဝင်ညှိနှိုင်းပေးသူများ ရှာဖွေဖော်ထုတ်ပေးသည့် အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအား အဆိုပါ ညှိနှိုင်းသူများက ပြန်လည်ကြီးကြပ်ခြင်းကို ခွင့်မပြုသင့်ပါ။

## ၆။ ထွက်ဆိုခြင်း

အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ ထွက်ဆိုသည့် အချက်အလက်အမျိုး အစားသည် လက်တွေ့ဆောင်ရွက်သူများအလွယ်တကူရနိုင်သည့် အချက်အလက်များ ဖြစ်နေသည်။ သို့ရာတွင် သတိကြီးစွာထား၍ ကိုင်တွယ်ရမည့် အမျိုးအစားလည်း ဖြစ်သည်။ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများသည် လိင်အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ အဓိက အချက်အလက်များကို လက်တွေ့ဆောင်ရွက်သူများအား ပေးနိုင်သည်။ ဤနေရာတွင် - ယင်းတို့ကြုံတွေ့နေရသည့် သို့မဟုတ် လေ့လာတွေ့ရှိနေသည့် အချက်အလက်များကို ပေးနိုင်သလို တိုက်ခိုက်မှုအနီးဝန်းကျင်မှ ပတ်သက် အကျုံးဝင်သည့်အရာများနှင့် ဆိုင်သည့် အချက်အလက်များ၊ ကျူးလွန်သူများ၊ ယင်းတို့တွေ့မြင်ခဲ့ရသည့် ရာဇဝတ်မှုကျူးလွန်ပုံနည်းလမ်းများကိုလ ည်း ဖော်ပြနိုင်သည်။ ခြုံငုံလေ့လာသည့် သက်သေများ ဥပမာ - ဆရာဝန်များ၊ သူနာပြုများ၊ နှစ်သိမ့်ဆွေးနွေးပေးသူများ၊ ဒေသခံခေါင်းဆောင်များသည် လွတ်မြောက်လာ သူများ၊ မျက်မြင်သက်သေများ များစွာရှိနေသေးကြောင်း ဖော်ပြသည့်သတင်းအချက်အလက်များ၊ ရာဇဝတ်မှုကျူးလွန်ချိန်နှင့် အခင်းဖြစ်ရာနေရာကဲ့သို့ အရေးကြီးအချက်များကို ပေးနိုင်သည်။

ထွက်ဆိုမှုများသည် -

- လိင်အကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေကိုယ်တိုင်ထံမှ ဖြစ်နိုင်သည်။
- အကြမ်းဖက်တိုက်ခိုက်မှုကို မျက်မြင်တွေ့ခဲ့သည့် သို့မဟုတ် အကြမ်းဖက်မှုဆိုင်ရာဗဟုသုတရှိသည့် မိသားစုဝင်များ၊ ရပ်ရွာသားများ၊ ဝန်ဆောင်မှုပေးသူများ၊ ကယ်ဆယ်ရေးလုပ်သားများ သို့မဟုတ် အတွင်းလူများထံမှလည်း ဖြစ်နိုင်သည်။ ဥပမာ - အကြမ်းဖက်တိုက်ခိုက်မှုကို မျက်မြင်တွေ့ခြင်း၊ အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေထံမှတဆင့် ကြားသိရခြင်း သို့မဟုတ် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား ပြုစုပေးခြင်းအားဖြင့် အကြမ်းဖက်တိုက်ခိုက်မှုနှင့်ဆက်စပ်သည့် အခြေအနေများ၊ လက်ရှိနှင့် ပျံ့နှံ့တည်ရှိမှု သို့မဟုတ် ထိုရာဇဝတ်မှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ခြင်း၊ အခင်းဖြစ်ရာ နေရာ၊ အခြားသက်သေအထောက်အထားအမျိုးအစား၊ ကျူးလွန်ခဲ့သည်ဟု ထင်ရသူများ၊ အာဏာချုပ်ကိုင်မှုပုံစံ၊ ပဋိပက္ခသဘာဝနှင့် အမျိုးအစား၊ နိုင်ငံရေးအနေအထားနှင့် ဒေသန္တရ အာဏာချိန်ခွင် အပြောင်းအလဲများနှင့်ဆိုင်သည့် အချက်အလက်များ ပေးနိုင်သည့် မိသားစုဝင်များ၊ ရပ်ရွာသားများ၊ ဝန်ဆောင်မှုပေးသူများနှင့် ကယ်ဆယ်ရေးလုပ်သားများထံမှ ရနိုင်သည်။
- အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်သည့် အခြေအနေများ၊ လက်ရှိနှင့် ပျံ့နှံ့တည်ရှိမှု သို့မဟုတ် ထိုရာဇဝတ်မှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ခြင်း၊ အခင်းဖြစ်ရာနေရာ၊ အခြား သက်သေ အထောက်အထားအမျိုးအစား၊ ကျူးလွန်ခဲ့သည်ဟု ထင်ရသူများ၊ အာဏာချုပ်ကိုင်မှုပုံစံ၊ ပဋိပက္ခသဘာဝနှင့် အမျိုးအစား၊ နိုင်ငံရေးအနေအထားနှင့် ဒေသန္တရအာဏာချိန်ခွင် အပြောင်း အလဲများနှင့်ဆိုင်သည့် အချက်အလက်များပေးနိုင်သည့် အတွင်းလူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင် ဟောင်းများ သို့မဟုတ် လက်နက်ကိုင်အုပ်စုဝင်ဟောင်းများထံမှ ရနိုင်သည်။ နောင်တရနေသည့် တွဲဖက်ကျူးလွန်သူများသည် မကြာခဏဆိုသလို

ပြစ်မှုကျူးလွန်သူများနှင့် တိုက်ရိုက်ဆက်စပ် နေသည့် အဓိကသက်သေ အထောက်အထားများကို ပေးနိုင်ကြသည်။ သို့ရာတွင် သက်သေ ထွက်ဆိုပေးမည့် အတွင်းလူများကို ချဉ်းကပ်ရာ၌မူ သင်တန်းရည်ပြည့်ဝသော စုံစမ်းစစ်ဆေး သူများကသာ သတိကြီးစွာထား၍ ပြုလုပ်သင့်သည်။

- ထို့အပြင် လက်တွေ့ဆောင်ရွက်သူများနှင့် ကြားဝင်ညှိနှိုင်းပေးသူများသည်၊ အကြမ်းဖက်မှုကို ကိုယ်တိုင်ကြုံတွေ့ရပြီး အချက်အလက်ရှိနေသည့် အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင် သက်သေများကို ရှာဖွေသင့်ရုံသာမကပဲ ရာဇဝတ်မှုအတိုင်းအတာ သို့မဟုတ် ကျူးလွန်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် တာဝန်ရှိမှုအတိုင်းအတာများကို သက်သေပြရာ၌ အကူအညီ ပေးနိုင်သူများကိုပါ ရှာဖေသွ ်င့်သည်။ လက်လေက်တွေ့ဆောင်ရွက်သူများသည် အသုံးဝင်သော အချက်အလက်များသည်-
- ပြောနိုင်ဆိုနိုင်ဆုံး၊ အထင်ရှားဆုံး၊ ပညာအတတ်ဆုံး၊ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုသူ သို့မဟုတ် သာမန်ခေါင်းဆောင်များထံမှသာ မဟုတ်ပဲ ရပ်ရွာသား အားလုံးထံမှ ရနိုင်ကြောင်း သိရှိထား သင့်သည်။
- လူထုအပြင် ဖြစ်ရပ်များကို ကိုယ်တိုင်မြင်တွေ့ကောင်း မြင်တေ့လွ ိုက်နိုင်သည့်၊ သမို့ ဟုတ် မှတ်တမ်းတင်သည့် လုပ်ငန်းအတွက် အသုံးဝင်သည့် ဗဟုသုတများကောင်းစွာ ရှိနေနိုင်သည့်၊ ဤဒေသ၌ အလုပ်လုပ ်နသည့် အဖွဲ့အစည်းများရှိလူများထံမှလည်း ရနိုင်ကြောင်း သိရထို ားရမည်။

## ၆.၁ ကိုတင်အသိပေး၍ သဘောတူညီချက် ရယူခြင်း

လိင်အကြမ်းဖက်မှုအချက်အလက်များ ကောက်ယူစုဆောင်းရာတွင် - ရရှိသည့် အချက်အလက်များ၏ သဘောသဘာဝမည်သို့ရှိစေကာမူ "ကြိုတင်အသိပေး၍ သဘောတူညီချက်ယူ"သည့် စည်းမျဉ်းမှာ အရေးကြီးကြောင်း တွေ့ရှိရသည်။ အသက်ရှင်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများ အားလုံးသည် အင်တာဗျူးခံရန်၊ စစ်ဆေးခံရန်၊ ဓာတ်ပုံရိုက်ခံရန်၊ ယင်းတို့အချက်အလက်များအား မှတ်တမ်းထားရှိရန်၊ အခြားအထောက်အကူပြု ဝန်ဆောင်မှုပေးရာ နေရာများသို့ ကိုးကားနိုင်ရေး ပေးခွင့်ပြုရန်၊ ယင်းတို့အချက်အလက်များနှင့် လိပ်စာအသေးစိတ်ကို တတိယ အဖွဲ့အစည်းအား ဝေမျှခွင့် ပြုရန် ကြိုတင်အသိပေးခံရ၍ သဘောတူညီချက်ပေးထားကြရမည်။

ထွက်ဆိုချက်များ မှတ်တမ်းမတင်မီ ကြိုတင် အသိပေး သဘောတူချက်ရယူရာ၌ အသက်ရှင် လွတ်မြောက် လာသူ၊ မျက်မြင်သက်သေသည် အစစ်ဆေးခံသည့်ကိစ္စတစ်ရပ်လုံးအပေါ် အပြည့်အဝထိန်းချုပ်ခွင့်ရ၍ ယင်းတို့အတွေ့အကြုံကို ရှင်းပြခြင်းကို ယင်းတို့ကိုယ်တိုင် လုပ်ပိုင်ခွင့် အပြည့်အဝရှိစေရမည်။ တရား စီရင်ရေးလုပ်ငန်းစဉ်၌လည်း ဗဟုသုတပြည့်ဝသူတစ်ဦးအဖြစ် ဆန္ဒအလျှောက် ပါဝင်ခွင့်ရစေရမည်။ ကြိုတင်အသိပေး၍ သဘောတူချက် ရယူမထားပဲ အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား မလေးစားခြင်း၊ အန္တရာယ်ဖြစ်စေခြင်းများသည် သူ၊ သူမ၏ အခွင့်အရေးကိုချိုးဖောက်ရာကျသည်။ ကောင်းစွာအသိပေး၍ သဘောတူညီမှု ရယူမထားပဲ အင်တာဗျူးမှုများကို တနည်းနည်းဖြင့် ခြိမ်းခြောက်မှု သို့မဟုတ် အမိန့်ပေးစေခိုင်းမှု သို့မဟုတ် မမှန်ကန်သည့် အာမခံချက်များပေးမှုကြောင့် အချက်အလက်များ ထွက်ဆိုပေးခြင်းဖြစ်သည်ဟူသည့် အကြောင်းရင်းခံများဖြင့် အချို့သော တရားစီရင်စစ်ဆေးခြင်းများ၌ လက်မခံနိုင်ကြပါ။

ကြားနာစစ်ဆေးသည့် လုပ်ငန်းစဉ်၌ အသိပေး၍ သဘောတူညီချက်ရယူခြင်းကို အခြေခံစည်းမျဉ်း တစ်ရပ်အဖြစ် သတ်မှတ်ရုံသာမကပဲ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၏ လူ့အခွင့်အရေးကို အပြင်းအထန် ချိုးဖောက်ခြင်းဟု သတ်မှတ်သည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရာဇဝတ်မှုဆိုင်ရာ အချက်အလက်များ စုဆောင်းသူ မည်သူမဆိုလိုက်နာရမည့် ကျင့်ဝတ်အဖြစ်လည်းမှတ်ယူကြသည်။

ကြိုတင်အသိပေး၍ သဘောတူညီချက် ရယူသည့် အဓိပ္ပါယ်

လိင်အကြမ်းဖက်မှုအချက်အလက်များ ပေးသူအားလုံး သို့မဟုတ် အချက်အလက် ကောက်ယူရန် သဘောတူထားသူအားလုံးကို ကြိုတင်အသိပေးထားရမည့်အပြင် ထိုသူများသည် -

- အချက်အလက်ကောက်ယူသည့် လုပ်ငန်း၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာများကို နားလည်ကြရမည်။
- လျှို့ဝှက်ချက်အဖြစ် ထားရှိသည့် အဓိပ္ပါယ်နှင့် ယင်းတို့ပေးသော အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားခြင်း ရှိ၊ မရှိ နားလည်ကြရမည်။
- လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ - အချက်အလက်များကို အနာဂတ်ကာလ၌ ထုတ်ပြရန် လိုကောင်းလိုမည်နှင့် ထိုအချက်အလက်များ အသုံးပြုရသည့်ရည်ရွယ်ချက် အပါအဝင်ကို နားလည်ကြရမည်။
- အင်တာဗျူးခံခြင်းဖြင့် ယင်းတို့အပေါ် ကျရောက်နိုင်သည့် အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို နားလည်ကြရမည်။

## ကြိုတင်အသိပေး၍ သဘောတူညီချက် ရထားကြောင်း သေချာစေရန်၊ လက်တွေ့ဆောင်ရွက်သူများသည် -

**၁။ အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအား သက်ဆိုင်ရာ အချက်အလက် များအားလုံးကို အချိန်ယူရှင်းပြသင့်သည်။**

- ရှင်းပြမည့် အဖွဲ့ဝင်များ၊ ယင်းတို့လုပ်ငန်းတာဝန်များ၊ မည်သူ့အတွက် အလုပ်လုပသ် ည်နှင့် မည်သူ့အတွက် အချက်အလက်များစုဆောင်းနေသည်ကို ဖော်ထုတ်သတ်မှတ်သင့်သည်။
- အချက်အလက် စုဆောင်းသည့်လုပ်ငန်း၏ ရည်ရွယ်ချက်၊ သဘောသဘာဝနှင့် အဖွဲ့နှင့် ဆက်စပ်ပတ်သက်နေသူများ၊ လုပ်ပိုင်ခွင့် စသည်ကို အပြည့်အဝ ရှင်းပြသင့်သည်။
- ပေးအပ်မည့် အချက်အလက်များကို အသုံးပြုနိုင်သမျှ နည်းလမ်းများ၊ အချက်အလက်များကို ထုတ်ဖော်ပြရန် လိုအပ်ကောင်း လိုအပ်နိုင်ကြောင်း အပါအဝင် မည်သည့်ကြားနာစစ်ဆေးမှု ပုံစံမျိုးတွင်မဆို သက်ဆိုင်ရာ ပုဂ္ဂိုလ်အား ထွက်ဆိုချက် ရယူစစ်ဆေးကောင်း စစ်ဆေးမည်၊ မစစ်ဆေးမည်ကို ဖော်ပြသင့်သည်။
- အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား မေးနိုင်သည့် မေးခွန်းအမျိုးအစားများ ဖော်ပြသင့်သည်။
- အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ ရှင်းလင်းစွာ နားလည်သည့်ပုံစံဖြင့် အချက်အလက်များအား ဆွေးနွေးပေးသင့်သည်။ လုပ်ငန်းစဉ်အပေါ် မည်မျှနားလည်ကြောင်း ဖော်ပြရန် အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ ယင်းတို့ မည်သို့နားလည် သည်ကို လက်တွေ့ဆောင်ရွက်နေသူများအား ပြန်လည်ရှင်းပြပေးခြင်းမှာ အလေ့အကျင့်ကောင်း ဖြစ်သည်။

**၂။ အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ သဘောတူညီချက်ပေးခြင်းသည် သူ၊ သူမ၏ လွတ်လပ်သော ဆန္ဒအလျောက် ဖြစ်စေသင့်သည် -**

- အမှန်တကယ် ယုံကြည်နိုင်သည့် ပတ်ဝန်းကျင်မျိုး ဖန်တီးထားသင့်ပြီး ဤနေရာတွင် အသက်ရှင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေသည် လွတ်လပ်စွာ ဆန္ဒအလျောက် သဘောတူနိုင် သည်။ သို့မဟုတ် စိတ်သက်သာစွာဖြင့် ငြင်းပယ်နိုင်သည်။ ဤယုံကြည်မှုမျိုး မည်သို့ အမှန်တကယ် တည်ဆောက်မည်ဆိုသည့် အကြံပြုချက်အချို့ကို နောက်ဆက်တွဲ- ၃ **"အင်တာဗျူးခြင်း၊ အခြေခံ စည်းမျဉ်းများနှင့် လက်တွေ့ကျသည့် ထိပ်ပိုင်းအချက်များ" တွင် သတ်မှတ်ဖော်ပြထားသည်။**
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား ယင်းတို့အနေဖြင့် လက်တွေ့ဆောင်ရွက်သူများနှင့် စကားပြောမည်/ မပြောမည်ကို အင်တာဗျူးစဉ်ကာလတလျှောက်လုံး မည်သည့်အချိန်၌မဆို ရွေးချယ်နိုင်ကြောင်း ရှင်းလင်းစွာ အသိပေးထားသင့်သည်။
- လက်တွေ့ဆောင်ရွက်သူ တစ်ဦးဖြစ်သည့် သင့်အနေအထားနှင့် လုပ်ပိုင်ခွင့်ကို သုံးစွဲရာတွင် လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား ဂရုစိုက်စွာ အပြန်အလှန် လေးစားသောအားဖြင့်သာ ဆောင်ရွက်သင့်သည်။
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေများ၌ ဆုံးဖြတ်ချက်ချရန် အချိန်အလုံအလောက် ရရှိစေရမည်။ လွတ်မြောက်လာသူများ၊ ယင်းတို့မိသားစုဝင်များနှင့် ရပ်ရွာသားများအတွက် လတ်တလောနှင့် အနာဂတ်ကာလတွင် ကြီးမား၊ ရှုပ်ထွေးသည့် ရလဒ်များ ကြုံတွေ့ရဖွယ်ရှိသည်ကို ထည့်စဉ်းစားသင့်သည်။ စိတ်ထိခိုက်ဒဏ်ရာရလွယ်သည့်အနေအထားအ တွင်းနှင့် ပဋိပက္ခအခြေအနေများ မြန်ဆန်စွာ ပြောင်းလဲနေစဉ်တွင် အန္တရာယ်များကို စိစစ်သုံးသပ်ရန် စိန်ခေါ်မှု ရှိသည်ကို နားလည်ထားသင့်သည်။
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေနှင့် တွေ့ဆုံသည့်အကြိမ်တိုင်းတွင် ယင်းတို့ဖော်ပြချက် များကို အသုံးပြုခြင်း သို့မဟုတ် တတိယအဖွဲ့အစည်းသို့ အချက်အလက်များ ပို့ပေးခြင်းနှင့် စပ်လျဉ်း၍ယင်းတို့ စိတ်သဘောထား ပြောင်းလဲခြင်း ရှိ/မရှိ အတည်ပြုသင့်သည်။
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ အလွယ်တကူ နားလည်သည့် ဘာသာစကားကို ရွေးချယ်သင့်သည်။ မည်သည့်လျှောက်လွှာပုံစံကိုမဆို ယင်းတို့ကိုယ်ပိုင်ဘာသာစကားဖြင့် ဖော်ပြ ပေးသင့်သည်။
- စကားလုံးတစ်လုံးချင်း အသေးစိတ် အဓိပ္ပါယ်ပြန်ဆိုနိုင်စွမ်း ရှိသည့် စကားပြန်များ သုံးသင့်သည်။ ထိုစကားပြန်များသည် ကြိုတင်အသိပေး၍ သဘောတူညီချက် ရယူရသည့် အဓိပ္ပါယ်နှင့် လိုအပ်ချက်များကို အပြည့်အဝနားလည်ထားသင့်သည်။

**၃။ သီးသန့်လုပ်ဆောင်ချက်များအတွက် အသေးစိတ်သဘောတူညီချက် ရယူပါ။**

- အင်တာဗျူးစဉ် အသံဖမ်းစက် သို့မဟုတ် ဗီဒီယို ကင်မရာ အသုံးပြုခွင့်အတွက် သဘောတူညီချက် ပေးထားပြီး ဖြစ်ရမည်။

အသံနှင့် ရုပ်ကို မှတ်တမ်းတင်နေသည်ကို လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ သိရှိကြောင်း သေချာစေရမည်။

- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေများသည် ယင်းတို့ ကိုယ်ရေးအချက်အလက်၊ လိပ်စာနှင့် အခြားအချက်အလက်များကို တတိယအဖွဲ့အစည်း၊ အထူးသဖြင့် ပြည်တွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စုံစမ်း စစ်ဆေးသူများ သို့မဟုတ် အဖွဲ့အစည်းများ၊ တရားရုံးများနှင့် ရဲများသို့ လွှဲပြောင်းပေးခြင်းကို သဘောတူကြောင်း ဖော်ပြထားရန် လိုအပ်သည်။

**၄။ ကလေးများအား အင်တာဗျူးရာတွင် သဘောတူညီချက်ကို သင့်လျော်သော နည်းဖြင့် ရယူထားပါ။**

- စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ရန် သဘောတူညီချက်ကို ကလေးတိုင်း ပေးရမည်။
- ကြိုတင်အသိပေး၍ သဘောတူညီချက်ရယူရာတွင် ကလေး၏ အသက်အရွယ်၊ လိုအပ်ချက်များနှင့် နားလည်သိတတ်မှု အတိုင်းအတာနှင့်အညီ ဆောင်ရွက်ထားရမည်ဟု နားလည်ရမည်။ ဥပမာ - ၁၈ နှစ် အောက်ကလေးများအတွက် သာမန်အားဖြင့် မိဘအား အသိပေး၍ မိဘထံမှ သဘောတူညီချက် ရယူရမည်။ အရွယ်ရောက်ပြီးသူများကိုမူ အသိပေး၍ သဘောတူညီချက် ရယူနိုင်သည်။
- ကလေးငယ်များအား အင်တာဗျူးရန် မိဘထံမှ သို့မဟုတ် အုပ်ထိန်းသူထံမှ သဘောတူညီချက် ရယူရမည်။
- ကလေးများသည် ရှေ့ထွက်၍ ယင်းတို့မိဘများ သို့မဟုတ် အုပ်ထိန်းသူများနှင့် ယင်းတို့ အတွေ့အကြုံ အသေးစိတ်ကို ဝေမျှရန် သတိရှိနိုင်သလို၊ မရှိနိုင်သည်လည်း ရှိသည်ကို သိနားလည်ထားရမည်။ လက်တွေ့ဆောင်ရွက်သူက ကလေးများ သို့မဟုတ် အုပ်ထိန်းသူများ သို့မဟုတ် မိဘများကို ချဉ်းကပ်၍ အသိမပေးမချင်း၊ ကလေးသည် လိင်အကြမ်းဖက်မှုသားကောင် ဖြစ်ခဲ့ကြောင်း မသိခြင်းလည်း ဖြစ်နိုင်သည်။
- သတင်းအချက်အလက်ပေးလျှင် ကြုံနိုင်သည့် အန္တရာယ်များကို ကလေးအား အသိပေးရာတွင် အသက်အရွယ်အလိုက် သိနားလည်မှုအရ မလိုလားအပ်သည့် ကြောက်ရွံ့မှုများ မရှိစေရန် သတိထား အသိပေးရမည်။ ကလေးအား အင်တာဗျူးမပြုလုပ်မီ အုပ်ထိန်းသူများ သို့မဟုတ် မိဘများနှင့် ကလေး၏ မျက်ကွယ်ရာတွင် သီးသန့်ဆွေးနွေးရန် အကြံပြုပါသည်။
- ကလေး၏ စွမ်းဆောင်ရည်အလိုက် ချဉ်းကပ်ဆောင်ရွက်နိုင်သည့် သင်တန်းရည်ပြည့် ဝန်ထမ်းများက ဖြစ်လာနိုင်သည့် ကိစ္စရပ်များ၊ ရလဒ်များအားလုံးကို ကလေးအား ပေးထားရမည်။
- ကလေးအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နှင့် ရာဇဝတ်မှုသားကောင်များနှင့် အာဏာအလွဲသုံးစားမှုအပေါ် တရားစီရင်ရေး အခြေခံစည်းမျဉ်းများဆိုင်ရာ ကြေငြာချက်[၁၈]တို့အရ ကလေးများတွင် မည်သည့် အခွင့်အရေးများ ရှိကြောင်း ပြောပြထားရမည်။ အင်တာဗျူး လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ဘာဖြစ်နေသည် ဘာရရန် မျှော်လင့်ထားသည် စသည်ဖြင့် လက်တွေ့ဆောင်ရွက်သူက ကလေးအား သေချာစွာ ရှင်းပြသင့်သည်။

## ၆.၂ လျှို့ဝှက်ချက်အဖြစ် ထားရှိခြင်း

လိင်အကြမ်းဖက်မှုမှတ်တမ်းတင်ရာတွင် အင်တာဗျူးအချက်အလက်များကို လျှို့ဝှက်ချက်အဖြစ် ထားရှိရေးသည် လက်တွေ့ဆောင်ရွက်သူများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းတစ်ရပ်ဖြစ်ပြီး မှတ်တမ်းတင်သည့် လုပ်ငန်းစဉ်တလျှောက် လိုက်နာကြရသည်။ လျှို့ဝှက်ချက်အဖြစ် ထားရှိခြင်းသည် တခါတရံ၌ လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ၏ ယုံကြည်မှုတည်ဆောက်ရန် အရေးပါသည်။ သို့ရာတွင် လျှို့ဝှက်ခြင်း၌ ကန့်သတ်ချက်များရှိပြီး၊ ထိုကန့်သတ်ချက်များကို လွတ်မြောက်လာသူ၊ မျက်မြင်သက်သေအား ကောင်းစွာရှင်းပြထားရမည်။

အထူးသဖြင့် လက်တွေ့ဆောင်ရွက်သူများသည် -

**၁။** မှတ်တမ်းတင်ရာ၌ ပြဋ္ဌာန်းသတ်မှတ်ထားသည့် လျှို့ဝှက်စွာထားရှိရေးကို အဖွဲ့ဝင်တိုင်း နားလည်လိုက်နာကျင့်သုံးစေရမည်။ အဖွဲ့ဝင်မဟုတ်သည့် မိသားစုများ၊ မိတ်ဆွေများ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များနှင့် အမှုကိစ္စအသေးစိတ်ကို မဆွေးနွေးရပါ။

**၂။** လွတ်မြောက်လာသူ၊ မျက်မြင်သက်သေနှင့် ယင်းတို့အစစ်ခံသည့် အချက်အလက်များ၊ လက်ရှိ ကျင့်သုံးဆဲ လမ်းညွှန်ပေးသည့် နည်းလမ်းများ သို့မဟုတ် ကာကွယ်ရေးအစီအမံများနှင့်ဆိုင်သည့် အချက်အလက်များကို ထိန်းသိမ်းသည့် အစီအမံများ နေသားတကျရှိစေရမည်။ **(အပိုင်း ၉ "အချက်အလက် သိမ်းဆည်းခြင်း"ကို ကြည့်ပါ။)**

**၃။** လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအား လျှို့ဝှက်စွာ ထားရှိမည့် အခြေအနေများနှင့် ကန့်သတ်ချက်များကို အောက်ပါအတိုင်း အပြည့်အဝ ရိုးရှင်းစွာ ရှင်းပြပေးရမည်။

၁၈ ကုလသမဂ္ဂအထွေထွေညီလာခံ၊ ရာဇဝတ်မှုသားကောင်များနှင့်အာဏာအလွဲသုံးမှုများကို တရားရုံးတင်စစ်ဆေးရာ၌ အခြေခံသည့် စည်းမျဉ်းများ ဆိုင်ရာ ကြေငြာချက်။ အထွေထွေညီလာခံမှ လက်ခံအသုံးပြုသည့် ဆုံးဖြတ်ချက်၊ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်။

- လျှို့ဝှက်စွာ ထားရှိရေးဆိုင်ရာ မည်သည့် အစီအမံများ ရှိနေသလဲ၊ အကယ်၍ရှိလျှင်လည်း၊ ယင်းအချက်အလက်များကို မည်သို့ကာကွယ်မည်လဲ။
- အချက်အလက်များကို အတွင်းရေးအဖြစ် ထားရှိရေး လက်တွေ့အစီအမံများနှင့် တရားဝင် ရပိုင်ခွင့်အဖြစ် လျှို့ဝှက်စွာ ထားရှိပေးရန် အာမခံနိုင်စွမ်း မရှိသည့် အနေအထားတို့အကြား ကွာခြားချက်များအပါအဝင် အချက်အလက်စုဆောင်းသူများ အာမခံနိုင်သည့် လျှို့ဝှက်စွာ ထားရေးကိစ္စ၏ ကန့်သတ်ချက်များအကယ်၍ လွတ်မြောက်လာသူ၊ မျက်မြင်သက်သေများက ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်မှု သို့မဟုတ်ကိုယ့်ကိုကိုယ် အန္တရာယ်ပြုမှု သို့မဟုတ် ကလေးကာကွယ် စောင့်ရှောက်ရေး ကိစ္စဖြစ်ပေါ်လာပါက လျှို့ဝှက်စွာ ထားရှိရေးအချက်ကို မည်သို့ချိုးဖောက်နိုင်မည်စသည်။
- အကယ်၍ လွတ်မြောက်လာသူ၊ မျက်မြင်သက်သေများက ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်မှု သို့မဟုတ်ကိုယ့်ကိုကိုယ် အန္တရာယ်ပြုမှု သို့မဟုတ် ကလေးကာကွယ် စောင့်ရှောက်ရေး ကိစ္စဖြစ်ပေါ်လာပါက လျှို့ဝှက်စွာ ထားရှိရေးအချက်ကို မည်သို့ချိုးဖောက်နိုင်မည်စသည်။
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေက အချက်အလက်များအား တတိယအဖွဲ့အစည်း- ရဲများ၊ စုံစမ်း စစ်ဆေးသူများနှင့် တရားရုံးများသို့ လွှဲပြောင်းပေးရန် သဘောတူထားပါက သူ၊ သူမ၏ အချက်အလက်ကို ဖော်ထုတ်သလို ဖြစ်စေနိုင်သည့် အနေအထားများအပါအဝင် လျှို့ဝှက်စွာထားရှိပေးခြင်း၏ ကန့်သတ်ချက်များ (**အပိုင်း ၆.၁၊ "အသိပေး၍ သဘောတူညီချက်ရယူခဲ့ခြင်း"ကို ကြည့်ပါ။)**

## ၆.၃ လမ်းညွှန်ခြင်းများ

လက်တွေ့ဆောင်ရွက်သူများသည် လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများအား အင်တာမဗျူးမီ အထောက်အပံ့နှင့် အကူအညီများ ရရန် လမ်းညွှန်ပေးရာ၌ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ကြိုးစားဖော်ထုတ်ပေးသင့်သည်။ လမ်းညွှန်သည့် လုပ်ငန်းစဉ်အတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိသင့်သည်။ ယင်းတို့ကြုံတွေ့ရသည့် လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများသည် ဆေးဝါးကုသမှု၊စိတ်ခွန်အားနှင့် လူမှုရေး သို့မဟုတ် လုံခြုံရေးအကူအညီ ချက်ချင်းလိုအပ်နေသူများ ဖြစ်နိုင်သလို ထိုသူများသည် အချက်အလက်များကို ကိုယ်တိုင်ဖွင့်ဟဖော်ပြရန် စိတ်ပိုင်းဆိုင်ရာ အခက်အခဲ ရှိနေခြင်း၊ စိတ်ဒဏ်ရာရနေခြင်း သို့မဟုတ် အန္တရာယ်များ ထပ်မံ ကြုံလာနိုင်ခြင်းတို့ကိုလည်း တွေ့ရနိုင်သည်။

တရားဝင်ဝန်ဆောင်မှုများ မရနိုင်ပါက လွတ်မြောက်လာသူ၊ မျက်မြင်သက်သေကို အထောက် အကူပေးနိုင်သည့် မည်သည့် အလွတ်သဘော လုပ်နည်းလုပ်ဟန်များ ရှိနေသည်ကို လက်တွေ့ဆောင်ရွက် သူများက စိစစ်သင့်သည်။ ဤနေရာတွင် မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းမှ အကူအညီပေးသည့်စနစ်များပါ ပါဝင်သည်။ လွတ်မြောက်လာသော ကလေးများနှင့်မျက်မြင်သက်သေကလေးများအတွက် စိစစ်ပေးရာတွင် မိသားစုအထောက်အကူနှင့် လူမှုရေးအကူအညီပုံစံများကို အမြဲထည့်စဉ်းစားထားရမည်။

လွတ်မြောက်လာသူ/ မျက်မြင်သက်သေတစ်ဦးမှ လမ်းညွှန်ပေးသည့် အထောက်အကူ ဝန်ဆောင်မှုများ ရရှိခံစားနိုင်စွမ်းကို ကျား၊ မ အခြေခံဖြင့် ဆုံးဖြတ်နိုင်သည်။ ကျားနှင့် မ တရားခံများသည် အကူအညီများ ရှာဖွေရာ၌ တခါတရံ ကွဲပြားစွာ ဆက်ဆံခံကြရသည်ကို လက်တွေ့ဆောင်ရွက်သူများ သိထားသင့်သည်။ အန္တရာယ်ပြုခံရသည်ဟု လက်တွေ့ဆောင်ရွက်သူများက ယုံကြည်သည့် ကလေးများနှင့် ချိတ်ဆက်မိလျှင် သင့်တော်ရာ အာဏာပိုင်များနှင့် ဆက်သွယ်ပေးရန် လိုအပ်သည်ကိုလည်း သိထားသင့်သည်။

လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ ရနိုင်သည့် အကူအညီအမျိုးအစားများကို **နောက်ဆက်တွဲ - ၅ "လိင်အကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူများအား အကူအညီရရန် လမ်းညွှန်ပေးခြင်း"**၌ သတ်မှတ်ဖော်ပြထားသည်။ လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများအား လမ်းညွှန်ပေးရန် ရှာဖွေရာ၌ လက်တွေ့ဆောင်ရွက်သူများသည်

**၁. အခြားအကူအညီများ လမ်းညွှန်သည့်စနစ်များ သတ်မှတ်ထားခြင်း ရှိ၊ မရှိ ရှာကြည့်ရမည်။ ဤသို့ ဆောင်ရွက်ရာတွင် -**

- အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းကယ်ဆယ်ရေးအေဂျင်စီများအကြား၌ အသုံးပြုသည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ဒေသအဆင့် လိင်အခြေခံအကြမ်းဖက်မှု လမ်းညွှန်ရေး လုပ်ထုံးလုပ်နည်းများ ရှိ၊ မရှိ။
- တရားဝင်လုပ်ပိုင်ခွင့်အပ်နှင်းမထားသည့် ရပ်ရွာ ခေါင်းဆောင်များ၊ အဓိကပုဂ္ဂိုလ်များ၊ ကလေး ဦးစားပေး အုပ်စုများနှင့် စိတ်ဒဏ်ရာရသူများ အလေးပေးသည့် အထောက်အကူပြုအဖွဲ့များ အပါအဝင် သို့ စိတ်ထိခိုက်လွယ်သည့်ကလေးများအား လမ်းညွှန်ပေးနိုင်သည့် လမ်းကြောင်းများ ရှိ/မရှိ။
- လိင်အကြမ်းဖက်မှုများအား ကိုင်တွယ်ရာတွင် နိုင်ငံတော်အဆင့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက် ရှိ/မရှိ။
- လွတ်မြောက်လာသူ၊ မျက်မြင်သက်သေမှ ခေါ်ဆိုနိုင်သည့် Call Centers များနှင့် ဖုန်းလိုင်းများ ရှိ/မရှိ။

- လိင်စော်ကားခံရမှုကို လမ်းညွှန်ပေးသည့် စင်တာများတွင် ကဏ္ဍစုံမှ ဝန်ဆောင်မှုပေးနေခြင်း၊ "One- Stop-Shops" များ ရှိ/မရှိ။

**၂. အထောက်အကူပြုဝန်ဆောင်မှုများနှင့် ချိတ်ဆက်မှုအားကောင်းစေခြင်း**

- လမ်းညွှန်ပေးခြင်း ပိုမိုထိရောက်စေရန်အလို့ငှာ - ဝန်ဆောင်မှုပေးသူများနှင့်သဘောတူစာချုပ်များ၊ စံလုပ်ထုံးလုပ်နည်းများနှင့် နားလည်မှုစာချွန်လွှာများလက်မှတ်ထိုးထားခြင်း။

**၃. အထောက်အကူပြု ဝန်ဆောင်မှုများ လက်လှမ်းမီရန် ဖြစ်နိုင်ချေနှင့် လုံခြုံစိတ်ချမှုကို သုံးသပ်ရန်**

- သင်၏ သင့်လျော်သလို လမ်းညွှန်မှုပြုနိုင်စွမ်းအပေါ် မည်သည့်ကန့်သတ်ချက်များရှိ၍ အသက်ရှင် လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများနှင့် သင်တို့ အပြန်အလှန် ဆက်ဆံဆောင်ရွက်နိုင်စွမ်း အပေါ် ဤအချက်က သက်ရောက်မှု ရှိ/မရှိ ဆုံးဖြတ်ပါ။ ကန့်သတ်ချက်တွင် ပါဝင်နိုင်သည်မှာ-

  *လုံခြုံစိတ်ချမှုဆိုင်ရာ ကန့်သတ်ချက်များ*

  - အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား အထောက်အကူပြု ဝန်ဆောင်မှု တရပ်သို့ လမ်းညွှန်ပေးခြင်းသည် အခြားအန္တရာယ်တရပ်ရပ်ကို ဖြစ်စေပါသလား။ ဥပမာ- ကျန်းမာရေး နှင့် လုံခြုံရေးဝန်ဆောင်မှုများကို အစိုးရကပေးနေသော နေရာ၌ သို့မဟုတ် အချက်အလက်များကို အတွင်းရေးအဖြစ် လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် စံနှုန်းများနှင့်အညီ ထားရှိခြင်းမရှိသည့်နေရာ၌ ပြဿနာများ ရှိနိုင်သည်။
  - ရပ်ရွာလူထု အုပ်စုများ သို့မဟုတ် အဓိကလူအုပ်စုများက အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား အကူအညီပေးမည်လား၊ သို့မဟုတ် ယင်းတို့ဆန္ဒများနှင့် ဆန့်ကျင်လျက် ဖိအားပေးမည်လား။

  *စီမံဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ချက်များ*

  - အထောက်အကူပြု ဝန်ဆောင်မှုများသည် အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေ များအတွက် လက်လှမ်းမီရန် ခက်ခဲနေပါသလား သို့မဟုတ် အလွန်ဝေးကွာလွန်းပါသလား။ အခြားကန့်သတ်ချက်များ၊ ဥပမာ- ရိုးရာယုံကြည်ချက်များအရ ဖယ်ကြဉ်ထားခြင်းနှင့် ခွဲခြား ဆက်ဆံသော သဘောထားအမြင်များ။
  - အသက်ရှင် လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား ဒေသန္တရ ဝန်ဆောင်မှုများသို့ လမ်းညွှန်ပေးခြင်းကို တားမြစ်သည့် ခွဲခြားဆက်ဆံသော ပုံသေကားချပ်လုပ်ငန်း သို့မဟုတ် မူဝါဒများ အစရှိသည့် ရိုးရာယုံကြည်ချက် တရပ်ရပ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေပါသလား။

**၄. အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ပြည်တွင်းစံနှုန်းများဖြင့် ဆောင်ရွက်ရန်**

- အောက်ဖော်ပြပါတို့အတွက် စံသတ်မှတ်ချက်များ ချမှတ်ခြင်း
  - နောက်ထပ် အကူအညီရရေးအတွက် မည်သူတို့ကို လမ်းညွှန်ပေးရမည်နည်း။ ထိုသူများတွင် အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများ/ မိသားစုဝင်များ သို့မဟုတ် ရပ်ရွာ လူထုတို့ များစွာပါဝင်နိုင်သည်။
  - လက်တွေ့ဆောင်ရွက်သူများသည် မည်သည့်အတွက် လမ်းညွှန်မှုပြုလုပ်ကြသနည်း။
  - မည်သည့်ဝန်ဆောင်မှုမျိုးအတွက် လက်တွေ့ဆောင်ရွက်သူများက လူပုဂ္ဂိုလ်များအား လမ်းညွှန်ပေး မည်နည်း။
- အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား သယ်ယူပို့ဆောင်ရေး၌ မည်သည့် မူဝါဒ ရှိပါသနည်း။
- မည်သည့်အချိန်တွင် မည်သို့ လမ်းညွှန်ပေးမည်ကို ဖော်ပြပါ။ စာရွက်စာတမ်းပြုစုခြင်းနှင့် အင်တာဗျူး လုပ်ငန်းစဉ်တို့၏ မည်သည့်အဆင့်၌ ဖြစ်ပါသလဲ။

**၅. အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်**

- လက်တွေ့ဆောင်ရွက်ပေးနိုင် သည့် အကူအညီအတိုင်းအတာကို အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား ရှင်းရှင်းလင်းလင်း အသိပေးရန်
- အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား ရနိုင်သမျှနည်းလမ်းများနှင့် အပြည့်အဝ ချိတ်ဆက်ဆောင်ရွက်ပေးရန်
- အကူအညီအထောက်အပံ့သည် ထွက်ဆိုချက်ပေးသည့်အပေါ် မမူတည်သည့်အပြင် အကူအညီ တစ်ခုခုအတွက်

တနည်းနည်းဖြင့် အာမခံချက်ရရန် ထွက်ဆိုချက်မပေးရကြောင်း ရှင်းပြရန်။

**၆. လက်တွေ့ဆောင်ရွက်သူများသည် အသက်ရှင်လွတ်မြောက်လာသူကလေးများ/ ကလေးမျက်မြင် သက်သေများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် သင့်လျော်ရာ ဝန်ဆောင်မှုများသို့ လမ်းညွှန်ပေးစေရမည်။**

- ထွက်ဆိုချက်ပေးရန် ကလေးမှ ဆုံးဖြတ်သော်ငြားလည်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံစိတ်ချရမှု ရှိစေရန် ကလေးများ၏ ရေရှည်လိုအပ်ချက်များနှင့် ပြည့်မီစေရေးကို နားလည်သဘောပေါက်ထားရမည်။ ရေရှည်လိုအပ်ချက်များတွင် -
  - ရုပ်ပိုင်းဆိုင်ရာ။ အရေးပေါ်ဆေးကုသမှုသို့ လမ်းညွှန်ပေးပြီးနောက်တွင်လည်း၊ ကလေးများ၌ ရေရှည်ကျန်းမာရေးပြဿနာများရှိနိုင်ရာ ထိရောက်သော ကုသမှုကို လိုအပ်ပေလိမ့်မည်။
  - စိတ်ပိုင်းဆိုင်ရာ။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံရပြီး နောက်ပိုင်းတွင်လည်း စိတ်ဒဏ်ရာ ကုစားရေးအတွက် အကူအညီများ လိုကောင်းလိုနိုင်ပြီး၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ယင်းတို့ခံစားမှုများကို နားလည်ပေးခြင်းများ ရှိရပေမည်။
  - လူမှုရေးဆိုင်ရာ။ ကလေးများ ကျောင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အကူအညီများ လိုအပ်နိုင်ပြီး၊ အပြုသဘော ဆက်ဆံရေးများ ဖြစ်ပေါ်ရန် ကူညီရပေမည်။
  - ကူညီစောင့်ရှောက်ရေးအစီအမံများ ။ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပေါ်လျှင်၊ ကလေးများအတွက် လုံခြုံသောနေရာ တစ်နေရာ လိုအပ်သည်။
- **နောက်ဆက်တွဲ ၅ "လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအား အကူအညီရရေး လမ်းညွှန် ပေးခြင်း"** တွင် အသေးစိတ် လမ်းညွှန်ပေးမည့် ပုံစံများကို ဖော်ထုတ်သတ်မှတ်ထားရာ ကလေးများအား လမ်းညွှန်ပေးမည့်ဝန်ဆောင်မှုများတွင် ပါဝင်သင့်သည်မှာ-
  - သားကောင်ဖြစ်ခဲ့ရသည့် ကလေး၏ အသက်နှင့် ကျား/မ ကွာခြားမှုအရ လမ်းညွှန်ပေးခြင်း
  - ကလေးနှင့် ဆယ်ကျော်သက်တို့ ရင်းနှီးကျွမ်းဝင်နိုင်သော နေရာများကို ဝင်/ထွက် နိုင်ရေး လမ်းညွှန်ပေးခြင်း၊
  - ရပ်ရွာအခြေပြု ကလေးကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ ကလေးကာကွယ်ရေးကော်မတီများ နှင့် ကလေးဦးဆောင်သော အုပ်စုများ အပါအဝင်သို့ လက်လှမ်းမီရေး လမ်းညွှန်ပေးခြင်း၊
- လူမှုရေးအထောက်အပံ့များ လျော့နည်းလာမှု သို့မဟုတ် မရှိမှုကြောင့် မိသားစုများနှင့် ကင်းကွာကာ သင်းကွဲဖြစ်မည့် အန္တရာယ်ရှိခြင်းနှင့် လူမှုရေးဆိုင်ရာ အမဲစက်စွန်းထင်းခံရခြင်း စသည်ဖြင့် ကလေးများ အန္တရာယ်ရှိလာနိုင်ခြင်းအတွက် သင့်လျော်သော လမ်းညွှန်မှုများ ပြုလုပ်ရန်
- ကလေး၏ အကောင်းဆုံး အကျိုးစီးပွားများကို အမြဲဦးစားပေးစေရေးအတွက် အတွင်းရေးအချက် အလက် ဝေမျှသည့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းစွာ ချမှတ်ပေးရန်
- ကလေးနှင့် မိသားစုအပေါ် အကူအညီရနိုင်သည့် ဝန်ဆောင်မှုများအား ကလေးမိဘများနှင့် အုပ်ထိန်းသူများ ကို အသိပေးခြင်းဖြင့် အထောက်အကူပြုရန်

## ၇။ အင်တာဗျူးခြင်း

အသက်ရှင်လွတ်မြောက်လာသူများနှင့် အခြားမျက်မြင်သက်သေများကို ဖော်ထုတ်စိစစ်ပြီးနောက်၊ ယင်းတို့ကို အင်တာဗျူးခြင်းသည် များသောအားဖြင့် ပုံသေကိစ္စရပ်လိုဖြစ်ပြီး မကြာခဏပင် အချက်အလက် စုဆောင်းရေးအတွက် အသုံးအဝင်ဆုံး နည်းလမ်းဖြစ်သည်။ သို့ရာတွင် ကောင်းစွာ မပြုလုပ်လျှင် ပေးသည့် အချက်အလက်၏ အရည်အသွေးနှင့် အားထားရမှုကို သက်ရောက်မှုရှိစေပြီး အသက်ရှင်လွတ်မြောက် လာသူများနှင့် အခြားမျက်မြင်သက်သေများ၏ ကောင်းရာ ကောင်းကျိုးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ကာ အန္တရာယ်များပါ ဖိတ်ခေါ်သကဲ့သို့ ဖြစ်နိုင်သည်။

တခါတရံ၊ အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား အင်တာဗျူးရန် မလိုအပ်သလို၊ ထိုသို့ပြုလုပ်ရန် မလိုအပ်ဘဲ အကြံမပြုရပါ။ လက်တွေ့ဆောင်ရွက်သူများအနေဖြင့် ဆောင်ရွက်ရန် ဆောင်ရွက်ရန် လို/မလို ကို ရှင်းလင်းသို့သုံးသပ်နိုင်ရမည်။

လိင်အကြမ်းဖက်ခံရသည့် အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား အင်တာဗျူး လျှင်လည်း၊ လက်တွေ့ဆောင်ရွက်သူများအား သင့်လျော်စွာ သင်တန်းပေးပြီးဆောင်ရွက်စေရမည်။ ကလေး သူငယ်များအား အင်တာဗျူးရာတွင်- ကလေးတစ်ဦးချင်း၏ လိုအပ်ချက်များနှင့် ကလေး၏ စွမ်းဆောင်ရည် များနှင့်အညီ လိုက်လျောညီထွေ ဆက်ဆံနိုင်ရေးအတွက် လက်တွေ့ဆောင်ရွက်သူများအား သင်တန်းပေး ရမည်။



## ၇.၁ အင်တာဗျူးသတ်မှတ်ချက်များ

### ၁။ အင်တာဗျူးမည့်နေရာကို စဉ်းစားရန်

- အသက်ရှင်လွတ်မြောက်လာသူမ/ မျက်မြင်သက်သေအတွက် လုံခြုံစိတ်ချ၊ ပုဂ္ဂလိကဆန်သော၊ သင့်လျော်သော၊ သက်တောင့်သက်သာရှိသော နေရာ၌ အင်တာဗျူးပြုလုပ်ပါ။
- ဘာသာရေးအကြောင်းပြချက်များ၊ ယဉ်ကျေးမှုအရ သိသာထင်ရှားသော သို့မဟုတ် သင့်လျော်မှု ရှိသည်ဟု မှတ်ယူထားသည့် သတ်မှတ်ချက်များထက် ကျော်လွန်နေသည့် နေရာများ ရှိ/မရှိ ရှာဖွေရန်
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ အလွယ်တကူ လာရောက်နိုင်ပြီး၊ သိပ်မဝေးလွန်း သည့် အနေအထားကို စဉ်းစား၍ အင်တာဗျူးဆောင်ရွက်ရန်
- ထိုနေရာသို့ အရောက်လာရန် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၌ ငွေကြေး တတ်နိုင်မှုရှိပါသလား။
    - လက်တွေ့ဆောင်ရွက်သူများက အကြိုအပို့ လုပ်ပေး ပေးရန် ရှိပါသလား၊ အကယ်၍ရှိလျှင်၊ အင်တာဗျူး ခံမည့်သူ၏ လုံခြုံရေးနှင့် သီးသန့်ရှိစေရန်အတွက် မည်သို့ အာမခံပေးနိုင်သနည်း။
    - ထိုနေရာသည် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ ရောက်ရှိလာရန် သို့မဟုတ် ပြန်လည်ထွက်ခွာရန် လုံခြုံစိတ်ချမှုရှိပါသလား၊ အင်တာဗျူးပြီးချိန်သည် မှောင်လွန်းနေမည်လား။
- လက်တွေ့ဆောင်ရွက်သူများ ရှောင်ကြဉ်ရမည်မှာ-
    - မေးမြန်းစုံစမ်းရာ၌ အန္တရာယ်ရှိနိုင်သည့် အများပြည်သူနှင့်ဆိုင်သည့် ဟင်းလင်းပြင်နေရာများ
    - အင်တာဗျူးလျှင် အခြားလူများကြားနိုင်သည့် အများပြည်သူနှင့်ဆိုင်သည့် နေရာများ
    - ဆေးရုံများ၊ ကယ်ဆယ်ရေးလုပ်သားရုံးများ၊ ရပ်ရွာလူထုနှင့်ဆိုင်သည့်နေရာများ၊ အမျိုးသမီး စင်တာများကို ထိုနေရာများကို စီမံဆောင်ရွက်နေသည့် ဝန်ထမ်းများ၊ ရပ်ရွာလူထုများနှင့် ကြိုတင်သဘောတူညီချက်ရယူထားခြင်းနှင့် အစီအစဉ်များ ချမှတ်ထားခြင်းမရှိလျှင်
    - အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများကို အခြားအလားတူ ပုဂ္ဂိုလ်များ ရှေ့မှောက်၌ အင်တာဗျူးခြင်း၊ တဖက်နှင့်တဖက်အကြား အပြန်အလှန် သက်ရောက်နိုင်သည့် စာရင်းဇယားများနှင့် စပ်လျဉ်း၍ ရှောင်ကြဉ်ရန်။
    - အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများကို အင်တာဗျူးအပေါ် လွှမ်းမိုးနိုင်သည် သို့မဟုတ် ယင်းတို့အပေါ် အနှောက်အယှက်ပေးနိုင်သည့် အခြားပုဂ္ဂိုလ်များရှေ့၌ အင်တာဗျူးခြင်း
    - အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများကို စိတ်ဖိစီးမှုခံစားရနေရသည့် ကလေးများ သို့မဟုတ် အတွင်းရေးအဖြစ် ထားရှိရမည့်စည်းမျဉ်းကို ချိုးဖောက်နိုင်ချေမြင့်မားသည့် ကလေးများရှေ့တွင် အင်တာဗျူးခြင်း

### ၂။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် အထောက်အကူကို လက်လှမ်းမီမှုရှိ/မရှိ လေ့လာရန်

- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် ယင်းအားအကူအညီပေးရန် တစ်စုံတစ်ဦးကို အဖော်အဖြစ် လိုက်ပါပေးရေး မေတ္တာရပ်ခံနိုင်သည်။ ထိုသူသည်-
    - အခြားမျက်မြင်သက်သေတစ်ယောက် မဖြစ်သင့်ပါ။ မျက်မြင်သက်သေတစ်ဦးဖြစ်လျှင်လည်း၊ ထိုသူများကို သီးခြားအင်တာဗျူးရမည်။
    - အဖော်ဖြစ်သူသည် အင်တာဗျူးခံရသူက ယုံကြည်စိတ်ချရသူဖြစ်သင့်ပြီး၊ အဆိုပါဆက်ဆံရေး အခြေအနေကို ထုတ်ဖော် မပြသည့်သူ ဖြစ်သင့်သည်။
    - အဖော်ဖြစ်သူသည် အားလပ်ချိန်တွင်သာ အနီးတွင်ရှိနေသင့်ပြီး၊ အင်တာဗျူးချိန်အတွင်း ရှိမနေသင့်ပါ။
    - သွေးနီးစပ်သည့် မိသားစု သို့မဟုတ် အုပ်ထိန်းသူမှ ကလေးများအား ကူညီပေးရန် ရှိနေပေးခြင်းကို ခြွင်းချက်ထား ခွင့်ပြုသင့်သည်။

### ၃. မည်သူက အင်တာဗျူးပြုလုပ်မည်ဆိုသည့်အပေါ် သက်ရောက်မှုရှိနိုင်သည့် ယဉ်ကျေးမှုနှင့် လူမှုရေး ဆိုင်ရာ ကွာခြားချက်အနည်းငယ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်

- ကျား/မ ကွာခြားချက်များ၊ လက်ထပ်ထားသည့် သို့မဟုတ် လက်မထပ်ရသေးသည့် အမျိုးသမီးများ၊ ကလေးများနှင့်

အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုအပေါ် ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ လေ့လာရန်။

**၄. အင်တာဗျူးဆောင်ရွက်သင့်သည့် နေ့ရက်၊ အချိန်တို့ကို စဉ်းစားရာ၌-**

- ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ရပ်ရွာလူထု၏ ပုံမှန်လုပ်နေကျကိစ္စရပ်များကို လေ့လာ၍ မည်သည့်အချိန်သည် အသင့်လျော်ဆုံးဖြစ်သည်နှင့်၊ အဆင်မပြေဖြစ်သော သို့မဟုတ် ဘာသာရေးအရ မြင့်မြတ်သော အချိန်တစ်ရပ်ရပ် သို့မဟုတ် နေ့ရက်တစ်ရပ်ရပ်အပေါ် လေးစားလိုက်နာမှု ရှိရမည်။

## ၇.၂ အဓိကကျသူများကို အင်တာဗျူးခြင်း

အင်တာဗျူးသည့်ကိစ္စ မည်သို့ရှိစေကာမူ၊ အင်တာဗျူးအားလုံးတွင် အနိမ့်ဆုံးအဆင့်အဖြစ် အောက်ပါ လုပ်ဆောင်ချက်များ ရှိရမည်။

၁။ သင်ကိုယ်တိုင်နှင့် သင်၏အဖွဲ့အစည်းကို မိတဆ် က်ပြီး တစ်ဦးချင်း၏ တာဝန်များနှင့် သင့်အဖွဲ့အစည်း၏ တာဝန်များနှင့် ရည်မှန်းချက်များကို ရှင်းပြပေးရန်။

၂။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို စကားပြန်နှင့် မိတ်ဆက်ပေးရန်၊ အင်တာဗျူး နှင့် အင်တာဗျူးပါအကြောင်းအရာများကို လျှို့ဝှက်ထားရေးလမ်းညွှန်ချက်ကို အခြားအဖွဲ့ဝ င်များနည်းတူ လက်ခံကျင့်သုံးမည့်အကြောင်းနှင့် အင်တာဗျူးတွင် စကားပြန်၏ အခန်းကဏ္ဍ မည်သို့ရှိမည်ကို ရှင်းလင်းဖော်ပြရန်။

၃။ အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေအား တရားဝင်အင်တာဗျူး မပြုလုပ်မီ ကြိုတင် အသိပေး၍ သဘောတူညီချက်ရယူရန် (အပိုင်း ၆.၁၊ **“ကြိုတင်အသိပေး၍ သဘောတူညီချက်ရယူခြင်း” ကိုကြည့်ပါ။**)၊ လက်တွေ့ဆောင်ရွက်သူများသည် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ အား အင်တာဗျူးမတိုင်မီနှင့် အင်တာဗျူးပြီးနောက်တွင် အသိပေး၍ ခွင့်ပြုချက် ရယူထားသင့်သည်။

၄။ တစ်ဦးချင်းအပေါ် မေးနိုင်သည့် မေးခွန်းအမျိုးအစားများကို ရှင်းပြရန်။

၅။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် ယင်းထံမှ ရရှိသည့် အချက်အလက်ကို ရဲများ၊ စုံစမ်းစစ်ဆေးသူများနှင့် တရားရုံးများ စသည့် တတိယအဖွဲ့အစည်းများသို့ပေးမည့်ကိစ္စကို သဘောတူလျှင်လည်း၊ မည်သည့်ပုံစံများဖြင့် သူ/သူမ၏ အချက်အလက်များကို ဖော်ပြနိုင်ကြောင်းနှင့်၊ အတွင်းရေးအဖြစ် ထားရှိမည့် အတိုင်းအတာကို ရှင်းလင်းစွာ ဖော်ပြရန်။

၆။ သင့်ကို စကားပြောမည်၊ မပြောမည် ရွေးချယ်ပိုင်ခွင့်ရှိကြောင်း အင်တာဗျူးခံမည့်သူကိုလည်း ရှင်းလင်းစွာ ရှင်းပြရန်၊ အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများ၊ ကလေးများ အပါအဝင် အားလုံးအနေဖြင့် ယင်းတို့၏ ပုဂ္ဂိုလ်ရေးအခွင့်အရေးကို နားလည်ရန် အရေးကြီးသည်။

၇။ လုပ်ငန်းစဉ်၊ သင်၏ အခန်းကဏ္ဍ၊ ယင်းတို့ပေးမည့် အချက်အလက်နှင့် ယင်းတို့ရရှိနိုင်သည့် အထောက် အကူနှင့်စပ်လျဉ်း၍၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ မျှော်မှန်း ချက်များကို သုံးသပ်ရန်၊ ဤမျှော်မှန်းချက်များ လက်တွေ့ကျရန်နှင့် မမှန်လျှင်လည်း အမှန်ပြင်ရန်။

၈။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေနှင့်စပ်လျဉ်းသည့် အချက်အလက်အပြည့်အစုံ၊ အမည်၊ မွေးရက်၊ ကျား/မ၊ လိပ်စာအပြည့်အစုံနှင့် နိုင်ငံသားဖြစ်မှု၊ မျိုးနွယ်၊ ကိုးကွယ်ရာဘာသာ စသည်ကို ကောင်းစွာ မှတ်တမ်းထားရန်။

- တယ်လီဖုန်းဆက်သွယ်ရေးများ မရှိသောအခါ သို့မဟုတ် စိတ်ချအားထားနိုင်မှု မရှိသောအခါနှင့် သမားရိုးကျလိပ်စာများသည် ပုံမှန်မဟုတ်သောအခါ မတူညီသော အမည်များနှင့် သိထားခြင်း သို့မဟုတ် အမှန်တကယ်မရှိသောအခါ၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ လိပ်စာကို မှတ်တမ်းထားရေးအတွက် အခြားနည်းများ အသုံးပြုရန်- အသက်ရှင် လွတ်မြောက်လာမှု/ မျက်မြင် သက်သေနှင့် နီးစပ်သည့် မျိုးနွယ်စုခေါင်းဆောင်အမည်၊ လူမျိုး သို့မဟုတ် ရပ်ရွာလူထု သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အုပ်စတု စ်ခုအပါအဝင်။

၉။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို ယင်းကိုမည်သည့်နည်းဖြင့် ဆက်သွယ်စေလို ကြောင်း မေးမြန်းရန်။

၁၀။ အင်တာဗျူးပြီးနောက် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို လပေါင်းများစွာ သို့မဟုတ် နှစ်တစ်နှစ်အထိ မည်သို့ဆက်သွယ်မည်နှင့် ခြေရာခံမည်ကို စဉ်းစားရန်၊ ဥပမာ- အသက်ရှင် လွတ်မြောက်လာသူ၏ သဘောတူညီချက်ဖြင့် ယင်း၏မိသားစုဝင်များအမည်၊ အနီးစပ်ဆုံးမိတ်ဆွေများ၊ ဒေသခံဘုရားကျောင်း၊ သို့မဟုတ် ဒေသခံအုပ်စု၊ ယင်းကိုခြေရာခံရာ၌ အကူအညီပေးနိုင်သည့် နေရာ၌ ရှိသည့် မည်သူမဆို ဖြစ်နိုင်သည်။

**၁၁။** အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို မည်သို့ဆက်သွယ်မည်ကို လေ့လာရန်

## ၇.၃ မေးခွန်းအမျိုးအစားများ

**"လိင်အကြမ်းဖက်သည့် ရာဇဝတ်မှုများ မှတ်တမ်းတင်ထားသည့် သက်သေခံအထောက်အထား"** နောက်ဆက်တွဲ-၁ တွင် ရာဇဝတ်မှုအလိုက် တည်ဆောက်ထားသည့် အမေးအဖြေနမူနာပုံစံများ ပါရှိပြီး၊ မှတ်တမ်းပြုစုသည့်လုပ်ငန်းစဉ်အတွင်း အချက်အလက် အလုံအလောက်စုဆောင်းမိစေရေး အထောက်အကူ ပြုရန် ရည်ရွယ်သည်။ သက်သေခံအထောက်အထားစာအုပ်တွင် အချက်အလက်နှိုက်ယူရန် မေးမြန်း နိုင်သည့် မေးခွန်းအမျိုးအစားနမူနာများ ပါဝင်ပြီး၊ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ရာဇဝတ်မှု တစ်ခုချင်း၏ အစိတ်အပိုင်းတစ်ရပ်စီအပေါ် ကျေနပ်မှုရနိုင်သည့် နမူနာမေးခွန်းများဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် စာသားသည် ဤလုပင် န်းသုံးစာအုပပ်၊ အစိတ်အပိုင်းများ၏ အကျဉ်းချုပ်သာဖြစ်ပြီး၊ လက်တွေ့အသုံးကျသည့် ကိရိယာအဖြစ် အထောက်အကူပြုစေရန် နောက်ဆက်တွဲတစ်ရပ်အဖြစ် ထည့်သွင်းထားသည်။ လက်တွေ့ဆောင်ရွက်သူများအနေဖြင့် ဤစာအုပ်ပါ အသေးစိတ်ကို အပြည့်အဝ လေ့လာရန် လိင်အကြမ်းဖက်မှု သက်သေများကို အပြည့်ပြည့်ဆိုင်ရာ ရာဇဝတ်မှုအဖြစ် ထိရောက်စွာ စုစည်းရန် အကြံပြုသည်။ အင်တာဗျူးလုပ်ရာ၌ ၊ မေးမြန်းရမည့် မေးခွန်းအမျိုးအစားများသည် အောက်ပါ တစ်ရပ်ရပ် သို့မဟုတ် တစ်ခုထက်ပိုသောအချက်အလက်များကို နှိုက်ယူထားသင့်သည်။

**(၁)** **ကျူးလွန်ခဲ့သည့် (ဥပမာ- မုဒိမ်းမှု၊လိင်ကျွန်အဖြစ်အသုံးချမှုစသည့်) သက်ဆိုင်ရာအမှုကိုသက်သေပြသည့်အချက်အလက်များ**

**(၂)** **ကျူးလွန်သည့်အတိုင်းအတာသည်လူသားချင်းစာနာထောက်ထားမှုကင်းသောရာဇဝတ်မှု၊စစ်ရာဇဝတ် မှုသို့မဟုတ်မျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာရာဇဝတ်မှုကိုဖြစ်စေကြောင်းသက်သေပြသည့်အချက်အလက်များ**

**(၃)** **ကိုယ်တိုင်ကိုယ်ကျရာဇဝတ်မှုကျူးလွန်သူပုဂ္ဂိုလ်သည် (မည်သည့်ပုံစံဖြင့်ကျူးလွန်စေကာမူ၊ဥပမာ- တိုက်ရိုက်ကျူးလွန်မှု သို့မဟုတ်အမိန့်ပေးစေခိုင်းမှု/ အထက်လူကြီးအဖြစ်တာဝန်ခံမှု) ထိုကျူးလွန်မှုအပေါ်တာဝန်ယူစေရန်သက်သေပြသည့် အချက်အလက်များ၊**

### (၁) ကျူးလွန်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုစည်းရန် မေးမြန်းမည့် မေးခွန်းအမျိုးအစားများ

ကျူးလွန်မှုနှင့်စပ်လျဉ်း၍ အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများကို အင်တာဗျူးရာတွင် လက်တွေ့ဆောင်ရွက်သူသည် သက်ဆိုင်ရာ ရာဇဝတ်မှုနှင့်ဆိုင်သည့် အပိုင်းအားလုံးကို သက်သေပြရန် အကူအညီရနိုင်သည့် မေးခွန်းများမေးသင့်သည်။

ဥပမာ- မုဒိမ်းမှုအတွက်၊ စွပ်စွဲချက်ကို အထောက်အကူပြုသည့် အချက်အလက်များ နှိုက်ယူနိုင်မည့် မေးခွန်းများမေးရမည်။

(၁) ပြစ်မှုကျူးလွန်သူသည် ပုဂ္ဂိုလတစ်ဦး၏ ခန္ဓာကိုယ်အား အနိုင်အထက်ပြု၍ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ရပ်သို့ ထိုးသွင်းခြင်း၊ သို့ရာတွင် ပေါ့ပေါ့တန်တန် ထိုးသွင်းကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်သူ၏ လိင် အင်္ဂါဖြင့် ထိုးသွင်းကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ခံရသူ၏ စအိုဂ သို့မဟုတ် လိင်အင်္ဂါဂ သို့ အရာဝတ္ထု တစ်ရပ်ရပ်ဖြင့် သို့မဟုတ် ခန္ဓာကိုယ်၏ အခြားအင်္ဂါအစိတ်အပိုင်း တစ်ရပ်ရပ်ဖြင့် ထိုးသွင်း ကျူးလွန်ခြင်း

ထို့နောက် -

(၂) အနိုင်အထက်ကျူးလွန်မှုကို အင်အားသုံး၍ သို့မဟုတ် အင်အားသုံးမည်ဟု ခြိမ်းခြောက်၍ သို့မဟုတ် ကြမ်းတမ်းစွာပြု၍ ဆောင်ရက်ွခဲ့သည်။ အကြမ်းဖက်မှုကို ကြောက်ရွံ့၍၊ ဖမ်းဆီးထိန်းသိမ်းခံရမည်ကို ကြောက်ရွံ့၍၊ ဖြစ်ပွားခဲ့သည့် သို့မဟုတ် ထိုပုဂ္ဂိုလ် သို့မဟုတ် အခြားပုဂ္ဂိုလ်အပေါ် စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု သို့မဟုတ် အာဏာအလွဲသုံးမှု သို့မဟုတ် အကြမ်းဖက်ဆောင်ရွက်သည့် ပတ်ဝန်းကျင် အနေအထားကို အခွင့်ကောင်းယူ၍ ဆောင်ရွက်မှု သို့မဟုတ် အမှန်တကယ် သဘောတူမှုမပေးနိုင်သည့် ပုဂ္ဂိုလ်အပေါ် အနိုင်အထက် ကျူးလွန်မှု

(၁) နှင့် (၂) အတွက် နမူနာ မေးခွန်းများမှာ-

(၁) ဖြစ်နိုင်လျှင်၊ ရှင့်အတွက် သိပ်မခက်ခဲလျှင်၊ ထိုသူများ ရှင့်အပေါ် ဘယ်လိုဆက်ဆံကြတယ်ဆိုတာကို ကျေးဇူးပြု၍ ကျွန်ုပ်ကို

ပြောပြပေးနိုင်ပါသလား။ ဤကိစ္စမှာ ထုတ်ပြောရန် မလွယ်ကူမှန်း ကျွန်ုပ် သိပါတယ်၊ အချိန်ယူပြီးမှပြောပါ။ (အကယ်၍ ထိုသူများ တစ်ယောက်ပြီးတစ်ယောက် သူမကို 'မုဒိမ်းကျင့်' ခဲ့သ ည်ဟု သူမပြောလျှင်ဖြစ်စေ၊ မုဒိမ်းကျင့်မှုကို ဆိုလိုသည်ဟု သင်သိထားသော ဘန်းစကားမျိုး သို့မဟုတ် အရပ်သုံးအခေါ်အဝေါ်မျိုး သုံးလျှင်ဖြစ်စေ၊ ထိုးသွင်းဆက်ဆံခြင်းကို ဖော်ပြသည့် အဓိကအချက်အလက်များ ရရှိရန် ထပ်မံလိုက်ယူရမည်။) သူတို့က မုဒိမ်းကျင့်ခဲ့သည်ဟု ပြောလျှင်၊ ရှင့်ကို မုဒိမ်းကျင့်စဉ်က ဘယ်လိုကျင့်တယ်ဆိုတာ တိတိကျကျ ပြောပေးပါလား၊ သူတို့ ဘာတွေသုံးပြီး မုဒိမ်းကျင့်သလဲ၊ ရှင့်ခန္ဓာကိုယ် ဘယ်နေရာကို အန္တရာယ်ပြုခဲ့သလဲ။

(၂) ဒီကိစ္စဖြစ်ပွားခဲ့စဉ်က အနီးဝန်းကျင်ရဲ့ အနေအထားက ဘယ်လိုရှိလဲ ပြောပြပေးပါလား၊ ရှင်က ဘယ်နေရာမှာ ရှိခဲ့သလဲ၊ ပတ်ဝန်းကျင်အနေအထားများကို ပြောပြပေးနိုင်ပါသလား။ အဖွဲ့အစည်း

**(၂) ကျူးလွန်မှုအတိုင်းအတာနှင့် စပ်လျဉ်းသည့် အချက်အလက်များ စုစည်းရန် မေးခွန်းအမျိုးအစားများ**

ရာဇဝတ်မှုတစ်ရပ်သည် စစ်ရာဇဝတ်မှုအဖြစ် သို့မဟုတ်၊ လူသားချင်းစာနာမှုကင်းသည့် ရာဇဝတ်မှုအဖြစ် သို့မဟုတ် မျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ဖြစ်ပွားခဲ့ခြင်း ဟုတ်/မဟုတ် သတ်မှတ်ရန်ဤရာဇဝတ်မှုများနှင့် ဆိုင်သည့် အပိုင်းတစ်ခုချင်းနှင့် ကိုက်ညီသည့် အချက်အလက်များနှိုက်ယူရန် မေးခွန်းများ မေးရမည်။

ဥပမာ- မုဒိမ်းမှုကို လူသားချင်းစာနာမှုကင်းသည့် ရာဇဝတ်မှုအဖြစ် ၊ စွပ်စွဲချက်ကို အထောက်အကူပြုသည့် အချက်အလက်များ နှိုက်ယူနိုင်မည့် မေးခွန်းများကို မေးရမည်-

(၁) ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားမှု၏ အစိတ်အပိုင်းတစ်ရပ် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သခဲ့သည်။

(၂) တိုက်ခိုက်မှုသည် လူသားထုတစ်ရပ်လုံးနှင့် ဆန့်ကျင်သည်။

(၃) တိုက်ရိုက်ပြစ်မှု ကျူးလွန်သူသည် လူသားထုတစ်ရပ်လုံးနှင့် ဆန့်ကျင်မှန်း သိခဲ့သည်။

(၄) (လက်တွေ့ ဆောင်ရွက်သူများ မှတ်တမ်းပြုစုနေသည့် တရားစီရင်ပိုင်ခွင့်နယ်ပယ်၌ တရားစီရင် ခွင့်ဆိုင်ရာ သတ်မှတ်ချက်များ လိုအပ်နိုင်သည် သို့မဟုတ် မလိုအပ်ပဲ ရှိနိုင်သည်။) တိုက်ခိုက်မှုသည် ဤပြစ်မှု ကျူးလွန်စေသည့် အဖွဲ့အစည်းတစ်ခု၏ မူဝါဒကို လိုက်နာဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် အခြေအနေ တစ်ရပ်ကို ဖြည့်စွမ်းရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေမည်။ တိုက်ရိုက်ကျူးလွန်မှု သို့မဟုတ် အမိန့်ပေး စေခိုင်းမှု/ အထက်လူကြီးမှ တာဝန်ပေးမှု စသည့် မည်သည့်ပုံစံဖြင့် ပြစ်မှုကျူးလွန်စေကာမူ မည်သူ၌ တာဝန်ရှိကြောင်း စွပ်စွဲသတ်မှတ်ရန် လက်တွေ့ဆောင်ရွက်သူက မေးခွန်းများ မေးရပေမည်။

နမူနာမေးခွန်းများ

(၁)နှင့် (၂) ရှင်ဖော်ပြခဲ့တဲ့ကိစ္စတွေ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးနောက်မှာ၊ မဖြစ်ခင်မှာ တခြားဘာဖြစ်သေးလဲ ပြောပြပေးနိုင်ပါသလား၊ လိင်အကြမ်းဖက် တိုက်ခိုက်ခြင်းခံရတဲ့လူတွေအကြောင်း ပြောပြပေးနိုင်သလား။ သူတို့ ဘာတွေဝတ်ဆင်ထားခဲ့သလဲ၊ ဘာတွေယူလာခဲ့သလဲ၊ ဘယ်မှာနေထိုင်နေကြသလဲ။ အနီးတပိုက်မှာ စစ်တပ်အဆောက်အအုံ၊ သို့မဟုတ် စက်ပစ္စည်းကိရိယာ သို့မဟုတ် ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ရှိနေခဲ့သလဲ။ တိုက်ခိုက်မှုဖြစ်ခဲ့တဲ့ ပုံစံကို ပြောပြပေးနိုင်သလား၊ ပထမဆုံး ဘာဖြစ်သလဲ၊ နောက်ပိုင်း ဘာဆက်ဖြစ်သလဲ၊ နောက်ကော၊ မည်သည့် တိုက်ခိုက်မှု အမျိုးအစားကိုမဆို သင်သတိပြုမိနိုင်ပါသလား၊ ဘာကြောင့် ဒီလို ကောက်ချက်ချရပါသလဲ။ သင်ယခုဖော်ပြခဲ့သည့် တိုက်ခိုက်မှုများအပါအဝင်၊ အခြားသင်မြင်ခဲ့သည့် ကိစ္စများရှိပါသလား။ (သူ/ သူမ တွေ့မြင်ခဲ့သည့် ဖြစ်ရပ်အသေးစိတ်ကို သင့်အား ပြောပြပေးသည်ဖြစ်ရာ သင်အနေဖြင့် မည်သူက မည်သည့်အရာကို မည်သည့်အချိန်၊ မည်သည့်နေရာ၌၊ မည်သည့်အတွက်ကြောင့် မည်သို့ ဆောင်ရွက်သည်နှင့် သူ/ သူမ မည်သို့ သိရှိသွားသည်ကို သတိပြုမိနိုင်ပေသည်။

**(၃) ပြစ်မှုကျူးလွန်သူနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုစည်းပေးသည့် မေးခွန်းအမျိုးအစားများ**

ပြစ်မှုကျူးလွန်သူတစ်ဦး သို့မဟုတ် ပြစ်မှုကျူးလွန်သူများမှ (စွပ်စွဲခံထားရသည့်) ရာဇဝတ်မှုကို ကျူးလွန်ခဲ့ သည့်ပုံစံနှင့်ဆိုင်သည့် သတင်းအချက်အလက်များ စုစည်းရန်အလို့ငှာ -

ဥပမာ- တိုက်ရိုက်တာဝန်ရှိမှုကို သတ်မှတ်ရန် မည်သူက စွပ်စွဲခံရသလဲ၊ သူ/ သူမ သည် - ပြစ်မှုကို (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကျူးလွန်ခဲ့ခြင်း သို့မဟုတ် ပူးတွဲကျူးလွန်ခဲ့ခြင်း) ရှိ/ မရှိ၊ အမိန့်ပေး စေခိုင်းခံရသည်၊ မြူဆွယ် ခံရသည်၊ မက်လုံးဖြင့် ဆွဲဆောင်ခံရသည်၊ ကြံရာပါအဖြစ် ဆောင်ရကွခဲ့သည်နှင့် မကောင်းမှုကို အားပေးကူညီခဲ့သည် သို့မဟုတ် အခြားတနည်းနည်းဖြင့် ရည်ရယ်ွချက် တစ်ခုတည်းအတွက် လူအုပ်စု၏ ပြစ်မှုကျူးလွန်မှုတွင် ပါဝင်ခဲ့သည် (သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှုတွင်

ပါဝင်ခဲ့သခဲ့သည်) စသည်ဖြင့် သတ်မှတ်နိုင်ရန် အထောက်အကူရသည့် မေးခွန်းများကို လက်တွေ့ဆောင်ရွက်သူများက မေးရမည်။ [၃၉]

နမူနာမေးခွန်းများ ။ ကျွန်ုပ်ကို သင်ပြောခဲ့သည့်အတိုင်း တိုသူများ ပြစ်မှုကျူးလွန်ခဲ့ကြသည်ဆိုသည့် ကိစ္စကို အသေးစိတ် ပြောပြပေးနိုင်မလား။ သူတို့ဝတ်စားပုံကို ပြောပြနိုင်မလား၊ သူတို့မှာ အဆောင်အယောင်/ ရာထူး / တံဆိပ်တွေ ရှိသလား။ သူတို့ရဲ့ ခေါင်းမှာ ဘာဆောင်းထားလဲ၊ ဖိနပ်က ဘယ်လိုဝတ်ထားလဲ၊ ပုံပန်း သဏ္ဍာန်မှာ အခြား ထူးခြားတာဘာရှိသလဲ၊ သူတို့လက်နက်များ၊ စက်ပစ္စည်းကိရိယာ၊ ယာဉ်/ကား စသည့်နှင့် ပတ်သက်ပြီး အခြားထူးခြားတာ ဘာရှိသလဲ၊ ရာထူးလက်ကိုင်ရှိ တစ်ယောက်ယောက်ကို လေ့လာနိုင်မည့် အခမ်းအနား/ အချိန်အခါရရှိခဲ့ပါသလား၊ ထိုပုဂ္ဂိုလ်မှ၊ ပုဂ္ဂိုလ်မ်ား၂မှ တစ်ခုတစ်ခုပြောလျှင် ကြားနိုင်တဲ့ အခါအခွင့်ရရှိခဲ့ပါသလား။ သူတို့ ဘာပြောခဲ့သလဲ၊ ဘယ်သူကို သူတို့ ပြောခဲ့သလဲ၊ ဘယ်အနေအထားမှာလဲ၊ သူတို့ပြောခဲ့တဲ့အပေါ် ပြန်လည်တုန့်ပြန်ဆောင်ရွက်မှု သို့မဟုတ် ရလဒ်က ဘာလဲ။ ဤအုပ်စုထဲမှ ပုဂ္ဂိုလ်များအကြား အပြန်အလှန် ချိတ်ဆက်မှုကို ထောက်လှမ်းနိုင်မည့် အခါအခွင့် သင့်မှာရှိခဲ့သလား၊ သူတို့ရဲ့ အပြန်အလှန်ချိတ်ဆက်မှုနှင့်စပ်လျဉ်းပြီး သင့်က ဘာတွေထောက်လှမ်းနိုင်ခဲ့ သလဲ။ သူတို့အချင်းချင်းအကြား တစ်ဦးနှင့်တစ်ဦး အမည်၊ ဂုဏ်ပုဒ်၊ အဆင့်အတန်း၊ ရာထူး စသည်ကို ရည်ညွှန်းသုံးစွဲတာကို ကြားနိုင်မည့်အခါအခွင့် သင်ရရှိခဲ့ပါသလား။

## ၇.၄ အင်တာဗျူးနည်းစနစ်များ

မှန်ကန်သော နည်းစနစ်များ၊ အပြုအမူ သဘောထားတို့ကို အင်တာဗျူး၌ ကျင့်သုံးရန် အရေးကြီးသည်။ သို့မှသာ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေက ယင်းအပေါ် လေးစားမှုရှိသည်၊ လုပ်ပိုင်ခွင့်ပေးသည်ဟု ခံစားရပြီး၊ စိတ်သက်တောင့်သက်သာဖြင့် အချက်အလက်များ ဖေမျှပေးမည်။ လက်တွေ့ဆောင်ရွက်သူများသည်-

### ၁။ မေးခွန်းများမေးရာတွင် သတိထားရန် နှင့် ဗျူဟာမြောက်စေရန်

- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား သူ/သူမ၏ ဇတ်ကြောင်းကို ပြန်ပြောနိုင်ရေး အားပေးပါ၊ လိင်အကြမ်းဖက်မှုဆိုင်ရာ မေးခွန်းများမမေးမီ သူ/သူမ စိတ်ကြိုက်ပုံစံဖြင့်အချက်အလက် များပေးခွင့်ပြုပါ၊
- လမ်းကြောင်းပြမေးခွန်းများ မမေးသင့်ပါ။
- သင်နားလည်ကြောင်း သေချာစေရန်- ဖြစ်နိုင်သမျှ သူ/သူမ တို့၏ စကားလုံးများကို ထပ်ခါထပ်ခါ သုံးစွဲသင့်ပြီး ပို၍ရှင်းပြပေးရန်လိုသော စကားလုံးများရှိလျှင် ရှင်းလင်းဆွေးနွေးပေးရန် တောင်းဆို သင့်သည်။ လမ်းကြောင်းပြမည့် သူ/သူမ၏ စကားလုံးများကို မည်သည့်အခါမျှ ပြောင်းလဲခြင်း မပြုရ။
- "ရှင်ဘယ်လို သိသလဲ" သို့မဟုတ် "ဘယ်အရာက ရှင့်ကို ဒီလိုကောက်ချက်ချစေတာလဲ" စသည့် မေးခွန်းကို အမြဲမေးသင့်သည်။ ဖော်ပြချက်ကို အထောက်အကူပြုရန်၊ ပိုမိုအားကောင်းစေရန် သို့မဟုတ် ချဲ့ကားရန် လိုအပ်ပါက နောက်ထပ် မေးခွန်းများ မေးသင့်သည်။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား အဖြေရှာရန် သို့မဟုတ် အချက်တစ်ချက်ကို ပြန်လည်အမှတ်ရရန် မည်သည့်အခါမျှ မကူညီရ။
- မည်သည့်အချက်ကိုမျှ တရားသေ မမှန်းဆရ။ နောက်ဆုံး အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေ (၅၀) ဦးသည် အခင်းဖြစ်ရာနေရာကို ဖော်ထုတ်ခဲ့လျှင်လည်း (၅၁) ဦးမြောက် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် ထိုနေရာကိုသာ ဆက်လက်ဖော်ထုတ်မည်ဟု မည်သည့် အခါမျှ တရားသေမမှန်းဆထားရ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေတိုင်းကို မေးခွန်း မေးပါ။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများကို ယင်းတို့အနေဖြင့် ပထမအကြိမ်တွင် မမှတ်မိနိုင်သောကိစ္စ အသေးစိတ်ပြန်လည်အမှတ်ရရေး ဖိအားမပေးရ။ (ထိုသို့ ပြုလုပ်လျှင်- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများအတွက် ဆိုးဝါးသော နောက်ဆက်တွဲများ ဖြစ်လာနိုင်သည်။)
- အင်တာဗျူး မည်သို့ အဆုံးသတ်သလဲ ဆိုသည်ကို သေချာစွာ ဂရုစိုက်ပါ။ အထူးသဖြင့် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် အလွန်စိတ်ထိခိုက် ခံစားသွားရသည် သို့မဟုတ် အလွန်ဆောက်တည်ရာမရ ဖြစ်သွားသည် စသည်ဖြင့်။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေမှ လုံခြုံစိတ်ချမှု ခံစားရသည့် နေရာ၌ ဇာတ်ကြောင်းပြန်ပြောမှုကို အဆုံးသတ်ပေးရန် ကြိုးစားပါ။

၃၉ ကျူးလွန်မှုသည် (ICC ဥပဒေ ပြဋ္ဌာန်းချက်၊ ပုဒ်မ 25 3 (a) အရ) တစ်ဦးတစ်ယောက်မှ ကာယကံမြောက် တိုက်ရိုက်ကျူးလွန်ခြင်း သို့မဟုတ် အခြားသူများနှင့် ပူးပေါင်းကျူးလွန်ခြင်း ဖြစ်နိုင်သည်။ ပူးပေါင်းကျူးလွန်မှုသည် ရာဇဝတ်မှု အပေါ် ပူးတွဲထိန်းချုပ်ကွပ်ကဲမှုပေါ် အခြေခံသည် သို့မဟုတ် အခြားသူမှတဆင့် ရာဇဝတ်မှုတစ်ခု ကျူးလွန်ခြင်းအပေါ် အခြေခံ သည်။ အမိန့်ပေးစေခိုင်းခြင်းသည် အခြားတစ်ယောက်ကို ရာဇဝတ်မှု ကျူးလွန်ရန် လမ်းညွှန်ခြင်းဖြစ်သည်။ မြူဆွယ်သိမ်းသွင်းခြင်း/ မက်လုံးပေးဆွဲဆောင်ခြင်းသည် အခြားတစ်ဦးကို ရာဇဝတ်မှု ကျူးလွန်ရန် စေ့ဆော်တိုက်တွန်းခြင်း ဖြစ်သည်။ အကူအညီပေးခြင်း နှင့် မကောင်းမှုကို အားပေးကူညီခြင်းသည် ရာဇဝတ်မှု ကျူးလွန်ခြင်းကို တနည်းနည်းဖြင့် အားပေးကူညီခြင်းဖြစ်ပြီး၊ ဤကူညီမှု သည် ရာဇဝတ်မှု ကျူးလွန်ခြင်းအပေါ် ကြီးမားသော သက်ရောက်မှုတစ်ရပ်ရှိသည်။

**၂။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို လေးစားသည့် လုပ်ပိုင်ခွင့်ပေးသည့် ပုံစံဖြင့် ပြုမူဆက်ဆံရန်**

- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို အချက်အလက်နှင့်စပ်လျဉ်း၍ ဦးစားပေးပါ။
- မျက်လုံးခြင်း တစ်တန်းတည်းဖြစ်သည့် နေရာ/ အမြင့်၌ထိုင်ပါ။ သို့မဟုတ် အသက်ရှင်လွတ်မြောက် လာသူ/ မျက်မြင်သက်သေထက် နိမ့်ရာ၌ ထိုင်ပါ။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအနေဖြင့် သဘောတူ/မတူ ဖော်ပြခွင့်၊ ဖြေရန်/ မဖြေရန် ရွေးချယ်ခွင့်၊ မေးခွန်းမေးခွင့်၊ လိုအပ်လျှင် အကြိမ်များစွာ ထပ်ကျော့၍ ဖြေဆိုခွင့် သို့မဟုတ် အင်တာဗျူးကို ရပ်တန့်ခွင့်၊ ဆက်သွားခွင့်ကို တောက်လျှောက်ပေးထားပါ။
- ကြိုတင်အသိပေး၊ ခွင့်ပြုချက်ရယူထားခြင်းသည် သူ/သူမ အနေဖြင့် ရရှိထားသည့် အချက်အလက် အပြည့်အစုံအပေါ် အခြေခံ၍ အင်တာဗျူးမတိုင်မီ၊ အင်တာဗျူးစဉ်ကာလအတွင်းနှင့် အင်တာဗျူး နောက်ပိုင်း၌ သူ/သူမ၏ ရွေးချယ်ဆောင်ရွက်မှုများ သေချာခိုင်မာမှုရှိစေရန် အချက်အလက်များ တောက်လျှောက်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်ကို အမှတ်ရပါ။ သူ/သူမ နားလည်ကြောင်း သင်မသေချာလျှင် တချို့အချက်အလက်ကို သူ/သူမ၏ ဘာသာစကားဖြင့် ပြန်လည် ရှင်းပြပေးရန် တောင်းဆိုပါ။
- သနားကြောင်းမပြပဲ ၊ လေးစားအထင်ကြီးကြောင်းပြပါ။
- အမြဲယဉ်ကျေးပျူငှာ၍ လေးစားထိုက်ပြီး ၊ အာရုံစိုက်သူဖြစ်ပါစေ။ သင်၏ အပြုအမူသည် ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ချက်များကို အထူးသိရှိလိုက်နာသည့်ပုံစံရှိပါစေ၊ အထူးသဖြင့် အင်တာဗျူး နေသည့် ပုဂ္ဂိုလ်၏ လူမှုအဆင့်အတန်း၊ အခန်းကဏ္ဍ၊ စရိုက်လက္ခဏာနှင့် ဆက်လက်၍ သင့်အပြုအမူ ကို အထူးသတိထားပါ။
- ပညာရှင်ဆန်ပါစေ ။ မည်သည့်နေရာတွင်မျှ သဘောမတူကြောင်း သို့မဟုတ် မယုံကြည်ကြောင်း၊ ဟုတ်/မဟုတ် ဆင်ခြင်ကြည့်သည့် ပုံစံမပေါက်စေရန် ခြေဟန်လက်ဟန်ဖြင့် စကားပြောဆိုခြင်း သို့မဟုတ် မျက်နှာအမူအရာ စသည်များ အပါအဝင်ကို အထူးဂရုထားပါ။
- အချိန်ကို အတိုးအလျော့ ပြုနိုင်ပါစေ၊ သင့်မေးခွန်းများကို အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများက ဖြေကြားရာ၌ သည်းခံစောင့်ဆိုင်းပါ။ (အင်တာဗျူးအတွက် အချိန် အလုံအလောက် ပေးထားရမည်ကို အမှတ်ရပါ။)

**၃။ မည်သည့်ကတိကိုမျှ မပြုရ။ ဟုတ်ကြောင်းမှန်ကြောင်း ထောက်ခံခြင်း သို့မဟုတ် ပြန်လည်ဖြေရှင်းမှု မရှိပဲ ဆိတ်ဆိတ်နေသောအခါ ကတိပေးသည့် သဘောဖြစ် သွားနိုင်သည်ကို သတိထားပါ။ (စကားဖြင့် သို့မဟုတ် ဆိတ်ဆိတ်နေခြင်းဖြင့်) ကတိမပြုမိပါစေနှင့်။**

**ဥပမာ-**

- အတွင်းရေးအဖြစ် ထားရှိခြင်း (အပိုင်း ၆.၂- **"အတွင်းရေးအဖြစ် ထားရှိခြင်း" ကို ကြည့်ပါ။**)
- ဝန်ဆောင်မှုတစ်ရပ်ရပ်ပေးခြင်းဖြင့် သူ/သူမ အား ကူညီရန်
- တရားမျှတမှု ရရှိစေရန်
- သူ/သူမ သို့မဟုတ် သူ/သူမ၏ မိသားစုကို အကာအကွယ်ပေးရန်
- ပြန်လာပြီး သူ/သူမ ကို လာကြည့်ပေးရန်

နောက်အစည်းအဝေးအတွက် သင်သဘောတူထားကောင်းထားလိမ့်မည်။ သို့ရာတွင် အာမမခံမိစေရန် ရှင်းရှင်းလင်းလင်းလုပ်ပါ။

**၄။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေနှင့် ဆက်ဆံရာတွင် သင်အသုံးပြုသည့် ဘာသာ စကားကို ထည့်စဉ်းစားရန်**

- ရှင်းရှင်းပြောပါ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ နားမလည်သော မေးခွန်းများကို ရှင်းလင်းဆွေးနွေးမှုပေးပါ သို့မဟုတ် ရှင်းပြမှု ပြုလုပ်ပါ။
- အင်တာဗျူးသူများနှင့် စကားပြန်များ အတူတူ အလုပ်လုပ်၍ လိင်အကြမ်းဖက်မှုနှင့် လိင်အင်္ဂါများနှင့် စပ်လျဉ်း၍ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများ အသုံးပြုသည့် စကားလုံးများနှင့် စကားစု/ စကားဟန်များအား ပြုစုထားသင့်သည်။

**၅။ အင်တာဗျူးတွင် စကားပြန်တစ်ဦး ပါဝင်လာသောအခါ**

- စကားပြန်သူသည် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို တိုက်ရိုက်ကြည့်၍ စကား ပြန်ပေးစေရမည်။ အသံနေအသံထား၊ အနိမ့်အမြင့်၊ အတင်အချ၊ အသံအနိမ့်အမြင့် ပြောင်းလဲမှုများကို သိနားလည်ထားရမည်။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား ("အဲ့ဒီနောက် သင်ဘာပြောခဲ့သလဲ") ဟု တိုက်ရိုက်မေးပြောပါ။ စကားပြန်အား ("နောက်ဘာပြောခဲ့သလဲလို့ သူ့ကိုမေးလိုက်") ဟု မပြောရ။
- စကားပြန်က သူ/သူမ မေးခွန်းကို ဘာသာပြန်ပေးနေစဉ်၌ မှတ်တမ်းချရေးနေခြင်းကို လျော့ပါ သို့မဟုတ် ရှောင်ပါ (အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ခြေဟန်လက်ဟန်နှင့် အသံအနေအထားကို လေ့လာသုံးသပ်ရန် အရေးကြီးပါသည်။)
- လိင်အကြမ်းဖက်မှုဆိုင်ရာ စကားလုံးများကို အင်တာဗျူးခံရမည့်သူ၏ ဘာသာစကားအားဖြင့် သင ရင်းနှီးနေရမည်။ သို့မှသာ လိင်အကြမ်းဖက်မှုအကြောင်း ဆွေးနွေးသောအခါ သင့်အနေဖြင့် အလိုက်အထိုက်ပြုမူမိပေမည်။ တက်ကြွစွာနားထောင်ပါ။ (ဥပမာ- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေမှ လက်တွေ့ဆောင်ရွက်သူအား အခြားဘာသာစကားဖြင့် ပြောနေလျှင်လည်း ခေါင်းငြိမ့်၍ နားထောင်ပါ။) ယုံကြည်မှုတိုးတက်လာမှုရှိလာပြီး၊ ဖွင့်ချဖော်ထုတ်မှု တိုးတက်လာမည်။

**၆။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေတို့သည် ယင်းတို့ဇာတ်ကြောင်း ပြောနေသောအခါ သို့မဟုတ် ပြောပြသောအခါ၊ မတူကွဲပြားသောပုံစံများဖြင့် ပြုမူ၊ တုန့်ပြန်ကြမည်ကို သိထားပါ။ ပုံစံ 'တစ်မျိုး' တည်း ပုံသေပြုမူရန် မရှိပါ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည့် ပုံစံတစ်မျိုးနှင့် ပြုမူ တုန့်ပြန်မည်ဟု ပုံသေတွက်ဆမထားရပါ။**

- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် စိတ်ထိခိုက်ခံစားရနိုင်သည်။ ကိုယ့်အကြောင်းကို ဖော်ထုတ်ရန် ခက်ခဲနိုင်သည်။ သို့မဟုတ် စိတ်ဆိုးဒေါသထွက်ပြီး နောက်ဆုတ်သွားနိုင်သည်။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် ဒေါသထွက်လာပြီး၊ ခံစားမှုအားကောင်း လာကာ၊ တိုက်ရိုက် ခုခံလိုစိတ်များလာပြီး၊ ခံစားမှုရောစုလာပြီး၊ အချို့မေးခွန်းများဖြေရန် ငြင်းဆိုလာ နိုင်သည်၊ သို့မဟုတ် မလိုအားအပ်ဟု ထင်ရသည့်အရာများကို အသေးစိတ်ရှည်လျားစွာ ပြောလာ နိုင်သည်။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် တည်ငြိမ်မှုရှိလာပြီး၊ အသင့်အနေအထား ဖြစ်လာပြီး ပိုမိုရှင်းလင်းလာပြီး အခင်းဖြစ်ပွားမှုနှင့်ဆက်စပ်သည့် ဖြစ်ရပ်များအားလုံးနှင့် အခြေအနေ အရပ်ရပ်ကို ပြန်လည်စုစည်းနိုင်ပြီး ပြန်ပြောလာနိုင်သည်။
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများသည် ဖြစ်ရပ်ငယ်များကို အသေးစိတ် ပြန်ပြောင်းသတိရရန် အခက်အခဲရှိပေမည်၊ အခင်းဖြစ်ပွားပုံ အစီအစဉ်လည်း ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်သည်။ ယုံကြည်စိတ်ချရမှုနှင့် စိတ်ဒဏ်ရာဒဏ်ချက်အကြား၌ တိုက်ရိုက်ဆက်စပ်မှု မရှိသကဲ့သို့ စိတ်ဒဏ်ရာဒဏ်ချက်သည် မှတဉ် ဒဏ်နှင့်လည်း တိုက်ရိုကဆ် က်စပ်မှု မရှိပါ။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် မတူညီသည့် စိတ်ဒဏ်ရာဒဏ်ချက်၏ သက်ရောက်မှုရှိသည်။ ထိုကိစ္စအပေါ် တရားသေတွက်ချက်မထားရပါ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများကို ယင်းတို့ အနေဖြင့် အင်တာဗျူးနေစဉ် မည်သည့်အချိန်၌မဆို စိတ်မသက်မသာ ဖြစ်လာလျှင် သို့မဟုတ် စိတ်ထိခိုက်ခံစားရလျှင် အင်တာဗျူးရပ်တန့်နိုင်ကြောင်း ရှင်းပြထားသင့်သည်။

**၇။ အောက်ပါမည်သည့်ကိစ္စကိုမျှ တရားသေတွက်ဆမထားရပါ။**

- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် အရှက်ရနေလိမ့်မည်။
- သူ/သူမ သည် စကားပြောလိုမည်မဟုတ်ပါ။
- သူ/သူမ သည် အလွန်ထိခိုက်ကြေကွဲနေသည်။
- သူ/သူမ သည် စိတ်ဒဏ်ရာဒဏ်ချက်များ ဖိစီးနေသည်။
- သူ/သူမ ရရှိခဲ့သော စိတ်ဒဏ်ရာဒဏ်ချက်သည် သူ/သူမအပေါ် ယုံကြည်စိတ်ချရမှုအား သက်ရောက်မှု ရှိပေမည်။
- အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများ/ မျက်မြင်သက်သေ အမျိုးသမီးများ သည် အမျိုးသမီး စုံစမ်းစစ်ဆေးသူများကိုသာ စကားပြောလိုပြီး ၊ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသား/ မျက်မြင် သက်သေ အမျိုးသားများသည် အမျိုးသားစုံစမ်းဆေးသူများကိုသာ စကားပြောလိုကြပေမည်။ သို့ရာတွင် စုံစမ်းစစ်ဆေးသူ အမျိုးသား/ အမျိုးသမီး (၂) မျိုးလုံး ရနိုင်သောအခါ ယင်းတို့အနေဖြင့် မည်သူနှင့် စကားပြောလိုသလဲ မေးမြန်းသင့်သည်။

- ယင်းတို့အမြင်အရ၊ ယင်းတို့ဘဝ အတွေ့အကြုံတွင် လိင်အကြမ်းဖက်မှုသည် 'အဆိုးရွားဆုံး' အပိုင်း ဖြစ်ခဲ့သည်။
- သူ/သူမ၏ ကိုယ်ခန္ဓာ၌ ထိခိုက်ဒဏ်ရာများ ရရှိထားလိမ့်မည်။

**၈။ ကလေးသူငယ်များအား အင်တာဗျူးရာတွင် အထူးဂရုစိုက်ရန်**

ကလေးသူငယ်များ ပါဝင်ပတ်သက်သည့် လိင်အကြမ်းဖက်မှုအား မှတ်တမ်းပြုစုသူများသည် မှတ်တမ်းပြုစုသည့် လုပ်ငန်းစဉ်တလျှောက်လုံး၊ ကလေး၏ အကောင်းဆုံး အကျိုးစီးပွားကိုသာ ဦးစားပေးရမည်။ လက်တွေ့ဆောင်ရွက်သူများသည် ကလေးများအနေဖြင့်သိက္ခာရှိရှိ ၊ စာနာစိတ်ဖြင့် ဆက်ဆံခြင်း ခံရစေရန်၊ ပုဂ္ဂိုလ်ရေးအဖြစ် ထားရှိခွင့်ရရန်၊ အသိပေးခံရစေရန်၊ အကူအညီရရှိစေရန်၊ လုံခြုံစိတ်ချရစေရန်၊ ပြုမိမှားအတွက် လျော်ကြေးရစေရန်၊ တားဆီးကာကွယ်ပေးနိုင်သည့် အစီအမံများ ရရှိခံစားရစေရန် သေချာမှုရှိရမည်။ ကလေးသူငယ်များအား ယင်းတို့ အခွင့်အရေးများကို ကြားသိစေပြီး၊ ကလေးတစ်ဦးချင်း၏ နားလည်နိုင်မှုအတိုင်းအတာအရ၊ လုပ်ငန်းစဉ်ကို အထူးဂရုစိုက် ရှင်းလင်းပြောပြပေးသင့်သည်။

ကလေးသူငယ်များကို အင်တာဗျူးရာတွင် အထူးသင်တန်းပေးထားသူများနှင့်သာ အင်တာဗျူးရမည်ဖြစ်ပြီး၊ IRC နှင့် UNICEF တို့၏ လမ်းညွှန်ချက် အသေးစိတ်၊ လိင်စော်ကားမှုမှ အသက်ရှင်လွတ်မြောက်လာသော ကလေးများအား စောင့်ရှောက်မှုပေးခြင်း- လူသားချင်းစာနာမှုဖြင့် ကျန်းမာရေး၊ စိတ်ခံစားမှုနှင့် လူမှုရေး ဝန်ဆောင်မှုပေးသူများအတွက် လမ်းညွှန်ချက်များ၊[၄၀] UNICEF ၊ UNODC ကလေးသားကောင်များနှင့် ရာဇဝတ်မှုအား စစ်ဆေးစီရင်မှုဆိုင်ရာ လမ်းညွှန်ချက်များ[၄၁] တို့နှင့်အညီ ကလေးသူငယ်များကို ဂရုစိုက် ဆက်ဆံပေးသင့်သည်။ ကလေးသူငယ်များအား အင်တာဗျူးသောအခါ အင်တာဗျူးသူသည် အနိမ့်ဆုံး

အဆင့်အဖြစ်-

- တချို့အပြုအမူများ၏ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝကို ကလေးများကောင်းစွာ နားမလည်နိုင်ပဲ ရှိမည်နှင့် ထိုသက်ရောက်မှုအတွက် ချဉ်းကပ်မှုများနှင့် အပြည့်အဝ လိုက်လျောညီထွေ မဖြစ်နိုင်ပဲရှိမည်ကိုထည့်သွင်းစဉ်းစားထားသင့်သည်။
- အခင်းဖြစ်ရပ်တစ်ခုကို မုဒိမ်းမှု သို့မဟုတ် လိင်စော်ကားမှုဟု အကဲဖြတ်ဖော်ပြမည့်အစား၊ ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် ဖြစ်ပွားသော ကျူးလွန်မှုများကို ဖော်ညွှန်းသည့် ရိုးရှင်းသော စကားလုံး ဖော်ပြချက်များကို အသုံးပြုသင့်သည်။
- 'မင်းရဲ့ ပုဂ္ဂိုလ်ရေးအစိတ်အပိုင်းတွေကို သူက ထိခိုက်နာကျင်အောင် လုပ်ခဲ့သလား' ဟု မေးမြန်းမည့် အစား၊ အကယ်၍ ဤမေးခွန်းသည် လန့်ထိတ်စရာမေးခွန်းဖြစ်ပြီး၊ ဖြေရန်ခက်ခဲမည်ဟု သင်သိလျှင် ခြေဟန်လက်ဟန်ပြ၍ ဘာဖြစ်ခဲ့သလဲဆိုတာကို အသေးစိတ်ပြန်လည်ဂေမျှရန် ကလေးကို ရိုးရှင်းစွာသာ မေးသင့်သည်။
- ပုံများ၊ အရုပ်များ အသုံးပြု၍ ကလေးအနေဖြင့် ဘာဖြစ်ခဲ့သလဲဆိုတာကို ရှင်း ပြနိုင်ရေး အကူအညီ ပေးရန် စဉ်းစားသင့်သည်။
- ကလေးမှ ပြောပြနေသည့်အပေါ်မှာ ကြောက်ရွံ့ထိတ်လန့်စိတ် သို့မဟုတ် ရှော့ခ်ဖြစ်မည့်ပုံ မပြမိစေရေး ဂရုစိုက်သင့်သည်။ မှတ်တမ်းပြုစုသူများသည် အသက်ရှင်လွတ်မြောက်လာသောကလေး/ မျက်မြင် သက်သေကလေး၏ စိတ်ခံစားမှု အတွေးများနှင့် မည်သည့်အံ့သြထိတ်လန့်မှုနှင့်မျှ ဆက်စပ်မှုမရှိ နိုင်ကြောင်း တွေ့နိုင်သည်။
- ကလေးနှင့်တူညီသည့် အမြင့်၌ထိုင်ပါ။ သင်နှင့် ကလေးမျက်လုံး တစ်တန်းတည်းရှိပါစေ၊ ကလေး အပေါ်က ခန္ဓာကိုယ် ကိုင်းညွှတ်ပြောဆိုခြင်း သို့မဟုတ် အပေါ်က မိုး၍ ကြည့်ခြင်းမပြုရ။ ကလေးငယ် ခံစားမှုကို အလေးထားကြောင်း ပြသရန်နှင့် ဖိနှိပ်စော်ကားခံရသည့် ခံစားမှု လျော့ကျစေရန် ဖြစ်သည်။
- ကလေးကို အင်တာဗျူးသည့်၊ မေးမြန်းသည့် အကြိမ်အရေအတွက်ကို ကန့်သတ်ရန်နှင့် သင့်လျော်သောအချိန်များ၌ ကလေးနှစ်သက်လိုလားသော ပတ်ဝန်းကျင်အနေအထားများတွင် ကလေးကို အင်တာဗျူးရန်၊ သက်သေထွက်ဆိုပေးစဉ်အတွင်း၊ ခေတ္တနားချိန်များပေးရန်။

၄၀ IRC , UNICEF ၊ လိင်စော်ကားမှုမှ အသက်ရှင်လွတ်မြောက်လာသော ကလေးများအား စောင့်ရှောက်မှုပေးခြင်း- လူသားချင်းစာနာမှုဖြင့် ကျန်းမာရေး၊ စိတ်ခံစားမှုနှင့် လူမှုရေး ဝန်ဆောင်မှုပေးသူများအတွက် လမ်းညွှန်ချက်များ၊ ၂၀၁၂ ခုနှစ်။

၄၁ UNICEF ၊ UNODC ကလေးသားကောင်များနှင့် ကလေးမျက်မြင်သက်သေများ ပါဝင်ပတ်သက် နေသော ရာဇဝတ်မှုအား စစ်ဆေးစီရင်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ ၂၀၀၅ ခုနှစ်။

"အသက်ရှင်လွတ်မြောက် လာသူများဖြစ်သည့် မိမိတို့သည် မိမိတို့ကို ကာကွယ်စောင့်ရှောက် ရမည့်သူများ၏ လက်ချက်ဖြင့် ပဋိပက္ခအတွင်း နှင့် ပဋိပက္ခအပြင်၌ ကြောက်ရွံ့တုန်လှုပ်စရာ ဒုက္ခသုက္ခများကို ကြုံတွေ့ခံစားခဲ့ရပြီးပါပြီ။ မှတ်တမ်းတင်သည့် လုပ်ငန်းစဉ်၌ ပါဝင် ဆောင်ရွက်ခြင်းဖြင့် နောက်ထပ် အန္တရာယ် မဖြစ်စေသင့်ပါ။ တရားမျှတမှု ရရှိရေး ဖွင့်ဟချက်များသည် မိမိတို့အတွက် လုပ်ပိုင် ခွင့်ရှိသော အတွေ့အကြုံတစ်ရပ် ဖြစ်သင့် သည်။"

အသက်ရှင်လွတ်မြောက်လာသူများ၏ ဖွင့်ဟချက်၊ ကွန်ယက်၊ ၂၀၁၄ ခုနှစ်၊

### ၇.၅ အင်တာဗျူးအချက်အလက်များကို မှတ်တမ်းတင်ခြင်း

အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများအား အင်တာဗျူးခြင်း၊ မှတ်တမ်းရေးခြင်းတွင် အနိမ့်ဆုံးအဆင့်အဖြစ် အောက်ပါတို့ကို ပြုလုပ်စေရမည်။

၁။ ဖြစ်နိုင်သမျှ၊ ပုဂ္ဂိုလ်ရေး အချက်အလက်များများ ထည့်ရမည်။ (နောက်ဆက်တွဲ-၄ ၊ **"အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေများထံမှ ပုဂ္ဂိုလ်ရေးအချက်အလက်များ ကောက်ယူရမည့် ပုံစံ" ကို ကြည့်ပါ။)**

၂။ အင်တာဗျူးသူ၏ မှတ်ချက်များ၊ အတွေးအမြင်များ၊ စိစစ်သုံးသပ်မှုများကို အင်တာဗျူးမှတ်တမ်းများနှင့် သက်သက်ခွဲထားပါ။

၃။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေပြောသည့်အတိုင်း ပထမပုဂ္ဂိုလ်အတွက် မှတ်တမ်း များထားရှိပါ။

၄။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ အချက်အလက်အစိတ်အပိုင်းများကို ပေါင်းစပ်ခြင်း၊ ဖျက်ချခြင်း၊ ဖျက်ပစ်ခြင်း မပြုရ။

၅။ အင်တာဗျူးကို အပြီးမသတ်ခင် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ထွက်ဆိုချက်ကို ပြန်ဖတ်ရှု ရန်ဖြစ်သည်။ ဤကိစ္စသည် အချိန်ကုန်သော်လည်း သက်သေထံမှ ရရှိသည့် အချက်အလက် သည် တတ်နိုင်သမျှ မှန်ကန်တိကျမှုရှိရန် အရေးကြီးသည်။

၆။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေထံမှရသည့် အခြားအထောက်အထားများကို ချမှတ်ထားပါ- ရုပ်ပိုင်းဆိုင်ရာအထောက်အထား အဖြစ်ရိုက်ယူထားသောဓာတ်ပုံများ၊ ထွက်ဆိုချက် ပေးစဉ်အတွင်း နံပါတ်ပေးသည့်စနစ်ကိုသုံးပါ၊ အခြားတစ်ဖက်မှပြန်စစ်ဆေးနိုင်ရန်ဖြစ်သည်။

၇။ လုံခြုံရေးအတွက် အမည်များနှင့် အခြား ပုဂ္ဂိုလ်ရေးအချက်အလက်များကို ထွက်ဆိုချက်များနှင့် သီးခြားခွဲထားပါ။

၈။ အင်တာဗျူးများတွင် ရရှိသည့် ထွက်ဆိုချက်များကို အမည်များပေးရန် စံနှုန်းညီညွတ်သည့်စနစ်တစ်ခု ကို သုံးပါ။

၉။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေတစ်ဦးစီ၏ အထောက်အထားကို သီးခြားစီ ခွဲထားပါ။

၁၀။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ အခြားအချက်အလက်များကို သီးခြားခွဲထားပါ။ ဤနေရာတွင် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေနှင့်ဆိုင်သည့် လုံခြုံရေး စိုးရိမ် ရမှုများ၊ နေထိုင်မှုအခြေအနေ၊ ကျန်းမာရေးကိစ္စများ၊ အခြားကိစ္စရပ်များ ပါဝင်သည်။

၁၁။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေမှ ပေးသည့် သဲလွန်စများကို သီးခြားခွဲထားပါ။ သင်၏ သဲလွန်စစာရင်းသည် အလုပ်၏ ရလဒ်တစ်ရပ်ဖြစ်ပြီး၊ သီးခြားလုံခြုံစိတ်ချရသော နေရာ၌ ထားရှိသင့်သည်။

## ၈။ အခြားသတင်းအချက်အလက်အရင်းအမြစ်များ

### ၈.၁ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား

ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် အချက်အလက်ပေးနိုင်ပြီး၊ ရာဇဝတ်မှု ဖြစ်ပွားခဲ့ကြောင်း သတ်မှတ်ရန် အထောက်အကူရသည့် သို့မဟုတ် ရာဇဝတ်မှုနှင့် အမှု၏ သားကောင်အကြား ဆက်စပ်မှု တစ်ရပ် သို့မဟုတ် ရာဇဝတ်မှုနှင့် ကျူးလွန်သူအကြား ဆက်စပ်မှုတစ်ရပ်ကိုပေးသည့် မည်သည့်ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထု သို့မဟုတ် အကြောင်းအရာကိစ္စကိုမဆို ရည်ညွှန်းသည်။

အထွေထွေစည်းမျဉ်းတစ်ရပ်အနေဖြင့် စစ်ဆေးမေးမြန်းသူတစ်ဦး ဖြစ်လာရေး သင်တန်းတက်ထားသူ မဟုတ်လျှင် သို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဦးအဖြစ် မှုခင်းအထောက်အထားများ ကောင်းစွာ ကောက်ယူရေးသင်တန်းပေးထားသူ မဟုတ်လျှင်၊ မည်သည့်ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကိုမျှ ကောက်ယူခြင်း မပြုသင့်ပါ။ အကယ်၍ သင်တန်းရည်မပြည့်ဝပဲ ၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူလျှင် အသက်ရှင်လွတ်မြောက်လာသူကို ဆိုးဝါးစွာ အန္တရာယ်ပြုမိနိုင်သည်။ အထောက်အထားများ ပျက်စီးရောနှောသွားနိုင်သည်။ သုံးမရ ဖြစ်သွားနိုင်သည်။ အလွန်အကျဉ်းအကျပ် အခြေအနေများ၌ ထိုသို့ ပြုလုပ်ခြင်းကသာ လုံခြုံစိတ်ချမှု ရှိမည်ဆိုလျှင် ထိုသို့ပြုလုပ်ခြင်းသည် ရနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်လျှင်၊ သင်တန်းမတက်ထားသူက ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူခြင်းသည် သင့်လျော်မှုရှိနိုင်သည်။

ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူမည့် ဆုံးဖြတ်ချက်ကို အလေးအနက်ထား ဆောင်ရွက်သင့် သည်။ အလွန်အသေးစိတ် စဉ်းစားပြီးမှ ဆောင်ရွက်သင့်သည်။ လက်တွေ့ဆောင်ရွက်သူများသည် လိင်အကြမ်းဖက်မှု၏ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကို အောက်ပါနေရာများမှ စစ်ဆေးရယူနိုင်ရမည်-

- အသက်ရှင်လွတ်မြောက်သူများ/ မျက်မြင်သက်သေများကိုယ်တိုင်အား၊ အချိန်ကာလသတ်မှတ်ချက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု သဘောသဘာဝအရ
- လိင်အကြမ်းဖက်မှု ဖြစ်ပွားခဲ့သခဲ့သည့် နေရာ၌

အချိန်သတ်မှတ်ချက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု သဘောသဘာဝအရ ၊ လိင်အကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူများ၏ ခန္ဓာကိုယ်တွင် တိုက်ခိုက်ခံရမှုနှင့် ယှဉ်တွဲနေသည့် ဒဏ်ရာထိခိုက်ရှုနာများ ရှိနေနိုင်သည်။ ဤဒဏ်ရာများတွင် စော်ကားခံရမှုအပေါ် ဆေးစစ်ချက်များ၊ ခန္ဓာကိုယ်အတွင်း ထိခိုက် ဒဏ်ရာများ၊ ကိုယ်ဝန်ကျန်ရှိမှု၊ လိင်မှတဆင့် ကူးစက်သော ရောဂါများ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတို့ ပါဝင်နိုင်သည်။

ရာဇဝတ်မှု သားကောင်တစ်ဦးသည် လိင်စော်ကားခံရပြီးနောက် ဆေးဝါးကုသမှု အထောက်အပံ့ကို ချက်ချင်းရရှိနိုင်စေရန်နှင့် ထိခိုက်ဒဏ်ရာများနှင့် အခြားသော ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကို သင်တန်းရည် ပြည့်ဝသည့် ဆေးပညာရှင်မှ မှတ်တမ်းတင်စေရန် ဆောင်ရွက်ထားသင့်သည်။ အသက်ရှင် လွတ်မြောက်လာသူအနေဖြင့် ထိုဆေးမှတ်တမ်းကို အချိန်မရွေး ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး၊ အတွင်းရေးအဖြစ် လျှို့ဝှက်စွာထားရှိရမည်။

ရုပ်ပိုင်းဆိုင်ရာ အထောက်အထားတစ်ရပ်ရပ်ကို ကောက်ယူရေး မစဉ်းစားမီ၊ ပထမဦးစွာ-

- တွေ့ရှိသမျှကို ချရေးထားရမည်။
- အခင်းဖြစ်ရာနေရာ၏ မြင်ကွင်းကို ပုံကြမ်းခြစ်ထားရမည်။
- အခင်းဖြစ်ရာနေရာနှင့် သက်ဆိုင်ရာ အရာဝတ္ထုများကို ဓာတ်ပုံရိုက်ယူထားရမည်။
- ဖြစ်နိုင်လျှင် အခင်းဖြစ်ရာနေရာနှင့် အရာဝတ္ထုများကို ဗီဒီယိုမှတ်တမ်းတင်ထားရမည်။ (နောက်ဆက်တွဲ-၈ ၊ **"ဓာတ်ပုံရိုက်ယူမှု ၊ ဗီဒီယိုမှတ်တမ်းတင်မှုနှင့် ရာဇဝတ်မှု ဖြစ်ပွားရာနေရာများကို ပုံကြမ်းဆွဲခြင်း၊ ရုပ်ပိုင်း ဆိုင်ရာ အထောက်အထားနှင့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များဆိုင်ရာ လမ်းညွှန်ချက်"** ကိုကြည့်ပါ။)

လက်တွေ့ဆောင်ရွက်သူသည် ၊ ဖြစ်နိုင်လျှင်နှင့် လုံခြုံစိတ်ချရလျှင်၊ မည်သူမဆို အသက်ရှင် လွတ်မြောက် လာသူများ၊ အခင်းဖြစ်ရာနေရာအနီးမှ မျက်မြင်သက်သေများနှင့် အင်တာဗျူး၍ အခြားမျက်မြင်သက်သေ များကို လမ်းညွှန်ပေးမည့် သဲလွန်စများနောက်သို့ လိုက်ရမည်။ (နောက်ဆက်တွဲ-၃ ၊ **"အင်တာဗျူးခြင်း- အခြေခံစည်းမျဉ်းများနှင့် လက်တွေ့အကျဆုံးအချက်များ" ကိုကြည့်ပါ။**) ကောင်းစွာကောက်ယူလျှင် အစွမ်းထက်နိုင်ပြီး၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားလိုအပ်ချက်ကို ဖယ်ထုတ်ပစ်နိုင်သည့် အခြားအချက်အလက် များကိုလည်း ကောက်ယူရမည်။ အဆိုပါ အခြားအချက်အလက်များ ကောက်ယူရာတွင်- (အခင်းဖြစ်ရာ နေရာအတွင်း သို့မဟုတ် အခြားနေရာ၌ သို့မဟုတ် နှစ်ခုလုံး၌) ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကို မထိမိစေရန်၊ မည်သည့်နည်းနှင့်မျှ သက်ရောက်မှု မရှိစေရန်၊ ပျက်စီးမှုမရှိစေရန်၊ နေရာရွှေ့ပြောင်းမှု မရှိစေရန် အစီအမံများ ထားရှိဆောင်ရွက်ရမည်။

> ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် ရာဇဝတ်မှုတစ်ခုအတွက် အကောင်းဆုံး အထောက်အထား ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လိုအပ်သည့် ရပ်တည်ချက် အထောက်အထားမဖြစ်သည်ကို ကောင်းစွာ မှတ်သားထားရန် အရေးကြီးသည်။ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် အထောက်အထား၏ မူလအစ၊ ပိုင်ဆိုင်မှုနှင့် ထိုအကြောင်းအရာကို အသုံးပြုမှု သို့မဟုတ် အချက်အလက် ကောက်ယူစုဆောင်းမှုဖြစ်စေသည့် အခင်းဖြစ်ရပ်များနှင့်စပ်လျဉ်း၍ အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ထွက်ဆိုချက် မရှိလျှင် သက်သေအထောက်အထားရှုထောင့်မှ အသုံးဝင်လိမ့်မည် မဟုတ်ပါ။ အသက်ရှင်လွတ်မြောက်သူ/ မျက်မြင်သက်သေ၏ ထွက်ဆိုချက်က ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကို အစားထိုးနိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် ကိစ္စရပ်အများစုတွင် အသက်ရှင်လွတ်မြောက်သူ/ မျက်မြင်သက်သေ ထွက်ဆို ချက်ကို အစားမထိုးနိုင်ပါ။ (အချို့နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်များတွင်) လိင်အကြမ်းဖက်မှုဆိုင်ရာ အထောက်အထားများ ပိုမိုခိုင်မာစေရေး ထွက်ဆိုချက်ပေးရန် လိုအပ်သည်ဖြစ်ရာ ထိုကိစ္စမလိုအပ်သော နိုင်ငံများနှင့်ယှဉ်လျှင် (ဥပမာ- ICC ရှေ့မှောက်၌) ရုပ်ပိုင်းဆိုင်ရာ အထောက်အထားရယူခြင်းက ပိုအရေးပါသော ဦးစားပေးကိစ္စရပ်အဖြစ် ရှိနေမည်။ (နောက်ဆက်တွဲ-၉ **"သက်သေအထောက်အထားနှင့် လုပ်ထုံးလုပ်နည်း များကို အသက်ရှင်လွတ်မြောက်သူများ/ မျက်မြင်သက်သေများအား ကာကွယ်ပေးသည့်ကိရိယာများအဖြစ် အသုံးချရေး စည်းမျဉ်းများ" တွင် ကြည့်ပါ။**) ရဲများနှင့် ဆေးပညာ ရှင်များသည် ရာဇဝတ်မှုဖြစ်ပွားရာနေရာမှ အထောက်အထားကောက်ယူရာ၌ ပိုမိုပူးပေါင်းဆောင်ရွက် လာကြပြီး၊ အကောင်းဆုံးဖြစ်ရပ်များ အနေဖြင့်၊ လိင်အကြမ်းဖက်သော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချသော၊ ထိရောက်သော ပုံစံဖြင့် တရားခံများ၏ အခွင့်အရေးများကို လေးစားသောအားဖြင့်သာ အချက်အလက်မှတ်တမ်းတင်သည့် အလေ့အကျင့် ကောင်းများရရှိရေး ပူးတွဲသင်တန်းပေးသည်။

ထို့ပြင် လက်တွေ့ဆောင်ရွက်သူများသည် ရာဇဝတ်မှု စုံစမ်းစစ်ဆေးသူများမဟုတ်ကြလျှင်၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားတစ်ရပ်ကို မည်သို့ဖြတ်ကျော်ခဲ့သည်ကို ရှင်းပြရမည့် မျက်မြင်သက်သေကဲ့သို့ နေရာ၌ ယင်းတို့ကို ယင်းတို့ ထည့်ထားခြင်းမှ ရှောင်ရှားလိုကြပေမည်။ တချို့ဖြစ်ရပ်များ၌ ရဲမဟုတ်သည့် တစ်စုံ တစ်ဦးမှ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကောက်ယူခြင်းသည် တရားမဝင်ပဲ၊ အပြစ်ပင် ဖြစ်နိုင်သည်။

ပုံမှန်မဟုတ်သော အခြေအနေ၌ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကောက်ယူရန် ဆုံးဖြတ်ထားသည့် လက်တွေ့ဆောင်ရွက်သူသည် နောက်ဆက်တွဲ-၆၊ **"ရုပ်ပိုင်းဆိုင်ရာ အထောက်အထားထိန်းသိမ်းထားရှိမှု ကွင်းဆက်နှင့်ဆိုင်သည့် စည်းမျဉ်းများ"** ကို လိုက်နာသင့်သည်။

လက်တွေ့ဆောင်ရွက်သူ မှတ်သားထားရမည်မှာ- ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူမှုသည်-အခြားခိုင်မာသော အချက်အလက်နှင့်/ သို့မဟုတ် ရှင်းလင်းတင်ပြနိုင်သော အထောက်အထား ကောက်ယူမှုနှင့် အမြဲတွဲဖက်နေမှသာ တစ်ခုခု အသုံးဝင်နိုင်ပေမည်။

## (၁) တိုက်ခိုက်သည့်နေရာများ

လိင်အကြမ်းဖက်သည့် ရာဇဝတ်မှုများ ဖြစ်ပွားရာနေရာများသို့ လက်တွေ့ဆောင်ရွက်သူများ လက်လှမ်းမီနိုင်၊ခြေရာခံနိုင် ရမည်။ တိုက်ခိုက်ခံရသည့် နေရာသည် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားအတွက် အဖိုးတန်သည့် နေရာဖြစ်ရုံသာမက၊ အဆိုပါနေရာတည်ရှိမှုကို ခြေရာခံနိုင်ခြင်းက အဆိုပါ ဒေသအတွင်း၌ စွပ်စွဲခံ ပြစ်မှု ကျူးလွန်သူရှိနေခြင်းကို သတ်မှတ်ရာ၌ အထောက်အကူပြုနိုင်သည်။ ထို့အပြင် စွပ်စွဲခံပြစ်မှု ကျူးလွန်သူများ၏ လှုပ်ရှားမှုပုံစံ အစိတ်အပိုင်း၊ အခြားသော သက်ဆိုင်ရာကိစ္စများ၊ ပြစ်မှုကျူးလွန်ပုံ နည်းလမ်းများ၏ အစိတ်အပိုင်းများကို လေ့လာစိစစ်ရန် ဖြစ်သည်။ "တိုက်ခိုက်ခံရသည့်နေရာ" တွင် သားကောင်ဖြစ်သူများ၏ ခန္ဓာကိုယ်များ သို့မဟုတ် ကျူးလွန်သူများ၏ ခန္ဓာကိုယ်များ၊ အခြားသက်ရှိ သို့မဟုတ် သေဆုံးပြီးသူများ၏ ခန္ဓာကိုယ်များလည်း ပါနိုင်သည်ကို မှတ်သားထားရန် အရေးကြီးသည်။ ဆေးပညာရှင် သို့မဟုတ် မူခင်း ဆေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဤအထောက် အထားကို ပြန်လည်အဖတ်ဆယ်ရာ၌ အဓိကကျနိုင်သည်။ အခင်းဖြစ်နေရာများ၌ တွေ့ရသည့် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် အောက်ပါတို့ကို သတ်မှတ်ရာ၌ အထောက်အကူရနိုင်သည်-

- အရပ်သားများအပေါ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း
- လိင်အကြမ်းဖက်မှု ဖြစ်ပွားခဲ့ခြင်း
- အခင်းဖြစ်ပွားသည့်ပုံစံနှင့်/ သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ထားသည့် ကာလနှင့် အင်အားသုံးမှုတို့ အပါအဝင် အခင်းဖြစ်ပွားမှု အနီးဝန်းကျင်မှ အနေအထားများ၊
- စွပ်စွဲခံပြစ်မှုကျူးလွန်သူ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်
- ပြစ်မှုကျူးလွန်သူအုပ်စု၏ အဖွဲ့အစည်းနှင့် ဖွဲ့စည်းပုံ အနေအထား
- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ထွက်ဆိုချက်နှင့် အခိုင်အမာထောက်ခံခြင်း (တရားရေးစနစ်များတွင် ဤကိစ္စလိုအပ်သည်။)

အခင်းဖြစ်နေရာများတွင် တွေ့ရသည့် အထောက်အထားများတွင် ပါဝင်နိုင်သည်မှာ-

- အဝတ်အစား၊ ယူနီဖောင်းများသို့မဟုတ် ယူနီဖောင်းအပိုင်းအစများနှင့် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ ဝတ်စားခဲ့သည့် အဝတ်အစား၊ အိပ်ယာခင်းများနှင့် စောင်များ
- လက်နက်များ၊ ဓားများ၊ ကျည်ဆံများနှင့် ကျည်ဆံခွံများ
- အစွန်းအထင်းများ၊ သွေးများ၊ အန်ထားသည်များ၊ သုတ်ရည်၊ အမျိုးသမီး လိင်အင်္ဂါမှ ထွက်သည့် အရည်များနှင့်/ သို့မဟုတ် မစင်အညစ်အကြေး
- စာရွက်စာတမ်း အထောက်အထား
- ကွန်ပျူတာများနှင့် ဆက်သွယ်ရေးကိရိယာများ
- ခန္ဓာကိုယ်များနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ
- သိမ်းပိုက်ထားသည့်နေရာ သို့မဟုတ် နေထိုင်ရာနေရာကို ညွှန်ပြနိုင်သည့် မည်သည့်အထောက်အထား ကိုမဆို

- မျက်မြင်သက်သေ၏ ထွက်ဆိုချက်နှင့် ကိုက်ညီနိုင်သည့် အဆောက်အအုံနှင့် ဥပစာများကို ဖော်ပြ ထားသည့် ရုပ်ပိုင်းဆိုင်ရာ အချက်များနှင့် အခန်းဖွဲ့ပုံ အဆင်အပြင် အထောက်အထား

လိင်အကြမ်းဖက်မှု ကျူးလွန်သည့်နေရာများ၊ ထိုနေရာများ၌ တွေ့ရသည့် ရုပ်ပိုင်းဆိုင်ရာ အထောက်အထား တို့ကို ကိုင်တွယ်စီမံရာ၌- ထိုအထောက်ထားများကို မရွှေ့ပြောင်းပဲ၊

၁. လိင်အကြမ်းဖက်မှုဖြစ်ရာ နေရာကို တိကျစွာ မှတ်တမ်းတင်သင့်သည်။

၂. တစ်ဦးဦးကို အခင်းဖြစ်ရာနေရာ၏ မန်နေဂျာအဖြစ် ခန့်ထား၍ ထိုနေရာသို့ လာရောက်သူတိုင်းကို မှတ်တမ်းပြုစုသင့်သည်။

၃. ရုပ်ပိုင်းဆိုင်ရာ အထောက်အထားရှိနိုင်သည့် နေရာအပါအဝင် အခင်းဖြစ်ပုံအနေအထားကို ပုံကြမ်း ရေးခြစ်သင့်သည်။

၄. ရုပ်ပိုင်းဆိုင်ရာ အထောက်အထားရှိနိုင်သည့် နေရာနှင့် အသေးစိတ်များ အပါအဝင်၊ အခင်းဖြစ်ရာ နေရာကို ဓာတ်ပုံမှတ်တမ်းတင်သင့်ပြီး၊

၅. တွေ့ရှိရသည့် အနေအထားအတိုင်း အခင်းဖြစ်နေရာကို ထားရှိရမည်။

## ၁။ အခင်းဖြစ်ရာနေရာကို မှတ်တမ်းတင်ရန်

လက်တွေ့ဆောင်ရွက်သူများသည် သံသယရှိသည့် လိင်အကြမ်းဖက်မှု ဖြစ်ပွားရာနေရာကို တိကျစွာ မှတ်တမ်း ထားသင့်သည်။ ဤလုပ်ဆောင်ချက်က စုံစမ်းစစ်ဆေးသူများ သို့မဟုတ် လုပ်ကိုင်နိုင်စွမ်းရှိသူများ အနေဖြင့် ထိရောက်စွာ မှတ်တမ်းတင်ရန်နှင့် အနာဂတ်တွင် ခြေရာကောက်နိုင်ရေး အထောက်အထားရယူရန် အထောက်အကူပြုသည်။

လက်တွေ့ ဆောင်ရွက်သူများသည်-

- GPS သို့မဟုတ် မြေပုံညွှန်းတစ်ရပ်ကို မရနိုင်သောအခါ သို့မဟုတ် မတိကျသောအခါ၊ အဆိုပါ ဧရိယာရှိအသုံးဝင်သော အဆောက်အအုံ/ နေရာ တစ်ရပ်ရပ်
- ဒေသအထိမ်းအမှတ်နေရာများ၊ ရုပ်ပိုင်းဆိုင်ရာ အထင်အရှားရှိသော အဆောက်အအုံ/ နေရာများနှင့် နေရာ၏ အမည်(များ)၊ အနီးအနားမှ ရပ်ရွာလူထုများ၊ ရွာများ၊ မြို့များ အပါအဝင်ကို မှတ်တမ်း ထား သင့်သည်။
- အခင်းဖြစ်ရာနေရာကို ရပ်ရွာလူထုသို့ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြအသိပေးခြင်းမပြုပဲ၊ လုံခြုံအောင် ထိန်းသိမ်းထားသင့်သည်။

## ၂။ တစ်စုံတစ်ဦးအား အခင်းဖြစ်ရာ နေရာ၏ မန်နေဂျာအဖြစ် ခန့်ထား၍ ထိုနေရာသို့ လာသူများ အားလုံးကို မှတ်တမ်းပြုစုရန်

အခင်းဖြစ်ရာနေရာ၏ မန်နေဂျာသည်-

- မှတ်တမ်းပြုစုထားရှိသင့်သည်။
- လိုအပ်လျှင် မည်သို့ လုံခြုံစွာ ထိန်းသိမ်းထားရှိမည်ကို သတ်မှတ်ထားသင့်သည်။

## ၃။ အခင်းဖြစ်နေရာနှင့် အထောက်အထားရှိသည့်နေရာကို ပုံကြမ်းရေးခြစ်ရန်

လက်တွေ့ဆောင်ရွက်သူများသည်

- အပေါ်မှ မြိုင်ကြည့်သည့် ပုံစံဖြင့် ပုံကြမ်းဆွဲသင့်သည်။
- အဆိုပါပုံကြမ်းတွင် စကေးနှင့် အတိုင်းအတာများပါ ပါဝင်သင့်သည်။
- အထင်ကရ အဆောက်အအုံများ ဖော်ပြသင့်သည်။
- ရှာတွေ့သမျှ အထောက်အထားအမျိုးအစားနှင့် နေရာကို ဖော်ပြသင့်သည်။
- ပုံကြမ်းအပေါ် လက်မှတ်ထိုးကာ နေ့စွဲတပ်ထားသင့်သည်။

## ၄. အခင်းဖြစ်ရာနေရာနှင့် အထောက်အထားကို ဓာတ်ပုံရိုက်ရန်

အခင်းဖြစ်ရာနေရာ၊ ပတ်ဝန်းကျင်ဧရိယာနှင့် အထင်ကရ အဆောက်အအုံများ သို့မဟုတ် အခင်းဖြစ်ရာ နေရာအတွင်းမှ အထောက်အထားများကို ဓာတ်ပုံရိုက်ထားခြင်းသည် အဆိုပါအထောက်အထားများကို လေ့လာ စိစစ်မည့် ပညာရှင်များ၊ နောင်လာမည့်စုံစမ်းရေးသမားများအတွက် အလွန်အဖိုးတန်နိုင်သည်။

လက်တွေ့ဆောင်ရွက်သူများသည်

- အခင်းဖြစ်ရာနေရာနှင့် အကျုံးဝင်သည့် နေရာများကို နှောက်ယှက်ခြင်း မပြုဘဲ သို့မဟုတ် ဖယ်ရှားခြင်း မပြုပဲ ဓာတ်ပုံရိုက်ယူသင့်သည်။
- အခင်းဖြစ်ရာ နေရာတစ်ခုလုံးကို ခြုံငုံသည့်၊ ဆက်စပ်သည့်၊ အနီးကပ် ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူ သင့်သည်။
- ဓာတ်ပုံများတွင် အနီးပတ်ဝန်းကျင်ဧရိယာ၊ ပထဝီအနေအထားနှင့် ရုပ်ပိုင်းဆိုင်ရာများ၊ အဆောက်အအုံ များနှင့် လမ်းများ၏ ဓာတ်ပုံများ ပါဝင်သင့်သည်။
- ဆက်စပ်ဓာတ်ပုံများသည် လက်တွေ့ဆောင်ရွက်သူမှ ဓာတ်ပုံရိုက်နေသည့် အထင်ကရအရာနှင့် အခြား အရာဝတ္ထုများ သို့မဟုတ် အထင်ကရနေရာများအကြား ဆက်နွယ်မှုကို ဖော်ပြသင့်သည်။
- အနီးကပ်ဓာတ်ပုံများသည် လက်တွေ့ဆောင်ရွက်သူ မှတတ် မ်းတင်နေသည့် အထောက်အထား သို့မဟုတ် အထင်ကရနေရာ၏ အသေးစိတ်အချက်အလက်ကို ဖော်ပြသင့်သည်။
- ဖြစ်နိုင်လျှင် စကေးနှင့်၊ စကေးမပါသည့် ဓာတ်ပုံ ရိုက်သင့်သည်။
- ရိုက်ယူထားသည့်အတိုင်း ဓာတ်ပုံများကို မှတ်တမ်းထားသင့်သည်။ ထိုမှတ်တမ်းတွင် ဓာတ်ပုံရိုက်သူ၏ အမည်နှင့် တာဝန်၊ နေ့ရက်၊ အချိန်နှင့် နေရာ၊ ဖလင်အမျိုးအစားနှင့် ကင်မရာ အပြင်အဆင်များတို့ပါ ပါဝင်သင့်သည်။ ဓာတ်ပုံဘောင်တစ်ခုစီအတွက် အကျဉ်းချုပ်ဖော်ပြချက်ပေးပါ။

## ၅။ အခင်းဖြစ်နေရာကို သင်တွေ့ခဲ့သခဲ့သည့်အတိုင်း ထားပါ။

အခင်းဖြစ်နေရာကို စောင့်ရှောက်ရန် အရေးကြီးပြီး၊ မနှောက်ယှက်ရန်၊ အရာဝတ္ထုများကို မရွှေ့ရန် သို့မဟုတ် အခင်းဖြစ်နေရာမှ သက်သေကို မဖယ်ရှားရန် ဖြစ်သည်။ ထိုသို့ ပြုလုပ်ပါက အခင်းဖြစ် နေရာ၏ အမှုမှန်ပေါ်ပေါက်ရေး အသုံးဝင်မှုနှင့် အားထားရမှုကို ဆိုးရွားစွာ ထိခိုက်နိုင်ပြီး၊ ထိုနေရာတွင် အကျုံးဝင်သည့်အရာများနှင့် ထိုနေရာ၏ သက်သေအထောက်အထားဖြစ်မှု တန်ဖိုးကို ထိခိုက်စေလိမ့် မည်။ များအောအားဖြင့် သင်တွေ့ရှိသည့် အထောက်အထားကို ရိုးရှင်းစွာ၊ တိကျစွာ မှတ်တမ်း တင်ခြင်းဖြင့် လုံလောက်သည်။

အခင်းဖြစ်နေရာမှ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများ ရယူခြင်းကို လုပ်ပိုင်ခွင့်အရ၊ လုပ်နိုင်စွမ်းအရနှင့် ထိုသို့ပြုလုပ်ရန် ကျွမ်းကျင်မှုများ ရှိမှုအရသာ ဆောင်ရွက်သင့်သည်။ အောက်ပါအခြေအနေတွင် ရုပ်ပိုင်း ဆိုင်ရာ အထောက်အထားကို အခင်းဖြစ်နေရာမှ ဖယ်ရှားနိုင်သည်။

- လက်တွေ့ဆောင်ရွက်သူများသည် မှတ်တမ်းတင်ထားသည့် အထောက်အထားမည်သည့်အရာမဆို အသုံးပြုရန် အခြားမည်သည့်ရည်ရွယ်ချက်မျှ မရှိလျှင်၊ အထောက်အထားများကို ဖျက်ဆီးခြင်း သို့မဟုတ် ကြားဝင်နှောက်ယှက်ခြင်းဖြင့် ကြုံလာမည့် အန္တရာယ်ကြီးများကို သိရှိလျှင်နှင့် လက်တွေ့ ဆောင်ရွက်သူများတွင် အထောက်အထားရယူရန်နှင့် အခင်းဖြစ်ရာနေရာမှ ဖယ်ရှားရန် ကျွမ်းကျင်မှု များနှင့် စွမ်းဆောင်ရည်ရှိလျှင်၊
- လက်တွေ့ဆောင်ရွက်သူများသည် ဖယ်ရှားမည့် သက်သေအထောက်အထားကို ကိုင်တွယ်စီမံခြင်း၊ သယ်ပို့ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ခိုင်မာသော စာရွက်စာတမ်းများ ရရှိထားနိုင်လျှင်နှင့် ကောင်းစွာ "ထိန်းသိမ်းထားရှိမည့် ကွင်းဆက်" အပေါ် သေချာမှုရှိလျှင်၊ (နောက်ဆက်တွဲ-၆၊ **"ရုပ်ပိုင်းဆိုင်ရာ အထောက်အထား၊ ထိန်းသိမ်းထားရှိမည့် ကွင်းဆက်ဆိုင်ရာ စည်းမျဉ်းများ" ကို ကြည့်ပါ။)**

### ၈.၂ စာရွက်စာတမ်းအထောက်အထား

တရားဝင်နှင့် အလွတ်သဘော စာရွက်စာတမ်းများသည် လိင်အကြမ်းဖက်မှုကို မှတ်တမ်းတင်ရာတွင်နှင့် စုံစမ်းစစ်ဆေးရာတွင် အလွန်သက်ဆိုင်သည့် သတင်းရင်းမြစ်ဖြစ်နိုင်သည်။ စာရွက်စာတမ်းများတွင် တွေ့ရ သည့် အချက်အလက်များသည် အောက်ပါတို့ကို သတ်မှတ်ရာတွင် အထောက်အကူရနိုင်သည်။

- တင်ပြလာသည့် လိင်အကြမ်းဖက်မှု၏ ပုံစံ၊ ကြိမ်နှုန်းနှင့် ပြင်းထန်မှု အတိုင်းအတာ- ဤအချက်များကို ဆေးပညာရှင်၊ ကျန်းမာရေးဆိုင်ရာပညာရှင်နှင့် ဆေးရုံများတွင် ထိန်းသိမ်းထားသည့် မှတ်တမ်းများ၊ အမှုစီမံခန့်ခွဲမှုဆိုင်ရာ စာရင်းအင်းများ၊ အထောက်အထားအခြေပြု အစီရင်ခံစာများ၊ လေ့လာ ဆန်းစစ်မှုများ၊ လိင်အကြမ်းဖက်မှုဆိုင်ရာလေ့လာမှုများတွင် တွေ့နိုင်သည်။ ၄၂
- ပြစ်မှုကျူးလွန်သူများနှင့် စေခိုင်းသူများ၏ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်များ၌ ပါရှိသည်မှာ- တရားဝင်စစ်တပ် သို့မဟုတ် အစိုးရမှတ်တမ်းများတွင် တွေ့ရသည့် စပ်စွဲခံပြစ်မှုကျူးလွန်သူများကို ရွှေ့ပြောင်းမှုနှင့် ထားရှိမှုဆိုင်ရာ အချက်အလက်များ၊ အဖွဲ့အစည်း၊ အမိန့်ပေးပုံအဆင့်ဆင့်၊ တရားဝင် နှင့် အလွတ်သဘော အာဏာပိုင်၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ထွက်ဆိုချက် တွင် ပါရှိသည်မှာ- စွပ်စွဲခံပြစ်မှုကျူးလွန်သူများ၏ ပုံပန်းသဏ္ဌာန်၊ အဂတ်အစားနှင့် ထူးခြားသော အမှတ်အသားများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ မှတ်တမ်းများတွင် ပါရှိသည်မှာ စွပ်စွဲခံပြစ်မှုကျူးလွန်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် သို့မဟုတ် ယင်းတို့ကို ရွှေ့ပြောင်းမှု။
- ပြစ်မှုကျူးလွန်ပုံ နည်းလမ်းများ၊ ပြစ်မှုကျူးလွန်မည့် စီမံချက်တစ်ရပ် သို့မဟုတ် ဗျူဟာတစ်ရပ် ရှိထား ခြင်း၌ ပေးအပ်သည့် အမိန့်စာ မိတ္တူများ၊ အချို့ဇရိယာများသို့ တိုက်ခိုက်မည့် အစီအစဉ်များနှင့် တိုက်ခိုက်မှု မပြုမီ၊ တိုက်ခိုက်နေစဉ်အတွင်း သို့မဟုတ် တိုက်ခိုက်ပြီးနောက်၌ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား/ တစ်ပိုင်းနှင့်တစ်ပိုင်းအကြား ချိတ်ဆက်မှုမှတ်တမ်းများ။
- နောက်ထပ်စုံစမ်းစစ်ဆေးမည့် လမ်းကြောင်းများ။ တရားဝင် စာရွက်စာတမ်းများ သို့မဟုတ် အလွတ်သဘော စာရွက်စာတမ်းများတွင် တွေ့ရသည့် အချက်အလက်များသည် ယင်းတို့တွင် ပါရှိသည့် အချက် တစ်ရပ်ရပ်ကိုမျှ ခိုင်မာစွာ မဆုံးဖြတ်နိုင်ပါ။ သို့သော် နောက်ထပ်စုံစမ်းစစ်ဆေးရမည့် သဲလွန်စ အချက်အလက်များ ပေးနိုင်သည်။

## (၁) စာရွက်စာတမ်းအမျိုးအစား

လက်တွေ့ဆောင်ရွက်သူများ တွေ့နိုင်သည့် သို့မဟုတ် ရထားပြီးဖြစ်သည့် အသုံးဝင်သော စာရွက်စာတမ်း အမျိုးအစားများတွင် အောက်ပါတို့ ပါဝင်သည်-

### တရားဝင်သော

- လိင်အကြမ်းဖက်မှုနှင့်/ သို့မဟုတ် စွပ်စွဲခံပြစ်မှုကျူးလွန်သူ(များ)၊ စေခိုင်းသူများ အပါအဝင်၏ ပြစ်မှုကျူးလွန်မှုနှင့်ဆိုင်သည့် မှတ်တမ်းများ၊ တာဝန်ကျမှတ်တမ်းများ၊ အခြေအနေအစီရင်ခံစာများ၊ နယ်နိမိတ်မှတ်တမ်းများ၊ စစ်တပ်စီမံချက်များ သို့မဟုတ် ဗျူဟာများ၊ ဆက်သွယ်ရေးမှတ်တမ်းများ၊ စာဖြင့် ဖော်ပြထားသည့် ညွှန်ကြားလွှာများနှင့် အမိန့်များ
- အခြားသော တရားဝင် စာရွက်စာတမ်းများ၊ ဥပမာ- ဆေးလက်မှတ်များ၊ ချမှတ်ထားသည့်အရာများ၊ အစီရင်ခံစာများ။ သို့ရာတွင် ဤစာရွက်စာတမ်းမျိုးကို အသက်ရှင်လွတ်မြောက်လာသူများအား ကြိုတင်အသိပေး သဘောတူညီချက် ရယူထားခြင်းမရှိပဲ မရရှိနိုင်ပါ။ ကျန်းမာရေးဝန်ဆောင်မှု ပေးနေ သူများအနေဖြင့်လည်း၊ ပုဂ္ဂလိက အချက်အလက်များဖြစ်သောကြောင့် အခြားသူများကို ဝေမျှမည် မဟုတ်ပါ။
- ထောင်ကျစာရင်းများနှင့် ရဲမှတ်တမ်းများ

### အလွတ်သဘောဆန်သော

- ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အလွတ်သဘောဆန်သော အစီရင်ခံစာများနှင့် မှတ်တမ်းများ၊ ဥပမာ- ရွှေ့ပြောင်းနေရာချထားခံရသည့် လူအုပ်စုများအား မှတ်ပုံတင်ထားရှိမှုနှင့် ကိုယ်ရေးမှတ်တမ်းများ၊ စောင့်ကြည့်လေ့လာရေးနှင့် လုပ်ငန်းယန္တရားများ၊ အမှုအခင်းအချက်အလက်၊ လူ့အခွင့်အရေးအစီရင်ခံစာများ၊ ကျူးလွန်မှုအပေါ် လေ့လာစိစစ်မှု၌ ပါဝင်သည့် အချက်အလက်များ၊ ထိုကျူးလွန်မှု၏ သက်ရောက်မှု အတိုင်းအတာ၊ နေသားတကျရှိနေသည့် ကြိုတင်အသိပေးရေး လုပ်ငန်းစဉ်များနှင့် အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များ။
- ဒေသခံရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေးခေါင်းဆောင်များ လက်ခံရရှိသည့် ရာဇဝတ်မှု အစီရင်ခံစာ မှတ်တမ်းများနှင့် အသက်ရှင်လွတ်မြောက် လာသူများ သို့မဟုတ် အခြားမျက်မြင် သက်သေများ ပြုစုခဲ့သခဲ့သည့် ထိုအချိန်က ရှိသည့် မှတ်တမ်းများ။

၄၂ လိင်အကြမ်းဖက်မှုနှင့်ဆိုင်သည့် ဤအချက်အလက်မျိုးသည် နောက်ခံသမိုင်းကြောင်း လေ့လာရာ၌ အသုံးဝင်နိုင်သည် သို့မဟုတ် စွပ်စွဲမှု တစ်ရပ် သို့မဟုတ် လိင်အကြမ်းဖက်မှုဆိုင်ရာ စွပ်စွဲမှုများ၊ အမှုနှင့် ဆိုင်သည့် အစီရင်ခံစာများ၊ အခြား သုံးသပ်ချက်များမှ ရရှိသော အချက်အလက်များသည် ဖြစ်ပွားခဲ့သည့် အမှုအခင်းတစ်ရပ်လုံးအပေါ် ကိုယ်စားမပြုပါ။ လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များ အသုံးပြုရာ၌ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များအကြောင်း လမ်းညွှန်ချက် အတွက် ၊ UN Action ၊ ပဋိပက္ခ ဖြစ်နေသည့် နိုင်ငံများတွင် လိင်အကြမ်းဖက်မှု အချက်အလက်များ အစီရင်ခံစာ တင်ပြခြင်းနှင့် ဘာသာ ပြန်ဆိုခြင်း " ဆောင်ရန်နှင့် ရှောင်ရန်များ" ၂၀၀၈ ခုနှစ်ကို ကြည့်ပါ။

- အထောက်အထားအခြေပြုဆန်းစစ်မှုများ၊ အစီရင်ခံစာများ၊ ကျူးလွန်သည့် လိင်အကြမ်းဖက်မှု အမျိုးအစား၊ ကျူးလွန်သည့် အကြိမ်အရေအတွက်နှင့် အတိုင်းအတာနှင့်ဆိုင်သည့် အချက်အလက်များ ရယူရေးလေ့လာမှုများနှင့် သုံးသပ်မှုများ၊ စွပ်စွဲခံကျူးလွန်သူများနှင့် စေခိုင်းသူများ၏ မည်သူ မည်ဝါဖြစ်ကြောင်း အထောက်အထားများ၊ အသက်ရှင်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ ဖော်ထုတ်သတ်မှတ်သည့် သက်ရောက်မှုနှင့် လိုအပ်ချက်များ။

စာရွက်စာတမ်း အထောက်အထားအား ကိုင်တွယ်ရာတွင် လက်တွေ့ဆောင်ရွက်သူများသည် အနိမ့်ဆုံး အဆင့်အဖြစ်-

၁. အတွင်းရေးလျှို့ဝှက်ချက်ကို လေးစားရမည်

၂. တိကျစွာ မှတ်တမ်းတင်၍ ဖြစ်နိုင်လျှင် မိတ္တူများ ထားရမည်

၃. စာရွက်စာတမ်းများ သိမ်းယူခြင်းမပြုရ။

## ၁။ အတွင်းရေးလျှို့ဝှက်ချက်ကို လေးစားရန်

- လိင်အကြမ်းဖက်မှုဆိုင်ရာ မှတ်တမ်းများ၊ အစီရင်ခံစာများ၊ လေ့လာမှုများ၊ စာရင်းအင်းများကို ဝေမျှရာ၌ လုံခြုံစိတ်ချစွာ၊ ကျင့်ဝတ်နှင့် လျော်ညီစွာ ဆောင်ရွက်သင့်ပြီး၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်ကို လေးစားမှုအရ ပြုလုပ်သင့်သည်။ **(အပိုင်း ၆.၁ နှင့် ၆.၂ ကို ကြည့်ပါ။)**
- စာရင်းအင်းအချက်အလက်များကို လျှို့ဝှက်စွာ ထားရမည်။ သို့ရာတွင် လျှို့ဝှက်အချက်အလက်ကိုပင် အခြားလူအုပ်စု သို့မဟုတ် အသိုင်းအဝိုင်းမှ ချိတ်ဆက်ရရှိနိုင်သည်ဖြစ်ရာ ဤသို့ဖြစ်လျှင် အသက်ရှင် လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအပေါ် အန္တရာယ်ကျရောက်နိုင်သဖြင့်၊ လက်တွေ့ ဆောင်ရွက်သူများက သုံးသပ်စိစစ်ရမည်။ [၄၃]
- လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အချက်အလက်ကို အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား ကြိုတင်အသိပေးခွင့်ပြုချက်ယူ၍သာ ဝေမျှရမည်။

## ၂။ တိကျစွာ မှတ်တမ်းတင်ရန်နှင့် ဖြစ်နိုင်လျှင်မိတ္တူပွားထားရန်

- အနိမ့်ဆုံးအဆင့်အဖြစ် တွေ့ရှိရသည့် သို့မဟုတ် လက်ခံရရှိသည့် စာရွက်စာတမ်းများ၊ ထိုစာရွက် စာတမ်းများကို တွေ့ရှိရသည့် သို့မဟုတ် လက်ခံရရှိသည့် အခြေအနေအရပ်ရပ်၊ တွေ့ရှိသည့်နေရာ၊ မည်သူ့ထံမှ လက်ခံရရှိသည်၊ ထိုသို့တွေ့ရှိသည့် သို့မဟုတ် လက်ခံရရှိသည့်အချိန်က အခြားမည်သူပါရှိနေသည် စသည်တို့ကို ဖော်ပြ၍ တိကျစွာ မှတ်တမ်းတင် ပြုစုပါ။
- စာရွက်စာတမ်းသက်သေကို တတိယအဖွဲ့အစည်းကပေးလျှင်၊ တတိယအဖွဲ့အစည်းထံမှ ထွက်ဆိုချက် ရယူပါ။ ထိုထွက်ဆိုချက်တွင် တတိယအဖွဲ့အစည်းအနေဖြင့် စာရွက်စာတမ်း ရရှိခဲ့ပုံအနေအထားများ၊ မည်သည့်အချိန်က မည်သူ့ထံမှ ရရှိခဲ့သည်၊ အဆိုပါ စာရွက်စာတမ်းသည် မူရင်း သို့မဟုတ် မိတ္တူဖြစ်သည်၊ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် သိသာထင်ရှားသည့် ချိပ်တံဆိပ်၊ လက်မှတ်များ၊ အမည်များနှင့် ဤအချက်အလက်များကို တတိယအဖွဲ့အစည်းက မည်သို့သိသည်ကိုပါ ရှင်းပြရန် ဖြစ်သည်။
- စာရွက်စာတမ်းကို မိတ္တူပွားလျှင် မိတ္တူသည် ရှင်းလင်းမှုရှိရမည်ဖြစ်ပြီး၊ လိုအပ်လျှင် အရှေ့အနောက် နှစ်ဘက်လုံး မိတ္တူပွားရန်နှင့် မည်သူ့ထံမှ ၊ မည်သည့်အချိန်တွင်၊ မည်သို့ မိတ္တူကူးခဲ့သည်ကို မှတ်တမ်းထားရန် ဖြစ်သည်။

## ၃။ စာရွက်စာတမ်းများကို မသိမ်းယူရ

- စည်းမျဉ်းအရ၊ စုံစမ်းစစ်ဆေးရမည့် တာဝန်မရှိသူများသည် မည်သည့်အဖွဲ့အစည်းထံမှမဆို စာရွက်စာတမ်းများကို သိမ်းယူခြင်း မပြုသင့်ပါ။ လက်တွေ့ဆောင်ရွက်သူများသည် ယင်းတို့အလုပ်နှင့် ဆိုင်သည့် စာရွက်စာတမ်းများ လက်ခံရရှိထားသည့် အခြေအနေ၌ ယင်းတို့ကိုယ် ယင်းတို့ မည်သည့်အဆင့်များ ချမှတ်ဆောင်ရွက်သင့်ကြောင်း လုပ်ထုံးလုပ်နည်းများ နေသားတကျ ထားရှိ သင့်သည်။ လက်တွေ့ဆောင်ရွက်သူများသည် စာရွက်စာတမ်းများကို သိမ်းယူရန် လုပ်ပိုင်ခွင့် ပေးအပ် ထားခြင်းမရှိဘဲ မည်သည့်အခါမျှ စာရွက်စာတမ်းများကို မသိမ်းယူသင့်သော်လည်း၊ ဆန္ဒအလျောက် လွှဲပြောင်းပေးအပ်သည့် စာရွက်စာတမ်းများကို လက်ခံနိုင်သည်။ အကယ်၍ လုပ်ထုံးလုပ်နည်းများ နေသားတကျရှိလျှင်၊ စာရွက်စာတမ်းများနှင့်ဆိုင်သည့် အချက်အလက် အလုံအလောက်ကို လက်တွေ့ဆောင်ရွက်သူများက ကောက်ယူစုဆောင်းကြသည်။ **(အပိုင်း -၂ "တိကျစွာ မှတ်တမ်း ထား၍၊ ဖြစ်နိုင်လျှင် မိတ္တူကူးထားပါ" ကိုကြည့်ပါ။)**

၄၃ UN Action ၊ ပဋိပက္ခဖြစ်ပွားသည့် နိုင်ငံများ၏ လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များကို အစီရင်ခံတင်ပြခြင်းနှင့် ဘာသာပြန်ဆိုခြင်း၊ "ဆောင်ရန်၊ ရှောင်ရန်များ"၊ ၂၀၀၈ ခုနှစ် ကိုကြည့်ပါ။

- လက်တွေ့ဆောင်ရွက်သူထံသို့ စာရွက်စာတမ်းများ ပေးပို့လာလျှင် သို့မဟုတ် စာရွက်စာတမ်းများကို တွေ့ရှိခဲ့လျှင်သာ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းကို ဆောင်ရွက်သင့်သည်။
- သို့ရာတွင် အချို့မှတ်တမ်းများတွင် ပါဝင်သော အကြောင်းအရာများ၊ မှတ်တမ်းတည်ရှိရာ နေရာနှင့် ဆိုင်သည့် တိကျသော အချက်အလက်များကို သက်သေအထောက်အထားများ သိမ်းယူခွင့် အာဏာအရ အနာဂါတ် စုံစမ်းလေ့လာမှု၌ အသုံးပြုနိုင်သည်။
- အသေးစိတ်အချက်အလက်များအတွက် (နောက်ဆက်တွဲ - ၇ **"စာရွက်စာတမ်း အထောက်အထားထိန်းသိမ်းစောင့်ရှောက်မှု ကွင်းဆက်များနှင့်ဆိုင်သည့် စည်းမျဉ်းများ"ကိုကြည့်ပါ။)**

## ၉။ အချက်အလက် သိမ်းဆည်းထားသိုခြင်း

လက်တွေ့ဆောင်ရွက်သူများသည် လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူရာ၌ (ဥပမာ- ရာဇဝတ်မှု ဖြစ်ပွားရာနေရာ/ ဖြစ်ပွားပုံနှင့် စပ်လျဉ်းသည့် ဓာတ်ပုံများ၊ အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေတစ်ဦးနှင့် အင်တာဗျူးမှတ်တမ်းတစ်စောင်) စသည့် အချက်အလက်၏ မှန်ကန်မှုကို မထိခိုက်စေပဲ သို့မဟုတ် အသက်ရှင်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများကို နောက်ထပ် ဘေးအန္တရာယ်ထပ်မကြုံရစေမည့် ပုံစံဖြင့် ထိန်းသိမ်းထားသိုရန် အရေးကြီးသည်။

လိင်အကြမ်းဖက်မှု အချက်အလက်၏ အတိမ်းအစောင်းမခံသည့် သဘောသဘာဝနှင့် ထိုအချက်အလက်ကို မှားယွင်းအသုံးပြုမိလျှင် ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်တို့ကြောင့်၊ အချက်အလက် ကောက်ယူ စုဆောင်းသူ မည်သူမဆိုသည် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေ/ ရပ်ရွာလူထုနှင့် အချက်အလက်ကောက်ယူပေးသူများ လုံခြုံဘေးကင်းမှုရှိစေရန် ရရှိသည့်အချက်အလက်များကို ဂရုတစိုက် ထိန်းသိမ်းထားသိုရန် အလွန်အရေးကြီးပါသည်။

လိင်အကြမ်းဖက်မှုဆိုင်ရာအချက်အလက်ကိုလုံခြုံစိတ်ချရသောပုံစံဖြင့်ထိန်းသိမ်းထားသိုရန်အတွက်၊လက်တွေ့ ဆောင်ရွက်သူများသည်-

၁။ မည်သည့်နေရာတွင်အချက်အလက်သိမ်းဆည်းမည်၊မည်သူကတာဝန်ယူကြီးကြပ်မည်ကိုစီမံချက်ဆွဲထား သင့်သည်။စံပြအနေဖြင့်၊လက်တွေ့ဆောင်ရွက်သူများသည်ဗဟိုသိမ်းဆည်းသည့် နေရာတစ်ခုကိုအသုံးပြုသင့်ပြီး၊ယင်းတို့အဖွဲ့အစည်းက အချက်အလက် "ပိုင်ဆိုင်မှု" ရထားစေကာမူအချက်အလက်အုပ်ထိန်းသူကသာကြီးကြပ်သင့်သည်။

၂။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို ဖော်ထုတ်စိစစ်သည့်အချက်အလက်ကိုသက်သေထွက်ဆိုချက်များ၊အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေက ပေးသည့်အထောက်အထားများနှင့်သီးခြားခွဲထုတ်၍လုံခြုံစိတ်ချစွာ ထိန်းသိမ်းထားသင့်သည်။ (ဥပမာ- အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများနှင့်သက်ဆိုင်သည့်အချက်အလက်/ အမည်များကိုရှာဖွေစိစစ်ခြင်းကိုကုတ်နံပါတ်နှင့်တွဲမှတ်ထားသည့်ညွှန်းကိန်းတစ်ရပ်)

၃။ ဖြစ်နိုင်လျှင်လျှို့ဝှက်ထားရမည့်အချက်အလက်ကို ကောင်းစွာကာကွယ်ထားနိုင်စေရန်အလို့ငှာအများပြည်သူနှင့်ဆိုင်သည့် အချက်အလက်ကိုအတိမ်းအစောင်းမခံ သည့်လျှို့ဝှက်အချက်အလက်နှင့်အတူတကွထားရှိခြင်းမှ ရှောင်ကြဉ်သင့်သည်။

၄။ အချက်အလက်များကိုစီစဉ်တကျထားရှိသင့်သည်။သို့မှသာ နောက်ပိုင်းလိုအပ်သောအခါ၊အလွယ်တကူ ကောင်းစွာရှာတွေ့နိုင်ပေမည်။

၅။ စည်းကမ်းများ၊ ကောင်းမွန်သောအလေ့အကျင့်များအတွက်သင်တန်းပေးသင့်သည်။ (၁) ဖိုင်များပိတ်သိမ်းပြီးနောက်တွင် သိမ်းဆည်းထားသောအချက်အလက်ကိုချက်ချင်းနေရာပြောင်းသိမ်းဆည်းခြင်း၊ (၂) အရေးပေါ် ပြောင်းရွှေ့ရသည့်အခါတွင်လည်းအချက်အလက်လုံခြုံမှုရှိခြင်း

၆။ စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်ခရီးသွားရသည့်အခါလိုအပ်သည့်အချက်အလက်မျှကိုသာသယ်ဆောင်သွားသင့်သည်။ လက်တွေ့ဆောင်ရွက်သူများကိုယင်းတို့ကိုယ်ပေါ်၌သိမ်းဆည်းထားသည့်သို့မဟုတ်ယင်းတို့ကားပေါ်၌သိမ်းဆည်းထားသည့် အချက်အလက်များကိုဖွင့်ချပြရန်သို့မဟုတ်လွှဲပေးရန် တောင်းဆိုခြင်းရှိနိုင်သောကြောင့်ဖြစ်သည်။အချက်အလက်သိမ်းဆည်းရာတွင်နည်းပညာကိုအသုံးပြုရန်နှင့်/ သို့မဟုတ်အချက်အလက်ကိုကုတ်စနစ်ပြောင်းလဲသိမ်းဆည်းရန်စဉ်းစားပါ။

## ၉.၁ စာရွက်စာတမ်းများနှင့် အခြားခန္ဓာကိုယ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ သတင်းအချက်အလက်

- လက်တွေ့လုပ်ဆောင်သူများသည် သတင်းအချက်အလက်များကို စာရွက်စာတမ်းပုံစံသို့ အခြား ရုပ်ဝတ္ထုအမယ်အဖြစ် သိမ်းဆည်းမည်ဆိုပါက ဘီရိုထဲတွင် သော့ခတ်၍သော်လည်းကောင်း (သို့) အကန့်အသတ်ဖြင့်သာ လက်လှမ်းမီနိုင်သော မီးခံသေတ္တာထဲတွင် သိမ်းဆည်းသင့်သည်။ မည်သူက သတင်းအချက်ကို ရယူနိုင်သည်၊ ဘာကြောင့်ရယူနိုင်သည်ကို တိကျရှင်းလင်းသော မူဝါဒ ရှိသင့်သည်။
- ထိန်းသိမ်းထားသည့် ဧရိယာကို ဝင်ရောက်ခွင့်ရှိသည့် ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေး လုံခြုံမှုကို သေချာစေရန် အရေးကြုံလာလျှင် ဆောင်ရွက်မည့် အစီအမံ လိုအပ်ပါသည်။
- သတင်းအချက်အလက်များ ရယူရန်ခွင့်ပြုချက်ကို ၎င်းဘီရိုတွင် မှတ်တမ်းထားရှိပါ။ (ဥပမာ- အမည်၊ ရက်စွဲ၊ အချိန်၊ သတင်းအချက်အလက်ရယူရသည့် အကြောင်းအရင်းကို မှတ်တမ်းပြုသင့်သည်။)
- သတင်းအချက်အလက်သည် ပျက်စီးလွယ် (ဥပမာ- ရိုးရိုးဓာတ်ပုံဖလင်များ) လျှင်၊ အလင်းရောင်နှင့် အပူဒဏ် မထိတွေ့နိုင်သည့် နေရာတွင်ထားပါ။
- သတင်းအချက်အလက်အပြည့်အစုံတစ်စုံ၏ အစိတ်အပိုင်းများဖြစ်နေပါက (ဥပမာ- စာရွက် စာတမ်း သို့မဟုတ် ပုံနှိပ်ထားသည့် ဓာတ်ပုံများ စုစည်းထားခြင်း)၊ မည်သည့်အစိတ်အပိုင်းနှင့် ပေါင်းစပ်ပါက အပြည့်အစုံတစ်စုံဖြစ်မည်ကို မှတ်စုရေးသား၍ စည်းနှောင်ပါ။
- ဓာတ်ပုံများနှင့် ဗီဒီယိုမှတ်တမ်းများအားလုံးကို (အခြားရုပ်ပိုင်းဆိုင်ရာ သတင်းအချက်အလက်) များကို သတ်မှတ်ထားသည့် နံပါတ်ပေး ထိန်းသိမ်းသည့်စနစ်ဖြင့် စာရင်းပြုစုသင့်ပြီး၊ ၎င်းနံပါတ်ပေးသည့် စနစ်ကို သီးသန့်ဓာတ်ပုံ/ ဗီဒီယိုများနှင့်ပတ်သက်ပြီး အခြားခိုင်မာသည့် အထောက်အထားနှင့် ချိတ်ဆက်ထားသင့်သည်။ (ဥပမာ- အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ)
- ရိုးရိုးတွေ့ဆုံမေးမြန်းချက် မှတ်တမ်းထက်ပိုသည့် ရည်ရွယ်ချက်အတွက် အသံ သို့ ဗီဒီယို မှတ်တမ်းများ ပြုလုပ်ပြီးပါက တာဝန်ရှိသူသည် ၎င်းတို့အား ဆက်လက်ထိန်းသိမ်းနိုင်ရေးနှင့် မှတ်တမ်းတွင် ပါဝင်သူ အသီးသီး၏ လျှို့ဝှက်ချက်ကို ထိန်းသိမ်းနိုင်ရန်အတွက် ကူညီထောက်ပံ့ခြင်းကို သင့်လျော်မှန်ကန်အောင် ဆောင်ရွက်ရမည်။ အထူးသဖြင့် ၎င်းမှတ်တမ်းများကို မည်သည့် အချိန် ကာလအတွက်မဆို ထိန်းသိမ်းသည့်အခါတွင် ဆောင်ရွက်ရပါမည်။

## ၉.၂ ဒီဂျစ်တယ် သတင်းအချက်အလက်များ သိမ်းဆည်းခြင်း

- သမားရိုးကျထိန်းသိမ်းသည့်စနစ်ထက် ဒစ်ဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းခြင်း၏ အကျိုးကျေးဇူးမှာ ရုပ်ပိုင်းဆိုင်ရာ နေရာများများ မလိုအပ်ခြင်း၊ အလွယ်တကူ ရှာဖွေနိုင်ခြင်းနှင့် သုတေသနပြုခြင်းကို အများအားဖြင့် လွယ်ကူစေခြင်း၊ ၎င်းထိန်းသိမ်းသည့်စနစ်မှ အစီရင်ခံစာများ ရေးသားရန်နှင့် လက်ရှိ အခြေအနေအတိုင်း ပြင်ဆင်ဖြည့်စွက်ရန် ပိုမိုလွယ်ကူစေပြီး အတိုင်းအတာတစ်ခုအထိ ကာကွယ် နိုင်ပါသည်။ သို့သော်လည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းသည့်စနစ်၏ အားနည်းချက်မှာ အချက်အလက်များ ထည့်သွင်းရန် အချိန်ပိုမိုယူရခြင်း၊ လုပ်ဆောင်နိုင်ရန် လျှပ်စစ်ဓာတ်အား ရရှိမှု အပေါ်နှင့် တစ်ခါတစ်ရံ Web အသုံးပြုနိုင်မှုအပေါ် မူတည်နေပြီး viruses နှင့် အချက်အလက်များကို ရယူနှောင့်ယှက်ခြင်းနှင့်ပတ်သက်၍ သံသယဖြစ်စေပါသည်။ ထို့အပြင် သတင်းအချက်အလက်များကို မိုဘိုင်းဖုန်းသို့ အင်တာနက်မှပေးပို့ပါက၊ သတိထားရမည့် သတင်းအချက်အလက်များကို လွှဲပြောင်း ပေးရန် မိုဘိုင်းသို့ အင်တာနက်ဝန်ဆောင်မှုပေးသူများကို အာဏာပိုင်များက အကြပ်ကိုင်မည့် အန္တရာယ်လည်း ရှိပါသည်။
- ဒစ်ဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းမည့် သတင်းအချက်အလက်များကို စုဆောင်းခြင်း မစတင်မီ ဘေးအန္တရာယ် ဖြစ်နိုင်ချေလေ့လာဆန်းစစ်ချက်ကို လုပ်ဆောင်သင့်ပြီး ဒစ်ဂျစ်တယ်စနစ် လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များကို ချမှတ်သင့်သည်။ သတင်းအချက်အလက် စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များအား ၎င်းရည်ရွယ်ချက်အတွက် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ဒစ်ဂျစ်တယ် သတင်းအချက်အလက်အားလုံးကို Pass-word စနစ်သုံးကာကွယ်ထားသင့်ပြီး (၎င်း password ကိုအကန့်အသတ်ဖြင့်သာရယူနိုင်) ကုတ် (code) စနစ်သို့ ပြောင်းလဲထားသင့်သည်။ ဖြစ်နိုင်လျှင်အရေးကြီးသတင်းအချက်အလက်များကိုသိမ်းဆည်းသည့် drives များကို code စနစ် ပြောင်းခြင်း၊ဒစ်ဂျစ်တယ်သတင်းအချက်အလက်[၄၄]များပေးပို့ရာတွင်လုံခြုံစိတ်ချရစေမည့်နည်းစနစ် များကဲ့သို့သော

၄၄ အချက်အလက်များ ကာကွယ်ရေး ဖြည့်စွက်လမ်းညွှန်ချက်အတွက် အရေးကြီး သတင်းအချက်အလက်များ စီမံခန့်ခွဲမှုဆိုင်ရာ ICRC, Professional Standards for Protection Work, 2013, revised edition ၏ အခန်း (၆) ကို ကြည့်ပါ။

အဆင့်မြင့်နည်းလမ်းများ၊ လုပ်နည်းစနစ်များ အသုံးပြု၍ လက်တွေ့လုပ်ဆောင် နေသူများက သတင်းအချက်အလက်များကို ကာကွယ်နိုင်မည့် နည်းလမ်းများကို ဆောင်ရွက်သင့် သည်။

- အရေးကြီးလာလျှင် ဆောင်ရွက်မည့် အစီအမံတွင် သတင်းအချက်အလက်များအတွက် Password ကို ရရှိနိုင်သည့် ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုသေချာစေရန် လိုအပ်ပါသည်။
- သတင်းအချက်အလက်များသည် ဒီဂျစ်တယ်ဖြစ်ပါက ကွန်ပျူတာထဲသို့ ပြောင်းလဲရယူပြီး WORM (Write Once Ready Many) စီဒီပြုလုပ်ခြင်း (သို့) memory key တွင် သိမ်းဆည်းထားခြင်းပြုလုပ်ပါ။ မိတ္တူနှစ်စုံထားရှိသင့်ပါသည်။
- သတင်းအချက်အလက်ဖိုင်များကို ပြန်လည်ရယူပေးနိုင်သော၊ virus မှ ကာကွယ်နိုင်သော ဆော့ဖ်ဝဲလ်များကဲ့သို့ သင့်တော်သည့် ကြိုတင်ကာကွယ်မှု ပြုလုပ်ပါ။
- သတင်းအချက်အလက်များ (metadata) (ဥပမာ- မည်သည့်အချိန်က သတင်း၊ သတင်းအချက် အလက်ကို ဘယ်လို၊ ဘယ်နေရာမှာ စုဆောင်းခဲ့သည်) ကို စဖ ဆောင်းပေးမည့် mobile documuentation applications နှင့် GPS စနစ်သုံး ကင်မရာများကဲ့သို့ အဆင့်မြင့် သတင်း စုဆောင်းသည့် ကိရိယာများ အသုံးပြုနိုင်ရန် စဉ်းစားပါ။ ၎င်း mobile documentation applications သည် သတင်းအချက်အလက်များကို code စနစ်သို့ အလိုအလျောက် ပြောင်းလဲပါသည်။
- သတင်းအချက်အလက်များကို ဖုန်းထဲတွင် မိတ္တူမကျန်ခဲ့စေမည့် mobile data collection applications ကို သုံးစွဲရန် စဉ်းစားပါ။ ဤသို့ဖြင့် အရေးကြီး data များကို ဖုန်းသိမ်းယူခံရခြင်း၊ ပျောက်ဆုံးခြင်းနှင့် အခိုးခံရခြင်းကြောင့် ပျောက်ဆုံးမည့် အန္တရာယ်ကို လျော့ကျစေနိုင်ပါသည်။
- သတင်းအချက်အလက်များကို လုံခြုံအောင် ဆောင်ရွက်ရာတွင် cloud storage data solutions ကို သုံးရန် သင့်လျော်နိုင်ပါသည်။ ၎င်း cloud စနစ်၏ အကျိုးကျေးဇူးမှာ data သိမ်းဆည်းသည့် ကိရိယာများ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးခြင်း၊ data များကို အဝေးမှ လှမ်းယူရရှိနိုင်ခြင်းနှင့် data များ ဖောင်းပွခြင်းမှ ကာကွယ်နိုင်ခြင်းတို့ ဖြစ်ပါသည်။ အကယ်၍ အထက်ပါ ဝန်ဆောင်မှုများကို ပြုလုပ်ပေးသည့်သူများကို အသုံးပြုလျှင် data များ တည်တံ့ခိုင်မြဲရေး၊ data ရယူရန် အထူးသီးသန့် အဖြစ် ဆောင်ရွက်ပေးခြင်းနှင့် data ပိုင်ဆိုင်မှု သေချာစေရေးအတွက် အထူးသတိပြု ဆောင်ရွက် ရပါမည်။
- သတင်းအချက်အလက် database တွင် မှတ်စု သို့ မှတ်တမ်းများအပေါ် မည်သည့်ပြောင်းလဲမှု များကိုမဆို ပြုလုပ်ဆောင်ရွက်သူနှင့်ယှဉ်၍ မှတ်တမ်းရေးသွင်းနိုင်ရန် edit-trail facility ထားရှိပါ။

## ၉.၃ မူခင်းဆေးပညာဆိုင်ရာ တရားဝင်ဆရာဝန်၏ အထောက်အထားများ သိမ်းဆည်းခြင်း

- သီးသန့်လေ့ကျင့်သင်ကြားပေးထားသူများကသာ တရားဝင်ဆေးပညာဆိုင်ရာ အထောက်အထားများ ရယူသင့်ပါသည်။ (ဥပမာ- သွေး၊ သုတ် နှင့် စွန်းထင်းနေသော အဝတ်များ) လက်တွေ့လုပ်ဆောင် နေသူများကို တရားဝင်ဆရာဝန်၏ အထောက်အထား/ မူခင်းဆေးပညာဆိုင်ရာ အထောက်အထား ရယူပုံကို လေ့ကျင့်သင်ကြားမထားလျှင် ဆောင်ရွက်ရာတွင် အကောင်းထက် အန္တရာယ် ပိုမိုဖြစ်စေ ပါသည်။ **(နောက်ဆက်တွဲ ၆ ၏ "ရုပ်ပိုင်းဆိုင်ရာ အထောက်အထား၊ ထိန်းသိမ်းစောင့်ရှောက်ခွင့် ကွင်းဆက်နှင့်စပ်လျဉ်းသည့် စည်းမျဉ်းများ" နှင့် နောက်ဆက်တွဲ ၁၀ ၏ "လိင်စော်ကားမှုဆိုင်ရာ ဆေးလက်မှတ်နမူနာပုံစံ" ကိုကြည့်ပါ။)**
- မူခင်းဆေးပညာဆိုင်ရာ စစ်ဆေးမှုများနှင့် တရားဝင် ဆရာဝန်စစ်ဆေးချက်အထောက်အထား စုဆောင်းမှုကို ဆေးပညာရပ်ဆိုင်ရာ ပြုစုစောင့်ရှောက်မှုပြုလုပ်ပေးစဉ်တွင် တစ်ချိန်တည်း ဆောင်ရွက် သင့်ပြီး လူပုဂ္ဂိုလ်တစ်ဦးထဲကသာ ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်ပါသည်။ **(နောက်ဆက်တွဲ ၁၀ ၏ "လိင်စော်ကားမှုဆိုင်ရာ ဆေးလက်မှတ်နမူနာပုံစံ" ကိုကြည့်ပါ။)**
- အထောက်အထားသည် ဇီဝဗေဒဆိုင်ရာများ (ဥပမာ- သွေး၊ သုတ်၊ အဝတ်) ဖြစ်ပြီး၊ လက်တွေ့ လုပ်ဆောင်သူများကို ရယူစုဆောင်းရန် လေ့ကျင့်ပေးထားလျှင် ၎င်းအထောက်အထားများကို ဖူး/ခွက် များတွင် ခွဲခြားထည့်သွင်းပြီး လုံအောင်ပိတ်ကာ ဓာတ်ခွဲခန်းသို့ ချက်ချင်းယူဆောင်သင့်သည်။ ဓာတ်ခွဲခန်းတွင် အအေးခံထားရန် လိုအပ်ကောင်းလိုပါသည်။
- မူခင်းဆေးပညာအထောက်အထားရယူခြင်းအတွက် ပိုမိုကျယ်ပြန့်သည့် လမ်းညွှန်ချက်အတွက် လက်တွေ့လုပ်ဆောင်သူများသည် မုဒိမ်းကျင့်ခံရခြင်းမှ လွတ်မြောက်လာသူများကို ဆေးပညာဆိုင်ရာ စီမံခန့်ခွဲမှုအပေါ် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏လမ်းညွှန်ချက်များ- နိုင်ငံတွင်းမှ စွန့်ခွာထွက်ပြေး ရသူများနှင့် ဒုက္ခသည်များအတွက် အသုံးပြုသည့် ကျင့်ထုံး ဖွံ့ဖြိုးရေးလမ်းညွှန် (၂၀၀၄) နှင့် PHR, OHCHR, အစ်စတန်ဘူးလ်ကျင့်ထုံး- နှိပ်စက်ခံရမှုများနှင့် အခြား ရက်စက်သော ၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာကျဆင်းစေမည့် လုပ်ရပ်များ (သို့) အပြစ်ပေးခြင်းကို ထိရောက်သော စုံစမ်းမှုပြုလုပ်ခြင်းနှင့် စာရွက်စာတမ်းများ ပြင်ဆင်ခြင်းဆိုင်ရာ လက်စွဲ (၁၉၉၉) တို့ကို လေ့လာသင့်ပါသည်။



# စာစုစာရင်း

## ရင်းမြစ်များ


1. Amnesty International, International Criminal Court: Updated Checklist for Effective Implementation, London 2010

2. Amnesty International, Agnes Callamard, A Methodology for Gender-Sensitive Research, 1999

3. ICC, Draft Policy Paper on Sexual and Gender Based Crimes, February 2014, www.icc-cpi.int/iccdocs/otp/otp-draft-policy-paper-february2014-eng.pdf

4. ICRC, Professional Standards for Protection Work, 2013, revised edition

5. ICRC, Sexual violence in armed conflict: questions and answers, 7 March 2014

6. Institute for International Criminal Investigations (IICI), Investigator's Manual 7th Edition, 2013

7. Institute of Medicine, Social and Economic Costs of Violence Against Women: The Value of Prevention, 2011

8. IRC, UNICEF, Caring for Child Survivors of Sexual Abuse: Guidelines for Health and Psychosocial Service Providers in Humanitarian Settings, 2012

9. OHCHR, PHR, Istanbul Protocol: Manual on the Effective Investigation and Documentation of Torture and Other Cruel, Inhuman or Degrading Treatment or Punishment, 1999

10. OHCHR, Monitoring the Convention on the Rights of Persons with Disabilities – Guidance for Human Rights Monitors (Professional Training Series No. 17)

11. Save the Children, Children, Not Soldiers: Guidelines for Working with Child Soldiers and Children Associated with Fighting Forces, 2001

12. UN Action, Reporting and Interpreting Data on Sexual Violence from Conflict-Affected Countries: "Dos And Don'ts", 2008

13. UNHCR, Sexual and Gender-Based Violence against Refugees, Returnees, and Internally Displaced Persons: Guidelines for Prevention and Response, 2003

14. UNICEF, Innocenti Research Centre, Innocenti Insight: Birth Registration and Armed Conflict, 2007

15. UNICEF, The Paris Principles. Principles and Guidelines on Children Associated With Armed Forces or Armed Groups, February 2007

16. UNICEF, UNODC, Guidelines on Justice Matters Involving Child Victims and Child Witnesses of Crime, 2005

17. WHO, Ethical and Safety Recommendations for Researching, Documenting and

Monitoring Sexual Violence in Emergencies, 2007

18. WHO, Clinical Management of Survivors of Rape. A Guide to the Development of Protocols for Use in Refugee and Internally Displaced Person Situations, 2004

19. Women's Initiatives for Gender Justice, Gender in Practice: Guidelines and Methods to Address Gender Based Crime in Armed Conflict, 2005

20. World Bank, The Costs and Impacts of Gender-Based Violence in Developing Countries: Methodological Considerations and New Evidence, 2004

## Further Reading

21. Amnesty International, CODESRIA, Ukweli: Handbook on Monitoring and Documenting Human Rights Violations in Africa, 2000

22. Amnesty International, International Centre for Human Rights and Democratic Development, Investigating Women's Rights Violations in Armed Conflict, 2001

23. Amnesty International, Rape and Sexual Violence: Human Rights Law and Standards in the International Criminal Court, 2001

24. Bassiouni, M. Cherif, International Crimes: Jus Cogens and Obligatio Erga Omnes, Law and Contemporary Problems, 1996

25. Bergsmo, Morten (editor), Thematic Prosecution of International Sex Crimes, 2012

26. de Brouwer Anne-Marie, et al. (editor), Sexual Violence as an International Crime: Interdisciplinary Approaches, Intersentia, 2013

27. Hitesh, Raval, Tribe, Rachel, Working with Interpreters in Mental Health, 2002

28. Human Rights Council, Report of UN Special Rapporteur On Violence Against Women, 2010

29. IASC, Guidelines for Gender-Based Violence Interventions in Humanitarian Settings, Geneva 2005

30. ICTR, Best Practices Manual for the Investigation and Prosecution of Sexual Violence Crimes in Situations of Armed Conflict: Lessons from the International Criminal Tribunal for Rwanda, 2008

31. ICTR, Best Practices Manual for the Investigation and Prosecution of Sexual Violence Crimes in Post-Confl→ict Regions: Lessons Learned from the O→ffice of the Prosecutor for the International Criminal Tribunal for Rwanda, 2014

32. ICTY-UNICRI, Manual on Developed Practices, 2009

33. Inter-Agency Standing Committee (IASC), IASC Guidelines on Mental Health and Psychosocial Support in Emergency Settings, 2007

34. Isikozlu, Elvan, Millard, Ananda S., Brief 43: Towards a Typology of War Time Rape, BICC, 2010

35. No Peace Without Justice, Closing the Gap: The Role of Non-judicial Mechanisms in Addressing Impunity, 2010

36. OHCHR, Training Manual on Human Rights Monitoring, PTS number 7, 2001 and 2011

37. Population Council, Ethical Approaches to Gathering Information from Children and Adolescents in International Settings: Guidelines and Resources, 2005

38. Redress/Vahida Nainar, Litigation Strategies for Sexual Violence in Africa, 2012

39. Redress, Nairobi Declaration on Women's and Girls' Right to Remedy and Reparation, March 2007

40. Sá Couto, Susana, Investigation and Prosecution of Sexual and Gender-Based Violence by the International Criminal Court: Mandate, Good Policy, or Both? 2012

41. Save the Children, Policy Brief – Unspeakable Crimes: Changing the Law, London 2013

42. Save the Children, So You Want to Involve Children in Research: A Toolkit Supporting Children's Meaningful and Ethical Participation in Research Relating to Violence Against Children, 2004

43. Schenk, Katie, Williamson, Jan, Ethical Approaches to Gathering Information from Children and Adolescents in International Settings: Guidelines and Resources, Population Council, 2005

44. Sivakumaran, Sandesh, Sexual Violence Against Men in Armed Conflict, The European Journal of International Law, Vol. 18, 2007

45. UN Action Against Sexual Violence in Conflict, Analytical and Conceptual Framing of Conflict-Related Sexual Violence, New York, May 2011

46. UNHCR, Working with Men and Boy Survivors of Sexual and Gender-Based Violence in Forced Displacement. Guidance Note (4), 2012

47. UNICEF, Children Participating in Research, Monitoring and Evaluation (M&E): Ethics and Your Responsibilities as a Manager, 2002

48. Women's Initiatives for Gender Justice, Modes of Liability: A Review of the International Criminal Court's current Jurisprudence and Practice, 2013

49. Women's Initiatives for Gender Justice, Sexual Violence and International Criminal Law: An Analysis of the Ad Hoc Tribunal's Jurisprudence and the International Criminal Court's Elements of Crimes, 2005

ကမ္ဘာကို ပြောလိုသည်မှာ ကျွန်ုပ်တို့ ငြိမ်းချမ်းရေးလိုချင်ပါ သည်။ စစ်ပွဲများရပ်တန့်ကြပါ။

အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှု သေချာစွာ ရရှိကြရန်လိုပါ သည်။ မုဒိမ်းသမားမျ ားကို ဖမ်းဆီးရန် လိုအပ်ပါ သည်။

**Felicite** (သူမ၏ မူရင်း အမည်မဟုတ်၊ **DRC**)

# နောက်ဆက်တွဲ ၁

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အထောက်အထားအတွက် အမေးအဖြေအချက်အလက်များ : သက်သေ အထောက် အထားဆိုင်ရာ ကွာဟချက်များအား ဖြည့်တင်းရာတွင် ထောက်ကူရန်ကိရိယာ

သတိပေးချက် : သင့်စာရွက်စာတမ်းအသုံးချမှုကို စနစ်တကျစီစဉ်ရန် ဤမူဘောင်ကို အသုံးမပြုမီ အောက်ပါတို့ကို ဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်သည် :

က။ သင်သည် ဤအချက်အလက်များကို ထိရောက်မှုရှိစွာနှင့် လုံခြုံစိတ်ချမှုရှိစွာ စုဆောင်းရန် သင့်တော်သည့် ပုဂ္ဂိုလ်ဟုတ်မဟုတ် သေချာစွာ စဉ်းစားသုံးသပ်ဆင်ခြင်ပါ။

ခ။ ကိုယ်တိုင်ကြုံတွေ့ခံစားရပြီး လွတ်မြောက်လာသူ၊ သူ/သူမ၏ သတင်းအချက်အလက်၊ သူ/သူမ၏ မိသားစုနှင့် အသိုင်းအဝိုင်း၊ နှင့် အချက်အလက် ပြုစုဆောင်းသည့် အဖွဲ့တို့တွင် ကျရောက်လာနိုင်သည့် လုံခြုံရေးအန္တရာယ်များအားလုံးကို သေချာစွာ စဉ်းစားသုံးသပ်ဆင်ခြင်ပါ။

ဂ။ နောက်ဆက်တွဲ၃တွင် အကျဉ်းချုပ်ရေးသားထားသည့် အခြေခံစည်းမျဉ်းဥပဒေသများကိုလည်း စဉ်းစားသုံးသပ် ဆင်ခြင်ပါ။

## အထောက်အထားပါ အမေးအဖြေ အချက်အလက်များအား မိတ်ဆက်ခြင်း

အထောက်အထားစုစည်းကောက်ယူသည့်လုပ်ငန်းသုံးစာအုပ်(Evidence Workbook)သည် နိုင်ငံတကာ မှုခင်းများ၏ သက်သေအထောက်အထားကို စုစည်းသူများက ရင်းမြစ်အဖြစ် ထောက်ခံအကြံပြုထားသည့် ကိရိယာတစ်ခုဖြစ်သည်။ အဆိုပါ အချက်အလက်များသည် အထောက်အထားစုစည်းသူများက စွပ်စွဲ ခံထားရသော ပြစ်မှုများကို စုံစမ်းစစ်ဆေးကာ မှတ်တမ်းတင်ရာတွင် တစ်ဦးချင်း အင်တာဗျူး/ မှတ်တမ်း တင်ခြင်း အဆင့်၌ဖြစ်စေ၊ အမှု၏ ယေဘုယျစိစစ်သုံးသပ်ခြင်း အဆင့်၌ဖြစ်စေ၊ လစ်ဟာကွာဟချက်များ မရှိစေရန် ထောက်ကူပေးနိုင်ပါသည်။ ဤလုပ်ငန်းသုံးစာအုပ်တွင် ပါရှိသည့် အကြောင်းအရာများသည် Rome Statue and Elements of Crime of the International Criminal Court (ICC) တွင် စီစဉ်တင်ပြထားသည့် ပြစ်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ပြစ်မှု၏အင်္ဂါရပ်များအပေါ် အဓိကအခြေခံထားသည်။ တည်ဆောက်ပုံသည် သက်သေအထောက်အထား ပုံစံအားလုံးနှင့် သက်ဆိုင်ပြီး သက်ဆိုင်ရာ အကြောင်းအရာနှင့် လိုက်ဖက်စေရန်လည်း ပြင်ဆင်ညှိနှိုင်းနိုင်ပါသည်။ ဖွဲ့စည်းတည်ဆောက်ထားပုံဖြင့်ဆိုလျှင် ပြစ်မှုများကို မည်သည့်တရားစီရင်ပိုင်ခွင့်တွင်မဆို စုံစမ်းစစ်ဆေးရာ၌ အကြမ်းဖက်မှုများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အင်္ဂါရပ်များကို ထင်ဟပ်စေရန် ယင်းလုပ်ငန်းသုံးစာအုပ်အား ပြန်လည်ပြင်ဆင်နိုင်သည်။ ဤကိရိယာသည် အထောက်အထားစုစည်းမှုလုပ်ငန်းစဉ်၏ အချိန်တိုတိုဖြင့် ထိရောက် အကျိုးရှိမှုကို မြှင့်တင်ရန်၊ မျက်မြင်သက်သေများအား အကြိမ်ကြိမ်အခါခါ အင်တာဗျူးများ ဆောင်ရွက်ရခြင်းမှ ကာကွယ်ရန်နှင့်၊ ကွာဟချက်များအား ဖြည့်တင်းရန် နောက်တိုးသက်သေများကို စုစည်းရန်အလို့ငှာ အခင်းဖြစ်ပွားရာ နေရာသို့ ပြန်လည်သွားရောက်ရန် လိုအပ်မှုကို လျှော့ချရန် ရည်ရွယ်သည်။ လူ့အခွင့်အရေး မှတ်တမ်းတင်သူများလည်း ၎င်းတို့စုဆောင်းထားသည့် အချက်အလက်များကို စနစ်တကျ စီစဉ်ရန် – လိုအပ် ပုဂ္ဂိုလ်တစ်ဦးချင်းစီတွင် တာဝန်ရှိခြင်းထက် နိုင်ငံတော်တွင် တာဝန်ရှိခြင်း ကိုပြသလို ပြင်ဆင်ညှိနှိုင်းခြင်းနှင့် နိုင်သည့် အထောက်အထားစုဆောင်းခြင်းတို့အတွက် အဆိုပါ လုပ်ငန်းသုံးစာအုပ်ကို ကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ လုပ်ငန်းသုံးစာအုပ်၏ ဖွဲ့စည်းတည်ဆောက်ပုံအတွင်း အလုပ်လုပ်ခြင်းနှင့် အသေးစိတ် အထောက်အထားများကို တတ်နိုင်သ၍များများ ဖြည့်တင်းခြင်း အားဖြင့် လူ့အခွင့်အရေး မှတ်တမ်းတင်သူများ စုစည်းထားသည့် အထောက်အထားများကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာနိုင်မည်ဖြစ်ပြီး နောက်ဆုံးတွင် နိုင်ငံတွင်း သို့မဟုတ် နိုင်ငံတကာတွင် တရားစီရင်မှုလုပ်ငန်းစဉ် သို့မဟုတ် မျှတသည့် တရားစီရင်မှုကို ကူးပြောင်းနိုင်ရန် ကြိုးစားသည့် လုပ်ငန်းစဉ် ဖြစ်ပေါ်လာမည်။

အထောက်အထားစုစည်းကောက်ယူသည့်လုပ်ငန်းသုံးစာအုပ် (Evidence Workbook)ကို အောက်ပါအတိုင်း ၃ပိုင်း ပိုင်းထားသည်။

နောက်ဆက်တွဲ ၁

## အပိုင်း က : ဖြစ်မှုမြောက်ခြင်း အင်္ဂါရပ်များ

ဘာဖြစ်ခဲ့သလဲ(မည်သို့သော ကျူးလွန်မှုကို ကျူးလွန်ခဲ့သလဲ)?

| ဘာဖြစ်ခဲ့သနည်း? (မည်သူက၊ မည်သည်ကို၊ မည်သည့်အချိန်၊မည်သည့်နေရာတွင် အဘယ်ကြောင့်၊ မည်ကဲ့သို့နှင့် သင်မည်သို့ သိရှိကြောင်းတို့ကို တိတိကျကျနှင့် အသေးစိတ်ဖော်ပြပါ။) | ဘာဖြစ်ခဲ့သနည်းနှင့် ပတ်သက်သည့် နမူနာ မေးခွန်းများ | မည်သည်ဖြစ်ပွားခဲ့သည်ကို ဖော်ပြသည့် နမူနာအထောက်အထား/အချက်အလက် |
|---|---|---|
| ဤဖြစ်မှု၏ အင်္ဂါရပ်၁ ကို ပြေလည်စေရန် မည်သည့် အထောက်အထား/ အချက်အလက် လိုအပ်သနည်း? | အင်္ဂါရပ်၁ကိုပြေလည်စေမည့်အထောက်အထားရရှိရန် သင် မည်သည့် မေးခွန်းများကို မေးနိုင်သနည်း? | အင်္ဂါရပ်၁ကို ပြေလည်စေမည့် သင်ရရှိနိုင်သော နမူနာ အချက်အလက်မှာ အဘယ်နည်း? |
| ဤဖြစ်မှု၏ အင်္ဂါရပ်၂ကို ပြေလည်စေရန် မည်သည့် အထောက်အထား/ အချက်အလက် လိုအပ်သနည်း? | အင်္ဂါရပ်၂ကို ပြေလည်စေမည့် သင်ရရှိနိုင်သော နမူနာ အချက်အလက်မှာ အဘယ်နည်း? | အင်္ဂါရပ်၂ကို ပြေလည်စေမည့် သင်ရရှိနိုင်သော နမူနာ အချက်အလက်မှာ အဘယ်နည်း? |

## အပိုင်း ခ : ဖြစ်မှုအမျိုးအစား၏အင်္ဂါရပ် (စစ်အတွင်း ကျူးလွန်သည့် ဖြစ်မှုများ၊ လူသားချင်းစာနာ ထောက်ထားမှု မရှိသည့်အတွက် ကျူးလွန်လာသည့် ဖြစ်မှုများ သို့မဟုတ် မျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ ဖြစ်မှုများ)

မည်သည့် အခြေအနေများတွင် ဤကျူးလွန်မှုမျိုး ကျူးလွန်ခဲ့သနည်း?

| မည်သည့် အခြေအနေတွင် ဖြစ်မှု ဖြစ်ပွားခဲ့သနည်း? | ဖြစ်မှုဖြစ်ပွားခဲ့သည့် အခြေအနေကို မေးမြန်းရန် နမူနာမေးခွန်းများ | ဤကျူးလွန်မှုသည် လူသားချင်း စာနာ ထောက်ထားမှုမရှိသည့်အတွက်ကျူးလွန်သည့်ဖြစ်မှု၊ စစ်အတွင်း ကျူးလွန်သည့် ဖြစ်မှု သို့မဟုတ် မျိုးသုဉ်းသတ်ဖြတ်သည့် ဖြစ်မှုမြောက်ကြောင်း သက်သေပြ ထောက်ကူနိုင်သည့် နမူနာ အထောက်အထား/ အချက်အလက် |
|---|---|---|
| ဤဖြစ်မှုအမျိုးအစား၏ အင်္ဂါရပ်၁ကို ပြေလည်စေရန်မည်သည့်အထောက်အထား/အချက်အလက်လိုအပ်သနည်း (ဆိုလိုသည်မှာ စစ်အတွင်း ကျူးလွန်ခဲ့ သည့် ဖြစ်မှုများ၊ လူသားချင်းစာနာ ထောက်ထားမှုမရှိ၍ ကျူးလွန်သည့် ဖြစ်မှုများ သို့မဟုတ် မျိုးသုဉ်း သတ်ဖြတ်မှုများ)? | ဤဖြစ်မှုအမျိုးအစား၏ အင်္ဂါရပ်၁ကို ပြေလည်စေရန်အထောက်အထားရရှိရန် သင်မည်သည့်မေးခွန်းများကို မေးနိုင်သနည်း? | ဤဖြစ်မှုအမျိုးအစား၏ အင်္ဂါရပ်၁ကို ပြေလည်စေမည့် သင်ရရှိနိုင်သော နမူနာ အချက်အလက်မှာ အဘယ်နည်း? |

# အပိုင်း ဂ : တာဝန်ယူမှုပုံစံ

## ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံထားရသူသည် ဤပြစ်မှုကို မည်သို့ကျူးလွန်ခဲ့သနည်း?

| မည်သူသည် မည်သို့ တာဝန်ရှိ သနည်း? | မည်သူ့ထံတွင်တာဝန်ရှိကြောင်း အချက်အလက်ကို ထုတ်ယူနိုင်သည့် နမူနာမေးခွန်းများ | ဤလူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် လူပုဂ္ဂိုလ်များသည် ဤအပြုအမူဖြင့် ကျူးလွန်မှုများကို တာဝန်ရှိသူများဖြစ်ကြောင်း ကူညီ သက်သေပြနိုင်မည့် နမူနာ အထောက်အထား/အချက်အလက် |
|---|---|---|
| ဤတာဝန်ယူမှုပုံစံ၏ အင်္ဂါရပ်၁ကို ပြေလည်စေရန် မည်သည့်အထောက်အထား/အချက်အလက်လိုအပ်သနည်း (ဥပမာ အမိန့်ပေးခြင်း သို့ အထက်အဆင့်မှ တာဝန်ခံမှု)? | ဤတာဝန်ယူမှုပုံစံ၏ အင်္ဂါရပ်၁ကို ပြေလည်စေရန်အထောက်အထားရရှိရန် သင်မည်သည့် နမူနာမေးခွန်းများ ကို ထုတ်နိုင်သနည်း? | ဤတာဝန်ယူမှုပုံစံ၏ အင်္ဂါရပ်၁ကို ပြေလည်စေမည့် သင်ရရှိနိုင်သော နမူနာ အချက်အလက်မှာ အဘယ်နည်း? |

မှတ်တမ်းတင်ခြင်းလေ့ကျင့်ခန်းများ၏ အပိုင်းက၊ခနှင့်ဂတို့အတွက် အောက်ပါ ရုပ်ပုံကားချပ်များကို ဖော်ပြပါမည်။ ယင်းတို့တွင် မည်သို့ဆောင်ရွက်လျှင် အထောက်အထားစုဆောင်းရေးလုပ်ငန်းစဉ်၌ လွှမ်းခြုံမိသော အချက်အလက်ဧရိယာအားလုံးကို သိရှိသေချာစေမည်နှင့် စပ်လျဉ်းသည့် အသေးစိတ်နမူနာများ ပါဝင်သည်။

**အရေးကြီးမှတ်စု :** အဆိုပါမေးခွန်းများကို အပိုင်း၃ပိုင်းခွဲထားပြီး ယင်းတို့ကို မေးမြန်းစုံစမ်းခြင်းတွင် အသုံးပြုရန် ပုံစံတစ်ခုအဖြစ် မရည်ရွယ်ပါ။ ယင်းနည်းလမ်းဖြင့် အသုံးပြုခဲ့လျှင် စုံစမ်းမေးမြန်းခြင်းမှ မပြည့်စုံသော သို့မဟုတ် မတိကျသော အချက်အလက်များ သို့မဟုတ် ပိုမိုဆိုးရွားသော အချက်အလက် များကိုသာ ရနိုင်ဖွယ်ရှိပြီး နောက်ဆုံး သက်သေပစ္စည်းကို ပျက်စီးစေခြင်း သို့မဟုတ် မျက်မြင်သက်သေကို ထိခိုက်စေခြင်း များ ဖြစ်ပွားစေနိုင်သည်။ မျက်မြင်သက်သေများကို စုံစမ်းမေးမြန်းခြင်းရှုထောင့်အားလုံးကို လွှမ်းခြုံနိုင်သည့် ပုံစံကို မည်သူမျှ မပြင်ဆင်နိုင်ပါ။ ဤမေးခွန်းများသည် မျက်မြင်သက်သေထံမှ ရှာဖွေနေသည့် သက်သေအထောက်အထားကို ထုတ်ယူရရှိနိုင်မည့် ဖြစ်နိုင်ချေရှိသော နည်းလမ်း အနည်းငယ်ကို စီစဉ်တင်ပြထားသော ဥပမာများသာဖြစ်သည်။ စုံစမ်းမေးမြန်းသူများသည် ဤworkbookကို စုံစမ်းမေးမြန်းမှုတစ်ခုတွင် အသုံးပြုရန် ပုံစံတစ်ခုထက် လိုအပ်သည့် အချက်အလက်ဧရိယာအားလုံးကို ရရှိနိုင်ရန် ထောက်ကူသည့် လမ်းညွှန်အဖြစ် အသုံးပြုရန်၊ လေ့ကျင့်သင်တန်းပေးမှုမှတဆင့် ရရှိလာသော စုံစမ်းမေးမြန်းသည့် အရည်အချင်းများကို အသုံးချရန်နှင့် ဤProtocolတွင် တင်ပြရေးသားထားသည့် စည်းမျဉ်းဥပဒေသများကို လိုက်နာစောင့်ထိန်းရန် ပြင်းပြင်းထန်ထန် အကြံပြုထားသည်။"ပြောပြပါ၊ ရှင်းပြပါ၊ ပြန်လည်ဖော်ပြပါ"ဟူသည့် "TED"နည်းဥပဒေသကို စိတ်ထဲတွင် စွဲမြဲမှတ်သားထားခြင်းသည် အမြဲအသုံးဝင်ပါသည်။ ဤနည်းဥပဒေသသည် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုအတွက် အထောက်အထားစုဆောင်းခြင်းနှင့် သက်ဆိုင်သည့် စုံစမ်း မေးမြန်းမှုများအပါအဝင် မည်သည့် စုံစမ်းမေးမြန်းမှုတွင်မဆို အသုံးချနိုင်သည်။

တတိယကော်လံတွင် တင်ပြထားသည့် ဖြစ်ရပ်မှန်အသွင် သရုပ်ပြရေးသားထားချက်များသည် အဆိုပါ ပြစ်မှု၏ သီးသန့်အင်္ဂါရပ်ကို ထောက်ပံ့ပေးနိုင်သည့် သက်သေအထောက်အထားပုံစံအား သာဓကပြ ရေးသားထားခြင်း ဖြစ်ပါသည်။

## အပိုင်း က: ဘာဖြစ်ခဲ့သနည်း (မည်သည့်ကျူးလွန်မှုကို ကျူးလွန်ခဲ့သနည်း)?

### နှိပ်စက်ညှင်းပန်းခြင်း[၄၅]

**အင်္ဂါရပ်များ :**

၁) ကျူးလွန်သူသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များအပေါ်တွင် ပြင်းထန်သည့် ရုပ်ပိုင်း ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားရမှု သို့မဟုတ် ထိခိုက်နစ်နာမှု ဖြစ်စေခြင်း။

၄၅ အချို့နိုင်ငံတွင်းတရားစီရင်ပိုင်ခွင့်များတွင် ညှင်းပန်းနှိပ်စက်မှုသည် သီးသန့်ပြစ်မှုတစ်ခုအဖြစ် တရားစွဲခံရနိုင်သည် (ဆိုလိုသည်မှာ စစ်အတွင်း ကျူးလွန်သောပြစ်မှုများ ခေါင်းစဉ်တစ်ခုတည်းအောက်တွင်သာမက) အဆိုပါ တရားစီရင်မှုနယ်ပယ်ရှိ လက်တွေ့ဆောင်ရွက်သူများအနေဖြင့် မိမိတို့ ရှာဖွေနေသည့် အင်္ဂါရပ်များ ပြည့်စုံစေရန် အလို့ငှာ အသုံးပြုနိုင်သည့် ပြည်တွင်းပြဋ္ဌာန်းချက်များနှင့် လိုက်ဖက်မှုရှိစေရန် လုပ်ဆောင်ရပါမည်။

၂) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များသည် ကျူးလွန်သူ၏ ထိန်းသိမ်းစောင့်ရှောက်မှုခံရခြင်း သို့မဟုတ် ကျူးလွန်သူ၏ ထိန်းချုပ်မှုကို ခံရခြင်း။

၃) အဆိုပါ နာကျင်ခံစားရမှု သို့မဟုတ် ထိခိုက်နစ်နာမှုသည် ဥပဒေက တရားဝင်ခွင့်ပြုချက်များကို အရင်းခံဖြစ်ပေါ်လာခြင်းသာ မဟုတ်၊ မွေးရာပါ ခံစားလာရခြင်းမဟုတ် သို့မဟုတ် မတော်တဆ ဖြစ်ပွားခြင်းမဟုတ်ခြင်း။

၄) ကျူးလွန်သူသည် သတင်း အချက်အလက် သို့မဟုတ် ဝန်ခံချက် ရရှိခြင်း သို့မဟုတ် အပြစ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြပ်ကိုင်ခြင်း သို့မဟုတ် မည်သည့်ခွဲခြားဆက်ဆံမှုအပေါ် အခြေခံသည့် အကြောင်းပြချက်တစ်ခုအတွက် (စစ်အတွင်း ကျူးလွန်သော ပြစ်မှုအဖြစ် သတ်မှတ်နိုင်သည့် နှိပ်စက်ညှင်းပန်း မှုမျိုးသာ အကျုံးဝင်သည်) စသည့် ရည်ရွယ်ချက်များအတွက် နာကျင်ခံစားရမှု သို့မဟုတ် ထိခိုက်နစ်နာမှုကို ခံစားရစေခြင်း။

| ဘာဖြစ်ခဲ့သနည်း? (ညှင်းပန်းနှိပ်စက်မှုကျူးလွန်ခဲ့သခဲ့သည် ဟူ သော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| ပြစ်မှုကျူးလွန်သူသည်လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက် သို့မဟုတ် လူပုဂ္ဂိုလ်များ အပေါ်တွင် ပြင်းထန်သော ရုပ်ပိုင်း ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်မှု သို့မဟုတ် ထိခိုက်ခံစားရမှု ဖြစ်စေကြောင်းကို မည်သည့်အချက်က သက်သေပြထောက်ကူသနည်း (ပထမ အင်္ဂါရပ်)? | ဘာဖြစ်ခဲ့သလဲဆိုတာကို ကျေးဇူးပြု ပြီး တိတိကျကျ ပြောပြပေးနိုင်မည် လား?သင့်ကိုမည်သို့မည်ပုံကျူးလွန် ခဲ့သည်နှင့် ပတ်သက်၍ ကျေးဇူးပြု၍ အသေးစိတ်ပြောပြပေးနိုင်မလား? သင်ပြောခဲ့သလိုပင် ကြမ်းပေါ်တွင် ပုံထားသည့် အဂတ်စုတ်ပုံထဲသို့ ပစ် တွန်းလိုက်ပြီး ထို့နောက်ကိုလည်း ယင်းကဲ့သို့ ကျေးဇူးပြု၍ တိတိကျကျပြောပြနိုင်မည်လား? | **ထွက်ဆိုချက်**[၉၆]**:** "ကျွန်မကိုအခန်း ထောင့်ဘက် အထိ တရွတ်တိုက်ဆွဲခေါ်သွားပြီး ကြမ်းပေါ်မှာ ပုံထားတဲ့ အဂတ်စုတ်ပထုံ ကို ခပ်ကြမ်းကြမ်း တွန်းချလိုက်ပါတယ်။ အဲ့ဒီအချိန်မှာ ဘာဆက် ဖြစ်တော့မလဲဆိုတာကို သိနေတဲ့အတွက် ကျွန်မ အရမ်းကို ကြောက်ရွံ့ တုန်လှုပ်နေခဲ့ပါတယ်။ ကျွန်မကိုယ်ဝန်ဟာ လေးလပဲရှိသေးတဲ့ အတွက် ကလေးကိုဆုံးရှုံးရမှာ အရမ်းကြောက် ရွံ့ မိပါတယ်။ အရမ်းကြောက်လို့ တုန်ယင်လာ ပြီး စတင်အန်ခဲ့ပါတယ်။ အန်နေတဲ့ ကျွန်မကို အန်တာ ရပ်သွားအောင် ကျွန်မမျက်နှာဆီ အဲ့ဒီ အဂတ်စုတ်တွေနဲ့ ပစ်ပါတယ်။ ခါးလောက် ကနေစပြီး ကျွန်မရဲ့အဂတ်တွေကိုချွတ်ပါတယ်။ သူ့ဘက်လှည့်ဖို့အတွက် ကျွန်မကိုခြေထောက် နဲ့ကန်လိုက်ပါတယ်။ သူ့ရဲ့အမျိုးသားအင်္ဂါကို ထုတ်ပြီး ကျွန်မရဲ့စအိုထဲကို ထည့်ပါတယ်။ မခံမရပ်နိုင်လောက်အောင် နာကျင်ပြီး ဗိုက်ထဲမှာ အစာမရှိတော့ပေမယ့် လည်ချောင်းမှာဆို့ပြီး ပျို့အန်နေတာက ရပ်မသွားပါဘူး။ ဘုရားသခင်က ကျွန်မရဲ့ကလေးကို စောင့်ရှောက်ခဲ့လို့ပဲ ကလေးအသက်ရှင် လွတ်မြောက်ခဲ့ပါတယ်"[၉၇] |

၉၆ အချို့သော Evidence Workbook တွင် သက်သေအထောက်အထားသုံးမျိုးကို ဥပမာအနေဖြင့် ဖော်ပြ ထားပြီး ကဏ္ဍအားလုံးတွင် မပါဝင်ပါ။ ပြစ်မှုတိုင်းအတွက် အင်္ဂါရပ်တစ်ခုစီကို သက်သေပြရမည်ဖြစ်ပြီး ယင်းတို့တွင် သက်သေခံချက်၊ အမှတ်အသားသက်သေခံချက်နှင့် ဓာတ်ပုံ / ဗီဒီယိုသက်သေခံချက်တို့ ဖြစ်နိုင်ပါသည်။ သက်သေအထောက်အထားများလေ ခိုင်လုံလေဖြစ်ပြီး အမှတ်အသား သက်သေခံချက် (သို့) ဓာတ်ပုံ / ဗီဒီယိုသက်သေခံချက် မရှိခြင်း (သို့) ခိုင်မာစေသော သက်သေခံချက်မရှိခြင်းသည် ချိုးဖောက်မှု တစ်ခုခုပြုလုပ်ခြင်း (သို့) ပြစ်မှုကျူးလွန်ခြင်းအတွက် စွပ်စွဲရန် အခြေခံအချက်အဖြစ် သတ်မှတ်ရန် အလို့ငှာ ထိခိုက်နစ်နာသူ (သို့) မျက်မြင်သက်သေ၏ သက်သေခံချက်သည် လုံလောက်မှု မရှိဟူသည့် အဓိပ္ပါယ် မသက်ရောက်ပါ။ အမှန်တကယ်အားဖြင့် တခါတရံတွင် သက်သေခံချက်သည် လိင်အကြမ်းဖက်မှုတွင် ရနိုင်သော တစ်ခုတည်းသော သက်သေဖြစ်နိုင်ပြီး လိင်အကြမ်းဖက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပြစ်မှုများ တွင် (ပြစ်မှုထင်ရှားစီရင်ခြင်းပါဝင်ပြီး) ထိခိုက်နစ်နာသူများ (သို့) မျက်မြင်သက်သေများ၏ သက်သေခံချက် များကိုသာ အမှီပြုကာဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် အထွေထွေလုပ်ထုံးလုပ်နည်း နှင့် သက်သေခံချက်အရ လိင်အကြမ်းဖက်မှုအတွက် ထိခိုက်နစ်နာသူ၏ သက်သေခံချက်အတည်ပြုမှု မလိုအပ်ပါ။ သို့သော် တခါတရံတွင် အတည်ပြုချက်သက်သေကို သက်ဆိုင်ရာ နိုင်ငံ၏ ပြည်တွင်းဥပဒေအရ လိုအပ်ပါသည်။ စုံစမ်းစစ်ဆေးသူများအနေဖြင့် ထိုကဲ့သို့သော သက်သေခံချက် အမျိုးမျိုးရှိသည်ကို သိရှိရမည်ဖြစ်ကာ ဖြစ်နိုင်လျှင် အတည်ပြုချက်ရယူပြီး ပြည်တွင်းတွင် တရားစွဲဆိုနိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ကာ အမှုအများစုသည် တရားစွဲဆိုသင့်သောအမှုများဖြစ်ပါသည်။ သို့သော် သက်သေ၏ ခိုင်မာအားကောင်းမှုကို အမှတ်အသားသက်သေခံချက်၊ ဓာတ်ပုံ / ဗီဒီယိုသက်သေခံချက် မရှိခြင်း (သို့) ချိုးဖောက်မှုကို အတည်ပြုသည့် မျက်မြင်သက်သေ၏ သက်သေခံချက်မရှိခြင်းအပေါ်တွင်သာ အခြေခံကာ ဆုံးဖြတ်ချက်ချခြင်းကို ရှောင်ရှားရန် အကြံပြုပါသည်။

၉၇ သက်သေခံချက် ဥပမာများသည် တူညီသော သက်သေတစ်ဦးတည်းထံမှ တူညီသော ပြစ်မှုအင်္ဂါရပ်များထံမှ မဟုတ်ပါ။ ရည်ရွယ်သည်မှာ စာဖတ်သူအနေဖြင့် အင်္ဂါရပ်တစ်ခုခုကို ပြည့်စုံစေရန် ဖြည့်ဆည်းပေးမည့် ဖြစ်နိုင်ရနိုင်သော အချက်အလက်များနှင့် စပ်လျဉ်းပြီး တတ်နိုင်သမျှများများ သိရှိနိုင်ရန် ဖော်ပြပေးခြင်းဖြစ် ပါသည်။

| ဘာဖြစ်ခဲ့သနည်း? (ညှင်းပန်းနှိပ်စက်မှုကျူးလွန်ခဲ့သည် ဟူ သော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
| --- | --- | --- |
| | | **အခြားထွက်ဆိုချက် :** "ကျွန်မတို့ကို နေ့တိုင်း ဂင်းထဲမှာစုခိုင်းပါတယ်။ အဲ့ဒီနောက်မိန်းကလေး တစ်ယောက်ကို မရွေးခင် တပ်မှူးက ကျွန်မတို့ကို ကြည့်ရင်း၊ လှမ်းဆွဲရင်းနဲ့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပါတယ်။ ဒီနေ့ ဒီမိန်းကလေးရဲ့အလှည့်ဖြစ်ပေမယ့် နောက်နေ့မှာ ကျွန်မတို့ ဖြစ်နိုင်တယ်လို့ သူမက ပြောပါတယ်။ သူမရွေးချယ်ခဲ့တဲ့ မိန်းကလေး ကို အဝတ်တွေအားလုံးချွတ်ခိုင်းပြီး မြေကြီးပေါ် တွန်းပစ်ပါတယ်။ ပြီးရင် အားလုံးရှေ့မှာ အဲ့ဒီ့ မိန်းကလေးကို စစ်သားတွေက အကြမ်းဖက် စေပါတယ်။ ကျွန်မတို့ ကျန်တဲ့လူတွေက မကြည့်ရင်ဖြစ်စေ၊ မျက်နှာတစ်ဖက်လှည့်ရင် ဖြစ်စေ၊ အစောင့်တွေက ကျွန်မတို့ကို ပါးရိုက် ရင်ရိုက်၊ ဒါမှမဟုတ် ရိုက်နှက်တာမျိုး လုပ်ပါတယ်" [၄၈]<br>**အခြားထွက်ဆိုချက် :** "နေ့တိုင်း ကျွန်တော့်ကို ဒုတိယထပ် က အခန်းထဲကို စစ်မေးဖို့ ခေါ်သွားပါတယ်။ နံရံဘက်ကို မျက်နှာမူပြီး ခုံပေါ်မှာ ကြိုးနဲ့တုပ်ပါတယ်။ အဲဒီနောက် ကျွန်တော့်ရဲ့ အမျိုးသားအင်္ဂါနဲ့ မျိုးပွားအင်္ဂါကြားကိုလည်း ကြိုးနှင့်ချည်ပါတယ်။ အဲဒီကြိုးရဲ့ တခြားတစ်ဖက်ကိုတော့ တံခါးလက်ကိုင်ဘုမှာ ချည်ပါတယ်။ ကျွန်တော်ဖြေတဲ့ အဖြေကို သဘောမကျရင် တံခါးကို အားနဲ့တွန်းပိတ်ပါတယ်။ ကျွန်တော် အရမ်းနာကျင်ခံစားရပေမယ့်လည်း စောဒက တက်ရင်ပဲဖြစ်ဖြစ်၊ မျက်နှာမှာ အမူအရာ နည်းနည်းလေးပြောင်းသွားရင် ဖြစ်ဖြစ်၊ ကြိုးကို ခပ်တင်းတင်းဆွဲရင်ဆွဲ၊ ဒါမှမဟုတ်ရင် ကျွန်တော့်ရဲ့ အမျိုးသားအင်္ဂါကိုကန်ကြပါလိမ့်မယ်။ တစ်ရက်မှာတော့ ကြိုးတစ်ဖက်၏ အစွန်းကို ဘီလိပ်မြေတုံးမှာ ချည်ပြီး ပြတင်းပေါက်ကနေ အဲဒီဘီလပ်မြေတုံးကို ပစ်ချမယ်လို့ ခြိမ်းခြောက်ဖူးပါတယ်။ အလေးချိန်က ကျွန်တော့်ရဲ့ အမျိုးသားအင်္ဂါ ပြတ်ထွက်ဖို့ လုံလောက် မလောက် ဒါမှမဟုတ် သွေးထွက်လွန်မှုနဲ့ ကျွန်တော် သေ မသေ ကို အလောင်းအစားတောင် လုပ်နေကြပါသေးတယ် အပူပေးထားတဲ့ ဓားနဲ့ ကပ်ပြီး သူတို့လိုချင်တဲ့အတိုင်း မပြောပြရင် 'အမျိုးသမီးအဖြစ် ပြောင်းပစ်မယ်' လို့လည်း ခြိမ်းခြောက်ခဲ့ ပါတယ်"<br>မှတ်တမ်း : ကိုယ်တိုင်တွေ့ကြုံခံစားပြီးလွတ်မြောက်လာသူများအား ကူညီရန် အတူယှဉ်တွဲ အလုပ်လုပ်သည့် ဆေးဘက်ဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာ ပညာသည်များအကြား ညှိနှိုင်း ဆောင်ရွက်မှု ကောင်းမွန်စေခြင်းအတွက် လေ့ |

၄၈ အဓမ္မပြုကျင့်ခြင်း (သို့) လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းကို ကြည့်ရှုရန် မျက်မြင်သက်သေအဖြစ် အဓမ္မ ဖိအားပေးခံရခြင်းသည် မိမိကို ဖိစီးနှိပ်စက်မည့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် လူအများရှေ့တွင် လိင်ပိုင်းဆိုင်ရာ အပြုအမူဆောင်ရွက်ရန် အဓမ္မ ဖိအားပေးခံရခြင်း (လုံခြုံရေးဂန်ထမ်းများရှေ့ တွင် အကျဉ်းသားနှစ်ဦးအား တစ်ဦး၏ လိင်အင်္ဂါကို တစ်ဦးက စုပ်ပေးရန် အဓမ္မ ဖိအားပေးခြင်း (သို့) လိင်ပိုင်း ဆိုင်ရာ စော်ကားခြင်းတို့သည် ညှင်းပမ်းနှိပ်စက်မှုတွင် ပါဝင်ပါသည်။

နောက်ဆက်တွဲ ၁

| ဘာဖြစ်ခဲ့သနည်း? (ညှင်းပန်းနှိပ်စက်မှုကျူးလွန်ခဲ့သည် ဟူ သော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| | | ကျင့်သင်ကြားထားသည့်ဆရာဝန်များကိုယ်တိုင် ပြင်ဆင်ထားသော ဆေးမှတ်တမ်းများကို သင့်အား မျက်မြင်သက်သေက ပေးသည်။ အဆိုပါ ဆေးမှတ်တမ်းများသည် မျက်မြင်သက်သေက ဖော်ပြထွက်ဆိုခဲ့သည့် အမှုအခင်းများ ဖြစ်ပွား ပြီး နောက်တနေ့တွင် သူမ၏ ဆေးဘက်ဆိုင် ရာအခြေအနေနှင့် ဒဏ်ရာ အနာတရဖြစ်စေခဲ့သည်ဟု သူမကိုယ်တိုင် အစီရင်ခံတင်ပြထား သည့်အချက်အလက်တို့ကို အသေးစိတ်ဖော်ပြ ထားသည်။ ဆေးပညာပိုင်းဆိုင်ရာ အစီရင်ခံစာ များတွင် ဖော်ပြထားသည်မှာ အခြားထိခိုက်ဒဏ်ရာများလည်းရှိပြီး နံရိုးများ ကျိုးခြင်း၊ ခန္ဓာကိုယ်ဘေးဘက်များတွင် ပွန်းပဲ့ဒဏ်ရာများရှိရခြင်းနှင့် စအိုအနားသားတွင် ပေါက်ပြဲဒဏ်ရာ များရှိခြင်းတို့ပါဝင်သည်။<br>**ဓာတ်ပုံ/ဗွီဒီယို :** မျက်မြင်သက်သေသည် သင့်အား ဒဏ်ရာအနာတရများ၏ ဓာတ်ပုံများ ကိုပေးအပ်သည်။<br>**ရုပ်ပိုင်းဆိုင်ရာ :** အခင်း ဖြစ်ပွားရာနေရာကို ထိတွေ့လေ့လာနိုင်သည်။ အခင်းဖြစ်ပွားရာနေရာ၏ ဓာတ်ပုံများကို ဂရုတ စိုက်ဖြင့် ရယူနိုင်သည်။ လုပ်ပိုင်ခွင့်ရှိပြီး အရည် အချင်းများနှင့် နည်းလမ်းများရှိလျှင် ကျန်ရှိနေသေးသည့်အဂတ်အပိုင်းအစများကိုပါစုဆောင်း နိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ သက်သေအထောက် အထားများနှင့် ဆက်စပ်လျက်ရှိသောမှတ်တမ်း များပြင်ဆင်ကာ အဆိုပါ အထောက်အထားများ ကို လုံခြုံစွာ ထိန်းသိမ်းထားပြီး အနာဂတ်တွင် ဖြစ်ပွားနိုင်သည့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းတွင် သင့်လျော်စွာ အသုံးပြုနိုင်သည်။[၄၉] |
| မည်သည့်အချက်များက အဆိုပါပုဂ္ဂိုလ် (သို့မဟုတ်ပုဂ္ဂိုလ်များ) သည်ကျူးလွန် သူ၏ ထိန်းချုပ်မှုအောက် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင် ရှိသည်ဟု သက်သေပြလျက်ရှိသနည်း (ညှင်းပန်းနှိပ်စက်မှု၏ ဒုတိယ အင်္ဂါရပ်) | မည်သည့် အခြေအနေများကြောင့် ထိုနေရာသို့သင်ခေါ်ဆောင်သွားခံရသနည်း? ကျူးလွန်သူများမှာ မည်သူများ ဖြစ်သနည်း? အခင်းဖြစ်ပွားစဉ် အခန်းထဲတွင် အခြားမည်သူရှိသည်ကို ပြောပြနိုင်မည်လား? သင့်ကို ကျူးလွနခဲ့သူသည် လက်ထဲတွင် ကိုင်ဆောင်ထားသည့်အရာရှိလျှင် ဖော်ပြပေးနိုင်မည်လား? ကျူးလွန်သူက ဘာပြောခဲ့သလဲ? ထိုနေရာတွင် အခြားမည်သူရဖို့ နခဲ့သလဲ? ရှိနေသူများက မည်သည်ကို ကိုင်ဆောင်ထားခဲ့သလဲ? မည်သို့ ဂတ်စားဆင်ယင်ထားခဲ့သလဲ? ထိုသူများက သင့်အား ဘာပြောခဲ့သလဲ? ထိုနေရာမှ သင်ထွက်ခွာနိုင်ခဲ့သလား? အဘယ်ကြောင့် ထွက်ခွာနိုင်ခဲ့သနည်း သို့မဟုတ် အဘယ်ကြောင့် မထွက်ခွာနိုင်ခဲ့သနည်း? | **ထွက်ဆိုချက် :** "ဘာကြောင့် အော်သံ ထွက်သလဲဆိုတာကို လာကြည့်တဲ့ လူတိုင်းကို တွန်းထုတ်ဖို့အတွကက် တံခါးနားမှာ ရပ်နေတဲ့ သူငယ်ချင်း အစောင့်တစ်ဦးနှင့်အတူ ရှိနေခဲ့ပါတယ်။ အဲဒီပုဂိုလ် နှစ်ယောက်လုံးဟာ လက်နက်ကိုင်တွေဖြစ်ပြီး ကျွန်မကို အကြမ်းဖက် စော်ကားခဲ့တဲ့လူဟာ အကြမ်းဖက်နေစဉ်သူ၏ လက်နက်ကို အဝတ်ဟောင်းပုံပေါ်တင်ထားခဲ့ပါတယ်။ အဲဒီ့လူကပဲ ကျွန်မသာ ထွက်ပြေးဖို့ ကြိုးစားမယ်ဆိုရင် ကျွန်မကလေးသေဆုံးတဲ့အထိ ကျွန်မကို ရိုက်နက်မယ်လို့ပြောပါတယ်။ ကျွန်မကို အကြိမ်းဖက်စော်ကားနေတာဟာ ကျွန်မရဲ့ လူမှုအသိုင်းအဝိုင်းမှာရှိတဲ့ အမျိုးသားတွေကို ဒီဇရိယာကသာ ထွက်ခွာမသွားရင် ဘာတွေ မျှော်လင့်နိုင်ကြောင်း ပြသလိမ့်မယ်လို့လည်း ပြောပါတယ်။" |

၄၉ လက်တွေ့ဆောင်ရွက်သူများအနေဖြင့် လုပ်ပိုင်ခွင့်အာဏာမရှိပဲ ရုပ်ပိုင်းဆိုင်ရာ သက်သေရယူစုဆောင်းခြင်း ကို ယေဘုယျအားဖြင့် အကြံမပြုလိုပါ။ အခွင့်အာဏာရှိလျှင်တောင်မှ ရုပ်ပိုင်းဆိုင်ရာ သက်သေရယူ စုဆောင်းခြင်းနှင့် သိမ်း ဆည်းခြင်းတွင် အတွေ့အကြုံမရှိလျှင် အဆိုပါ သက်သေစုဆောင်းမှုကို အားမပေးပါ။ အလွန်ရှားပါးသည့် အခြေအနေမျိုးတွင် - ဥပမာ - အခြားသော ရုပ်ပိုင်းဆိုင်ရာ သက်သေကို ရယူစုဆောင်းနိုင် ချေမရှိလျှင်၊ သက်သေကို ဖျက်လိုဖျက်ဆီးပြုလုပ်မည်ဟု အခိုင်အမာကြောက်ရွံ့နေလျှင် လက်တွေ့ လုပ်ဆောင်သူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ သက်သေကို စုဆောင်းရန် ဆုံးဖြတ်ကောင်း ဆုံးဖြတ်ရနိုင်ပါသည်။ ထိုကဲ့သို့သော အမှုမျိုးတွင် အဆိုပါ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများကို ရုပ်ပိုင်း ဆိုင်ရာ သက်သေ ရယူစုဆောင်းရာတွင် Protocol တွင် ချမှတ်ထားသည့် လမ်းညွှန်ချက်များကို လိုက်နာရန်၊ ပြဋ္ဌန်းချက်များကို ကျော်လွန်ကာ လေ့လာသုံးသပ်ရန်နှင့် အဆိုပါသက်သေလုံခြုံမှု ရှိစေရန် တိုက်တွန်းပြောဆိုရပါမည်။

# နောက်ဆက်တွဲများ



| ဘာဖြစ်ခဲ့သနည်း? (ညှင်းပန်းနှိပ်စက်မှုကျူးလွန်ခဲ့သည် ဟူ သော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| အဆိုပါ နာကျင်ခံစားရမှု သို့မဟုတ် ထိခိုက်နစ်နာမှုသည် ဥပဒေက တရားဝင်ခွင့်ပြုချက်များကို အရင်းခံဖြစ်ပေါ်လာခြင်းသာမဟုတ်၊ မွေးရာပါခံစား လာရခြင်းမဟုတ် သို့မဟုတ် မတော် တဆ ဖြစ်ပွားခြင်း မဟုတ်ကြောင်းကို မည်သည့် အချက်များက ကူညီသက် သေ ပြလျက်ရှိသနည်း (ညှင်းပန်း နှိပ်စက်မှု၏ တတိယအင်္ဂါရပ်)? | မည်သည့် အခြေအနေများကြောင့် ထိုနေရာသို့ သင် ခေါ်ဆောင်သွားခံရသနည်း? ကျူးလွန်သူများမှာ မည်သူများ ဖြစ်သနည်း? မည်သည့် အဖွဲ့ / အခွင့်အာဏာပိုင်အဖွဲ့အစည်းနှင့် သက်ဆိုင်သူများဖြစ်သနည်းနှင့် ယင်းကို သင်မည်သို့သိရှိသနည်း? [၅၀] သင်သည်အဘယ်ကြောင့်ခေါ်ဆောင်လာခြင်းခံရကြောင်းနှင့် နှိပ်စက်ခံရကြောင်းကို သင့်အား ရှင်းပြကြပါသလား? | **ထွက်ဆိုချက် :** "ကျွန်မတို့ရွာကို ဂင်ရောက်တိုက်ခိုက်မှုရှိခဲ့ပြီး အမျိုးသား အားလုံးကို စုပြီး ခေါ်သွားခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ သူတို့ကို ဘယ်ခေါ်သွား သလဲမသိခဲ့ပေမယ့် နောက်ပိုင်းမှာ ပြန် ကြားရတာကတော့ ခေါ်ဆောင်သွားခံရတဲ့ အမျိုးသား အများစုကို ပစ်သတ်ပြီး မြစ်ထဲပစ်ချလိုက်တယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေနဲ့ ဆယ်ကျော်သက် မိန်းကလေးတွေကိုတော့ ကျောင်းထဲ ခေါ်ဆောင်သွားပြီး ရက်သတ္တပတ်ပေါင်းများစွာ လက်နက်ကိုင်တွေနဲ့ ထိန်းသိမ်း ခံထားခဲ့ရပါတယ်။ သက်ကြီးရွယ်အိုတွေ နဲ့ အခြားကလေးငယ်တွေကိုတော့ သူတို့ရဲ့အိမ်တွေမှာ ထားရင်ထား ဒါမှမဟုတ် အမျိုးသမီးတွေနဲ့ ဆယ်ကျော်သက်မိန်းမငယ်လေးတွေကို ထိန်းသိမ်းထားတဲ့ ကျောင်းထဲမှာ ထားပါတယ်။ အဲ့ဒီကျောင်းက ကျွန်မ ပြောပြခဲ့တဲ့ အဖြစ်အပျက်တွေ ဖြစ်ပွားခဲ့တဲ့ ကျောင်းပဲဖြစ်ပါတယ်။" |

## မုဒိမ်းကျင့်ခြင်း

### အင်္ဂါရပ်

၁) ထိခိုက်နစ်နာခံစားရသူ၏[၅၁] မည်သည့်ခန္ဓာကိုယ် အစိတ်အပိုင်းအား သို့မဟုတ် ကျူးလွန်သူ၏ လိင်အင်္ဂါဖြင့် သို့မဟုတ် ထိခိုက်နစ်နာခံစားရသူ၏ စအို သို့မဟုတ် အမျိုးသမီး ကိုယ်အင်္ဂါ အနည်းငယ်ကိုဖြစ်စေ ကျူးလွန်သူသည် ၎င်း၏ မည်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းဖြင့်ဖြစ်စေ၊ အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ ထိုးသွင်းမှုပြုလုပ်သည့် အမှုအရာဖြင့် လူပုဂ္ဂိုလ်တစ်ဦး၏ ခန္ဓာကိုယ်ကို ကျူးလွန်ခဲ့ခြင်း။

၄) ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအား တွန်းအားပေးခြင်းဖြင့်၊ အကြမ်းဖက်မှု၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အကျဉ်းချခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ချုပ်ချယ်ခြင်း သို့မဟုတ် အခွင့်အာဏာအလွဲသုံးစားလုပ်ခြင်းကဲ့သို့သော တွန်းအားပေးကာ သို့မဟုတ် အကြပ်ကိုင်ကာ ခြိမ်းခြောက်ခြင်းဖြင့်၊ သို့မဟုတ် အကြပ်ကိုင်သည့် ပတ်ဝန်းကျင်မှ အမြတ်ထုတ်ခြင်းဖြင့် ကျူးလွန်မှုကို ကျူးလွန်ခဲ့ခြင်း သို့မဟုတ် အမှန်တကယ်သဘောတူညီမှု ရရှိရန် ဆောင်ရွက်ပေးနိုင်သည့်လူအပေါ် ကျူးလွန်ခဲ့ခြင်း။

၅၀ ဤ Workbook တွင် ထည့်သွင်းထားသော မေးခွန်းနမူနာများသည် တွေ့ဆုံမေးမြန်းချိန်တွင် မေးမြန်းထားသော မေးခွန်းများဖြစ်သည်ဟု မှတ်ယူထားပါသည်။

၅၁ ရောမစည်းမျဉ်းဥပဒေ၏ ပြစ်မှုအင်္ဂါရပ်များအနေဖြင့် 'ကျူးကျော်မှု' ဟူသည့်သဘောတရားသည် ကျားမဘက် မလိုက်မှုအထိ ကျယ်ပြန့်ရန် ရည်ရွယ်ပါသည်။

| ဘာဖြစ်ခဲ့သနည်း? (မုဒိမ်းကျင့်ခံခဲ့ရသည်ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
| --- | --- | --- |
| ထိခိုက်နစ်နာခံစားရသူ၏ မည်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအားသို့မဟုတ် ကျူးလွန်သူ၏ လိင်အင်္ဂါဖြင့် သို့မဟုတ် ထိခိုက်နစ်နာခံစားရသူ၏စအို သို့မ ဟုတ် အမျိုးသမီးကိုယ်အင်္ဂါ အနည်းငယ်ကိုဖြစ်စေ ကျူးလွန်သူသည် ၎င်း၏ မည်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းဖြင့် ဖြစ်စေ၊ အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ ထိုးသွင်းမှုပြုလုပ်သည့် အမှုအရာဖြင့် လူပုဂ္ဂိုလ်တစ်ဦး၏ ခန္ဓာကိုယ်ကို ကျူး လွန်ခဲ့သည်ဟု မည်သည့် အချက်များ က ကူညီသက်သေပြလျက်ရှိသနည်း (မုဒိမ်းကျင့်မှု၏ ပထမအင်္ဂါရပ်)?[၅၂] | ဖြစ်နိုင်လျှင်၊ သင့်အတွက်လည်း သိပ် မခက်ခဲလျှင် သင့်အား မည်သို့ ကျူး လွန်ခဲ့သ ည်ကို ကျေးဇူးပြု၍ ဖော်ပြ ထွက်ဆိုရန် ကြိုးစားပေးနိုင် မည် လား? လွယ်မည်မဟုတ်သည်ကိုသ ဘောပေါက်နားလည်ပါသည်။ အချိန်ယူကာပြောပြနိုင်ပါသည်။ (သူမအား ၎င်းတို့ကတစ်ယောက်ပြီး တစ်ယောက် "မုဒိမ်းကျင့်ခဲ့သ ည်"ဟု ထွက်ဆိုခဲ့လျှင် သို့မဟုတ် မုဒိမ်းကျင့်သည်ကို ဆိုလိုသည့် ဗန်းစကား တစ်မျိုးမျိုး သို့ အများနားလည် သဘောပေါက်ကာ သုံးနှုန်းသည့် ဝေါဟာရကို သုံးနှုန်းခဲ့လျှင် အဆိုပါ ထိုးသွင်းမှုအကြောင်း မှန်ကန်သော ထွက်ဆိုချက်ရရှိရန် ဆက်လက် ဆောင်ရွက်ရပါမည်။) သင့်အား ၎င်း တို့က မုဒိမ်းကျင့်ခဲ့သည်ဟု ထွက်ဆို သည့်အခါ မုဒိမ်းကျင့်နေစဉ် မည်သို့ ပြုလုပ်ခဲ့သည်ကို ကျေးဇူးပြု၍ တိတိ ကျကျ ပြောပြနိုင်မလား? ဘာကို အသုံးပြုခဲ့ပြီး သင့်ခန္ဓာကိုယ်၏ မည်သည့်အပိုင်းကို နာကျင်ခံစားစေ ခဲ့သလဲ? | **ထွက်ဆိုချက် :** "အဲ့ဒီလူဟာ ကျွန်မကို ဒူးထောက်ဖို့ တွန်းအားပေးခဲ့ပြီး သူ့ရဲ့ အမျိုးသားအင်္ဂါကို လျက်ဖို့အတွက် ညွှန်ကြားခဲ့ပါတယ်။ အမျိုးသားအင်္ဂါကို ကျွန်မရဲ့ ပါးစပ်ထဲကို အလွန်အကျွံထည့် ခဲ့တဲ့အတွက် ကျွန်မပျို့အန်ခဲ့ပါတယ်။ ကျွန်မတစ်ချက်ပျို့အန်တိုင်း ကျွန်မကို ပါးရိုက်ခဲ့ပါတယ်။" **အခြားထွက်ဆိုချက်:** "အဲ့ဒီလူတွေ ကျွန်တော်တို့ ရွာကို ရောက်လာတဲ့အခါ ကျွန်တော်တို့မိသားစုကိုအိမ်နောက်ဖက် ထမင်းချက်တဲ့နေရာမှာ စုခိုင်းပါတယ်။ ကျွန်တော့အမေကို ကြမ်းပြင်ပေါ် လဲကျ သွားတဲ့အထိ သေနတ်ဒင်တွေနဲ့ အမေ ရဲ့ခေါင်းနဲ့ ပခုံးကို ရိုက်နက်ပါတယ်။ ညီမတွေကိုလည်း အဲ့ဒီလိုပဲ ရိုက်နက်ပါ တယ်။ အဲ့ဒီနောက် ကျွန်တော်နဲ့ ကျွန်တော့အဖေကို ဖမ်းချုပ်ပြီး အဝတ် တွေချွတ်ဖို့၊အဲ့ဒီနောက်မှာ ကျွန်တော်က အမေ့ပေါ်၊ အဖေက ညီမအပေါ် လှဲနေဖို့ ပြောပါတယ်။ ကျန်တဲ့ကလေးတွေက ကျွန်တော်တို့ကို မတ်တပ်ရပ်ကြည့်ရင်း နဲ့ငိုနေကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ အနောက်မှာ ရပ်ပြီး၊ လည်ပင်းနောက်ကို သေနတ်နဲ့ ချိန်ပြီး ကျွန်တော်တို့ဟာ တကယ့် ယောက်ျား အစစ်တွေ ဖြစ်ကြောင်းနဲ့ သူတို့နဲ့ရန်သူတွေ မဟုတ်ကြောင်းကို လိင် ဆက်ဆံခြင်းနဲ့ သက်သေပြရမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့အားလုံး ငိုယိုပြီး အသနားခံတောင်းပန်ခဲ့ကြပေမယ့် သူတို့ခိုင်းတာကို ငြင်းဆန်တိုင်း ရိုက် နက်ပြီး သူတို့ခိုင်းတဲ့အတိုင်း မလုပ်ရင် ကျွန်တော်တို့ လှဲနေတဲ့ နေရာမှာတင် သေနတ်နဲ့ပစ်သတ်မယ်လို့ ပြောခဲ့ပါ တယ်။ ကျွန်တော့အဖေက ကိုယ့်သမီး ကို အဲ့ဒီလိုပြုကျင့်ရမယ့်အစား သေပစ် မယ်လို့ ပြောရင်းနဲ့ အဲ့ဒီလူတွေကို ပြန်လည်ခုခံတိုက်ခိုက်ဖို့ ကြိုးစားခဲ့ပါ တယ်။ အဲ့ဒီလူတွေက အဖေကို ညီမငယ် အပေါ်မှာတင် သေနတ်နဲ့ ပစ်သတ်လိုက် ပါတယ်။ ညီမလည်း သေသွားမသွား ကျွန်တော်မသိလိုက်ပါဘူး။ ဒါပေမယ့် သူစကားလည်း မပြော၊ လှုပ်လည်းမလှုပ် တော့ပါဘူး။ အဲ့ဒီလူတွေဟာ ကျွန်တော့ ရဲ့ အငယ်ဆုံးညီလေးကို ဖမ်းချုပ်ပြီး သေနတ်နဲ့ ချိန်ပါတယ်။ ပြီးတော့ ကျွန်တော်က သူတို့ပြောတဲ့အတိုင်း မလုပ်ရင် အငယ်ဆုံးညီကို ပစ်သတ် မယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ မိသားစုထဲက ဘယ်သူ့ကိုမှထပ်အသတ် မခံရစေချင်တဲ့အတွက် သူတို့ခိုင်းတဲ့ အတိုင်း |

၅၂ ICC အနေဖြင့် ထိုးဖောက်ချဉ်းကပ်မှု အင်္ဂါရပ်ကို ပြစ်မှုကျူးလွန်သူက ကိုယ်တိုင်ဆောင်ရွက်ရန် မလိုဟု ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ကျူးလွန်သူကို ချဉ်းကပ်ခြင်း (သို့) ထိခိုက်နစ်နာသူအား ချဉ်းကပ်ရာတွင် အခြားသူတစ်ယောက်ကို ဖိအားပေးဆောင်ရွက်စေခြင်းစသည့် အခြေအနေတို့ပါဝင်ပါသည်။

| ဘာဖြစ်ခဲ့သနည်း? (မုဒိမ်းကျင့်ခံခဲ့ရသည်ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| | | ကျွန်တော်လုပ်ခဲ့ပါတယ်။ အဲ့ဒီ လို ကျူးလွန်ပြီးတဲ့နောက် ကျွန်တော့် အမေ ဒါမှမဟုတ် ကျွန်တော့မိသားစုနဲ့ ဆက်မနေနိုင်တော့တဲ့အတွက် ကျွန်တော့်ကိုပါ သတ်ပစ်ဖို့ ဆုတောင်း ခဲ့ပါတယ်။ ဘုရားသခင်၊ ကျွန်တော့ကို ခွင့်လွှတ်ပါ။ ကိုယ့်အမေအရင်းကို ဘယ် လိုလူမျိုးကများ ဒီလိုကျူးလွန်နိုင်မလဲ ဆိုတာမသိပေမယ့် ကျွန်တော့်မှာ တခြား ရွေးချယ်စရာ တကယ်ကိုမရှိခဲ့ပါဘူး” |
| တွန်းအားပေးခြင်းဖြင့် သို့မဟုတ် လူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့ အခြား ပုဂ္ဂိုလ်အား အကြမ်းဖက်မှုကို ကြောက် ရွံ့ခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အကျဉ်းကျခြင်း၊ စိတ်ပိုင်းဆိုင်ရာအရ ဖိနှိပ်ချုပ်ချယ်ခြင်း သို့ အခွင့်အာဏာ အလွဲသုံးစားလုပ်ခြင်းကဲ့သို့သော တွန်း အားပေးသည့် သို့ အကြပ်ကိုင်သည့် ခြိမ်းခြောက်မှုဖြင့် သို့မဟုတ် နိုင်ထက် စီးနင်းပြုသော ပတ်ဝန်းကျင်မှ အကျိုး အမြတ်ထုတ်ခြင်းဖြင့် ကျူးလွန်သည့် ကျူးလွန်မှုဖြစ်ခြင်း သို့မဟုတ် စစ်မှန်သည့် သဘောတူညီချက် ပေးစွမ်းရန် မတတ်နိုင်သူအား ကျူးလွန်သည့် ကျူး လွန်မှုဖြစ်ခြင်းကို မည်သည့် အချက် များက သက်သေပြ ထောက်ကူလျက် ရှိသနည်း (မုဒိမ်းကျင့်မှု၏ ပထမ အင်္ဂါရပ်)?[၅၃] | အဆိုပါ အဖြစ်အပျက်များ မည်သည့် အခြေအနေများတွင် ဖြစ်ပွားခဲ့သည် ကို ကျေးဇူးပြု၍ ထွက်ဆိုဖော်ပြပေး နိုင်မလား? မည်သည့်နေရာတွင် ရှိနေခဲ့သည်၊ အနားတွင် မည်သူ ရှိနေခဲ့သည်၊ ဘာဖြစ်ခဲ့သည်တို့ကို ပြောပြပေးကာ ပတ်ဝန်းကျင်များကို ဖော်ပြပေးနိုင်မလား? | **ထွက်ဆိုချက်:** “လက်နက်ကိုင် အမျိုး သားတွေ ကျွန်မတို့ရွာထဲကို နစ်ည ဆက်တိုက် ဝင်လာခဲ့ပါတယ်။ ကျွန်မတို့ အမျိုးသားတွေနဲ့ ကောင်လေးတွေဟာ သစ်တောတွေထဲမှာ ပုန်းနေပြီး အမျိုး သမီးတွေသာ ရွာထဲမှာ ရှိပါတယ်။ လက် နက်ကိုင် အမျိုးသားတွေဟာ အော်ဟစ် နေတဲ့အပြင် လေထဲ မ်းပြီး သေနတ်နဲ့ ပစ်ပါတယ်။ အိမ်တွေကို မီးဟုန်းဟုန်း တောက်အောင်လုပ်ပြီး အိမ်ထဲကပစ္စည်း တွေကို ဝင်ယူကြပါတယ်။ ရွာသား အများစုဟာ အိမ်ထဲက အခန်းတစ်ခန်း ထဲမှာ ပုန်းဖို့အတွက် စုရင်း ဘာဆက် ဖြစ်တော့မလဲဆိုတာကို ကြောက်ရွံ့ နေရ ပါတယ်။ ညဘက်မှာ ရာနိုင်သမျှ အစား အစာဖြစ်ဖြစ်၊စားကြွ င်းစားကျန်ဖြစ်ဖြစ်ကို ရှာစုထားပြီး ရေအတွက်လည်း အုပ်စု ငယ်လေးတွေနဲ့ ခွဲပြီး အရှာထွက်ရပါ တယ်။ အဲ့ဒီနေ့မှာတော့ လက်နက်ကိုင် အမျိုးသားငါးဦးဟာ ကျွန်မ၊ ကျွန်မအမေ၊ နဲ့ ညီအစ်မတွေ ပုန်းနေတဲ့ အိမ်ထဲကို ဝင်လာခဲ့ပါတယ်။ အကြီးဆုံး သုံးယောက် ဖြစ်တဲ့ကျွန်မတို့ကို ခေါ်ဆောင်တဲ့အခါ အမေက အော်ဟစ်ခဲ့ပါတယ်။ အမေ့ကို ခပ်ကြမ်းကြမ်းကန်ခဲ့ပြီး ကြမ်းပေါ်ကို အမေပြုတ်ကျသွားခဲ့ပါတယ်။ သူတို့က မျက်နှာကြက်ပေါ်ကို သေနတ်နဲ့ ထောင် ပစ်ရင်းနဲ့ အမေစကားတစ်ခွန်းဟတာနဲ့ ကျွန်မတို့၃ယောက်လုံးကို အမေ့ရှေ့မှာ တင် သတ်ပစ်မယ်လို့ ပြောပါတယ်။ ကျွန်မတို့ကိုခေါ်ထုတ်သွားပြီး လက်နက် ကိုင်တွေ စောင့်ကြပ်တဲ့ ထရပ်ကားရဲ့ နောက်ဖုံးပေါ်ကို ပို့ပါတယ်။ ကျွန်မတို့ ကို သစ်တောထဲက တဲဆီခေါ်သွားပြီး တစ်ညလုံး အဲ့ဒီမှာ ထိန်းသိမ်းထားပါ တယ်။ လူသုံးယောက်က ကျွန်မတို့တစ် ယောက်ချင်းစီကို တစ်ချိန်မှာ တစ်ခန်းစီ ခေါ်သွားပြီး အဲ့ဒီအခန်းထဲမှာ ညစ်ပတ် ပေရေနေတဲ့ ဖျာတစ်ချပ် ကြမ်းပေါ်မှာ ရှိပါတယ်။ ကျန်တဲ့မိန်းကလေး၂ယောက် ကိုတော့ကျန်အစောင့်၂ယောက်ကစောင့် ပါတယ်။ ကျွန်မတို့ ပိုအော်လေလေ ကျွန်မတို့ ထိခိုက်နာကျင်အောင် ပိုလုပ် လေလေနဲ့တူပါတယ်။” |

၅၃ အဆိုပါအင်္ဂါရပ်များအနက်မှ တစ်ခုခုကိုသက်သေပြခြင်းသည် ထိုးဖောက်ဝင်ရောက်ခြင်းအပြုအမူတွင် အဓမ္မပြုကျင့်မှုပါဝင်နေသည်ကို သက်သေပြရန်လုံလောက်သည်ဟု ကန်တာဂါအမှုတွင် ICCကဆိုပါသည်။ ကျူးလွန်သူက အသက်အရွယ်အားဖြင့် မစွမ်းဆောင်နိုင်ခြင်း (သို့) အခြား သော အခြေအနေများကြောင့် ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်မပေးနိုင်သည့်သူအပေါ် ပြစ်မှုကျူးလွန်သည့် အခြေအနေမှလွဲ၍ ထိခိုက်နစ်နာသူ၏ သဘော တူညီချက်မပါဝင်ခြင်းကို ဤနေရာတွင် သက်သေပြရန် မလိုပါ။

နောက်ဆက်တွဲ
၁

## လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း[၅၄]

**အင်္ဂါရပ်များ :**

၁) ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအား ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့ အလဲအထပ်ပြုကာ ဖလှယ်ရောင်းဝယ်ခြင်း သို့မဟုတ် ၎င်းတို့အပေါ် တူညီသည့် လွတ်လပ်ရေး လုံလောက်စွာ မရရှိစေရန် သတ်မှတ်ထားခြင်းကဲ့သို့သော ပိုင်ဆိုင်ခြင်းဆိုင်ရာ အခွင့်အရေးနှင့် တွဲလျက်ပါရှိသည့် အခွင့်အာဏာ တစ်စုံတရာ သို့မဟုတ် အားလုံးကို ကျင့်သုံးပြုမူခဲ့ခြင်း။

၂) ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအား လိင်ပိုင်းဆိုင်ရာ သဘော သဘာဝကိစ္စများတွင် တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်ထက်ပိုစွာ ပါဝင်ဆောင်ရွက်စေခြင်း။

| ဘာဖြစ်ခဲ့သနည်း? (ကျွန်ပြုခြင်းကိုကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့သည်နှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
| --- | --- | --- |
| လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရမှု၏ ပထမ အင်္ဂါရပ်ကို မည်သည့် အချက်များက သက်သေပြထောက်ကူသနည်း (ကျူး လွန်သူသည် ပိုင်ဆိုင်ခြင်းဆိုင်ရာအခွင့် အရေးများနှင့် ဆက်စပ်တွဲပါလျက်ရှိသည့် အခွင့်အာဏာများကို ကျင့်သုံး ပြုမူခြင်း)[၅၅]? | ကျူးလွန်သူက သင့်ကို ဘာပြောခဲ့ သလဲဆိုသည်ကို ပြန်ပြောပြနိုင် မလား? ပြောပြခဲ့လျှင် ထိုသူနှင့် သင့်အကြားဆက်ဆံရေးအကြောင်း ပြောပြပေးနိုင်မလား? သင့်ကို ကျူး လွန်သူဘက်မှ မည်သို့ သဘော ထားသနည်း? အခြားလူများထံ သင့်အား မည်သို့ မိတ်ဆက်ပေးသ နည်း? သင့်ကို ကန့်ကွက်ငြင်းဆန် ရန် သို့မဟုတ် ရွေးချယ်ရန် အခွင့် အရေး ပေးခဲ့ပါသလား၊ ပေးခဲ့လျှင် မည်သည့် အခြေအနေတွင် ပေးခဲ့ သနည်း? ကျူးလွန်သူက တိတိကျ ကျ ဖော်ပြပြောဆိုခဲ့ခြင်းမရှိလျှင် သင့်တွင် ရွေးချယ်စရာမရှိဟု မည် သည်က ခံစားစေခဲ့သနည်း? ကျူးလွန်သူနှင့် သင်၏ ဆက်ဆံ ရေးကို တစ်စုံတစ်ရာ ပြောဖူးသူ ရှိပါသလား? | **ထွက်ဆိုချက် :** "ကျွန်မကို ဖမ်းခဲ့တဲ့လူက သူ့ဆုံးဖြတ်ချက်မပါဘဲ ကျွန်မ ဘာမှ မလုပ်ရဘူးလို့ပြောပါတယ် - ဆိုလိုတာက ကျွန်မကို သူပိုင်တယ်လို့ ပြောတာပါ။ ကျွန်မ ကို တစ်ချိန်လုံး ဘာကို ဘယ်လို လုပ်ရမယ်ဆိုတာ ပြောနေလျက်ရှိပြီး သူ ပြောတဲ့အတိုင်း မလုပ်ရင် ကျွန်မရဲ့မိသားစုကို ရန်ပြုမယ်လို့ ခြိမ်းခြောက်ပြီး ကျွန်မကို သူပိုင်သလို ဆက်ဆံခဲ့ပါတယ်။"<br>**အခြားထွက်ဆိုချက် :** "ကျွန်မတို့ကို ချုပ် ထားတဲ့ တိုက်ခန်းကို အမျိုးသား၂ယောက် လာခဲ့ပါတယ်။ ကျွန်မတို့ကို ဖမ်းလာတဲ့လူ က အဲ့ဒီလူနှစ်ယောက်နဲ့ စကားပြောနိုင်ဖို့ အတွက် ကျွန်မကို အခြားမိန်းကလေးနဲ့ မီးဖိုချောင်ကို သွားဖို့ပြောခဲ့ပါတယ်။ ကျွန်မ တို့လည်း သူတို့စကားပြောနေတာကို နားထောင်ဖို့အတွက် မီးဖိုချောင်ကနေ အသံမကြားရအောင် ခြေသံဖွဖွနဲ့ တွ း သွားခဲ့ပါတယ်။ ကျွန်မတို့ကြားခဲ့တာက တော့ ကျွန်မတို့ကို တစ်ယောက် ဒေါ်လာ ၅၀စီရယ် အဝတ်လျှော်ဆပ်ပြာမှုန့် ထရပ် ကားနဲ့တစ်စီးစာရယ်ပေးပြီး ရောင်းဖို့ တွက် ကျွန်မတို့ကို ဖမ်းခဲ့တဲ့လူက သဘော တူတာ ကိုပါပဲ။ အဲ့ဒီအမျိုးသားတွေ ထွက်သွားဖို့ မတ်တပ်ထရပ်တဲ့အခါ ကျွန်မ တို့တွေလည်း မီးဖိုချောင်ဘက်ကို ခပ် သုတ်သုတ်သွားပြီ အဲ့ဒီမှာ ပုန်းနေခဲ့ပါ တယ်။ နောက်နေ့မှာ အဲ့ဒီအမျိုးသားတွေ ဟာ တိုက်ခန်းကို ကားနဲ့ပြန်လာခဲ့ပြီး ကျွန်မနဲ့ အခြားမိန်းကလေးတစ်ယောက် ကို ခေါ်ဆောင်သွားခဲ့ပါတယ်။ ကျွန်မတို့ ကို ကားထဲ ဝင်ခိုင်းတဲ့အခါမှာ ကျွန်မတို့ ဟာ ငွေနည်းနည်းရယ်၊ အဝတ်လျှော်ဆပ် ပြာမှုန့် အချို့ရယ်နဲ့ အရောင်းခံလိုက်ရတဲ့ အကြောင်းကိုပြောပြီး ရယ်မောနေကြတာ ကို ကြားခဲ့ရပါတယ်။" |

၅၄ လိင်ကျေးကွန်ပြုခြင်းဆိုင်ရာပြစ်မှုကို လူကုန်ကူးမှုတွင် အသုံးပြုနိုင်ပါသည်။

၅၅ ICCအနေဖြင့် ကန်တာဂါတရားစီရင်မှုတွင် လိင်ကျေးကျွန်ပြုခြင်းပြစ်မင၏ အင်္ဂါရပ်ကို အသေးစိတ်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။ ဤအင်္ဂါရပ်ဖြစ် ပေါ်စေမည့်အပြုအမူများကို လေ့လာသုံးသပ်ရာတွင် အမှုတစ်ခုစီအလိုက် သုံးသပ်ရန်လိုအပ်သည်ဟု တရားရုံးကဖော်ပြပါသည်။ လွတ်လပ်မှု ပိတ်ပင်တားမြစ်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံးက အကျဉ်းချထားခြင်းနှင့် စပ်လျဉ်းသည့်အချက်အလက်များ (ထိုသို့ဖြစ်သည့်ကာလအပါအဝင်) သည် သက်ဆိုင်မှုရှိရမည်။ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်း (သို့) လွတ်လပ်စွာရွေးချယ်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက် များနှင့် လွတ်မြောက်ရန်အားထုတ်မှုကို တားဆီးခြင်း (သို့) အားမပေးသည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းအချက် အလက်များသည် သင့်လျော်မှုရှိရမည်။ ခြိမ်းခြောက်ခြင်း၊ အဓမ္မဖိအားပေးခြင်း (သို့) အခြားသောရုပ်ပိုင်း(သို့) စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုပုံစံများ သည် ဤအင်္ဂါရပ်ကို သက်သေပြရန်သင့်လျော်ပြီး ယင်းတို့သည် စိတ်ပိုင်းဆိုင်ရာဖိအားပေးခြင်း၊ ထိခိုက်နစ်နာသူ၏ ထိခိုက်လွယ်မှု (သို့) အဓမ္မအလုပ်ခိုင်းစေမှုတွင် မဖြစ်မနေပါဝင်ရခြင်းတို့ကို ဖော်ပြပါသည်။ အခြားသူများအပေါ် ပိုင်ဆိုင်ခွင့်သည် စီးပွားဖြစ်လုပ်ဆောင်မှုတစ်ခု အပေါ်ပိုင်ဆိုင်ခွင့်နှင့် တန်းတူမဖြစ်နိုင်ဟု တရားရုံးက အလေးအနက်ထား ပြောကြားပါသည်။ ပိုင်ဆိုင်မှုအခွင့်အာဏာအောက်ရှိ လူမှုစီးပွား အခြေအနေသည် လက်ခံနိုင်သည့် သက်ဆိုင်သည့်အချက်ဖြစ်သော်လည်း ကျွန်ပြုမှု၏ အဓိကအခြေခံသဘောသဘာဝအရ ထိခိုက်နစ်နာသူ အနေဖြင့် မိမိ၏အနေအထားကို ပြင်ဆင်ရန် ကောင်းမွန်အောင် ပြောင်းလဲရန် မစွမ်းဆောင်နိုင်မှုကို ဖြစ်စေပါသည်။

| ဘာဖြစ်ခဲ့သနည်း? (ကျွန်ပြုခြင်းကိုကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရမှု၏ ဒုတိယ အင်္ဂါရပ်ကို မည်သည့် အချက်များက သက်သေပြထောက်ကူသနည်း (လိင်ပိုင်းဆိုင်ရာလှုပ်ရှား ဆောင်ရွက် စေခြင်း)? | ထိုလူက သင့်အား ညတိုင်းလိုလို "ခေါ်ထုတ်သွားတယ်"လို့ သင်ပြော ခဲ့ပါတယ်။ အဲ့ဒါဟာ ဘာကို ဆိုလို ချင်သလဲဆိုတာကို အသေးစိတ် ပြောပြနိုင်မည်လား? သင့်ကို မည် သည့် နေရာကနေ ခေါ်ထုတ်သွားခဲ့ သလဲ? သင့်ကို ဘာလုပ်ခဲ့သလဲ? သင့်ကို ဘာလုပ်ခဲ့သလဲနှင့် ပတ်သက်ပြီး တိတိကျကျ ပြောပြနိုင်မည်လား? သင့်ကို ဘာလုပ်စေခဲ့သလဲ? | **ထွက်ဆိုချက် :** "ကျွန်မ လုံးဝ အဝတ်မပါ တော့တဲ့အထိ အဝတ်အစားတွေချွတ်ခိုင်း စေခဲ့ပြီး အဲ့ဒီနောက်မှာ ကျွန်မကို [ethnic slur]လို့ခေါ်ပြီး ကျွန်မရဲ့ ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ကိုင်တွယ်ပြီး စော်ကားမှုပြုပါ တယ်။" |

## တွန်းအားပေးခြင်းခံရသော အိမ်ထောင်ရေး သို့မဟုတ် တွန်းအားပေးခြင်းခံရသည့် လက်ထပ်မှု အင်္ဂါရပ်များ :

၁) ကျူးလွန်သူမှ ထိခိုက်နစ်နာသူအား တွန်းအားပေးခြင်း ခံရသည့် အိမ်ထောင်ရေး ပေါင်းသင်းဆက်ဆံမှုကို သတ်မှတ်ကျူးလွန်ခြင်း။

၂) ကျူးလွန်သူ၏ စကား သို့မဟုတ် အခြားအပြုအမူမှ ထွက်ပေါ်လာသော ခြိမ်းခြောက်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရ တွန်းအားပေးမှုဖြင့်။[၅၆]

၅၆ ရောမစည်းမျဉ်းဥပဒေတွင် အဓမ္မလက်ထပ်စေခြင်း (သို့) အိမ်ထောင်ပြုစေခြင်းမပါဝင်ပါ။ သို့သော် အဓမ္မလက်ထပ်မှုကို လူမဆန်သောအပြု အမူအဖြစ် Sierra Leoneအထူးတရားရုံးက လူသားချင်းစာနာမှုကင်းမဲ့သည့် ပြစ်မှုအဖြစ် သတ်မှတ်ခဲ့ပါသည်။ အဆိုပါပြစ်မှုကို လက်နက်ကိုင် အဖွဲ့ တော်လှန်ရေးကောင်စီ (AFRC) တရားစီရင်ချက်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး Justice Doherty၏ တစိတ်တပိုင်းကွဲလွဲနေသော သဘောထားအမြင် စာပိုဒ်၅၃ကို ဖော်ပြထားပါသည်။ စာပိုဒ်၃၆တွင် Justice Dohertyက "တရားစွဲဆိုရေးကျွမ်းကျင်သူနှင့် မျက်မြင်သက်သေ များက ဖော်ပြပြောဆိုသည့် မိန်းကလေးများအား အဓမ္မခေါ်ဆောင်သွားခြင်းနှင့် အဓမ္မထိမ်းမြားခြင်းသည် ထုံးတမ်းစဉ်လာလက်ထပ်ထိမ်းမြား ခြင်း (သို့) စီစဉ်ထားသည့် လက်ထပ်ထိမ်းမြားခြင်းနှင့် မတူညီသလို နှိုင်းယှဉ်၍လည်းမရ"ဟု ဆိုပါသည်။ စာပိုဒ် ၄၆-၅၁တွင် သက်သေခံချက်က "Sierra Leone၏ လက်နက်ကိုင် ပဋိပက္ခတွင် အဓမ္မလက်ထပ်ခြင်းတွင် မိန်းကလေးငယ်များနှင့် အမျိုးသမီးများကို ၎င်း တို့၏ အိမ်မှ (သို့) အခြားသော ခိုလှုံရာနေရာနှင့် အကျဉ်းစခန်းများမှ AFRCတပ်ဖွဲ့များ သွားရောက်ရာနေရာအမျိုးမျိုးသို့ ခေါ်ဆောင်သွား ခြင်းပါဝင်သည်" ဟုဖော်ပြခဲ့ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မိမိတို့၏ သဘောဆန္ဒမပါဘဲ သူပုန်များ၏ "ဇနီးမယား" အဖြစ်သတ်မှတ်ခြင်းကို ခံကြရသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သူပုန်တစ်ဦးနှင့် လက်ထပ်ခြင်းဖြင့် အဆိုပါသူပုန်၏ ပိုင် ဆိုင်မှုဖြစ်သွားသောကြောင့် အခြားသောသူပုန်များ၏ အတင်းအဓမ္မပြုကျင့်ခံရခြင်းနှင့် အခြားသောအနိုင်ကျင့်နှိပ်စက်ခံရခြင်းမျိုး မကြုံတွေ့ ရသည့် အကျိုးကျေးဇူးကို ရရှိပါသည်။ သို့သော် အဓမ္မဖိနှိပ်မှု ဝန်းကျင်တစ်ခုလုံးကို ခြုံငုံကြည့်လျှင် ယင်းအချက်သည် အသက်ရှင်ရပ်တည် မှု နည်းလမ်းတစ်ခုသာဖြစ်ပြီး ယင်းကို ထိခိုက်နစ်နာသူအနေဖြင့် အဆိုပါဆက်ဆံရေးတွင် မိမိ၏သဘောထား (သို့) အခွင့်အာဏာကို ဖော်ပြ ခြင်းဟု မှတ်ယူ၍ မရသလို အဆိုပါ မညှာမတာပြုမူမှုသည်လည်း ပျောက်ပျက်သွားမည်မဟုတ်ပါ။ "အဓမ္မထိမ်းမြား"ခံရသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များသည် တခါတရံ အလွန်ငယ်ရွယ်သောကြောင့် ပိုပြီးထိခိုက်နစ်နာကြရပါသည်။ ၎င်းတို့၏ ထိခိုက်နာကျင်မှုသည် ၎င်း တို့၏ မိသားစုများထံမှ ခေါ်ဆောင်ခံရသည့်အချိန်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ပိုမိုမြင့်တက်လာပါသည်။ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုနှင့် ကျင့်ဝတ်ပိုးဆိုင်ရာ ဒဏ်ရာဒဏ်ချက်များသည် "အဓမ္မထိမ်းမြားမှု"၏ နောက်ဆက်တွဲများ ဖြစ်ပါသည်။ အမျိုး သမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့ကြောက်ရွံ့သည့် (သို့) စက်ဆုပ်ရွံရှာသည့် အမျိုးသားများနှင့် ပတ်သတ်နေရပြီး အချို့အခြေ အနေမျိုးတွင် အတူနေရန်ဖိအားပေးခံရပါသည်။ ထို့အပြင် "ဇနီးမယား"ဟူသည့် အမည်နာမသည် ၎င်းတို့ကို မိသားစုများနှင့် လူ့အသိုင်းအ ဝိုင်းမှ ဖယ်ကြဉ်ခံရသည့် ဂုဏ်ပုဒ်တစ်ခုလည်းဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ပေါင်းစည်းရန် ၎င်းတို့၏ ကြိုးစားအားထုတ်မှု များအပေါ် အနုတ်လက္ခဏာသက်ရောက်မှုဖြစ်စေကာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုကို ပိုမိုရှည်ကြာစေပါသည်။ ခင်ပွန်းသည်၏ ရည်ရွယ် ချက်သည် အဆိုပါ ထိခိုက်နစ်သာသူကို အလုပ်လုပ်စေပြီး ယောက်ျားနှင့်ယောက်ျား၏ ပိုင်ဆိုင်မှုကို စောင့်ရှောက်ရန်၊ ၎င်း၏ လိင်အာသာ ဆန္ဒဖြည့်ဆည်းပေးရန်၊ ၎င်းအားသစ္စာရှိရန်၊ အကယ်၍ကိုယ်ဝန်ရှိလာလျှင် ကလေးမွေးပေးရန် ဆိုသည်ကို သက်သေခံချက်အရ လေ့လာ တွေ့ရှိခဲ့ပါသည်။ အပြန်အလှန်အားဖြင့် ၎င်းက သူ၏ဇနီးကို အခြားလူများအဓမ္မစော်ကားခြင်းရန်မှ ကာကွယ်ပေးပြီး၊ အစားအစာရှိလျှင် အစား အစာပေးသည်၊ ၎င်း၏ အဆင့်အတန်းပေါ်မူတည်ပြီး ထိုက်သင့်သည့် အဆင့်အတန်းတစ်ခုကို ဇနီးကို ပေးထားပါသည်။ အမှန်တကယ်အားဖြင့် ထုံးတမ်းစဉ်လာလက်ထပ်မှုများတွင် ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့် တာဝန်ယူမှုများ ဖြစ်သည်ဟု ခုခံကာကွယ်မှုရေးရာ ကျွမ်း ကျင်သူက ရည်ညွှန်းထားပြီး ယင်းတွင် ဇနီးသည်၏ မိသားစုဘက်မှ သဘောတူညီချက်မပါဝင်ဘဲ အဆိုပါအဆင့်အတန်းကို အမျိုးသမီးအား အကြမ်းဖက်ခြင်း (သို့) အဓမ္မပြုခြင်းမှတဆင့် ပေးထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် လိင်ကျေးကျွန်ပြုခြင်း သဘောတရားကို ခွဲထုတ်ရန် လိုအပ်ပါသည်။ မျက်မြင်သက်သေက ဖော်ပြသည့် သက်သေခံချက်အရ ထိခိုက်နစ်နာသူကို အဓမ္မပြုခံရခြင်းမှ ကာကွယ်စောင့်ရှောက်မှု မရှိ ခြင်း၊ မည်သည့်သူပုန်ကမဆို အဓမ္မပြုကျင့်နိုင်ခြင်း၊ သို့သော်သူပုန်မယားဟူသည့်အမည်ပေးမခံရခြင်းတို့ကို တွေ့ရှိရပါသည်။ ထို့အပြင် တရားစွဲဆိုရေးပညာရှင်၏ သက်သေခံချက်အပေါ် အခြေခံကာ "ဇနီးမယား" ဟူသည့် အသုံးအနှုန်းသည် အဓိမ္မာထိမ်းမြားခြင်းကိုဖော်ပြပြီး ယင်းသည် ထိခိုက်နစ်သောသူများအပေါ်တွင် အချိန်ကြာကြာလွှမ်းမိုးထားသည့် ဆိုးရွားသော သက်ရောက်မှုများရှိသည်ကို တွေ့ရှိရပါသည်။ သူပုန်တစ်ဦး၏ "ဇနီးမယား"ဟူသည့် အသုံးအနှုန်းသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုကို ဖြစ်စေပြီး ထိခိုက်နစ်နာသူအား ကဲ့ရဲ့ပြစ်တင်ကာ လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ပေါင်းစည်းဝင်ရောက်လိုသည့် ၎င်းတို့၏ စွမ်းဆောင်မှုအပေါ် အနုတ်လက္ခဏာ သက်ရောက်မှု ဖြစ်စေသည်။ ထို့ကြောင့် အခြားသော လူမဆန်သော အက်ဥပဒေ၊ အဓမ္မလက်ထပ်ခြင်းပါပြဋ္ဌာန်းချက်များသည် အထက်ဖော်ပြပါသက်သေခံ ချက်နှင့် ကိုက်ညီမှုရှိပါသည်။

| ဘာဖြစ်ခဲ့သနည်း? (တွန်းအားပေးခြင်းခံရသော အိမ်ထောင်ရေး သို့မဟုတ် တွန်းအားပေးခြင်းခံရသည့် လက်ထပ်မှုကိုကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရမှု၏ ဒုတိယ အင်္ဂါရပ်ကို မည်သည့် အချက်များက သက်သေပြ ထောက်ကူသနည်း (လိင်ပိုင်းဆိုင်ရာလုပ်ရှား ဆောင်ရွက် စေခြင်း)? | သင့်ကို ဘယ်လို ခေါ်ဝေါ်သလဲ? ထိုလူနှင့် ပတ်သက်၍ သင့်တွင် မည်သို့သော တာဝန်ဝတ္တရားများ ရှိသလဲ? မနက်နှင့် ညတိုင်းတွင် သင်ဘာလုပ်ရသလဲ? အခြားလူများ - အခြားတိုက်ခိုက်သူများ၊ အခြား ထိန်းသိမ်းခံရသူများ/ အကျဉ်းသား များ၊ အခြား လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များက သင့်ကို ဘယ်လို ဆက်ဆံသလဲ သို့မဟုတ် သင့်ရှေ့ တွင် ဘယ်လို ပြုမူသလဲ? သင့်ကို ဖမ်းဆီးခဲ့သူက သတ်မှတ်ခဲ့သည့် သင့်ရာထူးအလုပ်က မည်သည်ဖြစ် သည်ကို ဖော်ပြနိုင်မလား? သင့်ထံ မှ ဘာကို ယုံကြည်မျှော်လင့်ထား ခဲ့သနည်း? | **ထွက်ဆိုချက် :** "ကျွန်မ ညသန်းခေါင် လာက်မှာ မသိားစုထဲကနေ ပြန်ပေးဆွဲခံ ရပါတယ်။ သူပုန်တွေ အခြေစိုက်တဲ့ တော နက်ထဲကို ခေါ်သွားခဲ့ပါတယ်။ ကျွန်မကို ကပ္ပတိန်ဂျွန်ဆီ အပ်ခံရပြီး ကျွန်မက သူ့ရဲ့ ဇနီးလုပ်ရမယ်လို့ပြောပါတယ်။ သူက ရာထူးမြင့်တဲ့အတွက် အခြား သူပုန် 'ဇနီးတွေ' လို စစ်ပွဲတစ်ခုပြီးတိုင်း အဖွဲ့လိုက် မုဒိမ်းကျင့်ခြင်းကတော့ ကင်းလွတ်ပါတယ်။ ကပ္ပတိန်ဂျွန်က သူလိုချင်တဲ့အချိန် ကျွန်မ ကို လိင်ပိုင်းဆိုင်ရာအရ ဘာမဆို ပြုလုပ်ပါ တယ်။ ဒါပေမယ့် သူကလွဲရင် တခြား ဘယ်သူမှ ကျွန်မကို လက်ဖျားနဲ့တောင် ထိလို့မရပါဘူး။ တခြားတော်တော်များများ အစားအသောက် အလုံအလောက်မရပေ မယ့် ကျွန်မကတော့ ရရှိပါတယ်။ ကျွန်မကို ကပ္ပတိန်ဂျွန်က၁.၅နှစ်ကျော်ထိ န်းသိမ်းခဲ့ပြီး အခုအသက် ၁၀နှစ်ရှိပြီဖြစ်တဲ့ သူ့ ကလေး၊ သားယောကျ်ားလေးကို မွေးပေးခဲ့ပါတယ်။ စစ်ပြီးဆုံးသွားချိန် မှာတော့ကျွန်မရဲ့မိသားစု ထဲက ဘယ်သူမှ ကျွန်မကို စကား မပြော ကြပါဘူး။ သားနဲ့ကျွန်မ နှင်ထုတ်ခံခဲ့ရပါ တယ်။ အဲ့ဒီ့ကတည်းက ကျွန်မဘာသာပဲ ရပ်တည်ခဲ့ပါတယ်။" |
| ကျူးလွန်သူ၏ စကားသို့မဟုတ်အခြား အပြုအမူမှ ထွက်ပေါ်လာသော ခြိမ်း ခြောက်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အရ တွန်းအားပေးမှုဖြင့် ကျူးလွန်မှုကို ကျူးလွန်ခဲ့ကြောင်းကိုမည် သည့်အချက် များကသိသာ ထင်ရှားစေခဲ့သနည်း(တွ န်း အားပေးခြင်းခံရသော အိမ်ထောင်ရေး သို့မဟုတ် တွန်းအားပေးခြင်းခံရသည့် လက်ထပ်မှု၏ ဒုတိယအင်္ဂါရပ်)? | မည်သည့်အခြေအနေများတွင် သင်ဖမ်းဆီးခြင်းခံခဲ့ရသည်ကို ပြောပြနိုင်မလား? သင့်ကို ဖမ်းဆီး ခဲ့သူက ပြောဆိုခဲ့သည်ကို ဖော်ပြ ပေးနိုင်မလား? သင်သည် ထွက် ခွာသွားရလောက်သည်အထိ လွတ်လပ်သလား အဘယ်ကြောင့် လွတ်လပ်ရသနည်း သို့မဟုတ် အဘယ်ကြောင့် မလွတ်လပ်ရသ နည်း? | **ထွက်ဆိုချက် :**"ကျွန်မဆီလာတုန်းကအခြား လက်နက်ကိုင် အမျိုးသား ၅ယောက်လည်း ပါပြီး အဲ့ဒီ့လူတွေက အလွန်ရက်စက်ကြမ်း ကြုတ်ပါတယ်။ သူတို့က ပြတင်းပေါက် ကနေ သေနတ်နဲ့ပစ်ပြီး အိမ်ကိုလည်း တောခုတ်ဓားတွေနဲ့ ရိုက်ချိုး၊ ခုတ်ထစ်ပြီး ဖျက်ဆီးပစ်ပါတယ်။ သူတို့က ကျွန်မ မိသားစုကို လှည့်ပတ်ကြည့်ပြီး ကျွန်မကို လက်ညှိုးထိုးကာ "ဒီတစ်ယောက် အဆင်ပြေတယ်"လို့ပြောပါတယ်။ သူတို့က ကျွန်မကို သစ်တောထဲ ခေါ်သွားပြီးနေရာကိုတော့ ကျွန်မ လုံးမဝမသိခဲ့ပါဘူး။ ကပ္ပတိန်ဂျွန်က ထမင်းဟင်း ချက်ပြုတ်တာဖြစ်စေ၊ အလုပ်အကျွေးပြုရတာဖြစ်စေ၊ ဖိနပ်တိုက်ပေးရတာဖြစ်စေ၊ ညဘက်ကြောက်ရွံ့စရာ ကောင်းတဲ့ အရာ တွေ ပြုလုပ်တဲ့အခါဖြစ်စေ ခိုင်းတဲ့ အတိုင်းကျွန်မငြင်းဆန်လို့ မရပါဘူး။ တစ်ခါဆိုရင် ကျွန်မ ဌက်ဖျားဖြစ်ပြီး အရမ်းအဖျားတက်နေပြီး မတ်တပ်ရပ်ရင်ကို မူးလဲနေပါတယ်။ အဲဒီအချိန်မှာ ကျွန်မကို သူ့ဆီလာဖို့ခေါ်ပြီး ကျွန်မ မသွားခဲ့တဲ့အတွက် ကျွန်မကို အလွန်အကျံရိုက်နက်တာ ရက်အတော်ကြာတဲ့အထိ ကျွန်မမလှုပ်နိုင်ခဲ့ပါဘူး။" |

နောက်ဆက်တွဲ ၁

## ပြည့်တန်ဆာမှုကို အတင်းအကျပ်စေခိုင်းခြင်း

**အင်္ဂါရပ်များ :**

၁) ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအား ကာမစပ်ယှက်စေခြင်းကို တစ်ကြိမ် သို့မဟုတ် အကြိမ်များစွာ ပါဝင်ဆောင်ရွက်စေရန် တွန်းအားပေးခြင်းဖြင့်၊ အကြမ်းဖက်မှု၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အကျဉ်းကျခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ချုပ်ချယ်ခြင်း သို့မဟုတ် အခွင့်အာဏာအလွဲသုံးစားလုပ်ခြင်းကဲ့သို့သော တွန်းအားပေးကာ သို့မဟုတ် အကြပ်ကိုင်ကာ ခြိမ်းခြောက် ခြင်းဖြင့်၊ သို့မဟုတ် အကြပ်ကိုင်သည့် ပတ်ဝန်းကျင်မှ အမြတ်ထုတ်ခြင်းဖြင့် သို့မဟုတ် အဆိုပါ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏ နေရာ/ ရာထူးကိုအသုံးပြုကာ အမှန်တကယ်သဘောတူညီမှုရရှိရန် အမြတ်ထုတ်ခြင်းဖြင့် ကျူးလွန်ခြင်း။

၂) ကျူးလွန်သူ သို့မဟုတ် အခြားလူပုဂ္ဂိုလ်သည် ငွေရေးကြေးရေးအရ သို့မဟုတ် အလဲအလှယ် အနေဖြင့် အခြားအကျိုးအမြတ် သို့မဟုတ် အခြားဆက်သွယ်မှုတစ်ခုခု ရရှိရန်အတွက် မျှော်လင့်၍ သို့မဟုတ် ရရှိပြီးဖြစ်၍ ကာမစပ်ယှက်ခြင်းအမှုကို ကျူးလွန်ခြင်း။

| ဘာဖြစ်ခဲ့သနည်း? (ပြည့်တန်ဆာမှုကို အတင်းအကျပ် စေ ခိုင်းခြင်းကို ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက် အလက်ကို သင်ရရှိ ခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့ မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ အား လိင်ပိုင်းဆိုင်ရာ သဘောသဘာဝ ဖြစ်စဉ်များကို တစ်ကြိမ် သို့မဟုတ် အကြိမ်များစွာ ပါဝင်ဆောင် ရွက်စေရန် တွန်းအားပေးခြင်းဖြင့်၊ အကြမ်းဖက် မှု၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အကျဉ်း ကျခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ချုပ် ချယ်ခြင်း သို့မဟုတ် အခွင့်အာဏာ အလွဲသုံးစားလုပ်ခြင်းကဲ့သို့သော တွန်း အားပေးကာ သို့မဟုတ် အကြပ်ကိုင် ကာ ခြိမ်းခြောက်ခြင်းဖြင့်၊ သို့မဟုတ် အကြပ်ကိုင်သည့် ပတ်ဝန်းကျင်မှ အ မြတ်ထုတ်ခြင်းဖြင့် သို့မဟုတ် အဆိုပါ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦး ထက်ပိုသော ပုဂ္ဂိုလ်များ၏ နေရာ/ ရာထူးကိုအသုံးပြုကာ အမှန်တကယ် သဘောတူညီမှုရရှိရန် အမြတ်ထုတ် ခြင်းဖြင့် ကျူးလွန်ခြင်းကို ကျူးလွန်ခဲ့ သည်ဟု မည်သည့် အချက်များက သက်သေပြထောက်ကူခဲ့သနည်း (ပြည့်တန်ဆာမှုကို အတင်းအကြပ်စေခိုင်းခြင်း၏ ပထမအင်္ဂါရပ်)? | ဖြစ်နိုင်လျှင် ဘာဖြစ်ခဲ့သလဲဆို သည်ကို တိတိကျကျ ပြောပြနိုင် မည်လား? "သူတို့အချင်းချင်းကို ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ တွန်းအားပေးခဲ့ပါတယ်"လို့ သင် ထွက်ဆိုတဲ့အခါ ဘာလိုဆိုလိုချင် ကြောင်း တိတိကျကျ ရှင်းပြနိုင်မ လား? ထိုလူက ဘာကိုအသုံးပြုခဲ့ သလဲ၊ ဘာလုပ်ခဲ့သလဲကိုပါ တိတိ ကျကျ ပြောပြနိုင်မလား? ဘယ်သူ က ဘယ်သူ့ကို ဘာလုပ်သင့်သည် ဟု ထိုသူက ညွှန်ကြားခဲ့ပါသလဲ? အခြေအနေများနှင့် မည်သည့်နေ ရာတွင် အခင်းဖြစ်ပွားခဲ့သည်ကို ပြောပြနိုင်မလား? ထိုနေရာသည် မည်သို့သောနေရာမျိုး ဖြစ်ပါသ လဲ? အခင်းဖြစ်ပွားနေသည်ကို သင် မြင်တွေ့နေစဉ် သင်သည် မည် သည့်နေရာတွင် ရှိနေပါသနည်း? အခြား ဘယ်သူရှိနေခဲ့သေးသလဲ? နေရာကို ဖော်ပြနိုင်မလား? ပြတင်း ပေါက်များနှင့် တံခါးများ ရှိပါသ လား? ရွာ/မြို့နယ်၏ မည်သည့် နေရာထဲတွင် အခင်းဖြစ်ပွားရာ တည်ရှိသလဲ? ယင်းနေရာထဲနှင့် အ နီးတဝိုက်တွင် မည်သူရှိခဲ့သနည်း? အဆိုပါ ပုဂ္ဂိုလ်များ ဘာဝတ်ထား သလဲဆိုသည်ကို ဖော်ပြနိုင်မလား? ခေါင်းတွင် တစ်ခုခု ဝတ်ထား/စီး ထားသည်များ ရှိသလား? ဘယ်လို ဖိနပ်မျိုးဝတ်ထားကြသလဲ? | **ထွက်ဆိုချက် :** "ကျွန်မက ရွာထဲမှာ ရှိနေ ပြီး ကျောင်းထဲမှာ အားလုံး စုဝေးနေခဲ့ပါ တယ်။ ဆရာမ တစ်ယောက်နေနဲ့ ကျောင်း ထဲမှာရှိတဲ့ ပုန်းစရာနေရာတွေကို အကုန်သိ တဲ့အတွက် အားလုံးလုံခြုံစေဖို့အတွက် ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကျောင်းထဲကို ဝင်လာတဲ့ စစ်ဂန်ထမ်းတွေနဲ့ယှဉ်ရင်တော့ အင်အားမရှိပါဘူး။ 'မင်းတို့အားလုံးက သန်ကောင်တွေပဲ၊ ဒီနေရာက သန်ကောင် တွေအားလုံးကို ကြည့်စမ်း'ဆိုပြီး စသည် ဖြင့် ရိုင်းပျတဲ့ စကားတွေကို အော်ဟစ် ရင်းနဲ့ တစ်ခန်းပြီး တစ်ခန်းကို ဝင်မွှေပါ တယ်။ ကျွန်မမသိလိုက်ခင်မှာပဲ အဲ့ဒီ စစ်သားတွေက ကျွန်မတို့ ပုန်းနေတဲ့ အခန်းထဲကို ဝင်ရောက် စီးနင်းခဲ့ပါတယ်။ သူတို့ထဲက တစ်ယောက်ဟာ ဆယ်ကျော် သက်အရွယ် မိန်းမငယ်လေးတွေကို ရွေးပြီး နံရံကမို့ကျက်နာမူကာ စတီ န်းဖို့အမိန့်ပေးခဲ့ ပါတယ်။ ကျန်စစ်သားတွေကတော့ ရယ် မောနေခဲ့ပါတယ်။ ပြီးတော့ ဘယ်အတွဲက ပိုတန်ဖိုးရှိမလဲဆိုတာကို ပြောနေခဲ့ကြပါ တယ်။ အတော်ကြာပြီးနောက် အော်ဟစ်ပြီး ငိုယို နေတဲ့ အားလုံးကို တိတ်တိတ်နေဖို့ အ တွက် စစ်သားတွေက လက်နက်တွေနဲ့ ချိန်ခဲ့ပါတယ်။ ကျန်တဲ့လူအားလုံးက အဲ့ဒီ လူဝင်လာတာနဲ့ မတ်တပ်ရပ်၊ အလေးပြု ရပြီး ညွှန်ကြားချက်တွေကို ဟိန်းဟောက် ပေးနေတဲ့ လူကောင်ကြီးပြီး အခွင့်အာဏာ ရှိသူမှန်း သေချာတဲ့ စစ်ဂန်ထမ်းကြီးတစ်ဦး က ပြုံးဖြဲဖြဲနဲ့ ခြေလှမ်းကျဲကျဲလှမ်းပြီး အ ခန်းထဲကို ခပ်ကော့ကော့ ဝင်လာပါ တယ်။ 'သန်ကောင်တွေ ဆပ်ကပ်ပြရမယ့် အချိန် ရောက်ပြီ'လို့ အဲ့ဒီလူကြီးကပြောပါတယ်။ ပြီးနောက် သူက လက်ဖျောက်တီးလိုက်ပြီး စစ်သားအချို့က အခန်းပြင်ကို ထုတ်ထား တဲ့ ယောက်ျားလေးတွေကို ထည့်ထားတဲ့ အခန်းတစ်ခုထဲကို လိုက်ပါပို့ဆောင်ပေးပါ တယ်။ အားလုံးက ဆယ်ကျော်သက်လေး တွေပဲရှိပါသေးတယ်။ သူက "ဈေးစဆစ်ကြစို့"လို့ ပြောပါတယ်။ |

| ဘာဖြစ်ခဲ့သနည်း? (ပြည့်တန်ဆာမှုကို အတင်းအကျပ် စေ ခိုင်းခြင်းကို ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက် အလက်ကို သင်ရရှိ ခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| | ယာဉ် တစ်မျိုးမျိုးကို မြင်လိုက်ရသည့် အ ခွင့်အခါမျိုးရှိခဲ့သလား? ယာဉ်များ ကို ဖော်ပြနိုင်မလား? မည်သည့် လက်နက်ကိုမဆို မြင်လိုက်ရသည့် အခွင့်အခါမျိုးရှိခဲ့သလား? သူတို့ အချင်းချင်း ပြောနေသည်ကို ကြား နိုင်ခဲ့သလား? ကြားခဲ့သည်ကို ပြော ပြနိုင်မလား? တိတိကျကျ မည်သူ က ပြောခဲ့သလဲ? | ပြီးနောက် သူ့လူ တွေကို ဘယ်အတွဲက ပိုက်ဆံပိုရပေးနိုင် မလဲဆိုတာ လှည့်မေးပါတယ်။ သူ့လူတွေ က သူ့ရှေ့မှာ မိန်းကလေးနဲ့ ယောကျ်ား လေးနှစ်ယောက်တွဲစီကို ရွေးထုတ်လာပါ တယ်။ အချို့ကတော့ မိန်းကလေးနဲ့ မိန်း ကလေးအတွဲ၊ အချို့ကတော့ ယောကျ်ား လေးနဲ့ ယောကျ်ားလေးအတွဲပါ။ စစ်သား တွေက တစ်ချိန်လုံး ရယ်မောနေခဲ့ကြပါ တယ်။ ခေါင်းဆောင်က ယောကျ်ားလေး နှစ်ယောက်ကို လက်ညှိုးထိုးပြီး "ဒီ နှစ်ယောက်ကတော့ ရွှေအဆင့် အတွဲပဲ" လို့ပြောပါတယ်။ အားလုံးကို စက်ပိုင်းပုံ သဏ္ဌာန်ဝိုင်းဖို့ ပြောပါတယ်။ စစ်သား တွေက အပြင်စက်ဝိုင်းမှာ လက်နက်တွေနဲ့ စောင့်ကြပ်နေပြီး အတွင်း စက်ဝိုင်းထဲမှာ တော့ မိန်းကလေးတွေနဲ့ ယောကျ်ားလေး တွေရှိပါတယ်။ သူက လက်ဖျောက်ထပ် တီးလိုက်တဲ့အခါ စစ်သားတွေထဲက တစ် ယောက်က ယောကျ်ားလေးနှစ်ယောက်ဆီ ရောက်လာပြီး အားလုံးရဲ့ ရှေ့မှာတင် အဲ့ဒီနှစ်ယောက်ရဲ့ ဘောင်းဘီတွေကို ချွတ် လိုက်ပါတယ်။ အခန်းထဲမှာ အဲ့ဒီ ကောင် လေးနှစ်ယောက် ရဲ့ အမေတွေလည်း ရှိပါ တယ်။ သူတို့ ညီမတွေထဲက တစ်ယောက် လည်း ရှိပါတယ်။ အော်ဟစ်ပြီး ငိုယိုတဲ့ လူတိုင်းကို ကြမ်းပြင်ဆီ ရိုက်ချပြီး သတ် ပစ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ ကောင် လေးတစ်ယောက်ရဲ့ အမျိုးသားအင်္ဂါကို ကျန်တစ်ယောက်ရဲ့ ပါးစပ်ထဲထည့်ပြီး စုပ် ယူဖို့အတွက် အမိန့်ပေးခဲ့ပါတယ်။" |
| ကျူးလွန်သူ သို့မဟုတ် အခြား လူ ပုဂ္ဂိုလ်သည် ငွေရေးကြေးရေးအရ သို့ မဟုတ် အလဲအလှယ်အနေဖြင့် အခြား အကျိုးအမြတ် သို့မဟုတ် အခြား ဆက်သွယ်မှုတစ်ခုခု ရရှိရန်အတွက် မျှော်လင့်၍ သို့မဟုတ် ရရှိပြီးဖြစ်၍ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝ ဖြစ် စဉ်များကို ကျူးလွန်ခဲ့သည်ဟု မည် သည့်အချက်များက ကူညီထောက်ပံ့ သနည်း (ပြည့်တန်ဆာမှုကို အတင်း အကြပ် ခိုင်းစေခြင်း၏ ဒုတိယအင်္ဂါ ရပ်)? | ပထမအင်္ဂါရပ်နှင့် ဆက်စပ်နေသည့် မေးခွန်းများသည် ဤအင်္ဂါရပ်အ တွက် မေးခွန်းများ၏ အဖြေများကို ပါ စကားနှိုက်ကာမေးမြန်းနိုင်သည့် အတွက် စစ်ဆေးမေးမြန်းသူက ဂရု တစိုက်ဖြင့် အရေးယူ ဆောင်ရွက် မေးမြန်းရန်လိုသည်။ | **ထွက်ဆိုချက်:** "သူတို့ခိုင်းတဲ့အတိုင်း ကြာ ကြာလုပ်လေလေ သူတို့ ပိုက်ဆံပိုရလေ လေပါပဲ။ ဒါကြောင့် စစ်သားတွေရဲ့ အော် သံက ပိုပိုကျယ်လာပြီး "ဆက်လုပ်၊ ဆက် လုပ်!"လို့ အော်နေခဲ့ပါတယ်။ ကောင်လေး တစ်ယောက်ရဲ့ ဒူးက ကြမ်းပေါ်ကျသွား ပါတယ်။ အဲ့ဒီတစ်ယောက် မူးမေ့သွား မသွားတော့ ကျွန်မမသိလိုက်ပါဘူး။ ခေါင်း ဆောင်က "သန်ကောင်တစ်ကောင်ကနေ တစ်ကောင်ကို ဘာလုပ်ရမလဲသိတယ် မဟုတ်လား!!"လို့ ပြောပါတယ်။ ကျန် ကောင်လေးကိုတော့ စစ်သားတွေက ကြမ်း ပေါ်ကျသွားတဲ့ကောင်လေးရဲ့အနောက်ကို တွန်းပြီး အဲ့ဒီစအိုဂထဲကို ကျန်တစ်ယောက် ရဲ့ အမျိုးသားအင်္ဂါကို ထည့်ခိုင်းဖို့လုပ်ပါ တယ်။ အားလုံး အော်ဟစ်ပြီး ငိုယိုနေကြ ပေမယ့် ကြမ်းပေါ်က ကောင်လေးကတော့ စောစောက အခြေအနေအတိုင်းပဲ ရှိနေပါ တယ်။ ခေါင်းဆောင်က နောက်ဆုံးပမာဏ ၅ဂဂဖြစ်ပြီး ပျော်ဖို့ကောင်းမယ့်အတွဲလို့ သူတို့ပြောတဲ့ ရွှေယောင်အတွဲကတော့ လုပ်ရမယ့်အလုပ်ကတော့ ပြီးဆုံးသွားခဲ့ပါ တယ်။ အဲ့ဒီကောင်လေးနှစ်ယောက်ကို အခန်းထောင့်ဘက်အထိ ခြေနဲ့ကန်ထုတ်ခဲ့ပြီး ငွေရောင်အတွဲဖြစ်ဖို့အတွက် ကျန်တဲ့ နှစ်ယောက်ကို ထပ်ရွေးပါတယ်။ အဲ့ဒီလို ဆက်လုပ်နေတာတွေဟာ နာရီပေါင်းများ စွာကြာမြင့်ပြီး ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေ အားလုံး အနိုင်ကျင့် စော်ကားခံရပြီးတဲ့အထိပါပဲ။ " |

## အတင်းအဓမ္မကိုယ်ဝန်ဆောင်စိုင်းခြင်း

**အင်္ဂါရပ်များ :**

၁) ကျူးလွန်သူသည် မည်သည့်မြို့ကြီး၏ တိုင်းရင်းသား စည်းလုံးညီညွတ်ပေါင်းစည်းရေးကို ထိခိုက်စေသည့် ရည်ရွယ်ချက် သို့မဟုတ် နိုင်ငံတကာဥပဒေအား အခြားစိုးရိမ်ဖွယ်ချိုးဖောက်စော်ကားမှုပြုရန် ရည်ရွယ်ချက်ဖြင့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အမျိုးသမီးများအား အတင်းအဓမ္မကိုယ်ဝန်ဆောင်စိုင်းရန်အတွက် ပိတ်လှောင် ချုပ်နှောင်ထားခြင်း။

| ဘာဖြစ်ခဲ့သနည်း? (အတင်းအဓမ္မ ကိုယ်ဝန်ဆောင်စိုင်း ခြင်း ကိုကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက် အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ် သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| မည်သည့်မြို့ကြီး၏ တိုင်းရင်းသား စည်းလုံးညီညွတ်ပေါင်းစည်းရေးကို ထိ ခိုက်စေသည့် ရည်ရွယ်ချက် သို့မဟုတ် နိုင်ငံတကာဥပဒေအား အခြားစိုးရိမ် ဖွယ် ချိုးဖောက်စော်ကားမှုပြုရန် ရည် ရွယ်ချက်ဖြင့် တစ်ဦး သို့မဟုတ် တစ် ဦးထက်ပိုသော အမျိုးသမီးများအား အတင်းအဓမ္မ ကိုယ်ဝန်ဆောင်စိုင်းရန် အတွက် ပိတ်လှောင် ချုပ်နှောင်ထား ခြင်းကို ကျူးလွန်ခဲ့သည်ဟု မည်သည့် အချက်က သက်သေပြ ထောက်ကူ သနည်း (အတင်းအဓမ္မ ကိုယ်ဝန် ဆောင်စိုင်းခြင်း၏ ပထမအင်္ဂါရပ်)? | ဘယ်အချိန်လောက်တွင်ကိုယ်ဝန် ရှိလာခဲ့သလဲဆိုတာကို ပြောပြနိုင် မလား? သင့်ကို ကျူးလွန်ခဲ့သူက သင့်ကိုယ်ဝန်နှင့်ပတ်သတ်ပြီး တစ် ခုခု ပြောခဲ့ပါသလား? ပြောခဲ့လျှင် ဘာပြောခဲ့သလဲ? | **ထွက်ဆိုချက် :** "ပြောပြဖို့ ခက်ခဲတယ် ဆိုပေမယ့် ကြိုးစားကြည့်ပါမယ်။ ပြီးခဲ့တစ် ခေါက်က ပြောခဲ့တဲ့အချိန်၊ စစ်သားတွေက အနာတရဖြစ်အောင် လုပ်တဲ့အချိန်က ကျွန်မကို မုဒိမ်းကျင့်ပြီး မုဒိမ်းကျင့်နေစဉ် တောက်လျှောက်မှာလည်း "အသားဖြူတဲ့ ကလေးလေးရအောင်လုပ်မယ်"လို့ ပြောခဲ့ ပါတယ်။ ကိုယ်ဝန်ရရှိနိုင်တဲ့ အခွင့်အလမ်း များတဲ့အတွက် ကျွန်မငိုပြီးရင်း ငိုနေခဲ့ပါ တယ်။ အထူးသဖြင့် ၃ရက်ဆက်တိုက် အကြိမ်များစွာ မုဒိမ်းကျင့်ခဲ့တဲ့အတွက် ကျွန်မ အရမ်းနာကျင်နေပြီး ကျွန်မ အော်ဟစ်နေသမျှကိုလည်း လုံးဝ ဂရုမစိုက် ခဲ့ပါဘူး။ "အသားဖြူတဲ့ကလေး၊ အသားဖြူတဲ့ကလေး" ဆိုပြီးတော့လည်း ဆက်တိုက် ပြောနေခဲ့ပါတယ်။ နောက်လမှာ အမျိုးသမီး လစဉ်ဓမ္မတာ မလာတော့တဲ့ အချိန်မှာ ကျွန်မမအံ့သြတော့ပါဘူး။ ကျွန်မ ကလေးမမွေးမီအချိန်အထိ အဲဒီနေရာမှာ ခေါ်ယူထိန်းသိမ်းထားပါတယ်။ အကြောင်း ကတော့ ကျွန်မကလေးကို ဖျက်ချမှာစိုးရိမ် တဲ့ အတွက်ပါ။ ဒီအကြောင်းကို ကျွန်မ ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး။ ကျွန်မ ကလေးကို ချစ်ပြီး သူမကို ကာကွယ်ပေးလို တဲ့အတွက်ပါ။ သမီးဟာ သူ့အဖေအရင်း ဘယ်သူဆိုတာကို မသိသေးပါဘူး။ ကျွန်မ ကလည်း သူ့အသက် ၁၈နှစ် မပြည့်မီအထိ မပြောပြဘူးလို့ ရည်ရွယ်ထားပါတယ်။ ကျွန်မသမီး ဒီအကြောင်းတွေကို သိမသွား စေရဘူးလို့ ရှင်တို့ဘက်က ကတိမပေး နိုင်ရင် ကျွန်မတို့ မီတင်ထိုင်နေတဲ့အချိန် မှတ်ထားတဲ့ မှတ်စုတွေအားလုံးကို သိမ်း ဆည်းခွင့် မပေးနိုင်ပါဘူး။"<br>**အခြားထွက်ဆိုချက် :** "ကျွန်တော့ အသက် ၁၄နှစ်မှာ ကလေးစစ်သားအဖြစ် စုဆောင်း ခြင်းခံခဲ့ရပါတယ်။ ကျွန်တော့်ကို တာဝန်ကျ ယူနစ်နဲ့ အတူ မဖွံ့ဖြိုးသေးတဲ့ဒေသမှာ တာ ဝန်ထမ်းဆောင်ဖို့ လွှတ်လိုက်ပါတယ်။ တပ်မှူး (commander)ဟာ အမျိုးသမီး ဖြစ်ပြီး ကျွန်တော်တို့ ရောက်ရောက်ခြင်း မှာတင် ကျွန်တော်တို့ကို စုံစမ်းစစ်ဆေးဖို့ အတွက် သူမရောက်ရှိလာပါတယ်။ ကျွန် တော့်ကို ချက်ခြင်းသတိထားမိပြီး 'ဒီတစ် ယောက် ငါပိုင်တယ်'လို့ ပြောပါတယ်။ |

နောက်ဆက်တွဲ ၁

| ဘာဖြစ်ခဲ့သနည်း? (အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်း ခြင်း ကိုကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေသော အချက် အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
| --- | --- | --- |
| | | ဆာဂျင်တွေထဲက တစ်ယောက်နဲ့အတူ ယူနစ်ထဲက ကျန်တဲ့လူတွေကို ပြန်လွှတ် လိုက်ပါတယ်။ ကျွန်တော်က သူမရဲ့ ဘော်ဒီဂတ်လုပ်ရာဖြစ်ပြီး သူမခိုင်းသမျှ အားလုံးကိုလုပ်မယ်လို့လည်း ပြောပါ တယ်။ ထမင်း၊ဟင်းချက်ပြုတ်တာ၊ သန့် ရှင်းရေးလုပ်တာ၊ တိုက်ခိုက်တာ၊ စသဖြင့် အားလုံးကို လုပ်ရမယ်လို့ဆိုပါတယ်။ ည ဘက် ကျွန်တော့ဆီလာပြီး သူမနဲ့ ကာမ စပ်ယှက်စေပါတယ်။ သူမ ခိုင်းတဲ့အတိုင်း မလုပ်ဘူးဆိုရင်၊ သူမကို စိတ်ကျေနပ်မှု မပေးဘူးဆိုရင် ကျွန်တော့ကို လက်နက် မပေးဘဲ ရှေ့တန်းပို့ပစ်ပြီး အသတ်ခံရ အောင် ထားခဲ့မဲ ယ်လို့ ဆိုပါတယ်။ အဲ့ဒီလို ညတိုင်းဆက်တိုက် ဖြစ်ပွားခဲ့ပြီး ရက် သတ္တပတ်ပေါင်းများစွာ ကြာခဲ့ပါတယ်။ တစ်ရက်မှာတော့ သူမက ကလေးယူဖို့ ဆုံးဖြတ်ခဲ့ကြောင်း ကျွန်တော့ကိုပြောပြီး သူမ လိုချင်တဲ့ကလေးရအောင် လုပ်ပေးဖို့ က ကျွန်တော့တာဝန်ဖြစ်ခဲ့ပါတယ်။ သူမနဲ့ တစ်နေ့ကို အကြိမ်ပေါင်းများစွာ ကာမစပ် ယှက်စေခဲ့ပြီး သူမသာ ကိုယ်ဝန်မရရှိခဲ့ရင် ကျွန်တော့အပြစ်ဖြစ်ပြီး ကျွန်တော့ကို ရိုက် နက်ရင်ရိုက်နက်၊ ဒါမှမဟုတ် သတ်ပစ်မယ် လို့ ဆိုပါတယ်။ ရက်သတ္တပတ်အချို့ ကြာ တဲ့အခါ ကိုယ်ဝန်ရှိနေကြောင်း သူမ သိလာ ခဲ့ပြီး သူမကို စောင့်ရှောက်ဖို့နဲ့ ကလေး ကျန်းမာဖို့အတွက် ကျွန်တော့ကို သူမနဲ့ အတူ စခန်းထဲမှာ နေစေပါတယ်။ အဲ့ဒီ အမျိုးသမီးက ကျွန်တော့ကလေးကို လွယ် ထားမှာ မလိုလားတဲ့အတွက် အရမ်းဝမ်း နည်းခဲ့ရပေမယ့် သူမက တပ်မှူးဖြစ်တဲ့အတွက် ကျွန်တော် လုပ်နိုင်တာ ဘာမှ မရှိခဲ့ ပါဘူး။ လပေါင်းများစွာ သူမနဲ့ အတူနေစေ ခဲ့ပြီး ကလေးမမွေးခင်မှာတင် ကျွန်တော့ ကို အဝေးပို့ခဲ့ပါတယ်။ ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလား ဒါမှ မဟုတ် သူတို့ လွတ်မြောက်အသက်ရှင် ခဲ့သလားဆိုတာတောင် မသိခဲ့ရပါဘူး။ ဒါပေမယ့် ကျွန်တော့ကလေးက အဲ့ဒီ အမျိုးသမီးရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေ ပြီး ကျွန်တော့ကို သိတောင်မသိတဲ့ အဖြစ်ကို အမြဲစဉ်းစားမိပြီး အဲ့ဒီနာကျင်မှုကို နှလုံးသားထဲမှာ အမြဲထည့်ထားခဲ့ပါတယ်။” |

## မျိုးမပွားနိုင်စေရန် အတင်းအဓမ္မဆောင်ရွက်ခြင်း

**အင်္ဂါရပ်များ :**

၁) ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏ ဇီဝမျိုးပွားနိုင်မှုကို ထိခိုက် စေခြင်း။

၂) သက်ဆိုင်ရာ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏ ဆေးဝါးကုသမှုဖြင့် သို့မဟုတ် ဆေးရုံမှ ကုသမှုဖြင့် အပြုအမူသည် မျှတမှန်ကန်ကြောင်း မပြသနိုင်ပါ။

| ဘာဖြစ်ခဲ့သနည်း? (မျိုးမပွားနိုင်စေရန် အတင်းအဓမ္မ ဆောင်ရွက်မှုကို ကျူးလွန်ခဲ့သ ည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ဦး သို့ မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ် များ၏ ဇီဝမျိုးပွားနိုင်မှုကို ထိခိုက် စေကြောင်း မည်သည့် အချက်များက သက်သေပြထောက်ကူသနည်း (မျိုးမပွားစေရန် အတင်းအဓမ္မဆောင်ရွက်ခြင်း၏ ပထမအင်္ဂါရပ်)? | ကျွန်တော်တို့အား ပြောပြခဲ့သည့် အဖြစ်အပျက်များ ဖြစ်ပွားနေစဉ်တွင် သင့်အဂတ်များ ချွတ်ရန် စေခိုင်းခြင်း ခံခဲ့ရပါသလား? သင့် လူမှုအသိုင်း အဝိုင်းတွင် လွန်ခဲ့သည့် ငါးနှစ်က ဖြစ်ပွားခဲ့သည့် အဖြစ်ကြောင့် သင်နှင့် သင့်အမျိုးသမီးသည် ကလေးမရရှိ နိုင်တော့ကြောင်း ကျွန်တော်တို့အား ရှင်းပြပြောဆိုခဲ့ဖူးပါသည်။ ထိုသို့ ဖြစ်ပွားစေသည်မှာ မည်သည်ဖြစ်သည်ကို ရှင်းပြနိုင်မလား? | **ထွက်ဆိုချက် :** "ဖြစ်ပွားခဲ့တာကတော့ စစ်သားတွေက ရွာတွေအားလုံးကို လာ ခဲ့ပြီး ကျွန်တော်တို့ ရွာကနေ လွတ်ရာကို မပြေးနိုင်တဲ့ ကျွန်တော်နဲ့၊ အခြားအမျိုး သားအားလုံးနဲ့ ယောက်ျားငယ်အားလုံး ကို ပြန်ပေးဆွဲသွားခဲ့ပါတယ်။ ကျွန်တော် တို့ ထိန်းသိမ်းခံခဲ့ရပြီး တောနက်ထဲကို ခေါ်ဆောင်သွားခြင်း ခံခဲ့ရပါတယ်။ အဲ့ဒီ တောနက်ထဲမှာ စစ်သားအတော်များများ ရှိနေပြီး ထရပ်ကားပေါ်က ကျွန်တော်တို့ ကို တစ်ယောက်ပြီး တစ်ယောက် ခေါ် ထုတ်သွားပါတယ်။ ကျွန်တော့ အလှည့် ရောက်တဲ့အခါမှာ ကျွန်တော့ကိုကြည့်ပြီး အော်ဟစ်ကာ ထရပ်ကားပေါ်ကနေ တ ရှပ်တိုက် ဆွဲချသွားခဲ့ကြပါတယ်။ သစ် ပင်တွေနဲ့ ပြည့်နေပြီး သွေးတွေ၊ မီး လောင်ရာတွေ၊ သွေးစွန်းနေတဲ့ တော ခုတ်ဓားတွေနဲ့ ပြည့်နေတဲ့နေရာကို ကျွန်တော့ကို ခေါ်သွားပါတယ်။ ကျွန်တော့ရဲ့ အိမ်နီးချင်း အမျိုးသားတွေကို ခပ်လှမ်းလှမ်းကနေ တွေ့လိုက် ပြီး သူတို့ရဲ့ အော်သံကိုပါ ကြား လိုက်ပါတယ်။ အဲ့ဒီအချိန်မှာ သူတို့ကို စစ်သားတွေက ဝိုင်းထားပြီး ဓာတ်ခွဲခန်း တွေမှာ အလုပ်လုပ်တဲ့ပုံပေါ်တဲ့ ကုတ် အဖြူတွေဝတ်ထားတဲ့ အခြားလူအချို့ လည်း ရှိနေပါတယ်။ ကျွန်တော့ရဲ့ လက် တွေကို ကြိုးနဲ့တုပ်ပြီး ဘောင်းဘီကို ချွတ်ပါတယ်။ ခြေထောက်တွေကို တစ် ချောင်းနဲ့တစ်ချောင်း ကွာဟေးအောင် ကြိုးနဲ့တုပ်ပါတယ်။ မီးထဲက တောခုတ် ဓားတွေထဲက တစ်ချောင်းကို ထုတ်လိုက် တဲ့အချိန်မှာတော့ သူတို့ ဘာလုပ်မလဲ ဆိုတာကို ကျွန်တော် သဘောပေါက် လိုက်ပါတယ်။ သူတို့က "မင်းထပ်ပြီး မျိုးပွားနိုင်တော့မှာ မဟုတ်ဘူး"လို့ ပြော ပါတယ်။ မျိုးပွားအင်္ဂါကို ဖြတ်ထုတ်လိုက် တဲ့အချိန်မှာ ကြောက်ဖို့အကောင်းဆုံး နာကျင်မှုကို ခံစားလိုက်ရပါတယ်။ အဲ့ဒီ အချိန်ကစပြီး နာကျင်မှုကြောင့် သေသေ ချာချာ မကြားနိုင်၊ မမြင်နိုင်ဖြစ်ခဲ့ပါတယ်။ နောက်မှ သိရတာက ကုတ်အဖြူ ဝတ် ထားတဲ့ အမျိုးသားတွေဟာ ကျွန်တော် တို့ သွေးထွက်လွန်ပြီး မသေရအောင် ကျွန်တော်တို့ရဲ့ဒဏ်ရာတွေကို ချုပ်ပေး ဖို့ အဲ့ဒီနေရာရောက်နေတယ်ဆိုတာကိုပါ ပဲ။ ကျွန်တော်တို့ |

| ဘာဖြစ်ခဲ့သနည်း? (မျိုးမပွားနိုင်စေရန် အတင်းအဓမ္မ ဆောင်ရွက်မှုကို ကျူးလွန်ခဲ့သ ည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| | | အတော်များများကို သတိမလည်သေးတဲ့အခြေအနေ၊ သွေးတွေနဲ့ လဲနေတဲ့အခြေအနေမှာ ထားခဲ့ ကြပါတယ်။ နာရီပေါင်းများစွာ ကြာတဲ့ အခါ ကျွန်တော်တို့အမျိုးသမီးတွေနဲ့ ရွာက အခြားအမျိုးသမီးတွေက လာပြီး ရှာနိုင်ခဲ့ကြပါတယ်။ ကျွန်တော့ ဂမ်းကွဲ ညီအစ်ကိုနှစ်ယောက်တော့ အသက်ရှင် မကျန်ရစ်တော့ပါဘူး” |
| သက်ဆိုင်ရာ လူပုဂ္ဂိုလ်တစ်ဦး သို့မ ဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ ၏ ဆေးဂါးကုသမှုဖြင့် သို့မဟုတ် ဆေးရုံမှ ကုသမှုဖြင့် အပြုအမူသည် မျှတမှန်ကန်ကြောင်း မပြသနိုင်ကြောင်းကို မည်သည့် အချက်များက သက်သေပြ ထောက်ကူသနည်း (မျိုးမပွားစေရန် အတင်းအဓမ္မ ဆောင်ရွက် ခြင်း၏ ဒုတိယအင်္ဂါရပ်)? | မည်သည့်နေရာတွင် အခင်းဖြစ်ပွားခဲ့ သနည်း [ဆိုလိုသည်မှာ ဆေးရုံတွင် ဖြစ်ပွားခဲ့သလား သို့မဟုတ် ကျန်းမာ ရေးဌာနတွင် ဖြစ်ပွားခဲ့သ ည်လား?] သင့်အနေနှင့် ၎င်းကို ထောက်ခံ သဘောတူခဲ့ပါသလား? | (အထက်တွင် ဖော်ပြထားသည့် သက် သေသည် ဤအင်္ဂါရပ်ကိုပါ ပြေလည်စေ နိုင်သည်။)<br><br>**အခြားထွက်ဆိုချက် :** “ကျွန်မတို့ စခန်း ကိုရောက်တဲ့အချိန် ကျွန်မတို့ နေမ ကောင်းမဖြစ်ရအောင် ရောဂါတွေကို ကာကွယ်နိုင်တဲ့ ဆေးပေးမယ်လို့ ပြော ပါတယ်။ ရောက်ရောက်ချင်း ဆေးထိုး ပေးပြီး အစုရေကို သောက်လို့ရပြီလို့ ပြောပါတယ်။ အဲ့လို ဆေးထိုးပြီးတဲ့ အ ချိန်မှာ ရေသောက်ပြီး နေထိုင်မကောင်း တာရှိလားလို့ မေးတဲ့အခါ ကျွန်မတို့ က ရှိပါတယ်လို့ ဖြေခဲ့ပါတယ်။ အဲ့ဒီအခါ သူတို့က ကျွန်မတို့ကိုယ်မှာရှိတဲ့ ကပ် ပါးပိုးအချို့ကို ဖယ်ထုတ်ရှင်းလင်းဖို့ အတွက် အသေးစား ခွဲစိတ်မှုကို လိုအပ် တယ်လို့ပြောပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ နာကျင်မှုကို ခံစားခဲ့ရပါ တယ်။ အဲ့ဒီလ နောက်ပိုင်း မှာ လစဉ် ဓမ္မတာ နည်းနည်းပဲလာတဲ့လူကလာပြီး၊ လုံးဝ မလာတဲ့လူတောင် ရှိကြောင်း ပြောကြပါတယ်။ ကျွန်မတို့ဟာ ကိုယ် ဝန်ရှိလာမှာကို စိုးရိမ်နေခဲ့ကြပါတယ်။ ဒါ ပေမယ့် အချိန်အချို့သာ ကြာသွားပြီး ဗိုက်ထွက်မလာတာကြောင့် ဒါကျွန်မတို့ ခံစားနေရတဲ့ ရောဂါ ဒါမှမဟုတ် ကျွန်မ တို့ ခံစားဖြတ်သန်းနေရတာကြောင့်လို့ ထင်ခဲ့ပါတယ်။ အဲ့ဒီနေရာကနေ လွတ် မြောက်ပြီးနောက် မြို့ပေါ်တက်ပြီး NGO တစ်ခုအတွက် အလုပ်လုပ်တဲ့ သားဖွား မီးယပ်ဆရာဝန်တစ်ယောက်ဆီ သွားမ ပြခင်အထိ မသိခဲ့ပါဘူး။ ဆရာဝန်က သူတို့ကျွန်မကို ပြုလုပ်ခဲ့တဲ့ကိစ္စကြောင့် ကျွန်မ ကလေးထပ်မရနိုင်တော့ဘူးလို့ ပြောပါတယ်။ ကျွန်မတို့ကို ကာကွယ်ဖို့ လို့ပြောတဲ့ ဆေးတွေနဲ့ ခွဲစိတ်မှုက ကျွန်မတို့ကို ကလေးမရအောင်လုပ်ဖို့ ဖြစ်ပြီး ဆရာဝန်အနေနဲ့ ပြန်ကောင်းလာ အောင် လုပ်ဖို့မတတ်နိုင်တော့ဘူးလို့ ဆိုပါတယ်။ ကျွန်မနဲ့အတူ စခန်းမှာ ရှိနေခဲ့တဲ့ အမျိုးသမီး ဘယ်သူမှ ကလေး မရတော့ပါဘူး။ ဒါကြောင့် သူတို့တွေ ကျွန်မတို့ကို ဘာလုပ်ခဲ့လဲဆိုတာ ကျွန်မ သိရတာဖြစ်ပါတယ်။” |

နောက်ဆက်တွဲ ၁

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

**အင်္ဂါရပ်များ :**

၁) ကျူးလွန်သူသည် လိင်ပိုင်းဆိုင်ရာ သဘောသဘာဝ ဖြစ်စဉ်များကို ကျူးလွန်ရာတွင် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအား ယင်းဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်စေရန် တွန်းအားပေး ခြင်းဖြင့်၊ သို့မဟုတ် အကြမ်း ဖက်မှု၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ချုပ်နှောင်ထိန်းသိမ်းထားခြင်း၊ စိတ်ပိုင်း ဆိုင်ရာ ဖိနှိပ်ချုပ်ချယ်ခြင်း သို့မဟုတ် အခွင့်အာဏာအလွဲသုံးစားလုပ်ခြင်းကဲ့သို့သော တွန်းအားပေးကာ သို့မဟုတ် အကြပ်ကိုင်ကာ ခြိမ်းခြောက် ခြင်းဖြင့်၊ သို့မဟုတ် မှန်ကန်သော သဘောတူညီမှု ရရှိရန် ဆောင်ရွက်နိုင်စွမ်းရှိသည့် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုသော ပုဂ္ဂိုလ်များမှ သို့မဟုတ် အကြပ်ကိုင်ခြိမ်းခြောက်သည့် ပတ်ဝန်းကျင်မှ အမြတ်ထုတ်ခြင်းဖြင့် ကျူးလွန်ခြင်း။

၂) အဆိုပါ အပြုအမူမျိုးသည် လူသားချင်းစာနာထောက်ထားမှုမရှိ၍ ကျူးလွန်ကြသည့် အခြားပြစ်မှုများနှင့် နှိုင်းယှဉ်လျှင် ကြီးမားလေးနက်သည့် ကျူးလွန်မှုမျိုးဖြစ်ခြင်း။

၃) ကျူးလွန်သူသည် ယင်းကြီးမားလေးနက်သည့် ကျူးလွန်မှုကို ဖြစ်ပွားစေသည့် အဖြစ်မှန်အခြေအနေများကို သတိရှိနေခဲ့ခြင်း။

| ဘာဖြစ်ခဲ့သ နည်း? (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| ကျူးလွန်သူသည် လိင်ပိုင်းဆိုင်ရာ သ ဘောသဘာဝဖြစ်စဉ်များကို ကျူးလွန် ရာတွင် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအား ယင်းဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက် စေရန် တွန်းအားပေးခြင်းဖြင့်၊ သို့မ ဟုတ် အကြမ်းဖက်မှု၊ ခြိမ်းခြောက် အ ကြပ်ကိုင်ခြင်း၊ ချုပ်နှောင်ထိန်းသိမ်း ထားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ချုပ် ချယ်ခြင်း သို့မဟုတ် အခွင့်အာဏာ အလွဲသုံးစားလုပ်ခြင်းကဲ့သို့သော တွန်း အားပေးကာ သို့မဟုတ် အကြပ်ကိုင် ကာ ခြိမ်းခြောက်ခြင်းဖြင့်၊ သို့မဟုတ် မှန်ကန်သော သဘော တူညီမှု ရရှိရန် ဆောင်ရွက်နိုင်စွမ်း ရှိသည့် လူပုဂ္ဂိုလ် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များမှ သို့မဟုတ် အကြပ်ကိုင် ခြိမ်းခြောက် သည့် ပတ်ဝန်းကျင်မှ အ မြတ်ထုတ် ခြင်းဖြင့် ကျူးလွန်ခဲ့သည်ဟု မည် သည့်အချက်များက သက်သေပြ ထောက်ကူလျက် ရှိသနည်း (လိင် ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ ပထမ အင်္ဂါရပ်) ? | ဘာဖြစ်ခဲ့သည်ကို ကျေးဇူးပြု၍ ဖော်ပြပေးနိုင်မလား (အထက် တွင် ရေးသားထားသည့် ထပ်တိုး ခန့်မှန်း မေးခွန်းများကို ကြည့်ပါ)? ကျူးလွန်သူက ဘာပြောခဲ့သလဲ? | **ထွက်ဆိုချက် :** "ကော်ရစ်ဒါမှာ ကျွန်တော်တို့ တစ်ယောက်ပြီးတစ်ယောက် တန်းစီ ရပြီး တစ်ယောက်ပြီးတစ်ယောက် အခန်း ထဲ ခေါ်သွားခံရပါတယ်။ စောင့်နေတဲ့ ကျွန်တော်တို့အနေနဲ့ အခန်းထဲက ကောင်လေးတွေ အော်ဟစ်နေတဲ့အသံကို ကြား လိုက်ရပါတယ်။ ပြန်ထွက်လာတဲ့ အခါမှာ သူတို့ခန္ဓာကိုယ်မှာ အဝတ်တွေမရှိတော့ ဘဲ ခါးမှာ အဝတ်စုတ်အပိုင်းလေးပဲရှိပြီး သွေးတွေစွန်းနေခဲ့ပါတယ်။ ထော့နဲ့ ထော့ နဲ့နဲ့ လမ်းလျှောက်လာပြီး ငိုပြီးရင်း ငိုလာ ခဲ့ကြပါတယ်။ အချို့ကတော့ နာကျင်မှု ကြောင့် မူးမေ့ပြီး အချို့ကတော့ စိတ် ခြောက်ခြားနေခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ပြန်သိရတာကတော့ သူပုန်တွေဟာ ကျွန် တော်တို့ရဲ့ အမျိုးသားအင်္ဂါတွေမှာ တစ် သက်လုံးရှိနေမယ့် အမာရွတ်ကို ပေးခဲ့တဲ့ ကျူးလွန်မှုမျိုးကို ကျူးလွန်ခဲ့တာပါပဲ။"<br>**အခြားထွက်ဆိုချက် :** "ကျွန်တော်တို့ ဒေ သက လိင်တူစိတ်ဝင်စားသူ အမျိုးသား များနဲ့ အမျိုးသမီးများကို ဖယ်ထုတ်ပြီး လူ သူကင်းမဲ့တဲ့ ကျေးလက်ဒေသက ကျောင်း ကို ခေါ်သွားပြီး အစောင့်အကြပ်တွေနဲ့ ထိန်းသိမ်းထားခဲ့ပါတယ်။ နေ့တိုင်း အမျိုး သားတွေကို သံချောင်းနဲ့ဆောက်ထားတဲ့ စင်တွေပါတဲ့ အခန်းထဲကို ခေါ်သွားပါ တယ်။ အဲ့ဒီစင်မှာ ခြေထောက်နဲ့ လက် တွေကို ချည်ထားပြီး အမျိုးသားချင်း ကာမ စပ်ယှက်စေခဲ့ပါတယ်။ ကျွန်တော်တို့ကို ချုပ်နှောင်ဖမ်းဆီးထားတဲ့ အစောင့် အကြပ်တွေက 'မင်းတို့ ဒါမျိုး ကြိုက်တာ မဟုတ်ဘူးလား'လို့ ဆက်တိုက် ပြောနေခဲ့ ပါတယ်။ တစ်ခါတစ်ရံ အခြား ထောင်သား တွေကိုပါ ခေါ်လာပြီး ကျွန်တော်တို့နဲ့ ကာမစပ်ယှက်စေခဲ့ပါတယ်။အမျိုးသားလိင် အင်္ဂါ တင်းမာခြင်းမျိုးဖြစ်ခဲ့ရင် သူတို့ တွေက ရယ်ပြီး 'အခု မင်းတို့ အားလုံးဟာ အခြောက်တွေပဲ'လို့ ပြောကြ ပါတယ်။" |

| ဘာဖြစ်ခဲ့သ နည်း? (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သဲ ည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ် သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| | | **အခြားထွက်ဆိုချက် :** "ကျွန်မတို့ကို ရွာက မြေကွပ်လပ်မှာစုခိုင်းပြီး အတွင်းခံတွေ အ ပါအဝင် အဝတ်တွေ အားလုံးကို ချွတ်ခိုင်း ပါတယ်။ ကျွန်မတို့ဟာ ရွာရဲ့ အဓိက မြေ ကွပ်လပ်မှာရှိနေတာဖြစ်ပြီး အားလုံးရဲ့ရှေ့ မှာ ရှိနေတာဖြစ်ပါတယ်။ ကျွန်မတို့ထဲက အချို့ကို ရွေးပြီး သူတို့ရွေးထားတဲ့လူတွေ ကို ထရပ်ကားပေါ်တက်စေပါတယ်။ ကျွန်မ တို့အားလုံးဟာ ပျမ်းမျှ အသက် ၁၄နဲ့ ၂၂ ကြား အမျိုးသမီးတွေချည်းပါပဲ။ လူသူ အရောက်အပေါက်နည်းတဲ့ နေရာကို နာရီ ပေါင်းများစွာ ကြာတယ်လို့ ထင်ရတဲ့အထိ ကားမောင်းသွားပါတယ်။ စွန့်ပစ်ထားတဲ့ တဲတစ်ခုထဲကို ခေါ်သွားပါတယ်။ ပြီးတော့ ကြမ်းပေါ်မှာရှိတဲ့ ညစ်ပတ်ပေရေနေတဲ့ ဖျာ ပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် ဘေး ချင်းကပ်စီ လှဲနေဖို့ အမိန့်ပေးပါတယ်။ အဲ့ ဒီအဖွဲ့ရဲ့ ခေါင်းဆောင်လို့ ထင်ရတဲ့ တစ်ယောက်က ပြုံးပြီး လိပ်ထားတဲ့ အဝတ် ကို အခြားအခန်းက ယူလာပါတယ်။ အဲ့ဒီလူက အဝတ်ကို ဖြေချလိုက်တဲ့အခါ အခြား လက်နက်ကိုင် အမျိုးသားတွေက လေချွန်ပြီး လက်ခုပ်တီးကြပါတယ်။ အ ဝတ်ထဲမှာ အမျိုးမျိုးသော အရွယ်အစားရှိ တဲ့ ဓား ၆ချောင်းရှိနေပါတယ်။ ကျွန်မတို့ တစ်ယောက်ချင်းစီကို ဓားတွေထဲက တစ် ချောင်းနဲ့ အမျိုးသမီးအင်္ဂါဇာတ်ကို ဓားနဲ့ လှီးဖြတ်ခြင်းခံရပါတယ်။ အခြားလူတွေက ကြည့်နေပြီး ဓားအမျိုးမျိုးကြောင့် မတူတဲ့ ရလဒ်အမျိုးမျိုးအကြောင်း မှတ်ချက်ပေးနေ တဲ့အချိန် အလှည့်ကို စောင့်နေရတဲ့ ကျွန်မက ၄ယောက်မြောက် ဖြစ်ပါတယ်။" |
| အဆိုပါ အပြုအမူများသည် လူသား ချင်း စာနာထောက်ထားမှုမရှိ၍ ကျူး လွန်ကြသည့် အခြားဆင်တူ ပြစ်မှုများ နှင့် နှိုင်းယှဉ်လျှင် ကြီးမားလွန်းလှသည့် အဆင့်တစ်ခုသို့ ရောက်ရှိနေသည့် ကျူးလွန်မှုမျိုးဖြစ်ကြောင်း မည်သည့် အချက်များက သက်သေပြ ထောက်ကူ သနည်း (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှု၏ ဒုတိယ အင်္ဂါရပ်)? | မည်သို့ ခံစားခဲ့ရကြောင်း ကျေးဇူး ပြု၍ ပြောပြပေးပါ? ရုပ်ပိုင်းဆိုင်ရာ အရ မည်သို့ ခံစားကြုံတွေ့ခဲ့ရ သနည်း? အဆိုပါ အခိုက်အတန့် တွင် စိတ်ပိုင်းဆိုင်ရာအရ မည်သို့ ခံစားခဲ့ရသနည်း? သင်ဘာလုပ်နိုင် ခဲ့ပြီး၊ ဘာမလုပ်နိုင်ခဲ့သလဲ? နောက် ဆက်တွဲ ရလဒ်များမှာ အဘယ် နည်း? | **ထွက်ဆိုချက် :** "အနာကျက်ဖို့ ရက်သတ္တ ပတ် အတော်ကြာခဲ့ပါတယ်။ ယောက်ျား လေးတွေထဲက သုံးယောက်လည်း ကျွန်မ တို့ နေတိုင်းလုပ်ရတဲ့ မြေတူးတဲ့အလုပ်ကို လုပ်ရ ပါတယ်။ တူးတာတိမ်လေလေ ကျွန် မတို့အစားအစာ နည်းနည်းပဲ ရလေလေပါ ပဲ။ ဒါပေမယ့် ကျွန်မတို့ထဲက အတော်များ များက အရမ်းနေမကောင်းဖြစ်နေပြီး တစ် ခုခုလုပ်ဖို့ကို အရမ်းနာကျင်ခံစားနေရတဲ့ အတွက် အရမ်းခက်ခက်ခဲခဲနဲ့လုပ်ခဲ့ရပြီး ရလဒ်အနေနဲ့ အသက်ရှင်လွတ်မြောက်ဖို့ လုံလောက်တယ်ဆိုရုံသာ ရှိတဲ့အစာပမာဏ ကို ရရှိခဲ့ပါတယ်။ ကံကောင်းတာက ရေ ရရှိခဲ့ပြီး မကြာခဏ ဝမ်းပျက်ဝမ်းလျှောဖြစ် စေတဲ့အထိ ညစ်ညမ်းနေတဲ့ရေဖြစ်နေတာ ပါပဲ။ အဲ့ဒီရေကြောင့် အသက်ဆက်ရှင်နေ ခဲ့တယ်လို့ ကျွန်မတော့ယုံကြည်ပါတယ်။" |

| ဘာဖြစ်ခဲ့သ နည်း? (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါသလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| ကျူးလွန်သူသည် လူသားချင်းစာနာ ထောက်ထားမှုမရှိ၍ ကျူးလွန်သည့် ပြစ်မှုမျိုးကို ကျူးလွန်မိစေရန် လုံ လောက်စေသည့် ပြင်းထန်သော အဖြစ်မှန်အခြေအနေများကို သတိ ရှိနေခဲ့ကြောင်း မည်သည့် အချက် များက သက်သေပြ ထောက်ကူသ နည်း? (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှု၏ တတိယ အင်္ဂါရပ်)? | ဒဏ်ရာ အနာတရ ဖြစ်စေရန် ဆောင်ရွက်နေစဉ် သူပုန်များတစ်ခုခု ပြောနေသည်ကို ကြားခဲ့ပါသလား? မည်သည့် နေရာတွင် ၎င်းတို့ ရှိနေခဲ့ပြီး မည်သည့်အချိန်တွင် ဖြစ်ပွားခဲ့သနည်း? ယင်းအမှုကို အမြဲကျူးလွန်သည်မှာ တူညီသော သူပုန်တစ်ဦးတည်းကဖြစ်ပါသလား? | **ထွက်ဆိုချက် :** "သူပုန်အရေအတွက် နည်းပါတယ်။ ၇ယောက်လောက်ရှိမယ် ထင်ပါတယ်။ ဒါပေမယ့် သူတို့တွေက ဓားတွေ ကိုင်ဆောင်ထားခဲ့ပါတယ်။ ကျွန်တော်တို့ကို ခေါ်ဆောင်လာရတဲ့ အဓိက ရည်ရွယ်ချက်က ကျွန်တော်တို့ကို 'အမျိုး သားများအဖြစ် ဇာတ်သွင်းပြီး ကျွန်အဖြစ် အမှတ်အသား ပြုဖို့'လို့ ဆိုပါတယ်။" အဲ့ဒီ လို ကျူးလွန်ခြင်းက သူတို့ရဲ့ 'ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ'ဖြစ်ပြီး 'သူတို့ရဲ့ ကျွန်တွေ အားလုံး'ကို အဆိုပါနည်းအတိုင်း ဆောင်ရွက်တယ်လို့အခိုင်အမာပြောခဲ့ကြပါတယ်။" |

## ဖိစီးနှိပ်စက်ခြင်း[၅၇]

**အင်္ဂါရပ်များ :**

၁) နိုင်ငံတကာဥပဒေကို ဆန့်ကျင်ကာ ကျူးလွန်သူသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် လူပုဂ္ဂိုလ်များ၏ အခြေခံအခွင့်အရေးများကို ပြင်းပြင်းထန်ထန် ထိခိုက်နစ်နာစေခြင်း။

၂) ကျူးလွန်သူသည် အဖွဲ့ သို့မဟုတ် စုပေါင်းလုပ်ငန်း၏ လက္ခဏာကြောင့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် လူပုဂ္ဂိုလ်များအား ပစ်မှတ်ထားခြင်း သို့မဟုတ် အဖွဲ့ သို့မဟုတ် စုပေါင်းလုပ်ငန်းအား ပစ်မှတ်ထားခြင်း။

၃) ယင်းပစ်မှတ်ထားခြင်းသည်နိုင်ငံရေး၊လူမျိုးရေး၊အမျိုးသားရေး၊လူမျိုးစုရေး၊ကျား/မ ဖြစ်မှု **(လွှတ်တော်မှ အတည်ပြုထားသည့် ဥပဒေပုဒ်မ ၇၊ အပိုဒ်ခွဲ - ၃ တွင် ဖော်ပြ ပြဋ္ဌာန်းထားသည့်အတိုင်း)** သို့မဟုတ်နိုင်ငံတကာဥပဒေတွင်ခွင့်မပြုထားကြောင်းတစ်ကမ္ဘာလုံးတွင် ကြေညာအသိအမှတ်ပြုထားသောအကြောင်းအချက်များအပေါ်အခြေခံခြင်း။

၄) လွှတ်တော်မှ အတည်ပြုထားသည့် ဥပဒေ ပုဒ်မ၇၊ အပိုဒ်ခွဲ၃တွင် ဖော်ပြဋ္ဌာန်းထားသည့် ဆောင်ရွက်ချက်နှင့် သို့မဟုတ် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ မည်သည့် ပြစ်မှုနှင့်မဆို ဆက်စပ်မှုရှိသော အပြုအမူကို ကျူးလွန်ခြင်း။

၅၇ မှတ်ချက် - နိုင်ငံရေးလူမျိုးရေး၊ အမျိုးသားရေး၊ တိုင်းရင်းသားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး (သို့) ကျားမနောက်ခံများနှင့်စပ်လျဉ်းသည့် အထက်တွင်ဖော်ပြထားသော ပြစ်မှုများအနက် တစ်ခုခုကို နောင့်ယှက်နှိပ်စက်သည့်ပုံစံဖြင့် ကျူးလွန်သည့်အခါ ယင်းတို့တွင် လူသားချင်း စာနာထောက်ထားမှုကင်းမဲ့သည့် ညှင်းပန်းနှိပ်စက်မှုပါဝင်နိုင်ပါသည်။ ညှင်းပန်းနှိပ်စက်လိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်း ဟုတ် မဟုတ်ဆုံးဖြတ်နိုင်ရန် မျက်မြင်သက်သေကို မေးခွန်းမေးမြန်းရန်အလို့ငှာ အရေးပါပါသည်။ ညှဉ်းပမ်းနှိပ်စက်သည်ဆိုရာတွင် လိင်ပိုင်းဆိုင်ရာ အရ ဘာမှမဟုတ်ဘဲ လူတစ်ဦးတစ်ယောက်ချင်းကို ၎င်းတို့၏ နိုင်ငံရေးအမြင် (သို့) လူမျိုး၊နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ ယဉ်ကျေးမှု၊ ဘာသာရေးအရပေါင်းစည်းမှု (သို့) ကျားမဖြစ်ခြင်းတို့အပေါ် မူတည်ကာ ပစ်မှတ်ထားခြင်းနှင့် လိင်အကြမ်းဖက်မှုပါဝင်သည့် ပြစ်မှုဖြစ်လျှင် ညှင်းပန်းနှိပ်စက်မှုပြစ်မှုနှင့် အကျုံးဝင်သက်ဆိုင်ပါသည်။

| ဘာဖြစ်ခဲ့သနည်း? (ဖိစီးနှိပ်စက်ခြင်းကို ကျူးလွန်ခဲ့သ ည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| နိုင်ငံတကာဥပဒေကို ဆန့်ကျင်ကာ ကျူးလွန်သူသည် လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက် သို့မဟုတ် လူပုဂ္ဂိုလ် များ၏ အခြေခံ အခွင့်အရေးများကို ပြင်းပြင်းထန်ထန် ထိခိုက်နစ်နာစေခဲ့ ကြောင်း မည်သည့် အချက်များက သက်သေပြ ထောက်ကူသနည်း? (ဖိစီးနှိပ်စက်ခြင်း၏ ပထမ အင်္ဂါရပ်)? | ဤတွင် ဖော်ပြထားသော ပြစ်မှုများ သို့မဟုတ် အခြားကြီးမားသော ချိုး ဖောက်စော်ကားမှုများအတွက် သက် သေအထောက်အထားကို စကား နှိုက်ယူမေးမြန်းနိုင်သည့် အထက် တွင် ဖော်ပြထားသော မည်သည့် မေးခွန်းမဆို ဖိစီးနှိပ်စက်မှု၏ ဤ အင်္ဂါရပ်ကို ပြေလည်စေနိုင်ပါမည်။ | (အထက်တွင်ဖော်ပြထားသည့် ဤကော်လံပါ ရေးသွင်းချက်အဖြစ် ကျူးလွန်မှု၏ မျက်မြင် သက်သေမှ ထွက်ဆိုသည့် မည်သည့် ထွက်ဆိုချက်ကိုမဆို သည်ဖိစီးနှိပ်စက်မှု၏ ဤအင်္ဂါရပ်ကို ပြေလည်စေနိုင်ပါမည်။) |
| ကျူးလွန်သူသည် အဖွဲ့ သို့မဟုတ် စုပေါင်းလုပ်ငန်း၏ လက္ခဏာကြောင့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မ ဟုတ် လူပုဂ္ဂိုလ်များအား ပစ်မှတ်ထား ခြင်း သို့မဟုတ် အဖွဲ့ သို့မဟုတ် စုပေါင်းလုပ်ငန်းအား ပစ်မှတ်ထား ကြောင်း မည်သည့် အချက်များက သက်သေပြထောက်ကူသနည်း (ဖိစီးနှိပ်စက်ခြင်း၏ ဒုတိယအင်္ဂါရပ်)? | အဘာယ်ကြောင့် သင်တိုက်ခိုက်ခံရ ကြောင်း သိရှိခဲ့ပါသလား? တိုက်ခိုက် သူများက တိုက်ခိုက်ခံရတဲ့လူများ အ ကြောင်း ပြောခဲ့ပါသလား? ၎င်းတို့က ဘာပြောခဲ့ပါသလဲ? မျက်မြင် သက် သေက အချို့သော ပုဂ္ဂိုလ်များ တိုက်ခိုက်ခံရကြောင်းကို ရှင်းပြ ထွက် ဆိုခဲ့လျှင် : အဘာယ့်ကြောင့် သင် တိုက်ခိုက်ခံခဲ့ရကြောင်းကို သိရှိ ခဲ့ပါ သလား? မည်သို့ သိရှိခဲ့ပါသနည်း? | **ထွက်ဆိုချက် :** "ကျွန်မတို့ဟာ ကျွန် တွေအဖြစ် လူမဟုတ်ဘဲ ပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ လူ့သိက္ခာကင်း မဲ့တဲ့အထိ အစော်ကားခံခဲ့ရပြီး ကျွန်မတို့ နှိပ်စ က်ခံခဲ့ရတဲ့အကြိမ်တိုင်းမှာ ကျွန်မ တို့ဟာ ယောကျ်ားတွေကို အလုပ် အကျွေးပြုဖို့၊ ညှော့ခံဖျော်ဖြေဖို့ ဖန်တီးခံလာရတဲ့ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေလို့ ပြောခဲ့ကြပါတယ်။"<br>**အခြားထွက်ဆိုချက် :** "ကျွန်တော်တို့ကို မီတင်မှာ စောင့်ကြည့်ခဲ့တဲ့အတွက် ကျွန် တော်တို့က အခြောက်တွေဆိုတာကို သိတယ်လို့ အဲ့ဒီလူတွေက ပြောခဲ့ပါတယ်။ ကျွန်တော်တို့အိမ်အထိ လိုက်လာခဲ့ပြီး ကျွန်တော်တို့ကို 'အဂတ် အစား ဂတ်နေတာတွေရပ်ပြီး လိင်တူ ဆက်ဆံတဲ့လူတွေလိုနေဖို့'၊ 'ယောကျ်ား အစစ်တွေလို ပြုမူဖို့နဲ့ အမျိုးသမီးတွေလို အယောင်မဆောင်ဖို့' ပြောခဲ့ပါတယ်။ ကျွန်တော်တို့က သဘာဂမကျကြောင်း၊ အားနည်းကြောင်းနဲ့ ကျွန်တော်တို့ လုပ်ခဲ့တာတွေဟာ အပြစ်ရှိ ကြောင်းနဲ့ စပ်ဆုပ်ရွံရှာဖို့ ကောင်းကြောင်း၊ ကျွန်တော်တို့က လူလိမ်တွေ ဖြစ်ပြီး မယုံကြည်ရတဲ့အတွက် နိုင်ငံရဲ့ လုံခြုံရေးအတွက်လည်း ခြိမ်းခြောက်မှု ဖြစ်နေကြောင်း ဆက်ပြောခဲ့ကြပါတယ်။ ကျွန်တော်တို့ကို ရိုက်နှက်ပြီး 'အနာတရ ဘယ်လောက်ဖြစ်အောင် လုပ်ထားသလဲ ဆိုတာကို' ကြည့်ဖို့အတွက် ကျွန်တော် တို့ရဲ့ စအိုဂတွေကို စစ်ဆေးကြည့်ဖို့ လိုတယ်လို့ပြောပါတယ်။ ခဏကြာတဲ့ အခါ အမျိုးသမီး ပြည့်တန်ဆာ နှစ်ယောက်ကို ခေါ်လာပြီး ကျွန်တော် တို့ကို 'ယောကျ်ားတစ်ယောက် ဖြစ်လာ ဖို့အတွက် ပြန်သင်ကြားရမယ်'လို့ ပြောခဲ့ပါတယ်။ အမျိုးသမီးတွေကို ကျွန်တော်တို့နဲ့ ကာမစပ်ယှက်စေပြီး စိတ်မနိုးကြွလာရင် ကျွန်တော်တို့ကို ရိုက်နှက်ပြီး ဆဲရေးတိုင်းထွာခဲ့ကြပါတယ်။ သူတို့တွေရဲ့ အရှေ့မှာတင် အဲ့ဒီအမျိုးသမီးတွေနဲ့ ကာမစပ်ယှက်စေပြီး အသံတွေပါ ထွက်စေခဲ့ပါတယ်။ ထပ်ပြောသေးတာက နိုင်ငံသစ်ထူထောင်ပြီးရင် 'မင်းတို့လို မိန်းကလေးတွေအတွက် နေရာမရှိဘူး၊ ယောကျ်ားအစစ်တွေ အတွက်ပဲ နေရာရှိမယ်'ဆိုတာပါပဲ။" |

| ဘာဖြစ်ခဲ့သနည်း? (ဖိစီးနှိပ်စက်ခြင်းကို ကျူးလွန်ခဲ့သ ည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ် သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| | | **ဗွီဒီယို :** ပြင်းထန်သို့ကဲ့ရဲ့ ပြောဆိုခံရ သည့် လူအုပ်စုမှ အဖွဲ့ဝင်တစ်ဦးသည် လွတ်မြောက်လာပြီး အစောင့်တွေ အများကြီးထဲက တစ်ယောက်၏ ဖုန်းတစ်လုံးကို ရယူလာနိုင်ခဲ့ပါသည်။ ဗွီဒီယိုထဲတွင် အခြေစိုက်စခန်း၏ ကွန်မန်ဒါ (တပ်မှူး)တစ်ဦးသည် အဆိုပါ အုပ်စုထဲမှ အမျိုးသမီးများ၏ အမျိုးသမီး အင်္ဂါများနှင့် ရင်သားများကို နံပါတ် တုတ်နှင့်ရိုက်နှက်နေပြီး သူမတို့ကို သူခိုးများ၊ ပြန်ပေးဆွဲသူများနှင့် ဖောက် ပြန်သူများဟု ခေါ်ဆိုလျက်ရှိသည်။ တပ်မှူးက အမျိုးသမီးများအား "ခင်ဗျားတို့ ကိုယ်ထဲက ယုတ်ညံ့ဆိုးသွမ်းမှုကို ရိုက်ထုတ်နေတာ၊ ဒါမှ ကျုပ်တို့ရဲ့ ကလေးကို လွယ်လို့ရအောင်"ဟု အော်ဟစ် ပြောဆိုခဲ့သ ည်။ ဗွီဒီယိုတွင် ရိုက်ကူးခဲ့သည့် နေ့စွဲနှင့်အချိန်ကို တစ်ပါတည်း ရိုက်နှိပ်ဖော်ပြထားသည်။ |
| အဖွဲ့ သို့မဟုတ် အဖွဲ့ဝင်များအား ပစ်မှတ်ထားခြင်းသည် ကာကွယ်ထား သည့် အကြောင်းအချက်များ သို့မ ဟုတ် လက္ခဏာများကို အခြေခံ ကြောင်း မည်သည့် အချက်များက သက်သေပြ ထောက်ကူသနည်း (ဖိစီး နှိပ်စက်ခြင်း၏ တတိယ အင်္ဂါရပ်)? | သင်သည် အမျိုးသမီး/ မိန်းကလေး ဖြစ်သောကြောင့် ဤသို့ ဆက်ဆံ ခြင်းကို ခံခဲ့ရသည်ဟု သင်၏ ထင်မြင် သုံးသပ်ချက်သည် မည်သည့်အပေါ် အခြေခံသနည်း? | **ထွက်ဆိုချက် :** ရဲအတွင်းလူ မျက်မြင် သက်သေက သင့်အား ပြည်ထဲရေး ဝန်ကြီးဌာနလက်အောက်ရှိ ဌာနခွဲတစ်ခု ၏ တရားဝင်တံဆိပ်စာခေါင်းပါ စာရွက် စာတမ်းများ ပေးအပ်သည်။ ယင်းတွင် အမျိုးသမီးများနှင့် မိန်းမငယ်များအား အမျိုးမျိုးသော အိမ်များသို့ ခေါ်ဆောင် သွားခံရပြီး ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ လိင်ပိုင်းဆိုင်ရာအရနှင့် အခြားနည်း လမ်းအရ စော်ကားခံရခြင်း၊ ရဲများအား ၎င်းတို့ ၏ အဝတ်များလျှော်ပေးခြင်း၊ အစားအသောက် ချက်ပြုတ်ပေးရခြင်း၊ အဖျော်ယမကာ တည်ခင်းရခြင်း အစရှိ သည့် အလုပ်အကျွေး ပြုခြင်းဆိုင်ရာ အလုပ်များ စေခိုင်းခြင်းတို့ကိုဆောင်ရွက် ခိုင်းသည့် ဇရိယာများ ပါဝင်ပြီး ယင်း ဇရိယာများမှာ အဆိုပါ အမျိုးသမီးများနှင့် မိန်းမငယ်များက အစီရင်ခံ တင်ပြထား သော နေရာများ စာရင်းပင်ဖြစ်သည်။ ယင်းစာရွက်စာတမ်းသည် ယင်းဌာနခွဲရှိ စခန်းမှူးထံမှဖြစ်ပြီး တစ်ပတ်စာ ညွှန်ကြားချက်များပါဝင်ကာ အောက်ပါ စာပိုဒ်ပါဝင်သည်။ "အမျိုးသမီး ကာယအလုပ် သမားများအား စစ်ပွဲအတွက် ကြိုးစား အားထုတ်မှုကို ထောက်ပံ့မှုဖြစ်စေသော မည်သည့် နည်းလမ်းဖြင့်မဆို ပါဝင်ဆောင်ရွက်စေခြင်းကို ဌာနခွဲအားလုံးအတွက် သဘောတူခွင့်ပြုသည်။ ခုခံသည့် မည်သည့် အမျိုးသမီးမဆိုကို သစ္စာ ဖောက်မှုကျူးလွန်သည်ဟု ယူဆနိုင်ကာ အပြစ်ပေးနိုင်သည်။" ယင်းစာရွက်စာ တမ်းကို ဌာနရှိ တရားဝင် ရာထူးအမြင့် ဆုံး ရဲအရာရှိက လက်မှတ်ရေးထိုးထားပြီး တရားဝင်ဌာနတံဆိပ်တုံးထုထားသည်။ |

| ဘာဖြစ်ခဲ့သနည်း? (ဖိစီးနှိပ်စက်ခြင်းကို ကျူးလွန်ခဲ့သ ည် ဟူသော စွပ်စွဲချက်ကို ပံ့ပိုးမှုဖြစ်စေ သော အချက်အလက်ကို သင်ရရှိခဲ့ပါ သလား?) | အခင်းဖြစ်ပွားခဲ့မှုနှင့် ပတ်သတ်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
|---|---|---|
| လူသားချင်းစာနာ ထောက်ထားမှုမရှိ၍ ကျူးလွန်သည့် မည်သည့်ပြစ်မှုနှင့်မဆို ဆက်စပ်မှုရှိသော အပြုအမူဖြင့် ကျူး လွန်ခဲ့သည်ဟု မည်သည့် အချက်က သက်သေပြထောက်ကူသနည်း (ဖိစီးနှိပ်စက်မှု၏ တတိယအင်္ဂါရပ်)? | သင်သည် အဘယ့်ကြောင့် ဤပုံစံဖြင့် ဆက်ဆံခြင်းခံရသနည်း? သင်သည် မည်မျှနှိပ်စက်ခံခဲ့ရသည်ဟု ထွက်ဆိုခဲ့ပြီး ထိုသို့ဖြစ်ခဲ့ရခြင်းမှာလည်း သင်သည် အမျိုးသမီးဖြစ်သောကြောင့်ဟု ယုံကြည်လာခဲ့ကြောင်း အစောပိုင်းတွင် သင်ပြော ထားပါသည်။[၅၈] အဘယ့်ကြောင့် ယင်းကဲ့သို့ နောက်ဆုံး ကောက်ချက်ချလိုက်သည်ရသနည်း? သင်နှင့် သင့် ပတ်ဝန်းကျင်တွင် မည်သည်များ ဖြစ်ပွားနေခဲ့သနည်း? အခြားသူများ - အမျိုးသားများ၊ အမျိုးသမီးများ၊ ယောက်ျားငယ်များ၊ မိန်းမငယ်များ၊ သက်ကြီးရွယ်အိုများတွင် မည်သည်တို့ ဖြစ်ပွားလျက်ရှိသနည်း? | **ထွက်ဆိုချက် :** "ကျွန်မတို့ကို ဖမ်းထားတဲ့အချိန်အတောအတွင်း ကျွန်မတို့ကို ကိုယ်ထိလက်ရောက်ကျူးလွန်သည် ဖြစ်စေ၊ သို့မဟုတ် ရိုက်နှက်ခြင်းဖြစ်စေ၊ သို့မဟုတ် ကြမ်းပြင်အား သန့်ရှင်းရေး လုပ်ခိုင်းသည် ဖြစ်စေ၊ သို့မဟုတ် အခြား လှုပ်ရှားမှုများခိုင်းစေသည် ဖြစ်စေ၊ 'ညစ်စုတ်တဲ့ မိန်းမပျက်တွေ' သို့မဟုတ် 'ပုပင်စော်နံနေတဲ့ကောင်မ' စသည်ဖြင့် ယုတ်ညံ့ရိုင်းစိုင်းတဲ့ အခေါ်အဝေါ်တွေနဲ့ ကျွန်မတို့ကို ဆက်တိုက် အပြောင်းအလဲမရှိ ခေါ်ဝေါ်လျက်ရှိပါတယ်။ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေကို ဒီအခြေအနေ မှာပဲ ချုပ်နှောင်ထိန်းသိမ်းထားပြီး သူတို့ သဘောမတွေ့တာကို အမြဲလိုလို ဖော်ပြ ကြပါတယ်။ ကျွန်မတို့ မျှော်လင့်လျက်ရှိတာကတော့ နောက်ဆုံး ကျွန်မတို့ကို အရမ်းသဘောမတွေ့ဖြစ်ပြီးပြန်လွှတ်ပေးဖို့ပါပဲ။ ဒါပေမယ့် ပြန်လွှတ်ပေးမယ့်အစား ကျွန်မတို့ကို ဆက်ဖမ်းထားပြီး အားနည်းတဲ့အမျိုးသမီး တွေနဲ့ မိန်းမငယ်တွေဖြစ်မှုအပေါ် နောက်ပြောင်ပြီး ရုပ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာနာကျင်မှုတွေ ဖြစ်စေတဲ့အပြင် လိင်ပိုင်းဆိုင်ရာအရ ကိုယ်ထိ လက်ရောက်ကျူးလွန်မှုတွေ အများဆုံးဖြစ်ပွားတဲ့ ညနေပိုင်းတွေကိုနေ့စဉ်ကြောက်ရွံ့နေခဲ့ရ ပါတယ်။ |

၅၈ နည်းလမ်းမှာ "ရောင်ပြန်ဟပ်ခြင်း"ဖြစ်ပါသည်။ မျက်မြင်သက်သေပြောသည်ကို ထပ်လောင်းပြောကြားခြင်းဖြင့် မေးခွန်းတွင် ထပ်မံဖြည့်စွက် ခြင်း မပြုလုပ်ရပါ။ ယင်းသည် မျက်မြင်သက်သေကို ပိုမိုဖွင့်ဟပြောကြားစေရန် အားပေးရာရောက်သည်။ ဖြည့်စွက်မေးခွန်းများ လိုအပ်သည့် အခါ မျက်မြင်သက်သေအား ၎င်းအသုံးပြုခဲ့သည့် စကားလုံးများကို ပြန်သုံးခြင်းသည် အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုကို တည်ဆောက် ရန်အတွက် အရေးကြီးသော ယန္တရားဖြစ်သည်။ သေသေချာချာ ဂရုစိုက်နားထောင်ပေးပြီး မျက်မြင်သက်သေကို သူမကြားခဲ့သည့် အရာ အားလုံးအမှန်ဖြစ်သကဲ့သို့ ခံစားစေရမည်ဟု သူမပြောကြားသည့် စကားလုံးများ ပြောင်းလဲမှုမရှိစေရန်အရေးကြီးပါသည်။ အကယ်၍ မေး သည့်သူက ယင်းတို့သို့ ပြောင်းလဲလိုက်လျှင် အဆိုပါအချက်သည် မျက်မြင်သက်သေ၏ သက်သေခံချက်အပေါ် သက်ရောက်မှုဖြစ်စေသည်။ ယင်းသည်ရှေ့ကဦးဆောင်ကာ နိမိတ်ပြမေးခွန်းမေးခြင်းဖြစ်ပါသည်။

## အပိုင်းခ : ပြစ်မှု၏ အမျိုးအစား/ပုံစံ/အခြေအနေမှာ မည်သည်ဖြစ်စနည်း (ယင်းပြစ်မှုသည် စစ်အတွင်း ကျူးလွန်သည့် ပြစ်မှု၊ လူသားချင်းစာနာ ထောက်ထားမှု မရှိသည့်အတွက် ကျူးလွန်လာသည့် ပြစ်မှု မျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ပြစ်မှု၊ သို့မဟုတ် အဆိုပါပြစ်မှုများထဲမှ တစ်ခုထက်ပိုသော ပြစ်မှု ဖြစ်ပါသလား?)?

### လူသားချင်းစာနာ ထောက်ထားမှု မရှိ၍ ကျူးလွန်လာသည့် ပြစ်မှုများ

**အင်္ဂါရပ်များ :**

၅) ပြစ်မှုများကို ပျံ့နှံ့နေသော သို့မဟုတ် အစီအစဉ်တကျစီစဉ်ထားသော တိုက်ခိုက်မှုတစ်ခု၏ အစိတ်အပိုင်း အဖြစ် ကျူးလွန်ခဲ့ခြင်း။

၆) တိုက်ခိုက်မှုကို အရပ်သားလူဦးရေနှင့်ယှဉ်၍ ညွှန်ကြားခဲ့ခြင်း။

၇) တိုက်ရိုက်ကျူးလွန်သူသည် တိုက်ခိုက်မှုကို အရပ်သားလူဦးရေနှင့်ယှဉ်၍ ညွှန်ကြားခဲ့ကြောင်း သိရှိခြင်း။

၈) တိုက်ခိုက်မှုကို ဒေသ သို့မဟုတ် အဖွဲ့အစည်း၏ ပေါ်လစီ အရ သို့မဟုတ် ယင်းကိုဖြည့်စွမ်းရန် ကျူးလွန်သည့် တိုက်ခိုက်မှုအဖြစ် ကျူးလွန်ခြင်း (သင်မှတ်တမ်းတင်နေသည့် တရားစီရင်ပိုင်ခွင့်တွင် လိုအပ်နိုင်သည့် သို့မဟုတ် မလိုအပ်နိုင်သည့် တရားစီရင်ရေးအင်္ဂါရပ်)

| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် လူသားချင်း စာ နာထောက်ထားမှုမရှိ၍ ကျူးလွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
|---|---|---|
| ဤကျူးလွန်မှုသည် (ဥပမာ လိင်ပိုင်း ဆိုင်ရာအရ ကျွန်ပြုခံရခြင်း) ပျံ့နှံ့နေသော သို့မဟုတ် အစီအစဉ်တကျ စီစဉ်ထားသော တိုက်ခိုက်မှုတစ်ခု၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကောက် ချက်ကို မည်သည့်အချက်အလက်က ထောက်ပံ့ပေးနိုင်သနည်း? | သင်ဖော်ပြခဲ့သော ကျူးလွန်မှု မဖြစ် ပွားခင်၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားအပြီး တွင် အခြားမည်သည်တို့ ဖြစ်ပွားခဲ့ ကြောင်း ပြောပြနိုင်မလား? သင် ပြောပြခဲ့သော တိုက်ခိုက်မှုဖြစ်ပွားခဲ့ သော ပုံစံကို ဖော်ပြနိုင်မလား? မည် သည်က အရင်ဆုံးဖြစ်ခဲ့ပြီး၊ ထို့ နောက်နှင့် ယင်းနောက်တွင် မည် သည်တို့ ဖြစ်ပွားခဲ့သနည်း? မည် သည့် တိုက်ခိုက်မှုအမျိုးအစား ပုံစံကို သတိပြုနိုင်ခဲ့သလဲ? အဘယ့်ကြောင့် ဤသို့သော ကောက်ချက်ကို ချနိုင်ခဲ့ သနည်း? သင် ထွက်ဆိုခဲ့သည့် တိုက် ခိုက်မှုကဲ့သို့သော အခြားအကြမ်း ဖက်မှုများကို မျက်မြင်ကြုံတွေ့ခြင်း ရှိပါသလား? (သင့်အနေနှင့် မည်သူက၊ မည်သည်ကို၊ မည်သည့် အချိန်၊ မည်သည့်နေရာတွင် အဘယ့် ကြောင့်နှင့် မည်သို့ ကျူးလွန်ခဲ့ ကြောင်းအား သူမ သိသမျှကို သက် သေပြနိုင်ရန် အမျိုးသမီးတစ်ဦးမှ သင့်အား သူမ မျက်မြင်ကြုံတွေ့ခဲ့ သော အကြမ်းဖက် ထိခိုက်မှုများ၏ အသေးစိတ်ကို ပေးသည်။) | **ထွက်ဆိုချက် :** မျက်မြင်သက်သေသည် သူမအနေဖြင့် ရလကြာ တစ်နေရာမှ တစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရ စဉ် ရွာပေါင်းများစွာ မည်သို့ တိုက်ခိုက် ခံခဲ့ရပုံကို မြင်တွေ့ခဲ့ပြီး သတ်ဖြတ်ခြင်း နှင့် ရိုက်နှက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း နှင့် သေနတ်ဖြင့် ဖယ်ရှားခြင်း၊ အစရှိ သည့် နှိပ်စက်ညှင်းပန်းမှုများ မည်သို့ ကျူးလွန်ခဲ့သည်ကို မျက်မြင်ကြုံတွေ့ခဲ့ သူဖြစ်ကာ ကြုံတွေ့ရသမျှကို ထွက်ဆို ခဲ့သည်။ မျက်မြင်သက်သေက ပြောကြားခဲ့သည်မှာ သူမ လေ့လာရသလောက် ရွာပေါင်းမြောက်မြားစွာတွင် ပထမဆုံး အ နေဖြင့် လေတပ်ဖြင့် တိုက် ခိုက်မှုများပြီး ထို့နောက်တွင်မှ ကြည်းတပ်က ရွာထဲ ဝင်စီးကာ ချက်ခြင်း ထွက်ခွာရန် အား လုံးကို အမိန့်ပေးခဲ့သ ည်ဟု ဆိုသည်။ ထို့နောက် လက်နက်ကို ခြေလျင်တပ် သားများနှင့် လက်နက်ကိုင်မြင်း တပ်များ ရောက်ရှိလာပြီး ထွက်ပြေးရန် ကြိုးစား သည့် ရွာသူ/သားများကို သေနတ်နှင့် ပစ်ခဲ့သည်။ ထရပ်ကားများ ရောက်ရှိလာ ပြီး၊ ဖမ်းဆီးထားသော ရွာသူ/သားများကို တင်ကာ ခေါ်ဆောင် သွားခဲ့ကြသည်။ ထိုသို့ ခေါ်ဆောင်သွားခံရသူများကို ထိုအချိန်မှစ၍ မျက်မြင် သက်သေအနေ ဖြင့် ထပ်မံတွေ့မိခြင်း မရှိတော့ပါ။ (အမျိုးသမီးက သူမ သိသမျှကို သင့်အား အသေးစိတ် ပြောပြခဲ့ပြီး ထို့မှသာ မည် သူက၊ မည်သည့် ကျူးလွန်မှုကို၊ မည် သည့်အချိန်၊ မည်သည့်နေရာတွင်၊ အ ဘယ်ကြောင့်နှင့် မည်သို့မည်ပုံ ကျူးလွန် ဆောင်ရွက်ခဲ့ကြောင်းကို သင့်အနေနှင့် ရေးသား မှတ်တမ်းတင်နိုင်ရန် ဖြစ် သည်။)<br>**မှတ်တမ်းတင်ခြင်း** : ကုလသမ္မဂစစ် ဘက်ဆိုင်ရာ လေ့လာသူ၏ နေ့စဉ် တာဝန် အစီရင်ခံစာတွင် လက်နက်ကိုင် တိုက်ခိုက်မှုများသည် လက်နက်ကိုင်တပ် များ တိုက်ခိုက်ကြသည့် လူနေရိယာ များနှင့် ဝေးကွာသည့် နေရာများတွင် ဖြစ်ပွားလျက်ရှိပြီး တစ်ချိန်တည်းနှင့် များ သောအားဖြင့် ချိတ်ဆက်ဖြစ်ပွားလျက် ရှိသည်ဟု ဖော်ပြထားသည်။ |

နောက်ဆက်တွဲ
၁

| အခင်းဖြစ်ပွားခဲ့သ ည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သ ည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် လူသားချင်း စာ နာထောက်ထားမှုမရှိ၍ ကျူးလွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
|---|---|---|
| | | **ဗွီဒီယို / ဓာတ်ပုံ :** မျက်မြင်သက်သေက လက်နက်ကိုင် အမျိုးသားများ၏ ဖမ်းဆီး ခြင်းခံရသော အရပ်ဝတ် အမျိုးသမီးများ ပါဝင်သည့် ၎င်းကိုယ်တိုင် ရိုက်ကူးထား သော ဗွီဒီယိုကို သင့်အား ပေးသည်။ ဗွီ ဒီယိုတွင် ပိုမိုကျယ်ပြန့်သည့် ဧရိယာကို ပြသပြီး ယင်းနောက်တွင် အနီးကပ် ဧရိ ယာကို ပြသသည်။ ဗွီဒီယိုတွင် ရိုက်ကူးခဲ့ သည့် အချိန်နှင့် နေ့စွဲပါဝင်သည်။ ဗွီဒီယို နှင့်အတူ မျက်မြင်သက်သေက သင့်အား သူသိသမျှ မည်သူက၊ မည်သည့် ကျူး လွန်မှုကို၊ မည်သည့်အချိန်၊ မည်သည့် နေရာတွင်၊ အဘယ့်ကြောင့်နှင့် မည်သို့ ကျူးလွန်ခဲ့ကြောင်း ထွက်ဆိုချက်ကိုပါ ပေးသည်။ ရိုက်ကူးထားသော ဗွီဒီယိုထဲ တွင် အခြေအနေများ အကြောင်းအ သေးစိတ် အကုန်ပါဝင်သည်။<br>**ဂြိုဟ်တု :** အချိန်တစ်ခုအတွင်း ရိုက်ကူး ထားသည့် ဂြိုဟ်တုမှပုံများသည် တိုက် ခိုက်မှု အများဆုံးခံခဲ့ရသည့် ရွာများ (မွေးမြူထားသည့် တိရစ္ဆာန်များကို ဂရု တစိုက်မွေးမြူနေသော လူများနှင့် ၎င်း တို့၏ စိုက်ကွင်းများကို စောင့်ရှောက်နေ ပုံများအပါအဝင်)နှင့် ရွာများ၏ ယခင် တိုက်ခိုက်ခံရပုံများကို ဖော်ပြထားသည်။ ယခင်တိုက်ခိုက်ခံခဲ့ရပုံတိုင်းတွင် ဆင်တူ သော အသေးစိတ်အချက်အလက်များ ကို ပြသထားပြီး အမျိုးသမီးများနှင့် မိန်းမ ငယ်များကို ရွာနှင့်ဝေးရာသို့ စီတန်း လမ်းလျှောက်ကာ ခေါ်သွားသည့် လူ တန်းရှည်များပါ ပါဝင်သည်။ |
| တိုက်ခိုက်မှုသည် အရပ်သားလူဦးရေ နှင့် ယှဉ်၍ တိုက်ခိုက်မှုဖြစ်သည်ဟု ကောက်ချက်ချရန် မည်သည့်အချက် များက ထောက်ကူသနည်း? | အဆိုပါ ဆိုးရွားလှသည့် ကိစ္စများကို မျက်မြင်/ ကြုံတွေ့နေစဉ် အချိန်တွင် အခြားမည်သည်တို့ ဖြစ်ပွားနေခဲ့ ကြောင်း ကျေးဇူးပြု၍ ဖော်ပြပါ။ သင် နေထိုင်သည့် ဧရိယာတွင် မည်သည် တို့ ဖြစ်ပွားခဲ့သနည်း? ယင်းနေရာ တွင် မည်သို့သော လူများ နေထိုင် ကြသနည်း? မည်သည့် အလုပ် လုပ် ကိုင်ကြသနည်း? သင်ပြောခဲ့သည့် တိုက်ခိုက်ခံခဲ့ရသော လူများအ ကြောင်း ပြောပြနိုင်မလား - ဘာကို ဝတ်ဆင်ထားခဲ့သနည်း? မည်သည် ကို သယ်ဆောင်ထားခဲ့သနည်း? မည်သည့်နေရာတွင် တည်းခိုကြပြီး ထိုနေရာတွင် စစ်ဘက်ဆိုင်ရာ အ ထောက်အကူ သို့မဟုတ် ကိရိယာ သို့မဟုတ် အနီးဝန်းကျင်တွင် မည် သည့် အမှုထမ်းမဆို ရှိပါသလား? သင်သိသမျှတွင် သင်ဖော်ပြခဲ့သော အခင်းဖြစ်ပွားနေစဉ် အချိန်၌ အတိုက်အခိုက် ကျွမ်းကျင်သူများ ရှိခဲ့ ပါသလား? | **ထွက်ဆိုချက်:** မျက်မြင်သက်သေက သူမ ရွာရှိ နစ်နာခံစားခဲ့ရသူများသည် သာမန် အရပ်ဝတ် သာဝတ်ဆင်ထားကြသည်ဟု ထွက်ဆိုခဲ့သည်။ ၎င်းတို့သည် မည်သည့် လက်နက်များကိုမဆို လက်ဝယ်ထားရှိ ခြင်းမရှိသည့်အပြင် တိုက်ခိုက်စဉ်တွင် စစ်တပ် သို့မဟုတ် လက်နက်ကိုင်အဖွဲ့ များ မရှိခဲ့ပါ : "ကျွန်မတို့ကို မဖမ်းဆီးခင် ရေ့ရက်များမှာ ကျွန်မတို့ဒေသပိုင်းမှာ ရှိတဲ့ ကျွန်မတို့ရွာနဲ့ အခြားရွာများ အားလုံးကို လက်နက်ကိုင်အမျိုးသားများ နဲ့ စီးနင်းထားခဲ့ပါတယ်။ ဒေသခံ အတိုက်အခိုက် ကျွမ်းကျင်သူတွေက လည်း ကျွန်မတို့ရွာနားဧရိယာမှာ မရှိ တာ အချိန်ကြာပြီဖြစ်တဲ့အတွက် လက် နက်ကိုင်တွေက ကျွန်မတို့အားလုံးကို ခံစစ်ရွာတွေထဲက တစိတ်တပိုင်းအဖြစ် သဘောထားပြုမူခဲ့ပါတယ်။ ကျွန်မတို့ ရွာထဲ သူတို့ရဲ့ တင့်ကားတွေမောင်းနင် ဝင်ရောက်လာပြီး မွေးမြူထားသမျှ တိရစ္ဆာန်တွေကို သတ်ပစ်တဲ့အပြင် ကျွန် မတို့တွေရဲ့ စိုက်ခင်းတွေကို ဖျက်ဆီးခဲ့ ပါတယ်။ အဲ့ဒီနောက်မှာတော့ အိမ်တွေ ကို မြေထိုးစက်နဲ့ဖျက်စီးခဲ့ပါတယ်။ အဲ့ဒီ အတွက်ကြောင့် ကျွန်မတို့ အတော်များ များ အိမ်တွေကနေ ထွက်ပြေးရပြီး တိုက် ခိုက်မှုဖြစ်ပွားတဲ့ပွင့်လင်းမြင်သာတဲ့ဧ ရိယာ ဆီကို တည့်တည့်ပြေး ခဲ့ကြရပါတယ်။ အမျိုးသမီးတွေ တွေနဲ့မိန်းမငယ်တွေ၊ယောကျာ်း ငယ်တွေကိုပါ ရွေးချယ်ပြီး ကျွန်မတို့ကို ထရပ်ကားတွေရဲ့ နောက်ဖုံးပေါ်ကို ကြမ်း ကြမ်းတမ်းတမ်း ပစ်တင်ပါတယ်။" |

| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သ ည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် လူသားချင်း စာ နာထောက်ထားမှုမရှိ၍ ကျူးလွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
| --- | --- | --- |
| တိုက်ရိုက်ကျူးလွန်သူသည် တိုက်ခိုက် မှုသည် အရပ်သားလူဦးရေနှင့် ယှဉ်၍ တိုက်ခိုက်မှုဖြစ်ကြောင်းကို သိရှိနေခဲ့ သည်ဟု မည်သည့်အချက်အလက်က ထောက်ကူသနည်း? | သင်သိသမျှထဲက ပြောပြနိုင်မည်ဆို လျှင် ရွာထဲသို့ ဝင်ရောက်ကာ သင ထွက်ဆိုခဲ့သည့် ကျူးလွန်မှုများကို ကျူးလွန်သူများနှင့် သင့်ကို သော့ ခတ်ထားသည့် အခန်းများထဲ ထည့် ပိတ်ထားကာ ညဘက်တွင် စော်ကား ကျူးလွန်မှုများ ပြုလုပ်သည်ဟု သင ထွက်ဆိုထားသော အမျိုးသားများ အကြားတွင် ချိတ်ဆက်မှုတစုံတရာ ရှိပါသလား? | **ထွက်ဆိုချက် :** "အဲ့ဒီအမျိုးသားတွေ ဂုတ် ဆင်တဲ့ပုံစံက တူညီပြီး ပြောဆိုသုံးနှုန်းတဲ့ ဘာသာစကားလည်း တူပါတယ်။ ကျွန်မ တို့ ရွာထဲကို ဝင်ရောက်စီးနင်းခဲ့တဲ့ လူ တွေထဲက အချို့ပါပဲ။ နောက်တစ်မျိုး ဆိုရရင် ရွာထဲကို ကျူးကျော်ဝင်ရောက်ခဲ့ တဲ့အမျိုးသားတွေထက်ဲ အချို့က အဖွဲ့ အဖြစ်စုစည်းပြီး ကျွန်မတို့ကို ထရပ်ကား တွေပေါ် စပြီး တင်ခဲ့တာပါပဲ။ ကျွန်မတို့ ကို သူတို့ရဲ့ အခြေစိုက်စခန်းလို့ထင်ရ တဲ့ နေရာမှာ ချုပ်နှောင်ထားတာလည်း သူတို့ပါပဲ။" |
| တိုက်ခိုက်မှုကို ဒေသ သို့မဟုတ် အဖွဲ့အစည်း၏ ပေါ်လစီအရ သို့မ ဟုတ် ယင်းကိုဖြည့်စွမ်းရန် ကျူးလွန် သည့် တိုက်ခိုက်မှုအဖြစ် ကျူးလွန်ခြင်း ဟု ကောက်ချက်ချနိုင်ရန် မည်သည့် အချက်အလက်က ထောက်ကူသနည်း (တရားစီရင်ပိုင်ခွင့်ဆိုင်ရာ အင်္ဂါရပ်)? | တိုက်ခိုက်မှု၏ မည်သည့် ပုံစံ အတွက်မဆို မည်သည့် ကောက် ချက်များ ဖြစ်စေ သင်ဆွဲနိုင်ခဲ့ပါ သလား? သင်သည် လိုက်နာဆဲ ဖြစ်သော မည်သည့် ဥပဒေများကို မဆို ကြားရန် သို့မဟုတ် လေ့လာ ရန် ရာထူးအခြေ အနေတွင် ရှိနေခဲ့ ပါသလား? သိသာ ထင်ရှားပြီး ကြိမ်ဖန်များစွာ ဖြစ်ပွား လျက်ရှိသည့် မည်သည့် လုပ်ဆောင် မှုများမဆို ရှိခဲ့ပါသလား? ဤတိုက် ခိုက်မှုသည် အဘယ့်ကြောင့် ဖြစ်ပွား ခဲ့ရကြောင်း သင်သိရှိခဲ့ပါသလား? တိုက်ခိုက်မှု၏ အကြောင်းပြချက်မှာ ဤအချက်ဖြစ်ပါသလား? သင်သိသ မျှတွင် တိုက်ခိုက်မှု၏ ရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ရှိခဲ့ပါသ လား? အဆိုပါ ရည်ရွယ်ချက် သို့မ ဟုတ် ရည်မှန်းချက်ကို မည်သူက ချ မှတ်ခဲ့ပြီး သင်က မည်သို့ သိရှိခဲ့ သနည်း? | **ထွက်ဆိုချက် :** "ကျွန်တော်တို့ [မျက် မြင် သက်သေသည် ကျူးလွန်သူအဖွဲ့ဟု စွပ်စွဲခံရသူများအဖွဲ့၏ အခွင့်အာဏာ ရှိသူများထဲမှ 'အတွင်းလူ'တစ်ယောက် ဖြစ်သည်]က ကျွန်တော်တို့ရဲ့ ပိုင်နက် ဆိုင်ရာ ရည်မှန်းချက်များကို ဘယ်လို အကောင်အထည်ဖော်မလဲနဲ့ ပတ်သက် ပြီး ဆွေးနွေးနေခဲ့ပါတယ်။ အဲ့ဒီအစည်း အဝေးမှာ [X]အဖွဲ့ရဲ့ မည်သူမဆိုကို ဖယ်ထုတ်ဖို့အတွက် ပေါ်လစီတစ်ရပ် ချ မှတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော် တို့ရည်ရွယ်ချက်က [X]ကင်းလွတ်တဲ့ သန့်စင်သော နိုင်ငံတော်တစ်ရပ် ဖန်တီး ရေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မဟာဗျူဟာကို အဲ့ဒီရည်ရွယ်ချက်နဲ့ ချိန် ညှိခဲ့ပါတယ်။"<br><br>**မှတ်တမ်းတင်ခြင်း :** ဥပမာ မြေလှန် စနစ်၏ ယေဘုယျ စစ်ဘက်ဆိုင်ရာ မဟာဗျူဟာ များကို ညွှန်းဆိုသော စစ်ဘက်ဆိုင်ရာ အမိန့်။ |

နောက်ဆက်တွဲ ၁

## စစ်အတွင်းကျူးလွန်ခဲ့သော ပြစ်မှုများ

**အင်္ဂါရပ်များ :**

၁) လက်နက်ကိုင်တိုက်ပွဲများ (နိုင်ငံတကာ သို့မဟုတ် ပြည်တွင်း) ဖြစ်ပွားနေစဉ်တွင် ကျူးလွန်သည့် ပြစ်မှုဖြစ်ခြင်း၊

၂) လက်နက်ကိုင်တိုက်ပွဲများနှင့် ဆက်စပ်မှုရှိသော ပြစ်မှုဖြစ်ခြင်း၊

၃) ထိခိုက်နစ်နာသူသည် ကာကွယ်ပေးခံရသော ပုဂ္ဂိုလ်ဖြစ်ခြင်း (လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှု (SGBV)[၅၉]ကို ကျူးလွန်သည့် ပြစ်မှုများအတွက် အင်္ဂါရပ်တစ်ရပ် မဟုတ်ပါ)၊

၄) ကျူးလွန်သူက ထိခိုက်နစ်နာသူသည် ကာကွယ်ပေးခံရသော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို သိရှိထားခဲ့ခြင်း၊ နှင့်

၅) ကျူးလွန်သူသည် လက်နက်ကိုင်တိုက်ပွဲဖြစ်စေခဲ့သော ဖြစ်ရပ်မှန် အကြောင်းအချက်များကို သတိထားမိ ခဲ့ခြင်း။

| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် စစ်အတွင်း ကျူး လွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
|---|---|---|
| ဤကျူးလွန်မှုသည် လက်နက်ကိုင် တိုက်ပွဲများ (နိုင်ငံတကာ သို့မဟုတ် ပြည်တွင်း) ဖြစ်ပွားနေစဉ်တွင် ကျူး လွန်သည့် ပြစ်မှုဖြစ်ကြောင်း ကောက် ချက်ချရန် မည်သည့်အချက်အလက် က ထောက်ကူသနည်း? | သင်ထွက်ဆိုနေသော အခင်းဖြစ်ပွား နေခဲ့စဉ်တွင် သင့်မြို့နယ်အနီးတဝိုက် ဧရိယာတွင် ဘာဖြစ်ပွားနေခဲ့ကြောင်း ဖော်ပြပါ။ သေနတ်နှင့်ပစ်ခြင်းနှင့် ပေါက်ကွဲမှုများအကြောင်း သင်ထွက် ဆိုခဲ့သည်။ အဆိုပါအသံများကို မည်မျှ ကြားခဲ့ရသည်နှင့် အဆိုပါ သေနတ်သံနှင့် ပေါက်ကွဲသံများသည် မည်မျှ ကြီးမားပြင်းထန်ကြောင်း ပြော ပြပေးနိုင်မလား? | **ထွက်ဆိုချက် :** "ကျူးကျော်ဝင်ရောက်မှု အစပြုတဲ့နေ့တွေမှာ သေနတ်သံနဲ့ ပေါက်ကွဲသံတွေကို မကြာခဏ ကြားနေ ရပါတယ်။ ကျွန်တော်တို့ ရေဒီယိုကို ဆက်တိုက်နားထောင်နေခဲ့ပြီး ရှေ့တန်း မှာ စစ်ကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူ ပမာဏကို ကြားနေခဲ့ရပါတယ်။ ပြီးတော့ တိုက်ပွဲက ကျွန်တော်တို့ဘက်ကို ဦး တည်လာနေပြီဆိုတာကိုလည်း သိခဲ့ပါ တယ်။ တစ်နေရာကနေ တစ်နေရာကို ပြောင်းရွှေ့ဖို့ ကြိုးစားခဲ့ပေမယ့် နောက် ဆုံးမှာတော့ ဘယ်နေရာမှ မလုံခြုံခဲ့ပါ ဘူး။" |
| ပြစ်မှုသည် တိုက်ပွဲနှင့်ဆက်စပ်မှု ရှိ သည်ဟု ကောက်ချက်ကို မည်သည့် အချက်အလက်က ထောက်ပံ့သနည်း? | သင်ထွက်ဆိုနေသည့် ကျူးလွန်မှုများ ဖြစ်ပွားခဲ့သည့် အခြေအနေများကို ပြောပြနိုင်မလား? သေနတ်သံနှင့် ပေါက်ကွဲသံများ ကြားခဲ့ရကြောင်းနှင့် ရှေ့တန်းအစီရင်ခံချက်များ ကြားခဲ့ရကြောင်း သင်ထွက်ဆိုပြီးဖြစ်ပါသည်။ သင့်မြို့နယ်တိုက်ခိုက်ခံရသောအခါ ဘာဖြစ်ခဲ့သလဲ? သင်ယုံကြည်ခဲ့သ ည် မှာ သင် ကြားခဲ့ရသည့် တိုက်ပွဲနှင့် သင့်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ် ရပ်ကြားရှိ ဆက်စပ်မှုမှာ အဘယ် နည်း? | **ထွက်ဆိုချက် :** မြို့ထဲကို စစ်တပ်ဝင်လာ တာနဲ့ ဆိုးရွားလှတဲ့ကိစ္စတွေ စဖြစ်ပွားခဲ့ ပါတယ်။ စစ်တပ်က မြို့ကိုဝိုင်းထားပြီး ခြေကျင်တပ်၊ တင့်ကားတပ်နဲ့ မြင်းတပ် တွေအထိ ဝင်လာခဲ့ပါတယ်။ လမ်းကို ပိတ်ပြီး လမ်းရဲ့နှစ်ဖက်လုံးက ဝင်လာခဲ့ ပါတယ်။ လူတွေက တစ်အိမ်နဲ့တစ်အိမ် ကူးပြောင်း ပြေးလွှား တိမ်းရှောင်နေခဲ့ပေ မယ့် စစ်တပ်က အရမ်းများတဲ့အတွက် ထွက်ပြေးဖို့လုပ်တဲ့လူတေအွ ၁းလုံး ပစ် သတ်ခံခဲ့ရပါတယ်။ နေရာအားလုံးကို သေနတစ်နဲ့ပစ်လျက်ရှိပြီး အိမ်တွေနဲ့ ချုံပုတ်တွေကို မီး ရှို့တဲ့အပြင် နေရာတိုင်း ကိုပါ မီးရှို့ပါတယ်။ အမျိုးသားတချို့နဲ့ ယောက်ျားငယ်အချို့ကိုဖမ်းပြီး လက်ကို အနောက်ပစ်ကာ ကြိုးနဲ့တုပ်ပါတယ်။ ပြီး တော့ မြေကြီးပေါ် ကန်ချလိုက်ပြီး မျက်နှာတွေကို ခြေနဲ့ကန်ပါတယ်။ အ တိုက်အခံတပ်တွေ မဟုတ်တာကို နောက်မှသိရှိခဲ့ရပါတယ်။ |

[၅၉] ကာကွယ်စောင့်ရှောက်ခံသူများသည် အရပ်သားများ (သို့) ရန်လိုမှုအနေအထားများတွင် တက်တက်ကြွကြွ ပါဝင်ခြင်းမရှိသူများ ဖြစ်ပါသည်။

| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် စစ်အတွင်း ကျူး လွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
| --- | --- | --- |
| ဤကျူးလွန်မှုကို (နိုင်ငံတကာ သို့ မဟုတ် ပြည်တွင်း) လက်နက်ကိုင် တိုက်ပွဲဖြစ်ပွားနေစဉ် ကျူးလွန်ခဲ့သ ည် ဟူသော ကောက်ချက်ကို မည်သည့် အချက်အလက်က ပံ့ပိုးထောက်ကူ သနည်း? | သင်ထွက်ဆိုခဲ့သည့် အခင်းဖြစ်ပွား နေစဉ် သင့်မြို့နယ် ဧရိယာ တဝိုက် တွင် ဖြစ်ပွားနေခဲ့သည်နှင့်ပတ်သက် ၍ ကျေးဇူးပြုပြီး ဖော်ပြပေးပါ။ သေနတ်ပစ်သံနှင့် ပေါက်ကွဲသံများ အကြောင်း သင်ထွက်ဆိုခဲ့သည်။ ယင်းသေနတ်ပစ်သံနှင့် ပေါက်ကွဲသံ များသည် မည်မျှ ပြင်းထန်ကြောင်း ပြောပြပေးနိုင်မလား? | ပြီးတော့ ဖမ်းဆီးထားသူတွေကို ရွာပြင် မှာ ဆက်ဖမ်းရင်ဖမ်းထား၊ ဒါမှမဟုတ် သတ်ပစ်လိုက်ကြပါတယ်။ ပြီးတော့ ရွာ ကို ကာကွယ်စစ်ဆင်ရေးမရှိဘဲ ဒီအတိုင်း ထားခဲ့ကြပါတယ်။ ကျွန်မတို့ကို စစ်သား တွေက စွန့်ပစ်အခန်းတွေနဲ့ ပြည့်နေတဲ့ အဆောက်အဦးတစ်ခုရဲ့ မြေအောက်ခန်း မှာတွေ့ရှိခဲ့တဲ့ အခြေအနေဖြစ်ပြီး အ နောက်ထောင့်မှာရှိတဲ့ စားပွဲအောက်မှာ ပုန်းနေတာကို တွေ့သွားခဲ့တာပါ။ ကျွန်မ တို့ကို ဆွဲထုတ်ပြီး လက်နိပ်ဓာတ်မီးနဲ့ ထိုး ကာ စစ်ဆေးပါတယ်။ ပြီးတော့ စရယ်ကြ ပါတယ်။ သူတို့တွေထဲက တစ်ယောက် က 'ပျော်စရာကောင်းတာလေးတွေ စ တင်လိုက်ကြရအောင်။ မင်းတို့ကို အ အတိုက်အခံတွေဘက်က ထောက်ပံ့အား ပေးအောင် သင်ပေးမယ်။ အစိုးရက သစ္စာဖောက်တွေကို ဘယ်လိုလုပ်သလဲ ဆိုတာ ပြသရမယ်'လို့ ပြောခဲ့ပါတယ်။" |
| ထိခိုက်နစ်နာသူသည် ကာကွယ်ပေးခံ ရသော ပုဂ္ဂိုလ်ဖြစ်သည် **(SGBVပြစ်မှု များအတွက် အင်္ဂါရပ်တစ်ခုမဟုတ်)** ဟူသော ကောက်ချက်ကို မည်သည့် အချက်က အထောက်အကူပြု ပံ့ပိုး သနည်း? | သင်ပြောခဲ့သည့် ဖမ်းဆီးခံထားရ သော၊ လက်များ ကြိုးတုပ်ခံထားရ သော၊ မြေကြီးပေါ်သို့ ကန်ချခံရပြီး မျက်နှာကို အကန်ခံရသူများမှာ မည်သူများ ဖြစ်ကြောင်း သင်ထွက်ဆို ဖော်ပြနိုင်မလား? ၎င်းတို့မှာ မည်သူ များဖြစ်ကြောင်း သင်သိရှိပါသလား? ၎င်းတို့သည် လက်နက်ကိုင် အဖွဲ့ အစည်းတစ်ခုခုနှင့် ပတ်သက်နေ ကြောင်း သို့မဟုတ် အမြဲအလုပ် အကျွေးပြုနေရသော အဖွဲ့ဝင်များ ဖြစ်ကြောင်း သင်သိရှိပါသလား? | **ထွက်ဆိုချက် :** "အဲ့ဒီ အမျိုးသားတွေနဲ့ ကောင်လေးတွေက အရပ်ဘက် လူမှု အဖွဲ့အစည်းဖြစ်တဲ့ ငြိမ်းချမ်းစွာ နေထိုင် ကြသူများ(Residents for Peace)က အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ အတိုက်အခံ ပါတီကို ဝင်ဖို့ ငြင်းပယ်ခဲ့ကြပြီး ကျွန်မ သိတယ်ဆိုတာကလည်း ကျွန်မအစ်ကိုနဲ့ ဦးလေးပါသွားလို့ပါ။ သူတို့တွေက လက်နက်မကိုင်ချင်ခဲ့ပါဘူး။ ငြိမ်းချမ်းမှု ကိုသာ လိုအားပြီး တိုက်ခိုက်ဖို့အတွက် ငြင်းပယ်ခဲ့ကြပါတယ်။ မြို့နယ်တစ်ခုလုံး ကျရှုံးသွားတဲ့အချိန်မှာ သူတို့တွေဟာ ဆုတောင်းပွဲမှာ ရှိနေခဲ့ပါတယ်။ ကျွန်မ သိသလောက်တော့ သူတို့ရှိနေခဲ့တဲ့ နေ ရာမှာ ဘယ်လိုလက်နက်အမျိုးအစားမှ မရှိခဲ့ပါဘူး။ သူတို့အားလုံးဟာလည်း အရပ်ဝတ်တွေနဲ့ ဖြစ်ပြီး စစ်တပ်ဆန်တဲ့ အဝတ်အစားတွေနဲ့ ဆင်တူတဲ့ တစုံ တရာကို ဝတ်ဆင်ရမယ်ဆိုတဲ့ စည်းမျဉ်း ကို ငြင်း ပယ်ခဲ့ကြပါတယ်။" |
| ကျူးလွန်သူသည် လက်နက်ကိုင် တိုက် ပွဲ ဖြစ်စေသည့် အခြေအနေကို အစပြု စေသည့် အဖြစ်မှန် အကြောင်းအချက် များကို သတိထားမိသည်ဟူသော အ ချက်ကို မည်သည့်အချက်အလက်က ထောက်ပံ့ပေးသနည်း? | ငြိမ်းချမ်းစွာ နေထိုင်ကြသူများ (Residents for Peace) ဆုတောင်း ပွဲတွင် စုဝေးနေစဉ် ယင်းနေရာသို့ စစ်သားများ ဝင်ရောက်သွားခဲ့သ ည့် အခါ ဘာဖြစ်ခဲ့သည်ကို သင်သိရှိနိုင် ခဲ့ပါသလား? | **ထွက်ဆိုချက် :** "ကျွန်မအစ်ကိုကို နောက် ပိုင်းမှာ ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မဦးလေးကိုတော့ နောက်ထပ် မမြင် တွေ့ရတော့ပါဘူး။ ကြမ်းပြင်ပေါ်မှာ ပတ် လည်ဝိုင်းထိုင်ပြီး ဆုတောင်းနေစဉ် စစ် သားတွေ လာနေတဲ့ အသံကြားခဲ့ရပေ မယ့် ဆုတောင်းနေတာကိုသာ ပိုမိုတိုးမြှင့် ခဲ့ပြီး ဆုတောင်းနေတဲ့ အနေအထားက နေ လုံးဝမလှုပ်ရှားခဲ့ပါဘူး။ စစ်သားတွေ ဝင်လာတဲ့အခါ အစ်ကိုက သူအရမ်း ကြောက်နေခဲ့တဲ့အတွက် ဦးလေးဆီကို သွားဖို့ မတ်တပ်ရပ်လိုက်တယ်လို့ ပြန် ပြောပြခဲ့ပါတယ်။ ဦးလေးက အစ်ကို့ကို ' မစိုးရိမ်နဲ့ သား၊ ဒီစစ်သားတွေက ဆု တောင်းနေကြတဲ့ ငြိမ်းချမ်းတဲ့လူတွေကို လုံးဝ ထိခိုက်နာကျင်စေမှာ မဟုတ်ဘူး' လို့ ခပ်ကျယ်ကျယ်အော်ပြောခဲ့ပါတယ်။ အဲ့ဒီလို ပြောအပြီးမှာတင် အားလုံးကို အ ပြင်ဘက် တရွတ်တိုက် ဆွဲခေါ်သွားပြီး၊ လက်တွေကို ကြိုးတုပ်ကာ ကန်ကျောက် |

နောက်ဆက်တွဲ
၁

| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် စစ်အတွင်း ကျူး လွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
|---|---|---|
| | | ခဲ့ကြပါတယ်။ အဲ့ဒီနောက် ထရပ်ကားရဲ့ နောက်ဖုံးပေါ်တက်ပြီး ခေါ်ဆောင်သွား ပါတယ်။ အစ်ကို ပြန်ရောက်လာတော့ ကျွန်မကို ဒီအတိုင်းပြောပြခဲ့ပါတယ်။" |
| ကျူးလွန်သူသည် လက်နက်ကိုင် တိုက်ပွဲ ဖြစ်စေသည့် အခြေအနေကို အစပြု စေသည့် အဖြစ်မှန် အကြောင်းအချက် များကို သတိထားမိသည်ဟူသော အ ချက်ကို မည်သည့်အချက်အလက်က ထောက်ပံ့ပေးသနည်း? | ရွာကို တိုက်ခိုက်ခဲ့သူများ အကြောင်း တစုံတရာ သင်သိရှိခဲ့ရပါသလား? တိုက်ခိုက်သူများသည် သင့်ရွာ၏ အပြင်ဘက်တွင် တိုက်ခိုက်ခဲ့သော တစုံတရာကို ဖော်ပြခဲ့ပါသလား? ထို နေ့တွင် သင့်ရွာ၌ အခင်းဖြစ်ပွား နေစဉ် ၎င်းတို့သည် လုပ်ရှားမှုများကို (၎င်းတို့ကိုယ်တိုင်၏ လှုပ်ရှားမှုဖြစ်စေ၊ ၎င်းတို့ ရဲဘော်ရဲဘက်များ၏ လှုပ်ရှားမှုများကိုဖြစ်စေ) ညွှန်းဆိုခဲ့ကြပါသလား? | **ထွက်ဆိုချက် :** "ကျွန်မသိတာကတော့ အဲ့ဒီလူတွေဟာ အစိုးရစစ်တပ်ကလူတွေ ဆိုတာကိုပါပဲ။ သူတို့ရဲ့ ယူနီဖောင်းတွေ မှာ အစိုးရစစ်တပ်တံဆိပ်ပါပြီး စစ်တပ်သုံး ဖိနပ်ရှည်တွေကို ဂျတ်ထားခဲ့ကြပါ တယ်။ သူတို့ရဲ့ ယာဥ်တွေကလည်း စစ် လက်နက်တွေနဲ့ ပြည့်နေပါတယ်။ ဘာ လက်နက်တွေလဲတော့ ကျွန်မမသိပေ မယ့် ကြီးမားပြီး ရွာအတိုက်ခိုက်ခံခဲ့ရတဲ့၊ ကျွန်မရှိနေခဲ့တဲ့နေရာမှာတော့ အဲ့ဒီလက် နက်တွေကို အသုံးမပြုခဲ့ပါဘူး။ ဒါကြောင့် အနည်းဆုံးတော့ အဲ့ဒီလက်နက်ကြီးတွေ အသုံးပြုပုံကို မမြင်ခဲ့ရပါဘူး။ များသော အားဖြင့် စက်သေနတ်များ၊ ပစ္စတိုများနဲ့ လက်ပစ်ဗုံးများကိုသာ အသုံးများပြီး ဒေသခံတွေကို တိုက်ခိုက်တဲ့ ကိရိယာအ နေနဲ့ သာမကဘဲ လူတွေကို ကန်ဖို့ အတွက် သူတို့ရဲ့ ခြေထောက်တွေနဲ့ နံပါတ်တုတ်တွေကိုလည်း အသုံးပြုကြပါ တယ်။ အမျိုးသမီးတွေနဲ့ မိန်းမငယ်လေး တွေကို ဖမ်းဆီးပြီး လိင်ပိုင်းဆိုင်ရာအရ ထိခိုက်စော်ကားမှု ပြုရုံသာမကဘဲ မီးနဲ့ပါ ရှို့ကြပါတယ်။ ကျွန်မသိတယ်ဆိုတာ က ကျွန်မလည်း အဲ့ဒီထဲက တစ်ယောက် ဖြစ်နေလို့ပါပဲ။ ရွာထဲကို ကျူးကျော်စီးနင်းခဲ့ကြတဲ့တလျှောက် ကျွန်မမြင်တွေ့ခဲ့ ရတာတွေ ဖြစ်အပြီးမှာ ကျွန်မလည်း ဖမ်း ဆီးခံခဲ့ရပြီး အခြား မိန်းမပျိုတွေနဲ့အတူ ထိခိုက်စော်ကားခြင်းခံခဲ့ကြရပါတယ်။ စစ်သားအတော်များများကတော့ ရယ်မောနေခဲ့ကြပြီး ကျွန်မတို့ ပိုငိုလေလေ၊ သူ တို့ကတော့ ရယ်လေလေပါပဲ။" |

## မျိုးတုန်းသတ်ဖြတ်ခြင်း[၆၀] အင်္ဂါရပ်များ[၆၁]

အောက်ပါကျူးလွန်မှုများကို အမျိုးသားရေး၊ တိုင်းရင်းသားလူမျိုးစုရေး၊ လူမျိုးရေး၊ သို့မဟုတ် ဘာသာရေးအဖွဲ့ အစည်းများကို ပျက်စီးရန် ရည်ရွယ်ချက်ဖြင့် တစိတ်တပိုင်းသော အခန်းကဏ္ဍမှဖြစ်စေ၊ အလုံးစုံသော အခန်း ကဏ္ဍမှဖြစ်စေ ကျူးလွန်ခြင်း။

၁) အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း။

၂) အဖွဲ့ဝင်များကို ရုပ်ပိုင်းဆိုင်ရာအရ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း။

၃) အဖွဲ့ရှင်သန်စေရန် တွက်ချက်ထားသည့် အကြောင်းအချက်များအား ရုပ်ပိုင်းဆိုင်ရာအရ ပျက်စီးမှုကို ဖြစ်ပွားစေရန် ရည်ရွယ်ချက် တစိတ်တပိုင်းဖြင့်ဖြစ်စေ၊ အလုံးစုံဖြင့်ဖြစ်စေ ထိခိုက်နစ်နာစေခြင်း။

၄) အဖွဲ့အတွင်း ကလေးမွေးဖွားမှုကို ထိန်းချုပ်ရန် ရည်ရွယ်၍ စီမံဆောင်ရွက်ချက်များ သတ်မှတ်ခြင်း။

၅) အဖွဲ့တစ်ခုမှ ကလေးငယ်များကို အခြားအဖွဲ့သို့ တွန်းအားပေးလွှဲပြောင်းပေးအပ်စေခြင်း။

| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | အခင်းဖြစ်ပွားပုံနှင့် ပတ်သက်သည်ကို ဖော်ပြထားသည့် သက်သေအထောက် အထား/အချက်အလက် နမူနာများ |
| --- | --- | --- |
| ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း သို့မဟုတ် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု၏ အခြားကျူး လွန်မှုများ)သည် အဖွဲ့ဝင်များကို ဖျက် ဆီးရန် သတ်မှတ်ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည်ဟု ကောက်ချက်ချရန် မည်သည့် အချက်အလက်က ပံ့ပိုးကူ ညီသနည်း (နှင့် ဤအဖွဲ့သည် အမျိုး သားရေး၊ တိုင်းရင်းသားလူမျိုးစုရေး၊ ဘာသာရေး ၊သို့မဟုတ် လူမျိုးရေး အဖွဲ့၏ ဂိုဏ်းသဘောလက္ခဏာကို မျှဝေ သည်ဟု မည်သည့်အချက်အလက်က ပြသလျက်ရှိသနည်း)?[၆၂] | စစ်သားများနေထိုင်ရန် ပေးထားရ သည့် အဆောက်အဦးတွင် သင့်အား ဖမ်းဆီးချုပ်နှောင်ထားစဉ် ယင်းနေရာ သို့ အခွင့်အာဏာပိုင်သည့် ရာထူး ရှိပုံပေါ်သူ တစ်စုံတစ်ဦးကို တွေ့ခွင့် ရရှိလိုက်ပါသလား? ရရှိခဲ့လျှင် ၎င်း တို့သည် အခွင့်အာဏာပိုင်သော ရာထူး ရှိသူများဖြစ်ကြောင်း သင် မည်သို့သိရှိခဲ့သနည်း? မည်သည့် အချက်ကြောင့် အဆိုပါ ကောက်ချက် ကို ချခဲ့ရသနည်း? ၎င်းတို့ စကား ပြောနေသည်ကို တစုံတရာ ကြားမိ ခြင်းရှိပါသလား? သင်နှင့်၊ အတူဖမ်း ဆီးခံရသူများအား "ပိုးဟပ်များ"ဟု ခေါ်ဝေါ်ခြင်းခံခဲ့ရသည်ဟု သင်ထွက် ဆိုခဲ့သည်။ အဘယ့်ကြောင့် ထိုသို့ ခေါ်ဆိုခံရကြောင်း အဓိပ္ပါယ်ကို သိရှိ ပါသလား? "ပိုးဟပ်များ"ဟု ခေါ်ဝေါ် ခြင်းခံရသူများမှာ မည်သူများ ဖြစ် သနည်း? အခြား အဖွဲ့ဝင်များတွင် တ စုံတခုဖြစ်ပွားခဲ့သည်ကို သိရှိပါသ လား? | **ထွက်ဆိုချက် :** "အမှန်တော့ ကျွန်မကို စစ်သားတွေနေဖို့ပေးထားတဲ့အဆောက် အဦးမှာ ဆယ်လ ချုပ်ထားစဉ်က ရာထူး မြင့်တဲ့ အမှုထမ်းတစ်ယောက် နှစ်ကြိမ် တိတိလာရောက်ခဲ့တာကို မြင်တွေ့ ဖူးပါ တယ်။[၆၃] ပထမတစ်ခေါက်က စစ်တပ်က စစ်သားတွေနဲ့ ဆက်စပ်မှုရှိတဲ့ ဟန်လူ မျိုး ဘာသာရေးနဲ့ တိုင်းရင်းသား လူမျိုးစု ဆိုင်ရာတွေရဲ့ ဘာသာရေးဆိုင်ရာ ပိတ် ရက်ဖြစ်ပါတယ်။ အခြားတစ်ရက်ကတော့ စစ်တပ်ရဲ့ စစ်ဆေးရေးရက်မှာ ဖြစ်ပါ တယ်။ နှစ်ရက်လုံးမှာ ကျွန်မကို အဂတ် အစားကောင်းကောင်းပေးပြီး ဂတ်ခိုင်းပါ တယ်။ အဲ့ဒီအချိန်တွေမှာပဲ ကျွန်မ အဂတ်အစား ကောင်းကောင်း ရရှိတာ ဖြစ်ပါတယ်။ ကျွန်မကို ဖမ်းဆီးခဲ့သူ (ကျွန်မကို သူ့ဇနီးဟုဆိုသူ)က သူရဲ့ လု ပတဲ့ 'အလိုမတူဘဲ ဖိအားပေး သိမ်းပိုက် ထားတဲ့ စစ်သားဇနီး'ကို ကြွားဂုဏ်ပြသချင် တဲ့အတွက် ကျွန်မ မဖြစ်မနေ ကောင်း ကောင်း ဂတ်ရပါတယ်။ အဲ့ဒီရက်တွေကို ကျွန်မ တကယ်သဘောကျပါတယ်။ ဘာ ကြောင့်လဲဆိုတော့ ကျွန်မကို ဖမ်းဆီး လာသူက အရေးကြီးတဲ့ ဧည့်သည်တွေ ရှေ့မှာ 'ကောင်းကောင်း လုပ်ရှား လည် ပတ်နိုင်ဖို့'အတွက်ဖြစ်ပြီး အဲ့ဒီမတိုင်ခင် ရက်အချို့လောက် ကျွန်မကို တစ် ယောက်တည်း ထားပါတယ်။ ကျွန်မကို စော်ကားကျူးလွန်တဲ့ အချိန်တိုင်းမှာ အ လွန်ကြမ်းတမ်းတဲ့အတွက် အဲ့ဒီနောက် ရက်အနည်းငယ်လောက်အထိ ကျွန်မ လမ်းတောင် ကောင်းကောင်း မလျှောက် နိုင်ပါဘူး။ တစ်ခါတစ်လေ ဖျားပြီး မထ နိုင်တဲ့အထိဖြစ်ပါတယ်။ |

၆၀ Evidence Workbookသည် လိင်အကြမ်းဖက်မှုပြစ်မှုများအပေါ် အာရုံစိုက်ဖော်ပြထားခြင်းဖြစ်ပြီး ထို့ကြောင့် အချို့သော ကျူးလွန်မှုများ ဖြစ်သည့် သတ်ဖြတ်ခြင်းနှင့် အဓမ္မလွှဲပြောင်းခြင်း မပါဝင်ပါ။

၆၁ မျိုးတုန်းသတ်ဖြတ်မှုတွင် သီးခြားအဆင့်နှစ်ဆင့်ပါဝင်ပါသည်။ ၁) သက်သေကလိင်အကြမ်းဖက်မှုကျူးလွန်မှုတွင် မျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ အပြုအမူငါးခုအနက် တစ်ခုပါဝင်သည်ဟုဖော်ပြရမည်။ ၂) သက်သေက စွပ်စွဲခံရသည့်ကျူးလွန်သူသည် သတ်မှတ်ဖော်ပြထားသော တားမြစ် ထားသည့် အနေအထားတွင် အဖွဲ့တစ်ဖွဲ့ (သို့) တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်ဟု ဖော်ပြရပါမည်။ အောက်ပါဇယားသည် လိင်အကြမ်းမက်မှုအပြုအမူတစ်ခုကို ဥပမာအဖြစ်ရွေးချယ်ကာ အင်္ဂါရပ်များနှင့် ချိတ်ဆက်ပေးခြင်းဖြစ်ပါသည်။

၆၂ ဤအင်္ဂါရပ်သည် မျိုးတုန်းသတ်ဖြတ်မှုနှင့် သက်ဆိုင်သည့် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သည့် အင်္ဂါရပ်ဖြစ်ပါသည်။ မျိုးတုန်းသတ်ဖြတ်မှုဆိုင် ရာ အပြုအမူတစ်ခုခုကို တစ်ယောက်ယောက်ကကျူးခွန်သည်ဟူသည့်အချက်ကို ဖော်ပြနိုင်ရမည်။ အုပ်စုတစ်ခုကိုပျက်စီးလိုသည့် ရည်ရွယ် ချက်ဖြင့် လုပ်ဆောင်သည်ဆိုသည်ကို သက်သေခိုင်ခိုင်မာမာဖြင့်

၆၃ ပြသရပါမည်။ အပိုင်းဂတွင် ဖော်ပြထားသည့်တာဝန်ယူမှုအပြင် ထပ်မံဖြည့် စွက်ခြင်းဖြစ်ပါသည်။ မျိုးတုန်းသတ်ဖြတ်မှုပါဝင်သည့် အပြုအမူအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသူသည် အဆင့်မြင့်အရာရှိဖြစ်ရန်မလိုပါ။ ၎င်းသည် ဤ Workbook၏ ရည်ရွယ်ချက်များပြည့်မြောက်စေမည့် ရိုးရိုးဥပမာတစ်ခုဖြစ်ပါသည်။

နောက်ဆက်တွဲ ၁

| အခင်းဖြစ်ပွားခဲ့သ ည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် စစ်အတွင်း ကျူး လွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
|---|---|---|
| | | ဒါပေမယ့် ရာထူး မြင့်ပုဂ္ဂိုလ်တွေ လာတာကို ပါဝင်ကြိုဆိုရတဲ့ အခါမှာ ကျွန်မကို ဖမ်းဆီးခဲ့သူက အစာရေစာ ကောင်းကောင်းကျွေးမွေးပြီး တစ်ယောက်တည်း အိပ်စေပါတယ်။ လက်နဲ့တောင် မတို့ပါဘူး။ ရေချိုးခွင့်နဲ့ အဝတ်အစားကောင်းကောင်းလည်း ပေး ပြီး သူ့ရဲ့ စော်ကားနှိပ်စက်မှုကနေ ကျွန်မ နားရက်ရသလိုပါပဲ။ ရာထူးမြင့်တဲ့ ဧည့်သည်ရောက်လာတဲ့အခါမှာ အဲ့ဒီ ပုဂ္ဂိုလ်ကို 'ဘုရင်'လို့ ခေါ်ကြပါတယ်။ ဘယ်လိုရာထူးမျိုးရှိသလဲတော့ မသိပေ မယ့် အဲ့ဒီပုဂ္ဂိုလ်ရောက်လာရင် ကား အတန်းလိုက် ပါလာပြီး ဘေးနားမှာ လက်နက်ကိုင် စစ်သား အယောက် ၂၀ လောက်ပါတဲ့အတွက် အရေးပါတဲ့ ပုဂ္ဂိုလ် ဖြစ်မှန်းသိရှိရပါတယ်။ လည်ပင်းမှာ လည်း ရွှေချိန်းကြိုးတွေကို ဆွဲထားပါ တယ်။ အဆိုပါ ပုဂ္ဂိုလ်ရောက်လာတာနဲ့ အားလုံးကြားနိုင်စေရန် အသံကျယ်ကျယ် ပြတ်ပြတ်နဲ့ အခုလို စပြောပါတယ် : ' ဒါမင်းရဲ့ ပိုးဟပ်လိုအမျိုးသမီးပဲ! သူမ အကြောင်း အများကြီး ကြားဖူးတယ်။ စုံစမ်းစစ်ဆေးလို့ရအောင် ပိုးဟပ်လို အမျိုးသမီးတွေ အကုန်ခေါ်ထုတ်လာခဲ့ ပါ။ ကျူပ်ရဲ့လူတွေကို ရှင်းလင်းရေးမှာ တတ်နိုင်သမျှ ပိုသန်မာကြံ့ခိုင်အောင် လုပ်ပေးမယ့် အကောင်းဆုံး အင်းဆက် တွေကို ရထားသလားဆိုတာကို သေချာ အောင်လုပ်ရမယ်။ မင်းရဲ့ ပိုးဟပ်လို အမျိုးသမီးက ပိုးဟပ်တွေပုန်းနေတဲ့ နေ ရာကို ကိုယ်တိုင် ပြပါစေ။ မင်းတို့ အလုပ်တွေ ပြီးသွားရင် ဟန်သွေးတစ် ဂက်ပါတဲ့ ကလေးတွေနဲ့ ပြည့်လာပြီး ပိုးဟပ်သွေး အပြည့်ပါတဲ့လူတွေကို အ ကုန် သတ်ပစ်လို့ရပြီ'။ ကျွန်မတို့ကို ပိုးဟပ်တွေလို့ ခေါ်တာက ကျွန်မတို့ လူမျိုးစုကို ဆိုလိုခြင်းဖြစ်ပါတယ်။ ကျွန်မတို့လူမျိုးစုတွေက မြေအောက်မှာ အိမ် ဆောက်နေကြပါတယ်။ ဒါကျွန်မတို့ရဲ့ ဓလေ့ထုံးစံပါ။ 'ပိုးဟပ်'လို့ အခေါ်ခံရတဲ့ သူတွေက အခြားတိုင်းရင်းသားလူမျိုးစု က အဖွဲ့ဝင်တစ်ယောက်မှ မပါဝင်ပါဘူး။" |
| ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ အရကျွန်ပြုခံရခြင်း) သည် အဖွဲ့ဝင်များ ကို ရုပ်ပိုင်းဆိုင်ရာအရ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာ ထိ ခိုက်ဒဏ်ရာရစေရန် ရည်ရွယ်၍ ကျူး လွန်ခြင်းဖြစ်သည် ဟူသော ကောက် ချက်ကို မည်သည့် အချက်အလက်က ထောက်ပံ့ အားပေးသနည်း? | သင့်ကိုဖမ်းဆီးခဲ့သူ၏ အတွေးများနှင့် သင့်ကို ထိခိုက်နာကျင်စေသော နည်းလမ်းဖြင့် ဆက်ဆံခဲ့ခြင်းဖြင့် သင့်ထံမှ ၎င်းလိုချင်သည်မှာ ဘာဖြစ်သည်ကို သင်နားလည်သဘော ပေါက်ခဲ့ပါသ လား? အဘယ့်ကြောင့် သင့်အား နှိပ်စက်သည်နှင့် ပတ်သက်၍ တစုံစရာ ပြောဆိုခြင်း ရှိခဲ့ပါသလား? | **ထွက်ဆိုချက် :** "ကျွန်မကို ဖမ်းဆီးခဲ့သူ ရဲ့ စိတ်ကို ကျွန်မ မဖတ်နိုင်ခဲ့ပါဘူး။ ဒါ ပေမယ့် ကျွန်မကို အလွန့်အလွန် ကြမ်း တမ်းစွာ ဆက်ဆံနေခဲ့ပြီး ရက်စက်တဲ့ အဆင့်ကို မြှင့်တင်ဖို့တောင် ကြိုးစားခဲ့ ပါတယ်။ ဥပမာပြောရရင် ကျွန်မရဲ့ အမျိုး သမီးအင်္ဂါထဲကို ဖယောင်းတိုင် ပြန်ထွက် မလာအောင် ထည့်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲ့ဒီလုပ်ရပ်ကို လက်မလျှော့ခင် ဖြေမ်ိ တိုင်တိုင် ကြိုးစားခဲ့ပါတယ်။ အဲ့ဒီလို လုပ်ပြီးတိုင်း ကျွန်မကို အဓမ္မပြုကျင့်ခဲ့ပြီး နာကျင်မှုက မခံနိုင်လောက်အောင်ပါပဲ။ ကျွန်မရဲ့ အော်သံက သူ့အတွက်တော့ ကျွန်မကို ထိခိုက်နာကျင်စေမယ့် နည်းလမ်းပိုရှာစေတယ်နဲ့ တူပါတယ်။ အဲ့ဒီ နေ့မျိုးဆိုရင် ညဘက်မှာ ကျွန်မ 'သူ့ကို ပေးခဲ့တဲ့' အင်အားနဲ့ သူသတ်ခဲ့တဲ့ ကျွန်မတို့ လူမျိုးစုဝင်တွေ အားလုံးအ ကြောင်းကို ပြောပြပါတယ်။ တခါတရံ သူနဲ့ သူ့နောက်လိုက် အတိုက်အခိုက် ကျွမ်းကျင်သူတွေ သတ်ခဲ့တဲ့ မိသားစု တွေရဲ့ အမည်နာမတွေကိုပါ ပြောပြပါ တယ်။ ကျွန်မကသာ 'သူ့ကို ထားခဲ့ရင်' ကျွန်မမိသားစုဝင်တွေကို တစ်ယောက် ချင်း လိုက်လံသတ်ဖြတ်မယ့်အကြောင်း ပြောပါတယ်။" |

# နောက်ဆက်တွဲများ



| အခင်းဖြစ်ပွားခဲ့သည့် အခြေအနေမှာ အဘယ်နည်း? | အခင်းဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ပတ်သက်သည့် နမူနာမေးခွန်းများ | ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရခြင်း)သည် စစ်အတွင်း ကျူး လွန်သည့် ပြစ်မှုဖြစ်ကြောင်း သက်သေပြ ထောက် ကူသည့် သက်သေအထောက် အထား/ အချက်အလက် နမူနာများ |
|---|---|---|
| ဤကျူးလွန်မှု (ဥပမာ လိင်ပိုင်းဆိုင်ရာ အရကျွန်ပြုခံရခြင်း) သည် အဖွဲ့ဝင်များ ကို ရုပ်ပိုင်းဆိုင်ရာအရ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာ ထိ ခိုက်ဒဏ်ရာရစေရန် ရည်ရွယ်၍ ကျူး လွန်ခြင်းဖြစ်သည် ဟူသော ကောက် ချက်ကို မည်သည့် အချက်အလက်က ထောက်ပံ့ အားပေးသနည်း? | သင့်ကိုဖမ်းဆီးခဲ့သူ၏ အတွေးများနှင့် သင့်ကို ထိခိုက်နာကျင်စေသော နည်း လမ်းဖြင့် ဆက်ဆံခဲ့ခြင်းဖြင့် သင့်ထံမှ ၎င်းလိုချင်သည်မှာ ဘာဖြစ်သည်ကို သင်နားလည်သဘော ပေါက်ခဲ့ပါသ လား? အဘယ့်ကြောင့် သင့်အား နှိပ် စက်သည်နှင့် ပတ်သက်၍ တစုံစရာ ပြောဆိုခြင်း ရှိခဲ့ပါသလား? | **ထွက်ဆိုချက် :** "ဖြစ်ချင်တော့ အမုန် ကျွန်မက 'ကံကောင်းတယ်'လို့ အခေါ်ခံ ရတဲ့ထဲက တစ်ယောက်ပါ။ အခြား မိန်းမ ငယ်လေးတွေနဲ့ အမျိုးသမီးတွေ အ တော်များများဟာ သူတို့ရဲ့ ခင်ပွန်းတွေ၊ အဖေတွေနဲ့အတူ အခြားအဆောက်အဦ ကို ခေါ်ဆောင်သွားခံပြီး သူတို့ကို သပ်သပ်စီ ခွဲထားဖို့ ရည်ရွယ်ထားတဲ့ နေ ရာဖြစ်ပါတယ်။ ကာလရှည်ကြာ ခွဲထား မယ့် အစီအစဉ်ဖြစ်ပြီး ခွဲထားရခြင်းမှာ လည်း ကျွန်မတို့ လူမျိုးစုရဲ့ ကလေးတွေ ထပ်ပြီး မွေးဖွားမလာဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။ အမျိုးသားနဲ့ အမျိုးသမီး တွေကို မတွေ့ဖို့ တားမြစ်ထားပြီး တစ် ပတ်ကို တစ်ကြိမ်သာ ပေးတွေ့ပါတယ်။ အဲ့ဒီတစ်ကြိမ်ဟာလည်း ခြံစည်းရိုး တစ် ဖက်စီမှာ မိနစ် ၃၀သာ ပေးတွေ့တာ ဖြစ် ပါတယ်။ အဲ့ဒီနောက်မှာတော့ ဟန်လူမျိုး အမျိုးသမီးတွေကို အမျိုးသားတွေနဲ့၊ ဟန်လူမျိုးအမျိုးသားတွေကို အမျိုးသမီး တွေနဲ့ အတင်းအဓမ္မ ကာမစပ်ယှက်စေ ပါတယ်။ အဆိုပါ အဓမ္မပြုကျင့်မှုများ ကြောင့် ကျွန်မတို့လူမျိုးစုရဲ့ အမျိုးသမီး တွေနဲ့ ဟန်အမျိုးသမီးတွေ များစွာ ကိုယ် ဝန်ရကြပါတယ်။ ကိုယ်ဝန်ဆောင်အမျိုး သမီးတွေကိုတော့ အခြားနေရာမှာ ထိန်း သိမ်းထားပြီး မွေးလာတဲ့ ကလေးက အ သားရောင် အရမ်းမည်းရင် အဲ့ဒီနေရာမှာ တင် သတ်ပစ်ပါတယ်။ အကြိမ်ပေါင်းများ စွာ အားလုံးကို ရှင်းလင်းစွာ သိရှိစေတာ ကတော့ သူတို့တွေ ဒီစနစ်ကို စတင် ရတာဟာ အသားဖြူတဲ့ကလေးတွေ မွေး ထုတ်ဖို့ဖြစ်ပြီး ကျွန်မတို့ လူမျိုးစုရဲ့ ကလေးစစ်စစ်တွေ မွေးထုတ်ခြင်းကနေ တားဆီးဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ မိသားစုက ကျွန်မအစ်မကလွဲရင် ကျန်တဲ့ အမျိုးသမီး အားလုံးဟာ အဲ့ဒီ သီးခြားခွဲ ထားတဲ့ အဆောက်အဦးမှာ ချုပ်နှောင် ခြင်းခံရလို့ပါပဲ။ စစ်ပွဲပြီးဆုံးခါနီးမှာတော့ ကျွန်မတို့ကို ဖမ်းဆီးခဲ့တဲ့လူတွေဟာ ရမ်းကား ကြမ်းတမ်းလာပြီး အသားဖြူတဲ့ ကလေးတွေမွေးစေဖို့နဲ့ ကျွန်မတို့ လူ မျိုးစုကို သုတ်သင်ရှင်းလင်းဖို့ဆိုတဲ့ သူတို့ရဲ့ အစီအစဉ်ဟာ နောက်ပိုင်း ကိစ္စ ဖြစ်လာပါတယ်။ ကျွန်မတို့လူမျိုးစုထဲက ဖမ်းဆီးထားသူတွေရဲ့ မျိုးပွားအင်္ဂါဇာတ် တွေကို စတင် ဖြတ်တောက်ဖျက်ဆီး ခဲ့ပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်အတော အ တွင်း အတော်များများ သေဆုံးခဲ့ပြီး အခြား ကျန်ရစ်ခဲ့သူတွေကတော့ တစ် သက်လုံး ဒဏ်ရာအနာတရဖြစ်ခဲ့ကြရ ပါတယ်။" |
| ဤကျူးလွန်မှုသည် အဖွဲ့အတွင်း က လေးမွေးဖွားမှုကို ထိန်းချုပ်ရန် ရည် ရွယ်၍ စီမံဆောင်ရွက်ချက်များ သတ် မှတ်ရန် ရည်ရွယ်၍ ကျူးလွန်ခဲ့ခြင်းဖြစ် သည်ဟူသော ကောက်ချက်ကို မည် သည့်အချက်အလက်က ထောက်ပံ့ အားပေးသနည်း? | အထက်တွင် ဖော်ပြထားသော မေး ခွန်းများကို ကြည့်ပါ။) | (အထက်တွင် ဖော်ပြထားသော အချက် များသည်လည်း ဤအင်္ဂါရပ်ကို ပြေ လည်စေပါသည်။) |

## အပိုင်း ဂ : (စွပ်စွဲခံရသော) မည်သူက ပြစ်မှုကျူးလွန်ခဲ့သနည်း? (စွပ်စွဲခံရသော မည်သူက တာဝန်ရှိကာ တိုက်ရိုက် သို့မဟုတ် အမိန့်/အထက်လူကြီးကြောင့် တာဝန်ရှိခြင်း[၆၅]တို့တွင် မည်သည့် တာဝန်ရှိခြင်းပုံစံ[၆၄]ဖြင့် တာဝန်ရှိသနည်း?)

### တိုက်ရိုက်တာဝန်ရှိခြင်း

**အင်္ဂါရပ်များ :**

အဖွဲ့တစ်ဖွဲ့က သာမန်ရည်ရွယ်ချက်တစ်ခုဖြင့် (တိုက်ရိုက်အားဖြင့်၊ သွယ်ဝိုက်သောနည်းအားဖြင့်၊ သို့မဟုတ် တွဲဖက်ကျူးလွန်သူအဖြစ်) ကျူးလွန်ခဲ့သည်၊ အမိန့်ပေးခိုင်းစေခဲ့သည်၊ သွေးဆောင်ခဲ့သည်၊ တိုက်တွန်းခဲ့သည်၊ အထောက်အကူပြုပြီး အားပေးကူညီခဲ့သည် သို့မဟုတ် အခြားနည်းလမ်းဖြင့် ပြစ်မှုကျူးလွန်ခြင်းကို (ဆောင်ရွက်ခြင်းဖြင့် သို့မဟုတ် ထိန်ချန်ထားခြင်းဖြင့်) ဖြည့်ဆည်းပံ့ပိုးခဲ့သည် - သို့မဟုတ် (ဆောင်ရွက်ခြင်းဖြင့် သို့မဟုတ် ထိန်ချန်ထား ခြင်းဖြင့်) ကျူးလွန်ရန် ကြံစည်အားထုတ်သည်ဟု စွပ်စွဲခံရခြင်း[၆၆]။

| မည်သူ့တွင် မည်သို့ တာဝန်ရှိနိုင်သ နည်း? | မည်သူ့တွင် မည်သို့ တာဝန်ရှိနိုင် သည်နှင့် ပတ်သက်၍ သတင်း အချက်အလက်များကို ထုတ်ယူမေး မြန်းနိုင်သည့် မေးခွန်း နမူနာများ | ဤအပြုအမူဖြင့် ကျူးလွန်မှုများအတွက် ယင်းပုဂ္ဂိုလ်များတွင် သို့မဟုတ် ထို ပုဂ္ဂိုလ်များတွင် တာဝန်ရှိနိုင်သည်ဟု သက်သေပြ ထောက်ကူနိုင်သည့် သက် သေအထောက်အထား/ သတင်းအချက် အလက် နမူနာများ |
|---|---|---|
| စွပ်စွဲခံရသော ပုဂ္ဂိုလ်(များ)နှင့် အဖွဲ့ (များ)သည် ဤပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟု ဖော်ထုတ်ခွဲခြားနိုင်ရန် မည် သည့် အချက်များက အသုံးဝင်သ နည်း? ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က လူသားချင်း စာနာထောက်ထားမှု မရှိ ၍ ကျူးလွန်သည့် ပြစ်မှု (ဥပမာ လိင် ပိုင်းဆိုင်ရာ ကျွန်ပြုခြင်း)ကို အကွက်ချ စီစဥ်ထားခဲ့ကြောင်း မည်သည့်အချက် များက ထုတ်ဖော်ပြသသနည်း? ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ပြစ်မှုကို ကျူး လွန်ခဲ့သည်၊ အမိန့်ပေးခိုင်းစေခဲ့သည်၊ သွေးဆောင်ခဲ့သည်၊တိုက်တွန်း ခဲ့သည်၊ အထောက်အကူပြုပြီး အားပေးကူညီခဲ့ သည်ဟု မည်သည့်အချက်များက ထုတ်ဖော် ပြသသနည်း? | သင် ပြောပြခဲ့သည့် ကျူးလွန်မှုများကို ကျူးလွန်ခဲ့သူများအား ထုတ်ဖော် ပြောပြ နိုင်မလား? ၎င်းတို့၏ အဝတ် အစားအကြောင်းပြောပြနိုင်မလား? ရာထူး အဆောင်အယောင် အမှတ် အသားများ ရှိပါသလား? ၎င်းတို့၏ ဦးခေါင်း/ခြေထောက်တွင် ဝတ်ဆင် ထားသည်များ၊ ၎င်းတို့ သယ်ဆောင် ထားသည်များ၊ ၎င်းတို့၏ လက်နက် များ၊ ကိရိယာများ၊ ယာဥ်များ၊ အသုံး ပြုသော ဘာသာစကား စသည်ဖြင့် ၎င်းတို့၏ ပုံပန်းသွင်ပြင်တွင် အခြား ထူးခြား ကွဲလွဲနေသော သွင်ပြင်လ က္ခဏာများရှိလျှင် ပြောပြနိုင်မလား? အခွင့်အာဏာပိုင်သော ရာထူးရှိသူကို လေ့လာနိုင်ခဲ့သည့် အခြေအနေ ရှိခဲ့ ပါသလား? | **ထွက်ဆိုချက် :** လူသားချင်း စာနာ ထောက်ထားမှုမရှိ၍ ကျူးလွန်သည့် ပြစ် မှုဖြစ်သည့် လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခံရ ခြင်းကို ကိုယ်တိုင် ကြုံတွေ့ခံစားရပြီး လွတ်မြောက်လာသူ တစ်ယောက်က ကျူးလွန်သူများဟု စွပ်စွဲခံထားရသူများ သည် အပြာရောင် ယူနီဖောင်းများ ဝတ် ဆင်ထားပြီး တောခုတ်ဓားများနှင့် လက် ပစ်ဗုံးများကို သယ်ဆောင်ထားကာ လက် အိတ်များနှင့် ဘယ်ရီကတ်ဦးထုပ်များကို ဝတ်ဆင်ထားကြသည့်အပြင် ရေဒီယိုများ ကိုပါသယ်ဆောင်ထားကြသည်ဟု ထွက် ဆိုဖော်ပြခဲ့သည်။ ကျူးလွန်သူများဟု စွပ်စွဲခံထားရသူများသည် ၎င်းတို့က မစ္စတာအိတ်စ် (Mr X)ဟု ခေါ်သည့် ပုဂ္ဂိုလ်အား အလေးပြုခဲ့ကြပြီး ထိုသူက ပေးသည့် ညွှန်ကြားချက်များကို ၎င်းတို့ က ဆောင်ရွက်ရကြောင်း သူမလေ့လာ သိရှိခဲ့ရသည်ဟု အစီရင်ခံခဲ့ပါသည်။ သူမ သည် ညဘက်တွင် ခပ်လှမ်းလှမ်းမှ မြင်ရ ကြားရသည်များရှိပြီး ယင်းမှာ မစ္စတာ အိတ်စ် (Mr X)နှင့် အခြားလူများသည် အစည်းအဝေးထိုင်ကာ နောက်တစ်ရက် တွင် ဆောင်ရွက်မည့် လှုပ်ရှား လုပ် ဆောင်မှုများကို အစီအစဥ်ဆွဲကြခြင်းဖြစ် သည်ဟုဆိုသည်။ မစ္စတာအိတ်စ် (Mr X) သည် အခြားပုဂ္ဂိုလ်ထံမှ ရေဒီယို/ စကား ပြောစက်မှတဆင့် အမိန့်များ လက်ခံရရှိ |

၆၄ ဤသက်သေခံချက်အမျိုးအစားသည် လိင်အကြမ်းဖက်မှုတရားစွဲဆိုမှုများတွင် ထုံးတမ်းစဉ်လာအားဖြင့် အားအနည်းဆုံးအင်္ဂါရပ်ဖြစ်ပြီး လိင်အ ကြမ်းဖက်မှုများအတွက် စီရင်ချက်အများစုမှာ အပြစ်မရှိကြောင်း (သို့) တရားစွဲ၍မရသည့်အကြောင်းရင်းလည်းဖြစ်ပါသည်။ တာဝန်ယူမှု အပေါ် အချိန်ပေးရန် ထိုက်တန်ပြီး မေးခွန်းများဂရုတစိုက် မေးရပါမည်။ ထိုသို့မဟုတ်လျှင် ကျန်ရှိနေသော သက်သေဖြင့် အလုပ်ဖြစ်မည် မဟုတ်ပါ။ တရားသူကြီးများပြောသည့် အခြေအနေများစွာရှိပါသည်။ လိင်အကြမ်းဖက်မှုအမှု တကယ်ဖြစ်ပေါ်ခဲ့သည်ဟူသည့် သံသယအပေါ် ယုံကြည်ပါသည်။ သို့သော် အဆိုပါအပြုအမူများအတွက် စွပ်စွဲခံရသူတွင် ပြစ်မှုဆိုင်ရာတာဝန်ယူမှုရှိရမည်ဆိုသည့်အချက်ကို သက်သေလုံ လုံလောက်လောက်မပြနိုင်ပါ။ အဆိုပါမှတ်တမ်းတင်မှုလုပ်ငန်းစဉ်သည် အလွန်အရေးကြီးပါသည်။

၆၅ အကယ်၍ စုံစမ်းစစ်ဆေးမှုခံယူနေရသည့် ကျူးလွန်သူသည် ပြစ်မှုများနှင့် ဝေးကွာနေပြီး ကျူးလွန်မှုနှင့် ကျူးလွန်သူအကြားက ချိတ်ဆက်မှု သည် တိုက်ရိုက်မဟုတ်ပါက မျက်မြင်သက်သေဟုဆိုရာတွင် အမျိုးအစားတစ်ခုတည်း (ဥပမာ အဆင့်မြင့်အတွင်းလူမျက်မြင်သက်သေ)က သာစွပ်စွဲခံရသည့် ကျူးလွန်သူနှင့် စပ်လျဉ်းသည့် အချက်အလက်ကို ပေးနိုင်သည်ဟု မကြာခဏထင်မြင်မိတတ်ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် မှတ်တမ်းတင်သူများနှင့် စုံစမ်းစစ်ဆေးသူများသည် မျက်မြင်သက်သေ၏ ယူဆချက်များကို ရှောင်ရှားရန် အကြံပြုပါ သည်။ အဆင့်မြင့်သော အဝေးရောက် (စွပ်စွဲခံရသည့်) ကျူးလွန်သူကို လုံးဝမမြင်ဖူးသော ထိခိုက်နစ်နာသူဘက်မှ မျက်မြင်သက်သေသည် အမှန်တကယ်ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသည့် အဆင့်မြင့်အရာရှိများနှင့် ဆက်စပ်သည့် ခိုင်မာအားကောင်းဆုံးသော သက်သေချိတ် ဆက်မှုကို ပေးနိုင်ပါသည်။ မျက်မြင်သက်သေတစ်ဦးစီကို အဆိုပါအကြောင်းအရာများကို မေးခွန်းထုတ်ရမည်ဖြစ်ကာ အရေးပါသောချိတ် ဆက်မှုသက်သေ ဆုံးရှုံးနိုင်ခြေကို မမေးရပါ။

၆၆ ပြစ်မှုကျူးလွန်ရာတွင် (ICCစည်းမျဉ်းပုဒမ ၂၅(၃)(က)) တစ်ဦးချင်း/တိုက်ရိုက်ရုပ်ပိုင်းဆိုင်ရာကျူးလွန်ခြင်း (သို့) အခြားသူများနှင့် ပူးပေါင်း ကျူးလွန်ခြင်းဖြစ်နိုင်ပြီး ပူးပေါင်းကျူးလွန်မှုဆိုင်ရာတွင် ပြစ်မှုကို ပူးပေါင်းထိန်းချုပ်လုပ်ဆောင်ခြင်း (သို့) ပြစ်မှုကို အခြားတစ်ယောက်မှ တဆင့် ကျူးလွန်ခြင်းဖြစ်ပါသည်။ အမိန့်ပေးခြင်းဆိုသည်မှာ အခြားတစ်ယောက်ကို ပြစ်မှုကျူးလွန်ရန် ညွှန်ကြားခြင်း၊ မြူဆွယ်ခြင်းသည် အခြားတစ်ယောက်အား ပြစ်မှုကျူးလွန်ရန်တိုက်တွန်းခြင်းဖြစ်သည်။ အကူအညီပေးခြင်း နှင့် ထောက်ပံ့ခြင်းသည်လက်တွေ့အကူအညီများ ပံ့ပိုးပေးခြင်းဖြစ်ပြီး (ဥပမာ ပြစ်မှုကျူးလွန်ရန် နည်းလမ်းပေးခြင်း) (သို့) တိုက်ရိုက်ပြစ်မှုကျူးလွန်သူများကို စိတ်ပိုင်းဆိုင်ရာ အားပေးထောက်ခံခြင်းတို့ဖြစ်ပါသည်။

| မည်သူ့တွင် မည်သို့ တာဝန်ရှိနိုင်သ နည်း? | မည်သူ့တွင် မည်သို့ တာဝန်ရှိနိုင် သည်နှင့် ပတ်သက်၍ သတင်း အချက်အလက်များကို ထုတ်ယူမေး မြန်းနိုင်သည့် မေးခွန်း နမူနာများ | ဤအပြုအမူဖြင့် ကျူးလွန်မှုများအတွက် ယင်းပုဂ္ဂိုလ်များတွင် သို့မဟုတ် ထို ပုဂ္ဂိုလ်များတွင် တာဝန်ရှိနိုင်သည်ဟု သက်သေပြ ထောက်ကူနိုင်သည့် သက် သေအထောက်အထား/ သတင်းအချက် အလက် နမူနာများ |
|---|---|---|
| | ယင်းပုဂ္ဂိုလ်သည် အခွင့် အာဏာပိုင်သော ရာထူးရှိသူဖြစ် ကြောင်း သင်မည်သို့ သိရှိခဲ့သနည်း သို့မဟုတ် မည်သည့်အချက်က သင့်အား ဤသို့ ကောက်ချက်ချစေခဲ့သနည်း? အဆိုပါ ပုဂ္ဂိုလ် (ပုဂ္ဂိုလ် များ) က တစုံတရာ ပြောဆိုခဲ့သည်ကို ကြားနိုင်သည့် အခြေအနေရှိခဲ့ပါသ လား? ယင်းပုဂ္ဂိုလ်များက မည်သည် ကို မည်သူ့အား ပြောခဲ့ပြီး မည်သည့် အခြေအနေများတွင် ပြောခဲ့သနည်း? ၎င်းတို့ ပြောခဲ့သည်ကို မည်သို့ တုံ့ ပြန်ခဲ့သနည်း? အဆိုပါ အဖွဲ့အတွင်း ရှိ တစ်ယောက်ချင်းစီ၏ တုံ့ပြန်မှုကို လေ့လာနိုင်သည့် အခြေအနေရရှိခဲ့ ပါသလား? ၎င်းတို့၏ တုံ့ပြန်မှုကို လေ့လာရာတွင် မည်သည်ကို လေ့ လာနိုင်ခဲ့သနည်း? ၎င်းတို့သည် တစ် ယောက်ကို တစ်ယောက် အမည်အား ဖြင့်၊ ဂုဏ်ပုဒ်/အဆင့်အတန်းအားဖြင့်၊ ရာထူးအားဖြင့်၊ စသည်ဖြင့် ခေါ်ဝေါ် ညွှန်းဆိုသည်ကို ကြားနိုင်ခဲ့သော အခြေအနေတွင် ရှိခဲ့ပါသလား? | သည့် အခြေအနေများတွင်လည်း သူမ ရှိနေခဲ့သည်။<br><br>**မှတ်တမ်းတင်ခြင်း :** စီနီယာအာဏာ ပိုင်များက လက်နက်ကိုင် တိုက်ပွဲဖြစ်ပွား ရာရှိ စစ်သားများထံ ညွှန်ကြားသည့် အဖွဲ့၏ နေ့စဉ်နှင့် အပတ်စဉ် လက်နက် ကိုင် တိုက်ပွဲများအကြောင်း အစီရင်ခံစာ များနှင့် တိုက်ပွဲဖြစ်ပွားရာနေရာရှိစစ်သား များမှ ကွန်မန်ဒါ သို့မဟုတ် ရာထူးမြင့် အမှုထမ်းများထံတင်သည့်လက်နက်ကိုင် တိုက်ပွဲများအကြောင်း အစီရင်ခံစာ များ ပါရှိသည့် မှတ်တမ်းများကို သင်ရရှိသည်။<br><br>**ဗွီဒီယို/အသံဖိုင် :** မစ္စတာအိတ်စ်(Mr X) သည် လက်ကိုင်ရေဒီယိုမှ ညွှန်ကြားချက် များ လက်ခံရရှိနေစဉ် အတွင်းလူမျက်မြင် သက်သေက အသံဖမ်းယူထားခဲ့သော အသံဖိုင်ကို သင်ရရှိသည်။ အသံဖိုင်နှင့် တွဲလျက် မည်သူက၊ မည်သည့်ကျူးလွန် မှုကို၊ မည်သည့်နေရာတွင်၊ အဘယ့် ကြောင့်နှင့် မည်သို့လုပ်ဆောင်ရမည် ဖြစ်ကြောင်းကို သူသိသမျှနှင့် ညွှန်ကြား ချက်ရရှိသူမှာ မစ္စတာအိတ်စ် (Mr X) ဖြစ်ကြောင်း မည်သို့သိရှိကြောင်းတို့ကို မျက်မြင်သက်သေက သင့်အား ပေး သည်။ ထို့အပြင် ယင်းညွှန်ကြားချက် များကို ပေးသူနှင့် ပတ်သက်၍ ၎င်းတွင် ရှိသည့် အချက်အလက်များကို ပေးပြီး ၎င်းအနေနှင့် ယင်းသို့ ကောက်ချက်ချ စေသည့် အချက်များကိုပါ ပေးသည်။ |

## အမိန့်/အထက်လူကြီးကြောင့် တာဝန်ရှိခြင်း

### အင်္ဂါရပ်များ :

စစ်ဘက်ကွန်မန်ဒါများ

- တရားဝင် သို့မဟုတ် တရားဝင်မဟုတ်သော စစ်ဘက်ဆိုင်ရာ ကွန်မန်ဒါများတွင် လက်အောက် ငယ်သားများအပေါ် ထိရောက်သော အမိန့်နှင့် ထိန်းချုပ်မှုရှိခြင်း။
- သူ/သူမသည် ၎င်း၏ လက်အောက်ငယ်သားများက ပြစ်မှုများကျူးလွန်နေသည်ကို သိရှိသင့်ခဲ့ခြင်း။
- သူ/သူမသည် ပြစ်မှုများ ကျူးလွန်နေသည်ကို ကာကွယ်ရန် သင့်လျော်သော စည်းမျဉ်းများထုတ်ရန်၊ ကျူးလွန်သူများအား အပြစ်ပေးရန်၊ သို့မဟုတ် အခွင့်အာဏာပိုင်သည့် ကျွမ်းကျင်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရေးအတွက် တင်ပြရန် ပျက်ကွက်ခဲ့ခြင်း။
- ရလဒ်အဖြစ် ပြစ်မှုကို ကျူးလွန်ခဲ့ခြင်း။

အရပ်သား ကွန်မန်ဒါများ

- အထက်လူကြီးနှင့် လက်အောက်ငယ်သား ဆက်ဆံရေး၏ သွင်ပြင်လက္ခဏာကို လက်အောက် ငယ်သားများအပေါ် ထိရောက်သော အခွင့်အာဏာနှင့် ထိန်းချုပ်မှုဖြင့် ဖော်ပြခြင်း။
- သူ/သူမသည် လက်အောက်ငယ်သားများက ပြစ်မှုများ ကျူးလွန်နေခဲ့သည်ဟု ရှင်းလင်းပြတ်သားစွာ ညွှန်ပြလျက်ရှိသော သတင်းအချက်အလက်များကို သိရှိခဲ့သည် သို့မဟုတ် သိလျက်နှင့် လျစ်လျူရှုခဲ့ ခြင်း။
- ပြစ်မှုများသည် အထက်လူကြီး၏ ထိရောက်မှုရှိသော တာဝန်ယူခြင်းနှင့် ထိန်းချုပ်မှုအတွင်း ကျူးလွန်ခဲ့ သော လှုပ်ရှားမှုများဖြစ်ခြင်း။
- သူ/သူမသည် ပြစ်မှုများကို ကာကွယ်ရန် သင့်လျော်သည့်၊ လိုအပ်သည့် စည်းမျဉ်းများချမှတ်နရန် သို့မဟုတ် အခွင့်အာဏာပိုင်ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးမှုအတွက် တင်ပြရန် ပျ က်ကွက်ခဲ့ခြင်း။
- သူ/သူမအနေဖြင့် လက်အောက်ငယ်သားများအပေါ် သင့်လျော်သော ထိန်းချုပ်မှုကို ကျင့်သုံးဆောင် ရွက်ရန် ပျက်ကွက်သည့် ရလဒ်အဖြစ် ပြစ်မှုကျူးလွန်ခဲ့ခြင်း။


| အခင်းဖြစ်ပွားခဲ့သ ည့် အခြေအနေမှာ အဘယ်နည်း? | မည်သူ့တွင် မည်သို့ တာဝန်ရှိနိုင် သည်နှင့် ပတ်သက်၍ သတင်း အချက်အလက်များကို ထုတ်ယူမေး မြန်းနိုင်သည့် မေးခွန်း နမူနာများ | ဤအပြုအမူဖြင့် ကျူးလွန်မှုများအတွက် ယင်းပုဂ္ဂိုလ်များတွင် သို့မဟုတ် ထို ပုဂ္ဂိုလ်များတွင် တာဝန်ရှိနိုင်သည်ဟု သက်သေပြ ထောက်ကူနိုင်သည့် သက် သေအထောက်အထား/ သတင်းအချက် အလက် နမူနာများ |
|---|---|---|
| လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်တွင် (စစ် ဘက်ဆိုင်ရာ ကွန်မန်ဒါအတွက်) ထိ ရောက်သော ထိန်းချုပ်မှုရှိခြင်း သို့မ ဟုတ် ထိရောက်သော အထက်လူကြီး နှင့် (အရပ်သား ကွန်မန်ဒါအတွက်) လက်အောက်ငယ်သား ဆက်ဆံရေး ရှိခြင်းကို မည်သည့်အချက်များက ထင် ရှားစေသနည်း? | အခြားပုဂ္ဂိုလ်များအား အခွင့်အာဏာ သက်ရောက်သည့် ရာထူးရှိနိုင်သော လက်နက်ကိုင်မည်သူမဆိုနှင့် ဆက် စပ်၍ သင့်အနေနှင့် သုံးသပ်ချက်များ ပေးနိုင်ခဲ့ပါသလား? ထိုသို့ သုံးသပ် ချက်ကို ချနိုင်ရန် အထူးသဖြင့် မည် သည့်အချက်က ဦးတည်ပေးသနည်း? သင်ရှင်းပြနိုင်မလား? သင့်ကို ထိုသို့ ကျူးလွန်ခဲ့သော ပုဂ္ဂိုလ်များကြားနှင့် ၎င်းတို့အဖွဲ့ထဲမှ ခေတ္တသာ ရောက် လာပြီး ပြန်သွားသူများကြားရှိ တုံ့ပြန် မှုများကို သင်လေ့လာခဲ့ပါသလား? သင်ဘာကိုတွေ့ခဲ့ပြီး ဘာကိုကြားခဲ့ ပါသလဲ? အခြားလူပုဂ္ဂိုလ်များထက် ပို အာဏာရှိသူ သို့မဟုတ် ပိုမို၍ အခွင့် အာဏာရရှိသူ ပုဂ္ဂိုလ် တစ်ဦးတစ် ယောက် သို့မဟုတ် အချို့ရှိပါသ လား? ကျေးဇူးပြု၍ ရှင်းပြပေးပါ။. | **ထွက်ဆိုချက် :** " ကျွန်မကို ဖမ်းဆီးချုပ် နှောင်ထားတဲ့ ချုပ်နှောင်ရေးစင်တာကို ကွန်မန်ဒါအဲလက်စ်လာရောက်ခဲ့ ပါတယ်။ တစ်လကို နှစ်ခေါက်လောက် တွေ့ခဲ့ရပါ တယ်။ သူ့ရဲ့ တစ်ဖက်တစ်ချက်စီမှာ သက်တော်စောင့်နှစ်ယောက်နဲ့ အမြဲ လာပါတယ်။ ဂျစ်ကားရဲ့ နောက်ဘက်မှာ စီးနင်းလိုက်ပါပြီး ရောက်ရှိလာခဲ့တဲ့ အ ခေါက်တိုင်း သူ့ရဲ့ သက်တော်စောင့်တွေ က ကားအပြင်ထွက်ပြီး သူ့အတွက် ကား တံခါးဖွင့်ပေးခဲ့ကြပါတယ်။ ကွန်မန်ဒါ ရောက်ရှိတဲ့ အခေါက်တိုင်း မုန့်အချိုတွေ နဲ့ အဖျော်ယမကာအပြင်းတွေကို တည် ခင်းဖို့အတွက် ကျွန်မကို ပြင်ဆင်ခိုင်းတဲ့ အတွက် အားလုံးကို မြင်ခဲ့ရ၊ ကြားခဲ့ရပါ တယ်။ အားလုံးက မတ်တပ်ရပ်၊ အလေး ပြုပြီး သတိအနေအထားမှာရှိခဲ့ကြတဲ့အ ပြင် သူခိုင်းသမျှ အားလုံးကို လုပ်ပေးကြ ပါတယ်။ သူရဲ့ နာမည်အရှည်ကိုတော့ မသိခဲ့ရပေမယ့် အခြားလူတွေက သူ့ကို ကွန်မန်ဒါ အဲလက်စ်လို့ ခေါ်ပါတယ်။ ချုပ်နှောင်ရေးစင်တာရဲ့ စောင့်ကြပ်ရေး ခေါင်းဆောင် မီလိုအိုမင်(Milo Omin)က တောင် အဲလက်စ်ရဲ့ လက်အောက်ငယ် သားဆိုတာ သိသာထင်ရှားပါတယ်။ အို မင်ဟာ သတိအနေအထားနဲ့ ရှိနေခဲ့ပြီး ကွန်မန်ဒါအဲလက်စ်က "လှည့်ပတ်ကြည့် ရှုမယ်"လို့ ကြေညာလိုက်တဲ့အခါမှာ အို မင်က ခုန်ခဲ့ပြီး ကွန်မန်ဒါအဲလက်စ်ကို စစ် သားတွေနေဖို့ ပေးထားတဲ့ အဆောက် အဦကို ဖြတ်ပြီး လမ်းပြခေါ်ဆောင်သွားခဲ့ ပါတယ်။" |
| လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် လက်အောက်ငယ်သားများသည် (လိင် ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင်) ပြစ်မှု များကျူးလွန်နေခဲ့သူကို သိရှိခဲ့ခြင်း၊ သို့မဟုတ် သိရှိသင့်ခဲ့ခြင်း၊ သို့မဟုတ် (အရပ်သား ကွန်မန်ဒါများအတွက်) လက်အောက်ငယ်သားများက ပြစ်မှု ကျူးလွန်နေသည်ကို သိသာထင်ရှား စွာ ညွှန်ပြနေသည့် အချက်အလက်များ ကို သိလျက်နှင့် လျစ်လျူရှုထားခဲ့ခြင်း ကို မည်သည့်အချက်များက ထင်ရှား စေသနည်း? | သင့်အတွေ့အကြုံအရ၊ ကွန်မန်ဒါ အဲ လက်စ်သည် သင်နှင့် အခြားမိန်းမ ငယ်များသည် လိင်ပိုင်းဆိုင်ရာအရ သို့မဟုတ် အခြားနည်းလမ်းဖြင့် နှိပ် စက်စော်ကားခံခဲ့ရကြောင်းကို သိရှိ နေခဲ့သည်ဟု ယုံကြည်ရန် အ ကြောင်းပြချက် တစ်စုံတရာ ပရှိသ လား? ကွန်မန်ဒါက သိရှိနေခဲ့သည် ဟု သင်ကပြောဆိုနိုင်ရန် မည်သည့် အချက်က လမ်းညွှန်လျက်ရှိသနည်း? ကွန်မန်ဒါအဲလက်စ်သိရှိနေခံသြ ည်ဟု ညွှန်ပြလျက်ရှိသည့် သင်လေ့လာခဲ့ သော သို့မဟုတ် ကြားခဲ့ရသော အချက်မှာ မည်သည် ဖြစ်သနည်း? တစ်နည်းအားဖြင့် ၎င်းအနေဖြင့် သိရှိ နေခဲ့သင့်သည် သို့မဟုတ် လက် အောက်ငယ်သားများက (လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုတွင်) ပြစ်မှု ကျူးလွန်နေသည်ကို သိသာထင်ရှား | **ထွက်ဆိုချက် :** "အိုမင်က ကွန်မန်ဒါ အဲလက်စ်ကို စင်တာတပိုက် လှည့်လည် ပြသခဲ့ပြီး ဘယ်သူတွေကို ဖမ်းဆီးချုပ် နှောင်ထားလဲဆိုတာကို ထပ်မံအသိပေး ပြောကြားခဲ့ပါတယ်။ ကွန်မန်ဒါအဲလက်စ် က သူရောက်လာတဲ့ အခေါက်တိုင်း ကျွန်မကို မြင်တွေ့ပြီး ကျွန်မနဲ့အခြား မိန်းမငယ်လေးတွေကို ဖမ်းထားတဲ့အခန်း အား လှည့်လည်ကြည့်ရှုခဲ့ပါတယ်။ ကျွန် မတို့ကို အဲ့ဒီနေရာမှာ တစ်နှစ်ကျော် ဖမ်း ဆီးထားခဲ့ပြီး ကွန်မန်ဒါဟာ ပုံမှန်လာ ရောက်ခဲ့တဲ့အပြင် လာရောက်တိုင်း လှည့်ပတ်ကြည့်ရှုခဲ့ပါတယ်။ ကျွန်မတို့ကို ဖမ်းဆီးထားတဲ့အခန်းကို သော့ခတ်ထား ပါတယ်။ အခန်းက ကျဉ်းပြီး ကျွန်မတို့ထဲ က အတော်များများကို အဲ့ဒီထဲမှာ ဖမ်း ထည့်ထားပါတယ်။ ကြမ်းပေါ်က ဖျာတွေ ရဲ့ အရေအတွက်နဲ့ အခန်းထဲက ပစ္စည်း အချို့အပြင် ကွန်မန်ဒါအဲလက်စ် လှည့် လည်ကြည့်ရှုတိုင်း မိန်းမငယ်များစွာကို အခန်းထဲမှာ ဖမ်းဆီးထားခဲ့တာကို ကြည့် ခြင်းဖြင့် သိနိုင်ပါတယ်။ အချိန်ကြာတာနဲ့ အမျှ အဲ့ဒီအခန်းထဲမှာ တူညီတဲ့အမျိုး သမီးတွေ ဆက်ရှိနေတာကို မြင်ရမှာပါ။ ကျွန်မတို့ ကျန်းမာရေးချို့ယွင်းလာပြီး ဂိတ်ကျလာတာကို |

| အခင်းဖြစ်ပွားခဲ့သ ည့် အခြေအနေမှာ အဘယ်နည်း? | မည်သူ့တွင် မည်သို့ တာဝန်ရှိနိုင်သည်နှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ထုတ်ယူမေးမြန်းနိုင်သည့် မေးခွန်း နမူနာများ | ဤအပြုအမူဖြင့် ကျူးလွန်မှုများအတွက် ယင်းပုဂ္ဂိုလ်များတွင်သို့မဟုတ် ထို ပုဂ္ဂိုလ်များတွင် တာဝန်ရှိနိုင်သည်ဟု သက်သေပြ ထောက်ကူနိုင်သည့် သက်သေအထောက်အထား/ သတင်းအချက် အလက် နမူနာများ |
|---|---|---|
| | စွာ ညွှန်ပြနေသည့် အချက်အလက်များကို သိလျက်နှင့် လျစ်လျူရှုထားခဲ့သည်ဟု သင့်အနေနှင့် ပြောဆိုနိုင်ရန် မည်သည့်အချက်က လမ်းညွှန်လျက်ရှိသနည်း? | မြင်ရမှာပါ။ အဲ့ဒီ အခန်းထဲမှာ ကျွန်မတို့တွေ အတူတူရှိနေခဲ့ကြပြီး သူ့ရဲ့ လက်အောက်ငယ် သားတွေက အိမ်နဲ့ အဝေးကြီးမှာ ရှိ နေကြတာကိုလည်း သိမြင်မိမှာပါ။ လှည့်လည်ကြည့်ရှုစဉ်မှာလည်း စစ်ဆေးမေး မြန်းရေးအခန်းတွေကို တွေ့မိမှာပါ။ အဲ့ဒီ အခန်းတွေထဲမှာ ဖျာတွေ၊ အဝတ်အစားမျိုးစုံနဲ့ ရေပုံးတွေကိုလည်း မြင်တွေ့ရ မှာပါ။” |
| လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင်) ကျူးလွန်မှုကို တားဆီးရန်၊ တိုက်ရိုက် ကျူးလွန်သူများ (၎င်း၏ လက်အောက်ငယ်သားများ)ကို အပြစ်ပေးရန်၊ သို့မ ဟုတ် အခွင့်အာဏာပိုင်များကို စုံစမ်း စစ်ဆေးရန်အတွက် တင်ပြပေးရန် ပျက်ကွက်ကြောင်း မည်သည့်အချက် များက ထင်ရှား စေသနည်း? | အစောင့်များထဲမှ တစ်ဦးဦးသည် သင်နှင့် အခြားအမျိုးသမီးများအပေါ် ကျူးလွန်ခဲ့သည့် နောက်ဆက်တွဲများ အဖြစ် အပြစ်ဖော်ဆုံးမခံရခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် ရင်ဆိုင်ဖြေရှင်းရခြင်း ရှိခဲ့ကြောင်း သင်သိရှိခဲ့လျှင် ပြောပြပေးနိုင်မလား? အကြီးအကဲက အစောင့်များအား နည်းလမ်းတစ်ခုခုဖြင့် ပြင်ဆင်ပေးခြင်း သို့မဟုတ် စည်းကမ်းကြပ်မတ်ခြင်းကို တွေ့ရှိမိပါသလား? ဘာဖြစ်ခဲ့သည်ကို ကျေးဇူးပြု၍ ရှင်းပြပေးပါ။ သင်နှင့် အခြားအမျိုးသမီးများအပေါ် ဆက်ဆံပုံအကြောင်း တစုံတရာပြောဆိုခဲ့ခြင်း ရှိပါသလား? အကယ်၍ ရှိခဲ့လျှင် ဘာဖြစ်ခဲ့သနည်း | **ထွက်ဆိုချက် :** “ကျွန်မတို့ကို အဲ့ဒီမှာ တစ်နှစ်ထက်ပိုပြီး ဖမ်းဆီးချုပ်နှောင်ထား ခဲ့ပါတယ်။ ကျွန်မတို့ကို နှိပ်စက်ခဲ့တဲ့၊ ရိုက်နှက်ပြီး ခန္ဓာကိုယ်ကို လှီးဖြတ်ခဲ့တဲ့၊ လိင်ပိုင်းဆိုင်ရာအရ စော်ကားနှိပ်စက်ခဲ့ တဲ့ ဘယ်အစောင့်မှ ကျွန်မသိသလောက် တော့ အပြစ်ဒဏ်ပေးခြင်း မခံခဲ့ရပါဘူး။ အမှန်တော့ ကွန်မန်ဒါအဲလက်စ်ရောက်ရှိ ပြီးနောက်မှာ အချိန်ကြာလေလေ အချို့ အစောင့်တွေက ကျွန်မတို့ကို ပိုပိုပြီး လွတ်လွတ်လပ်လပ် ပြုမူစော်ကားလာ တာ ပေါ်လွင်လာပါတယ်။ ညဘက်ကို ဖမ်းဆီးထားတဲ့အခန်းထဲက ထုတ်ယူ ခေါ်ဆောင်ခြင်းခံရတာ ပိုများလာပြီး အကြိမ်ရေလည်း ပမိုးလာပါတယ်။ အဲ့ဒီလူ တွေထဲက တစ်ယောက်တစ်လေတောင် ရွှေ့ပြောင်းခံရတာမရှိဘဲ တစ်ယောက် ဆိုရင် ကျွန်မတို့ ဖမ်းဆီးချုပ်နှောင်ခံရစဉ်မှာ အဲ့ဒီအဆောက်အဦဌာနရဲ့ လက် ထောက်အကြီးအကဲအဖြစ်တောင် ရာ ထူးတိုးသွားပါသေးတယ်။ ကွန်မန်ဒါ အဲ လက်စ်ရောက်စဉ် တစ်ခါက ကျွန်မတို့ အခန်းနဲ့ အခန်းထဲက ကျွန်မတို့ကိုတွေ့ ပြီး အိုမင်ကို ‘မင်းတို့လူငယ်တွေရဲ့ ပျော်ရွှင်မှုကို အားကျတယ်’လို့တောင် ပြောသွားခဲ့ပါသေးတယ်။” |
| ပြစ်မှုများ ကျူးလွန်နေသည်ကို ကာ ကွယ်ရန်၊ ကျူးလွန်သူများအား အပြစ် ပေးရန်၊ သို့မဟုတ် အခွင့်အာဏာပိုင် သည့် ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရေးအတွက် တင်ပြရန်အတွက် စတင် ဆောင်ရွက်ခြင်းကို ပျက်ကွက်သည့်အ တွက် ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း မည်သည့်အချက်များက ထင်ရှားစေ သနည်း? | ကျူးလွန်သူများကို အပြစ်ပေးရန် တစ်ခုခု ဆောင်ရွက်ခဲ့လျှင် ဘာဖြစ်လာမည်ဟု သင်ယုံကြည်သနည်း? ကျူးလွန်သူများက ကျူးလွန်မှု မပြုခင်တွင် ကွန်မန်ဒါက ထိုသို့ မပြုလုပ်ရန် အမိန့်ပေးခဲ့လျှင် ဘယ်လို ဖြေရှင်းမလဲ? | **ထွက်ဆိုချက် :** “သူ့မှာ အခြားလူတွေကို ထိန်းချုပ်နိုင်စွမ်း အပြည့်အဝရှိပါတယ်။ သူကျေနပ်ဖို့ ကျန်တဲ့လူတွေက အားလုံး လုပ်မှာပါ။ သူ့ရဲ့ ညွှန်ကြားချက်မပါဘဲ တစ်ခုခု အရင်ဆောင်ရွက်ရမှာ အရမ်း ကြောက်ကြကြောင်း ကျွန်မလေ့လာမိပါ တယ်။ အဲ့ဒီလူကသာ မကျူးလွန်ဖို့ပြောရင် အစောင့်တွေဟာလည်း လုံးဝ ကျူး လွန်မှာမဟုတ်ကြောင်း သံသယဝင်စရာ မရှိပါဘူး။ အသက်ရှူတာတောင် အဲ့ဒီလူက မလုပ်ခိုင်းရင် အသက်ရှူမယ့်လူတွေ မဟုတ်ပါဘူး။ အဲ့ဒီလောက်အထိ အခွင့် အာဏာပိုင်ပါတယ်။ အမိန့်ကို မလိုက်နာ တဲ့ သူ့လူတွေကို ရိုက်နှက်တာ အကြိမ်ပေါင်းများစွာ မြင်ဖူးပေမယ့် အမျိုးသမီး တွေကိုတော့ ထိခိုက်အနာတရမဖြစ်စေ ပါဘူး။” |

နောက်ဆက်တွဲ
၂

# နောက်ဆက်တွဲ-၂

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား ကဏ္ဍစုံမှတုံ့ပြန်မှုပေးရာတွင်ပါဝင်သည့် အခြေခံအချက်အလက်များ



# နောက်ဆက်တွဲ- ၃

## အင်တာဗျူးခြင်း ။ အခြေခံစည်းမျဉ်းများနှင့် ထိပ်တန်းကျသည့် လက်တွေ့နည်းလမ်းများ

လိင်အကြမ်းဖက် ရာဇဝတ်မှုများမှ အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအား အင်တာဗျူးပြုလုပ်ရာတွင် လက်တွေ့ဆောင်ရွက်သူများ လိုက်နာရမည့် အခြေခံစည်းမျဉ်းများနှင့်ဆိုင်သည့် အသေးစိတ်လမ်းညွှန်ချက်ကို စာချုပ်အပိုင်း ၇ တွင် သတ်မှတ်ဖော်ပြထားသည်။ ဤနောက်ဆက်တွဲတွင် ထိပ်တန်းကျသည့် လက်တွေ့နည်းလမ်းများစွာအပေါ် လမ်းညွှန်ချက်ကို စုစည်းဖော်ပြထားသည်။

### ကနဦးစဉ်းစားခြင်းများ

၁။ အသက်ရှင် လွတ်မြောက်လာသူ / မျက်မြင်သက်သေသည် မည်သည့် လမ်းညွှန်ပေးမှုများနှင့် အကူအညီ / အကာအကွယ်စနစ်များ ရရှိနိုင်သည်ကို စဉ်းစားရန်နှင့် အသက်ရှင်လွတ်မြောက်လာသူ / မျက်မြင်သက်သေအား ယင်းရရှိနိုင်သည့် အကူအညီ / အကာအကွယ် အတိုင်းအတာကို ရှင်းလင်းစွာ ရှင်းပြရန်။ အထူးသဖြင့် ရနိုင်လျှင်၊ စိတ်ပိုင်းဆိုင်ရာအတွက် အကူအညီပေးသည့် ဝန်ဆောင်မှုများနှင့် မျက်မြင်သက်သေအတွက် အကာအကွယ်များ ရှာဖွေပေးရန်။

၂။ သင်နှင့်တွေ့ဆုံသည့် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေနှင့်ဆိုင်သည့် စိန်ခေါ်မှု များကို သုံးသပ်ရန်နှင့် စိန်ခေါ် မှုကို သေချာစွာ လေ့လာသုံးသပ်မှုတစ်ရပ် ပြုလုပ်ရန်။

၃။ လိင်အကြမ်းဖက်မှုကိုဖြစ်စေသည့် အကြောင်းအရာနှင့် နိုင်ငံ့ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ အရ ရာဇဝတ်မှုများ၏ မတူကွဲပြားသော အပိုင်းများကို ကောင်းစွာနားလည်မှုရရှိစေရန်။

၄။ လိင်အကြမ်းဖက်ရာဇဝတ်မှုများ ဖြစ်ပွားသည့် နိုင်ငံ သို့မဟုတ် ဒေသ၏ ကျား/မ ပါဝင်မှုအချိုး အပြောင်းအလဲကို သိရှိရန်။

### ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် စစ်ဆေးခြင်း

၅။ သင်၏ အဖွဲ့ဝင်များ (ဥပမာ- အင်တာဗျူးသူများနှင့် စကားပြန်များ) အား တတ်နိုင်သမျှ ကျယ်ကျယ် ပြန့်ပြန့်နှင့် အဆင့်မြင့်မြင့် သင်တန်းပေးရန် (ဥပမာ- လိင်အကြမ်းဖက်ခံရသူများနှင့်/ သို့မဟုတ် သက်ဆိုင်သည့် ကလေးသူငယ်များအား အင်တာဗျူးခြင်း)

၆။ သင်၏ အထောက်အကူဝန်ထမ်း (ဥပမာ- စကားပြန်များ၊ ကြားခံပုဂ္ဂိုလ်တစ်ဦးဦးနှင့် မောင်းနှင်အား ဖြစ်စေသူတစ်ဦးဦး) ကို စစ်ဆေးရန်၊ လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရေးကိစ္စရပ်များကို ယင်းတို့နှင့် ဆွေးနွေးရန်နှင့် အင်တာဗျူး၏ ရည်ရွယ်ချက်/ ဆောင်ရွက်မည့်ပုံစံတို့ကို ယင်းတို့နှင့် ဆွေးနွေးရန်။ သင်ချမှတ်ထားသည့် လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရေးနှင့် အချက်အလက် ကာကွယ်ရေး လမ်းညွှန်ချက် များနှင့်အညီ ဆောင်ရွက်စေရန်။ စစ်ဆေးရာတွင် အထူးသဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ ရာဇဝတ်မှု မှတ်တမ်းအပြင် (ရနိုင်လျှင်) ကလေးများနှင့်အတူ အလုပ်လုပ်နိုင်စွမ်းကို သတ်သတ်မှတ်မှတ် ဖော်ပြသည့် မည်သည့်မှတ်တမ်းမဆို၊ လက်နက်ကိုင်အဖွဲ့တစ်ရပ်ရပ်နှင့် ယခင်က သို့မဟုတ် လတ်တလော တွဲဖက်ဆောင်ရွက်မှုများ၊ လက်နက်ကိုင်အုပ်စုများနှင့် တွဲဖက်ဆောင်ရွက်နေသည့် အခြားသူများနှင့် ဆက်စပ်ဆောင်ရွက်မှုများ၊ မှန်ကန်သည့် တရားစီရင်ခြင်းနှင့် အထိမခံနိုင်ခြင်း၊ အာဏာပိုင်၏ ချင့်ချိန်ဆောင်ရွက်မှုနှင့် လေးစားခံထိုက်ခြင်း၊ လုပ်ရိုးလုပ်စဉ်ရိုးရာလုပ်ကိုင်မှုများကို ဘေးချထား၍ မူဘောင်အပြင်မှ အလုပ်လုပ်နိုင်စွမ်းနှင့် လက်တွေ့ဆောင်ရွက်မှုအဖွဲ့မှ ချမှတ်သည့် လုပ်ပိုင်ခွင့်

### အင်တာဗျူးအတွက် ပြင်ဆင်ခြင်း

၇။ အင်တာဗျူးအစီအစဉ်ပြုစုရန် (ဥပမာ- အင်တာဗျူး ‘ပုံစံ’ မူကြမ်း သို့မဟုတ် ပါဝင်မည့် အကြောင်းအရာအကြမ်းဖျင်း၊ သင်မှတ်တမ်းပြုစုနေသည့် အကြောင်းအရာနှင့် အကျုံးဝင်သည့် ရာဇဝတ်မှု ပုံစံများနှင့်ဆိုင်သည့် မေးခွန်းများ/ အကြောင်းအရာများ အပါအဝင်။ ရာဇဝတ်မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများ၌ ‘မည်သူက’ ၊ ‘မည်သည့်အရာကို’ ‘မည်သည့်နေရာ’ ၊ ‘မည်သည့် အချိန်’ ၌ ‘မည်သို့’ဟူသည့် အပိုင်းများ လွှမ်းခြုံမှုရှိစေရန် (အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား ‘မည်သို့သောအကြောင်းကြောင့်’ ဟူသည့် မေးခွန်းတစ်ရပ်ရပ် မေးရာ၌ သတိထားရင်းကပင်၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကိုပါ ရောနှော အပြစ်မတင်မိစေရန်) ။ (ဤပုံစံအတိုင်း မဖြစ်မနေ မေးမြန်းမည်ဟု ဖွတ်တရွတ် မလုပ်သင့်သည်ကို မှတ်သားထားပြီး၊ အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေထံမှ

သင်ကြားသိရသည့်အပေါ် မူတည်၍ လိုက်လျောညီထွေ မေးမြန်းတတ်ပါစေ။) "ရှင်ဘယ်လိုသိလာသလဲ" သို့မဟုတ် "ဘယ်အရာက ရှင့်ကို ထိုကောက်ချက်မျိုး ချစေသလဲ" ဟု မေးမြန်းရန် မမေးပါနှင့်။ ရံဖန်ရံခါ၌ ထိုမေးခွန်းများ၏ အဖြေက အဓိကသက်သေ အထောက်အထားကို ပေးတတ်ပါသည်။

၈။ အင်တာဗျူးကာလအတွင်း သင်သုံးမည့် ဘာသာစကားကို စဉ်းစားထားရန်နှင့် စကားပြန်နှင့် ဆွေးနွေးထားရန်။ အထူးသဖြင့် လိင်ဆက်ဆံသူများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် သင့်လျော်သော စကားလုံးများကို ရွေးချယ်ထားပါ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေအား အင်တာဗျူးရာတွင် ဘာသာရပ်ဆိုင်ရာ စကားလုံးနှင့်ပတ်သက်သည့် အခက်အခဲ လျော့နည်းစေရေး ပြင်ဆင်ထားရမည်ဟု သင်ကိုယ်တိုင်နှင့် စကားပြန်အား ထပ်မံသတိပေးပါ။

၉။ အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေအား သင်ပြသမည့် စာရွက်စာတမ်းများ၊ ပုံများ၊ ဓာတ်ပုံများ၊ မြေပုံများ၊ ဗီဒီယိုများ စသည်များကို ပြင်ထားပါ။ ပုံကြမ်းရေးခြစ်နိုင်သည့် စက္ကူနှင့် ဘောပင်များ ရရှိနိုင်ပါစေ။ ထိခိုက်ဒဏ်ရာများကို ဓာတ်ပုံရိုက်ယူရန် လိုအပ်လျှင် ကင်မရာနှင့် ပေတံတစ်ချောင်း ယူလာပါ။ (သတိထားပါ။ သို့ရာတွင် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေ၏ သက်သေထွက်ဆိုချက်ကို ပြောင်းလဲကောင်း ပြောင်းလဲနိုင်သည့် ကားချပ် သို့မဟုတ် ဓာတ်ပုံ သို့မဟုတ် ဗွီဒီယိုကို မပြသရန်ဖြစ်သည်။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေအား ထိုသို့ ပြသခြင်းဖြင့် သူ/သူမ၏ သက်သေခံချက် ပြောင်းလဲမည်/ မပြောင်းလဲမည် ကို မသေချာလျှင်လည်း မပြသပါနှင့်။)

၁၀။ အင်တာဗျူးအပြည့်အစုံဆောင်ရွက်ရန် အချိန်အလုံအလောက်ခွင့်ပြုပါ။ (ဆိုလိုသည်မှာ- အနည်းဆုံး ၃ နာရီမှ ၆ နာရီခန့်နှင့် နားချိန်များပေးရန် ဖြစ်သည်။) သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအကြား၌ အချက်အလက်များ ရိုက်သွင်းရန် ကြိုးစားခြင်းသည် အင်တာဗျူးမဟုတ်ပါ။ အင်တာဗျူးများသည် အချိန်ကြာနိုင်သည်။ အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ နေ့စဉ်လုပ်ငန်းဆောင်တာ များကို အလွန်အမင်း အနှောက်အယှက်ဖြစ်စေခြင်း သို့မဟုတ် ထိုသူများအား ပင်ပန်းနွမ်းနယ်စေခြင်းမျိုး မဖြစ်စေရေး ရှောင်ကြဉ်ရန်၊ နောက်နေ့တွင်လည်း အင်တာဗျူးအတွက် ပြန်လာပေးရေး ပြောရန် အားတုံ့အားနာမဖြစ်ပါနှင့်။

၁၁။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား အမျိုးသား သို့မဟုတ် အမျိုးသမီး အင်တာဗျူးသူနှင့်/ သို့မဟုတ် စကားပြန်အနက် မည်သူကို လိုလားသည်ကို မေးပါ။ (အသက်ရှင် လွတ်မြောက်လာသူ အမျိုးသမီးများ /မျက်မြင်သက်သေ အမျိုးသမီးများအားလုံးသည် အမျိုးသမီး အင်တာဗျူးသူများ/ စကားပြန်များကို ပိုမိုနှစ်သက်ဖွယ်ရှိသည် သို့မဟုတ် အသက်ရှင်လွတ်မြောက်လာသူ အမျိုးသားများ/ မျက်မြင်သက်သေ အမျိုးသားများသည် အမျိုးသားအင်တာဗျူးသူများ/ စကားပြန်များကိုပါ ပိုနှစ်သက်လိမ့်မည်ဟု မှန်းဆမှုမလုပ်ရန် သတိထားပါ။ အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေတိုင်းသည် ယင်းတို့စိတ်ကြိုက် ရွေးချယ်နိုင်သည်။ ဖြစ်နိုင်လျှင် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား ဘာကိုနှစ်သက်သလဲ အမြဲမေးပါ။

၁၂။ သင့်အင်တာဗျူး၏ ရုပ်ပိုင်းဆိုင်ရာ အပြင်အဆင်နှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချ၊ ပုဂ္ဂလိကဆန်၍ ယဉ်ကျေးမှုအရ သင့်လျော်သော၊ သက်တောင့်သက်သာရှိသော နေရာတစ်ခုကို ရွေးချယ်ပါ။ (ဥပမာ- အများနှင့်ဆိုင်သော ဧရိယာကိုရှောင်ပါ။) အင်တာဗျူးအတွက် နေရာပြင်ဆင်ပါ။ (ဥပမာ- ဖြစ်နိုင်လျှင်၊ အခန်းထဲတွင် သောက်ရေရနိုင်ရန်၊ ထိုအခန်းမှ သန့်စင်ခန်းသို့ ဝင်ထွက်နိုင်စေရန် သင်၏ဖုန်းကို ပိတ်ထားရန်နှင့် အနှောက်အယှက်များ မရှိသည့် အနေအထားများကို ဖန်တီး ထားပါ။) ဖြစ်နိုင်လျှင်၊ ထိုင်ခုံနေရာပါစီစဉ်ပါ။ (ဥပမာ- လူတစ်ဦးစီအတွက် ကုလားထိုင်များ၊ စားပွဲများ) သို့မှသာ သက်တောင့်သက်သာရှိကြပြီး၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေနှင့် အင်တာဗျူးသူအတွက် လုံခြုံစိတ်ချမှု ခံစားကြရပေမည်။ အသက်ရှင်လွတ်မြောက် လာသူ/ မျက်မြင်သက်သေသည် အင်တာဗျူးမည့်နေရာသို့ မည်သို့လာမည်၊ သွားမည်ကို စဉ်းစား ထားပါ။ (ဥပမာ- ဘေးကင်းလုံခြုံမှု၊ အကွာအဝေးနှင့် ခရီးစရိတ်၊ တနေ့တာ၏ အချိန်အတိုင်းအတာ)၊ ကလေးပြုစုစောင့်ရှောက်ရေး အစီအစဉ်များပါ စဉ်းစားထားပါ။

၁၃။ အင်တာဗျူးမှရရှိသည့် အချက်အလက်များကို မှတ်တမ်းတင်ထားရန် လုံခြုံစိတ်ချ၊ လျှို့ဝှက်သည့် စနစ်တစ်ရပ် သတ်မှတ်ထားပါ။ အင်တာဗျူးခံရသူထံ၌ အတိမ်းအစောင်းမခံသည့် အရေးကြီး အချက်အလက်ရှိလျှင်၊ သူ/ သူမ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်ကို အကာအကွယ် ပေးသည့် စနစ်တစ်ရပ် တည်ထောင်ထားပါ။ **(****နောက်ဆက်တွဲ-၄ ကို ကြည့်ပါ။****)**

## အင်တာဗျူးစတင်ခြင်း

၁၄။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား ကြိုတင်အသိပေး၍ အင်တာဗျူးရန် ခွင့်ပြုချက်ရယူပါ။ (ဥပမာ- အင်တာဗျူး၏ ရည်ရွယ်ချက်/ သဘောသဘာဝနှင့် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေထံမှ ရရှိမည့် အချက်အလက်များကို အသုံးပြုမည့် ပုံစံ အားလုံး/ လျှို့ဝှက်ချက်ဖြင့် ထိန်းသိမ်းထားမည့် အတိုင်းအတာအပါအဝင်) ထို့အပြင် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေမှ မေးမြန်းနိုင်သည့် မည်သည့်စိုးရိမ်ပူပန်မှုမဆိုအား ဖြေကြားပေးပါ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအနေဖြင့် သင့်အား စကား ပြောမည်၊ မပြောမည်ကို ရွေးချယ်နိုင်ကြောင်းနှင့် အင်တာဗျူးမတိုင်မီ၊ အင်တာဗျူးစဉ်အတွင်းနှင့် အင်တာဗျူးပြီးနောက်တွင်လည်း ထိုသို့ရွေးချယ်ခွင့်ရှိကြောင်း ရှင်းလင်းစွာ အသိပေးထားပါ။ ကြိုတင် အသိပေး သဘောတူညီချက် ရယူရမည့်ကိစ္စကို စကားပြန်နှင့် ဆွေးနွေးထားပါ။ အသက်ရှင် လွတ်မြောက်လာသူ/မျက်မြင်သက်သေအား ရှေ့ဆက်မသွားခင် မေးခွန်းမေးစရာ ရှိ/မရှိမေးပါ။

၁၅။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား ယခုအင်တာဗျူးမတိုင်မီက ထွက်ဆိုချက် တစ်ရပ်ရပ်ပြုလုပ်ခဲ့ခြင်း ရှိ/မရှိနှင့် အင်တာဗျူးခံရခြင်း ရှိ/မရှိနှင့် သို့မဟုတ် ဤကိစ္စကို အခြား မည်သူနှင့် ဆွေးနွေးခဲ့သည်ကို မေးမြန်းပါ။

၁၆။ အင်တာဗျူးအခန်းတွင်းရှိ ပုဂ္ဂိုလ်တိုင်းအား အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေနှင့် မိတ်ဆက်ပေး၍ မည်သည့်မေးခွန်းများကိုမဆို ဖြေကြားပေးမည့် ထိုသူများ၏ အခန်းကဏ္ဍများကို ရှင်းလင်းစွာ ပြောပြပါ။

၁၇။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေနှင့် အင်တာဗျူး မည်မျှကြာနိုင်ကြောင်း ဆွေးနွေးပါ။ အင်တာဗျူးကာလကို အတိုးအလျှော့ ပြုလုပ်ပေးနိုင်ကြောင်း သင့်သဘောထားကို အလေးအနက်ထား ဆွေးနွေးပါ။ (ဥပမာ- ဆွေးနွေးချိန်ကို တစ်ပိုင်းထက်မက ပိုလုပ်ပေးစေချင် လျှင်လည်း လုပ်ပေးနိုင်ကြောင်း) အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေသည် ခေတ္တ နားချိန်ယူလိုလျှင် ယူနိုင်ကြောင်း သို့မဟုတ် မည်သည့်အချိန်အချိန်၌မဆို အင်တာဗျူးရပ်လိုလျှင် ရပ်နိုင်ကြောင်း ရှင်းလင်းစွာ အသိပေးထားပါ။

## အင်တာဗျူးစဉ်အတွင်း

၁၈။ အင်တာဗျူးမစမီ၊ အင်တာဗျူးစဉ်နှင့် အင်တာဗျူးပြီးနောက် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအပေါ် သင်၏အပြုအမူကို ဂရုပြုပါ။ (ဆိုလိုသည်မှာ - ယဉ်ကျေးပျူငှာမြဲ၊ လေးစားမှုရှိမြဲ၊ သည်းခံပြီးအာရုံစိုက်မြဲ၊ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား တည့်တည့်ကြည့်၍ တိုက်ရိုက်စကားပြောရန်နှင့် သင်နှင့်စကားပြန်၏ အသံနေအသံထား/ အတိုးအကျယ်) အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေနှင့် မျက်လုံးချင်း တစ်တန်းတည်း ကျသောနေရာ၌ (သို့မဟုတ် နိမ့်ရာ၌) ထိုင်ပါ။

၁၉။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား သဘောတူ/မတူ၊ ဖြေမည်/မဖြေမည် ဆုံးဖြတ်ခွင့် တောက်လျှောက်ပေးပါ၊ မေးခွန်းများမေး၍၊ အချက်အလက်များ ထပ်ခါထပ်ခါမေးပါ။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေမှ ဆုံးဖြတ်ချက်ချနိုင်စေရန် အချက်အလက် အလုံအလောက်ကို ကြိုတင်အသိပေးပါ။

၂၀။ လူသားချင်းစာနာစိတ်နှင့် လေးစားမှုကိုပြပါ။ သနားကြောင်း မပြပါနှင့်။ မည်သည့်ကတိကဝတ်ကိုမျှ မပေးမိရန် ရှောင်ကြဉ်ပါ (ဥပမာ- အတွင်းရေးအဖြစ် ထားရှိမည်ဆိုသည့် ကိစ္စနှင့်စပ်လျဉ်း၍)။ အင်တာဗျူးလုပ်ငန်းစဉ်တလျှောက်လုံး ပြုလွယ်ပြောင်းလွယ် ဆက်ထိန်းထားပါ။

၂၁။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေအား လိင်အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများမမေးမီ သူ/ သူမ နှစ်သက်ရာပုံစံဖြင့် အချက်အလက်များပေးရန် တိုက်တွန်းပါ။ (ဆိုလို သည်မှာ- အပြန်အလှန် ခင်မင်နားလည်မှုရယူပါ။ လမ်းကြောင်းပြမေးခွန်းများရှောင်ပါ။ အတိမ်း အစောင်းမခံနိုင်သော အကြောင်းအရာသို့ မသွားခင် ကျယ်ပြန့်၍ အထိအခိုက်ခံနိုင်သော ကိစ္စများကို ဦးစွာဆွေးနွေးပါ။ အချက်အလက်အသေးစိတ်အတွက် ရှင်းလင်းဆွေးနွေးပေးရန် ပြောပါ။ ပြုလွယ်ပြောင်းလွယ် ဆက်လက်ရှိနေပါ။)

၂၂။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ခံစားချက်များ သို့မဟုတ် အတွေးများ၊ အချက်အလက်များနှင့်စပ်လျဉ်း၍ သူ/သူမ၏ နှစ်သက်ရာနှင့်စပ်လျဉ်း၍ သို့မဟုတ် စိတ်ဒဏ်ရာက သူ/သူမအပေါ် သက်ရောက်မှုရှိခဲ့သည်ဆိုသည်နှင့်စပ်လျဉ်း၍ မည်သည့်အရာကို မည်သည့်အခါမျှ မမှန်းဆရန်ဂရုပြုပါ။

၂၃။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများသည် ယင်းတို့ဇတ်ကြောင်းကို ပြန်ပြောသည့်အခါ မတူကွဲပြားသော ပုံစံများဖြင့် ပြုမူဆက်ဆံကြမည်ကို သင့်ကိုယ်သင် သတိပေးထားပါ။ ဆိုလိုသည်မှာ- သူ/သူမသည်

- စိတ်ဓာတ်ကျဆင်းသော/ စိတ်ဆိုးသော/ ပြန်စဉ်းစားနေသော
- ဒေါသကြီးသော/ ခုခံကာကွယ်လိုသော/ အထင်အမြင်သေးသော သို့မဟုတ်
- တည်ငြိမ်သော/ ထောင်မတ်သော/ ရှင်းလင်းသော ပုံစံဖြစ်လာနိုင်သည်။

ပုံစံ "တစ်မျိုးတည်း" ပုံသေပြုမူမည်ဟူ၍

၂၄။ အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေသည်

- အရှက်ရနေမည်/ စကားပြောရန် ကြောက်ရွံ့နေမည် သို့မဟုတ်
- စိတ်ထောင်းကိုယ်ကြေဖြစ်နေမည်/ စိတ်ဒဏ်ရာရနေမည်/ ဂုဏ်သရေညှိုးနွမ်းနေမည်/ အမျိုးသား များအပေါ် သတိထားနေမည် သို့မဟုတ်
- လိင်အကြမ်းဖက်မှုအပေါ် ပိုမိုဒေါသထွက်နေမည် (သူ/သူ၏ အတွေ့အကြုံအပေါ် အခြား ဆန့်ကျင်ဘက်အမြင်အရ)
- ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရနေမည် ဟူ၍ မမှန်းဆထားရန် ဂရုပြုပါ။

## အင်တာဗျူးအဆုံးသတ်ခြင်း

၂၅။ အခြားအချက်အလက်များ ထပ်မံလိုအပ်ပါက အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ အား ဆက်သွယ်နိုင်ရန် ယင်းတို့နှင့်စပ်လျဉ်းသည့် အချက်အလက်အလုံအလောက်ကို မှတ်တမ်း ထားပါ။ သင့်ကိုလည်း ဆက်သွယ်နိုင်စေရန် ယင်းတို့ကို အချက်အလက် အလုံအလောက်ပေးထားပါ။ နှစ်သက်သည့် ဆက်သွယ်ရေးနည်းလမ်းကို သေချာအောင် လေ့လာစိစစ်ပါ။ **(နောက်ဆက်တွဲ-၄ ကိုကြည့်ပါ။)**

၂၆။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ ဆန္ဒ သဘောထားနှင့်ယင်းတို့ပေးသည့် အချက်အလက်ကို ထပ်ခါတလဲလဲ မေးမြန်းပါ။ ယင်းတို့တင်ပြသည့် မည်သည့်ကိစ္စရပ်မဆိုအား ဖြေရှင်းပေးပါ။ (ဥပမာ-ဘေးကင်းလုံခြုံရေးဆန္ဒ၊ အနာဂတ်တွင် ဆက်လက်ဆက်သွယ်နိုင်ရေး အစီအစဉ်များနှင့် လမ်းညွှန်ပေးမှုများ)။ အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေမှ အင်တာဗျူးတွင် ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုပါ။

၂၇။ အင်တာဗျူးအတွက် ကြိုတင်အသိပေးသည့်အပေါ် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင် သက်သေမှ သဘောတူညီချက်ပေးခဲ့ခြင်း ရှိ/မရှိ ပြန်လည်မေးမြန်းပါ။ (ယင်းတို့ဆန္ဒရှိလျှင် သဘော တူညီချက်ကို ပြောင်းလဲခွင့် သို့မဟုတ် ရုပ်သိမ်းခွင့်ပြုပါ။)

၂၈။ သင့်အား စကားပြောပေးသည့်အတွက် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကို ကျေးဇူးတင်ပါ။

၂၉။ အင်တာဗျူးကြောင့် အသက်ရှင်လွတ်မြောက်လာသူ/မျက်မြင်သက်သေမှ စိတ်ထိခိုက်ခံစားခဲ့ရဟန် တူလျှင်၊ ယင်းတို့ကို လက်ရှိအနေအထားပြန်ရောက်အောင် အပြုသဘော စိတ်ထားပြန်ဖင်အောင် ပြုလုပ်ပေးပါ။

၃၀။ ယဉ်ကျေးမှုအရ ဆီလျော်သည့် အပြုအမူများ (ဥပမာ- လက်ဆွဲနှုတ်ဆက်ခြင်း၊ စသည့်) ကို နှုတ်ဆက်ခွဲခွာသောအခါ ပြုလုပ်ပေးရန် သတိရပါ။

နောက်ဆက်တွဲ ၄

# နောက်ဆက်တွဲ-၄

## ကျန်ရစ်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများထံမှ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို စုဆောင်းရန်အတွက် နမူနာပုံစံ

စစ်ဆေးမေးမြန်းမှု ပြုလုပ်ရာတွ င် ကျန်ရစ် လွတ်မြောက် လာသူများထံမှ လေ့ကျင့်သူများ ရယူထားသင့်သည့် အခြေခံအချက်အလက်စာရင်းများ

၁။ ကုဒ်နံပါတ် (ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ တကယ့်ထွက်ဆိုချက်နှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်စာရွက်မှ အချက်အလက်များတူညီမှုရှိစေရန် လေ့ကျင့်သူတို့အဖွဲ့မှ လုံခြုံမှုပိုင်း ဆိုင်ရာရည်ရွယ် ချက်ဖြင့် အသုံးပြုထားသော ကုဒ်ပေးသည့်စနစ်)

၂။ ကျန်ရစ်လွတ်မြောက်လာသူ / မျက်မြင်သက်သေ၏နာမည် (အရှေ့ နှင့် နောက်ဆုံး အရင်ကနာမည်သို့ ကျန်ရစ်လွတ်မြောက်လာသူ / မျက်မြင်သက်သေအား ခေါ်ဝေါ်ခဲ့သည့် တခြားနာမည်များ)

၃။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ လိင်အမျိုးအစား

၄။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ မွေးနေ့

၅။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေအားမွေးဖွားရာနေရာ

၆။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ ဖခင်အမည်

၇။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ မိခင်အမည်

၈။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ ပြောဆိုနိုင်သည့်ဘာသာစကား (ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ ပြောလိုသည့် ဘာသာစကားအပါအဝင်)

၉။ စစ်ဆေးမေးမြန်းမှုတွင် အသုံးပြုသည့်ဘာသာစကား

၁၀။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ ယခုလက်ရှိနေထိုင်ရာလိပ်စာ

၁၁။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ အမြဲတမ်းနေထိုင်ရာနေရပ်လိပ်စာ

၁၂။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ ဖုန်းနံပါတ်/အီးမေးလ် လိပ်စာ

၁၃။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ ယခုလက်ရှိ (သို့) အရင်ကအလုပ်အကိုင်

၁၄။ မိသားစုအခြေအနေ(အမည်များ၊ အသက် နှင့် နေထိုင်ရာနေရာ အကယ်၍သိလျှင် မိသားစုဝင်များအား ဖော်ပြပေးပါ။)

၁၅။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ၏ နိုင်ငံသားဖြစ်မှု

၁၆။ ကျန်ရစ်လွတ်မြောက်လာသူ / မျက်မြင်သက်သေ၏ ကိုးကွယ်သည့်ဘာသာ (အကယ်၍သင့်လျော်မှုသာနှင့် လျော်ညီအောင် အဓိပ္ပါယ်အားရှင်းလင်းထားခြင်း)

၁၇။ ကျန်ရစ်လွတ်မြောက်လာသူ/ မျက်မြင်သက်သေ၏ မူရင်းလူမျိုး /မျိုးနွယ်စု (အကယ်၍သင့်လျော်မှုသာနှင့် လျော်ညီအောင် အဓိပ္ပါယ်အားရှင်းလင်းထားခြင်း)

၁၈။ စစ်ဆေးမေးမြန်းသည့် ရက်စွဲ၊ နေရာ နှင့် အချိန်

၁၉။ စစ်ဆေးမေးမြန်းချိန်တွင်ရှိသော/မေးသော ပုဂ္ဂိုလ် ၎င်း၏ရာထူး/အခန်းကဏ္ဍ

၂၀။ စစ်ဆေးမေးမြန်းနေချိန်အတွင်းတွင် ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေမှပေးအပ်သော

နောက်ထပ်သက်သေပစ္စည်းများ (ဥပမာ - ဓါတ်ပုံများ၊ ရေးဆွဲထားသောပုံကြမ်းများ၊ မြေပုံ၊ ရုပ်သံဗီဒီယို၊ ဆေးစစ်ချက်အဖြေများ၊ အခြား စာရွက်စာတမ်းများ အစရှိသည်)

၂၁။ ကျန်ရစ်လွတ်မြောက်လာသူ /မျက်မြင်သက်သေသည် ထပ်မံဆက်သွယ်ဖို့ သဘောတူ/မတူခြင်း အကြောင်းအရာနှင့်ပတ်သက်သော သတင်းအချက်အလက်များ

၂၂။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေသည် စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များ လိုအပ်မှု/မလိုအပ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ

၂၃။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေသည် သူ/သူမ၏သက်သေပစ္စည်းမျ ားကို နိုင်ငံတော်၏တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာပိုင်မျ ား (အတိအကျဖော်ပြပါ)ထံသို့ပြသမှုကို ခွင့်ပြု/မပြု နှင့်ပတ်သက်သော သတင်း အချက်အလက်မျ ား

၂၄။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေသည် သူ/သူမ၏သက်သေပစ္စည်းများကို နိုင်ငံတကာ တရားစီရင် ရေးဆိုင်ရာ အခွင့်အာဏာပိုင်များ(အတိအကျဖော်ပြပါ)ထံသို့ပြသမှုကို ခွင့်ပြု/မပြု နှင့်ပတ်သက်သော သတင်း အချက်အလက်များ

၂၅။ ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေ ပြန်လည်ဖတ်ကြည့်ပြီးသည့်နောက်တွင်ရေးထိုးထားသော လက်မှတ် (လေ့ကျင့်မေးမြန်းသူမှ ထွက်ဆိုချက်အား လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ထားလျှင်)

နောက်ဆက်တွဲ ၅

# နောက်ဆက်တွဲ-၅

## ကျန်ရစ်လွတ်မြောက်လာသူများ မျက်မြင်သက်သေများအတွက် ညွှန်းဆိုစနစ်များနှင့်အထောက်အကူပုံစံများ

အထောက်အပံ့များရရှိရန်အတွက်ညွှန်းပေးခြင်း မှတ်တမ်းကောက်ယူသည့် မည်သည့်လုပ်ငန်းစဉ်မှ မစတင်မီတွင် အစမ်းမေးမြန်းသူများသည် ကျန်ရစ်လွတ်မြောက်လာသူ / မျက်မြင်သက်သေများ အတွက် အထောက်အကူများနှင့် ကူညီမှုပံ့ပိုးမှုများကို ညွှန်းပေးရာတွ င် ရွေးချယ်နိုင်ခွင့်များကို ဖော်ပြပေးရန် ကြိုးစားလုပ်ဆောင်ပေးသင့်ပြီး ညွှန်ကြားပေးသည့် လုပ်ငန်းစဉ်တွင်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုအဆင့်ဆင့်ထည့်ပေးသင့်သည်။ ကျန်ရစ်လွတ်မြောက်လာသူ / မျက်မြင်သက်သေများအားလုံးသည် ၎င်းတို့အတွက် မည်သည့် ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာဂန်ဆောင်မှုများ ရရှိနိုင်သည်ကို စစ်ဆေးမေးမြန်းမှုမှတစ်ဆင့် သိရှိထားရန်အခွင့်အရေးရှိသည်။

အစမ်းမေးမြန်းသူများသည် ၎င်းတို့ ကျန်ရစ်လွတ်မြောက်လာသူများအား ညွှန်းပေးထားသည့် ဂန်ဆောင်မှုများသည် သင့်တော်မှုရှိပြီး ရှရိရန်လွယ်ကူမှုရှိမရှိကို သင့်တော်မှုရှိသော အားစိုက် ထုတ်မှုရှိသင့်သည်။ ၎င်းသည် ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ လုံခြုံမှုအား စိတ်ချရစေရန်အတွက် အချိန်ကြာမြင့်စွာကုသရန် လိုအပ်ချက်များကို ရရှိစေရန်အတွက် ညွှန်းပေးရာတွင် မှန်သင့်သလောက်မှန်ပါသည်။

အစမ်းမေးမြန်းသူများသည် ကျန်ရစ်လွတ်မြောက်လာသူ / မျက်မြင်သက်သေများ၏ တစ်ဆင့် ပြန်လည်ညွှန်ပေးခြင်းကို ရရှိနိုင်မှုနှင့် အထောက်အကူပေးမှုဂန်ဆောင်မှုများသည် ကျား/မအလိုက် ဆုံးဖြတ်ထားသည်။ ထိခိုက်ခံရသူ ကျားဖြစ်မှု မဖြစ်မှုအပေါ် မူတည်၍ အထောက်အပံ့ပေးရာတွင် ကွဲပြားမှုများရှိသည်။

ကျန်ရစ်လွတ်မြောက်လာသူ/မျက်မြင်သက်သေများအတွက် ရရှိနိုင်သော အကူအညီအထောက်အပံ့ အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်။

<table>
<tr><th>ဆေးပညာပိုင်းဆိုင်ရာအကူအညီအထောက်အပံ့</th><th>စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့</th></tr>
<tr><td>အဓမ္မပြုကျင့်ခံရသော ကျန်ရစ်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများအား ကုသမှုပေးရန်နှင့်အကူအညီ ပေးရန် သင့်လျော်သောအထောက်အကူပြုပစ္စည်းများ ရှိသောဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှု စင်တာ များ၊ ဆေးခန်းများ။ အထောက်အကူပြုပစ္စည်းများသည် အနည်းဆုံးအနေဖြင့်<br>• ဆေးကုသမှုနှင့်ကုသနေစဉ်ဖြစ်ပေါ် လာသော အသက်အန္တရာယ်စိုးရိမ်ရမှု အတွက် တစ်ဆင့် ညွှန်ကြားပေးခြင်း<br>• လိင်မှတစ်ဆင့်ကူးစက်သောရောဂါများအတွက် ကာကွယ်မှုများနှင့်ကုသမှုများ<br>• အရေးပေါ် ပဋိသန္ဓေထားခြင်း<br>• ဒဏ်ရာများအားကုသပေးခြင်း<br>• အထောက်အကူဖြစ်သောဆွေးနွေးအကြံပြုခြင်း နှင့်<br>• လူမှုအထောက်အကူများသို့ တစ်ဆင့်ညွှန်းပေး ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးနှင့် သက်ဆိုင်သော ဆွေးနွေး အကြံပေးခြင်း ဂန်ဆောင်မှုများသို့ တစ်ဆင့်ညွှန်းပေးခြင်း</td><td>ဆွေးနွေးအကြံပြုခြင်းဂန်ဆောင်မှုများ၊ ထိခိုက်နစ်နာရသော သူများ အတွက်အထောက်အပံ့အုပ်စုများ၊ အမှုဖြစ်ပွားမှုအား စီမံခန့်ခွဲနိုင် သည့် အရည်အချင်းရှိသည့် အဖွဲ့အစည်းများ နှင့် အောက်ပါတို့ကို ပေးအပ် နိုင်သော လူမှု့စင်တာများ<br>• လျို့ဂှက်သောစိတ်ခံစားမှုပိုင်းဆိုင်ရာအကူအညီ အထောက်အပံ့ နှင့် တိုက်ရိုက်ဆွေးနွေးအကြံပြု ပေးခြင်း<br>• မိသားစုလိုက်တရားထိုင်ခြင်းနှင့် ဆွေးနွေးအကြံပြုခြင်း<br>• လူမှုနယ်ပယ်ထဲသို့ ပြန်လည်ဂင်ရောက်ခြင်းနှင့် အသက်မွေး ဂမ်းကျောင်းဆိုင်ရာလုပ်ငန်းအထောက်အပံ့ နှင့်/သို့မဟုတ် ကိုယ်ပိုင်အရည်အချင်းများ အားပိုမိုကောင်း မွန်အောင် သင်ကြားပေးခြင်းနှင့် ဂင်ငွေရရှိအောင် လုပ်ဆောင်သည့် ပရိုဂရမ်များ</td></tr>
<tr><th>ဥပဒေပိုင်းဆိုင်ရာအကူအညီအထောက်အပံ့</th><th>အကာအကွယ်ပေးခြင်းဆိုင်ရာအကူအညီအထောက်အပံ့</th></tr>
<tr><td>ဥပဒေရုံးခန်း၊ ထိခိုက်နစ်နာရသော သူများ အတွက် အထောက်အပံ့အုပ်စုများ၊ အောက်ပါ တို့ကိုပေးအပ်သော ပရိုဂရမ်များ<br>• ဥပဒေအောက်တွင် ကျန်ရစ် လွတ်မြောက် လာသူ/ မျက်မြင် သက်သေများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ဥပဒေပညာပေးများပြုလုပ် ပေးခြင်း<br>• ဥပဒေအရအခွင့်အရေးများနှင့်ရွေးချယ် ပိုင်ခွင့်များကို လျို့ဂှက်စွာ အကြံ ပေးခြင်း ကျန်ရစ်လွတ်မြောက်လာသူ/ မျက်မြင်သက်သေများအတွက် ဥပဒေ အရကိုယ်စားပြုပေးခြင်းများ</td><td>အောက်ပါတို့ကိုပေးအပ်သော အဖွဲ့အ စည်းများ၊ ထိခိုက်နစ်နာရသော သူများအတွက်အထောက်အပံ့အုပ်စုများ၊ စင်တာများ<br>• လုံခြုံသောခိုလှုံရာနေရာများ<br>• နေရာပြန်လည်ချထားခြင်းနှင့် သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအကူအညီအထောက် အပံ့များ မျက်မြင်သက်သေအား အကာအကွယ်ပေးခြင်း ပရိုဂရမ်များ</td></tr>
</table>

နောက်ဆက်တွဲ ၆

# နောက်ဆက်တွဲ ၆

## ရုပ်ပိုင်းဆိုင်ရာ အထောက်အထား၊ အုပ်ထိန်းမှုကွင်းဆက်နှင့်ဆိုင်သည့် စည်းမျဉ်းများ။

၁။ လက်တွေ့ဆောင်ရွက်သူများကွင်းဆင်းစဉ်၌ လိင်အကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်ဟု ညွှန်ပြ နေသည့် အရာတစ်ခုကို သို့မဟုတ် ရာဇဝတ်မှုတစ်ခုနှင့် ထိုအမှု၏ သားကောင်များ သို့မဟုတ် ကျူးလွန်သူ တရားခံများအကြား ဆက်နွယ်မှုတစ်ရပ်ကိုပေးနိုင်သည့် အရာတစ်ခုကို ယင်းတို့ ကြုံတွေ့ရနိုင်သည်။ ဥပမာ- ရာဇဝတ်မှုဖြစ်ပွားရာနေရာ၌ သွေးစွန်းနေသည့် အဝတ်စတစ်ခု သို့မဟုတ် ညစ်ပတ်ပေကျံနေသည့် အဝတ်စတစ်ခုကို ယင်းတို့ တွေ့နိုင်သည် သို့မဟုတ် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေက ပြောပြသော မုဒိမ်းမှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် လက်နက်တစ်ခုကို ယင်းတို့အား ပေးနိုင်သည် သို့မဟုတ် စစ်တပ်အရာရှိတစ်ဦးမှ စစ်မှုရေးရာ လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မုဒိမ်းကျင့်ရန် အမိန့်ပေးသည့်အသံကို မှတ်တမ်းတင်ရနိုင် သည်။

၂။ ဤအရာတစ်ရပ်ရပ်သည် လိင်အကြမ်းဖက်ရာဇဝတ်မှုတစ်ရပ် ဖြစ်ပွားခဲ့သည့် "ရုပ်ပိုင်းဆိုင်ရာ အထောက်အထား" ဖြစ်နိုင်သည်။ များသောအားဖြင့်၊ လက်တွေ့ဆောင်ရွက်သူသည် စုံစမ်း စစ်ဆေးသူအဖြစ် သင်တန်းပေးခြင်းမခံရလျှင် သို့မဟုတ် မှုခင်းအထောက်အထား ကောင်းစွာ ကောက်ယူနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုပေးသူတစ်ဦးအဖြစ် သင်တန်းပေးခြင်းမခံရလျှင် အဆိုပါ "ရုပ်ပိုင်းဆိုင်ရာ အထောက်အထား" မည်သည့်အရာကိုမျှ မကောက်ယူသင့်ပါ။ ကောင်းစွာသင်တန်းပေးထားသူမဟုတ်ပဲ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကို ကောက်ယူလျှင်၊ အသက်ရှင်လွတ်မြောက်လာသူအပေါ် အန္တရာယ်ကြီးကြီး မားမားဖြစ်ပေါ် စေနိုင်ပြီး၊ အထောက်အထားများပျက်စီးပြီး သုံးမရဖြစ်သွားနိုင်သည်။ သို့ရာတွင် အချို့သော အကျဉ်းအကျပ် အခြေအနေများတွင် ထိုသို့ပြုလုပ်ရန် ဘေးကင်းစိတ်ချရပြီး၊ ရုပ်ပိုင်း ဆိုင်ရာ အထောက်အထားကောက်ယူရန် သင့်လျော်နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူရန် ဆုံးဖြတ်ချက်ကို သတိကြီးစွာထား၍ သေချာစဉ်းစားချမှတ်သင့်သည်။

၃။ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားတစ်ရပ်ရပ် ကောက်ယူရေး မစဉ်းစားမီကပင်၊ တွေ့ရှိသမျှအရာ (များ) ကို ဦးစွာရေးမှတ်ထားသင့်သည်၊ အခင်းဖြစ်ရာနေရာ၏ မြင်ကွင်းကို ပုံကြမ်းခြစ်ထားသင့်သည်။ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများနှင့် အခင်းဖြစ်ရာမြင်ကွင်းကို ဓာတ်ပုံများ ရိုက်ယူထားသင့် သည်။ ဖြစ်နိုင်လျှင် ဗွီဒီယိုမှတ်တမ်းပါ တင်ထားသင့်သည်။ **(အခြားနောက်ဆက်တွဲများနှင့်လည်း တိုက်ဆိုင်စစ်ဆေးကိုးကားပါ။)**

၄။ ထိုသို့မှတ်တမ်းတစ်ရပ် ပြုလုပ်ရသည့် အဓိကအကြောင်းတစ်ရပ်မှာ- ယင်းတို့သုံးခဲ့သည့် နည်းလမ်း ကို နောက်ပိုင်းတွင် လွတ်လပ်စွာ သုံးသပ်စစ်ဆေးနိုင်စေရန်- အထူးသဖြင့် ယင်းတို့လုပ်ဆောင် ချက်များက သက်သေအထောက်အထားကို ပြောင်းလဲစေခဲ့ခြင်း ရှိ/မရှိကို သုံးသပ်ရန်ဖြစ်သည်။ အခင်းဖြစ်ရာနေရာ အနီးတဝိုက်မှ မျက်မြင်သက်သေ မည်သူကိုမဆို မေးမြန်းစုံစမ်းသင့်သည်။ ထိုမှတဆင့် အမှုနှင့်ဆိုင်သည့် အခြားသက်သေများကိုပါ ဖော်ထုတ်မေးမြန်းနိုင်ပေမည်။ **(အခြား နောက်ဆက်တွဲများနှင့်လည်း တိုက်ဆိုင်စစ်ဆေးကိုးကားပါ။)** အခြားအထောက်အထားကလည်း- ကောင်းစွာကောက်ယူထားလျှင်၊ အလွန်အစွမ်းရှိပြီး၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား လိုအပ်ချက် ကိုပင် ဖယ်ထုတ်နိုင်သည်။

၅။ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် ရာဇဝတ်မှုတွင် "အကောင်းဆုံး" အထောက်အထား ဖြစ်နိုင်သော်လည်း၊ အမှုအတွက် မရှိမဖြစ်မဟုတ်သည်ကို သတိရရန် အလွန်အရေးကြီးသည်။ ရုပ်ပိုင်းဆိုင်ရာအထောက်အထား မည်သို့ရှိစေကာမူ ထိုအထောက်အထား၏ မူလအရင်းအမြစ်၊ ပိုင်ရှင်နှင့် အသုံးပြုမှု သို့မဟုတ် ထိုအရာကို ကောက်ယူမှုဖြစ်စေသည့် အနေအထားများကို ကျိုးကြောင်းဖော်ပြ ထွက်ဆိုပေးမည့် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေမရှိလျှင်၊ သက်သေအထောက်အထားရှုထောင့်မှ အလွန်အသုံးဝင်မည်မဟုတ်ပါ။ အသက်ရှင်လွတ်မြောက် လာသူ/ မျက်မြင်သက်သေသည် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားနေရာ၌ အစားထိုးဝင်ရောက် နိုင်သည်။ သို့ရာတွင် အမှုအများစု၌ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားသည် အသက်ရှင် လွတ်မြောက်လာသူ/ မျက်မြင်သက်သေနေရာကို အစားမထိုးနိုင်ပါ။

၆။ လက်တွေ့ဆောင်ရွက်သူများသည် စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် ကျန်းမာရေး ဝန်ဆောင်မှုပေးသူ များအဖြစ် သင်တန်းပေးထားခြင်းမခံရလျှင်၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား တစ်ရပ်ကို မည်သို့ တွေ့ရှိကောက်ယူလာကြောင်း ရှင်းပြမည့် သက်သေတစ်ဦးအဖြစ်သို့ ရောက်ရှိမည့် အနေအထားမှ ဆန္ဒအလျောက် ရှောင်ရှားနိုင်သည်။

၇။ ပုံမှန်မဟုတ်သည့် အနေအထား၌ ၊ လက်တွေ့ ဆောင်ရွက်သူများသည် ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူရန် ဆုံးဖြတ်သည့်အခါ ဤနောက်ဆက်တွဲ၌ ပါရှိသည့် 'အုပ်ထိန်းမှုကွင်းဆက်များ' နှင့်ဆိုင်သည့် စည်းမျဉ်းများကို လိုက်နာသင့်သည်။

၈။ သို့ရာတွင် လက်တွေ့ဆောင်ရွက်သူများ သိထားရမည်မှာ- ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ကောက်ယူမှုတိုင်းသည် ထိုအထောက်အထားအား အသုံးပြုနိုင်ရေးအတွက် စစ်မှန်မှုနှင့် / သို့မဟုတ် ကျိုးကြောင်းပံ့ဖော်ပြနိုင်မှုကို သက်သေခံသည့် အချက်အလက်ကောက်ယူခြင်းနှင့် ဒွန်တွဲနေသည်။ 'အုပ်ထိန်းမှုကွင်းဆက်' ကလည်း ဤအရာ မည်သည့်နေရာမှလာသည်ကို သက်သေပြနေသည်။ လက်တွေ့ဆောင်ရွက်သူမှ အထောက်အထားအဖြစ် ကောက်ယူချိန်နှင့် ထိုအထောက်အထားကို လိင်အကြမ်းဖက်ရာဇဝတ်မှု၏ သက်သေအဖြစ် အသုံးပြုချိန်နှစ်ရပ်အကြား၌ မသမာသူများ မရှိကြောင်း သက်သေပြသည့် နည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ 'အုပ်ထိန်းမှုကွင်းဆက်' သည် အလွန်အရေးကြီးသည်။ အကြောင်းမှာ- ထိုကွင်းဆက်ကို မပြသနိုင်ပါက တရားရုံးတစ်ရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့က ထိုအရာအား လိင်အကြမ်းဖက်ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်း၏ သက်သေအထောက် အထားအဖြစ် စဉ်းစားရန် ငြင်းဆန်နိုင်သည် သို့မဟုတ် ရာဇဝတ်မှုအတွက် အလွန်ကောင်းသည့် အထောက်အထားကောင်းတစ်ရပ်မဟုတ်ကြောင်း ဆုံးဖြတ်နိုင်သည်။ ဤနေရာ၌ အားထားစိတ်ချရမှုကို မေးခွန်းထုတ်စရာဖြစ်သည်။ အထောက်အထားတစ်ခု၏ စစ်မှန်မှုကို ယုံကြည်စိတ်ချနိုင်ပြီး၊ ထိုအထောက်အထားအပေါ် မသမာမှုမပြုခဲ့ခြင်း သို့မဟုတ် ထိုအထောက်အထားကို အကွက်ချ စီစဉ်ထားခဲ့မှုမရှိခြင်း သို့မဟုတ် မရည်ရွယ်ဘဲ ပျက်စီးခြင်းမျိုးမဖြစ်စေခြင်းတို့အတွက် အချက်အလက်ရှာဖွေသူက အခိုင်အမာ အာမခံနိုင်ရမည်။ 'အုပ်ထိန်းမှုကွင်းဆက်' လုပ်ထုံးလုပ်နည်းသည် အထောက် အထားများကို အရေးပါမှုအတိုင်းအတာ အလိုက် ထိန်းသိမ်းထားရှိနိုင်ရေးအတွက် လက်တွေ့ ဆောင်ရွက်သူများအား ဆောင်ရွက်စေသည်။

## စည်းမျဉ်းများ

၉။ အထောက်အထားတစ်ရပ်အပေါ် 'အုပ်ထိန်းမှုကွင်းဆက်' ကို မှတ်တမ်းထားရှိရန် အလို့ငှာ လက်တွေ့ ဆောင်ရွက်သူသည် အောက်ပါတို့ကို မှတ်တမ်းတင် ရမည်။

A. ထိုအထောက်အထားကို မည်သို့ကောက်ယူခဲ့သည်နှင့်

B. မတူညီသည့် ပုဂ္ဂိုလ်များနှင့် / သို့မဟုတ် အဖွဲ့အစည်းများအကြား၌ ထိုအထောက်အထား ကို (မည်သို့) လက်ဆင့်ကမ်း လွှဲပြောင်းခဲ့သည်နှင် လွှဲပြောင်းခဲ့ခြင်း ရှိ/မရှိ၊ လက်တွေ့ ဆောင်ရွက်သူများသည် 'အုပ်ထိန်းမှုကွင်းဆက်' နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တရား စီရင်ပိုင်ခွင့်နယ်ပယ်အလိုက် သတ်မှတ်ထားသည့် ဥပဒေရေးရာ လိုအပ်ချက်များကို သိရှိ ထားသင့်သည်။

## A. ထိုအထောက်အထားကို မည်သို့ကောက်ယူခဲ့သည်။

အထောက်အထားကောက်ယူသည့် နည်းလမ်းများသည် မေးခွန်းထုတ်စရာ အထောက်အထား အမျိုးအစား အလိုက် ကွဲပြားမည်ဖြစ်သော်လည်း (ဥပမာ- ခန္ဓာကိုယ်မှထွက်သော အရည်များကို ကောက်ယူထုတ်ပိုးမှု သည် အဝတ်အပိုင်းအစ သို့မဟုတ် စာရွက်စာတမ်း တစ်စောင်ကို ကောက်ယူထုတ်ပိုးမှုနှင့် ကွဲပြားပေမည်)၊ ကောက်ယူသည့် အထောက်အထားတိုင်းကို အောက်ပါအချက်အလက်များအား အနိမ့်ဆုံးအဆင့်အဖြစ် ရေးမှတ်၍ ကပ်ထားသင့်သည်-

၁။ အမှုတွဲနံပါတ်- အမှုတစ်ခုအပေါ် သတ်မှတ်ထားသည့် နံပါတ်၊ ထိုနံပါတ်သည် အမှုတွဲနှင့်ဆိုင်သည့် အချက်အလက်အားလုံးနှင့် ချိတ်ဆက်ထားသည်။

၂။ အထောက်အထားကောက်ယူသည့်နေ့စွဲ

၃။ အထောက်အထားကောက်ယူသူအမည်နှင့် ထိုသို့ကောက်သူစဉ်က အတူရှိသည့် အခြားသူများ၏ အမည်များ

၄။ ကောက်ယူခဲ့သည့် နေရာအတိအကျနှင့်

၅။ ကောက်ယူခဲ့သည့် အထောက်အထားအမျိုးအစား

လက်တွေ့ဆောင်ရွက်သူများသည် ထိုအထောက်အထားအား ယင်းတို့လက်ဝယ်ရှိနေစဉ် မည်သည့်အစီအမံများဖြင့် လုံခြုံစိတ်ချစွာ ထားရှိခဲ့သည်ကို မှတ်တမ်း ထားသင့်သည်။ (ဥပမာ- လက်တွေ့ဆောင်ရွက်သူ၏ အဖွဲ့ကသာ ဖွင့်နိုင်သည့် သော့ခတ်ထားသော ဘီဒိုထဲ၌ သိမ်းထားခဲ့သ ည်။)

လက်တွေ့ဆောင်ရွက်သူများသည် လိင်အကြမ်းဖက်မှုဖြစ်ပြီး မည်မျှအကြာ၌ ရုပ်ပိုင်းဆိုင်ရာ အထောက် အထားကို တွေ့ရှိခဲ့သည်။ ထိုအထောက်အထား တွေ့ရှိရသည့်နေရာနှင့် အခင်းဖြစ်ရာနေရာ အနီးစပ်ဆုံး မည်မျှကွာဝေးသည်၊ ဤအချက်များကို မည်သို့သိရှိလာသည် စသည်ကို မှတ်တမ်းရေးထားသင့်သည်။

လက်တွေ့ဆောင်ရွက်သူများသည် အထောက်အထားကို ကိုယ်တိုင်ကောက်ယူခဲ့ခြင်း မဟုတ်လျှင်၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကို အသုံးပြုနိုင်ရေး လွှဲပြောင်းပေးသူနှင့် လက်တွေ့ဆောင်ရွက်သူအကြားရှိ သဘောတူညီချက်၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ဆွေးနွေးချက် အသေးစိတ်ကိုလည်း သတ်မှတ်သင့် သည်။

လက်တွေ့ဆောင်ရွက်သူ ကောက်ယူထားသည့် အရာတစ်ခုခုကို သက်သေအထောက်အထားအိတ်၌ ထည့်သွင်းထားသင့်သည်။ (လွယ်ကူစွာ ပိတ်သိမ်းထားနိုင်သည့် ပလတ်စတစ်အိတ်သည် ထိုအရာအပေါ်၌ ရေ/ စိုထိုင်းဆမရှိလျှင် လုံလောက်မှုရှိပါသည်။ အကယ်၍ ရေ/စိုထိုင်းဆရှိနေလျှင်၊ အက်ဆစ်ဓာတ် သဘာဝမပါသည့် စက္ကူစာအိတ်က ပိုကောင်းသည်။) အိတ်/စာအိတ်ကို သေချာစွာ ချိတ်ပိတ်၍ ထိုအရာကို ကောက်ယူသူမှ လက်မှတ်ထိုးထားသော တံဆိပ်ဖြင့် ပိတ်သိမ်းထားသင့်ပြီး၊ မည်သည့်အချိန်မျှ မဖွင့်ရန်ဖြစ်သည်။

ဤအချက်အလက်အားလုံးကို စက္ကူတစ်ရွက်တည်းပေါ်၌ ချရေးပြီး၊ အထောက်အထားထည့်ထားသည့် အိတ်/ စာအိတ်ပေါ်၌ သာမန်အားဖြင့်ကပ်ထားလေ့ရှိသည်။

အထောက်အထားတစ်ခုစီ၏ မူလရင်းမြစ်၊ နေ့စွဲနှင့် နေရာတို့ တူနေလျှင်နှင့် ကောက်ယူသူတစ်ဦးတည်း ဖြစ်လျှင်၊ အထောက်အထားတစ်ခုစီအပေါ်၌ အချက်အလက်အပြည့်အစုံ ဖြည့်သွင်းကပ်ထားစရာမလိုပါ။ သို့ရာတွင် အထက်ပါအချက်တစ်ရပ်ရပ်ကွဲပြားလျှင်၊ အထူးသဖြင့် အထောက်အထား၏ မူလပင်ရင်း ကွဲပြားလျှင်၊ အထက်ပါ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သင့်သည်။

## B. ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအကြား၌ ယင်းတို့လက်အောက်ရှိသည့် အထောက်အထားများကို အမြဲလွှဲပြောင်းပေးအပ်မှုရှိပါသလား။

အထောက်အထားတစ်ရပ်ကို ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအကြား၌ အမြဲလွှဲ ပြောင်းပေးအပ်မှုရှိခဲ့လျှင်၊ လွှဲပြောင်းပုံ အသေးစိတ်ကို မှတ်တမ်းထားရန် အရေးကြီးသည်။ လွှဲပြောင်းပုံကို "အလွှဲအပြောင်းမှတ်တမ်း" တစ်ရပ်၌ အလွယ်တကူ ဖော်ပြထားနိုင်သည်။

အထောက်အထားတစ်ရပ် လွှဲပြောင်းသည့် အကြိမ်တိုင်း၌ ဤအလွှဲအပြောင်းမှတ်တမ်းတွင်၌ ဖော်ပြသင့် သည်မှာ-

၁။ အမှုတွဲနံပါတ်- အမှုတစ်ခုအပေါ် သတ်မှတ်ထားသည့် နံပါတ်၊ ထိုနံပါတ်သည် အမှုတွဲနှင့်ဆိုင်သည့် အချက်အလက်အားလုံးနှင့် ချိတ်ဆက်ထားသည်။

၂။ ကောက်ယူခဲ့သည့် အထောက်အထားအမျိုးအစား

၃။ လွှဲပြောင်းခဲ့သည့်နေ့စွဲ

၄။ လွှဲပြောင်းရသည့် အကြောင်းအရင်းနှင့်

၅။ လွှဲပြောင်းသူနှင့် လက်ခံသူ နှစ်ဦးစလုံး၏ လက်မှတ်များ

သာမန်အားဖြင့် ကိုင်တွယ်စဉ် သို့မဟုတ် ထိန်းသိမ်းထားရှိစဉ် ကြုံတွေ့ရသည့် လုံခြုံရေးအခြေအနေများ ကိုပါ မှတ်တမ်း၌ ဖော်ပြထားသင့်သည်။

များသောအားဖြင့် အုပ်ထိန်းမှုလွှဲပြောင်းခြင်းများအနည်းဆုံးဖြစ်စေရန် ကြိုးစားခြင်းက အကောင်းဆုံး ဖြစ်သည်။

နောက်ဆက်တွဲ ၇

# နောက်ဆက်တွဲ ၇

## စာရွက်စာတမ်း အထောက်အထား။ 'အုပ်ထိန်းမှုကွင်းဆက်' ဆိုင်ရာ စည်းမျဉ်းများ

၁။ လက်တွေ့ဆောင်ရွက်သူများ ကွင်းဆင်းဆောင်ရွက်စဉ်အတွင်း၊ စိတ်ဝင်စားစရာ စာရွက်စာတမ်း များကို တွေ့ရှိကောင်း တွေ့ရှိနိုင်သည်။ ဥပမာ- တစ်ချိန်က စစ်တပ်လုပ်ကြံလုပ်စစ်ဆေးရေးအဖွဲ့၏ ကွပ်ကဲအုပ်ချုပ်ပုံကို ဖော်ပြသည့် စာရွက်စာတမ်းတစ်စောင်ကို စွန့်ပစ်ထားသော စစ်တပ် အဆောက်အအုံ တစ်လုံးတွင် တွေ့ရှိနိုင်သည် သို့မဟုတ် မုဒိမ်းကျင့်ခြင်းမှ အသက်ရှင် လွတ်မြောက်လာသူတစ်ဦး၏ ဆေးစစ်ချက် စာရွက်တစ်ရွက်လက်ဝယ်ရှိသည့် ဒုက္ခသည်စခန်းမှ ဆရာဝန်တစ်ဦးနှင့် တွေ့နိုင်သည်။ သို့မဟုတ် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်သတ်မှတ်ရာ၌ အကူအညီရနိုင်သည့် စာရွက်စာတမ်းတစ်စောင်ကို ပေးနိုင်သည့် အစိုးရအရာရှိတစ်ဦးနှင့် တွေ့နိုင်သည်။ အထက်ပါ စာရွက်စာတမ်း တစ်ရပ်ရပ်သည် လိင်အကြမ်းဖက် ရာဇဝတ်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်းပြသည့် "စာရွက်စာတမ်းအထောက်အထား" ဖြစ်နိုင်သည်။

၂။ များသောအားဖြင့်၊ လက်တွေ့ဆောင်ရွက်သူများသည် ရာဇဝတ်မှု စုံစမ်းစစ်ဆေးသူများအဖြစ် သင်တန်းပေးခြင်းမခံခဲ့ရလျှင်လည်း၊ ထိုစာရွက်စာတမ်းများကို ရယူစုဆောင်းနိုင်သည်။ "စာရွက်စာတမ်းအထောက်အထား" နှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များသည် "ရုပ်ပိုင်းဆိုင်ရာ အထောက်အထား" အတွက် ကျင့်သုံးရမည့် လမ်းညွှန်ချက်များနှင့် ကွဲလွဲမှုရှိသည်။ (**နောက်ဆက်တွဲ-၆ ၊ "ရုပ်ပိုင်း ဆိုင်ရာ အထောက်အထား" အုပ်ထိန်းမှုကွင်းဆက်ဆိုင်ရာ စည်းမျဉ်းများကို ကြည့်ပါ။**) သို့ရာတွင် အောက်ပါကန့်သတ်ချက်အချို့ ရှိနေပါသည်-

- လက်တွေ့ဆောင်ရွက်သူများသည် ရာဇဝတ်မှု စုံစမ်းစစ်ဆေးသူများအဖြစ် သင်တန်းပေးခံရသူများ မဟုတ်ကြလျှင်၊ စိတ်ဝင်စားစရာ စာရွက်စာတမ်းတစ်စောင်ကို မည်သို့တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း ရှင်း ပြရသည့် သက်သေအဖြစ်သို့ ယင်းတို့ကိုယ်ယင်းတို့ ပို့ခြင်းမှ ရှောင်ရှားလိုကြပေမည်။
- အမှုနှင့်ဆိုင်သည့် စာရွက်စာတမ်းမူရင်းကို အချို့သော အခြေအနေများ၌သာ ကောက်ယူသင့်သည်။ များသောအားဖြင့် သက်သေအထောက်အထားအမှန်နှင့် ဒွန်တွဲနေသည့်အမှုနှင့်ဆိုင်သော စာရွက်စာတမ်း မိတ္တူများကို ရယူခြင်းက အလေ့အကျင့်ကောင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် ဥပမာများကို အသုံးပြု၍၊

(က) အကယ်၍ လက်တွေ့ဆောင်ရွက်သူများသည် တချိန်က စစ်တပ်လုပ်ကြံလုပ်စစ်ဆေးရေးအဖွဲ့၏ ကွပ်ကဲအုပ်ချုပ်ပုံကို ဖော်ပြသည့် စာရွက်စာတမ်းတစ်စောင်ကို စွန့်ပစ်ထားသော စစ်တပ် အဆောက်အအုံတစ်လုံးတွင် တွေ့ရှိရလျှင်၊ ဤစာရွက်စာတမ်းသည် အဆောက်အအုံထဲ၌ ကျန်ခဲ့လျှင် ထိုစာရွက်စာတမ်းကို ဖျက်ဆီးခဲ့ခြင်းဖြစ်နိုင်သည်ဟု ယုံကြည်ရသည့် အကြောင်း ပြချက်ရှိမည်။ ဤအမှုတွင် လက်တွေ့ဆောင်ရွက်သူများသည် စာရွက်စာတမ်းမိတ္တူနှင့် စစ်မှန် ကြောင်းပြသည့် အထောက်အထားများကို ရယူရန်သာ ရည်ရွယ်ချက်ထားသင့်သည်။ (ဆိုလို သည်မှာ စာရွက်စာတမ်းပါ အချက်အလက် အသေးစိတ်နှင့် တွေ့ရှိပုံအခြေအနေများ၊ ဥပမာ- မျက်မြင်သက်သေတစ်ဦး၏ ထွက်ဆိုချက်ကို ဖော်ပြသည့် အထောက်အထား)။ သို့ရာတွင် ထိုသို့ မဖြစ်နိုင်လျှင်၊ မူရင်းစာရွက်စာတမ်းကိုသာ ရယူထားနိုင်သည်။

(ခ) လက်တွေ့ဆောင်ရွက်သူများသည် မုဒိမ်းကျင့်ခြင်းမှ အသက်ရှင်လွတ်မြောက်လာသူတစ်ဦး၏ ဆေးစစ်ချက် စာရွက်စာတမ်း လက်ဝယ်ရှိသည့် ဒုက္ခသည်မှ ဆရာဝန်တစ်ဦးနှင့်တွေ့လျှင်၊ မူရင်းစာရွက်စာတမ်းကို မယူရပါ။ လူနာသည် သူ/သူမ၏ ကိုယ်ရေးကိုယ်တာအတွက် မူရင်း စာရွက်စာတမ်းကို လိုအပ်နိုင်သည့်အပြင် မည်သည့်ဖြစ် ရပ်၌မဆို၊ဆေးစစ်ချက်စာရွက် စာတမ်းများသည် အသက်ရှင်လွတ်မြောက်လာသူ/ မျက်မြင်သက်သေကိုယ်တိုင်၏ ထွက်ဆိုချ က်လောက် မခိုင်မာသောကြောင့် ဖြစ်သည်။ လက်တွေ့ဆောင်ရွက်သူများသည် စာရွက်စာတမ်းမိတ္တူမှန်ကိုသာ အဓိကထား ယူဆောင်သင့်သည်။ (ထိုသို့ယူဆောင်ရန် သဘောတူညီလျှင်) နှင့် ဆရာဝန်၊ အသက်ရှင်လွတ်မြောက်လာသူနှင့် အခြားသက်ဆိုင်ရာ မျက်မြင်သက်သေများအား အင်တာဗျူးသင့်သည်။ (**နောက်ဆက်တွဲ-၃ "အင်တာဗျူးခြင်း၊ အခြေခံစည်းမျဉ်းများနှင့် ထိပ်တန်းကျသည့် လက်တွေ့နည်းလမ်းများ"**)

(ဂ) အကယ်၍ လက်တွေ့ဆောင်ရွက်သူများသည် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ရာ၌ အကူအညီ ရသည့် စာရွက်စာတမ်းတစ်စောင်ကိုပေးနိုင်သည့် အစိုးရအရာရှိတစ်ဦးနှင့်တွေ့လျှင်၊ ထိုစာရွက် စာတမ်းကို နောက်ပိုင်း၌ တရားခွင်တင်ပြစစ်ဆေးနိုင်သည့် အချိန်ကာလအထိ၊ လုံခြုံစိတ်ချစွာ ရယူ၊ သိမ်းဆည်း၊ ထိန်းသိမ်းထားနိုင်သည်ဟု

ယုံကြည်ရသည့် အကြောင်းရင်း ယင်းတို့၌ ရှိလျှင်နှင့် အကယ်၍ လိုအပ်လျှင် အရာရှိမှ ဤစာရွက်စာတမ်းမျိုး အခြားတစ်ခုကို ထုတ်ပေး နိုင်မည်ဟု ယုံကြည်ရသည့် အကြောင်းရင်း ယင်းတို့ထံ၌ရှိလျှင်၊ ထိုစာရွက်စာတမ်း မိတ္တူကို ယင်းတို့က ရယူနိုင်သည်။

၃။ လက်တွေ့ ဆောင်ရွက်သူများသည် (စာရွက်စာတမ်းမူရင်း သို့မဟုတ် မိတ္တူတစ်စောင်ကို) စာရွက်စာတမ်းများကို ရယူထားရန် ဆုံးဖြတ်သည့် အခြေအနေများ၌၊ ဤနောက်ဆက်တွဲပါ 'အုပ်ထိန်းမှုကွင်းဆက်များ' ကလည်း ဤအရာမည်သည့်နေရာမှ လာသည်ကို သက်သေပြနေသည်။ လက်တွေ့ဆောင်ရွက်သူမှ အထောက်အထားအဖြစ် ကောက်ယူချိန်နှင့် ထိုအထောက်အထားကို လိင်အကြမ်းဖက်ရာဇဝတ်မှု၏ သက်သေအဖြစ် အသုံးပြုချိန် နှစ်ရပ်အကြား၌ မသမာသူများမရှိကြောင်း သက်သေပြသည့် နည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ 'အုပ်ထိန်းမှုကွင်းဆက်' သည် အလွန်အရေးကြီးသည်။ အကြောင်းမှာ - ထိုကွင်းဆက်ကို မပြသနိုင်ပါက တရားရုံးတစ်ရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့က ထိုအရာအား လိင်အကြမ်းဖက် ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်း၏ သက်သေအထောက် အထားအဖြစ် စဉ်းစားရန် ငြင်းဆန်နိုင်သည် သို့မဟုတ် ရာဇဝတ်မှုအတွက် အလွန်ကောင်းသည့် အထောက်အထားတစ်ရပ်မဟုတ်ကြောင်း ဆုံးဖြတ်နိုင်သည်။ စာရွက်စာတမ်းတစ်စောင် ၏ 'အုပ်ထိန်းမှုကွင်းဆက်များ' ကို ထိန်းသိမ်းထားရန် လက်တွေ့ဆောင်ရွက်သူများ သည် အောက်ပါတို့ကို မှတ်တမ်းတင်ရန် လိုအပ်သည်။

## စည်းမျဉ်းများ

A. ထိုစာရွက်စာတမ်းကို မည်သို့ကောက်ယူခဲ့သည်နှင့်

B. မတူညီသည့် ပုဂ္ဂိုလ်များနှင့် / သို့မဟုတ် အဖွဲ့အစည်းများအကြား၌ ထိုစာရွက်စာတမ်းကို (မည်သို့) လက်ဆင့်ကမ်း လွှဲပြောင်းခဲ့သည်နှင့် လွှဲပြောင်းခဲ့ခြင်း ရှိ/မရှိ၊

## A. ထိုစာရွက်စာတမ်းကို မည်သို့ရယူခဲ့သည်။

သာမန်စည်းမျဉ်းမှာ- ကောက်ယူသည့် စာရွက်စာတမ်းတိုင်းတွင် အောက်ပါအချက်အလက်များကို အနိမ့်ဆုံးအဆင့် ရေးမှတ်၍ ကပ်ထားသင့်သည်။

၁။ အမှုတွဲနံပါတ်- အမှုတစ်ခုအပေါ် သတ်မှတ်ထားသည့် နံပါတ်၊ ထိုနံပါတ်သည် အမှုတွဲနှင့်ဆိုင်သည့် အချက်အလက်အားလုံးနှင့် ချိတ်ဆက်ထားသည်။

၂။ ရယူသည့်နေ့စွဲ

၃။ စာရွက်စာတမ်းကောက်ယူသူအမည်နှင့် ထိုသို့ကောက်သူစဉ်က အတူရှိသည့် အခြားသူများ၏ အမည်များ

၄။ ကောက်ယူခဲ့သည့် နေရာအတိအကျနှင့်

၅။ ကောက်ယူခဲ့သည့် စာရွက်စာတမ်းအမျိုးအစား

၆။ လက်တွေ့ဆောင်ရွက်သူများသည် ထိုစာရွက်စာတမ်း ယင်းတို့လက်ဝယ်ရှိနေစဉ် မည်သည့် အစီအမံများဖြင့် လုံခြုံစိတ်ချစွာ ထားရှိခဲ့သည်ကို မှတ်တမ်း ထားသင့်သည်။ (ဥပမာ- လက်တွေ့ ဆောင်ရွက်သူ၏အဖွဲ့ကသာ ဖွင့်နိုင်သည့် သော့ခတ်ထားသော ဘီဒိုထဲ၌ သိမ်းထားခဲ့သည်။)

၇။ လက်တွေ့ဆောင်ရွက်သူများသည် စာရွက်စာတမ်းများကို ကိုယ်တိုင်ရယူခဲ့ခြင်းမဟုတ်လျှင် ရုပ်ပိုင်း ဆိုင်ရာ အထောက်အထားကို အသုံးပြုနိုင်ရေး လွှဲ ပြောင်းပေးသူနှင့် လက်တွေ့ ဆောင်ရွက်သူ အကြားရှိ သဘောတူညီချက်၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ဆွေးနွေးချက် အသေးစိတ် ကိုလည်း သတ်မှတ်သင့်သည်။

၈။ လက်တွေ့ဆောင်ရွက်သူ ရယူထားသည့် စာရွက်စာတမ်းတစ်ခုခုကို သက်သေအထောက်အထား အိတ်၌ ထည့်သွင်းထားသင့်သည်။ (လွယ်ကူစွာ ပိတ်သိမ်းထားနိုင်သည့် ပလတ်စတစ်အိတ်သည် ထိုအရာအပေါ်၌ ရေ/ စိုထိုင်းဆမရှိလျှင် လုံလောက်မှုရှိပါသည်။ အကယ်၍ ရေ/ စိုထိုင်းဆ ရှိနေလျှင်၊ အက်ဆစ်ဓာတ် သဘာဝမပါသည့် စက္ကူစာအိတ်က ပိုကောင်းသည်။) အိတ်/ စာအိတ် ကို သေချာစွာ ချိတ်ပိတ်၍ ထိုအရာကို ကောက်ယူသူမှ လက်မှတ်ထိုးထားသောတံဆိပ်ဖြင့် ပိတ်သိမ်းထား သင့်ပြီး၊ မည်သည့်အချိန်မျှ မဖွင့်ရန်ဖြစ်သည်။

၉။ ဤအချက်အလက်အားလုံးကို စက္ကူတစ်ရွက်တည်းပေါ်၌ ချရေးပြီး၊ စာရွက်စာတမ်းထည့်ထားသည့် အိတ်/ စာအိတ်ပေါ်၌ သာမန်အားဖြင့်ကပ်ထားလေ့ရှိသည်။

စာရွက်တစ်ခုစီ၏ မူလရင်းမြစ်၊ နေ့စွဲနှင့် နေရာတို့ တူနေလျှင်နှင့် ကောက်ယူသူတစ်ဦးတည်းဖြစ်လျှင်၊ စာရွက်စာတမ်းတစ်ခုစီအပေါ်၌ အချက်အလက်အပြည့်အစုံ ဖြည့်သွင်းကပ်ထားစရာ မလိုပါ။ သို့ရာတွင် အထက်ပါအချက်တစ်ရပ်ရပ်ကွဲပြားလျှင်၊ အထူးသဖြင့် စာရွက်စာတမ်းများ၏ မူလပင်ရင်း ကွဲပြားလျှင်၊ အထက်ပါ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သင့်သည်။

## B. ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအကြား၌ ယင်းတို့လက်အောက်ရှိသည့် စာရွက်စာတမ်းများကို အမြဲလွှဲပြောင်းပေးအပ်မှုရှိပါသလား။

စာရွက်စာတမ်းတစ်ရပ်ကို ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအကြား၌ အမြဲလွှဲပြောင်းပေးအပ်မှုရှိခဲ့လျှင်၊ လွှဲပြောင်းပုံ အသေးစိတ်ကို မှတ်တမ်းထားရန် အရေးကြီးသည်။ လွှဲပြောင်းပုံကို "အလွှဲအပြောင်းမှတ်တမ်း" တစ်ရပ်၌ အလွယ်တကူ ဖော်ပြထားနိုင်သည်။

စာရွက်စာတမ်းတစ်ရပ် လွှဲပြောင်းသည့် အကြိမ်တိုင်း၌ ဤအလွှဲအပြောင်းမှတ်တမ်း၌ ဖော်ပြသင့်သည်မှာ-

၁။ အမှုတွဲနံပါတ်- အမှုတစ်ခုအပေါ် သတ်မှတ်ထားသည့် နံပါတ်၊ ထိုနံပါတ်သည် အမှုတွဲနှင့်ဆိုင်သည့် အချက်အလက်အားလုံးနှင့် ချိတ်ဆက်ထားသည်။

၂။ ရယူခဲ့သည့် စာရွက်စာတမ်းအမျိုးအစား

၃။ လွှဲပြောင်းခဲ့သည့်နေ့စွဲ

၄။ လွှဲပြောင်းရသည့် အကြောင်းအရင်းနှင့်

၅။ လွှဲပြောင်းသူနှင့် လက်ခံသူ နှစ်ဦးစလုံး၏ လက်မှတ်များ

၆။ သာမန်အားဖြင့်ကိုင်တွယ်စဉ် သို့မဟုတ် ထိန်းသိမ်းထားရှိစဉ် ကြုံတွေ့ရသည့် လုံခြုံရေးအခြေအနေ များကိုပါ မှတ်တမ်း၌ ဖော်ပြထားသင့်သည်။

များသောအားဖြင့် အုပ်ထိန်းမှုလွှဲပြောင်းခြင်းများ အနည်းဆုံးဖြစ်စေရန် ကြိုးစားခြင်းက အကောင်းဆုံးဖြစ်သည်။ လက်တွေ့ဆောင်ရွက်သူများအနေဖြင့် ဤရာဇဝတ်မှုမျိုးအတွက် အသက်ရှင်လွတ်မြောက်လာသူများ/မျက်မြင် သက်သေများကို ကျယ်ကျယ်ပြန့်ပြန့် အကူအညီပေးနိုင်ရန်အလို့ငှာ ဤအစီအမံများ၏ အတိုင်းအတာကို လေ့လာထားရန်ဖြစ်သည်။

နောက်ဆက်တွဲ ၈

# နောက်ဆက်တွဲ-၈

## ဓာတ်ပုံရိုက်ကူးခြင်း၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်း၊ အခင်းဖြစ်ပုံမြင်ကွင်းများကို ပုံကြမ်းရေးခြစ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများနှင့်ဆိုင်သည့် လမ်းညွှန်ချက်များ

သင်ကွင်းဆင်းဆောင်ရွက်နေစဉ်၌ လိင်အကြမ်းဖက်မှုတစ်ရပ်ဖြစ်ပွားခဲ့ဟန်ရှိသည့် နေရာတစ်နေရာကို တွေ့ရ ကောင်းတွေ့ရနိုင်သည်။ (ဥပမာ- သွေးကွက်စွန်းထင်းနေသည့် ကြမ်းပြင်နှင့် ညစ်ပတ်ပေကျံနေသည့် မွေ့ရာရှိသည့်အခန်းတစ်ခန်း) ၊ လိင်အကြမ်းဖက်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သင့်ကိုအကြံပြုနေသည့်နေရာ (ဥပမာ- မျက်မြင်သက်သေတစ်ဦးက သင့်အားပြောခဲ့သည့် မုဒိမ်းမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သ ည့် လက်နက် တစ်ခု) သို့မဟုတ် လိင်အကြမ်းဖက်မှုမှရရှိခဲ့သ ည့် ထိခိုက်ဒဏ်ရာများကို သိသာထင်ရှားစွာတွေ့ရသည့် သားကောင်တစ်ဦး (ဥပမာ- လိင်အကြမ်းဖက်မှုမှရရှိခဲ့သည့် ဒဏ်ရာများဖြစ်ကြောင်း သင့်အားအသိပေး ထားသည့် အမျိုးသမီးတစ်ဦး၏ ဒဏ်ရာများနှင့် သူမ၏ ကျောကုန်းမှခြစ်ရာများ)။

အသက်ရှင်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများအား အင်တာဗျူးရာမှ ရရှိခဲ့သည့် အချက်အလက်များ နှင့်အတူ ဤအချက်အလက်များကို (ဖြစ်နိုင်လျှင်) ဗွီဒီယိုမှတ်တမ်းပြုရန်၊ ဓာတ်ပုံရိုက်ယူရန်၊ ပုံကြမ်းရေးခြစ်ရန် အရေးကြီးသည်။ ဤအချက်အလက်များကို ကောင်းစွာရယူထားလျှင် နောက်ပိုင်း၌ တရားစီရင်ရာတွင် ခိုင်မာသည့် အထောက်အထားဖြစ်လာနိုင်သည်။

ရုပ်ပိုင်းဆိုင်ရာအထောက်အထားနှင့် စပ်လျဉ်းပါက ဓာတ်ပုံရိုက်ကူးခြင်း၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်း သို့မဟုတ် ပုံကြမ်းရေးခြစ်ခြင်းက ထိုအထောက်အထားကို ကောက်ယူခြင်းထက်ပိုကောင်းပါသည်။ များသောအားဖြင့် ခြွင်းချက်ပြုထားသော အခြေအနေများမဟုတ်လျှင်နှင့် ကောင်းစွာသင်တန်းပေးထားခြင်းမခံရလျှင်၊ ထိုအထောက်အထားကို လုံခြုံစိတ်ချစွာထားရှိရန်နှင့် သယ်ပို့ပေးနိုင်ခြင်းမရှိလျှင် မည်သည့်ရုပ်ပိုင်းဆိုင်ရာ အထောက်အထားကိုမျှ မကောက်ယူသင့်ပါ။ (နောက်ဆက်တွဲ-၆၊ **"ရုပ်ပိုင်းဆိုင်ရာအထောက်အထား၊ အုပ်ထိန်း မှုကွင်းဆက်ဆိုင်ရာစည်းမျဉ်းများ" ကိုကြည့်ပါ။**)

ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများရရှိခဲ့သ ည့်ဖြစ်ရပ်၌၊ သင်တန်းပေးထားသော ဆေးစစ်ချက်ပြုလုပ်သူများက ဤဒဏ်ရာ များကို ဓာတ်ပုံရိုက်ရန် များသောအားဖြင့် အကြံပေးထားသည်။ သို့ရာတွင် အခြားပုဂ္ဂိုလ်များသည် (အောက်ပါ လမ်းညွှန်ချက်များကို လိုက်နာလျှင်) ခန္ဓာကိုယ်အတွင်းပိုင်းနေရာများရှိ ဒဏ်ရာများမှအပ) အခြေခံထိခိုက်မှု များကို ထိခိုက်ဒဏ်ရာရသူ၏ ခွင့်ပြုချက်ဖြင့် ဓာတ်ပုံရိုက်နိုင်သည်။ ဤလမ်းညွှန်ချက်ကို အခင်းဖြစ်ရာမြင်ကွင်း၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား သို့မဟုတ် ရာဇဝတ်မှုသားကောင်ဖြစ်ခဲ့ရသူ၏ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာ များကို ဓာတ်ပုံရိုက်ရန်၊ ဗွီဒီယိုမှတ်တမ်းတင်ရန် သို့မဟုတ် ပုံကြမ်းရေးခြစ်ရန် ဆုံးဖြတ်ထားသူ မည်သူမဆိုက သာမာန်အားဖြင့် ကျင့်သုံးရသည်။ သို့ရာတွင် အချို့သောလက်တွေ့ဆောင်ရွက် သူများသည် ဓာတ်ပုံရိုက်ရန်၊ ဗွီဒီယိုမှတ်တမ်းများတင်ရန် သို့မဟုတ် ပုံကြမ်းရေးခြစ်ရန် လုပ်ပိုင်ခွင့်မရှိဘဲဖြစ်နိုင်သည်။ ထို့ကြောင့် သင်၏ လုပ်နည်းလုပ်ဟန်သည် အခြားသော လက်တွေ့ဆောင်ရွက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည့် ပုံစံဖြစ်ရန် အရေးကြီးသည်။ သို့မှသာ အခြေခံအချက်အလက်ဝေမျှနိုင်ပြီး နှစ်ထပ်ကွမ်းဆောင်ရွက်ခြင်းမျိုးကို ရှောင်ရှားနိုင်ပေမည်။ ဘာကအဓိကကျသလဲဆိုသည်မှာ- သင်၏လုပ်ပိုင်ခွင့်အာဏာဘာရှိသလဲနှင့် လုပ်ပိုင်ခွင့် ပြင်ပမှ ယာယီဆောင်ရွက်ရန် လိုကောင်းလိုနိုင်သည့် အခြေအနေများနှင့် စပ်လျဉ်းသည့် သင့်အဖွဲ့အစည်း၏ မူဝါဒတို့ဖြစ်ပါသည်။

အန္တရာယ်ရှိသည့်အခြေအနေတွင် အရေးကြီးဆုံးမှာ အသက်ရှင်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများ နှင့် ယင်းတို့အသိုင်းအဝိုင်း၏ ဘေးကင်းလုံခြုံမှုဖြစ်သည်ဟု မှတ်ထားပါ။ ဤအကြံပြုချက်အားလုံးနှင့်ကိုက်ညီ သည့် ဓာတ်ပုံတစ်ပုံ/ ဗွီဒီယိုဖိုင်တစ်ခုကို သင်မရနိုင်လျှင်လည်း ထိုဓာတ်ပုံ/ ဗွီဒီယိုဖိုင်ကို အထောက်အထား အဖြစ် မည်သည့်အခါမျှ တင်ပြလိမ့်မည်မဟုတ်ဟူသည့် သဘောမဟုတ်ပါ။

## ရာဇဝတ်မှုဖြစ်ပွားရာနေရာ၊ ရုပ်ပိုင်းဆိုင်ရာအထောက်အထားနှင့် ထိခိုက်ဒဏ်ရာများကို ဓာတ်ပုံရိုက်ခြင်းနှင့် ဗွီဒီယိုမှတ်တမ်းတင်ခြင်း

ထိုဓာတ်ပုံများ၏ စစ်မှန်ကြောင်းကို သက်သေပြနိုင်လျှင် နောက်ပိုင်း၌ တရားခွင်စစ်ဆေးရာတွင် ထိုဓာတ်ပုံများ သည် အလွန်အသုံးဝင်သည့် အထောက်အထားဖြစ်နိုင်သည်။ "အများယုံကြည်လက်ခံမှု" ဆိုသည်မှာ - ဓာတ်ပုံ သို့မဟုတ် အခြားအထောက်အထားတစ်ရပ်ရပ်သည် စစ်မှန်ကြောင်း ပြနိုင်ခြင်းဖြစ်သည်။ 'စစ်မှန်ကြောင်း' သက်သေပြမှုသည်

နောက်ဆက်တွဲ ၈

အမြဲမလွယ်ကူသဖြင့် သင့်ထံ၌ အချက်အလက်အလုံအလောက်ရှိစေရမည့်အပြင်၊ သက်သေအထောက်အထား၏ စစ်မှန်မှုကို အခြားသူများကစိန်ခေါ်နိုင်သည့် အခွင့်အလမ်းနည်းပါးသွားစေရေး ဆောင်ရွက်နိုင်သည့် အဆင့်များစွာရှိသည်။

စုံစမ်းစစ်ဆေးမှုမပြုမီ

၁။ သင်၏ကင်မရာနှင့် အခြားဓာတ်ပုံရိုက်သည့် ပစ္စည်းကိရိယာများကို မည်သို့အသုံးပြုမည်ကိုလေ့လာပါ။ အထူးသဖြင့်၊ သင့်ကင်မရာ၏ ရက်စွဲနှင့် အချိန်ပြင်ဆင်သတ်မှတ်သည့် ခလုတ်ကိုမည်သို့အသုံးပြုရမည် နှင့် အလင်းအမှောင်နှင့် အရောင်ကို မည်သို့ ချိန်ညှိမည်ကိုလေ့လာပါ။ သင်သည်နိုင်ငံစုံ၏အချိန်မျဉ်း သတ်မှတ်ချက် အမျိုးမျိုးအကြား အလုပ်လုပ်နေသူဖြစ်လျှင် သင့်ကင်မရာကို ဂရင်းနစ်ပျမ်းမျှစံတော်ချိန် နှင့် တိုက်ထားပါ။

၂။ သင်တန်းပေးရာတွင် လက်ရှိလမ်းညွှန်ချက်ကို ကိုးကားပါ။

ဓာတ်ပုံများရိုက်ယူရန် သင်ဆုံးဖြတ်လျှင်-

၃။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ဓာတ်ပုံထဲ၌ ပါဝင်ရန်ရှိလျှင်၊ ထိုသူ၏ သဘောတူညီချက်ကို ဦးစွာရယူပြီးမှ ဓာတ်ပုံ ရိုက်ပါ။

- ဤအပိုင်းတွင် ဓာတ်ပုံရိုက်ယူရန်အလို့ငှာ- ရာဇဝတ်မှုဖြစ်ပွားရာနေရာကို စီမံကွပ်ကဲနေသူ အသိုင်း အဝိုင်းတစ်ရပ်၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားအပိုင်းအစ ပိုင်ဆိုင်သော အသက်ရှင် လွတ်မြောက်လာသူများ / မျက်မြင်သက်သေ တစ်ဦး သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ရာဇဝတ် သားကောင်တစ်ဦးထံမှ ခွင့်ပြုချက်တောင်းခံခြင်းတို့ ပါဝင်ပါသည်။
- ပုဂ္ဂိုလ်တစ်ဦး၏ သက်တောင့်သက်သာရှိမှုနှင့် ပုဂ္ဂလိကဆန်မှုကိုလည်း ထည့်စဉ်းစားပါ။ အချို့သော ယဉ်ကျေးမှုများတွင် - ဓာတ်ပုံရိုက်ကူးခြင်းအား မသင့်လျော်သောအပြုအမူအဖြစ် မြင်နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများကို ဓာတ်ပုံရိုက်ယူရာ၌ ဤအချက်ကအထူးအရေးကြီးသည်။
- ဓာတ်ပုံများကိုအသုံးပြုရန်ရှိသည့် ပုဂ္ဂိုလ်များကို အသိပေးပါ။ အထူးသဖြင့် အမည်မဖော်လိုသည့်ကိစ္စကို ဆွေးနွေးပါ။ နောက်ပိုင်းတရားစစ်ဆေးဆုံးဖြတ်မှုများတွင် အထောက်အထားအဖြစ် တင်ပြနိုင်ရန်ဖြစ်ပြီး၊ ဓာတ်ပုံထဲ၌ ပါဝင်သူပုဂ္ဂိုလ်မည်သူမဆို (ဥပမာ- လိင်အကြမ်းဖက်မှုသားကောင်တစ်ဦး) သည် သာမာန်အားဖြင့် အမည်မဖော်လိုသူအဖြစ် မနေကြရန်ဖြစ်သည်။
- ဓာတ်ပုံထဲတွင်ပါဝင်ရန် သဘောမတူပါက ထိုသူများကို ဓါတ်ပုံမရိုက်ပါနှင့်။ ဓါတ်ပုံမရိုက်ခြင်းကြောင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲရလဒ်များကို ပါဝင်ပတ်သက်သူ ပုဂ္ဂိုလ်များအား ရှင်းပြပါ။
- ဓာတ်ပုံများတွင် လူ့ရုပ်ကြွင်းများ မည်သည့်နည်းနှင့်မဆို ပါဝင်ရပါက၊ ထိုလူသေများကို ယင်းတို့နှင့် ဆက်စပ်သည့်ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများနှင့်အညီ လေးစားစွာပြုမူရန် အရေးကြီးသည်။
- ဓာတ်ပုံရိုက်ယူပြီးနောက် ဓာတ်ပုံထဲ၌ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးချင်း၏ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်ကို ဓာတ်ပုံများနှင့် ချိတ်ဆက်ပါ။ (ဥပမာ - ဓာတ်ပုံတိုင်းတွင် အမှုတွဲနံပါတ် ပါဝင်စေရမည် သို့မဟုတ် တခြားနည်းအားဖြင့် အမှုတွဲနံပါတ်ကို ပုံနှိပ်ပါ သို့မဟုတ် စက္ကူတစ်ရွက်ပေါ်တွင် ရေးသားပါ၊ ထိုပုံနှိပ်စာရွက် သို့မဟုတ် လက်ရေးဖြင့် ရေးသားထားသော စာရွက်ကို ဖလင်လိပ် သို့မဟုတ် Memory Card ၏ အစနှင့် အဆုံးတွင် ထား၍ ဓာတ်ပုံရိုက်ပါ။ မှတ်သားထားရမည်မှာ အမှုတွဲနံပါတ်တွင် ပုဂ္ဂိုလ်အမည်နှင့် လိပ်စာကို ပေါက်ကြားစေသည့် အချက်အလက်အသေးစိတ်ပါဝင်ရန် မလိုပါ။

၄။ ဓာတ်ပုံများကို ချက်ချင်းရိုက်ပါ။

- အခင်းဖြစ်ရာနေရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားအပိုင်းအစကို ဓာတ်ပုံရိုက်နေခြင်းဖြစ်လျှင် ဓာတ်ပုံမရိုက်မီ ထိုအရာများကို အနှောက်အယှက် မပြုမိစေရန် ဂရုစိုက်ပါ။
- အကယ်၍ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာတစ်ခုကို ဓာတ်ပုံရိုက်နေလျှင်နှင့် မကြာခင်က ဖြစ်ပွားခဲ့သည့် လိင်အကြမ်းဖက်မှုကို ဓာတ်ပုံရိုက်နေခြင်းဖြစ်လျှင် ဖြစ်နိုင်သမျှ အမြန်ဆုံး ဓာတ်ပုံရိုက်သင့်သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာများ၏ နောက်ဆက်တွဲဓာတ်ပုံများကို ရိုက်ယူ/မယူ ကိုလည်း စဉ်းစားသင့်သည်။ အကြောင်းမှာ အချို့သော ပွန်းရှဒဏ်ရာများသည် ဒဏ်ရာရပြီး နာရီများစွာကြာမှ ပေါ်လာခြင်း ဖြစ်သောကြောင့် ဖြစ်သည်။

၅။ မတူညီသော ကင်မရာ ရှုထောင့်များမှ မတူညီသော စကေးများဖြင့် ဓာတ်ပုံရိုက်ပါ။

- ရာဇဝတ်မှုဖြစ်ရာနေရာများနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများအတွက် -

(၁) ပထမဦးစွာ အခင်းဖြစ်ရာ နေရာတစ်ခုလုံးကို ဓာတ်ပုံရိုက်ပါ။ နေ့စဉ်သုံးအရာများအတွက် စကေးသုံးပါ။ (ဥပမာ - သတင်းစာတစ်စောင်)

(၂) ရာဇဝတ်မှုဖြစ်ရာနေရာတွင် ပါဝင်သည့်အရာများကိုပေါ်လွင်စေရန် တစ်ခုချင်းအလိုက် Medium - range ဖြင့် သီးခြားဆွဲယူ ဓာတ်ပုံရိုက်ပါ။ သို့မဟုတ် ထိုအရာဝတ္ထုတစ်ခုချင်းအလိုက် နောက်ခံဓာတ်ပုံ ရိုက်ပါ။

(၃) လိင်အကြမ်းဖက်ရာဇဝတ်မှု၏ နောက်ခံကို ဖမ်းယူရန် ထူးခြားသည့် အရာများကို အနီးကပ် အကြီးချဲ့ ဓာတ်ပုံရိုက်ပါ။ (ဥပမာ - အဝတ်အစားများ၊ သွေးကွက်များ သို့မဟုတ် လိင်အကြမ်းဖက်မှု ကျူးလွန်ရာ၌ အသုံးပြုသည့် ကိရိယာများ)

- ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအတွက် -

(၁) ဓာတ်ပုံရိုက်ယူရာတွင် မရပ်မနား အလိုအလျောက်ရိုက်သည့်နည်းကို သုံးပါ။ (ဥပမာ - သားကောင်ဖြစ်ခဲ့ရသူ၏ ဘယ်မှညာသို့ မရပ်မနား အလိုအလျောက်ဓာတ်ပုံရိုက်ပါ၊ ပြီးလျှင် ခေါင်းမှ ခြေ မရပ်မနား ဓာတ်ပုံရိုက်ယူပါ်

(၂) ဓာတ်ပုံရိုက်ရာ၌ ရာဇဝတ်မှုသားကောင်၏ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်နှင့် ရိုးရှင်းမှုကို ဆက်ထိန်းထားပါ။

(၃) မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြရန် တရားလို၏မျက်နှာကို ပထမဓာတ်ပုံ တစ်ပုံရိုက်ပါ။ ဓာတ်ပုံတိုင်းတွင် ထိုပုဂ္ဂိုလ်ကို ရှင်းလင်းစွာ ရိုက်ယူဖော်ပြထားနိုင်လျှင် ဤသို့ပြုလုပ်ရန် မလိုအပ်ပါ။

(၄) ဒဏ်ရာဒဏ်ချက်တစ်ခုစီကို မတူညီသော ကင်မရာရှုထောင့်များမှ အနည်းဆုံး

(၂) ပုံစီ ရိုက်ပါ။ ၉ဝံ ထောင့်မှ ရိုက်ယူထားသော ဒဏ်ရာပုံတစ်ပုံ အမြဲရိုက်ယူသင့်သည်။

(၅) ထိခိုက်ဒဏ်ရာတစ်ခုစီ သို့မဟုတ် အနာတစ်ခုစီကို အနီးကပ်ဆွဲယူထားသော ဓာတ်ပုံများ ရိုက်ပါ။ ဒဏ်ရာများကို ကောင်းစွာ တိုင်းတာနိုင်ရန် စကေးသုံးပါ။

(၆) ခန္ဓာကိုယ်၏ မည်သည့်အပိုင်းကို ထိခိုက်ခဲ့ကြောင်း ရှင်းလင်းစွာ ပြသရန်၊ သီးခြားစီရှိသော ထိခိုက်ဒဏ်ရာတစ်ခုစီအတွက် Medium-range ဓာတ်ပုံများ ရိုက်ယူပါ။

(၇) ထိခိုက်ဒဏ်ရာရရှိမှု အတိုင်းအတာကို ဖော်ပြရန် ရာဇဝတ်မှုသားကောင်၏ ကိုယ်လုံးပြည့်ဓာတ်ပုံများ ရိုက်ယူသောအခါ သင့်လျော်စွာ ဝတ်စားထားခြင်း သို့မဟုတ် အဝတ်ဖြင့် အသာအယာ ပတ်ပေးထားခြင်း ပြုလုပ်ရန် စဉ်းစားပါ။

၆။ နောက်ပိုင်းတွင် ရှင်းလင်းတိကျသည့်ဓာတ်ပုံများကိုသာ ဥပဒေရေးရာ ကြားနာစစ်ဆေးမှု တစ်ရပ်ရပ်သို့ ဆက်လက်တင်ပြနိုင်မည်ကို သိထားပါ။

- ဖြစ်နိုင်လျှင် ဓာတ်ပုံများကို နေ့အလင်းရောင်အောက်တွင် ရိုက်ယူပါ သို့မဟုတ် နောက်ခံ အလင်းရောင် အလွန်အမင်း စူးရှနေခြင်းမျိုးကို ရှောင်ပါ။
- ဓာတ်ပုံ၏ နောက်ခံမြင်ကွင်းသည် ဖြစ်နိုင်သမျှ မနုလွန်း မရင့်လွန်း ဖြစ်သင့်သည်။ ရောင်စုံနောက်ခံ သို့မဟုတ် လူစုလူဝေးနောက်ခံများသည် ဓာတ်ပုံများ၏ တိကျမှုကို ပြောင်းလဲစေနိုင်သဖြင့် ရှောင်သင့်သည်။
- ဒစ်ဂျစ်တယ် ကင်မရာသည် အနည်းဆုံး 4 Megapixel ရှိသင့်သည် သို့မဟုတ် ဓာတ်ပုံအရွယ်အစားအတွက် Megapixel ပိုကြီးသင့်သည်။ Smart Phone ဖြင့် ဓာတ်ပုံရိုက်ယူခြင်းကို အခြားနည်းလမ်းမရှိမှသာ သုံးသင့်ပြီး ထိုကိစ္စကိုအားမပေးပါ။
- ဖြစ်နိုင်လျှင် ဓာတ်ပုံတွင် Colour Bar ပါ ထည့်ပေးရမည် သို့မှသာ အရောင်အတိအကျအတိုင်း ရိုက်ကူးနိုင်ပေမည်။
- ဓာတ်ပုံများနှင့် ဗွီဒီယိုများသည် ယင်းတို့ကိုယ်တိုင်မှန်ကန်ကြောင်း သက်သေပြနိုင်သည်က ရှားပါသည်။ အခြားစကားလုံးဖြင့် ပြောရလျှင် အသက်ရှင်သူ/သက်သေနှင့် အခြားသက်သေထွက်ဆိုမှုကဤဓာတ်ပုံ/ ဗွီဒီယိုတွင် မည်သည့်အရာများ ပါသည်ကို ရှင်းပြခြင်းမရှိလျှင်နှင့် မြင်ရသည့်အရာက မည်သည့်အရာဖြစ်ကြောင်း နောက်ခံပြောပြခြင်း မရှိလျှင် ထိုဓာတ်ပုံ/ ဗွီဒီယို၏ သက်သေဖြစ်မှု တန်ဖိုး လျော့နည်းနိုင်သည်။

၇။ ဓာတ်ပုံများကို ရက်စွဲတပ်ပါ။

- ကင်မရာတွင် ပါရှိသည့် ရက်စွဲနှင့်အချိန် သတ်မှတ်ချိန်ကိုက်သည့် ခလုတ်ကို အသုံးပြုပါ သို့မဟုတ် မဖြစ်နိုင်လျှင် ထိုနေ့၏ နေ့စဉ်သတင်းစာအား ဖလင်လိပ်၏ ထိပ်ဆုံး ဖလင်ကွက် သို့မဟုတ် Memory Card ၏ ထိပ်ဆုံးပုံအတွက် ရိုက်ယူပါ။ နိုင်ငံများစွာ၏ အချိန်မျဉ်းမျိုးစုံအကြား၌ အလုပ်လုပ်နေရလျှင် ကင်မရာ၏ အချိန်ကို ဂရင်းနစ်ပျမ်းမျှစံတော်ချိန်၌ ကိုက်ထားပါ။

- ထိုသို့ပြုလုပ်ခြင်းဖြင့် ဓာတ်ပုံ၏ သက်သေဖြစ်မှုတန်ဖိုးကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အထောက်အထား မှန်ကန်ရေးကိုပါ အထောက်အကူပြုနိုင်မည်။

၈။ 'အုပ်ထိန်းမှုကွင်းဆက်'ကို ထိန်းသိမ်းပါ။

- နောက်ဆက်တွဲ - ၆ ၊ **'ရုပ်ပိုင်းဆိုင်ရာ အထောက်အထား၊ အုပ်ထိန်းမှုကွင်းဆက်ဆိုင်ရာ စည်းမျဉ်းများ'** ကို ကြည့်ပါ။
- ဓာတ်ပုံများကို မပြုမပြင်ပဲ ရှိနေသည့် မူရင်းများကဲ့သို့ အမှန်ဖြစ်ကြောင်း ပြနိုင်ရမည်။ ထိုဓာတ်ပုံများကို ပြောင်းလဲထားလျှင် - ဥပမာ - ဒေါင်လိုက်မှ အလျားလိုက်သို့ လှည့်ထားခဲ့လျှင် ထိုကိစ္စကိုမှတ်တမ်းရေးသွင်း၍ ထိုအနေအထားသို့ အဘယ့်ကြောင့် လှည့်ထားကြောင်း ရှင်းပြပါ။
- ဓာတ်ပုံအားလုံးကို ရှင်းလင်းစွာ အညွှန်းတပ်ထားသင့်ပြီး "အုပ်ထိန်းမှုကွင်းဆက်"ကို ထိန်းသိမ်းထားရမည်။
- ဓာတ်ပုံနှင့် ဗွီဒီယို အထောက်အထားအားလုံးကို သတ်မှတ်ထားသော နံပါတ်ပေးစနစ်တစ်ခုဖြင့် စာရင်းပြုစုထားရှိပြီး၊ ထိုနံပါတ်ပေးစနစ်အား ဤဓာတ်ပုံ/ ဗွီဒီယိုနှင့်ဆိုင်သည့် အခြားသော အထောက်အကူပြု အထောက်အထားနှင့် ချိတ်ဆက်ထားရှိ ရမည်။ (ဥပမာ-အသက်ရှင် လွတ်မြောက်လာသူ / မျက်မြင်သက်သေအထောက်အထား)
- သင်ရိုက်ကူးထားသည့် ဓာတ်ပုံ/ဗွီဒီယိုနှင့်ဆိုင်သည့် အချက်အလက်အားလုံး မည်သည့်အချိန် မည်သည့်နေရာတွင် မည်သည့်အကြောင်းကြောင့် မည်သို့ မည်သူက အချက်အလက်ပေးခဲ့သည်၊ထိုအချက်အလက်က ဓာတ်ပုံရိုက်သူ/ ရုပ်ရှင်ရိုက်သူကို ဤကိစ္စအား မှတ်တမ်းတင်ရန် လမ်းပြခဲ့သည်နှင့် အခြားမည်သူများပါ အတူရှိနေခဲ့သ ည် ဆိုသည်ကိုသေချာစွာ ချရေးထားပါ။
- ဖလင်အသုံးပြု ရိုက်ကူးသည့်ဓာတ်ပုံများအတွက် ဖလင်လိပ်၏ ထုတ်လုပ်မှုနံပါတ်စဉ်နှင့် ရိုက်ယူသည့်ဓာတ်ပုံတစ်ခုစီနှင့်ဆိုင် သည့် အနေအထားတစ်ခုစီအတွက် မူလနံပါတ်စဉ်ကို မှတ်သားထားပါ။
- ဒစ်ဂျစ်တယ် ကင်မရာများ၏ နည်းပညာပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ဓာတ်ပုံရိုက်ယူစဉ်၌ ဓာတ်ပုံပေါ်၌ မည်သည့်ကုမ္ပဏီအမှတ်တံဆိပ်အမျိုးအစားများ၊ သို့မဟုတ် 'Watermarks' များ တင်ရှိသည်၊ သတ်မှတ်ထားသည့် ကုတ်နံပါတ် သို့မဟုတ် ကုမ္ပဏီအမှတ်တံဆိပ်တို့ကို နောက်ပိုင်းတွင် ဓာတ်ပုံများမှန်ကန်ကြောင်းပြရာ၌ အသုံးပြုနိုင်သည်။ ဒစ်ဂျစ်တယ် ဓာတ်ပုံဖိုင်တစ်ခုစီတွင် တိကျမှန်ကန်သော အချက်အလက်များစွာ ထည့်သွင်းထားသည်။ (ဥပမာ - ဓာတ်ပုံရိုက်ယူသည့် ရက်စွဲနှင့် အချိန်၊ ပြောင်းလဲထားသည့် ရက်စွဲနှင့် အချိန်၊ ကင်မရာအမျိုးအစား၊ ဆုံတာအကွာအဝေး၊ မှန်ဘီလူးနှင့် အလင်းတွေ့ဆုံရာ နေရာ)
- ဓာတ်ပုံတစ်ခုကို အထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ထိုဓာတ်ပုံသည် မူရင်းဓာတ်ပုံဖြစ်ရမည်။ စစ်မှန်သော ဓာတ်ပုံထဲမှ မည်သည့်အရာကိုမျှ ဖျက်ထားခြင်း၊ ထပ်ထည့်ထားခြင်း မပြုရ။ ဓာတ်ပုံမိတ္တူတစ်ခုသာ သင့်ထံ၌ ရှိလျှင်လည်း ထိုဓာတ်ပုံသည် အစစ်အမှန်ဖြစ်ကြောင်း၊ မူရင်းကို ပြုပြင်ခြင်း မပြုဘဲ မိတ္တူကူးထားခြင်းသာ ဖြစ်ကြောင်း ပြနိုင်ရမည်။
- ဖြစ်နိုင်လျှင် ဗွီဒီယိုမှတ်တမ်းတင်ရာ၌လည်း အကြိမ်များစွာ ပြန်စခြင်း၊ ရပ်တန့်ခြင်းမျိုးမဖြစ်အောင် တဆက်တည်း ကြိုးစားရိုက်ယူပါ။ သို့မှသာ မှတ်တမ်းတင်ရာ၌ တစ်စုံတစ်ခုကို ဖယ်ထုတ်ထားကြောင်း အကြံပေးမှုများမှ အကာအကွယ်ပေးနိုင်ပေမည်။

၉။ ဓာတ်ပုံများကို လုံခြုံစိတ်ချသည့်ပုံစံဖြင့် သိမ်းဆည်း ထိန်းသိမ်းပါ။

- ဖလင်ပြားများကို အပူ သို့မဟုတ် အလင်းရောင်နှင့် ဝေးရာတွင် သိမ်းထားသင့်သည် အဘယ်ကြောင့်ဆိုသော် ဖလင်ပြားများကို ပျက်စီးနိုင်သောကြောင့် ဖြစ်သည်။
- ပုံနှိပ်ထားသော ဓာတ်ပုံများ၊ ဖလင် သို့မဟုတ် ဒစ်ဂျစ်တယ်ဖြင့်ဖြစ်စေကာမူအား ထိုဓာတ်ပုံအရေအတွက် မည်မျှပေါင်းမှ အပြည့်အစုံတစ်ခုရမည်ကို ဖော်ပြသည့် မှတ်ချက်တစ်ခုနှင့် တွဲထားပါ။
- ဒစ်ဂျစ်တယ်ဓာတ်ပုံများကို ကွန်ပျူတာပေါ်သို့တင်၍ တစ်ကြိမ်သာ ရေးကူးထားပြီး၊ အကြိမ်များစွာ ဖွင့်ဖတ်နိုင်သော Write Once, Read Many - WORM စီဒီချပ်များထဲသို့ ကူးထည့်ပါ သို့မဟုတ် စကားဝှက်ဖြင့် အကာအကွယ်ပြုထားသော Memory Stick များထဲတွင် ထိန်းသိမ်းထားပါ။ မိတ္တူနှစ်စုံပွားပါ။
- ဖလင်လိပ်များ၊ ပုံနှိပ်ထားသော ဓာတ်ပုံများ၊ စီဒီချပ်များနှင့် Memory Cards များကို သော့ခတ်ထားသော ဗီဒိုတွင် သိမ်းထားပါ။ ထိုဗီဒိုကို လူဦးရေကန့်သတ်၍ ဖွင့်ခွင့်ပြုထားပြီး ထိုဗီဒိုကို ဖွင့်ခဲ့သူကိုမှတ်တမ်းပြုစုထားပါ။ (ပုဂ္ဂိုလ်အမည်၊ ရက်စွဲ၊ အချိန်နှင့် ဖွင့်ရသည့် အကြောင်းအရင်းတို့ကို မှတ်တမ်းထားရမည်။)
- အထောက်အထားကို မည်သည့်နေရာ၌ သိမ်းထားမည်၊ မည်သူ၏ ကွပ်ကဲမှု အောက်တွင် ထားရှိမည်ကို စီမံချက်

ဆွဲထားပါ.စံပြအနေဖြင့် ဗဟိုသိမ်းဆည်းသည့် နေရာတစ်ခုထားရှိပြီး အကယ်၍ သင်၏အဖွဲ့အစည်းက ဓာတ်ပုံများကို 'ပိုင်ဆိုင်'ထားလျှင်လည်းပဲ ထိုနေရာကို အထောက်အထား အုပ်ထိန်းသူတစ်ဦးကသာ ကြီးကြပ်ကွပ်ကဲရန် ဖြစ်သည်။

- စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလာရာ၌ သတိထားပါ။ သင်သယ်ဆောင်လာသည့်ဓာတ်ပုံများ (ပုံနှိပ်နှင့် ဒစ်ဂျစ်တယ်) သို့မဟုတ် ဖလင်ပြားများကို ထုတ်ပြရန် တောင်းဆိုနိုင်သောကြောင့် ဖြစ်သည်။
- ဓာတ်ပုံများနှင့် ဗွီဒီယိုမှတ်တမ်းများအားလုံးကို သတ်မှတ်ထားသည့် နံပါတ်ပေးစနစ်ဖြင့် စာရင်းပြုစုထားသင့်သည်။ ထိုနံပါတ်ပေးစနစ်အား ဤ ဓာတ်ပုံ၊ ဗွီဒီယိုနှင့် ဆက်စပ်နေသည့် အခြားအထောက်အကူ ပြုအထောက်အထားနှင့် ချိတ်ဆက်ထားသင့်သည်။ (ဥပမာ - အသက်ရှင် လွတ်မြောက်လာသူ / မျက်မြင်သက်သေ၏ အထောက်အထား)

၁၀။ ဗွီဒီယိုမှတ်တမ်းများရယူရာ၌

- ဖြစ်နိုင်လျှင် နောက်ခံစကားပြောခြင်းကိုကြိုးစားရှောင်ပါ။ ထိုသို့ပြုလုပ်မည့်အစား ဗွီဒီယိုအထောက်အထားအား ဖြည့်စွက်ပါ။ တခြားစကားလုံးနှင့် ပြောရလျှင် - ဖြစ်ပွားဆဲဖြစ်ရပ်ကို တိုက်ရိုက်ရိုက်ကူးသောအခါ ယင်းတို့ဖြစ်ပျက်နေသည့်အတိုင်း နောက်ခံစကားပြောမပါဘဲ ငြိမ်ငြိမ်သက်သက်သာ ရိုက်ကူးသွားပါ။ ပြီးမှ ဗွီဒီယိုမှတ်တမ်းထဲတွင် ပြသသွားသည့်အတိုင်း ဘာဖြစ်ခဲ့ကြောင်း သိထားသည့် မျက်မြင်သက်သေများနှင့် အင်တာဗျူးပါ။ ဗွီဒီယိုမှတ်တမ်းတင်ခြင်းနှင့် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ၏ ထွက်ဆိုချက်များကို ချိတ်ဆက်သည့် နည်းလမ်းတစ်ရပ် သေချာစွာ ရှိပါစေ။ ဗွီဒီယိုမှတ်တမ်းနှင့် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ၏ ထွက်ဆိုချက်များ နှစ်ခုပေါင်းသည် သက်သေအထောက်အထားဖြစ်ပေမည်။
- ရုပ်ရှင်စတင်ရိုက်ကူးချိန်မှစ၍ ထိုဖလင်ကို ထိန်းသိမ်းထားခဲ့သူအားလုံးကို ချရေးထားပါ။ မည်သူက ရုပ်ရှင်ရိုက်ကူးသည်၊ အခြားမည်သူများ ရှိနေသည်နှင့် မှတ်တမ်းတင်သည့် ရက်စွဲ၊ အချိန် နေရာ စသည့် အချက်အားလုံးကို သေချာစွာ ချရေးထားပါ။ (**နောက်ဆက်တွဲ - ၆ "ရုပ်ပိုင်းဆိုင်ရာအထောက်အထား၊ အုပ်ထိန်းမှုကွင်းဆက်ဆိုင်ရာ စည်းမျဉ်းများ"ကို ကြည့်ပါ။**) ဗွီဒီယိုမှတ်တမ်းမိတ္တူ မည်မျှကူးထားသည်နှင့် ထိုမိတ္တူကို မည်သူက ကူးသည်၊ သို့မဟုတ် သိမ်းထားသည်ကို ချရေးထားပါ။
- အမည်မဖော်လိုသူအထောက်အထားသည် လမ်းညွှန်ချက်များအတွက်သာ အသုံးဝင်သည်ဟု မှတ်ထားပါ။
- တစ်ခုတည်းသော ဖြစ်ရပ် သို့မဟုတ် နေရာကို ရုပ်ရှင်ရိုက်သောအခါ မကြာခဏ ရပ်တန့်ခြင်း၊ ပြန်စခြင်းတို့ မပြုလုပ်ရန် တတ်နိုင်သမျှ ကြိုးစားပါ။ ဤသို့ပြုလုပ်ခြင်းက ထိုဗွီဒီယို၏ အစိတ်အပိုင်းတစ်ရပ်ကို ဖြတ်ထုတ်ထားသည်ဟု စွပ်စွဲမှုများမှ ရှောင်ရှားရန် အထောက်အကူရသည်။
- ဗွီဒီယိုဖိုင်တွင် နေရာ၊ အချိန်၊ ရက်စွဲနှင့် အခြားဆက်စပ်အရာများကို ချုံ့ဖော်ပြမှုနှင့် အကြောင်းအရာ တစ်ခုချင်းအသေးစိတ်ဖော်ပြမှု ပိုမိုများပြားလာလေလေ၊ အဖိုးတန်သော အထောက်အထားအဖြစ် အသုံးဝင်နိုင်ချေ ပိုများလေလေဖြစ်သည်။ အကူအညီရသည့် အသက်ရှင်လွတ်မြောက်လာသူ၊ မျက်မြင်သက်သေ အထောက်အထားသည် ဗွီဒီယိုအထောက်အထားကို ပိုမိုအားကောင်းစေနိုင်သည်။
- ဒရမ်မာပုံစံတင်ပြမှုများရှောင်ပါ - အကြောင်းအရာတစ်ခုခုကို ပေးပို့ရန် ကြိုးစားသည့် တစ်စုံတစ်ယောက်ပုံစံဖြင့် တင်ပြမည့်အစား ထိုနေရာ၌ သင်မရှိသည့်ပုံစံ၊ သင်သည် ရိုက်ကူးတင်ပြသည့် ကင်မရာတစ်လုံးသာ ဖြစ်သည့်ပုံစံဖြင့် တင်ပြပါ။ အမှုအကြောင်းအပြည့်အစုံများနိုင်သမျှ များများပြသပါ။ ရှင်းလင်းအောင် ဖြတ်တောက်ညှိထားခြင်း မဟုတ်လျှင် အထောက်အထားသည် ပို၍ ယုံကြည်စိတ်ချရသည်။ ဤဖြစ်ရပ်များကလည်း ရှင်းလင်းအောင်ဖြတ်တောက်ထည့်ရန် ခက်ခဲသည်။
- အကြမ်းဖက်မှု တစ်ခုအပေါ် အရေးယူ ဆောင်ရွက်မှုအနေအထား၏ တိုးတက်မှုကို ရုပ်ရှင်ရိုက်ကူးသည့်အခါ အထောက်အထားထက် သင်၏ လုံခြုံရေးကို ဦးစားပေးပါ။ ဤကိစ္စသည် ရုပ်ရှင်ရိုက်ကူးရန် ဘေးကင်းစိတ်ချမှု အလုံအလောက်ရှိသည်ဟု သင်ဆုံးဖြတ်လျှင် ရိုက်ကူးမှုကို ရပ်တန့်ခြင်းနှင့် ပြန်စခြင်း မပြုလုပ်ပဲ တဆက်တည်းပင် ဧရိယာ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံရိုက်ကူးရန် ကြိုးစားပါ။ ပြီးမှ အသေးစိတ်ဧရိယာကို အဓိကထား ဆက်လက်ရိုက်ကူးပါ။
- (သေဆုံးသူ) ရာဇဝတ်မှုသားကောင် သို့မဟုတ် အခြားရာဇဝတ်မှုဖြစ်ပွားရာနေရာကို ရုပ်ရှင်ရိုက်သောအခါ ၃၆၀ ဒီဂရီလှည့် ရိုက်ကူးပါ။ အဝေးမှ တဖြည်းဖြည်းချင်း နီးရာသို့ဆွဲယူရိုက်ပါ။ ဖြစ်နိုင်လျှင် ခန္ဓာကိုယ်ကို ပတ်၍ အဆက်မပြတ် ရိုက်ကူးနေရင်းမှ တဖြည်းဖြည်းချင်း အနီးသို့ တိုးလာကာ နောက်ဆုံး၌ သက်သေအထောက်အထားနှင့် ဒဏ်ရာများကို အနီးကပ်အကြီးချဲ့ဆွဲယူရိုက်ပြရန် ဖြစ်သည်။
- အချိန်နှင့် နေ့ရက်ကို ဖန်သားပြင်တွင် အမြဲဖော်ပြ ရိုက်ကူးခြင်းက အကြံဉာဏ်ကောင်းတစ်ရပ် ဖြစ်သည်။ သို့သော်လည်း

စိတ်တွင် စွဲမှတ်ထားရမည်မှာ မသမာမှုများရှိနိုင်သည် ဖြစ်ရာ အချိန်နှင့် နေ့ရက်ကို တိကျစွာ သတ်မှတ်ထားခြင်းဖြင့် သေချာမှုရှိစေရန် ဖြစ်သည်။

## ရာဇဝတ်မှုဖြစ်ပွားပုံ၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားနှင့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို အကြမ်းဖျင်း ပုံဖော်ခြင်း

ပုံကြမ်းတစ်စောင်သည် အသုံးဝင်သော အခြားနည်းလမ်းတစ်ရပ်ဖြစ်နိုင်သည် သို့မဟုတ် ဓာတ်ပုံတစ်ပုံကို အထောက်အပံ့ပြုနိုင်သည်။ ထိုပုံကြမ်းသည် အခင်းဖြစ်ရာနေရာနှင့် ထိုနေရာအတွင်းရှိ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားတို့၏ အရွယ်အစား၊ အကွာအဝေးတို့နှင့် စပ်လျဉ်းသည့် ပုံသေမှတ်တမ်း တစ်စောင်တည်း ဖြစ်သောကြောင့် ဖြစ်သည်။ ပုံကြမ်းကို ပင်မ သက်သေပုံစံအဖြစ် အဆုံးစွန်အထိ အသုံးပြု၍ မရနိုင်သော်လည်း သင်၏ မှတ်ဉာဏ်ကို ပြန်အစဖော်ရာ၌ အထောက်အကူရသည်။

ကင်မရာနှင့် ဓာတ်ပုံရိုက်သူတို့၏ အနေအထားအပါအဝင်စသည့် သင်ရိုက်ယူခဲ့သည့် ဓာတ်ပုံများတွင် တင်ပြထားသည့် အချက်အလက်ကို ရှင်းလင်းရန်အတွက် ပုံကြမ်းတစ်ခု ထုတ်ရန် သင်ရွေးချယ်နိုင်သည်။

၁၁။ ဓာတ်ပုံများရိုက်ယူပြီးနောက် မည်သည့်အရာကိုမျှ မရွှေ့မီ သင်၏ ပုံကြမ်းကို ပုံဖော်ပါ။

၁၂။ အခင်းဖြစ်ပွားရာနေရာတစ်ခုလုံး၊ အရာဝတ္ထုများနှင့် ပါဝင်သည့်အချက်အလက် (ဥပမာ - ပါဝင်ပတ်သက်သူ ပုဂ္ဂိုလ်များ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်)ကို ပုံကြမ်းခြစ်ပါ။

၁၃။ "အကြမ်းဖျင်း ရေးခြစ်မှု"တစ်ခု (ဥပမာ - အခင်းဖြစ်ပွားရာနေရာ၏ အခင်းအကျင်း ဖွဲ့စည်းပုံ ပုံကြမ်း၊ အရာဝတ္ထုများနှင့်အစ ဆက်အဒုံများနှင့် သက်ဆိုင်ရာ အရာများအကြား အကွာအဝေးတို့၏ အတိုင်းအတာများကို မှတ်တမ်းတင်ခြင်း၊ သို့မဟုတ် "အပြီးသတ်၊ နောက်ဆုံးပိတ်ရေးခြစ်မှု" တစ်ရပ် (ဥပမာ - များသောအားဖြင့် နောက်ပိုင်းကာလ တရားစီရင်စစ်ဆေးရာ၌ ထုတ်ပြသည့် နောက်ဆုံးအပြီးသတ်ပြုလုပ်ထားသော အကြမ်းဖျင်းရေးခြစ်မှုတစ်ခု၊

၁၄။ ရာဇဝတ်မှုဖြစ်ပွားရာနေရာတစ်ခုကို ပုံကြမ်းရေးဆွဲနေခြင်းဖြစ်လျှင် 'အပေါ်စီးမှ ကြည့်သည့်'အမြင်ဖြင့် ပုံကြမ်းခြစ်နိုင်သည် (ထိုပုံစံသည် အများဆုံး အသုံးပြုနေကြပုံကြမ်းဖြစ်သည်၊ သို့ရာတွင် အရာဝတ္ထုများ၏ အမြင့်ကို မဖော်ပြနိုင်ပါ) သို့မဟုတ် အခြားရှုထောင့်များမှလည်း ဖော်ပြနိုင်သည်။ (ဥပမာ - ဘေးဘက်အမြင်)

၁၅။ အောက်ပါတို့ပါဝင်ကြောင်း သေချာပါစေ။

- ပုံကြမ်းက ဘာကို ကိုယ်စားပြုသလဲဆိုသည်ကို ရှင်းပြသည့် ခေါင်းစဉ်တစ်ခု
- ပုံကြမ်းတွင် အသုံးပြုသည့် မည်သည့်သင်္ကေတကိုမဆို ရှင်းပြသည့် ရှင်းလင်းချက်တစ်ခု
- ပုံကြမ်းရေးခြစ်သည့် နေ့ရက်၊ အချိန်နှင့်နေရာ (နှင့် အခြားအရေးပါသည့် သတ်မှတ်အချက်အလက်များ)
- ပုံကြမ်းရေးခြစ်သူ၏ အမည်
- အရပ်မျက်နှာဖော်ပြချက် (ဥပမာ- မြောက်အရပ်ပြသင်္ကေတ)
- ပုံကြမ်း၏ စကေး (ဥပမာ ၁း၁)နှင့်
- အတိုင်းအတာဇယား (ပုံကြမ်းနှင့် ဆက်စပ်နေသည့် အကွာအဝေးများနှင့် အတိုင်းအတာများကို ရှင်းပြပါ။)
- သို့သော်လည်း တိုင်းတာမှုအားလုံးကို အနီးစပ်ဆုံးပြုလုပ်ထားကြောင်း မှတ်ချက်ကို ဖော်ပြသင့်သည်။

၁၆။ သင့်မှာ လုပ်နိုင်စွမ်းရှိလျှင် ရာဇဝတ်မှုဖြစ်ပွားရာနေရာကို မြေပုံဆွဲပုံဖော်ရန်စဉ်းစားပါ။ ထိုသို့ ပြုလုပ်ခြင်းက အသုံးဝင်နိုင်သည်။

- အခြေခံမြေပုံဆွဲ ပုံဖော်ခြင်း (အခြေခံစည်းမျဉ်းကို အသုံးပြုခြင်း၊ ဥပမာ - ထိုအခင်းဖြစ်ရာနေရာကို တိကျစွာ တိုင်းတာနိုင်ရန် စည်းရိုးတစ်ခု)
- ထောင့်မှန်စတုဂံ ကိုသြဒိနိတ်မြေပုံဆွဲခြင်း (အခြေခံမျဉ်းနှစ်လိုင်းကို အသုံးပြုခြင်း)
- တြိဂံပုံပြုခြင်း (ပုံသေအမှတ်(၂)ခုကို အသုံးပြုခြင်း)နှင့်/ သို့မဟုတ်
- Polar/ Grid ကိုသြဒိနိတ်မြေပုံဆွဲခြင်း (ပုံသေအမှတ် သို့မဟုတ် ကိုသြဒိနိတ် သိထားသော အမှတ်တစ်ခုကို အသုံးပြု၍ အကွာအဝေးနှင့် ထောင့်ချိုးကို သက်သေပြရန်)ဖြင့် အခင်းဖြစ်ရာ နေရာကို မှတ်တမ်းတင်ရန်

GPS နှင့် Total Stationတို့ အသုံးပြုရန်လည်း စဉ်းစားပါ။ ဤအရာများသည် Polar ကိုသြဒိနိတ်မှတ်များဖြင့် တိုင်းတာသည့် မြေပုံပြုစုသော စနစ်များဖြစ်ကြပြီး ထိုမှတဆင့်Grid ကိုသြဒိနိတ်မှတ်များသို့ ပြောင်းလဲနိုင်သည်။ ကျွမ်းကျင်ပညာရှင်များက အကောင်းဆုံး ပြုလုပ်နိုင်ပါမည်။ GPS သုံးလျှင် မှန်ကန်မှု ဒီဂရီကို စစ်ဆေးပါ။ (ထိုမှန်ကန်မှုကို ဖတ်၍ရပြီး အနည်းငယ်မျှသော

တိုင်းတာမှုများက မှန်ကန်မှုဒီဂရီသည် တစ်မီတာအောက်ရှိကြောင်း ပြပါလိမ့်မည်။) မရွေ့လျားနိုင်သော ပုံသေဝတ္ထုပစ္စည်းတစ်ခု၏ GPS ကိုဩဒိနိတ်ကို ရယူသည့်အကောင်းဆုံးနည်းဖြစ်ပြီး ထိုအရာဝတ္ထုမှတဆင့် တခြားအရာများကို တိုင်းတာကြည့်ရသည်။

## ဓာတ်ပုံများ၊ ပုံကြမ်းများနှင့် မြေပုံပြုစုခြင်း နမူနာများ

အပြင်ဘက်ရာဇဝတ်မှုဖြစ်ပွားရာနေရာ




ညံ့သော ဓာတ်ပုံရိုက်ကူးမှုနှင့် ကောင်းသော ဓာတ်ပုံရိုက်ကူးမှု




နောက်ဆက်တွဲ ၈

စကေးများနှင့် အမှတ်အသားများ အသုံးပြုမှု



စကေးများနှင့် အမှတ်အသားများ အသုံးပြုမှု



နောက်ဆက်တွဲ
၉

# နောက်ဆက်တွဲ-၉

## အသက်ရှင်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများကို ကာကွယ်စောင့်ရှောက်မှုပေးသည့် လက်နက် များဖြစ်သည့် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ စည်းမျဉ်းများ

အသက်ရှင်လွတ်မြောက်လာသူများ/မျက်မြင်သက်သေများ ထွက်ဆိုချက်ပေးစဉ် အကာအကွယ်ပေးရန် ရည်ရွယ်၍ တရားရုံး၌ လက်တွေ့အသုံးပြုနိုင်သည့် လုပ်ထုံးလုပ်နည်းများရှိကြသည်။ တရားစီရင်ပိုင်ခွင့်နယ်ပယ် တစ်ခုစီသည် ကွဲပြားမှုရှိကြပြီး တရားရုံးအလိုက် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ စည်းမျဉ်းများကွဲပြားကြသည်။ တရားခွင်၌ အကာအကွယ်ပေးရန်ဖြစ်နိုင်သော လုပ်ထုံးလုပ်နည်း နမူနာအချို့ကို ဤအပိုင်းတွင် အကျဉ်းချုပ်ဖော်ပြထားသည်။ အကယ်၍ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ တည်ဆဲစည်းမျဉ်းများကခွင့်ပြုလျှင် ထိုစည်းမျဉ်းများကို တရားရင်ဆိုင်ရာ၌ ကျင့်သုံးပေးရန် လက်တွေ့ဆောင် ရွက်သူများက ကြိုးပမ်းနိုင်သည်။ တရားရုံး၌ ထွက်ဆိုချက်ပေးနေသည့် အသက်ရှင်လွတ်မြောက်လာသူများ/ မျက်မြင်သက်သေများအပေါ် အစိုးရရှေ့နေများနှင့် တရားသူကြီးများက အပြုသဘောအဖြေများရရှိနိုင်ရေး ကျင့်သုံးဆောင်ရွက်ပေးရာတွင် ဤအကြံပြုချက်များက စိတ်ခွန်အားဖြစ်ပေးနိုင်ရန်လည်း မျှော်လင့်ထားသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကျင့်ထုံးတွင် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာအရ အောက်ပါစည်းမျဉ်းများပါဝင်သည်။[၆၇]

### ၁။ လိင်အကြမ်းဖက်ရာဇဝတ်မှုအတွက် အတည်ပြုချက်

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုလုပ်ထုံးလုပ်နည်းစည်းမျဉ်းအရ လိင်အကြမ်းဖက်မှုများတွင် အတည်ပြုချက် မလိုအပ်ပါ။ ဤအချက်ကဘာကိုဆိုလိုသလဲဆိုလျှင် - လိင်အကြမ်းဖက်ရာဇဝတ်မှုတစ်ခုကို စတင်အမှုဖွင့် ဆောင်ရွက်ရန် မျက်မြင်သက်သေများ/စာရွက်စာတမ်းအထောက်အထား၊ ဆေးပညာရှင်၏ အစီရင်ခံစာများ၊ ဓာတ်ပုံမှတ်တမ်းများ သို့မဟုတ် အခြားအထောက်အကူပြု အထောက်အထားတစ်ရပ်ရပ်တို့ မရှိသောအခါ အသက်ရှင်လွတ်မြောက်လာသူကိုယ်တိုင်၏ ထွက်ဆိုချက်နှင့်သာလုံလောက်သည်။[၆၈]

သို့ရာတွင် အသက်ရှင်လွတ်မြောက်လာသူ၏ မှန်ကန်မှုက သူမ၏ထွက်ဆိုချက်အပေါ် သံသယရှိ၍ ထပ်ဆင့် တိုက်ဆိုင်စစ်ဆေးမှုအပေါ် စိန်ခေါ်နိုင်သည်ဟူသည့် အဓိပ္ပါယ်ကို မကြာခဏဆိုလိုသည်။ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအလိုက် ပြစ်မှုဆိုင်ရာဥပဒေအရ အသက်ရှင်လွတ်မြောက်လာသူ၏ ထွက်ဆိုချက်အပေါ် ပင်ကိုအားဖြင့် အများလက်ခံယုံကြည်နိုင်ကြောင်း ဖော်ပြရန်နှင့် ဤအမှုမည်သည့် အကြောင်းကြောင့်ဖြစ်ကြောင်း ဖော်ပြရန် အတည်ပြုချက်မလိုအပ်ပါ။

### ၂။ တရားရုံး၏ခွင့်ပြုချက်မရဘဲ မျက်မြင်သက်သေအား သဘောတူညီမှုဆိုင်ရာ မေးခွန်းများမမေးနိုင်ပါ။

ပြည်တွင်းရေးရာကိစ္စရပ်များ၌ လိင်အကြမ်းဖက်ရာဇဝတ်မှုများမှ အသက်ရှင်လွတ်မြောက်လာသူများသည် မကြာခဏပင် လိင်ပိုင်းဆိုင်ရာပြုကျင့်မှုကို သဘောမတူခဲ့ကြောင်း တရားရုံးသို့ သက်သေပြကြရသည်။ သဘော မတူသည့်ကိစ္စသည် အပြည်ပြည်ဆိုင်ရာဥပဒေ၌ လိင်အကြမ်းဖက်ရာဇဝတ်မှု၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်ပါ။

အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုကျင့်ထုံး၌ အသက်ရှင်လွတ်မြောက်လာသူအား သဘောတူညီမှုနှင့်ဆိုင်သည့် မေးခွန်းများမှ အကာအကွယ်ပေးသည့် ဥပဒေစနစ်ကို ပြဌာန်းထားသည်။ ထိုသို့ပြဌာန်းထားသည့် အကြောင်းရင်းမှာ လက်နက်ကိုင်ပဋိပက္ခနှင့် လူအစုအဝေးအလိုက် ရက်စက်ကောက်ကျစ်မှု သို့မဟုတ် မျိုးသုဉ်းသတ်ဖြတ်မှု အတွင်း၌ လိင်အကြမ်းဖက်မှုကျူး လွန်ခဲ့ခြင်းသည် သဘောတူညီမှုမရသည့် အခြေအနေများ၌ ကျူးလွန်ခြင်းပင် ဖြစ်သောကြောင့်၊ အပြည်ပြည်ဆိုင်ရာ

၆၇ ဤသဘောတရားများသည် နိုင်ငံတကာ မှုခင်းတရားရုံး ICC ၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများ၊ သီးခြားဖွဲ့စည်းထားသော ကော်မတီနှင့် သမာဓိခုံအဖွဲ့များ၌ အယူအဆအမျိုးမျိုးဖြင့် သက်ရောက်နေပါသည်။ ဤ Protocol သည် သီးသန့်တရားစီရင်ပိုင်ခွင့်ကို သီးခြားကိုးကားခြင်းမရှိဘဲ သဘောတရားများကို ယေဘုယျအားဖြင့် အဖြေရှာပေးသည်။ အသုံးပြုမည့် သူများသည် ယခုအခန်းကို ထောက်ခံရန်အတွက် အရင်းအမြစ်အဖြစ်အသုံးပြုနိုင်ပြီး မှုခင်းစစ်ဆေးမှုတွင် တာဝန်ယူနိုင်မှုနှင့် တရားစီရင်ရေးဖြစ်စဉ်တွင် ကျန်ရစ်လွတ်မြောက်လာသူ/ မျက်မြင် သက်သေ၏ ထွက်ဆိုချက်ပေးရာတွင်ပါဝင်မှုကို တိုးတက်စေရန်အတွက် အခြားစည်းမျဉ်းများကိုလည်းအသုံးပြုနိုင်ပါသည်။

၆၈ ရောမလွှတ်တော်မှ အတည်ပြုသည့် ဥပဒေအောက်တွင် တရားစွဲခံထားရသော မည်သည့်မှုခင်းအတွက်မဆို အတည်ပြုမှုအလိုအပ်ခြင်းကို "ICC ၏စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်သက်သေအထောက်အထား" က အတိအလင်းဖော်ပြထားပါသည်။လက်တွေ့တွင် အတည်ပြုခြင်းသည် အမှုကိစ္စတစ်ခုကိုခိုင်မာစေသည်။ သို့သော် အတည်မပြုခြင်းသည်လည်း ပြစ်မှုထင်ရှားမှုအတွက် အထောက်အထားမလုံလောက်ခြင်းဟုမဆိုသာပါ။

အကြမ်းဖက်မှုများပုံစံ ကျူးလွန်သည့် ရာဇဝတ်မှုများမှ အသက်ရှင်လွတ် မြောက်လာသူတစ်ဦးအား သဘောတူညီမှုနှင့် စပ်လျဉ်းသည့် မေးခွန်းမေးခြင်းသည် ကိုးရိုးကားရားနိုင်ကြောင်း နားလည်သိရှိထားရမည်။ သဘောတူညီမှုဆိုင်ရာ အယူအဆက အသက်ရှင်လွတ်မြောက်လာသူအတွက် သက်သေအထောက်အထားဖြစ်စေမည့် အကျိုးရလဒ်တစ်ရပ်ရပ်ရရှိခြင်းမှ ပိုဝေးသွားစေနိုင်ပြီး အန္တရာယ် ရှိသည်ကို သိထားရမည်။ လူအုပ်စုလိုက်အကြမ်းဖက်မှု၊ ဖိအားပေးနှိပ်စက်မှု၊ ဖမ်းဆီးထိန်းသိမ်းမှု၊ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုနှင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုမြောက်သည်ဟုမြင်သည့် အခြေအနေအားလုံး၌ အစစ်အမှန် သဘောတူညီမှုမှာ လုံးဝမဖြစ်နိုင်ပါ။

လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ စည်းမျဉ်းများအရ ခုခံချေပသည့် အဖွဲ့သည် အသက်ရှင်လွတ်မြောက်လာသူများ တရားစီရင်ရာအခန်းထဲသို့မရောက်မီ ယင်းအားသဘောတူညီမှုနှင့် ဆိုင်သည့် မေးခွန်းမေးရန် စီစဉ်ထားကြောင်း တရားသူကြီးအား အသိပေး ရန် သတ်မှတ်ထားသည်။ ဤအမှု၌ တရားသူကြီးသည် အသက်ရှင်လွတ်မြောက်လာသူများ တရားစီရင်ရာအခန်းထဲသို့ မဝင်ရောက်မီပင် သဘောတူညီမှု နှင့်ဆိုင်သည့် အထောက်အထားတင်ပြမှုများကို ပြန်လည်သုံးသပ်၍ ခုခံချေပသူဘက်မှ စစ်ဆေးသည့်မေးခွန်း မေးခွင့်ပြုသင့်၊ မသင့် ဆုံးဖြတ်ရပေမည်။

တစ်ဖက်တွင် ဆွဲချက်တင်သည့်အဖွဲ့ကလည်း ထိုသို့မေးခြင်းကိုကန့်ကွက်နိုင်သည်ဖြစ်ရာ တရားရုံးမှဆုံးဖြတ်ချက် ချရပေမည်။ လိင်ပိုင်းဆိုင်ရာပြုကျင့်မှုဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ သဘောတူညီမှုအရ ပြုကျင့်ခဲ့သည် ဆိုသည်မှာ မဖြစ်နိုင်ကြောင်း သက်သေထူရန်အလို့ငှာ- စွဲချက်တင်သူအစိုးရရှေ့နေသည် သဘောတူခွင့်ပြုခဲ့ ခြင်း မဖြစ်နိုင်ကြောင်းဖော်ပြသည့် အထောက်အထားအလုံအလောက်ကို သူ/သူမမှ တင်ပြစေရမည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကျင့်ထုံးအရ၊ တရားရုံးသည် သဘောတူညီမှုအရ ပြုကျင့်သည်ဟု စွပ်စွဲထား သည့် မေးခွန်းများကို မေးခွင့်ပြုလျှင်၊ ကင်မရာရှေ့၌ ကြားနာစစ်ဆေးခြင်းကို ပြုလုပ်ရမည်။ ဆိုလိုသည်မှာ- အများပြည်သူရှုရာအခန်းမှ အများပြည်သူကို ဖယ်ခွာစေလျက် ကြားနာစစ်ဆေးပုံအား ထုတ်လွှင့်ခြင်းကို ယာယီရပ် ဆိုင်းထားရမည်။ အလေ့အကျင့်ကောင်းအဖြစ် စွပ်စွဲထားသည့် သဘောတူညီမှုဆိုင်ရာ မေးခွန်းများ မေးခွင့်ပြု သင့်/မသင့်နှင့် စပ်လျဉ်းသည့် နှစ်ဖက်အဖွဲ့၏ ငြင်းဆန်မှုများကို ကြားနာရန် တံခါးပိတ်ကြားနာခြင်းပြုလုပ်သင့် သည်။

### ၃။ တရားစီရင်ရာအခန်း၌ အထောက်အကူပြုပုဂ္ဂိုလ်များရှိနေခြင်း

အချို့ပြဌာန်းချက်များတွင် တရားစီရင်ရာအခန်းအတွင်း မျက်မြင်သက်သေမှ ကောင်းစွာတွေ့နိုင်သည့် အကွာ အဝေးအတွင်း၌ သူ/သူမကို အထောက်အကူပြုပေးရန်အလို့ငှာ- အထောက်အကူပြုသူမှ ရှိနေခွင့်ရရန် တရား သူကြီးထံမှ ခွင့်ပြုချက်ရရှိနိုင်သည်။ ဤသို့ဖြင့် မျက်မြင်သက်သေအား သက်တောင်သက်သာမရှိစေသော အခြေအနေ၌ပင် မျက်မြင်သက်သေ သက်သာရာရကြောင်း ဝန်ဆောင်မှုတစ်ခုခုပေးနိုင်ပေမည်။

### ၄။ လိင်အကြမ်းဖက်မှုမတိုင်မီနှင့် နောက်ပိုင်းကာလတွင် အသက်ရှင်လွတ်မြောက်လာသူ၏ လိင်ပိုင်းဆိုင်ရာ ပြုမူ ဆက်ဆံမှုအပေါ် မေးခွန်းထုတ်ခြင်းကို တားမြစ်ခြင်း

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံသမာဓိအဖွဲ့အများစုသည် လိင်အကြမ်းဖက်မှုမတိုင်မီနှင့် နောက်ပိုင်းကာလ၌ အသက်ရှင် လွတ်မြောက်လာသူ၏ လိင်ပိုင်းဆိုင်ရာ ပြုမူဆက်ဆံပုံအပေါ် မေးခွန်းထုတ်ခြင်းကို တားမြစ်ထားသည်။ ICC စည်းမျဉ်းများကလည်း အကြမ်းဖက်မှုနောက်ပိုင်းကာလ၏ လိင်ပိုင်းဆိုင်ရာပြုမူဆက်ဆံပုံကို ၆ မေးခွန်းထုတ်ခြင်းအား တားမြစ်ထားသည်။ ဤမေးခွန်းများသည် တမင်သက်သက် အရှက်ခွဲသည့် သဘောဖြစ်နိုင်ပြီး၊ စစ်ရာဇဝတ်မှုများ လူသားချင်း စာနာထောက်ထားမှုကင်းသည့် ရာဇဝတ်မှုများနှင့် မျိုးသုဉ်းသတ်ဖြတ်မှုနောက်ခံအကြောင်းများတွင် ဤမေးခွန်းများသည် မဆက်စပ်၊ မလိုက်ဖက် ဟု ထင်မြင်ကြပေသည်။ ဥပမာ- "ရှင်ကအပျိုလား/ အပျိုဖြစ်ခဲ့ပါသလား" ဆိုသည့်မေးခွန်းများသည် အသက်ရှင်လွတ်မြောက်လာသူများကို စိတ်ထိခိုက်နိုင်သဖြင့် ခွင့်မပြုသင့်ပါ။ ထို့အပြင် အဆိုပါမေးခွန်းများသည် စွပ်စွဲထားသည့် ရာဇဝတ်မှုများကို သက်သေပြရန် သို့မဟုတ် သက်သေမပြရန်အတွက် ဆက်စပ်မှုမရှိသော ကြောင့်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်မှုများသည် အဆိုပါမေးခွန်းများကို တားမြစ်သည့် လုပ်ထုံးလုပ်နည်းများဖြင့် အထောက်အကူပြုရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာအလေ့အကျင့်ကို အခြေခံအဖြစ်ကြည့်နိုင်သည်။

နောက်ဆက်တွဲ
၆

## ၅။ အခြားအကာအကွယ်ရသည့် အစီအမံများ

မျက်မြင်သက်သေအဖြစ် ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် ရာဇဝတ်မှုသားကောင်များ၊ အထူးသဖြင့် ယင်းတို့၏ မိသားစုများနှင့် ရင်းနှီးသည့်မိတ်ဆွေများအပေါ် လက်စားချေခံရမည့် အန္တရာယ် သို့မဟုတ် စိတ်ဒဏ်ရာပြန်လည် ခံစားရမည့် အန္တရာယ် မည်သည့်အခါမျှမပေါ်ပေါက်စေသင့်ပါ။ တရားရေးစနစ်တိုင်းတွင် အသက်ရှင်လွတ်မြောက်လာသူများ / မျက်မြင်သက်သေများ လက်လှမ်းမီသည့် အကာအကွယ်ပေးရေး အစီအမံများရှိသင့်သည်။ ထိုအစီ အမံမျ ားတွင် အောက်ပါတို့ပါဝင်နိုင်သည်-

*ရုပ်ပိုင်းဆိုင်ရာ/တရားရုံးပြင်ပ၌ မျက်မြင်သက်သေအား အကာအကွယ်ပေးခြင်း*

- မျက်မြင်သက်သေအား ရွှေ့ပြောင်းနေရာချထားသည့်အစီအစဉ်များ
- ထွက်ဆိုချက်ပေးစဉ်၌၊ မျက်မြင်သက်သေ အကြိုအပို့နှင့်/ သို့မဟုတ် နေထိုင်မှု ဘေးကင်းလုံခြုံခြင်း

*လုပ်ထုံးလုပ်နည်းအရ/တရားရုံးတွင် မျက်မြင်သက်သေအား အကာအကွယ်ပေးခြင်း*

- အများပြည်သူမကြားနိုင်ရန် တံခါးပိတ်ကြားနာစစ်ဆေးခြင်း
- အဝေးမှ ထွက်ဆိုချက်ပေးခြင်း/ဥပမာ-ဗွီဒီယို အချိတ်အဆက်ဖြင့်
- အမည်ဂှက်ဖြင့် ထွက်ဆိုချက်ပေးခြင်း
- အသံနှင့် ရုပ်ကိုဖျက်၍ ထွက်ဆိုချက်ပေးခြင်း
- မျက်မြင်သက်သေ ဝင်ပေါက်များနှင့် နားနေစောင့်ဆိုင်းနိုင်သည့်ဧရိယာများကို သီးခြားထားရှိခြင်း
- (တယ်လီဖေးရှင်းမှ ထုတ်လွှင့်မှု) ကို နှောင့်နှေးစေခြင်း

*မျက်မြင်သက်သေအား အထောက်အကူပေးခြင်း*

- မျက်မြင်သက်သေများ၏ ရပိုင်ခွင့်များနှင့် တာဝန်များနှင့် စပ်လျဉ်းသည့် ဥပဒေအကြံဉာဏ်
- မည်သည့်ဘက်နှင့်မျှမဆိုင်သည့် အဖွဲ့အစည်းတစ်ခုမှ ထွက်ဆိုချက်ပေးသည့် လုပ်ငန်းစဉ်ကို ရှင်းပြခြင်း
- နှစ်သိမ့်ဆွေးနွေးပေးခြင်း
- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအတွက် စီမံခန့်ခွဲရေးအပိုင်းမှ အထောက်အကူပြုခြင်း၊ ဥပမာ- ဘာသာပြန်ဆိုပေးခြင်း၊ ခရီးသွားလာခြင်းနှင့် ကုန်ကျစရိတ်တောင်းခံခြင်း
- အပိုဆောင်းအကူအညီအနေဖြင့် ကြားနာစစ်ဆေးသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံး၌ မျက်မြင်သက်သေအား အဖော်ပြုရန် 'အဖော်' တစ်ဦးထည့်ပေးခြင်း

# နောက်ဆက်တွဲ- ၁၀

## လိင်ပိုင်းဆိုင်ရာထိရောက်ကျူးလွန်မှုအတွက်ဆေးစစ်မှတ်တမ်းနမူနာ

ဤမှုခင်းဆိုင်ရာ ဆေးစစ်မှတ်ချက်သည် သင်ကြားထားသည့် ဆရာဝန်များနှင့် သူနာပြုများမှ မှုခင်းဆိုင်ရာ ဆေးစစ်ချက်များနှင့် ၎င်းတို့ရှိသော ကျန်းမာရေးဆေးခန်းများတွင် ရှိနိုင်သော နေရာတွင် ရုပ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ စောင့်ရှောက်လေ့လာမှုများကို မှတ်တမ်းပြုစုရာတွင် အသုံးပြုနိုင်သော ဆေးစစ်ချက်မှတ်တမ်းနမူနာဖြစ်ပါသည်။

ယနေ့ရက်စွဲ / / အချိန် ____:_____ | ဆေးစစ်ရာနေရာ

**က။ လူနာ၏ကိုယ်ရေးအချက်အလက်များ**

၁။ နောက်နာမည် | ၂။ အလယ်နာမည် | ၃။ အရှေ့နာမည်

၄။ နေရပ်လိပ်စာ | ၅။ လိင် ကျား မ

၆။ အသက် ☐မသိပါ။ | ၇။ မွေးရက် ☐ မသိပါ။ | ၈။ မွေးဖွားရာနေရာ ☐မသိပါ။

၉။ အိမ်ထောင်ရေးအခြေအနေ ☐ အိမ်ထောင်မရှိပါ။ ☐အိမ်ထောင်ပြုထားသည်။ ☐ယောကျ်ားသေဆုံး

မှတ်ချက်၊ အကယ်၍လူနာသည်ယောကျ်ားလေးဆိုလျှင်၊ မေးခွန်းနံပါတ် ၁၄ သို့ကျော်သွားပါ။

၁၀။ နောက်ဆုံးမွေ့ဘာလာသွားသည့်ရက်စွဲ
/ / ☐ အပျိုဖော်မဝင်သေးပါ။ ☐ သွေးဆုံးချိန်။ ☐ မသိပါ။

၁၁။ ကိုယ်ဝန်ရှိခဲ့ဖူးသည့်အကြိမ်အရေအတွက် | ၁၂။ အောင်မြင်စွာမွေးဖွားခဲ့သည့်အရေအတွက် | ၁၃။ယခုလက်ရှိတွင်ကိုယ်ဝန်ရှိနေသည် ရှိသည် မရှိပါ မသိပါ

၁၄။ ကျူးလွန်မစံရသေးခင် ၇ရက်အတွင်းတွင် လိင်ဆက်ဆံမှုရှိခဲ့သည်။
☐ ရှိသည်။ ☐ မရှိပါ။

၁၅။ လူနာသည် စအိုဝနှင့်မိန်းမကိုယ်အင်္ဂါတွင် ဒဏ်ရာများထိခိုက်ထားသည့်အနာများ၊ ကျူးလွန်မခံရခင် ရက် ၆၀အတွင်းတွင် ယခုလက်ရှိဆေးစစ်ခြင်း၏ အခြေအနေပါ သက်ရောက်နိုင်သည့် ရောဂါစမ်းသပ်သည့် လုပ်ငန်းစဉ်များနှင့် ဆေးကုသမှုများရှိခဲ့သည်။
☐ ရှိသည်။ ☐ မရှိပါ။ ရှိလျှင်ရှင်းပြပေးပါ။ ____________________

၁၆။ ကျူးလွန်ခံရသည့်နေ့ရက်နှင့်အချိန်
/ / _____:_____ မသိပါ။ | ၁၇။ ကျူးလွန်ခံရသည့်နေရာ ☐မသိပါ။

၁၈။ အင်အားသုံးခြင်း/ခြိမ်းခြောက်ခြင်း သို့ လက်နက်များအသုံးပြုခြင်း (သက်ရောက်သည်များအားလုံးကိုရွေးချယ်ပါ။)
☐ ခန္ဓာကိုယ်အင်အားသုံးခြင်း ☐လက်နက်အသုံးပြုခြင်း ☐လူနာအားခြိမ်းခြောက်ခြင်း ☐ အခြားသူများဖြင့်ခြိမ်းခြောက်ခြင်း ☐ မသိပါ။

၁၉။ အသုံးပြုသည့် အင်အား/လက်နက် အမျိုးအစား (အသုံးပြုသည်ဟုထင်သည့်အရာများအားလုံးကိုရွေးချယ်ပါ။)
☐ ဒုတ်ချောင်း/ဒုတ်တို ☐ ဓါးများ ☐ မျက်လုံးအားအဝတ်ဖြင့်စည်းထားသည် ☐ လက်ဖြင့် ☐ မသိပါ ☐အခြား(ဝတ်လစ်စလစ်ဖြစ်စေရန်အတင်းတွန်းအား
☐ သေနတ်များ ☐ချုပ်နှောင်ထားသည်။ ☐ပါးစပ်ထဲသို့တစ်ခုခုဖြင့်ထိုးထားသည်။ ☐ ခြေထောက်ဖြင့်
ပေးခြင်း၊ လက်ပြန်ကြိုးတုတ်ကာ မှောက်ရပ်
အနေအထားဖြင့် လေထဲတွင်တွဲလောင်း
ချိတ်ဆွဲထားခြင်း၊ လျှပ်စစ်ဓါတ်ဖြင့် နှိပ်စက်
ညှင်းပန်းခြင်း၊ အခြားသူများအားနှိပ်စက်ရှိန်
ပါဝင်ခြင်း သို့ မျက်မြင်ကိုယ်တွေ့တွေ့ရှိခြင်း
အစရှိသည်ကဲ့သို့)
____________________
____________________

၂၀။ လူနာတွင် မိမိဆန္ဒအလျောက်မပါပဲ ပေးအပ်ခံထားရသော ဓာတုပစ္စည်းပါဝင်သောအဆိပ်အတောက်များ၊ (ပေးအပ်ခံရသည်များ၊ အားလုံးကိုရွေးချယ်ပါ။)
☐ အသအကျွမ်း ☐ မသားစုဝင် | ☐ အသအကျွမ်း ☐ မသားစုဝင်
☐ သူစိမ်း ☐ နီးစပ်မှုရှိသည့်အဖော်/အဖော်ဟောင်း | ☐ သူစိမ်း ☐ နီးစပ်မှုရှိသည့်အဖော်/အဖော်ဟောင်း
☐ မသိပါ ☐ အခြား ________ | ☐ မသိပါ ☐ အခြား ________

၃။ သံသယရှိသူ၏လိင် ☐ မိန်းမ ☐ ယောကျ်ား ☐ မသိပါ။ | ၃။ သံသယရှိသူ၏လိင် ☐ မိန်းမ ☐ ယောကျ်ား ☐ မသိပါ။

၄။ သံသယရှိသူ၏ခန့်မှန်းအသက်အရွယ် ☐ မသိပါ။ | ၄။ သံသယရှိသူ၏ခန့်မှန်းအသက်အရွယ် ☐ မသိပါ။

၅။ သံသယရှိသူသည် ☐ အရပ်သား ☐ ရဲ ☐ စစ်တပ် ☐ စစ်ဝန်ထမ်း ☐ မသိပါ။ | ၅။ သံသယရှိသူသည် ☐ အရပ်သား ☐ ရဲ ☐ စစ်တပ် ☐ စစ်ဝန်ထမ်း ☐ မသိပါ။

၆။ သံသယရှိသူမှပြောဆိုသောဘာသာစကားများ ☐ မသိပါ။ | ၆။ သံသယရှိသူမှပြောဆိုသောဘာသာစကားများ ☐ မသိပါ။

**သံသယရှိသူ သုံးယောက်ထပ်ပိုလျှင် မေးခွန်း ၁၂ ကိုဖြေပါ။**

၁၂။ သံသယရှိသူအားအသေးစိပ်ဖော်ပြပါ။ (လူနာနှင့်ပတ်သက်ဆက်နွယ်မှုများအပါအဝင်၊ လိင်၊ ခန့်မှန်းအသက်၊ သံသယရှိသူသည် ရဲ/စစ်တပ်/သူပုန်များဖြစ်သလား၊ ပြောသောဘာသာစကားများ) ____________________
____________________
____________________

ဆရာဝန်အမည် ____________ N°C.N.O.M. ____________
ဆရာဝန်လက်မှတ် ____________ စာမျက်နှာ ၁ - ၄ ရက်စွဲ ____________

နောက်ဆက်တွဲ
၁၀

**လိင်ပိုင်းဆိုင်ရာထိရောက်ကျူးလွန်မှုအတွက်ဆေးစစ်ချက်မှတ်တမ်း(အဆက်)**

**ဂ။ လူနာမှတင်ပြသည့် ဖြစ်စဉ်အကျဉ်းချုပ်**

| ၁။ မိန်းမကိုယ်အင်္ဂါအားအောက်ပါတို့မှတစ်ခုခုဖြင့်ထိုးသွင်းခြင်း | ဟုတ်သည် | မဟုတ်ပါ။ | ကြိုးစားသည်။ | မသိပါ။ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁။ ပေါ့စေ့ | ☐ | ☐ | ☐ | ☐ | ________ |
| ၂။ လက်ချောင်းများ | ☐ | ☐ | ☐ | ☐ | ________ |
| ၃။ ပြင်ပ ပစ္စည်းတစ်ခုခုဖြင့် | ☐ | ☐ | ☐ | ☐ | ________ |

| ၂။ စအိုအားအောက်ပါတို့မှတစ်ခုခုဖြင့်ထိုးသွင်းခြင်း | ဟုတ်သည် | မဟုတ်ပါ။ | ကြိုးစားသည်။ | မသိပါ။ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁။ ပေါ့စေ့ | ☐ | ☐ | ☐ | ☐ | ________ |
| ၂။ လက်ချောင်းများ | ☐ | ☐ | ☐ | ☐ | ________ |
| ၃။ ပြင်ပ ပစ္စည်းတစ်ခုခုဖြင့် | ☐ | ☐ | ☐ | ☐ | ________ |

| ၃။ မိန်းမကိုယ်အင်္ဂါအားပါးစပ်ဖြင့်ထိခြင်း | ဟုတ်သည် | မဟုတ်ပါ။ | ကြိုးစားသည်။ | မသိပါ။ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁။ သံသယရှိသူမှလူနာသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၂။ တတိယမြောက်လူမှလူနာသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၃။ လူနာမှသံသယရှိသူသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၄။ လူနာမှတတိယမြောက်လူသို့ | ☐ | ☐ | ☐ | ☐ | ________ |

| ၄။ စအိုအားပါးစပ်ဖြင့်ထိခြင်း | ဟုတ်သည် | မဟုတ်ပါ။ | ကြိုးစားသည်။ | မသိပါ။ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁။ သံသယရှိသူမှလူနာသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၂။ တတိယမြောက်လူမှလူနာသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၃။ လူနာမှသံသယရှိသူသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၄။ လူနာမှတတိယမြောက်လူသို့ | ☐ | ☐ | ☐ | ☐ | ________ |

| ၅။ မိန်းမကိုယ်အားကိုင်တွယ်/ထိတွေ့ခြင်း | ဟုတ်သည် | မဟုတ်ပါ။ | ကြိုးစားသည်။ | မသိပါ။ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁. သံသယရှိသူမှလူနာသို့ | ☐ | ☐ | ☐ | ☐ | ________ |
| ၂. တတိယမြောက်လူမှလူနာသို့ | ☐ | ☐ | ☐ | ☐ | ________ |

၁. ကျူးလွန်ခံရပြီးနောက်တွင် လူနာသည် (ပြုလုပ်သည်များအားလုံးကိုရွေးချယ်ပါ။)

☐ အစာစားသည်။ ☐ အရည်တစ်ခုခုသောက်သည်။ ☐ သွားတိုက်သည်။ ☐ ဆီးသွားသည်။ ☐ ကိုယ်လက်ဆေးသည်။ ☐ ရေချိုးသည်။ ☐ မသိပါ။

**ဃ။ လူနာမှဖော်ပြသည့်ဖြစ်စဉ်**

ကျူးလွန်မှုအားလူနာမှပုံဖော်ပြောပြရာတွင်အဓိကသော့ချက်များ၏အကျဉ်းချုပ် (ဤစာတမ်းတွင်မဖော်ပြလိုက်ရ သော ထပ်တိုးအချက်များ သို့ ဂရုပြုမိသောအချက်များရှိပါက အကြောင်းအရာအားစာစီစာရိုက်ကာ နောက်ဆက်တွဲဖိုင်အနေဖြင့်ချိတ်တွဲပေးပါ။)

______________________________

______________________________

**စ။ လူနာ၏အထွေထွေကိုယ်ခန္ဓာကျန်းမာရေး**

| ၁။ သွေးပေါင်ချိန် | ၂။ သွေးခုန်နှုန်း | ၃။ အသက်ရှူနှုန်း | ၄။ ကိုယ်အပူချိန်(Celsius) |
|---|---|---|---|
| / | | | |

၅။ အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာအနေအထား (ဖြစ်နေသောအရာများအားလုံးကိုရွေးချယ်ပါ။)

☐ကြောက်ရွံ့ခြင်း ☐ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေခြင်း ☐ ဝမ်းနည်းနေခြင်း ☐ရှက်နေသည် ☐ စိတ်ပိုင်းဆိုင်ရာချို့ယွင်းနေသည့်အခြေအနေ

☐ ဒေါသထွက်ခြင်း ☐ လန့်နေခြင်း ☐ ငိုနေသည် ☐အသံတိတ်နေသည် ☐ စိတ်ကစဉ့်ကလျားဖြစ်နေသည့်(စိတ်လှုပ်ရှားနေသည်)

**အောက်ဝါကိုတိုကိုသတိရပါ။** ။ သက်သေများအားစုဆောင်းခြင်း( မိန်းမကိုယ်မှထွက်ရှိထားသောအရာများ အစို သို့အခြောက်၊ စွန်းပေနေသောအရာများ။ အဝတ်များနှင့် လူနာ၏ကိုယ်ခန္ဓာမှ ရရှိသော ပြင်ပပစ္စည်းများ)

ဆရာဝန်အမည် ________ NºC.N.O.M. ________

ဆရာဝန်လက်မှတ် ________ စာမျက်နှာ ၂ - ၄ ရက်စွဲ ________



## လိင်ပိုင်းဆိုင်ရာထိရောက်ကျူးလွန်မှုအတွက်ဆေးစစ်ချက်မှတ်တမ်း(အဆက်)

**စ၊ လူနာ၏အထွေထွေကိုယ်ခန္ဓာကျန်းမာရေး(အဆက်)**

**ရှာဖွေတွေ့ရှိမှုအတွက်အတိုကောက်အဓိပ္ပါယ်များ**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| A ပွန်းပဲ့ဒဏ်ရာ | BI ကိုက်ရာများ | BU အပူလောင်ဒဏ်ရာများ | DB ပျက်စီးနေမှုများ | DF ပုံပျက်ယွင်းနေမှုများ | DS ကိုယ်အင်္ဂါမှထွက်သောအရည်များ ခြောက်သွေ့နေမှု | EC ပွန်းပဲ့သွေးထွက်ဒဏ်ရာများ | ER နီမြန်းမှု/သွေးချေဥနေ | FB ပြင်ပပစ္စည်း(ဖော်ပြပါ) |
| FI အမွေးအမျှင်(ဆံပင်အပါအဝင်) | G သေနတ်ဒဏ်ရာ | I တးဖြင့်ခွဲထားသောဒဏ်ရာ | L အရေပြား(သို့)အသားလှန်ထားခြင်း/ပြဲနေခြင်း | M ကိုယ်အင်္ဂါမှထွက်သောဂိုစွက်နေသောအရည်များ | O အခြားထိခိုက်မှုများ (ဖော်ပြပါ) | P အထိမခံနိုင်ခြင်း (နာကျင်မှုအပါအဝင်) | S ရောင်နေခြင်း | V သဘာဝပစ္စည်းများ (မြေကြီးများ၊ အညစ်အကြေးများအပါအဝင်) |

*အောက်တွင်ပြထားသောပုံတွင် ရှာဖွေတွေ့ရှိသောတစ်သီးတစ်ခြားဒဏ်ရာများကိုနံပါတ်တပ်ပါ။*
*အောက်တွင်ပေးထားသောဇယားတွင် မည်သည့်နံပါတ်နေရာတွင်မည်သည့်ဒဏ်ရာအမျိုးအစားကိုရှာတွေ့ သည်ကိုရေးပေးပါ။ အထက်တွင်ပြထားသောစာလုံးများကိုအသုံးပြုပါ။*

| ကိုယ်ခန္ဓာပေါ်တွင်ရှာတွေ့သည့်နေရာ | ရှာတွေ့သောဒဏ်ရာ | မှတ်ချက် |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

**ဆ၊ ကိုယ်အင်္ဂါအားစစ်ဆေးခြင်း(မိန်းမ)**

*အထက်တွင်ပြထားသည့်ဒဏ်ရာအမျိုးအစားများကိုစဉ်းစားပြီးဖြေဆိုပါ။*
*ပေါင်အတွင်းပိုင်း/ပေါင်ကြား၊ ကိုယ်အင်္ဂါအပြင်ပိုင်း၊ နှင့် မိန်းမကိုယ်အင်္ဂါနှင့်စအိုကြားနေရာ နှင့် စအိုနေရာတို့ကိုစစ်ဆေးပါ။ (သင့်လျော်သည့်လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများကို တွေ့ရှိလျှင် အမှန်ခြစ်ပါ။)*

| | | |
|---|---|---|
| ၁၊ ပေါင်အတွင်းပိုင်း/ပေါင်ကြားတွင်ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၂၊ Periurethral/ urethral meatus injury | ☐ ရှိသည် | ☐ မရှိပါ။ |
| 3. Perineum injury | ☐ ရှိသည် | ☐ မရှိပါ။ |
| ၄၊ မိန်းမကိုယ်နှုတ်ခမ်းသားအပြင်ပိုင်း ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၅၊ မိန်းမကိုယ်နှုတ်ခမ်းသားအတွင်းပိုင်း ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၆၊ မိန်းမကိုယ်အမြေးပါ ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၆၊ မိန်းမကိုယ်အင်္ဂါအစေ့နှင့် ဘေးနားဝန်းကျင်ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၉၊. တင်ပါးများ/စအိုဝနှုတ်ခမ်းသား/အတွန့်အခေါက်များ/ အတွင်းသား ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |

၉၊ သားအိမ်လမ်းကြောင်း/မိန်းမကိုယ်အင်္ဂါ ထိခိုက်ဒဏ်ရာ
☐ ရှိသည် ☐ မရှိပါ။

၁၀၊ သားအိမ်ခေါင်း ထိခိုက်ဒဏ်ရာ
☐ ရှိသည် ☐ မရှိပါ။

၁၁၊ စစ်ဆေးချိန်တွင်ထားရှိသည့် ခန္ဓာကိုယ်အနေအထား
☐ ကြမ်းပြင်နှင့်ကပ်လျက် ပက်လက်အနေအထား
☐ ဒူးထောက်မှောက်လျက် ကုန်းထားသည့် အနေအထား
☐ အခြား




**ဆ၊ ကိုယ်အင်္ဂါအားစစ်ဆေးခြင်း(ယောကျာ်း)**

ပေါင်အတွင်းပိုင်း/ပေါင်ကြား၊ ကိုယ်အင်္ဂါအပြင်ပိုင်း၊ နှင့် မိန်းမကိုယ်အင်္ဂါနှင့်စအိုကြားနေရာ နှင့် စအိုနေရာတို့ကိုစစ်ဆေးပါ။ (သင့်လျော်သည့်လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများကို တွေ့ရှိလျှင် အမှန်ခြစ်ပါ။)

| | | |
|---|---|---|
| ၁၊ ပေါင်အတွင်းပိုင်း/ပေါင်ကြားတွင်ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၂၊ ဝှေးစေ့ထိပ်ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၃၊ ကာဗယ်အိတ်ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၄၊ ဝှေးစေ့ထိခိုက်ဒဏ်ရာ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၅၊ လူနာသည်ဝှေးစေ့အားလိုးဖြစ်ခြင်းခံထားရသည် | ☐ ရှိသည် | ☐ မရှိပါ။ |
| ၆၊. တင်ပါးများ/စအိုဝနှုတ်ခမ်းသား/အတွန့်အခေါက်များ/ | ☐ ရှိသည် | ☐ မရှိပါ။ |
| ၇၊ စအိုမှသွေးယိုခြင်း | ☐ ရှိသည် | ☐ မရှိပါ။ |




ဆရာဝန်အမည် ______________ NºC.N.O.M. ______________

ဆရာဝန်လက်မှတ် ______________ စာမျက်နှာ ၃ - ၄ ရက်စွဲ ______________

## လိင်ပိုင်းဆိုင်ရာထိရောက်ကျူးလွန်မှုအတွက်ဆေးစစ်ချက်မှတ်တမ်း(အဆက်)

### ဓါတ်ခွဲခန်းနှင့်အခြားစစ်ဆေးမှုများ

| *စစ်ဆေးချက်* | လုပ်သည် | မလုပ်ပါ | ရလဒ် | *စစ်ဆေးချက်* | လုပ်သည် | မလုပ်ပါ | ရလဒ် |
|---|---|---|---|---|---|---|---|
| ၁။ HIV အားတုံ့ပြန်သည့် antibody | ☐ | ☐ | ________ | ၁။ ဆီးစစ်ခြင်း | ☐ | ☐ | ________ |
| ပရိုတင်းဓါတ်တစ်မျိုးအားစစ်ခြင်း | ☐ | ☐ | ________ | ၂။ စိုထိုင်းနေသောသုတ်ပိုး/ကူးစက်မှုပမာဏ | ☐ | ☐ | ________ |
| ၂။ Syphilis | ☐ | ☐ | ________ | ၃။ Ultrasound | ☐ | ☐ | ________ |
| ၃။ Hepatitis B | ☐ | ☐ | ________ | ၄။ အခြားရှာတွေ့မှုများ | ☐ | ☐ | ________ |
| ၄။ PAP smear | ☐ | ☐ | ________ | | | | |
| ၅။ ကိုယ်ဝန်ရှိမရှိစစ်ဆေးခြင်း | ☐ | ☐ | ________ | | | | |

### ကုသမှု/အစီအစဉ်

| | | | |
|---|---|---|---|
| ၁။ ရောဂါကူးစက်မသွားစေရန် ချက်ချင်းပြုလုပ်ရသောကုသမှု (PEP) များအားပြုလုပ်ပေးခြင်း | လုပ်သည် | မပြုလုပ်ပါ။ | မှတ်ချက် |
| ၁။ PEP | ☐ | ☐ | ________ |
| ၂။ ဆေးကုသမှု | ပြုလုပ်ပေးသည် | မပြုလုပ်ပေးပါ | မှတ်ချက် |
| ၁။ ပိုးသတ်ဆေးများ | ☐ | ☐ | ________ |
| ၂။ နာကျင်ကိုက်ခဲမှုနှင့် သက်ဆိုင်သောဆေးဝါးများ | ☐ | ☐ | ________ |
| ၃။ အရေးပေါ်ပဋိသန္ဓေတားခြင်း | ☐ | ☐ | ________ |
| ၄။ အခြား | ☐ | ☐ | ________ |
| ၃။ တစ်ဆင့်ပြန်ညွှန်းခြင်းများ | ပေးမည် | မပေးပါ | မှတ်ချက် |
| ၁။ လူနာအားယနေ့တွင်အထူးကုသို့ညွှန်းပေးမည် | ☐ | ☐ | ________ |
| ၄။ ရဲတိုင်စာဖွင့်ခြင်း | ဟုတ်သည် | မဟုတ်ပါ | မှတ်ချက် |
| (၁) ရဲတိုင်ချက်ဖွင့်ပြီးပါပြီ | ☐ | ☐ | ________ |
| (၂)အကယ်၍ ၄(၁)ကို "မဟုတ်ပါ"ကိုရွေးခဲလျှင်လူနာသည်ရဲကိုတိုင်ချက်ဖွင့်ချင်ပါသလား။ | ☐ | ☐ | ________ |
| (၃)အကယ်၍ ၄(၂)ကို "မဟုတ်ပါ"ကိုရွေးခဲလျှင်လူနာသည်ရဲမှစုံစမ်းစစ်ဆေးခြင်း၏ လဒ်များကိုဆွေးနွေးချင်ပါသလား။ | ☐ | ☐ | ________ |

### ရှာဖွေတွေ့ရှိချက်များအား ပြန်လည်သုံးသပ်ခြင်း

ဖြစ်စဉ်သမိုင်းကြောင်း ________

အပြုအမူပိုင်းအားလေ့လာသုံးသပ်ချက် ________

ရုပ်ပိုင်းဆိုင်ရာတွင် ရှာဖွေတွေ့ရှိချက်များ ________

ဓါတ်ခွဲခန်းစမ်းသက်ချက်များ ________

ဤဆေးစစ်ချက်မှတ်တမ်းတွင် ပူးတွဲထားပေးသော ပြည့်စုံသည့်စာရွက်စာတမ်းများ

☐ ဓါတ်ခွဲခန်းစမ်းသက်ချက်ရလဒ် ☐ ဖြစ်စဉ်အားအသေးစိတ်ရေးသားထားသော(စာရိုက်ထားသော) ☐ ဓါတ်ပုံများ ☐ တင်ပြလို့မရပါ

### ပြန်လည်သုံးသပ်မှုအချုပ်

၁။

ဤဆေးပညာပိုင်းဆိုင်ရာသုံးသပ်ချက်အဖြေများသည် (တစ်ခုကိုသာရွေးချယ်ပါ) — လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်/၏

☐ တသတ်မတ်တည်းကျသည်
☐ အလွန်တသတ်မတ်တည်းကျသည်
☐ ရှာဖွေတွေ့ရှိမှုများဖြစ်သည်
☐ တသတ်မတ်တည်းမကျပါ

၂။

ဤဆေးပညာပိုင်းဆိုင်ရာသုံးသပ်ချက်အဖြေများသည် (တစ်ခုကိုသာရွေးချယ်ပါ) — ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်

☐ တသတ်မတ်တည်းကျသည်
☐ အလွန်တသတ်မတ်တည်းကျသည်
☐ ရှာဖွေတွေ့ရှိမှုများဖြစ်သည်
☐ တသတ်မတ်တည်းမကျပါ

### ဆရာဝန်၏တိုင်တည်ချက်

ကျွန်ုပ်သည်လူနာအား ပြန်လည်သုံးသပ်ရန်အတွက် လိုအပ်သည့်အချက်အလက်များ၊ ဓါတ်ပုံများနှင့် ထွက်ဆိုချက်များကို ဥပဒေပိုင်ဆိုင်ရာအတွက်နှင့်ဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းသို့ လွှဲပြောင်းပေးပြီးဖြစ်ပါသည်။

☐ လွှဲပြောင်းပေးပြီးဖြစ်ပါသည်။ ☐ မလွှဲပြောင်းရသေးပါ

ဤ ဖောင်တွင်ဖော်ပြထားသောအချက်အလက်များသည် မှန်ကန်မှုရှိပြီး ကျွန်ုပ်၏ယုံကြည်မှုနှင့်ဗဟုသုတများအားအကောင်းဆုံးအသုံးချထားပါသည်ဟု ဝန်ခံကတိပြုပါသည်။

ဆရာဝန်၏အမည် ________

ဆရာဝန်၏လက်မှတ် ________

ဆရာဝန်၏လက်မှတ် ____/____/____

ဆရာဝန်အမည် ________ NºC.N.O.M. ________

ဆရာဝန်လက်မှတ် ________ စာမျက်နှာ ၄ - ၄ ရက်စွဲ ________

# မှတ်စုများ

လိင်အကြမ်းဖက်မှုကို နိုင်ငံတကာတွင် ပြစ်မှုအဖြစ် သတ်မှတ်ခြင်းအား မှတ်တမ်းတင်ခြင်းဆိုင်ရာ အကောင်းဆုံး လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် အခြေခံစံသတ်မှတ်ချက်များ

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း။ ဇွန်လ ၂၀၁၄

နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး
ကင်းချာလ်းစ်လမ်း၊ လန်ဒန်
SW1A 2AH
ယူနိုက်တက်ကင်းမ်ဒန်း